www.burmeseclassic.com

လေးမောင်

မြန်မာ့

မဂ္ဂဇင်း

အမြန်လမ်းမှာ ခရီးသည်တစ်ဦးရဲ့ မှတ်တမ်း

BURMESE CLASSIC .com

Graphic : AMH

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်မူခင်းများလျော့နည်းကျဆုံးရေးဘို

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရွှေမြို့ငွေလို့စုစည်းတင်ပြသည်

ရက်လည်ဆွမ်းကျွေး
အိမ်ရှေ့က စက်ဘီးလစ်သူ ထောင် (၁)နှစ်

"လွယ်ရင် သူကြွယ်တောင် သူခိုးဖြစ်သည်" ဟု ဆိုကြောင်းရှိသည်။ ယခုလည်း (၅.၇.၂၀၁၁) ရက်နေ့က အသုဘအိမ်ရက်လည် ဆွမ်းကျွေးမည့်အိမ်ရှေ့သို့ ကူညီလုပ်ရန် ရောက်ရှိနေသူသည် စက်ဘီးကို သော့မခတ်ဘဲ ထားနေအိမ်ရှေ့ ရပ်ထားရာမှ ခိုးယူခံရသဖြင့် ပြောက်ဆူးသွားသည်။ စုံစမ်းရာ တစ်ရပ်တည်းနေ ရဲထွတ်ဦးက ခိုးယူရောင်းစားကြောင်း သိရသဖြင့် ကျိုက်ထို ရဲစခန်းသို့ စက်ဘီးပိုင်ရှင်က တရားလို ပြုလုပ်တိုင်သည်။

ရဲစခန်း (ပ)၄၈၃/၁၁ ပြစ်မှု ပုဒ်မ-၃၇၉ ဖြင့် အမှုဖွင့်၍ ရဲလုပ်ငန်း များ ဆောင်ရွက်ကာ (၆.၁၂.၁၁) နေ့ တရားရုံးသို့ တရားစွဲတင်သည်။ တရားရုံးက အမှုအမှတ် ၁၉၅၈/၁၁ ဖြင့် ဖွင့်လှစ်စစ်ဆေး၍ ထိုနေ့တွင်ပင် တရားခံကို အလုပ်နှင့်ထောင်ဒဏ် (၁)နှစ် ချမှတ်လိုက်ကြောင်း သိရှိရပါသည်။

ချဲရောင်းသူကလေးအမေ
မခင်ယု
ထောင်(၁)နှစ်ကျခြင်း

'ခွေးလေးပျား၊ တောအနှံ့' ဆိုသလို ချဲထိလောင်းကစားမှုများကလည်း နေရာဒေသတိုင်းမှာ မရှိခဏ၊ ရှိခဏ ပေါ်လိုက် မြုပ်လိုက်ဖြစ်နေသည်။ တာဝန်ရှိသူတို့က ဖမ်းဆီး အရေးယူနေပေမင့် ကစားသူတို့က ပပျောက်မသွား။ ထို့ကြောင့် ရောင်းသူတို့အနေဖြင့်လည်း ပိုးဖလံမျိုး မီးကိုတိုးနေကြသည်။

၁၆.၁၀.၂၀၁၁ နေ့က နံနက် (၁၀း၀၀) နာရီခန့်က ဒုရဲအုပ်ရွှေမင်းနှင့်အဖွဲ့သည် ကျိုက်ထိုရဲစခန်းအပိုင် ကျိုက္ကသာကျေးရွာသို့ ရောက်ရှိလာ၍ သက်သေများနှင့် အတူ ဈေးအနီးတွေ့ ရှိရသော မခင်ယုကို ရှာဖွေရာ (၃) လုံး ချဲထိရောင်းသည့်ဘောက်ချာ၊ လယ်ကျာ၊ဖြတ်ပိုင်း၊ လောင်းကြေးငွေဟု ယူဆရသည့် ငွေ (၇၁၂၀၀) တို့ကို တွေ့ရှိရသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ ရဲစခန်း (ပ)-၄၄၁ ဖြင့် အမှုဖွင့်၍ (၂၈.၁၀.၁၁) နေ့က တရားစွဲတင်သည်။

(၈.၁၂.၁၁)နေ့က တရားရုံးက အမှုအမှတ် (၁၇၈၇/၁၁) ဖြင့် ယင်းတရားခံကို လောင်းကစားဥပဒေ ပုဒ်မ - ၁၅(က)အရ အလုပ်နှင့် ထောင်ဒဏ် (၁)နှစ် ချမှတ်လိုက်သည်။ တရားခံတွင် (၃)နှစ်အရွယ် ကလေးရှိခြင်း၊ ငွေကို ဘဏ္ဍာသိမ်း ခြင်းတို့ကြောင့် သက်ညှာသော ပြစ်ဒဏ် ချမှတ်ခြင်းဖြစ်သည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်နှင့်နောက်ကလိုက် ဆွဲကြိုးဖြုတ်တဲ့ အိုင်သီး ထောင် (၁) နှစ်ကျ

၂၀၉၂၀၁၁ ရက်နေ့ မွန်းလွဲ (၃) နာရီခန့်က ရေးမြို့နယ်၊ လှိုင်းမြို့နယ်ခွဲ၊ မြို့မ (၁) ရပ်ကွက်နေ လှိုင်မိမိအေးသည် စက်ဘီးနှင့် ဈေးမှ ပြန်လာသည်။ မိုးကာအင်္ကျီခေါင်းစွပ် ဝတ်ဆင်ထားသူ တစ်ယောက်က ဆိုင်ကယ်ဖြင့် နောက်မှလိုက်လာပြီး အနီးအရောက်တွင် လည်ပင်းတွင် ဆွဲထားသော အုန်းဆံကြိုးပုံ ရွှေဆွဲကြိုးကို ဖြုတ်ယူမောင်းပြေးသွား၍ အရေးယူပေးပါရန် လမိုင်းရဲစခန်းသို့ တရားလိုပြုလုပ်တိုင်သည်။

ရဲစခန်း (ပ) ၉၅/၁၁ ပြစ်မှုပုဒ်မ - ၃၈၂ ဖြင့် (၁၇.၉.၁၁) နေ့တွင် အနှင်းကျေးရွာ သံဖြူဇရပ်နေသူ ရဲမြင့်ထွန်း(၈)အနှင်းကို သက်သေခံပစ္စည်း ဆွဲကြိုးနှင့် တကွ သိမ်းဆည်းရမိ၍ ဖမ်းဆီးပြီး လိုအပ်သော ရဲလုပ်ငန်းများ ဆောင်ရွက်ကာ (၁၄.၁၀.၁၁) နေ့က ရေးမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့သည်။ တရားရုံးက အမှုအမှတ် (၈၀၂/၁၁) ဖြင့် ဖွင့်လှစ်စစ်ဆေးပြီး (၃၀.၁၁. ၁၁) နေ့က တရားခံကို ပြစ်မှုပုဒ်မ- ၃၈၂ အရ အလုပ်နှင့်ထောင်ဒဏ် (၁) နှစ် ချမှတ်လိုက်ကြောင်း သိရှိရသည်။

မတ်ဝမ်းကွဲက အကြမ်းကဲလို့ ထောင်ထဲ (၃)နှစ်ဝင်

၂.၁၂.၂၀၁၁ နေ့က ရေးမြို့နယ် တရားရုံးမှ ကျော်စွာဦး၊ ရေးမြို့နေသူကို ပြစ်မှုပုဒ်မ- ၃၇၆/၅၁၁ အရ အလုပ်နှင့်ထောင်ဒဏ် (၃)နှစ်ကျခံစေရန် အမိန့် ချမှတ်လိုက်သည်ဟု သိရှိရသည်။

အမှုမှာ (၁၂.၈.၁၁) နေ့က သန်းခေါင်ကျော် (၀၀း၃၀) နာရီအချိန် ခန့်တွင် မ... သည် ကလေး (၃) နှစ်အရွယ်နှင့်နေအိမ်တွင် အိပ်နေစဉ် လူတစ်ယောက် ခြင်ထောင်ထဲဝင်လာပြီး သူမကို လာစမ်း၍ ''ဘယ်သူလဲ''မေးရာ ပြန်မပြောဘဲ ပြန်ထွက်သွား၍ ဖယောင်းတိုင်မီးထွန်းကာ လိုက်ကြည့်ရာ တစ်ဖက်ခန်းနေ မတ်ဝမ်းကွဲတော်သူ ကျော်စွာဦးဖြစ်နေ၍ ရဲစခန်းသို့တိုင်သည်။ ရဲစခန်း (ပ)-၂၃၃/၁၁ ဖြင့် အမှုဖွင့်ကာ (၃၁.၈. ၁၁) နေ့တွင် တရားရုံးမှ တရားစွဲ တင်သည်။

တရားရုံးတွင် မ...က ရုပ်သိမ်းခွင့်တင်သော်လည်း လူမှုရေးဖောက်ပြန်မှုဖြစ်သောကြောင့် ထိုသို့ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်လိုက်ခြင်း ဖြစ်သည်ဟု သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဇာတသတ်လမ်း လိုက်ကောလာ

စိန်ဝင်းတင်ရယ်

'အဇာတသတ်'ဟု အသံကြား ရလျှင် ဖခင်သတ်သူဟု စာပေ ဗဟုသုတရှိသူတို့ နားလည်ကြသည်။ ဗုဒ္ဓအဆုံးအမတရားတို့ကို နာကြားသူတို့ သဘောပေါက်ဆင်ခြင်ကြသည်။ မွေးသဖခင်ကျေးဇူးရှင်ကြီး မပြစ်မှားထိုက်သူဟု သတိသံဝေဂယူကြသူအများ ရှိပေမင့် ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသကဲ့သို့ အချို့အချို့သောသူတို့က ဒေါသဝင်လာလျှင် ဖခင်လည်း မမြင်၊ မိခင်လည်းမမှု၊ မိမိ ထင်ရာပြု၍ ထွက်ပေါက်ရှာရာမှ အဇာတသတ်ကိန်းဆိုက်သူများ၊ ဆိုက်တော့မည့်သူများ ကြုံတွေ့နေရသည်ဖြစ်ရာ -

၁၁-၁၀-၂၀၁၁ ရက်နေ့ကလည်း ညနေ (၅)နာရီ အချိန်ခန့် ကျိုက်မရောမြို့နယ်၊ ကြံတောရွာနေ စိန်ဝင်းတင် (ခ) ကျော်မြင့်သည် ၄င်း၏ဖခင် ဦးထွန်းညွှန့် (ခ) ဦးကွန်သေးနှင့် စကားများ၍ ဓား၊နှင့်ခုတ်ရာ ဖခင်လက်တွင် ဒဏ်ရာရသွားသည်။ ရွာဂေါ်ချုပ်ရေးမှူး ဦးရွှေသင်းက တရားလိုပြုလုပ်၍ ရဲစခန်းတိုင်သဖြင့် (ပ) ၂၂/၁၁ ပြစ်မှုပုဒ်မ-၃၂၄ ဖြင့် (၂၁-၁၀-၁၁)နေ့တွင် အမှုဖွင့်ကာ ရဲလုပ်ငန်းများဆောင်ရွက်၍ (၂၇-၁၀-၁၁) ရက်နေ့က တရားစွဲတင်သည်။

တရားရုံးမှ အမှုအမှတ် (၉၂၆/ ၁၁) ဖြင့် လက်ခံစစ်ဆေး၍ (၂၃-၁၁-၁၁)နေ့က ပြစ်မှုပုဒ်မ-၃၂၄ အရ တရားခံကို အလုပ်နှင့်ထောင်ဒဏ် (၁)နှစ် ချမှတ်လိုက်သည်။

သန်းထိုက်က ငွေးအောင်ဖြစ်လို့ ထောင် (၂)နှစ်ကျ

လိမ်စရာမရှိ၊ ကိုယ့်ပေါင်ကိုယ် လှန်လိမ်တယ်ဆိုတာလို တောင်စွန်းရပ်၊ ဘီးလင်းမြို့နေသူ သန်းထိုက်တစ်ယောက်မှာလည်း နာမည်လိမ်လည်မှုပြု၍ (၆-၁၂-၂၀၁၁) နေ့က သံဖြူဇရပ်မြို့နယ် တရားရုံးက ပြစ်မှု ပုဒ်မ - ၄၁၉ (သူတစ်ပါးယောင်ဆောင်၍ လိမ်လည်မှု)ဖြင့် အလုပ်နှင့် ထောင်ဒဏ် (၂) နှစ် ချမှတ်ခြင်း ခံလိုက်ရသည်ဟု သိရှိရသည်။

အမှုမှာ (၁၈-၉-၁၁) ရက်နေ့က သံဖြူဇရပ် ရဲစခန်းမှ ရဲအုပ်ထူးအောင်ရွှေနှင့်အဖွဲ့၊ ရပ်ကွက်ရုံးမှ ဦးဗုန်းနိုင်၊ ကိုမြတ်ကိုကိုတို့နှင့်အတူ နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် စုပေါင်းရုံးရှေ့မှ ဆိုင်ကယ်ကို အရှိန်ပြင်းစွာ မောင်း၍ မသက်ာဖွယ်ရာ ထွက်ပြေးသူ နောက်သို့ လိုက်လံဖမ်းဆီးသည်။ ထိုသူကို ဖမ်းမိသောအခါ ငွေးအောင်အမည်ပါ နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုထုတ်ပြ၍ ၄င်းသည်(---) မှ ငွေးအောင်ဟု ပြောသည်။ ထို့ကြောင့် မသက်ာ၍ ရဲစခန်းခေါ်ယူစစ်ဆေးရာ ငွေးအောင်မဟုတ်ဘဲ သန်းထိုက်ဖြစ်နေသဖြင့် ရဲစခန်း (ပ)၁၆၃/၁၁ ဖြင့် (၂၁-၉-၁၁)နေ့တွင် အမှုဖွင့်ကာ (၂၁-၉-၁၁) ရက်နေ့က တရားရုံးသို့ တရားစွဲတင်ပို့မှုဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုလေးမောင်
ကြယ်ပွင့်
မဂ္ဂဇင်း

အမှတ် ၂၁၀ ၊ ဧပြီလ ၊ ၂၀၁၂ ခုနှစ်

အယ်ဒီတာအဖွဲ့
ကိုဒီ ၊ သီဟပြည်ဝင် ၊ စံပြနီ
မျက်နှာဖုံးခေါင်းစီးစာလုံး
ပန်းချီတင်ထွဋ်
ဖြန့်ချိမှုတာဝန်ခံ
အောင်မိုးလွင်
ထုတ်လုပ်မှုတာဝန်ခံ
မိုးမြင့်လွင်
အယ်ဒီတာအဖွဲ့ ရုံးဆန်း
အမှတ် ၁၆၀၊ ပထမထပ် (ခွင့်လမ်းအထက်)
ကျောက်တံတားမြို့နယ် ၊
ဖုန်း ၀၉၅၁ ၉၆၃၃၁ ၊ ၀၉၄၉ ၂၈၂၆၂၀
၀၁ ၂၄၂၅၃၄
True.megazine@gmail.com

တံလျှပ်ကိုရေထင် လမ်းများလိုက်မိစေတဲ့
စပွန်ဆာယဉ်ကျေးမှုအောက်မှာ
နစ်မွန်းနေကြတဲ့ အမျိုးသမီးငယ်များ

သဖင်းနှင့်မွှေး

- ရွှေမြိုင်ဒွေလိုင် ---------- ၁၇

နိုင်ငံတကာသတင်းလွှာ

- ညီမင်းလွင် (မော်ကွန်း) ---------- ၂၂

ဥပဒေရေးရာဆောင်းပါး

- နတ်တလင်းချစ်လွင်
မိန်းကလေးတို့ (၁၆)နှစ်ပြည့် / မပြည့်ကိစ္စနှင့်
သက်သေခံအက်ဥပဒေ ---------- ၂၆
- ဦးသိကွာ
လည်ဥပဒေသင်သိပါသလား ---------- ၇၁

ကြုံရဆုံရ ဖဲတော်စွဲ ဝင်ဘာဝ

- ကျော်သူ
ရဲဘဝအစမှတွေ့ရသော
သူငယ်ချင်းတစ်ယောက် ---------- ၉၆

ပြည်ပဖြစ်ရပ်မှန်

- လှဦး (ခွါရာဝတီ)
ငရဲပင်လယ်မှ အပြန် ---------- ၁၁၄
- တိုးထက်
အသက်ခြွေသည့် ချစ်လက်ဆောင် ---------- ၁၄၉

ကမ္ဘာ့မာရဆုမှုဘဝ အတွေ့အကြုံများ

- မောင်မင်းယဉ် (ကူမဲ)
လူငယ် ဆေးလိပ်နှင့်မူးယစ်ဆေး ---------- ၄၅

www.burmeseclassic.com

www.burmeseclassic.com

ကြွေးတောင်းသူကို ဓားနှင့်ဝင်ခုတ်

၂၀၁၁၂၀၁၁ ရက်နေ့ နေ့လယ် (၁း၀၀) နာရီ အချိန်ခန့်က ကျိုက်ထို မြို့နယ်၊ တောင်သူစုကျေးရွာတွင် စိုးမင်းသည် အလုပ်မှပြန်လာ၍ လမ်းတွင် ဘိုဝင်းနှင့်တွေ့ဆုံ၍ ကြွေးတောင်းရင်း စကားများကြ၍ စိုးမင်းယောကျ်ားတော်သူ တင်စိုးအိမ်သို့ဝင်ကာ ယင်းကိစ္စကို ဝင်ပြောသည်။ ထိုအခိုက် ဘိုဝင်းနှင့် ညီဖြစ်သူ မင်းမင်းတို့ခြံတွင်းဝင်လာပြီး ဘိုဝင်းက ဝါးရင်ပိုင်း၊ မင်းမင်းကမား ကောက်တို့ဖြင့် ခုတ်ကြ၊ ရိုက်ကြ၍ စိုးမင်းဒဏ်ရာများ ရရှိသွားသည်။ ရဲစခန်းတိုင်ရာ (ပ) ၄၆၁/၁၁ ပြစ်မှုပုဒ်မ - ၃၂၆/၃၂၃/၄၄၇ တို့ဖြင့် အမှုဖွင့်၍ ရဲလုပ်ငန်းများ ဆောင်ရွက်ပြီး (၂၈.၁၁.၁၁)ရက်နေ့က တရားစွဲတင်သည်။

တရားရုံးက အမှုအမှတ် (၁၉၄၀/၁၁) ဖြင့် အမှုဖွင့်စစ်ဆေးပြီး (၈.၁၂.၁၁) ရက်နေ့က တရားခံ ဘိုဝင်းကို ပြစ်မှုပုဒ်မ-၃၂၃ အရ အလုပ်နှင့်ထောင်ဒဏ် (၃)လ၊ ပုဒ်မ-၄၄၇ အရ ထောင်ဒဏ် (၁)လ ပြစ်ဒဏ် နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန်နှင့် မင်းမင်းကို ပြစ်မှု ပုဒ်မ-၃၂၆ အရ အလုပ်နှင့်ထောင် (၂)နှစ်၊ ပုဒ်မ-၄၄၇ အရ ထောင် ဒဏ် (၁)လ တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်လိုက်သည်ဟု သိရှိရသည်။

အလောင်းပျောက်ပေးသူ ထောင်(၁၀)နှစ်

၁၇.၆.၂၀၁၁ ရက်နေ့က မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာတောင်ပိုင်း၊ တံတားဖြူအနီးတွင် လူတစ်ဦး ဒဏ်ရာများဖြင့် လဲကျသေဆုံးနေကြောင်း သတင်းအရ ဒုရဲအုပ်မြင့်ရိုင်နှင့်အဖွဲ့သည် သက်သေများနှင့် သွားရောက်စစ်ဆေးရာ ကျောက်တန်းကျေးရွာနေ ဦးစိုးမြင့် (ခ) ကုလားသည် ဦးခေါင်း၊ နားရွက်တို့တွင် ပြတ်ရှ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရ၍ မှုပွဲခံ ရဲစခန်း (ပ) ၁၈၅/၁၁ ပြစ်မှုပုဒ်မ-၃၀၂ ဖွင့်ပြီး စုံစမ်းသည်။

(၁၆.၆.၁၁) ရက်နေ့က နေ့လယ် (၃)နာရီခန့် သေသူ ကုလားနှင့် သီဟလှ၊ သားသား (ခ) အေးကျော်တို့ အရက်သောက်ကြရင်း စကားများပြီး သီဟလှက သေသူကို ပေါက်ဆိန်ဖြင့် ခုတ်သတ်ပြီး အချင်းဖြစ်ဖြစ်တဲ့မှ အလောင်းကို ချောင်းထဲ ပစ်ချရာတွင် သားသားက ကူညီခဲ့ကြောင်း ပေါ်ပေါက်၍ ရဲလုပ်ငန်းများ ဆောင်ရွက်ပြီး (၁၄.၇.၁၁) ရက် နေ့တွင် တရားစွဲတင်သည်။

မော်လမြိုင်ခရိုင် တရားရုံးမှ အမှုအမှတ် (၃၅/၁၁) ဖွင့်လှစ်စစ် ဆေးနေစဉ် သီဟလှမှာ နာမကျန်း၍ သေဆုံးသွားသောကြောင့် ၄င်းအပေါ် ယာယီပိတ်သိမ်းပြီး ဆက်လက်စစ်ဆေးရာ သားသားကို အားပေးကူညီကြောင်း တွေ့ရ၍ ပုဒ်မ-၃၀၂/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်ချမှတ်လိုက်ခြင်းဖြစ်သည်ဟု သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

လိုင်စင်မဲ့ကား (၄)စီး အရေးယူသိမ်းဆည်း၍
ထောင်ဒဏ် (၁)လ ဒဏ်ငွေ (၁)သိန်းစီ ဒဏ်ရိုက်ပြီ

ကျိုက်မရော တရားရုံးမှ ရုံစခန်း (ပ) ၂၂၀/၁၁၊ (ပ) ၂၂၂/၁၁၊ (ပ) ၂၂၃/၁၁၊ (ပ) ၂၂၄/၁၁ တို့ကို (၁၉၄၇) ခုနှစ် သွင်းကုန်၊ ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေပုဒ်မ - ၅(၁)/၅(၃) တို့ဖြင့် (၂၃.၁၁.၂၀၁၁) နေ့က တရားစွဲတင်၍အမှု အမှတ် ၉၃၅/ ၉၃၆ / ၉၃၇ / ၉၃၈ / ၁၁ ဖွင့်လှစ်ကာ အရေးယူစစ်ဆေးခဲ့မှုများကို (၁.၁၂.၁၁) နေ့က အလုပ်နှင့်ထောင်ဒဏ် (၁) လနှင့် ဒဏ်ငွေ (၁)သိန်းစီ၊ မဆောင်က နောက်ထပ်ထောင်ဒဏ် (၃)လ စီကျခံစေရန် တရားခံများဖြစ်သည့် မျိုးမြင့်အောင် (ဘ) ဦးကျင်စိန်၊ (၃) ရပ်ကွက်၊ မြဝတီ၊ နိုင်မင်းမင်း (လိပ်စာတူ)၊ နိုင်သန်းညွှန့် (၃) ရပ်ကွက်၊ မြဝတီ၊ နိုင်တင်ဦး၊ ရွှေမြိုင်သီရိ၊ မော်လမြိုင်နေသူတို့ကို ပြစ်ဒဏ် အသီးသီး ချမှတ်လိုက်သည်။ ကားများမှာ ကိုရိလာ၊ တိုရိတာကားတို့ဖြစ်၍ (၂၃.၁၁.၁၁) နေ့က နေပြည်တော် ဗဟိုစာရင်းအင်းနှင့် စက်ပစ္စည်းဌာနသို့ လွှဲပြောင်း ပေးပို့ပြီးဖြစ်ကြောင်း အများအမှုတွဲတွင် ပူးတွဲပါရှိ၍ သီးသန့်အမိန့်ချမှတ်ခြင်း မပြုဟု သိရသည်။

အဆိုပါ လိုင်စင်မဲ့ကားများကို (၄.၁၁.၁၁)နေ့ နံနက် (၀၈း၃၀) နာရီအချိန် ကျိုင်း(ဇာသပြင်) တံတားကာဝန်ကျ ရဲအုပ်ခင်စိုးနှင့်အဖွဲ့၊ မော်လမြိုင်ဘက်မှ ဘားအံဘက်သို့ မောင်းလာသည့် ကားများကို ဖမ်းဆီးစစ်ဆေးစဉ် လိုင်စင်မဲ့ကားများဖြစ်၍ အရေးယူခဲ့ခြင်းဖြစ်သည်။

ရွှေမြိုင်ငွေလိုင်စုစည်းတင်ပြသည်

ရှိတာတွေပြည့်စုံဘို့မိဂဒါဝုန်သက်နှံးလှူဒါန်းစို့

မိဂဒါဝုန် သက်နှံးတိုက်

သက်နှံးအမျိုးမျိုးနှင့် သံဃာအသုံးအဆောင်လှူဖွယ်ပစ္စည်းများ လက်လီလက္ကား ရနိုင်ပါသည်၊
ရွှင်ပြု ၊ ရဟန်းခံ ၊ ဝါဆို ၊ ကထိန်အလှူမဂ်လာပွဲမှာ ခန္ဓာအရှိ ဉာဏ်အသိ နဲ့သတိကပ်ပြီး
လှူဒါန်း မှသာ ကုသိုလ်ရကာ ၊ ဘဝ သံသရာမှ လွတ်မြောက်နိုင်မှာ ။

ကိုတိုးဝင့် ၊ မအေးအေးသိန်း
အမှတ် ၇၆၁ ၊ မြေညီ (B) ၊ မာလာနွယ်လမ်း
မေတ္တာညွှန့်ရပ်ကွက် ၊ တာမွေပြို့နယ်
ဖုံး ၀၁ ၅၅၅၄၆၂

www.burmeseclassic.com

www.burmeseclassic.com

နေ့ပြောနောက်ကြည်၊ ညပြောအောက်ကြည်၊ လမ်းဘေးမှာဆို လုံခြုံရေးကင်မရာကိုကြည့်

ရုရှားနိုင်ငံ၊ ရာကီချီဗက်စကီး ဒေသ တရားရုံးတော်က လာဘ်ငွေရယူရန် ကြိုးစားခဲ့သည့်အရာရှိတစ်ဦးကို လာဘ်ငွေယူရန် ကြံစည်မှုဖြင့် ဥပဒေဘက်တော်သား တာဝန် ထမ်းဆောင်ခွင့် (၂)နှစ် ပိတ်ပင်လိုက်ကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

အမှုဖြစ်စဉ်မှာ (၂၀၁၁) မတ်လတွင် ယာဉ်စည်းကမ်း ဖောက်ဖျက်သော မော်တော်ဆိုင်ကယ်သမားတစ်ဦးကို ယာဉ်ထိန်းရဲအရာရှိ အင်ဒရေက ရပ်တန့်ဖမ်းဆီးပြီး ဒဏ်ငွေ USD(၁၉၀၀၀) ရိုက်၍ ရုံးတော်တွင် ဒဏ်ငွေ ဆောင်ရန် ချလိုဖြတ်ခဲ့သည်။ ၄င်းဆိုင်ကယ်သမားက အမှုတော့ ရုံးမတင်ပါနဲ့။ ပါလာတဲ့ငွေ ဒေါ်လာ (၄၇၈)ကို ယူပြီး အမှုကို လျှို့လိုက်ပါဟုပြောရာ အင်ဒရေကလည်း သဘောတူလက်ခံပြီး အထောက်အထားများ ဖျက်ပေးခဲ့သည်။ သို့ရာတွင် ၄င်းတို့နှစ်ဦး၏ ဖြစ်စဉ်ကို လမ်းဘေး လုံခြုံရေးကင်မရာတွင် အစအဆုံးပေါ်နေသည်။ ငြင်းကွယ်မရသော အထောက်အထားကြောင့် ယာဉ်ထိန်း အရာရှိ အင်ဒရေကို ရဲအရာရှိ တာဝန်ထမ်းဆောင်ခွင့် (၂)နှစ် ပိတ်ပင်ရာထူး ချထားလိုက ကြောင်း အင်တာနက် သတင်းတွင် ဖော်ပြလိုက်သည်။

Ref : Internet News, 12.12.2011

ကွန်ကရစ်ကရိန်းကားကြီးများကို သတိထား

၃၁.၁၂.၂၀၁၁ နေ့က စင်ကာပူနိုင်ငံ၊ ရင်ဂီလမ်း ကြီးပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ကြီးတစ်ခုတွင် ကွန်ကရစ်မှုတ်တင်ကား (Acement bost crane)တစ်စီး သည် အထပ်အမြင့်ဆောက်လုပ်ဆဲ အစိတ်အပိုင်းသို့ ကွန် ကရစ်များတွန်းတင်ရန်အတွက် ကား၌ ပါလာသော ပိုက်လက်တံ (Arm)ကို အထက်သို့ မြှောက်လိုက်စဉ် အထက်အောက်ဝန်အားမမျှဘဲ အောက်ခြေလွတ် တိုး လုံးလဲပြိုသွားသည်။ လဲပြိုကျစဉ် ရမ်းထွက် သွားသော ပိုက်လက်တံသည် ရင်ဂီလမ်း၊ အမှတ် (၂၇)ရှိ ကွန်ဒို မီဒီယံ အထပ် (၄)ရှိ လူနေခန်း၏နောက် မီးဖိုချောင် မှန်တံခါးများကို ရိုက်ချိုးခဲ့သည်။ ယင်းမတော်တဆ ဖြစ်ရာသို့ ရဲ၊ မီးသတ်နှင့် ကယ်ဆယ်ရေး လူနာတင် ကားများ ရောက်ရှိလာကာ အခင်းဖြစ်ပွားရာနေရာ အတွင်းမှ ဒဏ်ရာရသော လူနာလုပ်သားတစ်ဦးကို စင်ကာပူ အထွေထွေဆေးရုံသို့ ပို့ပေးခဲ့ရပြီး ဒဏ်ရာ ပြင်းထန်သည်ဟု ဆိုသည်။ ပိုက်လက်တံနှင့် ရိုက်မိ သော အခန်းမှလူများကတော့ ထိခိုက် ဒဏ်ရာရခြင်းမရှိဘဲ ၄င်းအခန်း၌ပင် ဆက်လက်နေထိုင်ခဲ့ကြသည်။ ဤ ဖြစ်ရပ်မှုသည် စက်မှု၊ ဒီဇိုင်းချွတ်ယွင်းမှုကြောင့်ဖြစ်ပြီး ပထမဆုံးအကြိမ် ဖြစ်ပွားမှုဟု ဆိုသည်။

Ref : I.S.T, 2.2.

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်စွာဆင်နွှဲသည်ခရစ်စ္စမတ်ပွဲတွင် မူးပြီး ဒေးဒေးမနေသည့် ပုဂ္ဂိုလ်ကို ထိန်းသိမ်းထား

'Frosty the Snowman' arrested at parade

USA ချက်စတာတောင်းတွင် နှင်းဝတ်စုံနှင့် လူ တစ်ဦးက ခရစ္စမတ်ပွဲတော် လုံခြုံရေးအတွက် တာဝန် ထမ်းဆောင်နေသော ရဲနှင့်ရဲခွေးတို့ကို ဥပဒေမဲ့ရန်ပြု ကန်ကျောက်မှုနှင့် အမြားပြည်သူကို အနှောင့်အယှက် ဖြစ်စေမှုဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သတင်း စာတွင် မော်ပြလိုက်သည်။

၁၀.၁၂.၂၀၁၁ နေ့တွင် ချက်စတန်မြို့တွင် နှစ်ပတ် လည် ခရစ်စ္စမတ်ကာလဖြစ်၍ မြို့သားအားလုံး စီတန်း လှည့်လည်ကာ ပျော် ရွှင်စွာ ဆောင်းဖုံးသော ခရစ္စမတ် ကာလကို ဆင်နွှဲနေကြသည်။ ထိုကာလအတွင်း ပြည်သူ တို့လုံခြုံရေးအတွက် ရဲအရာရှိနှစ်ဦး တာဝန် ကျနေသည်။ ရဲအရာရှိတစ်ဦးက ပျော်ရွှင်စွာ စ်တန်း နေသော ပရိသတ်ကို ထိန်းသိမ်းပေးနေသကဲ့သို့ ရဲအနံ့ခံ ခွေးနှင့် ရဲအရာရှိကလည်း လက်နက်၊ မူးယစ်ဆေး၊ အဖျက်သမားတို့ ပွဲတော်ကို မနှောင့်ယှက်နိုင်အောင် တာဝန် ထမ်းဆောင် လျက်ရှိသည်။

ထိုစဉ် မြို့၏မြစ်အတွင်းမှ နှင်းဝတ်စုံနှင့် လူတစ်ဦးသည် ရော်ဘာစပီဘုတ်ဖြင့် ကမ်းသို့ ဆိုက်ရောက်လာပြီး ပျော်ရွှင်နေကြသော မြို့သူ၊ မြို့သားတို့၏ စီတန်းပွဲတွင် ပါဝင်ပူးပေါင်းခဲ့သည်။ မကြာခင်မှာပင် ရဲအရာရှိ ကိုမ်းက အနံ့ခံရဲခွေး လည်ပတ်ဆွဲပြီး လုံခြုံရေး ဆောင်ရွက်စဉ် နှင်းဝတ်စုံနှင့်လူသည် ရဲခွေး အနားရောက်လာပြီး ခွေးကို ဆောင့်ကန်လိုက်စော့သည်။ ရဲခွေးသည် "ဂိန်" ခနဲ နာကျင်စွာ အော်ဟစ်သော်လည်း ၎င်းကိုကန်သည့် နှင်းလူကို အန္တရာယ်ပြုမ်ခြုံခဲ့ပေ။ (ရဲခွေးများသည် ဆရာသခင်က အမိန့်မပေးလျှင် ဘာမျှ တုံ့ပြန်ခြင်းမရှိအောင် သင်ကြားထား သည်။) အခြေအနေသည် ရှုပ်ထွေးသွားသော်လည်း ရဲအရာရှိ ပျန်ရောက်လာပြီး ၎င်း၏ သေနတ်ထုတ်ကာ နှင်းလူကို ချိန်ထားသည်။ ကိုမ်း၏ ရဲခွေးကလည်း နှင်းဝတ်စုံလူ၏ ခြေသလုံးကို သွားဖြင့် ခဲထားသည်။ တစ်ဆက် တည်း ပျန်က နှင်းလူခေါင်းစွပ်ကို ဆွဲချွတ်ပြီး ဟတ်တ္တရောင်ကားဆီ ခေါ်လာသည်။ ထိုနှင်းလူက "မင်းတို့ ငါ့ကို ဖမ်းစော မတရားဘူး" ဟု အော်ဟစ်ကာ အရာရှိနှစ်ဦးကို ရန်ပြုသေးသည်။ ထိုနှင်းလူဆိုသူမှာ အရက်အလွန် မူးနေပြီး ပြုံပြဲင်ထိန်းသိမ်းရေးဧရိယာတွင် ကစ်နှစ်ကြာ စီတိုင်းဆိုင်ရာ ပြုပြင်ပြီးမှ လွတ်မြောက်လာသော မစ္စတာ ဒီလကာ (၅၂)နှစ် ဖြစ်ကြောင်း တွေ့ရသည်။ ၎င်းကို ဟာဝန်ကျရဲအား ကိုယ်ထိလက်ရောက် နာကျင်စေမှု၊ ပြည်သူ့လုံခြုံရေးကို ထိခိုက်စေမှုဖြင့် တရားစွဲဆိုထားသည်။

Ref : Internet News, 12.12.11

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်နိုင်ငံမှ မုဒိမ်း၊ လူသတ်သမားကို (၃)နှစ်ကြာမှ ဖမ်းမိ

(၂၀၀၇) ခုနှစ် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဖြစ်ပွားခဲ့သော ဗြိတိန်မှ ဆရာမတစ်ဦးကို မုဒိမ်းကျင့်၊ လူသတ်၊ အလောင်းဖျောက်ခဲ့သော ဂျပန်လူမျိုးတစ်ဦးကို (၃)နှစ်ကျော်ကြာ ရုပ်ရှင်ဆန်ဆန် ရှောင်တိမ်းနေရာမှ (၂၀၀၉) ခုနှစ်တွင် ဖမ်းဆီးရမိပြီး ထောင်ဒဏ်တစ်သက် အပြစ်ပေးလိုက်ကြောင်း သတင်းစာ၌ ဖော်ပြလိုက်သည်။

အမှုဖြစ်စဉ်မှာ (၂၀၀၇) ခုနှစ်က တိုကျိုရှိ အငှားတိုက်တစ်လုံးတွင် နေထိုင်သော မစ္စတာတက်ဆူရာ (၃၂) နှစ်သည် သီးနှံစိုက်ပျိုးရေးပညာ လေ့လာနေသူဖြစ်သည်။ ၎င်းနှင့် တစ်တိုက်တည်း၌ပင် ဗြိတိန်မှ ဂျပန်သို့ လာရောက်ပြီး အင်္ဂလိပ် စာသင်ပေးနေသည့် ဆရာမ မစ္စဟေးဝပ် (၂၂)နှစ်ကလည်း အခန်းငှားနေသည်။ တက်ဆူသည် ဟေးဝပ်ကို မြင်ရဖန်များတော့ သဘောကျလာသည်။ အနောက်ယဉ်ကျေးမှုဖြင့် ပွင့်လင်းသော ဟေးဝပ်နှင့် တက်ဆူတို့သည် မိတ်ဆွေများဖြစ်လာကြသည်။ ထိုမှတစ်ဆင့် ရင်းနှီးလာသဖြင့် တက်ဆူက ဟေးဝပ်ကို သူ့အခန်းသို့ အလည်လာရန် ဖိတ်ခေါ်ခဲ့သည်။ သူမကို မုဒိမ်းကျင့်ကာ အမှုပေါ်မည် စိုးရိမ်သဖြင့် သတ်ဖြတ်ပြီး အလောင်းကို ဖျောက်ဖျက်ခဲ့သည်။ ဟေးဝပ် မိဘများက သမီးပျောက်ဆုံးကြောင်း ရဲကိုတိုင်ကြားခဲ့ရာ ရုက်အတန်ကြာမှ သဲဖြည်ဖုံးထားသော ရေကန်အောက်တွင် ကိုယ်လုံးတီး ကြိုးတုတ်ထားသော မစ္စဟေးဝပ် အလောင်းကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ မှုခင်းဆေးပညာအရ အလောင်းကို ခွဲစိတ်စစ်ဆေးရာ 'မစ္စဟေးဝပ်သည် မုဒိမ်းကျင့်ခံရပြီး၊ အသက်ရှူကျပ်သေဆုံး' သည်ဟု စစ်ချက်ရသည်။ ရဲတို့အနေဖြင့် အနီးကပ် ဆုံးသံသယရှိသော တက်ဆူကို စစ်ဆေးရန် ရှာဖွေသောအခါ တက်ဆူ သည် ခြေရာဖျောက်သွားတော့သည်။ ရဲတို့ကလည်း တက်ဆူ၏ ရုပ်ပုံကို TV မှတစ်ဆင့် ဖော်ပြပြီး တရားခံပြေးအဖြစ်

File photo of Tatsuya Ichihashi (2nd L), who was on Thursday sentenced to life imprisonment over the death of British teacher Lindsay Ann Hawker in 2007, whose battered body was found in a sand-filled batntuo.—INTERNET

ရှာဖွေနေသည်။

တက်ဆူရာသည် အမှုကျူးလွန်ပြီးနောက် ဂျပန်နိုင်ငံရှိ လူနေထိုင်ခြင်း မရှိသော ကျွန်းတစ်ခုတွင် ပုန်းအောင်းခဲ့သည်။ အစားအစာအတွက် ငါးမျှားခြင်း၊ သစ်သီးသစ်ဥ ရှာဖွေ စားသောက်ခြင်းဖြင့် လျှို့ဝှက်စွာ နေထိုင်ခဲ့သည်။ အခွင့်အခါသင့်သောအချိန်တွင် ကျွန်းအနီးရှိ လူစည်ကားရာမြို့ ပေါ်တက်ကာ ကြံရာကျပန်းအလုပ် လုပ်ပြီး ငွေစုခဲ့သည်။ လိုသောငွေ ပြည့်သောအခါ ငွေလိုနေသော ဆရာဝန်တစ်ဦးနှင့် ဆက်သွယ်ပြီး တက်ဆူသည် သူ့မျက်နှာကို ခွဲစိတ် ပုံပြောင်းလိုက်တော့သည်။ မျက်နှာအသစ်နှင့် တက်ဆူရာသည် ထင်ထင်ပေါ်ပေါ် သွားလာနိုင်တော့သည်။

တက်ဆူရာကို ခွဲစိတ်ပေးခဲ့သော ဆရာဝန်သည် အမှတ်မထင် TV မှ ဖော်ပြသော တရားခံပြေးများပုံကို ကြည့်မိရာ သူခွဲစိတ်ခဲ့သူမှာ မုဒိမ်း၊ လူသတ်သမားဖြစ်ကြောင်း သိရသည်။ ချက်ချင်းပင် ဆရာဝန်သည် တက်ဆူ မခွဲစိတ်မီက ရုပ်ပုံနှင့် ခွဲစိတ်ပြီး ရုပ်ပုံတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခေါ်သို့ ပေးပို့လိုက်သည်။ ရဲတို့ကလည်း တက်ဆူရာ၏ ကျန်းမာပုံသစ်ကို TV မှ တရားခံပြေးအဖြစ် ထပ်ကြေညာပြန်သည်။ ရဲထောက်လှမ်းရေးအေဂျင့် စသည်တို့ကလည်း နိုင်ငံတစ်ဝန်းရှိ လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံနှင့် သင်္ဘော ဆိပ်များတွင် ပိုက်စိတ်တိုက် ရှာဖွေနေသည်မှာ (၃)နှစ်နီးပါးရှိပြီ ဖြစ်သည်။ ၂၀၀၉ နိဝင်ဘာတွင် မျက်နှာအသစ်နှင့် လုံခြုံနေပြီထင်သော တက်ဆူရာကို အိုကီနာဝါကျွန်းသို့ သွားမည့် ကူးတို့သင်္ဘောပေါ်တွင် ရဲတို့က ဖမ်းဆီးရမိခဲ့သည်။

တက်ဆူရာ၏ DNA နှင့် မစ္စဟေးဝပ်တွင် ကျန်ခဲ့သည့် တက်ဆူရာ၏ DNA တို့မှာ တစ်ထပ်တည်း ဖြစ်နေသဖြင့် တက်ဆူရာက ဝန်ခံ ဖြောင့်ချက်ပေးခဲ့သည်။ "ကျွန်တော် သူမကိုချစ်လို့ သားမယားပြုကျင့်ခဲ့ပါတယ်။ နောက်တော့ သူမကို အပြစ်မှ ခွင့်လွှတ်ရန် အကြိမ်ကြိမ် တောင်းပန်စဉ် သူမက ထအော်ဟစ်၍ ဘေးလူများ အသံမကြားစေရန် ပါးစပ်ကို ပိတ်ထားရာမှ သေဆုံးခြင်း ဖြစ်ခဲ့ပါတယ်"

မည်သို့ပင်ဖြစ်စေ တိုကျိုမြို့တော်၊ ချီကာဒီ၊ ဒီစတိတ်တရားရုံးက တက်ဆူရာကို ထောင်ဒဏ် တစ်သက်ပေးခဲ့သည်။ အမှုရင်ဆိုင်နေစဉ် တက်ဆူရာသည် ၄င်းကျင်လည်ခဲ့သည့် (၃)နှစ်တာကာလ ဖြစ်ရပ်မှန်များနှင့် အပြစ်အတွက် နောင်တရခဲ့ပုံများကို မှတ်တမ်းပြုခဲ့ရာ ထုတ်ဝေသူတစ်ဦးက စာအုပ်ထုတ်ခဲ့သဖြင့် ရောင်းအကောင်းဆုံးစာအုပ်အဖြစ် တက်ဆူရာမှာ စာမူခအမြောက်အမြား ရခဲ့သည်။

၂၅.၇.၁၁ နေ့ အဓိန့်ချပြီးသည့်နေ့တွင် တက်ဆူရာက ဟေးဝပ်၏ မိဘများရှေ့မှောက် ဒူးထောက်တောင်းပန်ရင်း သူရထားသော စာမူခငွေများကို မစ္စဟေးဝပ်အတွက် လျှဒါန်းလိုပါကြောင်း တောင်းပန်ခဲ့သော်လည်း ဟေးဝပ်၏မိဘများက လက်မခံခဲ့ပေ။

Ref : Internet News, 22.7.2011

ညီမြင့်လွင်(မော်ကွန်း)

WORLD WIDE
Advertising & Creative Resource
Media to People
◆ Creative Design
◆ Visiting Card
◆ Pamphlet
◆ Voucher
◆ Paper Box
◆ Paper Bag
Vinyl & Sticker
Calendar & Wall Sheet
Packaging Design
& Production
Flexo Plate Design
& Completed Management
BARCODE Hang Tag & Sticker
No. 155, 34th Street, 1st Floor, Kyauktada Tsp., Yangon.
Tel : 01-241094, 09-73133672 E-mail: hl7508@gmail.com

www.burmeseclassic.com

www.burmeseclassic.com

နတ်တလင်းချစ်လွင်

မိန်းကလေးတို့ (၁၆)နှစ်ပြည့်/မပြည့်ကိစ္စနှင့် သက်သေခံအက်ဥပဒေပုဒ်မ-၃၅

ကျော်အောင်စိုးတစ်ယောက် မိန်းမ ခိုးလာသည်က သူဖခင်ဦးကျော်အောင်နှင့် မိခင်ဒေါ်စိုးစိုးတို့ အတွက် သောကပရိဒေဝမီး ပွားစေသည်။ အဘယ်ဟူမူ ကောင်မလေးက 'ဒီအရွယ်တင့်တင့်တို့အရွယ်' ဟုဆိုရအောင် 'တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်၊ ရွှေနှမ်းနှမ်းအရွယ်' မဟုတ်။ သို့သော် အသက် (၁၆) နှစ်အောက်ပါဟု တိတိကျကျပြောနိုင်သူမဟုတ်သကဲ့သို့ (၁၆)နှစ်ကျော် (၁၅)နှစ် (၁၀)လ (၁၁)လစွန်း သူမ၏ မွေးသက္ကရာဇ်၊ သန်းခေါင်စာရင်း၊ ကျောင်းဝင်မှတ်ပုံတင် စသည်တို့က (၁၆)နှစ်နှင့် ပတ်သက်၍ အမျိုးမျိုး ကြိုးတန်းလျှောက်နေတော့၊ ယခု တရားရုံးသို့ ရောက်၍ 'သွေးဆောင်ခေါ်ယူမှု' ပြစ်မှုပုဒ်မ-၃၆၃ နှင့် ရင်ဆိုင်နေရသောအခါ ကာယကံရှင်မိဘနှစ်ပါးနှင့် တရားခံကျော်အောင်စိုးတို့အတွက် မိန်းကလေး အသက် (၁၆)နှစ်အောက်မဖြစ်ရန် ဘုရားတ,နေရပြီ။

အဘယ်ဟူမူ အသက် (၁၆)နှစ်အောက်ဆိုလျှင် မိဘ (သို့) အုပ်ထိန်းသူက သဘောမတူ။ ခွင့်မပြုပါက မိန်းကလေးသည် မိမိသဘောဆန္ဒအလျှောက် သူစိမ်းယောကျ်ားတစ်ယောက်ကို လက်ထပ်ထိမ်းမြားပေါင်းသင်းခြင်း မပြုနိုင်နိုင်ဟု ဥပဒေက တားမြစ်ထားသည်။ ထို့ပြင် ပြစ်မှုပုဒ်မ-၃၆၃ အရ အရေးယူခံရမည် (တစ်ဖက် မိန်းကလေးရှင်က သဘောမတူလျှင်)

ဦးမြစိန်(မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ) ဒသမအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း၊ (၂၀၀၄) ခုနှစ် ဒီဇင်ဘာလထုတ်၊ စာမျက်နှာ (၃၁)တွင် မိန်းမ၏အသက်နှင့် ပတ်သက်၍ ဖော်ပြထားရာ၌-

'ကင်းဝန်မင်းကြီးဦးကောင်းရေး' ဓမ္မသတ်သုံးဆယ့်လေးစောင်တွဲ အခန်း (၆)၊ ပုဒ်မ-၃၃ ၌ မိဘများသည် သားသမီးများကို အသက် (၁၅)နှစ်၊ (၁၆)နှစ်အရွယ်ရောက်လျှင် အိမ်ထောင်ချထားပေးရမည်။ အကယ်၍ ထိုအရွယ်တွင် အိမ်ထောင်ချထားမပေးသောကြောင့် သားသမီးများက မသင့်လျော်သည့် အမှုကို ပြုမိသော် သားသမီးတို့အား အပြစ်မဆိုသာပေ။ မိန်းကလေးတစ်ယောက်သည် အသက် (၂၀)ကျော်လျှင် မိဘသဘောတူညီချက်မရဘဲ မိမိနှစ်သက်သူကို ထိမ်းမြားလက်ထပ်နိုင်သည်ဟု ပြဆိုသည်။

မိန်းမ၏အသက်အပိုင်းအခြားနှင့် ပတ်သက်၍ ဆန့်ကျင်ဘက်စီရင်ထုံးများ မတွေ့ရပေ။

'မအေးစိန်နှင့် မောင်လှမင်း (၃) (ရန်ကုန်) စာ (၄၅၅) အမှု'၌ တစ်ခုလပ်၊ တပ်လင်ကွာနှင့်

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးမများမှလွဲလျှင် အသက် (၂၀) မပြည့်သေးသော မိန်းမတစ်ယောက်သည် မိဘ (သို့) အုပ်ထိန်းသူ၏ သဘောတူညီမှုကို အထင်အရှား (သို့) 'အဓိပ္ပာယ်သက်ရောက်သည့် သဘောမတူညီမှု' မရလျှင် တရားဝင် ထိမ်းမြားလက်ထပ်မှုကို မပြုနိုင်ဟု တွေ့ရသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်သည် အသက် (၂၀) မပြည့်လျှင် မိဘသဘောတူညီမှု မရရှိပါက ထိမ်းမြားလက်ထပ်ခြင်းသည် တရားမဝင်ပေ။ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ အစိုးရ ဖွားသေစာရင်းရုံး မှတ်တမ်းများသည် အလွန်အရေးကြီးသည့် အထောက်အထား ဖြစ်ကြောင်း၊ ယင်းမှတ်တမ်းကို အမျိုးသမီးဘက်မှ မတင်ပြခဲ့ပေ။ မွေးသက္ကရာဇ်နှင့်ပတ်သက်ပြီး သက်သေခံ ဥပဒေပုဒ်မ-၁၁၄(ဆ) အရ သက်သေခံအထောက်အထားရှိပါလျက်နှင့် မပြသဘဲနေခဲ့လျှင် ထိုသူ၏အကျိုး ကို နစ်နာမည်ဖြစ်၍သာလျှင် မပြဘဲ နေသည်ဟု ယူဆရပေသည်။ ထို့ကြောင့် လက်ထပ်သည့်နေ့က မိန်းကလေးသည် အသက် (၂၀) ပြည့်ပြီဟု ယောကျ်ားလေးဘက်က တင်ပြခြင်းကို လက်ခံသည်ဟု 'မခင်စန်းဝင်းနှင့် မောင်တင်မြင့် (၁၉၇၇) ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ (၁၂) အမှု' တွင် ဆုံးဖြတ်ထားသည်။

အချုပ်အားဖြင့် ရေးရလျှင် ထိမ်းမြားလက်ထပ်မည့်မိန်းမသည့် မုဆိုးမ (သို့) တစ်ခုလပ်၊ တစ်လင်ကွာ မဟုတ်လျှင် အသက် (၂၀)ပြည့်ရမည်။ အသက်(၂၀)မပြည့်သေးလျှင် မိဘ (သို့) အုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိရမည် ဟု ဖော်ပြထားသည်။

ဤနေရာတွင် မိဘ၏ 'အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီမှု' ဆိုသည်ကို 'ရှင်းလင်းစွာ သိရှိနိုင်ရန် တင်ပြလိုပေသည်။ သာဓကအနေဖြင့် 'မအေးစိန်နှင့်မောင်လှမင်း (၄) ဘီအယ်ဂျေ၊ စာ (၂၅၈) စီရင်ထုံး၌ 'အသက် (၁၇)နှစ် အရွယ်ဆိုကြသော ယောကျ်ားနှင့်မိန်းမတို့သည် နှစ်ဦးသဘောတူ ထွက်ပြေးပြီး လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြရာ မိန်းမဆွေမျိုးများက ကန့်ကွက်ခြင်း မရှိသောကြောင့် ထိမ်းမြားလက်ထပ်ခြင်း တရားဝင်သည်ဟု ဆုံးဖြတ်ထားသည်။ 'မောင်စိန်ထွန်းနှင့် မောင်စံ (၁) ဘီအယ်ဂျေ

www.burmeseclassic.com

www.burmeseclassic.com

စာ (၁၄၄)' အမှတွင် 'အရွယ်မရောက်သေးသည့် မိန်းမတစ်ယောက်သည် ချစ်သူနောက်သို့ လိုက်ပြေးလျှင် မိဘများက ပြန်လဲည်သိမ်းပိုက်ထားနိုင်ခွင့်ရှိရာ အကယ်၍ မိန်းမသည် ချစ်သူနှင့်ထွက်ပြေးပြီးနောက် မိဘများနေသည့်ရွာမှာပင် ချစ်သူနှင့်အတူ လင်မယားအဖြစ် နေထိုင်နေသည်ကို မိဘများ သိသော်လည်း ပြန်လည်သိမ်းပိုက်ခြင်းမပြုခဲ့သောကြောင့် မိဘများအပြုအမူသည် 'အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီမှု' ကို ပေးသည်မည်ပေသည်' ဟု ဆုံးဖြတ်၍ 'အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီမှု' ဆိုသည်ကို အနက်ဖွင့်ခဲ့သည်။ အလားတူ 'မောင်ချစ်ဖေနှင့် မတင်(၃) ဘီအယ်တီ စာ(၄၃)အမှုတွင် 'အရွယ်မရောက်သေးသည့် မိန်းကလေးတစ်ယောက်သည် ချစ်သူနှင့် ထွက်ပြေးပြီးနောက် မိဘအိမ်မှာ ချစ်သူနှင့်အတူ နေထိုင်စားသောက်ဖူးသည်။ သမီးနှင့်သမက်အပေါ် မိဘများ၏ ထိုအပြုအမူသည် 'သဘောတူညီချက်'ပေးသည်ဟု ယူဆရမည်ဖြစ်ရာ ထိမ်းမြားမှု တရားဝင်သည်ဟု ဆုံးဖြတ်သည်။ 'မခင်ရီနှင့် မောင်ချစ်ပို (၁၉၆၆)ခုနှစ်၊ မတစ စာ (၃၇၆) စီရင်ထုံးတွင်လည်း-

''အသက် (၂၀)မပြည့်သေးသည့် မိန်းမတစ်ယောက်သည် ယောကျ်ားတစ်ယောက်နှင့် နှစ်ဦးသဘောတူ ထွက်ပြေးပြီး ရာဇဝတ်တရားသူကြီးရုံးသို့ သွား၍ ကျမ်းကျိန်ပြီး ထိမ်းမြားသည်။ တစ်လခန့် လင်မယားအဖြစ် အတူနေပြီးနောက် ယောကျ်ားကလေးမိခင်က မိန်းကလေးကို ၄င်း၏မိဘများထံ လူကြီးပုံရာနှင့် အထင်အရှား ပြန်အပ်သည်။ ပြန်အပ်ရန် လာပြောစဉ်က မိန်းကလေး၏ ဖခင်ရှိသော်လည်း ပြန်အပ်သည့်အချိန်တွင် မရှိပေ။ ရက်အနည်းငယ်အတွင်း မိန်းကလေးကို ၄င်း၏မိဘများက အဝေးသို့ပို့သည်။ ယောကျ်ားလေးက 'မယားခေါ်လိုမှု' စွဲရာ၌ ၄င်းတို့သည် တရားဝင်လင်မယားအဖြစ် ရောက်၊မရောက် ပြဿနာပေါ်ပေါက်သည်။ တရားရုံးချုပ်က ဆုံးဖြတ်ရာ၌ မိန်းကလေး၏မိဘများသည် မူလက သဘောမတူခဲ့စေကာမူ ပြန်အပ်သောအခါ စိတ်ပြေကာ ခွင့်လွှတ်ပြီး သဘောတူရာရောက်ခဲ့သောကြောင့် ထိမ်းမြားလက်ထပ်မှု တရားဝင်သည်ဟု ဆုံးဖြတ်သည်။ ထို့ကြောင့် မိဘ (သို့) အုပ်ထိန်းသူတို့၏ အပြုအမူသည် အဓိပ္ပာယ်သက်ရောက်သော သဘောတူညီမှုဟု ယူဆနိုင်လျှင် ပြစ်မှုပုဒ်မ-၃၆၃၊ ၃၆၆ တို့ဖြင့် အရေးမယူနိုင်တော့ပေ။ [ပုဒ်မ-၃၆၆ မှာ အသက်(၂၀)မပြည့်သေးသူ၊ (၁၆)နှစ်အထက်ကို ခိုးပြေးမှုဖြစ်သည်။ ပုဒ်မ-၃၆၃ က ကာယကံရှင်မိန်းကလေး၏ သဘောတူညီချက်သည် အရေးမပါ။] မိန်းကလေးက သဘောမတူ၊ ခွင့်မပြုဘဲ အတင်းအဓမ္မ ခိုးယူလျှင် အသက် (၁၆)နှစ် အထက်ဆိုပါက ပုဒ်မ-၃၆၆၊ (သွေးဆောင်ခိုးယူမှု) မြောက်သည်။ (၁၆)နှစ် အထက်ဆိုပါက မိဘ၏ဆန္ဒသည် အဓိကမကျပေ။

ယခု ကျော်အောင်စိုးတို့ကိစ္စတွင် မိန်းကလေးသည် (၁၆)နှစ်ပြည့်ပြီး၊မပြီး (၂)ဖက် အငြင်းပွားနေသည်။ တကယ်တော့ ကျော်အောင်စိုး ခိုးယူလာသည့်အမျိုးသမီးပုံစံက (၁၆)နှစ်အောက်ဆိုလျှင် လူအများက လက်ခံကြမည်မဟုတ်။ သူကလေးက လုံးကြီးပေါက်လှ။ တကယ့်နထွားကြီး။ အသက်က (၁၆)နှစ်ပြည့်ရန် လပိုင်း၊ ရက်ပိုင်းအလိုတွင် သက်သေခံအက်ဥပဒေ ပုဒ်မ-၃၅ အရ အများနှင့်သက်ဆိုင်သော အမှတ်အသား၊ စာရွက်စာတမ်းဖြစ်သည့် ကျောင်းဝင်မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ မွေးစာရင်းတို့က အလွန်အပြားပြား အလွဲလွဲအမှားမှား ဖြစ်နေသည်။ ခုနှစ်မှန်ပေမယ့် လပိုင်း၊ ရက်ပိုင်းတွေ တစ်မျိုးစီဖြစ်နေသောကြောင့် အချင်းဖြစ် (ခိုးရာလိုက်၍ လက်ထပ်သော) နေ့သည် (၁၆)နှစ်ကျော်သည်လည်း ရှိ၊ ကျော်သည်

www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိ ဖြစ်နေသည်။

ထို့ကြောင့် ကျော်အောင်စိုးတို့သားအမိ သားအဖတစ်တွေ ရင်မ,နေရခြင်းဖြစ်သည်။ တရားလိုပြသက်သေ ဆရာဝန်ကို စစ်ဆေးစဉ်က မိန်းကလေး၏အသက်ကို (၁၅)နှစ်နှင့် (၁၈)နှစ်ကြားဟု ခန့်မှန်းထားသည်။ တရားလိုဘက်က ကျောင်းအပ်စဉ် မွေးသက္ကရာဇ်ကို တင်ပြထားရာ၌ (၁၅)နှစ်ကျော် လပိုင်း (၉)လစွန်းဖြစ်၍ (၁၆)နှစ်အောက် ဖြစ်နေသည်။ ဒီတော့ ကျော်အောင်စိုးတို့ ရင်ပူရပြီပေါ့။

သို့သော် တရားရုံးက အပြီးသတ်အမိန့်ချသောနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ကျော်လှ (၂၀၀၂) ခုနှစ် ဖြစ်မှုဆိုင်ရာ အယူခံမှု အမှတ်-၃၃၆ (ရန်ကုန်) (၃၀.၄.၂၀၀၂) ကို ကိုးကား၍ အမှုမှ တရားသေလွတ်လိုက်သည်။ ယင်းအမှုတွင် -

"×××× သက်သေခံ (ခ-၁) အိမ်ထောင်မှုစာရင်းနှင့် (ခ-၂)ကျောင်းထွက်လက်မှတ်တို့တွင် မခင်ထွေး၏ မွေးသက္ကရာဇ်မှာ (၁၅.၁၀.၈၅) နေ့ဖြစ်သည်။ ထိုနေ့မှ အမှုဖြစ်သည့်နေ့ (၁၄.၅.၀၁)ကို ရေတွက်မည်ဆိုပါက (၁၅)နှစ် (၇)လခန့်ရှိပြီဖြစ်၍ (၁၆)နှစ်အောက်ဆိုသည်မှာ ထင်ရှားသည်။ သို့သော် ကျောင်းထားစဉ်က ပေးခဲ့သော မွေးသက္ကရာဇ်မှာ မည်သည့်အထောက်အထားမှ မရှိဘဲ ပေးခဲ့သော မွေးသက္ကရာဇ်ဖြစ်သည်။ သက်သေခံ အက်ဥပဒေပုဒ်မ-၃၅ အရဆိုလျှင် ပြည်သူ့ဝန်ထမ်းက မှတ်တမ်းမှတ်ရာအဖြစ် ရေးသွင်းခြင်းဖြစ်လျှင် အမှုတွင် စပ်လျဉ်းသည့်အကြောင်းခြင်းရာဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ ကျောင်းဝင်မှတ်တမ်းမှတ်ရာသည် ပြည်သူ့ဝန်ထမ်းက ရေးသွင်းချက်ဖြစ်၍ အမှန်ဟု မှတ်ယူနိုင်သော်လည်း မတိမကျ မသေချာသော မွေးသက္ကရာဇ်ကို ရေးသွင်းရေးမှတ်ထားခြင်းကြောင့် ထိုရေးသွင်းချက်သည် အမှန်ဖြစ်ကြောင်း မှတ်ယူရမည်ဆိုပါက သက်သေခံအက်ဥပဒေပုဒ်မ-၃၅ ၏ အနှစ်သာရကို ထိခိုက်နိုင်သည်ကို တွေ့ရသည်။ တရားလိုတို့ဘက်မှ တရားခံအပြစ်ရရေးအတွက် မဖွယ်မရာဆောင်ရွက်ချက်တစ်ခု ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုအချက်မှာ တရားလို ဦးအောင်ကျော်သည် မခင်ထွေး၏ မွေးစာရင်းမိတ္တူကို ဖန်တီးပြုလုပ်၍ ရုံးတော်သို့ တင်ပြခဲ့သဖြင့် 'မမှန်သက်သေခံမှု'အတွက် အရေးယူခဲ့ရသည်ကိုလည်း တွေ့ရပေသည်။ (လိုပြ-၁၀) ဒေါက်တာသန်းထွန်းဦး၏ ထင်မြင်ချက်အရဆိုလျှင် မခင်ထွေး၏အသက်မှာ (၁၅)နှစ်မှ (၁၈)နှစ်ကြားရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားပေသည်။ ၄င်း၏အတွေ့အကြုံနှင့် ဆေးသိပ္ပံပညာအရ ခန့်မှန်းခြင်းဖြစ်သည်။ သို့သော် ၄င်း၏ခန့်မှန်းချက်သည် ထင်မြင်ယူဆချက်သာဖြစ်သဖြင့် သက်သေခံအက်ဥပဒေပုဒ်မ (၃၅)ပါ အများပြည်သူနှင့် သက်ဆိုင်သော အမှတ်အသားပါ အချက်ကို လွှမ်းမိုးနိုင်မည် မဟုတ်ပေ။ သို့သော် အထောက်အထားမဲ့ ခန့်မှန်းခြေရေးသွင်းထားသည့် မှတ်တမ်းမှတ်ရာ ဖြစ်နေပါက အများပြည်သူဆိုင်ရာ စာမှတ်စာတမ်းဖြစ်၍ အမှန်ယူရမည်ဟု ကောက်ယူလျှင် တရားမျှတမှုကို မှုနှင့် အလွှမ်းဝေးပေလိမ့်မည်။ ဤနေရာတွင် ဆရာဝန်၏ထင်မြင်ချက်နှင့် ရုံးရှေ့တွင် မခင်ထွေးအား မျက်မြင်တွေ့ရှိရသော မူလရုံးတရားသူကြီး၏ မျက်မြင်တွေ့ရှိချက်တို့ကို အလေးဂရုပြုရမည်ဖြစ်ပေသည်။ ထို့ပြင် ဆရာဝန်၏ဆေးပညာအရ ခန့်မှန်းချက်တွင် (၁၆)နှစ်အထက် ဖြစ်သည့်ဘက်ကို အလေးသာနေကြောင်းတွေ့ရသည်။

အထက်ပါတွေ့ရှိချက်၊ သုံးသပ်ချက်များအရ မခင်ထွေးအား အသက် (၁၆)နှစ်အောက်ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ရေးတတ်သလိုရေးကကျွတ်

- သံစဉ်ဆွေ (မင်းထု ၊ စစ်ကွင်း)
  အမှားဖြစ်ခဲ့ပါလျှင်လည်း ---------- ၁၉၈

ပျက်မှောက်ခေတ်ဖြစ်ရပ်မှန်

- ဆုန်းတင်ဦး (နိုင်)
  အပြန်လမ်းကခရီးသည်တစ်ဦး၏မှတ်တမ်း ------- ၁၈၆
- ခင်မောင်ဌေး(ပညာရေး)
  ယဉ်ကျေးမှုရာ ထုံးစဉ်လာမြင့် ---------- ၄၂

ပြည်တွင်းဖြစ်ရပ်မှန်

- တော်ချစ်
  ပြေးသော်လည်း မလွတ် ---------- ၃၆
- ကေတုမောင်ညိုလင်း
  ငါးသွေး ---------- ၁၀၇
- မောင်မောင်အောင်မင်း (ဒဿနိက)
  ခါးပိုက်နှိုက်အထာပေး ခေါင်းဖြူချစ်စိန် ---------- ၅၉
- ထွန်းတောက်ထွဋ် (သချာ်)
  ပိုက်မဲခြင်း၏အခုံးသတ်ပုံရိပ်များ ---------- ၆၄
- ထွန်းနိုင်
  စမွန်ဆာဘိုးတော်အောင် တွေ့မရှောင်ကျော်ရဲဆွေ နှင့်
  ကျားကျမ်းကျေသက်သက်ပူး ---------- ၇၅
- ကိုဖိုးတင်အောင်
  မပြေးသော်လည်း ကန်ရာရှိခဲ့ရင် ---------- ၁၁၃
- မောင်သက်ဆွေ (မင်းလှစစ်ကွင်း)
  ကြမ္မာငင်သော နေ့တစ်နေ့ ---------- ၇၉
- မျိုးသစ်
  ဖုံးကွယ်မှုမပေါ် မီးအထိ ---------- ၁၂၁
- နက်နီ မြောင်းမြ
  ဝိုက်ဆံတစ်မတ် အသက်တစ်ချောင်း ---------- ၁၄၁
- ဖိုးတာ
  တည်းခိုခန်းမှ ထိတ်လန့်ဖွယ်နှစ်ည ---------- ၁၃၃
- မောင်မိုင်းညို (ချောင်းဦး)
  နာနာဘာဝကလဲ့စားလော ---------- ၁၆၃
- မောင်ထွန်းပေါက် (ကျောက်ဖြူ)
  ထိုတဒင် ---------- ၁၇၁
- ဇေယံဟိန်း
  ထူးဆန်းသည့် မီးလောင်မှု ---------- ၁၈၂

- သီထီးသန်းအောင် (မြင်းခြံ)
  အမုန်တရားကို နတ်စောင့်ခြင်း ---------- ၂၁၈
- တော်မြင့်သိန်း
  ကြိုးပြတ်သွားသော စွန့်ငယ် ---------- ၁၉၈

ကြုံရဆုံဖူးထောင်ဘဝ

- ဇေယျမင်းသွင်
  သွေးရူးသွေးတမ်း ---------- ၁၅၂



အာဟွန်း

ဆရာ ၊ ဗောဟွန် ၊ ဖွံ့ဖြိုး ၊
ကျော်ဖြိုးလွင် ဟိန်းဇော် ၊ သူရိန် ၊
ပင်းသစ်

ပန်းချီဆိုင်းသရုပ်ဖော်

ပန်းချီသိပ်၊ ရဲရဲဦးဦး၊ ကျော်ဦး၊
မိုးဝေ၊ စက္ကူ၊ ကျော်မိုးညို့၊

ပျက်နှာဖုံးကရုပ်ပစ်ဓိုင်း

ဓောင်မိုးလှိုင်

အဟွန်းဗလာ

ဦးဆောင်ဟင်ဒေး နှင့် သပိတ်များ

www.burmeseclassic.com

www.burmeseclassic.com

ယူဆရန် ခဲယဉ်းပေသည်။ ဤအခြေအနေအရ မူလရုံးအနေဖြင့် (၁၆)နှစ်အောက်ဖြစ်ကြောင်း သုံးသပ်ခြင်း မပြုဘဲ တရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၃ နှင့် ငြိစွန်းခြင်းမရှိသဖြင့် အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ'' ဆိုကာ မူလရုံးမှ အပြီးအပြတ် လွှတ်သည့်အဓိန့်ကို အတည်ပြု၍ ရှေ့နေချုပ်ရုံး၏ အယူခံဝင်ရောက်ခြင်းကို ပလပ်ကြောင်း အဓိန့်ချမှတ်ခဲ့ပါတယ်။

သို့ဖြစ်၍ မိန်းကလေးတစ်ယောက်သည် အသက် (၁၆)နှစ်အောက်ဖြစ်ပါက ကာယကံရှင် မိန်းကလေး၏သဘောဆန္ဒသည် အဓိကမဟုတ်။ ၄င်း၏မိဘ (သို့) အုပ်ထိန်းသူက သဘောတူမှသာ ခိုးယူပေါင်းသင်းသူ ယောကျ်ားလေးအနေဖြင့် ပြစ်မှုပုဒ်မ-၃၆၃ ဖြင့် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်မည် ဖြစ်သည်။ သဘောမတူလျှင် ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်နိုင်သည့်ပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်ဖြစ်သည်။

အကယ်၍ မိန်းကလေးသည် အသက် (၁၆)နှစ်ပြည့်ပြီး (၂၀)နှစ်အောက် (၂၀) နှစ်မပြည့်သေးသူဖြစ်ပါက မိဘ၊ အုပ်ထိန်းသူ၏သဘောတူညီမှု မလို။ ၄င်းကိုယ်တိုင်က သဘောတူလျှင် ဥပဒေအရ အရေးမယူနိုင်။ အချို့အမှုများတွင် (၁၆)နှစ်ကျော်သူ မိန်းကလေးက ခိုးရာလိုက်ပြေးသည်။ သို့သော် မိဘက ပြန်သိမ်းသည်။ မိဘ၊ အုပ်ထိန်းသူလက်ရောက်မှ စိတ်သဘောထားပြောင်းပြီး ''သမီးကို ခြိမ်းခြောက်ခေါ်တာပါ။ သမီးသဘောမတူပါ'' ဟု အကြောင်းအမျိုးမျိုးပြု၍ ရဲစခန်းသို့ တိုင်သည်။ တိုင်ခံရသည့်ယောကျ်ားလေးမှာ ပုဒ်မ-၃၆၃ ဖြင့် တရားစွဲတင်ခံရကာ ရုံးရောက်မှ ၄င်းသဘောတူ၊ အလိုတူ၊ အလိုပါ လိုက်လာခြင်းဖြစ်ကြောင်း ယောကျ်ားလေးဘက်က ခိုင်မာစွာ သက်သေပြသောအခါ မငြင်းနိုင်ဘဲ တိုင်သူ (မိန်းကလေးရှင်)တို့ အရှက်တကွဲဖြစ်ရသည့်အမှုများလည်း ကြုံရတတ်သည်။

ယခု ကျော်အောင်စိုးတို့အမှုတွင်မူ (၁၆)နှစ် ပြည့်မပြည့်နှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ရာ သက်သေခံ အက်ဥပဒေပုဒ်မ-၃၅ သည် အဓိကဖြစ်သည်။ သို့သော် (၃၅) နှင့် အကျုံးဝင်ရန် မိန်းကလေးဘက်က ၄င်းတို့တင်ပြသော စာရွက်စာတမ်းသည် အများပြည်သူဆိုင်ရာ မှတ်တမ်းမှတ်ရာဖြစ်ကြောင်း တင်ပြဖို့လိုသည်။ သို့မဟုတ်ပါက ဆရာဝန်နှင့် တရားသူကြီး၏မျက်မြင်တွေ့ရှိချက်တို့က လွှမ်းမိုးကာ မဖွယ်မရာ ဆောင်ရွက်ချက်တစ်ခု၊ အထောက်အထားမဲ့ ခန့်မှန်းခြေရေးသွင်းထားသည့် မှတ်တမ်းမှတ်ရာ တစ်ခုအဖြစ် ကောက်ယူ၍ တရားမျှတမှုနှင့် အလွှမ်းဝေးကာ အလေးဂရုပြုမခံရဘဲ ရှိလိမ့်မည်သာ ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

နတ်တလင်းချစ်လွင်

ကိုးကား

(၁) ဦးမြစိန်၊ မြန်မာ့လေ့ထုံးတမ်းဥပဒေ၊ (ဒဿမ) အကြိမ် ပုံနှိပ်ခြင်း၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ။

(၂) ဦးထင်ကျော်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်၊ ပြစ်မှုလက်တွေ့အသုံးချမှတ်စုများ - (၅)။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပျက်ကြီးတွေးကျွန်းတော်

ချမ်းငြိမ်

(အသစ်)

www.burmeseclassic.com

www.burmeseclassic.com

-၁-

ဂရိုဘယ်ဂရိုဂိုးရေးရှင်း

"ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်မှာ ဆင့်ပွားပါလာတာက စပွန်ဇာရိုက်ဇေးရှင်း စနစ်ပဲဗျ"

တစ်နေ့သော နံနက်ခင်းတွင် ကျွန်ုပ်လမ်းထဲရှိ လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ် အသိမိတ်ဆွေတစ်ဦး ဝင်လာပြီး ပြောသည်။

"ဂလိုဘယ်လိုက်ဇေးရှင်း ဆိုတာကတော့ ကမ္ဘာကြီးဟာ ရွာကြီးဖြစ်သွားပြီး ကူးလူးဆက်ဆံသွားလာရေးတွေ တိုးတက်ထွန်းကားလွယ်ကူလာပြီး အရာရာ ရောနှောပေါင်းစပ်မိသွားပြီဆိုတဲ့ သဘောမျိုး၊ ကမ္ဘာ့ရွာကြီးဆိုတဲ့ သဘောတရားမျိုးကို ဆိုလိုတယ်ဆိုတာတော့ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် စပွန်ဆာရိုက်ဇေးရှင်းဆိုတာကတော့ ဘာလဲဗျ"

ကျွန်ုပ်က မိတ်ဆွေဖြစ်သူကို မေးကြည့်လိုက်ရ၏။

"ခင်ဗျားတော်တော် ညံ့သွားပြီး၊ စပွန်ဆာဆိုတဲ့ စကားလုံးကို သိသလား"

ကျွန်ုပ်မိတ်ဆွေက ပြန်မေးသည်။

"အဲဒါတော့ သိတာပေါ့ဗျာ။ တီဗီတွေမှာပါနေတာပဲ။ ဤဘောလုံးပွဲကို ဘယ်ကုမ္ပဏီက စပွန်ဆာပြုလုပ်သည်။ ဤအခမ်းအနားကို ဘယ်ကုမ္ပဏီက စပွန်ဆာပြုလုပ်သည်ဆိုတဲ့ စာတွေတွေ့နေရခဲ့ရတာပဲ။ ကျွန်တော်နားလည်တာကတော့ ထောက်ပံ့ပေးသည်ဆိုတာပဲပေါ့ဗျာ။ အဲဒါက ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ဘယ်လိုဆက်နွယ်နေလို့လဲ"

"အဲဒီအဓိပ္ပာယ်ပါပဲ။ စပွန်ဆာသဘောတရားလို့ ဆိုလိုက်တာပါ။ စပွန်ဆာရိုက်ဇေးရှင်းနဲ့ ဂလိုဘယ်ဇေးရှင်းက ဘယ်လိုဆက်နွယ်နေသလဲ ဆိုတာ ရှင်းပြရရင်တော့ တော်တော်များများ ရှင်းပြရလိမ့်မယ်ဗျ"

"များပါစေဗျာ။ ရှင်းပြစမ်းပါ။ ဟေ့ ... လက်ဖက်ရည်ပုံ့မှန့် ရှယ်တစ်ခွက်၊ မုန့်ပါခဲ့။ စီးကရက်လည်း တစ်ပွဲခဲ့ပေး"

ကျွန်ုပ်က မိတ်ဆွေ၏ စကားကို စိတ်ဝင်စားလာသည့် အလျောက် လိုလိုလားလား သူ့ရှင်းပြနိုင်စေရန် ပြောပြောဆိုဆို့နှင့် တစ်ဆက်တည်းပင် စားပွဲထိုးအား မှာကြားလိုက်ရသည်။ မိတ်ဆွေဖြစ်သူက အေးအေးဆေးဆေးပင် လက်ဖက်ရည်သောက်သည်၊ မုန့်စားသည် ထို့နောက် စီးကရက်တစ်လိပ်ဖွာရင်း ပြောပြသည်။

"ဂလိုဘယ်လိုက် ဇေးရှင်းရဲ့ သဘောတရား အကျဉ်းတော့ ခင်ဗျားရှင်းပြီးသားပါ။ ဆက်သွယ်သွားလာမှုတွေ မြန်ဆန်ချောမွေ့လာတယ်။ ယဉ်ကျေးမှု အနုပညာ၊ အစားအသောက်၊ နေထိုင်မှုစနစ်တွေပါ။ ရောနှောပေါင်းစပ်လာမယ်။ အဲဒီသဘောမျိုးမဟုတ်လား။ အပေါ်ယံအမြင်အားဖြင့်တော့ ကောင်းတယ်၊ လို့ဆိုကြမှာပါပဲ။ ဒါပေမယ့် အဲဒီသဘောတရားကြောင့် ဘေးထွက်ဆိုးကျိုးတွေ အများကြီးပေါ်လာတယ်။ အဲဒီတော့ ကျွန်တော်တို့ရှိလေ့လာခဲ့ရတဲ့ အဖြစ်အပျက်ကလေးတွေကို အမှတ်တရပြောပြချင်ပါတယ်"

"ဟုတ်ကဲ့ ... ပြောပြစမ်းပါဦးဗျာ"

ကျွန်ုပ်က ကြားသိလိုသည့် ဆန္ဒဖြင့် အားပေးထောက်ခံလိုက်ရပါသည်။

-၂-

သမီးရဲ့ ဦးတို့ဖစ်ဘော်

"စျေးကွက်စီးပွားရေးစနစ်ရဲ့ အစ ကုမ္ပဏီကြီးတွေ ထူထောင်ကြချိန်၊ ဆောက်လုပ်ရေး လုပ်ငန်းကြီးတွေ လုပ်နေကြတဲ့အချိန်၊ ကူးသန်းသွားလာရေး လွယ်ကူချောမွေ့လို့ အရောင်းအဝယ်တွေ ကောင်းနေကြ

www.burmeseclassic.com

www.burmeseclassic.com

ခေတ်လေ။ ပညာသင်ဆဲ၊ တက်လမ်းရှာဆဲ၊ စမ်းတဝါးဝါးလျှောက်နေရဆဲ။ အသက်တူရွယ်တူ လူငယ်ချင်း စိတ်မဝင်စားကြတော့ဘူး အောင်မြင်ပြည့်စုံပြီး သုံးနှိုင်ဖြန်းနိုင်တဲ့ အသက်အရွယ်ကိုပဲ စိတ်ဝင်စားကြတော့တယ်ဆိုတဲ့ ခေတ်ကိုရောက်သွားတယ်လို့ ဆိုရမယ်။ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့အစ ပထမနိဒါန်းက ဖြစ်ရပ်ကလေး ဆိုပါတော့ဗျာ"

"အင်း ... ဆက်ပါဦး"

ကျွန်ုပ်က သူစကားဆက်ပြတ်သွားသဖြင့် ထောက်ပေးလိုက်ရပြန်ပါသည်။

- ၃ -

စမ္ဘန်ခေတ်ကြီးကဇေရှင်းသို့ ကူးပြောင်းခြင်း

"အင်း ... နောက်ပိုင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းကြီးက ကျယ်ပြန့်လာတော့ ဝတ်စားဆင်ယင်မှုတွေ ထုံးစံဓလေ့တွေပါ ရောနှောပြောင်းလဲကုန်တာ တွေ့လာရတယ်။ အထူးသဖြင့် အမျိုးသမီးတွေ ဝတ်စားဆင်ယင် လိမ်းခြယ်မှုတွေမှာ ပစ္စည်းဆန်းတွေက အမျိုးမျိုးပေါ်၊ စားသောက်ဆိုင်တွေကလည်း နိုင်ငံတကာ အစားအသောက်တွေရောင်းကြ၊ ကြော်ငြာကြတော့ ဝတ်ချင်၊ စားချင်၊ သွားချင်လာချင်ကြတဲ့ မိန်းကလေးတွေ တီဗီဇာတ်လမ်းတွေထဲကလို ဟမ်းဖုန်းလေးတွေ ကိုင်ချင်ကြတော့ သမီးရဲ့ဦး ခေတ်ကနေ ရွှေ့လျောပြီး လွန်ဆာ

လို့ အဆိုတော်ကောင်မလေးတွေကားနဲ့ပြန်မှ ထပြန်ပြန်သွားတတ်တယ်။ ကျွန်တော် စိတ်ဝင်စားလို့ မေးကြည့်တော့ အဲဒီကားပေါ်ပါသွားတဲ့ ကောင်မလေးတစ်ယောက်က သူ့ချစ်သူတဲ့။ အခုအဆိုတော်လုပ်တော့မှ သူ့ဆိုင်ကို ပုံ့မှန်လာအားပေးတဲ့ အသက်လေးဆယ်လောက် သူဌေးတစ်ယောက်နဲ့ တွဲနေတယ်။ သူ့ကို ကန်သွားပေမယ့် သူက သံယောဇဉ်မပြတ်လို့ လာလာ မျှော်ကြည့်နေရတာပါ။ ငွေမရှိလို့ စားသောက်ဆိုင်ပေါ်လည်း မတက်နိုင်ဘူးလို့ပြောပြတယ်။ ဆွတ်ပုံ့လွမ်းမောစရာ ဇာတ်လမ်းကလေးပေါ့ဗျာ"

"ရွယ်တူကောင်လေးဖြစ်ပြီး အသက်လေးဆယ်လောက်ဘဲကြီးနဲ့ တွဲတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ"

"ဆရာကြီး ခေတ်နောက်ကျသွားပြီ။ အဲဒီခေတ်က သမီးရဲ့ဦး

ကို လွန်ခဲ့သောနှစ်ပေါင်း (၂၀) လောက်ကပေါ့ဗျာ။ ကျွန်တော် လုံခြုံရေးမှူးအဖြစ်နဲ့ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုမှာ ဝင်လုပ်ခဲ့ရပါသည်။ အဲဒီဆောက်နေတဲ့ အဆောက်အဦကြီးဘေးက အဆောက်အဦကြီးတစ်ခုရဲ့ ခေါင်မိုးပေါ်မှာတော့ အမည်ကြီးစားသောက်ဆိုင်ကြီး တစ်ဆိုင်ဖွင့်လာခဲ့တယ်။ စီးပွားရေးအမြင်ရှိတဲ့ စားသောက်ဆိုင်လုပ်ငန်းသမားတစ်ဦးက အစပျိုးခဲ့တဲ့လုပ်ငန်းပေါ့။ အဲဒီစားသောက်ဆိုင်ကြီးမှာ စင်တင်တေးဂီတပွဲလည်း ပါတယ်ဆိုတော့ စည်ကားတာပေါ့ဗျာ။ ဒါများအဆန်းလားလို့ ခင်ဗျားပြောမှာသိတယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ ခေတ်ဦးအစမို့ အဆန်းပေါ့ဗျာ"

ကျွန်ုပ်၏မိတ်ဆွေက ပြောပြ၏။

"ဟုတ်တယ် ကျွန်တော်လည်း ရေးကွက်စီးပွားရေး ခေတ်ဦးအစ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တုံးက ရောက်ခဲ့ဖူးတယ်။ ပိုက်ဆံဝါလားတွေ ပန်းကုံးစွပ်ကြ၊ ဆုချကြနဲ့ ဝက်ဝက်ကွဲတမျှ စည်ကားတာတွေ့ခဲ့ရဖူးသဗျ"

ကျွန်ုပ်ကလည်း ထောက်ခံလိုက်သည်။ ကျွန်ုပ်၏ မိတ်ဆွေက စကားဆက်၏။

"အဲဒီလို အဆောက်အဦးမှာ လုံခြုံရေးမှူးလုပ်တော့၊ ကျွန်တော့်ခံနှုန်းနဲ့ မလွမ်းမကမ်းမှာ ကောင်လေးတစ်ယောက် ညညကျရင် လာလာထိုင်၊ စားသောက်ဆိုင်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

အဘကိုရှာကြတဲ့ ခေတ်ရောက်လာပြန်ရောဗျို့''

''ဟုတ်လား။ ကျွန်တော်လည်း စပွန်ဆာဆိုတာ ပုံပိုးသူလို့ပဲ သာမန်သိထားတာ။ ခင်ဗျား ပြောမှ အဓိပ္ပာယ်လေးနက်လာသလိုပဲ။ ဟုတ်မယ်၊ ဟုတ်မယ်။ တလောကပဲ ကျွန်တော့် အိမ်ရှေ့မှာ ကားအကောင်းစားကြီးတစ်စီး တစ်ညလုံးလာရပ်ထားလို့ အိမ်နီးချင်းတွေကို ဘယ်ကကားကြီးလဲလို့ မေးကြည့်တော့။ လူငယ်တစ်ယောက်က ဦးလေးကလည်း မသိဘူးလား။ ရှေ့တိုက်က အခန်းငှားပြီးနေတဲ့ အပျံစားဟမ်းဖုန်းလေးနဲ့ ကောင်မလေး စပွန်ဆာရဲ့ကားလေ။ စနေ၊ တနင်္ဂနွေတို့ဆိုရင် လာအိပ်တော့ ဒီမှာ တစ်ညလုံး ကားရပ်ထားတာပေါ့လို့ ပြောတယ်။ ကျွန်တော်လည်း အဲဒီတုန်းက ရေရေရာရာ နားမလည်ခဲ့ပါဘူး။ ဩော် ... ဟုတ်လားပေါ့။ အခု ခင်ဗျားပြောမှ သဘောပေါက်လာမိတယ်''

ကျွန်ုပ်က ထောက်ခံပြောဆိုပြောဆိုလိုက်ရင်းမှ လွန်ခဲ့သော ငါးနှစ်ခြောက်နှစ်လောက်က တက္ကစီသမားဆရာမင်းခေါင် မောင်အောင် ပြောပြသော ဇာတ်လမ်းတစ်ပုဒ်ကို အမှတ်ရလာမိသည်။ ထိုစဉ်က ယခုကဲ့သို့ စပွန်ဆာ ဘာခေတ်သို့ ကူးပြောင်းလာခြင်းမရှိသေး။ သမီးရဲ့ဦးခေတ် စပ်ကြားကာလဖြစ်၏။ ဟမ်းဖုန်းတွေကလည်း ခုအချိန်ကာလလို ပေါပေါလောလောမရှိသေး။ တစ်ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ်၊ အမြင့်စားမှာပင်

ရှိနေသေးသည်။ မင်းခေါင်မောင် အောင်ကားကို အမြဲငှားစီးပြီး ကာရာအိုကေဆိုင်သို့ သွားလေ့ရှိသည်ဆို၏။ တစ်နေ့တော့ ကာရာအိုကေဆိုင်သို့ မသွားတော့ဘဲ ယမကာ ဆိုင်သို့သွား၍ ယမကာချရင်း မျက်ရည်လည်ခဲ့နှင့် ထိုအရာရှိကြီးက ရင်ဖွင့်သည်။ ကာရာအိုကေဆိုင်က သူ့အချစ်ဘူးလေးက သူ့ကို ဟမ်းဖုန်းတစ်လုံး ဝယ်ပေးရန် ပူဆာသည်။ ဘာမှ မဘာရသေးသော်လည်း ထိုကလေးမ၏ အပြောအဆို အထိအတွေ့တွင် သာယာနစ်မျောပြီး ရှိစုမဲ့စု ဘတ်ငွေ (နီးကြီးမသိအောင် ဘတ်ထားသောငွေ) ဖြင့် ဟမ်းဖုန်းတစ်လုံး ဝယ်ပေးလိုက်သည်။ ဟမ်းဖုန်းလည်း ဝယ်ပေးပြီးရော ထိုကလေးမ အလုပ်မှ ထွက်သွားသည် ဟု သိရသည်။ ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်း မသိရအောင် ခြေရာဖျောက်သွားသဖြင့် သူမှာ ရင်ကွဲပြီး ယမကာနှင့် ဖြေသိမ့်နေရသည် ဟု မင်းခေါင်မောင် အောင်ကို ပြောပြသည်ဆို၏။

''သမီးရဲ့ဦးခေတ်က သနားရမလို၊ ရယ်ရမလို၊ နားရင်းပဲရိုက်ရမလို အဲဒီဖြစ်ရပ်ကလေးတစ်ခု တော့ ကျွန်တော် ကြားမိလိုက်တယ်ဗျာ''

ကျွန်ုပ်က မိတ်ဆွေဖြစ်သူအား ပြောပြလိုက်သည်။

''အဲဒါက ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ကနဦးပြဿနာလေးတွေပေါ့ဗျာ။ အခု စပွန်ဆာရိုက်ဇေးရှင်းအဆင့်မှာ ကျွန်တော်အတော်များများ ကြုံတွေ့ရပြီး သုတေသနပြုထားတာတွေ ရှိသေးတယ်ဗျ''

''ဆိုစမ်းပါဦး။ သုတေသနဆရာကြီးရယ်''

ကျွန်ုပ်ကလည်း ကြားဖူးနားဝရှိသွားအောင် မြှောက်ပေးလိုက်ရပြန်သည်။

-၄-

အာယုဖေးဝါးကျွတ်

''အငယ်လေးတို့ ရွာဆိုတာ ရှိသေးသဗျ''

ကျွန်ုပ်၏ မိတ်ဆွေက စကားစသည်။

''ဗျာ ... ဂန္ဓိရဝတ္ထုတွေမှာတော့ ကျတ်ရွာ၊ ပြိတ္တာရွာ၊ အသူရကာယ်တို့ရွာတွေ အကြောင်း ရေးထားကြတာ ဖတ်ရဖူးတယ်။ အငယ်လေးတို့ရွာလို့တော့ မကြားဖူးပါဘူး''

ကျွန်ုပ်က အံ့အားသင့်စွာ ပြန်ပြောပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကလည်းဗျာ။ ကျုပ်ပြောပြနေတာက လက်တွေ့ဘဝအကြောင်းပဲ။ ဘယ်ဂန္ဓီရအကြောင်းမှမပါပါဘူး။ အခုလက်တွေ့ဖြစ်နေတဲ့ စပွန်ဆာရိုက်စေးရှင်းအကြောင်းပဲ ဆိုရမှာပေါ့"

မိတ်ဆွေက စိတ်မရှည်သည့်လေသံဖြင့် ပြောသည်။

"ဟာ ... ဟုတ်လား။ ကျွန်တော် ဗဟုသုတတခေါင်းပါးတာကိုသည်းခံပါဗျာ။ ခင်ဗျားပြောချင်တဲ့ စပွန်ဆာရိုက်စေးရှင်း အကြောင်းကို ပြောပါဦးဗျာ"

မကြားလိုက်ရမည်စိုး၍ ကျွန်ုပ်က ကမန်းကတမ်း ထောက်ခံလိုက်ရ၏။

"ဒီလိုဗျ။ ကျွန်တော့် မိတ်ဆွေတစ်ယောက် အိမ်ငှားချင်လို့ တိုးချဲ့မြို့သစ်တစ်ခုကို လိုက်ပါသွားဖူးတယ်။ ပွဲစားတွေပြတဲ့ အိမ်လုံးချင်းကလေးတွေက ဈေးများတဲ့ဟာက များတယ်။ ရေမရတဲ့အိမ်က မရဘူး။ မီးမရတဲ့အိမ်က ဈေးသက်သာပေမယ့် အဆင်မပြေဘူး။ ဒီလိုနဲ့ အိမ်ယာတိုက်တန်းကြီးတစ်ခုကို ရောက်သွားတယ်။ အိမ်ခန်းက ဈေးမနည်းလှပေမယ့် ရေမီးစုံတယ်၊ ဈေးနီးတယ်၊ တိုက်အောက်ထပ်တွေမှာကို ဆိုင်ခန်းတွေ ဖွင့်ထားတယ်။ ကားဂိတ်နီးတယ်။ ကျောင်းနီးတယ် စသည်ဖြင့် အားလုံးအိုကေတယ်။ ကျွန်တော့် မိတ်ဆွေကလည်း ကြိုက်တယ်၊ ဒါနဲ့ ငှားမယ်ဆိုပြီး ဆုံးဖြတ်တယ်။ ကျွန်တော်တို့နှစ်ယောက် အပြန်မှာမောလို့ အနေးဆိုင်မှာ ဝင်သောက်တယ်။ အဲဒီမှာ ကျွန်တော့် မိတ်ဆွေကစ်ယောက်နဲ့တွေ့တယ်။ မိတ်ဆွေက ဘာလာလုပ်တာလဲလို့ မေးတယ်။ ကျွန်တော်က ကျွန်တော့် မိတ်ဆွေ အိမ်ခန်းငှားဖို့ လိုက်လာတာလို့ ပြောတော့။ မိတ်ဆွေက ရပြီလားမေးတယ်။ ကျွန်တော်ကရပြီ။ အိမ်ယာ ဒုတိယထပ်တိုက်ခန်းမှာလို့ ပြောတော့။ မိတ်ဆွေက ခင်ဗျားမိတ်ဆွေမှာ သမီးပျိုတွေရှိသလားလို့ မေးလာတယ်"

"ဘာဖြစ်လို့လဲဗျာ"

ကျွန်ုပ်က သူစကားခဏနားစဉ် စိတ်စောစွာ မေးကြည့်သည်။

အဲဒီတော့ မိတ်ဆွေက

"သမီးပျိုတွေရှိရင်တော့ အဲဒီမှာနေရင် မသင့်တော်ဘူး။ အဲဒီတိုက်ခန်းတွေမှာ တချို့က တိုက်ခန်းငှားပြီး အငယ်လေးတွေ လာထားတတ်ကြတယ်။ အဲဒီအငယ်လေးတွေကလည်း သွားကြ၊ လာကြ၊ စားကြသောက်ကြနဲ့ပေါ့။ ပေါ့ပေါ့ပါးပါး ပွင့်ပွင့်လင်းလင်း နေတတ်ကြတယ်။ သူတို့စပွန်ဆာတွေကလည်း ညနေစောင်းမှာ ကားနဲ့လာ ခေါ်လိုက်ကြ၊ ကားထိုးပြီး အဲဒီမှာပဲ ညအိပ်ကြနဲ့ လွတ်လပ်ကြတာပေါ့။ ပတ်ဝန်းကျင်က အဲဒီတိုက်တန်းကို အငယ်လေးတို့ ရွာလို့ပဲ ခေါ်ကြတယ်။ ဒီတော့ စဉ်းစားကြည့်ပေါ့ဗျာလို့ ပြောပြတယ်ဗျ။ ခင်ဗျားပြောတဲ့ ဂန္ဓီရလောကတွေထဲက အသူရကာယ်ရွာနဲ့ ဘာမှမခြားလှပါဘူးဗျာလို့ ကျွန်တော့် မိတ်ဆွေက ရှင်းပြခဲ့သဗျ။ အဲဒါတွေဟာ စပွန်ဆာရိုက်စေးရှင်း သဘောတရား ကြီးထွားရင့်သန် လာတယ်လို့ ဆိုရမှာပဲ"

ကျွန်ုပ်၏မိတ်ဆွေက ရှင်းပြပါသည်။

"အေးဗျာ ... ဒီခေတ် ဒီကာလမှာ မိန်းမတွေအတွက် အလှပြင်ပစ္စည်းအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ ဖိမ်ခံပစ္စည်း၊ အဝတ်အစားအမျိုးမျိုး စတာတွေကလည်း အမျိုးမျိုးပေါလာ၊ သွားလာစားသောက်စရာ စားသောက်ဆိုင်တွေ၊ ကာရာအိုကေဆိုင်တွေ၊ ရွှီးပွဲတွေ၊ ပြိုင်ပွဲတွေကလည်း ပေါများလာတော့ သွားချင်၊ လာချင်၊ စားချင်၊ သောက်ချင်၊ ဝတ်စားချင်၊ ဆုံချင်ထိုင်ချင်ကြတဲ့ ကလေးမတွေအဖို့ စပွန်ဆာရှာလာကြတာ မဆန်းပါဘူးလို့ ပြောရမှာပါပဲ။ ဒါတွေကို တားဆီး ကာကွယ်ထိန်းသိမ်းနိုင်အောင် ပညာပေး၊ အသိဉာဏ်ပေးတဲ့ လုပ်ငန်းတွေကို လူမှုရေးအသင်းအဖွဲ့တွေက ကြိုးစားဆောင်ရွက်ပေးနိုင်မှတော်ရုံကျမယ်ဗျို့။ ဒါတွေကို ကျွန်တော်လည်း စာရေးပြီး လူထုကို တင်ပြပေးပါ့မယ်။ ဒါကတော့ ကျွန်တော် တတ်နိုင် သလောက် ဆောင်ရွက်ပေးတာပါပဲဗျာ"

ကျွန်ုပ်က မိတ်ဆွေဖြစ်သူ အားပြောပြခဲ့ရပါသတည်း။

ချမ်းမြေ(ဒဿနု)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြေးသော်လည်းမလွတ်

ဇော်ချစ်

"ဘာဖြစ်တာလဲ"

ဗြုန်းခနဲရောက်လာသော ရဲတပ်ဖွဲ့ဝင်များကိုကြည့်ပြီး ကြွယ်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ထဲမှ လူများ အံ့အားသင့်သွားကြသည်။ ရဲများရောက်မည့်သာရောက်လာသည်။ ဘယ်သူမှ ရဲစခန်းကို အကြောင်းမကြားရသေး။ ရဲတိုင်ဖို့ ဘယ်သူမှ သတိမရကြသေး။ ဖြစ်ပွားပုံကိုသာ တစ်ယောက်တစ်ပေါက် ပိုင်းမေးနေကြသည်။ ဒေါ်မြင့်ကြွယ်နှင့် ဇင်မာဝေတို့ကလည်း တစ်ယောက်ပြီး တစ်ယောက် ရှင်းပြနေကြရသည်။ သတင်းလာမေးသူများကလည်း ရဲတိုင်ရန် ဘယ်သူမှ အကြံ မပေးကြ။ ဒေါ်မြင့်ကြွယ်နှင့် ဇင်မာဝေတို့ကလည်း ရဲတိုင်ရန် သတိမရ။

"ဘယ်သူ အကြောင်းကြားလိုက်တာလဲ"

မှန်ကောင်တာနောက်မှ ဒေါ်မြင့်ကြွယ် ထွက်လာသည်။ သတင်းလာမေးသူအချို့ ပြန်သွားကြသည်။

"ဘယ်သူမှ အကြောင်းမကြားပါဘူး"

"ဘယ်သူမှ အကြောင်းမကြားဘဲ ဆရာတို့ ဘယ်လိုသိတာလဲ"

"သြော် ... ဒေါ်မြင့်ကြွယ်ကလည်း ရာဇဝတ်မှုဖြစ်တဲ့နေရာကို ရဲရောက်လာတာ ဘာထူးဆန်းလို့လဲ ဗျာ။ ရာဇဝတ်မှုဖြစ်ရင် အကြောင်းကြားကြားမကြားကြား ရဲတပ်ဖွဲ့ခဏိုက တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့အတွက် တာဝန်ရှိတယ်လေ။ ကဲ ပြောပါဦး။ ဘယ်လိုဖြစ်တာလဲ"

ဒုရဲအုပ်အောင်ဘုန်းဝေ ဆိုင်အတွင်း ဝင်ကြည့်သည်။ ဆိုင်ရှေ့တွင် လူတချို့ရပ်ကြည့်နေကြသည်။

"ပိုက်ဆံတွေ အခိုးခံလိုက်ရတာ ဆရာ"

"ဘယ်လောက်အခိုးခံလိုက်ရတာလဲ"

"ငါးထောင်တန်းလေးအုပ်"

ဒေါ်မြင့်ကြွယ်အသံက တုန်တုန်ထစ်ထစ်။ ငါးထောင်တန်လေးအုပ်။ ကျပ် သိန်း ၂၀။

"မိုးတောင်မချုပ်သေးဘူး။ ဘယ်သူဝင်ခိုးတာလဲ"

အခင်းဖြစ်ချိန်က ညနေ ၆ နာရီ ၃၀ မိနစ်ခန့်သာရှိသေးသည်။ ရွှေဘို မြို့တွင် နေမဝင်သေး။ နေရောင် မပျောက်သေး။ လမ်းမတော်လမ်းတွင် လူသွားလူလာ မပြတ်သေး။ ဆိုင်များ မပိတ်သေး။

"နိုင်ငံခြားသားနှစ်ယောက် ဝင်ခိုးသွားတာ ဆရာ"

"ဆိုင်မှာ ဘယ်သူမှမရှိဘူးလား"

"ကျွန်မ ရှိပါတယ် ဆရာ"

ဇင်မာဝေကို ဒုရဲအုပ်အောင်ဘုန်းဝေ လှမ်းကြည့်သည်။ ဇင်မာဝေက ဒေါ်မြင့်ကြွယ်ဘက်လက်ကို ဆုပ်ထားသည်။

"ခင်ဗျားရှိရက်သားနဲ့ ဘယ်လို အခိုးခံရတာလဲ"

"ကျွန်မဆီမှာ အခိုးခံရတာ မဟုတ်ဘူး"

"ဘယ်သူ့ဆီမှာ အခိုးခံရတာလဲ"

"ဒေါ်ကြီးဆီမှာ"

"ဘယ်လိုအခိုးခံရတာလဲ ဒေါ်မြင့်ကြွယ်"

ဒေါ်မြင့်ကြွယ်ကို ဒုရဲအုပ်အောင်ဘုန်းဝေ လှမ်းကြည့်သည်။ နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဆောက်တည်းနှင့် အမှုက ကမ္ဘာပတ်နေသည်။

"ဒီလိုပါ ဆရာ"

ဒေါ်မြင့်ကြွယ်ကို ကြည့်နေသော ဒုရဲအုပ်အောင်ဘုန်းဝေမျက်လုံးများ ဇင်မာဝေဘက် လမ်းကြောင်းပြောင်းသွားသည်။ ဇင်မာဝေကသည်း ရဲအုပ်အောင်ဘုန်းဝေကို ချက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"ဘယ်လိုဖြစ်တာလဲ မဇင်မာဝေ"

"ညနေ ဖနာရီခွဲလောက်က နိုင်ငံခြားသားနှစ်ယောက် ဈေးလာဝယ်တယ် ဆရာ"

"အမျိုးသားလား၊ အမျိုးသမီးလား"

"အမျိုးသားနှစ်ယောက် **ဆရာ**။ တစ်ယောက်က အသက်လေး**ဆယ်**လောက်၊ တစ်ယောက်က **သုံး**ဆယ်လောက်ရှိမယ်။ နှစ်ယောက်လုံး ဘောင်းဘီအတိုတွေ ဝတ်ထားတယ်"

"ဘာလာဝယ်တာလဲ"

"မီးပူ ဆရာ"

"ရောင်းဖြစ်လား"

"သူတို့က **မီးပူလိုချင်**တယ်ပြောလို့ ကျွန်မ **နေရှင်နယ်မီးပူ** ထုတ်ပြတော့ ဘယ်လောက်လဲလို့ ဈေးမေးတယ်။ ကျွန်မက ၁၈၀၀ဝ/လို့ ပြောတော့ ယူမယ်ဆိုပြီး ငါးထောင်တန်လေးရွက်ထုတ်ပေးတယ်။ ကျွန်မက ဘစ်ထောင်တန်အသေး နှစ်ရွက် ပြန်အမ်းတယ်"

"ပြန်အမ်းလိုက်တော့"

"သူတို့က အဲဒါမလိုချင်ဘူးတဲ့ ဆရာ"

"သူတို့က ဘာလိုချင်တာလဲ"

"**အကြီး**အသစ်နှစ်ရွက် **လို**ချင်**တယ်တဲ့**"

"**လဲ**ပေးလိုက်လား"

"ကျွန်မ မလဲပေးလိုက်ဘူး"

"**ဘာ**ဖြစ်လို့လဲ"

"ကျွန်မ အံဆွဲဖွင့်ပြီး အကြီး**နှစ်ရွက်ရှာ**တုန်း အသက်ကြီးတဲ့လူက **လည်း** ဝိုင်းရှာတယ်"

"ဈေးဝယ်သူက ငွေအံဆွဲထဲမှာ **ဝိုင်း**ရှာတယ်"

"ဟုတ်တယ် ဆရာ။ ဒါပေမယ့် အံဆွဲထဲမှာ သူတို့လိုချင်တဲ့ ထောင်**တန်** အကြီးအသစ်နှစ်ရွက် မရှိဘူး"

"ငွေသိန်းနှစ်ဆယ် ပျောက်တာက အရောင်းကောင်တာ ငွေအံဆွဲထဲက မဟုတ်ဘူးလား"

"မဟုတ်ဘူး ဆရာ။ အရောင်းကောင်တာငွေအံဆွဲထဲမှာ ဒီနေ့ ရောင်းရတဲ့ငွေတွေ မရှိတော့ဘူး။ ဒေါ်ကြီးကို အပ်လိုက်ပြီ။ ပြန်အမ်းဖို့ အကြွေနည်းနည်းပဲရှိတော့တယ်"

ဒေါ်မြင့်ကြွယ်ကို ဒုရဲအုပ်အောင်ဘုန်းဝေ လှမ်းကြည့်သည်။ ပြဿနာဖြစ်သည်က အရောင်း ဈေးသည်ဆီမှာမဟုတ်။ ဝိုင်ရှင်ဆီမှာ ဖြစ်ခြင်းဖြစ်သည်။

"ဒီလိုပါ ဆရာ။ ဇင်မာဝေက ကျွန်မကို လာပြောတော့ နိုင်ငံခြားသားတွေဖြစ်နေတာနဲ့ အခန်းထဲက ဗီရိုထဲမှာဝင်ရှာပေးပါတယ်။ အသက်ကြီးတဲ့နိုင်ငံခြားသားတစ်ယောက်က ဝင်လိုက်လာပြီး ဝိုင်းရှာပါတယ်"

"ဟာ ... ခင်ဗျား မတားဘူးလား"

"**တားတာပေါ့ ဆရာရယ်**။ **နိုး နိုး** နဲ့ ဘယ်လိုပြောပြော မရဘူး။ ငွေထုပ်တွေကို ဟိုရွေ့ဒီရွေ့နဲ့ မျက်စိလည်အောင် လုပ်ပါတယ်"

"ငွေထုပ်တွေ ပျံသွားတာ ခင်ဗျား တွေ့လား"

"မတွေ့ဘူးဆရာ"

"မတွေ့ဘဲ ဘာလို့အခိုးခံရတယ် ပြောတာလဲ"

"သူတို့ထွက်သွားပြီး ငွေထုပ်တွေပြန်စီရင်း စစ်ကြည့်လို့ သိတာဆရာ။ ငါးထောင်တန် လေးအုပ်ပျောက်နေတာ တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပြိုင်ကျွန်ုပ်တို့ရေစီးခိုင်ခဲ့သော ဘုရားရှင်ပေးတော်မူခဲ့သည့် ဗြဟ္မဇာလသုတ်တော်ကြီး

အင်္ဂါ၊ လုံချည်တွေ ကွဲထွက်တဲ့အထိ အားပြင်းတဲ့ မီးသတ်ပိုက်ကြီးတွေနဲ့ ရေပက်ကစားလေ့ရှိတဲ့ သင်္ကြန်မျိုး။ ကျောပြင်ကို သားရေခါးပတ်နဲ့ ဖြတ်ရိုက်ခံရသလို နာကျင်စေတဲ့ ရက်ရက်စက်စက် နို့ဆီခွက်နဲ့ ခုတ်ပက်တတ်တဲ့ သင်္ကြန်မျိုး။ မျက်လုံးထွက် မူးမေ့သွားသည်အထိ ခံစားရတတ်တဲ့ ရေဘောလုံးနဲ့ ပစ်ပေါက်တဲ့ သင်္ကြန်မျိုး။ ခွက်ထဲ ငရဲမီးရေထည့်လို့ ရေပက်သည့်ပုံစံနဲ့ပစ်ပက်ကာ ရန်ငြိုးရန်စကို ကျင်းတတ်တဲ့ သင်္ကြန်မျိုး။ မောင်နှင့်နှမ၊ သားနဲ့အမိ အပြင်မထွက်ရဲလောက်အောင် ပက်စက်တဲ့ နွားတ်ထွက်စကားတွေနဲ့ ရိုင်းရိုင်းစိုင်းစိုင်း နောက်ပြောင်တတ်တဲ့ သင်္ကြန်မျိုး။ တစ်ဖက်သားရဲ့ ငယ်ကျိုးငယ်နာကို ထုတ်ဖော်သံချပ်စပ် သီချင်းဖွဲ့လို့ လူဘုံအလယ်မှာ အရှက်တကွဲအကျိုးနည်းဖြစ်စေတဲ့ သင်္ကြန်မျိုး။

ဒီလို ... ဒီလို သရုပ်ပျက်သင်္ကြန်ကာလမှာ အပျော်လွန်ပြီး အင်းယားကန်နဲ့ ကန်တော်ကြီး ရေပြင်လယ်မှာ သေပွဲဝင်ခဲ့ရသူတွေကိုလည်း တွေ့ခဲ့ဖူးတယ်။ သောက်စားမူးယစ်လို့ လူစိတ်ပျောက်၊ အသိဉာဏ်ပျောက်ဆုံးရှာမှစတဲ့ ခိုက်ရန်ဒေါသတရားတွေကြောင့် သင်္ကြန်ရေ အနီရောင်ပြောင်းခဲ့ပုံတွေကိုလည်း မြင်ခဲ့ရဖူးသလို မူးရင်မမောင်းနဲ့ဆိုတဲ့စကားကို အလေးမထား၊ အပြိုင်မောင်း၊ စည်းကမ်းဖောက်၊ စိတ်နောက်ကိုယ်ပါ ရမ်းကားမှုတွေကြောင့် ပျော်ပွဲက သေပွဲဖြစ်ခဲ့ရတဲ့အဖြစ်တွေကိုလည်း ကြုံခဲ့ဖူးပါရဲ့။

အလွန်မွန်မြတ်တဲ့ မြန်မာ့ရိုးရာသင်္ကြန်ပွဲဟာ ဟိုစဉ်က အရိုင်းဆန်စေတဲ့ အပြုအမူတွေကြောင့် သရုပ်ပျက် သင်္ကြန်ရယ်လို့ တင်စားခံခဲ့ရတယ်။

ဒီနေ့ကာလရောက်တော့ ... မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ကို အမည်းစက်ထင်စေတဲ့ အပြုအမူလုပ်ရပ်တွေဟာ သက်ဆိုင်ရာရဲ့ တင်းကြပ်စွာ တားမြစ်အရေးယူလိုက်ခြင်းနဲ့ နှိပ်ကွပ်လိုက်တော့ အရိုင်းအစိုင်းသင်္ကြန်ကနေ ယဉ်ကျေးမှုသင်္ကြန်သရုပ်ပီပြင်လာပြီး ဟိုစဉ်က သင်္ကြန်ဆို လန့်ဖျားဖျား၊ အိမ်ထဲက အိမ်ပြန်ထွက်ဖို့ မစဉ်းစား။ သင်္ကြန်သံကြားတာနဲ့ လန့်ခဲ့သူတွေလည်း နှစ်ကူးအတာပွဲပါဝင်လို့ နွဲကြပြီ။

အရိုင်းသင်္ကြန်နဲ့မပတ်သက်ခဲ့လို့ သင်္ကြန်ရေ အထိမခံရတာ နှစ်ပေါင်းကြာနေပြီဖြစ်တဲ့ စာရေးသူဟာ သင်္ကြန်တစ်ရက်မှာတော့ မြို့တော်သင်္ကြန်ကိုလည်း လေ့လာ၊ ရေပက်လည်းခံရင်း မြို့ထဲထွက်ဖြစ်ခဲ့တယ်။ ရေဘောလုံးနဲ့ပဲ အပေါက်ခံရမလား၊ နို့ဆီခွက်နဲ့ပဲ ခုတ်ပက်ခံရမလား၊ ပက်ပက်စက်စက်ပဲ အနောက်ပြောင်ခံရလေမလားဆိုတဲ့ ကျိုးလန့်စာစားစိတ်တွေ မရှိတော့၊ စိတ်လက်ပေါ့ပါးခဲ့တယ်။

ပထမဆုံး မြန်မာ့အတာသင်္ကြန်ရဲ့ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပေးနေတဲ့ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ရောက်ခဲ့တယ်။ မြန်မာဆန်ဆန် လှပတဲ့ ရောင်စုံအဝတ်အစားတွေနဲ့ ဌာနဆိုင်ရာယိမ်းအဖွဲ့ လှပျိုဖြူလေးတွေရဲ့ ဖြေဖျော်မှုကို တစ်ဝကြီး ကြည့်ဖြစ်ခဲ့တယ်။ မဏ္ဍပ်ဝန်းကျင်မှာလည်း ရေပက်ခံကားတွေပေါ

www.burmeseclassic.com

www.burmeseclassic.com

"သေချာရဲ့လား"

"သေချာပါတယ် ဆရာ။ ငါးထောင်တန် ဆယ်အုပ်ရှိတာ။ ခြောက်အုပ်ပဲရှိတော့တယ်"

"သူတို့ ဘာနဲ့ပြန်သွားလဲ"

"သူတို့ကား"

"သူတို့ကားနဲ့လာတာလား"

"ဟုတ်တယ် ဆရာ။ တစ်ယောက်က မောင်းတယ်"

"ဘာကားလဲ"

"အရောင်ကတော့ အဖြူ။ အမျိုးအစားနဲ့ နံပါတ်တော့ မသိဘူး။ CCTV မှာရှိရင် ရှိမယ်။ ဆရာတို့ ကြည့်မလား"

"CCTV ရှိလား"

"ရှိတယ် ဆရာ"

"ကြည့်မယ်"

"ဇင်မာဝေ ... CCTV က အခွေထုတ်လိုက်"

ဆိုင်အတွင်း တပ်ဆင်ထားသော CCTV မှ မြင်ကွင်းများကို ဒုရဲအုပ်အောင် ဘုန်းဝေတို့ ဝိုင်းကြည့်ကြသည်။ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း ရိုက်ချက်များကို ရီမုကွန်ထရိုးဖြင့် ဇင်မာဝေ ရစ်လိုက်သည်။

"ရပ် ... ရပ်"

တီဗီဖန်သားပြင်ပေါ်တွင် ဇင်မာဝေနှင့် နိုင်ငံခြားသားနှစ်ယောက် ပေါ်လာသည်။ လျှပ်စစ်မီးပူကြည့်နေပုံများ။ ဇင်မာဝေနှင့် အံဆွဲတွင် ရှာနေပုံများ။

"ဟိုမှာ ကား"

နိုင်ငံခြားသား နှစ်ယောက် ကားပေါ်တက်နေပုံ။ ဒုရဲအုပ်အောင်

နိုင်ငံခြားသား နှစ်ယောက်က မြန်မာတို့ရဲ့ တရားဥပဒေစိုးမိုးရေးကို အထင်သေးသွား နိုင်သည်။

ဘုန်းဝေ လက်ထောင်ပြလိုက်သည်။ ဇင်မာဝေ Pause လုပ်လိုက်သည်။

"Honda Accord ဆလွန်းကား"

"ဘယ်ဘက်ထွက်သွားတာလဲ"

"မန္တလေးဘက်"

ဒုရဲအုပ်အောင်ဘုန်းဝေ စကားပြောစက်ဖြင့် စခန်းမှူး ရဲအုပ်သက်လှိုင်ကို သတင်းပို့ပြီး ကားနောက်လိုက်ရန် ခွင့်တောင်းသည်။ ရဲအုပ်သက်လှိုင်က ခွင့်ပြုသည်။ ခွင့်မပြုလို့ကလည်း မဖြစ်။ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားနှစ်ယောက်ကို အပိုင်နယ်မြေအတွင်းမှာ ဖမ်းဆီးရမိဖို့ အရေးကြီးသည်။ နယ်မြေကျော်သွားလျှင် သက်သေခံငွေများ ပျောက်ဆုံးသွားနိုင်သည်။ မပျောက်ဆုံးတောင် လျှော့ပါးသွားနိုင်သည်။ ပျောက်သည်ဖြစ်စေ၊ လျှော့ပါးသည်ဖြစ်စေ တရားလိုအတွက် နစ်နာသည်။ ပြီးတော့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး။ နိုင်ငံခြားသားနှစ်ယောက်က မြန်မာတို့၏ တရားဥပဒေစိုးမိုးရေးကို အထင်သေးသွားနိုင်သည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို သိကွာချနိုင်သည်။ သူတို့နိုင်ငံရောက်လျှင် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကြောင်း ပြောစရာဖြစ်မည်။

"ကျွန်တော်တို့ မောင်းပြေးတဲ့ကားနောက်လိုက်မယ်"

"ကျွန်မ ပိုက်ဆံတွေ ပြန်ရပါ့မလား ဆရာ"

"သူတို့ကိုမိရင် ပြန်ရမှာပေါ့"

"မမိရင်ကော ဆရာ"

"မမိရင်တော့ လျှူတယ်လို့ သဘောထားလိုက်ပေါ့ဗျာ"

"အောင်မယ်လေး ... မလျှူနိုင်ပါဘူး။ မိအောင်ဖမ်းပေးပါ ဆရာရယ်"

ဒေါ်မြင့်ကြွယ်ကို ဒုရဲအုပ်အောင် ဘုန်းဝေ ပြုံးပြလိုက်သည်။ ဒေါ်မြင့်ကြွယ် မပြုံးနိုင်။ ငွေ သိန်း ၂၀ က ဒေါ်မြင့်ကြွယ်ကို တစ္ဆေတစ်ကောင်လို ခြောက်လှန့်နေသည်။

"သိပ်လည်းမစိုးရိမ်ပါနဲ့ ဒေါ်မြင့်ကြွယ်ရယ်"

"မစိုးရိမ်ဘဲနေနိုင်မလား ဆရာရယ်။ ငွေက သိန်း (၂၀) တောင်။ နည်းတာမဟုတ်ဘူး"

"ကျွန်တော်တို့ ရမှာမယ်"

www.burmeseclassic.com

www.burmeseclassic.com

v v v

ရွှေဘို-မန္တလေး ကားလမ်းအတိုင်း ဒုရဲအုပ်အောင်ဘုန်းဝေတို့ လိုက်ကြသည်။ တစ်လမ်းလုံးလည်း မျက်စိအနားမပေးရဲ။ မျက်နှာချင်း ဆိုင်မှလာသော ကားများကို ကြည့်လာရသည်။

Honda Accord ကို တစ်လမ်းလုံး မတွေ့။ စစ်ကိုင်းတိုးဂိတ်ရောက်လာသည်။ တပ်ကြပ်ကြီးအောင်မြင့်ဦးက ကားများကိုကြည့်နေသည်။

"ဟာ ... ဆရာအောင်ဘုန်းဝေ ဘာကိစ္စလဲ"

"ကားတစ်စီးနောက် လိုက်တာ"

"ဘာကားလဲဆရာ"

"Honda Accord အဖြူရောင်"

"နိုင်ငံခြားသား နှစ်ယောက်မို့လား ဆရာ"

"ဟုတ်တယ်။ ဖြတ်သွားပြီလား"

"ဖြတ်သွားပြီ ဆရာ။ ဘာလုပ်လာလို့လဲ"

"ရွှေဘိလျှပ်စစ်ပစ္စည်းဆိုင် ကငွေ သိန်း ၂၀ မသွားလို့။ တိုးဂိတ်ယာဉ်ဖြတ်သန်းမှတ်တမ်း CCTV ရိုက်ထားတာကြည့်ရအောင်"

တပ်ကြပ်ကြီးအောင်မြင့်ဦးနှင့်အတူ ဒုရဲအုပ်အောင်ဘုန်းဝေ ယာဉ်ဖြတ်သန်း CCTV မှတ်တမ်း ပြန်ကြည့်သည်။ Honda Accord အဖြူရောင် ဗ/...။ ရဲအုပ်သက်လိုင်ဆီ ဒုရဲအုပ်အောင်ဘုန်းဝေ ချက်ချင်း သတင်းပို့သည်။ Honda Accord ကနယ်ကျော်သွား ပြီ။ ခွင့်ပြုချက်မရှိဘဲ သူ ဆက်လိုက်၍ မရတော့။ လုပ်ထုံးလုပ်နည်းအတိုင်းသာ ဆောင်ရွက်ရတော့မည်။ တပ်ကြပ်ကြီး အောင်မြင့်ဦးကို နှုတ်ဆက်ပြီး ဒုရဲအုပ်အောင်ဘုန်းဝေ စခန်း ပြန်လာသည်။

"မင်းပြောတဲ့ ကားနံပါတ် အတိုင်းရှာဖို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဆီကို ခရိုင်ရဲတပ်ဖွဲ့မှူး အကူအညီ လှမ်းတောင်းထားတယ်"

"ရဲမှူးကြီးက ဘာပြောလဲ ဆရာ"

"တိုင်းဒေသကြီးအတွင်း ရဲတပ်ဖွဲ့တွေကို ကားနံပါတ်ပေးလိုက်ပြီ"

v v v

"ခင်ဗျားနာမည်ပြောပါ"

"မာမက် အလီ တော့ပ်ကူး (Mehmet Ali Topcu)"

"အသက်ကရော"

"၄၄ နှစ်"

"ကဲ ... ခင်ဗျားနာမည်ကရော"

"ဒူဂူအာဘလာ (Duy Gu Avla)"

"အသက်ကရော"

"၃၁ နှစ်"

"ခင်ဗျားတို့က ဘယ်နိုင်ငံသားတွေလဲ"

"တူရကီနိုင်ငံသား"

တူရကီနိုင်ငံသား နှစ်ယောက်ကို တပ်ဖွဲ့အဝီးသီးက အချိန်မီဖမ်းဆီးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာ စက်တင်ဘာ ၇ ရက် ညနေ ၀၄:၃၀ နာရီခန့်တွင် နေပြည်တော် ဒကွိဏသီရိမြို့နယ် ရဲတပ်ဖွဲ့က တူရကီနိုင်ငံသားနှစ်ယောက်ကို ကားနှင့်အတူ ဖမ်းဆီးရမိသည်။ ဒကွိဏသီရိမြို့နယ် ရဲစခန်းမှူး၏ ဆက်သွယ်သတင်းပေးပို့မှုကြောင့် ဒုရဲအုပ်အောင်ဘုန်းဝေနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ နေပြည်တော်သို့သွား၍ ဖမ်းဆီးရမိသူ နှစ်ယောက်ကို ရွှေဘိပြန်ခေါ်လာသည်။ (၅၀၀၀) ကျပ်တန်လေးအုပ်ကိုလည်း ပုံစံမပျက် ပြန်လည်သိမ်းဆည်းရရှိခဲ့သည်။

"ခင်ဗျားတို့ လျှပ်စစ်ပစ္စည်းဆိုင်က မီးပူဝယ်ရင်း ငွေသိန်း (၂၀) ခိုးသွားတယ်လို့ ဆိုင်ရှင်က တိုင်ထားတယ်။ ငြင်းမလား၊ ဝန်ခံမလား"

တူရကီနိုင်ငံသားနှစ်ယောက် ပြိုင်တူခေါင်းညိတ်ကြသည်။ ပိုက်ဆံများလည်း သူတို့ထံမှ ပြန်မိထားသည်။ CCTV တွင်လည်း သူတို့ ပုံရိပ်များအထင်အရှားရှိသည့်အတွက် ငြင်း၍မရသည်ကို သိကြဟန် တူသည်။

"ဖြောင့်ချက်ပေးမလား"

"ပေးမယ်"

နှစ်ယောက်အသံက တစ်ခွန်းတည်း။ တစ်လေသံတည်း မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကို မလေးမစား မပြုရဲကြတော့။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို အထင်မသေးဝံ့ကြတော့။

ဇော်ချစ်

www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုကို ထိန်းခဲ့ကြသူတွေနဲ့

ခင်မောင်ဌေး (ပညာရေး)

ဘိုကလေးဈေးမှတ်တိုင်က လှည်းတန်းဘက်ကို ပြန်လာတဲ့ တစ်နေ့။ ကားပေါ်မှာထိုင်စရာနေရာ အတော်များများရှိနေသေးတယ်။ ဒါနဲ့ပဲ နေရောင်မထိုးတဲ့လက်ဝဲဘက်တံခါးပေါက်နား ရွေးပြီး ထိုင်လိုက်တယ်။ လက်ထဲမှာလည်း စာအုပ်က နှစ်အုပ်။ ဂျာနယ်က တစ်စောင်။ ဂျာနယ်ဆိုရင် ပူပူနွေးနွေးပဲဖတ်ချင်တယ်။ သိပ်ပြီးစောင့်မနေတတ်ဘူး။ ချက်ချင်းကို ဖတ်ရမှ။ ဒါနဲ့ပဲ ကားပေါ်မှာ ထုတ်ဖတ်နေမိတယ်။ စံပြမှတ်တိုင်ရောက်တော့ ခရီးသည်တောင် အတော်ပြည့်သွားတယ်။ ကျွန်တော့်ဘေးမှာလည်း အရွယ်သင့်အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ ကားကလည်း လူသိပ်မပြည့်လို့နဲ့တူပါရဲ့။ မှတ်တိုင်တိုင်းရပ်စောင့်ခေါ်နေလေရဲ့။

မြေနီကုန်းရောက်တော့ ဂျာနယ်တောင် ခပ်ကြမ်းကြမ်းလေး ဖတ်ပြီးသွားပြီ။ ခရီးသည်တွေလည်း ဆင်းလိုက်တက်လိုက်နဲ့ ပြန်ပြည့်သွားပြန်တယ်။ ဂျာနယ်ကို ပြန်ခေါက်နေစဉ်မှာပဲ ကျွန်တော့်နားမှာ ထိုင်နေတဲ့ အမျိုးသမီးက ကျွန်တော့်ဘယ်ဘက်လက်ဖျံကို လက်ညှိုးထိုးလိုက်ပြီး "သတိမေ့နေတာနဲ့တူတယ်" သူမလက်ညှိုးညွှန်ရာကိုကြည့်လိုက်တော့ ဂျာနယ်ကို ပတ်ထားပြီး ဂျာနယ်ကိုဖတ်တော့ ဖြုတ်ထားတဲ့သားရေကွင်းတစ်ကွင်း။ သတိထားမိလိုက်မှ လက်ကောက်ဝတ်မှာ အရမ်းကျပ်ပြီး အသားထဲမြုပ်ဝင်နေတယ်။ "ဟုတ်ကဲ့ ... ကျေးဇူးပါပဲ။ ကျွန်တော်လည်း ဂျာနယ်ဖတ်ချင်ဇောနဲ့ လက်မှာ စွပ်ထားလိုက်တာနဲ့တူတယ်"။ ပြောပြောဆိုဆို သားရေကွင်းကို ချွတ်လိုက်ရတယ်။ သားရေကွင်းအရာက လက်နဲ့ပွတ်ချေပေးတာတောင်မှ အတော်နဲ့ သွေးပြန်မသွားဘူး။ အဓိကဆိုလိုချင်တာက ဒီကိစ္စဟာ သူမအနေနဲ့ နေမယ်ဆိုရင် အနေသာကြီးပါ။ အမှတ်တမဲ့ မြင်လိုက်တာကို အမှတ်တမဲ့လို့ပဲ သဘောထားလိုက်ရင် ရပါတယ်။ ဒါပေမယ့် အန့်အမျိုးသမီးက အဲဒီလိုနေစိမ့်တဲ့သူမျိုးမဟုတ်တာ သေချာနေတယ်။ သူမ ပြောလိုက်တာနဲ့ တစ်ဖက်က ကျွန်တော်ကလည်း အရေးတယူလုပ်လိုက်တယ်။ ပါးစပ်ကလည်း ကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။ တစ်ဖက်သားမှာလည်း သူမပြောလိုက်တာလေး အလဟဿဖြစ်မသွားဘူး။ အထိုက်အလျောက် 'တာ' သွားတယ်လို့ ခံစားပြီး ကျေနပ်သွားစေနိုင်ပါတယ်။

ကျွန်တော်တို့ဟာ နိစ္စဓုဝလိုင်းကားပေါ်မှာ ကျင်လည်နေရသူတွေပါ။ လိုင်းကားစီးရတဲ့ အတွေ့အကြုံကလည်း အတော်ကိုများလှပါတယ်။ ကိုယ်တွေ့ ထိုင်ခုံရတဲ့အခါလည်း ရှိတယ်။ မတ်တတ်ရပ်ရတာက ခပ်များများပါ။ ကိုယ်ထိုင်ခုံရပေမယ့် အသက်အရွယ်ကြီးသူတွေ၊ ဘုန်းတော်ကြီးတွေ၊ ကလေးပွေ့ချီ တက်လာတဲ့မိခင်တွေဆိုရင် ချက်ချင်းထပြီး ဖယ်ပေးလိုက်တာပါ။ ရွယ်တူတန်းတူတွေ၊ ငယ်သူတွေတော့ ဖယ်ပေးလေ့မရှိပါဘူး။ ကိုယ်တွေကလည်း တစ်မှတ်တိုင် နှစ်မှတ်တိုင်စီးမှာမှ မဟုတ်တာ။ ဒါပေမဲ့ ကိုယ်တွေထိုင်နေရတယ်ဆိုပြီး စိတ်လွတ်ကိုယ်လွတ် မနေတတ်ပါဘူး။ ကိုယ့်အနီးအနားလာရပ်သူတွေကိုထဲ

www.burmeseclassic.com

www.burmeseclassic.com

မှာ ထမင်းချိုင့်၊ ထီး၊ ခြင်းတွေပါလာရင် ကြည့်မနေစိမ့်ပါဘူး။ ယူပြီး ကိုင်ပေးထားတာပါ။ တစ်ခါတစ်ခါကျတော့လည်း လူတွေက အတော်နားလည်ရခက်ပါတယ်။ သူတို့တစ်တွေ ယိုင်တိယိုင်တိုင်နဲ့ ကားပေါ် တက်လာတယ်။ တစ်ခါတလေ အပေါ်ကလက်ကိုင်တန်းကိုလည်း မမှီတမှီ။ ယက်ကန်ယက်ကန်နဲ့။ ကိုယ်တွေက မနေတတ်လို့ ပါလာတဲ့ခြင်းကလေး၊ အိတ်ကလေးများ ပေးထားမလားလို့ လက်ကမ်းတော့ ဖြူးဖြူးခါနေတာပဲ "ရတယ်" တဲ့။ ကိုယ်တွေမှာတော့ ကမ်းထားတဲ့လက်တွေ ဟတ်ကော့ကြီးဖြစ်သွားတာပေါ့။ တကယ်ဆိုရင် လူယဉ်ကျေးမှုကို နားလည်တယ်ဆိုရင်ပေါ့ "ဟုတ်ကဲ့ ...ဦးလေးရယ်၊ အဒေါ်ရယ်" စသဖြင့်ပေါ့ ဘယ်လိုခေါ်သင့်တယ်ဆိုတာ သိတဲ့အရွယ်တွေပါ။ ကိုယ့်ရဲ့ခြင်း၊ အိတ်တွေ မကိုင်စေချင်ရင်လည်း ချိုချိုသာသာပေါ့။ "ဟုတ်ကဲ့ ... ရပါတယ်ရှင့်။ ရှေ့မှတ်တိုင်ဆင်းမှာမို့ပါ"။ ဘာဘာညာညာပေါ့။ ဒီလိုလေး ပြောလိုက်ရင် တစ်ဖက်သားလည်း ခံသာသွားတာပေါ့။

တစ်နေ့ကလည်း ဒီလိုပါပဲ။ ကောင်မလေးတစ်ယောက် ကားပေါ်ကို ဒယီးဒယိုင်နဲ့တက်လာတယ်။ (သိတယ်မဟုတ်လား လိုင်းကားတွေမှာ အကောင်းဆုံးက ဘရိတ်ပဲလားမသိ။ ခရီးသည်တွေကို အမြဲယိမ်းကခိုင်းတယ်) တိုင်ခုံက မရှိဘူး။ တိုးလို့တွဲလောင်းနဲ့။ မှတ်တိုင်တစ်ခုကျတော့ ခရီးသည် အတော်များများဆင်းသွားတယ်။ နောက်နားမှာ ထိုင်ခုံတွေလွတ်သွားတယ်။ ထိုင်ခုံမှာထိုင်နေတဲ့ လူရွယ်တစ်ယောက်က နောက်ကို လက်ညှိုးထိုးပြီး "ဟိုမှာထိုင်လို့ရပြီ။ ထိုင်လိုက်ပါလား" လို့ မတ်တတ်ရပ်နေတဲ့ အဲဟိုတွဲလောင်းမလေးကို ပြောရှာပါတယ်။ အဲဒီလူရွယ်ရဲ့စိတ်ထဲမှာလည်း နောက်မှာထိုင်ခုံတွေ လွတ်သွားတာ မသိဘူးထင်လို့နေမှာပါ။ အဲဒီမိန်းကလေးကလည်း ရှေ့ဘက်ကိုလှည့်ပြီး ရပ်နေတာဆိုတော့ မသိလောက်ဘူး။ ဒါပေမယ့် အဲဒီမိန်းကလေးက "ရတယ်။ မထိုင်ဘူး" တဲ့။ စေတနာနဲ့ပြောရသူအဖို့တော့ စိတ်ထဲ ဘယ်လိုနေမလဲ။

ဒီတော့ လူတွေကို နားလည်ရခက်ပါတယ်။ ထိုင်နေတဲ့နေရာကို ထပေးပြန်တော့လည်း "ဟင်းဟင်း" နဲ့ကိုးတယ်။ မထ,ပေးပြန်ကော့လည်း "ယောကျ်ားရင့်မကြီးဖြစ်ပြီး" လို့ ထင်ဦးမယ်။ သူတို့ပစ္စည်းလေး

www.burmeseclassic.com

www.burmeseclassic.com

တွေ ယူမိတော့လည်း တစ်ပြစ်၊ မယူထားပြန်တော့လည်း ''အတော်နေနိုင်တဲ့လူ'' လို့ ထင်ဦးမယ်။ ကစ်ခါတလေ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး။ လူတွေမှာ လူ့ယဉ်ကျေးမှုဆိုတာ ရှိတယ်။ အဲဒါလေးကို နားလည်သင့်တယ်။ လူ့ယဉ်ကျေးမှုဆိုတာ တစ်ဖက်သားကို နားလည်တတ်တာ၊ အားနာတတ်တာ၊ စာနာတတ်တာ၊ ကူညီရိုင်းပင်းတတ်တာ၊ သူ့နေရာမှာဆို ကိုယ်လည်း အဲဒီလိုဖြစ်မှာပဲဆိုတဲ့ တွေးကြံရမှုလေးတွေကို ထပ်တူထပ်မျှ မျှဝေခံစားတတ်ခြင်း (Sampathy) ပါပဲ။ တချို့လူတွေမှာ တစ်ဖက်က ကိုယ့်အပေါ်နားလည်သလောက်၊ စာနာသလောက် ကိုယ့်ဘက်က တုံ့ပြန်ဖို့ရာ အတော်နဲ့ချာတာကို တွေ့ရတတ်ပါတယ်။ ဒါဟာ ကိုယ့်အပေါ် စေတနာနဲ့ပြောလိုက်တာပဲ။ လက်တွေ့မဆောင်ရွက်နိုင်ရင်တောင်မှ ''ကျေးဇူးပါပဲ'' ဆိုတဲ့စကားနဲ့ အသိအမှတ်ပြုသင့်ပါတယ်။ ကကယ်တော့ အဲဒီလို မသိတတ်သူတွေဟာ ထပ်တူထပ်မျှ မျှဝေခံစားတတ်ခြင်း မရှိသူတွေပဲဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်မျိုးလုပ်တတ်သူတွေဟာ တစ်ကိုယ်ကောင်းဆန်သူတွေ၊ အတ္တကြီးသူတွေသာလျှင် အဖြစ်များပါတယ်။

အဲဒီတော့ ဒီလိုလူမျိုးတွေကို ဘယ်လိုပုံစံမျိုးနဲ့ တွေ့ရသလဲဆိုတော့ သူတို့ထိုင်ခုံရရင်လည်း ကျကျနနထိုင်မယ်။ ဘယ်သူ့ပစ္စည်းပစ္စယကိုမှလည်း စိတ်မဝင်စားဘူး။ ဘုန်းတော်ကြီးတက်လာလာ၊ ကလေးအမေတက်လာလာ မှုမှာမဟုတ်တော့ဘူး။ သူမှာ ထပ်တူထပ်မျှခံစားတတ်တဲ့စိတ်မှ မရှိတာကိုး။ ဒါကြောင့်လည်း ''မိမိကိုယ်တိုင် ဒဏ်ရာရဖူးမှ သူတစ်ပါး အမာရွတ်ကို ထောက်ထားကြင်နာနိုင်သည်'' ဆိုတဲ့စကားရပ်ကို သတိရမိပါတယ်။ ခုကြုံတွေ့နေရတဲ့သူတွေကတော့ အဲဒီလို မရှုနိုင် မကယ်နိုင် ဘေးကျပ်နံကျပ်တွေ့မှပဲ ကိုယ်ချင်းစာနိုင်မယ့် သူတွေပါ။

ယဉ်ကျေးမှုမရှိခြင်းဟာ ရိုင်းပြတဲ့အသွင်အပြင်ကို ပေါ်လွင်စေပါတယ်။ စပယ်ယာတချို့ဟာ စကားပြောရိုင်းပြတတ်ပါတယ်။ ဒါကြောင့်လည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရဲ့ အပြစ်ပေးခြင်း၊ အရေးယူခြင်း၊ အလုပ်ထုတ်ခြင်းခံကြရပါတယ်။ ခရီးသည်တွေကလည်း ယဉ်ကျေးဖို့လိုပါတယ်။ ရန်သူလိုသဘောမထားသင့်ဘူး။ တချို့လည်း မောက်မောက်မာမာ ပြောတာဆိုတာတွေရှိတယ်နဲ့တူတယ်။ 'လိုင်းကားပေါ်တက်လာရင် ငွေကြေးဓနဥစ္စာနဲ့ ဂုဏ်ဒြပ်တွေကို အိမ်မှာထားခဲ့ပါ' လို့ ရေးထားတဲ့ စာတန်းမျိုးတွေလည်း တွေ့ရတတ်တယ်။ နောက်ပိုင်းတော့ မတွေ့ရသလောက်ပါပဲ။

ဒါကြောင့် လူတွေမှာရှိနေတတ်၍ အတွေ့မကုန်တဲ့ခွန်ထူမှုတွေ၊ တစ်နည်းအားဖြင့် လူမှုဝန်းကျင်မှာ သိပ်မကောင်းလှတဲ့ ချေငံပြေပြစ်မှုမရှိတဲ့ ပေါင်းသင်းဆက်ဆံရေးတွေဟာ အနုတ်လက္ခဏာကိုပဲ ဆောင်ပါတယ်။ အောင်မြင်မှုရဲ့ ခလုတ်ကန်သင်းတွေ ဖြစ်ပါတယ်။ အပေါင်းလက္ခဏာကို ဆောင်တဲ့ ပေါင်းသင်းဆက်ဆံရေးသမားကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ လူ့ယဉ်ကျေးမှုကို နားလည်ခြင်းပါပဲ။ အဲဒီလို စိတ်ကောင်းနှလုံးကောင်းတွေ မွေးမြူပွားများနိုင်တာနဲ့အမျှ လူမှုဆက်ဆံရေးမှာ စံပြပုဂ္ဂိုလ် (Living Example) တွေ ဖြစ်လာနိုင်ပါတယ်။ လူ့ယဉ်ကျေးမှုတွေကို နားလည်တန်ဖိုးထားပြီး လက်ခံကျင့်သုံးတတ်တဲ့ သူတွေဟာ လူ့အသိုင်းအဝိုင်းအလယ်မှာ လူတန်ဖိုးမြင့်မားသူတွေ ဖြစ်ကြမှာ အသေအချာပါပဲ။

ခင်မောင်ဌေး(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့်ကျန်းမာရေးမှူးတာဒေတွေ့အကြုံများ

လူငယ် ဆေးကိစ္စနှင့် မူးယစ်ဆေး

ယနေ့ခေတ်လူငယ်များဟာ ဆေးလိပ်နဲ့ စီးကရက်ကို ခုံခုံမင်မင် နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလမ်းလမ်း သောက်သုံးနေကြပါတယ်။

ဆေးလိပ်ကို လူကြီးလူငယ်မရွေး စွဲစွဲလမ်းလမ်း သောက်သုံးနေကြလို့ ဆေးလိပ်ကုမ္ပဏီတွေ စီးကရက်ကုမ္ပဏီတွေဟာ အရမ်းချမ်းသာကြွယ်ဝနေကြပါတယ်။ သူတို့ချမ်းသာကြွယ်ဝတာကို မုဒိတာပွားနိုင်ကြပေမယ့် လူကြီးလူငယ်မရွေး ဆေးလိပ်ကြောင့် ရောဂါရပြီး အသက်တိုကြ။ တစ်ဆင့်တက်ပြီး မူးယစ်ဆေးစွဲသွားကြရတာ တွေ့ရတာကတော့ ရင်နာစရာပါ။ လူငယ်ထုကြားမှာ ဆေးလိပ်သာမက မူးယစ်ဆေးဝါးနဲ့ စိတ်ကြွဆေးတွေကိုလည်း တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြတာကို တွေ့ရပါတယ်။

ဒါကြောင့် နိုင်ငံတကာမှာ ဆေးလိပ်ဆန့်ကျင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးတွေကို အရှိန်အဟုန်နဲ့ တိုက်ဖျက်နေကြပါတယ်။ ပညာပေးနေပါတယ်။

ဒါပေမယ့် ခုအချိန်အထိ မူးယစ်ဆေးဝါးနဲ့ ဆေးလိပ်က လူငယ်ထုအတွင်းမှာ ပန်းပန်နေဆဲပါ။ ထိပ်ဆုံးက နေရာယူဆဲပါ။

လူငယ်ထုအတွင်းမှာ ဆေးလိပ်နဲ့ မူးယစ်ဆေးဝါး သုံးစွဲတာဟာ စတိုင်ကျတယ်၊ ခေတ်မီတယ်၊ ငွေအကုန်အကျခံနိုင်လို့ သုံးစွဲနိုင်တာလို့ ယူဆမှုတွေနဲ့ ဆေးလိပ်နဲ့မူးယစ်ဆေးဝါးကို သုံးစွဲကြတော့ စွဲလမ်းလာတယ်၊ ဖြတ်မရကြတော့ဘူး။ ဒီလိုနဲ့လူငယ်ထုဟာ ဆေးလိပ်နဲ့ မူးယစ်ဆေးဝါး သံသရာမှာ တဝဲလည်လည်လှည့်ပြီးနေကြတော့တာပါပဲ။

ဆေးလိပ်ကို သုံးစွဲတော့ ဆေးလိပ်ထဲမှာပါတဲ့ ဆေးရွက်ကြီးကထွက်တဲ့ နီကိုတင်းဓာတ်ကြောင့် မသောက်ရ မနေနိုင်အောင် စွဲလမ်းတယ်။

ဆေးလိပ်နဲ့ စီးကရက်ထဲမှာပါတဲ့ အဆိပ်ငွေ့နဲ့ ဓာတုဗေဒဓာတ်ပေါင်းတွေကြောင့် အဆုပ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးကြောတွေထူပြီး သွေးကြောကျဉ်းရောဂါ၊ ဦးနှောက်သွေးကြောပြွတ်တဲ့ရောဂါ၊ လေဖြတ်တဲ့ရောဂါ၊ နှလုံးသွေးကြောပိတ်တဲ့ရောဂါတွေ၊ ခြေတွေလက်တွေမှာ သွေးကြောကျဉ်းလို့ သွေးမလှည့်နိုင်တော့ ထုံကျဉ်ပြီး ခြေတွေလက်တွေ ဖြတ်ပစ်ရတဲ့ ရောဂါတွေ ခံစားပြီး အသက်တိုကြရပါတယ်။

ဆေးလိပ်၊ အရက်အလွန်အကျွံ သောက်ကြတဲ့ ကျွန်တော့်သူငယ်ချင်းတွေဟာ သက်တမ်းစေ့ မနေရဘဲ အသက်ငယ်ငယ်နဲ့ ဆုံးပါးသွားကြတာကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံနေရပါတယ်။ ဝမ်းနည်းစရာပါ။

ဆေးလိပ်အစ ဘယ်ကာ

ဆေးလိပ်ကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ပျူခေတ်က စတင်ခဲ့တယ်လို့ဆိုရမှာပါ။ ပျူခေတ်မှာ

www.burmeseclassic.com

www.burmeseclassic.com

မြေဆေးတံတွေထဲမှာ ဆေးရွက်ကြီးနဲ့ အုံနဲ့ရိုးကို ရောစပ်ထည့်ပြီး ဆေးတံမှာ မီးညှိသောက်ကြပါတယ်။

မြေဆေးတံတွေမှာ အလှအပ အပြောက်အမွှန်း ကနုတ်ပန်းတွေနဲ့ စီခြယ်ထားတာကို ပျူခေတ်မြေဆေးတံတွေမှာ တွေ့ရပါတယ်။

ပုဂံခေတ်မှာလည်း ကွမ်းနဲ့ ဆေးရွက်ကြီး သောက်သုံးခဲ့ကြတယ်။ ကွမ်းပို့ဖို့ 'ကွမ်းဆော်' ခန့်ထားခဲ့တယ်ဆိုတာ အနော်ရထာမင်းလက်ထက် မတိုင်မီက 'ကွမ်းဆော်' ဆိုတဲ့စကား အထောက်အထားအရ သိရှိရပါတယ်။

အင်းဝခေတ်မှာ လယ်တောသူမလေးက အင်းဝမှာ အလုပ်သွားလုပ်တဲ့ သူမရဲ့ချစ်သူကို ဆေးလိပ် လက်ဆောင်ပေးခဲ့ကြောင်း လေးချိုးကဗျာလေးအရလည်း သိရပါတယ်။

ဆေးလိပ်ပက်ဆောင်

+ မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို၊
+ မီးမကူ၊ နေပူမှာမကင်အားတာကြောင့်၊
  ထားရတယ် အိပ်ရာအောက်မှာ
  မင်းသောက်ဖို့ကို ...
+ ညာအနားရွေးသွားနဲ့ကိုက်လို့တို့
  မချိုတောင့်လိပ်ဆေး
+ ဝိုးမကူ၊ ဝါချည်ပြုတစ်ပင်ရစ်ကယ်နဲ့
  ငယ်ချစ်မောင်ရွေဝသွားကို
  ပါးလိုက်ကဲ့ ... လေး။

လယ်တောသူမက အင်းဝသွားတဲ့ သူမရဲ့ချစ်သူ၊ ဆေးလိပ်ကြိုက်သူကို လက်ဆောင်ပေးခဲ့တဲ့ သာဓကလေးပါပဲ။

နောက်ကုန်းဘောင်ခေတ်မှာလည်း တိုင်းရင်းသားအားလုံး ဆေးလိပ်၊ ဆေးတံ၊ ကွမ်းစားသောက်ကြပုံ

www.burmeseclassic.com

www.burmeseclassic.com

ကို ဖွဲ့ခဲ့တဲ့ လေးချိုးလေးတစ်ပုဒ်ကိုလည်း ဖတ်ရပြန်ပါတယ်။ အဲဒီလေးချိုးလေးကတော့ ...

တေ့ချက်တေ့ကပ်

\+ လမ်းမပြေ မန်းမြေတမိတော့
ကမ်းခြေမှာ စမ်းရေစရယ်နဲ့
ဖြန်းလေက တသုန်သုန်
\+ တဲတစ်ဖက်ဆွဲဖျက်ကာ အလျင်လိုရောထင့်
ကရင်အို ယာပြင်ကြီးမှာ မီးထည့်ကာလှုံ
မပူပေါင်နောက်ကျောဆီကချမ်းရော့ထင့်
အဖြူစောင်ခေါက်ထည်ကြမ်းကိုလ
လွမ်းတဲ့ခါးမှာခြုံ
\+ ဘေးအိပ်ကိုလှို့
ဆေးလိပ်တိုနားမှာ ထိုးပါလို့
တောင်ရိုးမှာ ဘာသာပျော်ကြ
အမိုးခေါ် ဖိုးစော်ကဲတို့မှာ
ကွင်းအင္ဂနှင်းမြူ မစဲခင်က
တဲဖျက်တဲ့လမ်း။

တိုင်းရင်းသား ကရင်အဘိုးအိုကြီး ကွမ်းယာကို ပါးစောင်မှာငုံထားပြီး ဆေးလိပ်တိုကို နားရွက်မှာထိုးပြီး မီးလှုံနေတာကို ဖွဲ့ထားတာပါ။ ရသပေါ်လွင်လှသလို ဆေးလိပ်နဲ့ကွမ်းယာကို အလွန်အမင်း နှစ်သက်ကြောင်းလည်း သိသာလှပါတယ်။

ရတနာပုံခေတ်မှာတော့ ...

ဆေးလိပ်တိုတည်လောက်
ရော့သောက်တော့ပေး
မယူလိုက်ကမိုက်တယ်ထင်
ယူလိုက်ပြန်တော့ ကြိုက်တယ်ထင်
သောက်စေချင်ခုတင်တိုင်
ထောင်ခဲ့ကွဲညီနွှဲ့ရဲ့လေး။

လို့ ဆေးလိပ်အကြောင်း ရေးထားတာ တွေ့ရပါတယ်။

နောက်တော့ ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာမကြီးဒေါ်နုယဉ်တို့ လက်ထက်မှာတော့

ကြက်တူရွေး အာဂလောင်နီ
ကွမ်းကလပ်ကိုချီ
မချီပါနဲ့ ကိုကြက်တော

www.burmeseclassic.com

www.burmeseclassic.com

ဘကြီးလာမှပြော
နှင့်ဘကြီး ငါမကြောက်
ဆေးတံကြီးနဲ့ခေါက်

လို့ ကွမ်းရော၊ ဆေးလိပ်ရော ကြိုက်တတ်တဲ့အကြောင်းကို ဖွဲ့နွဲ့ထားတာ တွေ့ရပါတယ်။

၁၉ ရာစုခေတ်ကဗျာဆရာတင်မိုး လက်ထက်မှာတော့ ...

ဆေးလိပ်လည်းတို့
နေလည်းညှိပြီ
ငါ့ကိုပြန်ပို့ကြပါလေ ... တဲ့။

ဒီကဗျာတိုလေးကို စာဖတ်သူတို့က အမျိုးမျိုး တွေးတောကြပါတယ်။ ကိုယ်ကြိုက်သလို အဓိပ္ပာယ်ယူကြပါတယ်။

ကျွန်တော်ကတော့ ဆေးလိပ်သောက်လို့ ငါ့ဘဝမှာ ရောဂါတွေ ရခဲ့ပြီ။ ရောဂါကြောင့် ဘဝနေညှိသွားပါပြီ။ ငါ သေရပါတော့မယ်။ ငါ့ကို လူ့ဘဝကနေ ငါ ပြန်သွားရမယ့်နေရာကို ပြန်ပို့ပေးကြပါလို့ အဓိပ္ပာယ် ကောက်ယူမိပါတယ်။

ဟုတ်ပါတယ်။ ကဗျာဆရာတင်မိုး ပြောသလို ဆေးလိပ်သောက်လို့ ကွမ်းစားလို့ ဘဝနေညှိချိန်မတန် သေးဘဲ နေညှိလို့ မြေမျိုခံရတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါ။

ဆေးလိပ်သောက်တဲ့လူနဲ့ ဆေးလိပ်မသောက်တဲ့ လူတွေ ယှဉ်ကြည့်ရင် ဆေးလိပ်သောက်တဲ့လူတွေက အသေစောပြီး ဆေးလိပ်မသောက်တဲ့လူတွေက ပိုမို အသက်ရှည်ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆေးလိပ်ထဲမှာပါတဲ့ ဆေးရွက်ကြီး၊ ကွမ်းယာထဲမှာပါတဲ့ ဆေးရွက်ကြီးတွေဟာ သောက်မိရင် စွဲလမ်းသွားသလို ရောဂါအန္တရာယ်လည်း အများဆုံး ဖြစ်စေပါတယ်။

ဆေးလိပ်ကြိုက်တဲ့သူငယ်ချင်း

ကျွန်တော့်မှာ ဆေးလိပ်၊ စီးကရက် ကြိုက်တဲ့ သူငယ်ချင်းတွေ အများကြီးရှိပါ တယ်။ သူတို့ဟာ အရွယ်မတိုင်မီ ရုပ်ရည်အိုမင်းသွားသလို ရောဂါတွေ ရပြီး အသေစောသွားတာကို တွေ့ရပါတယ်။ အသက် ရှင်စဉ်မှာလည်း ရောဂါတွေရလို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်သလို ဘဝကို နှမ်းနှမ်းနယ်နယ် ညှိုးညှိုးငယ်ငယ်နဲ့ သေကြ ရတာကို တွေ့ရပါတယ်။ ဘဝနှမ်းနယ်ညှိုးငယ်တယ်ဆိုတာ ဆင်းရဲတာကို ပြောတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

တွေ ပြည့်ကျပ်နေပေမယ့် ရိုင်းစိုင်းတဲ့နောက်ပြောင်မှု၊ သရုပ်ပျက်ဝတ်ဆင်မှုတွေလည်း မတွေ့ရတော့ သက်ပြိန်နဲ့အတူ ရင်ထဲမှာ အေးမြခဲ့ရပါတယ်။

ဒုတိယအစီအစဉ်ကတော့ ရေပက်ခံအဖွဲ့တွေ၊ ဖြေဖျော်ရေးစင်တွေ၊ ကြော်ငြာမဏ္ဍပ်တွေကို မြို့လုံးပတ်လည် လှည့်လည်ကြည့်ဖို့ပါ။

ကမ္ဘာအေးစေတီလမ်း၊ ဆရာစံလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားလမ်း စတဲ့နေရာတွေဟာ ရေပက်ခံကားတွေ၊ ရေပက်မဏ္ဍပ်တွေ၊ ဖြေဖျော်ရေးစင်တွေနဲ့ တိုးမပေါက်အောင် စည်ကားနေပါတယ်။

ထူးထူးခြားခြား သတိပြုမိတာက နောက်ပြောင်ရမ်းကားမှုမျိုး မတွေ့ပေမယ့် မြန်မာ့ယဉ်ကျေးမှုနဲ့ မဆီမလျော်တဲ့ သရုပ်ပျက် ဝတ်စားဆင်ယင်မှုတွေ၊ အပြုအမူ၊ အပြောအဆိုတွေကို ရေပက်ခံကားတွေပေါ်မှာရော၊ ရေပက်မဏ္ဍပ်တွေမှာ တွေ့လိုက်ရတာပါပဲ။

စကပ်တိုတို ရေစိုစိုနဲ့ ကောင်မလေးတွေ၊ သူရာရည်ယစ်မူးနေတဲ့ လူငယ်တွေဟာ မဏ္ဍပ်က ဖွင့်ထားတဲ့ အနောက်တိုင်းတေးသွားအတိုင်း လမ်းလယ်မှာ ခုန်ပေါက်ဖက်တွယ် ကပွဲဆင်နေကြပါလား။ အဲဒီနေ့က သည်လိုမြင်ကွင်းမျိုးကို နေရာအတော်များများမှာ မြင်ခဲ့ရပါတယ်။ အင်းလျားနဲ့ ကန်တော်ကြီးဘက်မှာ ပိုဆိုးလေသလား။

သည်ရေပက်ခံလူငယ်မောင်မယ်တွေဟာ တိုင်းတစ်ပါးစရိုက်ကို ပုံတူကူး ထူးလျှင်ကောင်းမည်အထင်နဲ့ အပြစ်မဲ့စွာ အပျော်လွန်နေခြင်းကို အပြစ်မတင်လိုပေမယ့် လမ်းကြောင်းမှန်အောင် တည့်မတ်ပေးဖို့က ဆရာမိဘ အုပ်ထိန်းသူတွေအပေါ် တာဝန်ရှိနေတာကိုတော့ သတိပြုမိခဲ့ပါတယ်။ မြန်မာ့ယဉ်ကျေးမှု လမ်းကြောင်းကို သရုပ်ပျက် အမည်းကွက်ထင်စေအောင် ပြုမူနေတဲ့လုပ်ရပ်တွေဟာ ရေဘောလုံးနဲ့ ပေါက်၊ နို့ဆီခွက်နဲ့ ခုတ်ပက်တာထက် ကြောက်စရာကောင်းတယ်လို့ ထင်ပါတယ်။

ဟော ... ဒီမဏ္ဍပ်မှာ လူတွေစည်ကားနေတယ်။ ပုဂ္ဂလိကဖြေဖျော်ရေးမဏ္ဍပ်တဲ့။ မော်ဒယ်ကောင်မလေးကွေလား။ ဝါသနာရှင်လေးတွေလား ဘာတွေလားတော့ မသိဘူး။ ကျောဗလာ၊ စကပ်တို၊ ကိုယ်ကြပ်ဘောင်းဘီတို၊ မလုံမခြုံအဝတ်အစားတွေနဲ့ အနောက်တိုင်းတေးသံနဲ့ လမ်းလျှောက်ကိုယ်ဟန်ပြနေကြတာပါလား။ စင်ပေါ်က ကောင်မလေးတွေ ဖွေးခနဲ ဖွေးခနဲ။ စင်ဘေးက မောင်တွေကလည်း ဟေးခနဲ ဟေးခနဲပေါ့။ ဒီနေရာဟာ လူအစည်ကားဆုံးနေရာဖြစ်နေတယ်။ မော်ဒယ်လောကမှာ ကြက်လျှောက်ဆိုလား၊ ကြောင်လျှောက်ဆိုလား အသုံးအနှုန်းတွေကို ကြားသာကြားဖူးတယ်၊ မမြင်ဖူး၊ မတွေ့ခဲ့ဖူးဘူး။

ခန်းမတွေ၊ ဟိုတယ်ကြီးတွေမှာ ဝင်ကြေးအများကြီးနဲ့လုပ်တဲ့ ဒီလိုပွဲမျိုးကို အနားမကပ်နိုင်ခဲ့ဖူးလေ။ ခုလို လူပုံအလယ်မှာ အနီးကပ် အလကားကြည့်ရ၊ လေ့လာခွင့်ရမယ်ဆိုတော့ ပိုင်ပြိုဆိုပြီး ရှေ့ကို အတင်းတိုး၊ နေရာကောင်းလည်း ရရော ... ။

"မျက်စိရှက်စရာတွေ။ လာ ... သွားမယ်" ဆိုပြီး မိန်းမနဲ့ သမီးတွေက အတင်းဆွဲခေါ်လို့ ပြန်ထွက်ခဲ့ရတယ်။ လူအုပ်အပြင်ရောက်တော့ မိန်းမကြီးနှစ်ယောက် လက်ဆွဲခြင်း၊ ကိုယ်စီနဲ့ "ဘာရောင်းတာလဲဟင်၊ ဘာရောင်းတာလဲ" လို့ လာမေးတယ်။ သူတို့က လူစုစုမြင်ရင် ဝင်တန်းစီရမယ်လို့ ထင်နေတယ် ထင်ပါရဲ့။ မိန်းမက စိတ်ဆိုးမာန်ဆိုးနဲ့ ဆောင့်ကြိုးအောင့်ကြိုး ပြောလိုက်တာကတော့ "လူသုံးကုန်တွေ ရောင်းနေတာ အဒေါ်ရေ ... လူသုံးကုန်တွေ" တဲ့။

နီဝေးမောင်

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှင်စဉ်မှာ ဆေးလိပ်ကြောင့် ရောဂါရလို့ လူနှမ်းပြီး စိတ်ပင်ပန်းတာကို ပြောတာပါ။

ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်က ဆေးလိပ်ဖြတ်ဖို့ပြောတော့ ...

"ငါ ဆေးလိပ်သောက်လို့ အသက်တိုတယ်ဆိုတာ မယုံဘူးကွာ" သေနေ့စေ့ရင် သေမှာပဲတဲ့။

ဒါနဲ့ သူ ဆေးလိပ်တွေ စီးကရက်တွေ တအားသောက်တော့ အသက် (၅၁)မပြည့်ခင်မှာပဲ 'အဆုတ်ကင်ဆာ'ရောဂါနဲ့ ဆုံးသွားခဲ့တယ်။

ကျွန်တော်က သူသေခါနီးမှာ တရားမှတ်ခိုင်းတော့ ...

"သူငယ်ချင်း ရောဂါဝေဒနာ ခံစားနေရတဲ့အချိန်မှာ တရားမှတ်လို့ မရပါဘူးကွာ" ... တဲ့။

Passive Smoker သို့မဟုတ်

တစ်ဆင့်ခံဆေးလိပ်သောက်သူများ

ကျွန်တော်တို့သူငယ်ချင်း သေသွားတော့ သူမိသားစုနဲ့ သူသားတွေ၊ မြေးတွေ ကျန်ခဲ့ကြတယ်။ သူတို့က ရော ကျန်းမာသလား။ ကျွန်တော် လေ့လာကြည့်ပါတယ်။

တစ်သက်လုံး အိမ်ထောင်ကျကတည်းက သူဆေးလိပ်ငွေ့ရှူခဲ့ရတဲ့ သူဇနီးကလည်း ရှုနာရှိုက်ကုန်းပါပဲ။ အဆုတ်ကင်ဆာနဲ့ ငယ်ငယ်ရွယ်ရွယ် သေသွား ပြန်ပါတယ်။

သူငယ်ချင်းရဲ့ ဆေးလိပ်ငွေ့ကို မွေးကင်းစတည်းက ရှူခဲ့ကြရတဲ့ သူသားတွေဟာလည်း ဉာဏ်ရည်ဖွံ့ဖြိုးတဲ့လူတစ်ယောက်မှ မပါပါဘူး။ အားလုံး ထုံထုံထိုင်းထိုင်းလေးတွေပါပဲ။ ဖခင်ရဲ့ဆေးလိပ်ငွေ့ကို မိခင်ဝမ်းထဲမှာ သန္ဓေတည်တည်းက ရှူခဲ့ရတဲ့ သားသမီးတွေဟာ ဉာဏ်ထိုင်းကြပါတယ်။ ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်းကြပါတယ်။ ကျန်းမာရေးချို့တဲ့ကြပါတယ်။

ဇနီးကိုယ်ဝန်ရှိစဉ်မှာ ဇနီးအနားမှာ ဆေးလိပ် သောက်ရင် ဇနီးရဲ့ဗိုက်ထဲမှာ ရှိတဲ့ ကိုယ်ဝန်ဟာ ပျက်ကျနိုင်ပါတယ်။ မွေးလာတဲ့ကလေး လူစဉ်မမီရှာပါဘူး။

မိခင်ရော ဖခင်ပါ ဆေးလိပ်သောက်ရင်ဖြင့် ရင်သွေးငယ်တွေကို ရက်စက်ရာကျပါတယ်။ အဲဒီမွေးလာတဲ့ကလေးတွေဟာ လူလောကအလယ်မှာ တင့် တောင့်တင့်တယ်နေနိုင်ဖို့ မရှိတော့ပါဘူး။ ဉာဏ်ရည်နိမ့်ကျတဲ့ကလေးတွေ ဖြစ်လာမှာပါ။

ကိုယ်ကိုယ်တိုင်က ဆေးလိပ်မသောက်ပေမယ့် (အလိုက်ကမ်းဆိုးမသိ) ကိုယ့်အိမ်ထဲကို လာလည်ပြီး စီးကရက်တရှိုက်ရှိုက် ဆေးလိပ်တဖွာဖွာလာလုပ်ရင်လည်း ဆေးလိပ်မသောက်တဲ့ မိသားစုများ ဆေးလိပ်ငွေ့ကြောင့် ရောဂါဝေဒနာပေါင်းစုံ ရကြမှာပါ။

ကျွန်ုပ်တို့အားဖေနဲ့အားမေ

ကျွန်တော်က ငယ်ငယ်တည်းက ဆေးလိပ် မသောက်တတ်ပါဘူး။ အမေကလည်း ဆေးလိပ် မသောက်၊ အဖေကလည်း ဆေးလိပ်မသောက်တော့ ဆေးလိပ်နဲ့ကင်းကင်းရှင်းရှင်းပါ။

ကျွန်တော့်အဖေနဲ့အမေဟာ ဆေးလိပ်မသောက် ကွမ်းမစား အစားအသောက်စားရင် သန့်သန့်ရှင်းရှင်း ယင်မနား ဖုန်မဝင်မှ စားတတ်ပါတယ်။

အိမ်မှာ ရေအိုးစင်ထားပေမယ့် ဧည့်သည်တွေသာ သောက်ကြပြီး အဖေနဲ့အမေက ရေစိမ်းမသောက်ကြပါ

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အမြဲတမ်း လက်ဖက်ခြောက်ခပ်ထားတဲ့ ရေနွေးကြမ်းသာ သောက်ကြပါတယ်။

ကျွန်တော်ဆို ခဏခဏ အမေဒေါ်တင့်ကို ပြောမိပါတယ်။

"အမေ ... ရေနွေးအိုးဖြစ်ရတဲ့အထဲမှာ ကျွန်တော်တို့အိမ်က ရေနွေးအိုးက အဆိုးဆုံးပဲ။ မနက် (၅) နာရီလောက်ကတည်းက ည (၈) နာရီအထိ မီးဖိုပေါ်က မဆင်းရဘူး" လို့ပြောပါတယ်။

ပြီးတော့ အိမ်မှာက ဧည့်သည်မပြတ်ပါဘူး။ ဒါပေမယ့် အိမ်မှာ ဧည့်သည်တစ်သုတ်ပြန်သွားတိုင်း အဖေက ရေနွေးကြမ်းပန်းကန်တွေ ဆောက်ရေချွက်တွေကို ခဏ ခဏ ထပြီးဆေးတဲ့အကျင့်ရှိပါတယ်။

ရေနွေးကြမ်းကို ပန်းကန်ထဲမှာထည့်ပြီး အေးသွားရင် ခရားအိုးထဲ ပြန်မထည့်ပါဘူး။ သွန်ပစ်ပါတယ်။ ပြီးတော့ လက်ဖက်ခြောက်ဖတ် ပိတ်နေရင်လည်း ခရားအိုးရဲ့ နှုတ်သီးကို ပါးစပ်နဲ့မမှုတ်ပါဘူး။ သူများမှုတ်ရင်လည်း မကြိုက်ပါဘူး။ ချက်ချင်း သွန်ပစ်တာပါ။

ဒါကြောင့်နဲ့တူပါတယ်။ အဖေရော အဖေ့ရော ဘာရောဂါမှ မဖြစ်ခဲ့ကြပါ။ အဖေရော အမေ ဒေါ်တင့်ပါ အသက် (၁၀၅)နှစ်လောက်အထိ ကျန်းမာပကတိ ချမ်းသာရှိစွာနဲ့ သက်စေ့ကံကုန်နေခဲ့ကြရပါတယ်။

ဒါဟာ ဆေးလိပ်မသောက် ရေနွေးကြမ်းသာ သောက်ပြီး သန့်သန့်ရှင်းရှင်း နေထိုင်စားသောက်တတ်တဲ့ အလေ့အကျင့်ကောင်းများကြောင့်လို့ ကျွန်တော် ထင်မြင်ယူဆမိပါတယ်။

ကျွန်တော်နဲ့ဆေးလိပ်ကြိုက်တဲ့သူသည်များ

ကျွန်တော်က ဆေးလိပ်မသောက်တော့ ဧည့်သည် လာရင် ဆေးလိပ်၊ ကွမ်း မတည့်ပါဘူး။ ဧည့်မခံပါဘူး။

တစ်ခါတလေ ဧည့်သည်တွေက ဆေးလိပ် တောင်းဆိုလာရင် ဝမ်းနည်းပါတယ်ဗျာ။ ကျွန်တော်က ဆေးလိပ်မသောက်တတ်၊ ကွမ်းမစားတတ်တော့ ဆေးလိပ်နဲ့ကွမ်းနဲ့ ဧည့်မခံပါဘူး။ ရေနွေးကြမ်းနဲ့ လက်ဖက်ကိုသာ သုံးဆောင်ကြပါလို့ ပြောရပါတယ်။

ကျွန်တော်က ဆိုင်ဖွင့်ထားတော့ ကျွန်တော့်ဆိုင် ပတ်ဝန်းကျင်အတွင်းထဲမှာ ကွမ်းတံတွေးပယ်ပွားရင် အလွန် စိတ်ကိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ရှေ့တင် ရောတစ်ခွက်ယူပြီး ကွမ်းတံတွေး တွေကို ရေနဲ့ဆေး တံမြက်စည်းလှဲလုပ်ပြလိုက်ပါတယ်။

ဆေးလိပ်သောက်ရင်လည်း ဆေးလိပ်နဲ့မခံနိုင်လို့ ဆေးလိပ်မီးငြိမ်းပစ်ပါဗျာလို့ ယဉ်ကျေးစွာ ပြောရပါတယ်။

အဟုတ်ကို ဆေးလိပ်နဲ့မခံနိုင်တာပါ။ ကွမ်း တံတွေးကိုလည်း အဟုတ်ကို ရွံတာပါ။

ကွမ်းတံတွေးက ရောဂါကူးစက်နိုင်သလို ဆေး လိပ်ငွေ့ရှူရတော့လည်း ကိုယ်တိုင် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ကြောင့်ရတဲ့ ရောဂါတွေ ကိုယ့်ရဲ့မိသားစု ခံစားကြရမှာပါ။ ဒါကြောင့် ကျွန်တော့်ဆိုင်နဲ့အိမ်ကို ဆေးလိပ်မသောက်၊ ကွမ်းမစားရတဲ့နယ်မြေအဖြစ် ကိုယ်တိုင် သတ်မှတ်ထားပါတယ်။

နိုင်ငံတော်က ကွမ်းတံတွေးမထွေးရ၊ ဆေးလိပ် မသောက်ရ တားမြစ်ထားပေမယ့် ဘတ်စ်ကားပေါ်မှာ၊ ရုပ်ရှင်ရုံထဲမှာ၊ အပန်းဖြေဥယျာဉ်ထဲမှာ စည်းမဲ့ကမ်းမဲ့ သောက်နေကြတာကို တွေ့ရတော့ ရင်ထဲမှာ လှိုက်မောပြီး သောက ဒေါသကြွယ်မိရပါတယ်။ ပြည်သူတွေကိုယ်စား စိတ်ဆင်းရဲရပါတယ်။

ကွမ်းနဲ့ဆေးလိပ်ဟာ ဧည့်သည်သွားလုပ်ရင် ကွမ်းထွေးရမယ့်နေရာကို ရှာရသလို ဆေးလိပ်ငွေ့ကလည်း အိမ်ရှင်ကို ဒုက္ခအလွန်ပေးပါတယ်။ မဆင်မခြင် ဆေးလိပ်သောက်လို့၊ ခြင်ထောင်ထဲမှာ ဆေးလိပ်သောက်လို့ မီးဘေးအန္တရာယ်နဲ့ ကြုံတွေ့ရတာလည်း မနည်းပါဘူး။

ကလေးများနဲ့ဆေးလိပ်

မိဘတွေက ဆေးလိပ်သိပ်ကြိုက်တော့ ကလေးကို မီးညှိခိုင်း၊ ကလေးက ဆေးလိပ်သောက်ကြည့်ပြီး မိဘဆီလာပို့နဲ့ ကလေးတွေ ဆေးလိပ်စသောက်ဖြစ်ပါတယ်။ 'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာ စရိယ မိန့်ဘ' ... တဲ့။

ကလေးတွေရှေ့မှာ မိဘက ဆေးလိပ်သောက်ရင် ကလေးကလည်း ဆေးလိပ်သောက်မှာပဲ။

ကလေးတွေရှေ့မှာ မိဘက အရက်သောက်ရင် ကလေးတွေ အရက်သောက်တတ်မှာပဲ။ တားလို့ မရပါဘူး။

ညီအစ်ကိုမောင်နှမထဲက တစ်ယောက်ယောက် မူးယစ်ဆေးသုံးရင် မျိုးဆက်သစ်ကလေးတွေထဲမှာလည်း မူးယစ်ဆေးသုံးသူ ပေါ်လာမှာပဲ။

ဒါကြောင့် လက်ဦးဆရာဖြစ်တဲ့ မိဘတွေက ကလေးတွေရှေ့မှာ ဆေးလိပ်၊ အရက်သောက်မပြကြဖို့ မသုံးစွဲမိကြစေဖို့ ဆင်ခြင်ကြဖို့ လိုပါတယ်။

မူးယစ်ဆေးဝါးဘာစ

မြန်မာပြည်မှာ မူးယစ်ဆေးဝါးအစကတော့ ဘိန်းပါပဲ။ ဘိန်းစစ်ပွဲဆိုပြီး ကိုလိုနီနယ်ချဲ့တွေက တရုတ်ပြည်မှာ ဘိန်းစစိုက်လာကြတော့ အာရှတိုက်မှာ ဘိန်းပင် ပေါ်လာတော့တာပါပဲ။

တရုတ်ပြည်က မြန်မာပြည်ကို ဘိန်းမျိုးစေ့တွေ ရောက်လာတယ်၊ ဘိန်းစိုက်ကြတယ်။ ''ဘိန်းဘဝ်ကစော် လှော်စာအရက် တစ်စက်ကယ်မှ မသောက်ကြနှင့် ရှင်တော်ဟောသည့် အဆိပ်ရည်'' လို့

အင်းဝခေတ် ဆုံးမစာထဲမှာ တွေ့ရပါတယ်။ ဒီတော့ ဘိန်းဟာ အင်းဝခေတ်ထဲက ပေါ်လာခဲ့ပါပြီ။ ကိုလိုနီနယ်ချဲ့တွေရဲ့ ဘိန်းစစ်ဆင်မှုဟာ အင်းဝခေတ်ထဲကကို မြန်မာပြည်မှာ စိမ့်ဝင်ပျံ့နှံ့နေခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဘိန်းကို ပထမ 'ဆင်သတ္တဝါ' တွေကို လေ့ကျင့်ပေးတဲ့နေရာမှာ ဘိန်းကိုသုံးပြီး လေ့ကျင့်ပေးကြတယ်။

နောက်တော့ ဆင်ဦးစီးတွေ ဘိန်းစားလာကြတယ်။ နောက်တော့ ဆင်ဦးစီးတွေကတစ်ဆင့် ဘိန်းစားရင် ဝမ်းကိုက် ဝမ်းလျှောပျောက်တယ်။ အညောင်းပြေတယ်ဆိုပြီး ပြည်သူလူထုအတွင်းမှာ ဘိန်းစား ဘိန်း၇ူးလုပ်လာကြတယ်။ ဒီကနေ လူထုထဲမှာ ဘိန်းဆိုတာ ပုံနှံ့လာတော့တာပါပဲ။

ကျွန်တော်မှားယစ်ဆေးငါးပညာပေးခြင်း

ကျွန်တော် ကျန်းမာရေးမှူးဘဝနဲ့ အထက်တန်းကျောင်းတွေမှာ ကျန်းမာရေးပညာပေးပါတယ်။ မူးယစ်ဆေးအကြောင်းပါ။ မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုတဲ့ ဆေးလိပ် စီးကရက်အကြောင်း ပညာပေးပြီး မူးယစ်ဆေးဝါး ဘိန်းအကြောင်းကို ပညာပေးပါတယ်။

ကလေးတွေကို ကျွန်တော်က 'ဘိန်းစား' ဆိုတာ ငပျင်း။ ဘာမှအလုပ်အကိုင်မလုပ်နိုင်ဘူး။ လူ့လောကထဲမှာ အညံ့ဖျင်းဆုံးလူလို့ ပြောပြပါတယ်။

ပြီးတော့ ကျွန်တော် ရေးထားတဲ့ ကဗျာတစ်ပုဒ် ရွတ်ပြပါတယ်။

ဘိန်းစားမောင်မောင်
ယောင်တောင်တောင်
ခွေးပိန်မကဟောင်
ခွေးပိန်မတောင် မကြိုက်ဘူး
နင်လိုဘိန်းစားရူး။

ဘိန်းစားကို လူအမျိုးသမီးမပြောနဲ့။ တိရစ္ဆာန် ခွေးပိန်မကတောင် မကြိုက်ကြပါဘူးလို့၊ ဘိန်းစားဆိုတာ အလွန် အဆင့်အတန်းနိမ့်တဲ့ လူစားမျိုးပါလို့ ပြောပြပါတယ်။

နောက်တစ်ပုဒ် ...

မမလေးစောင်ကိုပိုက်
မောင့်မောင့်နောက်ကိုလိုက် ... လို့ ဘိန်းစားက အမျိုးသမီးလေးကို စပါတယ်၊ ခေါ်ပါတယ်။ မြှူဆွယ်ပါတယ်။

ဒါပေမယ့် မိကောင်းဖခင် သားသမီးဖြစ်တဲ့ အသိပညာကြွယ်ဝတဲ့ အမျိုးသမီးလေးက ဘာပြန်ပြောသလဲ ဆိုရင် ...

နင့်လိုဘိန်းစား ငါမကြိုက်
ခုံဖိနပ်စုတ်နဲ့ရိုက်
လို့ဆိုပြီး ဖိနပ်နဲ့ရိုက်မယ်ပြင်မှ ဘိန်းစားက ထွက်ပြေးသွားပါတယ်။

အဲဒီလိုပဲ ရှေးတုန်းက ဘိန်းစားဆိုရင် လူရာမသွင်းကြဘူး။ အင်မတန်ရွံရှာမုန်းတီးကြတယ်။ ဘိန်းစားဆိုတာ ဘိန်းမစားရရင် မနေနိုင်ဘူး။ အလုပ်လုပ်ပြီးလည်း ငွေမရှာနိုင်ဘူး။ ခွေးကထစ်အောက်နေရတဲ့ အဆင့်အတန်းရှိတဲ့ လူတွေပါလို့ ပြောပြရပါတယ်။

ဒါနဲ့ ကဗျာတစ်ပုဒ် ရွတ်ပြရပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကဗျာကတော့ ...

ဘိန်းစားလေးမောင်မောင်ကြောက်
ဘိန်းချေးရေတွေသောက်
ခွေးကထစ်အောက်တခွေခွေ
ဘိန်းချိုးပြတ်လို့နေ
ထဘီစုတ်တွေ သိမ်းပါတော့
ပုဆိုးစုတ်တွေ သိမ်းပါတော့
ဘိန်းစားလာနေပေါ့။

ဘိန်းချိုးဆိုတာ ဘိန်းကိုထုပ်တဲ့ အဝတ်စုတ်ကို ရေလောင်းပြီး ညှစ်ယူရတဲ့အရည်ပါ။

အဲဒီအရည်ကို ဘိန်းစားတွေက ဘိန်းမရတော့ ညှစ်ပြီးသောက်တာကိုဆိုတာပါ။ ဘိန်းစားဆိုတာ ဘိန်း မရရင် ရရာကို နိုးကြတာမို့ ဘယ်သူကမှ အပေါင်းအသင်း မလုပ်ကြပါဘူး။

ဟိုတုန်းက ဘိန်းစားတွေကတော့ ဘိန်းစားစရာ မရှိရင် ထဘီခိုး၊ အင်္ကျီခိုး အိမ်ကပစ္စည်းခိုးပြီး ဘိန်းစား ကြပေမယ့် ယခုခေတ် ဘိန်းဖြူသုံးစွဲသူတွေက ဆေးမရရင် မိဘကို မွဲပြာကျအောင် ခိုးတတ်တယ်။ သူစိမ်း လူတွေကို ရိုက်လုသတ်ပြီး လုယက်တဲ့အထိ လုပ်လာကြပါတယ်။

ယခုခေတ် ဘိန်းစားရော၊ အရင်ခေတ် ဘိန်းစားရော ဘယ်ခေတ်က ဘိန်းစားမှ မကောင်းကြပါဘူး။ ဒါကြောင့် (ဘဝတစ်လျှောက်လုံးမှာ လူကောင်းတွေ လူငယ်တွေဟာ) 'ရှောင်လေဝေးဝေး မူးယစ်ဆေး' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း 'မူးယဲစ်သမားရှောင် အိုတောင် မဆင်းရဲ' ဆိုတဲ့ ဆောင်ပုဒ်နဲ့ ရှောင်သင့်ကြပါတယ်။

ဒီလို ကျွန်တော်နယ်ထဲက အထက်တန်းကျောင်းတွေမှာ မူးယစ်ဆေးဝါး ပညာပေးခဲ့ရဖူးပါတယ်။

ဘိန်းစားခြေစံတဲ့ မူးယစ်ဆေးဗါးများ

ကျွန်တော်တို့ လွန်ခဲ့တဲ့ အနှစ်(၄၀)လောက်က ရန်ကုန်မှာ ကျန်းမာရေးမှူးသင်တန်းတက်ရတော့ ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ဆေးရုံကြီးတွေမှာ ကွင်းဆင်းပြီး လက်တွေ့လေ့လာရပါတယ်။

အင်းစိန်ဆေးရုံကြီးမှာ ကွင်းဆင်းကြတော့ ဆေးရုံ ပြင်ပလူနာဆောင်မှာ တချို့က ပြင်ပလူနာဆောင်၊ တချို့က ဆေးရုံတက်လူနာဆောင်တွေမှာ ရောဂါကုသမှုကို လက်တွေ့ကွင်းဆင်းပြီး Treat Ment ဆေးကုသချက်တွေကို မှတ်သား၊ ဆရာတွေကို မိမိသာဆိုရင် ဘယ်လိုကုမယ်ဆိုတာ ပြောပြရပါတယ်။

ဆရာတွေက လူနာရဲ့ ကုသမှုမှတ်တမ်း (Chart) တွေကို သိမ်းထားပြီး ဆရာဝန်ကြီးတွေ ကုသထားတာနဲ့ ကိုယ်ရေးထားတဲ့ ကုသချက်တွေကိုက်၊မကိုက် ပြန်ကြည့်ခိုင်းပြီး သင်ပေးပါတယ်။

အဲဒီတုန်းက အခုအလွန်နာမည်ကြီးနေတဲ့ (Morphine) (မော်ဖင်းထိုးဆေးစားဆေး) (Pathadine) ပက်သဒင်း ထိုးဆေးစားဆေး (Vallium, Diazepan) ဗေလီယန်၊ ဒိုင်ယာဇီပင် ထိုးဆေးစားဆေးတွေ၊ (OPT) ပြင်ပလူနာခန်းက ၂ပေပတ်လည် သေတ္တာကြီးတွေထဲ အပြည့်ပါ။

ကျွန်တော်တို့ခေတ်က လူငယ်တွေ ဘယ်သူမှ ယူရကောင်းမှန်းလည်း မသိ၊ ယူလည်း မယူကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်၊ ဆရာမတွေကလည်း စောင့်မကြည့်ကြ ပါဘူး။ အဲဒီလောက်ကို ပေါများတာပါ။

ဖော်ဖင်းတို့ ပက်သဒင်းတို့ဆိုတဲ့ဆေးတွေကို မွေးဖွားရာမှာ ဒဏ်ရာနာကျင်ချိန်နဲ့ ကင်ဆာကြောင့် နာကျင်ဝေဒနာခံစားရတဲ့ လူနာတွေကိုပဲ သုံးကြတာပါ။

ကျွန်တော် ဆေးခန်းမှာ တာဝန်ထမ်းဆောင်တော့ လည်း ကိုဒင်ဖော့၊ ကိုဒါနင်၊ ကိုမီသာဇင်. စတဲ့ အဖျား ပျောက်ဆေး အကိုက်အခဲပျောက်ဆေး၊ ချောင်းဆိုး ပျောက်ဆေးတွေဟာ တစ်ထောင်ဝင်ပုလင်းပေါင်းရာ နဲ့ချီပြီး ပေးထားပါတယ်။

ကိုဒါနင်၊ ကိုဒင်းဖော့ (Codanin, codenphos)၊ ကိုမီသာဇင် (Comethazine) ဆိုတဲ့ဆေးတွေဟာ ဘိန်းအာနိသင်ပါပါတယ်။ CO ဆိုတာ Codene ဘိန်းကို ဆိုလိုတာပါ။

ဒါပေမယ့် ၁၉၇၂ ခုနှစ်လောက်မှာကတည်းက နံပါတ်ဖိုး ပေါ်နေပါပြီ။

ကျွန်တော်တို့ ဆေးရုံကြီးတစ်ရုံမှာနေတော့ နံပါတ် ဖိုးသမားတွေကို ဆေးရုံမှာ တင်ကုကြပါတယ်။

နံပါတ်ဖိုးသမားတွေရဲ့ မိဘတွေက ချမ်းသာကြတော့ ဆေးရုံကို ကိုယ်ပိုင်ကားနဲ့ ဝန်ထမ်းတွေကို ကြိုက်တာတွေ အဝယ်ကျွေးပြီး သူတို့ရဲ့ သားသမီးတွေကို အပ်ထားကြတာပါ။

သူတို့က ဆေးဖြတ်ကြောင်းလက်မှတ်ကိုသာ ယူချင်ကြတာ။ တကယ် ဆေးမပြတ်ကြပါဘူး။ သူတို့ အပေါင်းအသင်းတွေက ဆေးရုံကို လူနာမေးသလိုနဲ့ မူးယစ်ဆေးဝါးတွေ လာပို့ကြတာပါ။

နောက်တော့ တာဝန်ခံဆရာဝန်က မိဘကလွဲရင် ဘယ်စည်းသည်ကိုမှ ပေးမတွေ့တော့ပါဘူး။

လန်ပြီးအောက်ခံ ဆေးရုံအာဂါပါသမား

ရုပ်စရာတစ်ခု ကြုံရပါသေးတယ်။ ဆေးရုံမှာ ည (၁၁) နာရီလောက်မှာ ဆေးရုံအလုပ်သမား Ward Servant တစ်ယောက် ''အမလေး လာကြပါဦး'' လို့ အော်လို့ ကျွန်တော်တို့ကလည်း ဆေးရုံထဲမှာရှိနေတော့ ပြေးသွားကြပါတယ်။

ဟိုရောက်တော့ ဆေးရုံအလုပ်သမားက ပြူးတူး ပြဲတဲနဲ့ ခပ်ကြောင်ကြောင်ဖြစ်ပြီး ထိတ်လန့်နေပါတယ်။

ဒါနဲ့ ဝိုင်းကြည့်ပြီး မေးမြန်းကြပါတယ်။ ဆေးရုံအလုပ်သမားဘေးမှာ တခြားဆေးရုံအလုပ်သမရှိနေတော့ မေးကြည့်ရပါတယ်။

ဒီတော့မှ အလုပ်သမတစ်ဦးက ဆရာ ဒီနံပါတ်ဖိုး စွဲတဲ့လူက ''သူက ပယောဂဆရာ''တဲ့သူ ရဲ့ခေါ်ပြ မယ်ဆိုပြီး ပုလင်းတစ်လုံးထဲ ဆေးမှုန့်တွေထည့် ရေနဲ့ ဖျော်ပါတယ်။ ပြီတော့ ဥဖြူဆိုပြီး မန်းပြီး (ကိုင်ဂေ) ဆေးရုံအလုပ်သမားကို သောက်ခိုင်းပါတယ်။

၁၀ မိနစ်လောက်နေတော့ ''ဒီမှာ သရဲရောက်လာပြီ'' ဆိုပြီး နံပါတ်ဖိုးသမားက ကိုင်ဂေရှေ့မှာ မျက်လုံးပြူးပြပါတယ်။

အဲဒီမှာတင် ကိုင်ဂေက ''လာကြပါဦးဗျို့။ သရဲကြီး ... သရဲကြီး''နဲ့ ထအော်တော့တာပါ။

နောက်တော့မှ သိရတာက နံပါတ်ဖိုးသမားက ဆေးခြောက်မှုန့်တွေကို ရေဖျော်ပြီး ကိုင်ဂေကို တိုက်ထားတာပါတဲ့။ ကောင်းရော။

နံပါတ်ဖိုးသမားတွေ (ယင်းထ)ဆေးလိုလာရင်လည်း ဆေးရုံတစ်ခုလုံး ခြောင်းဆန်အောင် လောဟစ်

www.burmeseclassic.com

www.burmeseclassic.com

နေကြတာပါ။

ခုခေတ် မူးယစ်ဆေးစွဲ အထူးကုဆေးရုံကြီးတွေမှာ ကြပ်ကြပ်မတ်မတ် ကုပေးကြလို့ ကောင်းတဲ့လူလည်း ကောင်းပြီး၊ မူးယစ်ဆေးဝါးပြန်သုံးစွဲကြတဲ့လူနာတွေလည်း မနည်းပါဘူး။

နံပါတ်ဖိုးက နည်းနည်းလေးကို ဈေးက အဆမတန်ပေးရတော့ ဈေးပေါပေါရတဲ့ ကိုဒင်းဖော့၊ ကိုဒါနှင်၊ ကိုမိသာဇင်းတွေကို အများကြီး သောက်လာကြပါတယ်။

ဒါကြောင့် ကျန်းမာရေးဌာနက ဒီဆေးတွေကို တားမြစ်ဆေးဝါးစာရင်း သွင်းလိုက်ပါတယ်။ ဒီတော့ တကယ်ဖြစ်တဲ့ လူနာတွေမှာ ဆေးဝယ်ရတာ ခက်သွားပါတယ်။ ဒါလည်း ပြည်သူလူထုအတွက် အစိုးရက တားမြစ်ရတာပါ။

ပြီးတော့ မြန်မြန်ဆေးအာနိသင် Effect ရအောင် လို့ နံပါတ်ဖိုးကို ရေနဲ့ဖျော်ပြီး အကြောထဲသွင်းကြတယ်။ ဒီတော့ ရေမသန့်ရှင်း၊ အပ်မသန့်ရှင်းလို့ Shock ရှော့ဖြစ်ပြီး သေကြတယ်။

ဆေးထိုးအပ်မှတစ်ဆင့် ကူးစက်တဲ့ အသားဝါ အသည်းရောင်ဘီရောဂါ ကူးစက်ခံရကြတယ်။ AIDS ဆိုတဲ့ ခုခံမှုကျဆင်းရောဂါတွေ ကူးစက်ခံရပြီး သေကြတယ်။ ပတ်ဝန်းကျင်နှင့် မိဘတွေအပြင် ကျန်းမာရေးဌာနနဲ့ ပြည်ထဲရေးဌာန ဝန်ထမ်းတွေပါ အလုပ်များကြရပါတယ်။

ပြီးတော့ Over Dose ဆေးအချိန်အဆ လွန်လို့ သေကြရတဲ့ လူငယ်လေးတွေလည်း မနည်းပါဘူး။

ခုခေတ်မှာ နံပါတ်ဖိုးအပြင် အက်ဖီတမင်း၊ ရာဘာဆိုတဲ့ ဆေးတွေအပြင် ကျွန်တော်တို့ မသိနိုင်ကြတဲ့ ဆေးတွေကို မာတုဗေဒနည်းနဲ့ ထုတ်လုပ်လာကြတော့ အပေါင်းအသင်းမှားတဲ့ လူငယ်တွေ၊ လက်တည့်စမ်းချင်တဲ့ လူငယ်တွေအတွက်ကတော့ သူတို့လက်တစ်ကမ်းမှာတင် သေမင်းရှိနေတာကို တွေ့ရပါတယ်။

တစ်ဖက်နိုင်ငံ စက်ရုံတွေမှာ မြန်မာအလုပ်သမားတွေကို 'ဆင်'တွေကို ဆင်ဦးစီးလေ့ကျင့်သလို မူးယစ် ဆေးဝါး ကျေးကျွန်ဖြစ်အောင်လုပ်ပြီး တိရစ္ဆာန်တွေလို အခိုင်းခံနေရပါတယ်ဆိုတာလည်း ကြားရပါတယ်။

အမျိုးသမီးလေးတွေကို မူးယစ်ဆေးဝါးရဲ့ သားကောင်လုပ်ပြီး ပြည့်တန်ဆာလုပ်ခိုင်းတဲ့ သတင်းတွေလည်း နားမဆန့်ပါဘူး။

လူတစ်ယောက်ဆို စက်ရုံတစ်ရုံမှာ စိတ်ကြွရူးသွပ်ဆေးတွေတိုက်ပြီး လူကို မတန်တဆအလုပ်တွေခိုင်းလို့ ပြန်လာတဲ့အခါမှာ ဒီဆေးမရတာရယ်၊ ပင်ပန်းလွန်းလို့ရယ် သေဆုံးသွားတာ တွေ့ရပါတယ်။

ဒါတွေကို ပြည်သူလူထုက သိရှိကြဖို့လိုပါတယ်။ မူးယစ်ဆေးဝါးကို ဆန့်ကျင်ကြဖို့ လိုပါတယ်။

မူးယစ်ဆေးဝါးဟာ အစွဲမြန်ပါတယ်။ တစ်ခါ စမ်းသုံးမိရုံနဲ့ မိမိရဲ့ဘဝလည်း လုံးဝပျက်စီးသွားမယ်။ မိသားစုရဲ့ စီးပွားရေးလည်း လုံးဝပြိုလဲသွားမှာ ဖြစ်ပါတယ်။ ဖြတ်မရအောင် စွဲသွားမှာဖြစ်ပါတယ်။

တိုင်းပြည်ရဲ့စွမ်းအားရှင်၊ လုပ်အားရှင်တွေလည်း တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှာ ဖြစ်ပါတယ်။

ဒါကြောင့် လူငယ်တစ်ရပ်လုံးနဲ့ မိဘပြည်သူ အားလုံးက တိုင်းပြည်အတွက် လူမျိုးအတွက် မိမိရဲ့ သားသမီး၊ ညီအစ်ကိုမောင်နှမများအတွက် မူးယစ်ဆေးဝါးကို ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့လိုပါတယ်။

ဒါကြောင့် မိမိသားသမီးတွေ မူးယစ်ဆေးဝါး မစွဲစေချင်ရင် မိမိသားသမီးတွေကို [illegible]တစ်အရွယ်

www.burmeseclassic.com

www.burmeseclassic.com

တည်းက ဆေးလိပ်မသောက်ဖို့ ကွမ်းမစားဖို့ အရက် မသောက်ဖို့ သင်ပြပေးရပါမယ်။ မိမိကိုယ်တိုင် ရှောင် ကြဉ်ပြမှ သားသမီးတွေ လိုက်နာကြမှာပါ။

ဒါကြောင့် ...

"မူးယစ်ဆေးဝါးအစ ဆေးလိပ်က" ဆိုတဲ့ စကားအတိုင်း သားသမီးတွေရှေ့ ဆေးလိပ်မသောက်၊ အရက်မသောက်ကြပါနဲ့။ ကွမ်းစားမသင်ကြပါနဲ့လို့ မေတ္တာရပ်ခံပါရစေ။ ပြီးတော့ (၄) တန်းလောက်တည်း က မူးယစ်ဆေးဝါး AIDS ခုခံအား ကျဆင်းမှုရောဂါအကြောင်း ပညာပေးကြပါလို့ ဆရာ၊ မိဘများကို တိုက်တွန်းပါရစေ။

ကျွန်တော်ကတော့ ရောက်တဲ့ကျောင်းတိုင်းမှာ ကဗျာလေးနဲ့ ကျန်းမာရေး ပညာပေးခဲ့ပါတယ်။ ကဗျာ လေးကတော့ ...

တစ်သက်တာမိမခသောက်

F ဘကြီးညို ဘကြီးညို
မောပြီး အသက်တို
ဆေးပြင်းလိပ်ကို သောက်လို့များ
အသက်တိုတာလား။
F ကိုကြီးပို ကိုကြီးပို
ရုပ်ရင့်အရွယ်အို
စီးကရက်ကို သောက်လို့များ
ရုပ်ရင့်လွယ်တာလား။
F ဆေးလိပ်များနဲ့ စီးကရက်တွင်
နီကိုတင်းပါဝင်
အဆုတ်ထဲတွင် ရောဂါရ
ချောင်းဆိုးပိန်လှီကြ။
F ငွေကုန်ကျလို့ ရောဂါဝင်
ဦးနှောက်ဘဏ်မရှင်
ဆေးလိပ်ဆိုရင် အလွန်ကြောက်
တစ်သက် တို့မသောက် ... လို့။

လူသားတိုင်း ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးဝါးကို ဝေးဝေးက ရှောင်နိုင်ကြပါစေ။
ဆေးလိပ်မသောက်ရင် မူးယစ်ဆေးဝါးကို ၇၀% လောက် ကာကွယ်နိုင်မှာဖြစ်ပါတယ်။

မောင်မင်းသန့်(ကွမဲ)

www.burmeseclassic.com

www.burmeseclassic.com

ပုဂံရိုက်ဘာထားပေး

ရုပ်ရှင် ၃၄

ခင်းကြောင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ဒိုက်ဒိုက်ဒာထာပေး

စာအုပ် ၃၄

ခင်းကြေးမြစ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com

133

ကျွန်တော့်ခါးကို
လက်တစ်ဖက်က အနောက်မှနေ၍
လာဖက်ထားသလို ခံစားရသည်။
မိန်းကလေးလက်၊
ဖြူဖြူဖွေးဖွေး နူးနူးညံ့ညံ့ အိအိလေး။

ရမ္မက်မီး တောက်လောင်ခံနေရသောလူတစ်ယောက်
စိတ်ဆင်ရိုင်းကို သတိဟူသောချွန်းဖြင့်
မထိန်းနိုင်သော ထိုတဒင်္ဂတွင်

171

Japanese man get life for murder of British woman 22

89

ရိုးသားအေးချမ်းစွာနေတတ်သူတဦး
သည်းခံနိုင်စွမ်းကုန်ဆုံးခဲ့သောအ
ဒေါသအမှောင်တိုက် ပယ်မှ နောင်တ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ခုနှစ် ဇန်နဝါရီလထုတ် ဖြစ်ရပ်မှန်မဂ္ဂဇင်း၌ စာရေးဆရာ ဝင်းသောင်(ရမည်းသင်း)၏ "သခင်ကို အချဉ်မှတ်လို့" ဝတ္ထုကို ဖတ်ရသဖြင့် စာရေးသူလည်း တာမွေရဲစခန်း၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က တွေ့ကြုံခဲ့ရသည့် ရန်ကုန်တိုင်းအတွင်းမှ ခါးပိုက်နှိုက်လောကမှုခင်းများကို သတိမရဘဲ မနေနိုင်ဖြစ်ခဲ့မိပါသည်။

ဆရာဝင်းသောင် (ရမည်းသင်း) သည် ရဲမှူးအဆင့်ဖြင့် မကွေးတိုင်း ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ရောက်ရှိလာသောအခါ စာရေးသူက ရဲအုပ်အဆင့်ဖြင့် ဦးစီး(၁)ဌာနစိတ်တာဝန်ခံ လုပ်နေသဖြင့် စာရေးသူရဲ့ဆရာဖြစ်ခဲ့ပါသည်။ ဆရာက ရဲမှူး(ဦးစီး)တာဝန်ဆောင်ရွက်ရပါသည်။ ရန်ကုန်တိုင်းတွင် စာရေးသူရှိခဲ့စဉ်က ဆရာသည် မင်္ဂလာတောင်ညွန့်နှင့် ပန်းပဲတန်း ခြံနယ်များတွင် ရဲအုပ်(စခန်းမှူး) တာဝန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်များ ဆောင်ရွက်နေသည်ကို သိပါသည်။ ထိုအချိန်ကတည်းက ဝင်းသောင်(ရမည်းသင်း)ကလောင်အမည်ဖြင့် စာတွေရေးနေသည်ကိုလည်း သိနေခဲ့ပါသည်။ စာရေးသူကတော့ စာရေးဆရာ ဘသက်ဆွေ (တပ်ထဲအတူဝင်ခဲ့ကြသည့် သူငယ်ချင်း)က "မင်း မှုခင်းစုံမဂ္ဂဇင်းမှာ သုံးပေးမယ်" ပြောလို့ သူ့အကူအညီဖြင့် စာပေနယ်သို့ ရောက်ခဲ့သူဖြစ်ပါသည်။

မကွေးတိုင်းရဲတပ်ဖွဲ့မှူး ရုံးတွင် ဆရာဝင်းသောင်ရောက်လာပြီး မကြာမီ စာရေးသူလည်း နှတ်မောက်မြို့နယ်သို့ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်ဖြင့် ပြောင်းရွှေ့ခဲ့သဖြင့် ဆရာနှင့် မကွေးတိုင်း ရုံးတွင် သိပ်ပြီးကြောကြာမတွေ့လိုက်ရပါ။ ယခုရေးသည့်စာမူဖြစ်ရပ်မှန် မဂ္ဂဇင်း၌ ဖော်ပြခံရပါက စာရေးသူကို ဆရာကောင်းစွာ မှတ်မိသွားမည်ဖြစ်ပါသည်။

စာရေးသူသည် တာမွေရဲစခန်း၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က မကြာခဏ နံနက်ရုံးချိန်ဆိုလျှင် အမှတ် (၂) လိုင်းကား(ဟီးနိုးလေး)နှင့် အမှတ် (၁) ဘတ်စ်ကားလိုင်းကားများသည် ကားပေါ်၌ ပိုက်ဆံအိတ်အနှိုက်ခံရသဖြင့် တာမွေရဲစခန်းဝင်းထဲ မကြာခဏ ကားကြီးများ မောင်းဝင်လာတတ်ပါသည်။ ထိုကားများဝင်လာလျှင် ကားပေါ်ပါခရီးသည်များ လုံးဝမဆင်းစေဘဲ ကားပေါ်သို့ တက်ရောက်ပြီး ရဲတပ်ဖွဲ့ဝင်များက ခရီးသည်ပါသွားသည့် ပိုက်ဆံအိတ်ကို မွေနှောက် ရှာဖွေကြရပါသည်။ ထို့အပြင် မသင်္ကာသူများကိုလည်း အဓိကထားရှာဖွေရပါသည်။ ယခင်အတွေ့အကြုံအရ ကားပေါ်၌ ပိုက်ဆံအိတ်ကို မသိမသာ ချထားတတ်သဖြင့် ခရီးသည်များအား မိမိတို့ ခြေချထားသည့်အနီးတစ်ပိုက်၌ ဂရုစိုက်ကြည့်ထားရန် အော်ပြောရပါသည်။ ထိုသို့ အော်ပြောသည့်အခါ ခါးပိုက်နှိုက်က ပိုက်ဆံအိတ်ကို ကားပေါ်သို့ မချတော့ဘဲ ဟီးနိုးကားအမိုးလေဝင်ပေါက်မှနေပြီး ကားခေါင်မိုးပေါ်သို့ မသိမသာတင်ထားသည်ကို ရှာဖွေတွေ့ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချုပ်ကားဖြင့် ပို့အပ်ပြီး ရမန် (၁၄) ရက် သို့မဟုတ် ရမန် (၂၈)ရက် ယူပြီး အင်းစိန်ထောင်သို့ ပို့ခဲ့ပါသည်။ ရမန် (၂၇) ရက်ယူပြီး ပြန်လွှတ်လိုက်သည့်သူများက ပြည်ထောင်စုပွဲကြိုး ကျင်းပပြီးစီးသွားမှသာ ထောင်က ထွက်ခဲ့ကြရပါသည်။

ခါးပိုက်နှိုက်ခေါင်းဆောင် ချစ်စိန် ကို မသက်မှုဖြင့် ဖမ်းဆီးစစ်ဆေးသည်ကို ပြန်ကောက်ရလျှင် ချစ်စိန်အား စစ်ဆေးသူက နယ်ထိန်းတပ်ကြပ်ကြီး ထွန်းထွန်းအောင် ဖြစ်ပါသည်။

"ဦးချစ်စိန် ... ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ"

"အသက် (၆၂)နှစ် ရှိပါပြီ ဆရာ"

တစ်ခါတစ်ရံတော့လည်း ခါးပိုက်နှိုက်က ကျောက်မြောင်းမှတ်တိုင် လောက်တွင် ဆင်းသွားသဖြင့် ပိုက်ဆံအိတ်ကို လုံးဝ မရလိုက်သည့်အခါလည်း ရှိပါသည်။ ခါးပိုက်နှိုက်ဆိုသည့် အချောင်နှိုက်စားနေကြသော ဒုစရိုက်သမားတွေကလည်း လည်လို့ လုပ်စားနေကြသူတွေမို့ အရောင်အတိမ်းကလည်း ဂျက်စီဂျိမ်းဖြစ်နေပါလားဟု တွေးမိပါသည်။ ပစ္စည်းမတွေ့သော်လည်း ခရီးသည်တင် ဘတ်စ်ကားပေါ်၌ ပြစ်ချက်ဟောင်း ရှိသည့် ခါးပိုက်နှိုက်တွေ့လို့ကတော့ ဖမ်းဆီးစစ်ဆေးပြီး အချုပ်ထဲထည့်၊ ရိုမန်နှစ်ပတ်လောက်ယူပြီး ပြန်လွှတ်ပေးခဲ့ရသည်လည်း ရှိပါသည်။ ကြုံတင် ကာကွယ်မှုဖြင့် အရေးယူလိုက်ခြင်း ဖြစ်ပါသည်။

တစ်ခါက ခါးပိုက်နှိုက် ခေါင်းဖြူ ချစ်စိန်ဆိုသူကို မသက်မှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ပါသည်။ ခေါင်းဖြူ ချစ်စိန်မှာ ဆံပင်တွေဖြူနေပြီး အသက် (၆၂)နှစ်ခန့်ရှိနေသူ ဖြစ်ပါသည်။ တောင်ဥက္ကလာပမြို့နယ်တွင် နေသူ ဖြစ်ပါသည်။ တာမွေရဲစခန်း၌ ချစ်စိန်၏ ကိုယ်ရေးမှတ်တမ်းရှိသူလည်း ဖြစ်ပါသည်။ ယခင်ကလည်း ခေါင်းဖြူချစ်စိန်အား မသက်မှုဖြင့် သုံးလေးကြိမ်ခန့် ယခုလိုပဲ ကြိုတင်ကာကွယ်မှုဖြင့် အရေးယူခဲ့ရသူ ဖြစ်ပါသည်။

ထိုအချိန်က ကျိုက္ကဆံကွင်းကြီး၌ ပြည်ထောင်စုနေ့ကို နိုင်ငံတော်မှ နှစ်စဉ်ကျင်းပမြဲဖြစ်ပါသည်။ ကျိုက္ကဆံကွင်းအပိုင်ဇရိယာက တာမွေရဲစခန်း ဖြစ်ပါသည်။ အဲဒီပြည်ထောင်စုပွဲဆင်နွှဲရာ ကျိုက္ကဆံကွင်းကြီး၌ 'စံပြရဲစခန်း' ဆောက်လုပ်ပြီး အဲဒီစံပြရဲစခန်းမှာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများက အလှည့်ကျ လာရောက် တာဝန်ယူရပါသည်။ အခြားအဆင့်ဖြစ်သည့် အကြပ်တပ်သားများလည်း ထိုစံပြရဲစခန်းသို့ အလှည့်ကျ လာရောက်လဲလှယ် တာဝန်ထမ်းဆောင်ရပါသည်။ စံပြရဲစခန်း ရဲအုပ်(စခန်းမှူး)ကိုတော့ စာရေးသူနှင့် တစ်ပါတ်စဉ်တည်း တာမွေရဲစခန်းမှ ရဲအုပ်မင်းဆွေက နှစ်စဉ်တာဝန်ယူရပါသည်။ ထို့အပြင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ အကြို ဌာနနှင့် စီမံထောက်လှမ်းဌာနမှ တပ်ဖွဲ့ဝင်အရာရှိ၊ အကြပ်တပ်သားများလည်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် တာဝန်ချထားခဲ့ပါသည်။

ထို့ကြောင့် ကျိုက္ကဆံကွင်းကြီးသို့ လာရောက်ကြသည့် ပြည်သူလူထု၏ လုံခြုံရေးကို ရှေ့ရှုလျက် ထိုကွင်းကြီးအတွင်း၌ တွေ့ရသည့် ပြစ်ချက်ဟောင်းရှိသည့် ခါးပိုက်နှိုက်၊ လူဆိုး၊ သူခိုးများအား ကြိုတင်ကာကွယ်မှုအနေဖြင့် ဖမ်းဆီးပြီး စံပြရဲစခန်းမှတစ်ဆင့် တာမွေရဲစခန်းသို့

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ခင်ဗျားခါးပိုက်နှိုက်လောကက ပင်စင်ယူလို့ရနေပြီပဲ။ ဘာလို့ပင်စင်မယူသေးတာလဲ"

"ကျွန်တော်တို့က အသက်ကြီးပါပြီဆရာ။ မျက်စိတွေက မကောင်းတော့ပါဘူး။ ဒါကြောင့် လိုင်းကားတွေပေါ်မှာ ကိုယ်တိုင် မလုပ်ရှားနိုင်ပါဘူး။ တက်သစ်လူငယ်တွေနဲ့ ပေါင်းပြီး အဲဒီလိုင်းကားတွေပေါ်မှာ ကျွန်တော်တို့ခါးပိုက်နှိုက်လောကရဲ့အခေါ်တော့ 'အထာပေးအလုပ်' ပေါ့ဆရာ။ အဲဒီအထာပေးအလုပ်လိုက်လုပ်ပေးရတယ်"

"ဘယ်လိုအထာပေးအလုပ်လဲဗျ။ ရှင်းပြစမ်းပါဦး"

"ဒီလိုပါဆရာ ... ကျွန်တော်တို့က ရုံးသမားယောင်ဆောင်ပြီး တိုက်ပုံအင်္ကျီကို စတစ်ကော်လဲနဲ့ ဝတ်၊ နှစ်ဖက်ကိုင်းလက်ဆွဲအိတ်ထဲမှာ ရုံးစာရွက်စာတမ်းလိုလို ဘာလိုလိုတွေထည့်ပြီး အဲဒီကားပေါ်လိုက်ရတယ်။ လူကြုပ်ပြီဆိုရင် ကျွန်တော်တို့ လုပ်ရမယ့်သားကောင်ကို အဲဒီကိုင်းလက်ဆွဲအိတ်ကို ရင်ဘတ်မှာကပ်ပြီး နောက်ကနေ တိုးပေးရတယ်။ နှိုက်မည့်ခါးပိုက်နှိုက်က အဲဒီသားကောင် လူကြုပ်လို့ အတိုးခံနေရတုန်းမှာ လုပ်လိုက်တာပဲ ဆရာ။ အဲဒါကို အထာပေးအလုပ်လို့ခေါ်တာပါ"

"ခင်ဗျားတို့က အဲဒီလိုလုပ်ပေးရတာ ကိုက်ကောကိုက်ရဲ့လား"

"ဒီလိုပဲပေါ့ ဆရာ။ ရတဲ့အခါလည်း ရ၊ မရတဲ့အခါလည်း မရဘူးပေါ့"

"အခု ဒီနေ့ကော ဈေးဦးပေါက်ပြီလား"

"ဘယ်ရဦးမလဲ ဆရာ။ အခုမှ မြင်သာဂိတ်အစက တက်လာတာ။ သခင်မြမန်းခြံမှာ အဖွဲ့တွေဆုံကြမှာလေ"

"ခင်ဗျားနဲ့တွဲနေကြ အိုးစုရုပ်ကွက် (၂) လမ်းက ဦးထွန်းစိန်ကော မပါဘူးလား"

(ထိုအချိန်က အိုးစုရုပ်ကွက်ရှိသေးသည်။ ယခုတော့ ထိုရုပ်ကွက်မရှိတော့ပါ။)

"ဦးပန်းစိန်က အသက် (၇၀) ကျော်နေပြီဆရာ။ သိပ်မလှုပ်ရှားနိုင်တော့ဘူး။ ဦးထွန်းစိန်နဲ့ နှစ်ယောက်လိုက်ဖြစ်ရင်တော့ သူက ကားရဲ့အရှေ့ပေါက်က တက်၊ ကျွန်တော်က အနောက်ပေါက်က တက်ပြီး ညှပ်ပူးညှပ်ပိတ် ကားပေါ်မှာ လှုပ်ရှားကြပါတယ်"

"အေးဗျာ ... ခင်ဗျားတို့ လောကကလည်း မလွယ်ပါလား။ မကောင်းတဲ့ဒုစရိုက်အလုပ်ဆိုတာကော စဉ်းစားမိရဲ့လား"

"ဘယ်မစဉ်းစားဘဲနေမှာလဲ ဆရာရယ်။ သူများစိတ်မချမ်းမသာဖြစ်ရတဲ့အလုပ်ဆိုတာ သိတာပေါ့။ ဒါကြောင့်လဲ ဘယ်လောက်ပဲရရ အဲဒီငွေက လက်ထဲ တစ်ရက်ပြည့်အောင် ကိုင်ရဖို့ အတော်ခဲယဉ်းတယ်ဆရာ။ မသမာလုပ်ပြီးရတဲ့ငွေမို့လား မသိဘူး လက်ထဲ ပူအောင်တောင် မကိုင်ရပါဘူး ဆရာ"

"ဒီလိုအတွေးကောင်းတွေရှိလျက်နဲ့ ဘာလို့ ဒီအလုပ်ကို ဆက်လုပ်နေရတာလဲ ဦးချစ်စိန်"

"ဩော် ... ဆရာရယ် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီအလုပ်ကို စွန့်ရမှာပေါ့။ ဝင့်ကြွေးမကုန်သေးလို့ ဆက်လုပ်နေရတယ်လို့ပဲပြောရမှာပဲ"

"ခင်ဗျားအသက်ပဲ ခြောက်ဆယ်ကျော်နေပြီ။ နောင်တစ်ဘဝ၊ သံဝေ

www.burmeseclassic.com

www.burmeseclassic.com

တွေ မရသေးဘူးလား''

''ကျွန်တော် ဆရာ့ကိုပြောပြီးပြီကော။ ဝဋ်ကြွေးပါလို့ နောင်သံသရာမှာ ဒီဝဋ်ကြွေးကို ကျွန်တော် ပြန်ခံရမယ်ဆိုတာ သိပါတယ်''

''ကဲ ... ဒါဆိုလည်း ခင်ဗျားတစ်လလောက် ထောင်ထဲမှာ ဘုရားအလုပ်၊ တရားအလုပ်တွေ သွားလုပ်လို့ရအောင် အင်းစိန်ထောင်ထဲ သွားနေလိုက်ဦး။ ရမန်ရက်စေ့လို့ အပြင်ရောက်ခဲ့လျှင် ဒီအလုပ်က သံဃရပြီး ခင်ဗျား ရာသက်ပန်စွန့်လိုက်ရင် ကျုပ်လည်း ကုသိုလ်ရ၊ ခင်ဗျားလည်း ကုသိုလ်ရပေါ့''

''ဆရာတို့သဘောပါ ဆရာရယ်။ ကျွန်တော်လည်း ထောင်ထဲတော့ ငါ ရောက်ဦးမှာပဲဆိုတာ အခုလိုင်းကားပေါ်မှာ စအဖမ်းခံရက တည်းက တွက်ဆပြီးသားပါ''

နောက်တစ်နေ့မှာတော့ ခေါင်းဖြူဦးချစ်စိန်ကို ရမန်ဟူပြီး အင်းစိန်ထောင်သို့ ပို့လိုက်ပါသည်။ ပထမအကြိမ် ရမန် (၁၄)ရက်၊ ဒုတိယအကြိမ် ရမန် (၁၄)ရက်၊ စုစုပေါင်း (၂၈) ရက်တော့ အင်းစိန်ထောင်အတွင်းနေရမှာဖြစ်ပြီး ရမန် (၂၈) ရက်စေ့လျှင်တော့ ဦးချစ်စိန်အား ကွင်ထုံးပုဒ်မ-၁၆၃ ဖြင့် ကိုယ်တိုင်ခံန်ပြုလုပ် လွှတ်ပေးရမည်ဖြစ်ပါသည်။

သို့သော် ဦးချစ်စိန်တစ်ယောက်



ထိုရမန်ကာလ (၂၈) ရက်ကို ထောင်ထဲ၌ ဘုရား၊ တရားအလုပ်ကို တကယ်လုပ်မလား။ ဒါမှမဟုတ် သူတော်အချင်းချင်း သတင်းလွှဲလွှေ့ဆိုသည့်စကားအတိုင်း ထောင်ထဲ၌ အပေါင်းအသင်းဟောင်းတွေနဲ့ တွေ့ပြီး ခါးပိုက်နှိုက်လောကရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို စီမံချက်ချ ဆွေးနွေးမလားဆိုတာကတော့ ဦးချစ်စိန်တစ်ယောက်ပဲ သိပါမည်။ လူတွေက အသက်အရွယ်ကြီးလာသည့် အခါ အေးပတ်ဝန်းကျင်က ဘယ်လိုမှ ဆုံးမလို့မရနိုင်။ မိမိကိုယ်မိမိ ဆုံးမမှ ရနိုင်သည် မဟုတ်လား။

ယခုလည်း ကြည့်ဦးလေ ... ဝဋ်ကြွေးဆိုတာကို ဦးချစ်စိန်က နောင်သံသရာမှ ခံရမည်ဟု လွဲမှားစွာ နားလည်နေသည်။ အခုချက်ချင်း ထောင်ထဲ ရက်ပေါင်း (၂၈) ရက် သွားနေရမည်ကို ဝဋ်ကြွေးလို့ မမြင်။ ရတနာမြတ်သုံးပါးနှင့် ကင်းဝေးပြီး၊ ငါးပါးသီလကိုမှ မစောင့်ထိန်းနိုင်လျှင် သံသရာဝဲဂယက်အတွင်းက ဘယ်လိုလွတ်မြောက်မှုရှိနိုင်ပါ့မလဲ။ ဦးချစ်စိန်တစ်ယောက် ဘဝအမျိုးမျိုးနှင့် နောင်သံသရာ ဝဲဂယက်မှာ စုံဆန့်မျောနေဦးမည်သာ မဟုတ်ပါလား။

မောင်မောင်အောင်မင်း(ဒဿနိက)

www.burmeseclassic.com

www.burmeseclassic.com

ငွေ ကြက်မင်

ထွန်းကောက်ထွင် (သချင်း)

မှိုကမြင်လေး ၏ အသုံးသတ်ပုံဆိုင်ရာများ

www.burmeseclassic.com

www.burmeseclassic.com

မိုက်မဲခြင်းတို့အဆုံးသတ်ပုံရိပ်များ

[၁]

မှုန်ဝါးနေတဲ့ ညတစ်ညရဲ့ ကောင်းကင်ယံက တိမ်မည်းညို တစ်အုပ်ဟာ လမင်းကို ဖုံးကွယ်လိုက်တဲ့အတွက် ပိုလို့မှောင်မည်းသွားခဲ့ပါတယ်။

ခဏတာ မီးပျက်နေတဲ့အချိန်မို့ အိမ်စုတ်ကလေးတွေဟာ စီတန်းနေတဲ့ ဆင်ခြေဖုံးရပ်ကွက်အစွန်ဘက်က လမ်းသွယ်ကလေးဟာ အသက်မဲ့နေတာလည်း သေချာပါတယ်။ သိပ်မကြာခင်မှာပဲ ဆိုးဆိုးဝါးဝါး ထွက်ပေါ်လာတဲ့ ညဉ့်ငှက်တစ်ကောင်ရဲ့ အော်သံနဲ့အတူ အိမ်စုတ်ကလေးပေါ်က ဆင်းချလာတဲ့လူတစ်ယောက်ဟာ ဒယိမ်းဒယိုင်ပုံစံနဲ့ပဲ လမ်းသွယ်ကလေးထဲက ထွက်ခွာသွားခဲ့ပါတယ်။ နာရီဝက်လောက်ကြာသွားတဲ့အခါမှာတော့ တိမ်မည်းညိုတွေကြားထဲက လမင်းဟာ ခေါင်းပြူထွက်၊ ကိုယ်ထင်ပြလာခဲ့သလို ဓာတ်တိုင်ဆီက လမ်းမီးတချို့ဟာလည်း ပြန်လင်းလာတဲ့အတွက် ဆွဲခြင်းတောင်းတစ်လုံးရွက်ရင်း အိမ်ပြန်လာတဲ့ အသက် (၄၀) ကျော်အရွယ် မည်းမည်းဝဝ ဒေါ်ခင်လှအဖို့ အချိန်ကိုက် အံကိုက် လမ်းပြပေးတဲ့အလင်းရောင်လို ဖြစ်သွားခဲ့တာပါပဲ။ ဒေါ်ခင်လှတစ်ယောက် အိမ်စုတ်ကလေးပေါ်လှမ်းတက်လိုက်စဉ်မှာတော့ လမ်းထိပ်မီးကင်းတဲဆီက သံချောင်းခေါက်သံ ဆယ့်နှစ်ချက်တိတိ ထွက်ပေါ်လာခဲ့ပါတော့တယ်”

“ဒေါင်ဒေါင် ... ဒေါင်ဒေါင် ဒေါင် ...”

###

[၂]

အိမ်စုတ်ကလေးရဲ့ နောက်ဘက်အဖီထုတ်ထားတဲ့ မီးဖိုချောင်ထဲက ငူငူငိုင်ငိုင်ပုံစံနဲ့ ထမင်းအိုးတည်နေရှာတဲ့ အသက် (၁၈) နှစ်အရွယ် လှတပတ စံပယ်မဟာ ဆူပွက်စပြုလာတဲ့ ထမင်းအိုး ဝေမကျအောင် စလောင်းဖုံးကိုဖွင့်ရင်း ယောက်မနဲ့ ထိုးမွှေလိုက်ပါတယ်။ မိခင်ဖြစ်သူ ဒေါ်ခင်လှနဲ့ ပထွေးဖြစ်သူ အသက် (၄၀)အရွယ် အသားမည်းမည်း၊ ဗလခပ်တောင့်တောင့် စံမြတို့ နှစ်ယောက်ကတော့ အိမ်ရှေ့ခန်းမှာ ဟောက်သံကိုယ်စီပေးရင်း ပိုးလိုးပက်လက် ပုံစံတွေနဲ့ အိပ်မောကျနေဆဲပါပဲ။

စံပယ်မတစ်ယောက် ဘဉ်ကြော်နဲ့ ကင်ပွန်းချဉ်ရွက်ဟင်းချို ချက်ပြီးသွားတဲ့နောက်မှာတော့ ငါးပိရည်ကျိုအိုးကို ထပ်နွေးရင်း ထမင်းဝိုင်းပြင်လိုက်စဉ်မှာပဲ ဒေါ်ခင်လှတစ်ယောက် နိုးလာခဲ့ပါတယ်။

“ဟဲ့ ... စံပယ်မ ညတုန်းက စံမြ ဘယ်အချိန်အိမ်ပြန်လာသလဲ”

ဒေါ်ခင်လှရဲ့ အမေးစကားကြောင့် ဆတ်ခနဲထိတ်လန့်သွားတဲ့ စံပယ်မဟာ ခေါင်းတစ်ချက်ကုတ်လိုက်ရင်းကပဲ ...

“ဟို ... ဟို ... အမေ့ထက် စောမယ်ထင်တာပဲ။ သမီးလည်း မသိဘူး”

“စံပယ်မကတော့ တောက်တီးတောက်တဲ့လုပ်နေပြန်ပါပြီ။ ငါ့ထက် စောရောက်စရာရှိလို့လားဟဲ့။ ငါ ပြန်လာတဲ့ ဆယ်နှစ်နာရီတောင် နင့်ပထွေးကဖြင့် အိမ်ပေါ်မရောက်သေးဘူး”

www.burmeseclassic.com

www.burmeseclassic.com

"အမေရောက်ပြီးမှ ရောက်လို့ ဖြစ်မှာပေါ့။ သမီးလည်း အိပ်ပျော်နေတဲ့ဥစ္စာ။ ဘယ်သိပါ့မလဲ"

မဖြေချင်ဖြေချင်ပုံစံနဲ့ ဖြေဆိုလိုက်တဲ့ စံပယ်မရဲ့စကားကြောင့် မျက်နှာမဲ့သွားတဲ့ ဒေါ်ခင်လှဟာ ...

"အေး ... အေး ... အိပ်... အိပ် ... သေအောင်သာအိပ်။ ဘယ့်နယ်တော် မိန်းမပျိုကလေးတဲ့၊ အိပ်လိုက်ပြီဆိုရင် ပက်လက်ကြီးနဲ့ အသေကောင်လိုပဲ။ ဘာဆိုဘာမှ မသိတော့ဘူး။ ညည်းတော့ ခုကွာတွေဦးမယ် စံပယ်မ"

ဒေါ်ခင်လှရဲ့စကားကြောင့် မျက်ရည်ဝဲသွားတဲ့ စံပယ်မဟာ ကျဆင်းလှလှမျက်ရည်တချို့ကို အင်္ကျီ လက်မောင်းနဲ့ ကျိတ်တိုလိုက်ရင်းကပဲ လုပ်စရာရှိတာတွေ ဆက်လုပ်နေခဲ့ပါတယ်။ သွားတိုက်၊ မျက်နှာသစ်ပြီး ထမင်းစားပွဲနားထိုင်ချလိုက်တဲ့ ဒေါ်ခင်လှကတော့ ...

"ဟဲ့ ... စံမြ ... ဟဲ့ ... စံမြ ထတော့လေ။ အောင်မလေး နေမွန်းတည့်ခါနီးကြီးတောင် ကုလားသေ ကုလားမောအိပ်နေရတယ်လို့။ ထစမ်း မြန်မြန်။ ညဘက်ဆို သောက်ရေတွေသောက်လာပြီး ပြန်ချင်တဲ့အချိန်မှပြန်၊ အိပ်ချင်တဲ့အချိန် ဝင်အိပ်၊ ထချင်တဲ့အချိန် ထနဲ့။ ဒီနေ့လည်း အလုပ်သွားဖို့ အချိန်မမီတော့ပြန်ဘူး။ ဒီလိုလူမျိုးကို ယူထားမိတာကိုက ငါးပါးမှောက်တာပဲ။ ထဟဲ့ ... သေနာ။ ဒီမှာ မျိုးဖို့ဆိုဖို့ အဆင်သင့်ဖြစ်နေပြီ ... ဟွန့်"

ငယ်ကြောက်ပီပီ ဒေါ်ခင်လှရဲ့ ဌက်ဆိုးထိုးသံကြီးတွေကြောင့် မထချင် ထချင်ပုံစံနဲ့ အိပ်ရာထဲက အမြန်ထလိုက်ရတဲ့ စံမြဟာ အပျင်းတစ်ချက်ဆန့်လိုက်ရင်းကပဲ ရေတံကင်ရှိရာဘက် လျှောက်သွားခဲ့ပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လိုက်ပါတယ်။ အဝတ်ဟောင်းတစ်စုံကောက်လဲလိုက်ပြီးတဲ့နောက်မှာတော့ ထမင်းဝိုင်းအနား ထိုင်ချလိုက်ရင်းကပဲ အိတ်ကပ်ထဲက ငွေနှစ်ထောင်ထုတ်ရင်း ဒေါ်ခင်လှကိုကမ်းပေးလိုက်ပါတယ်။

"ညတုန်းက ကုန်ကားအဝင် နည်းလို့ နှင့်ပေးမယ့် ငွေ (၂၀၀၀) မပြည့်မချင်း စောင့်လိုက်ရတာဟာ။ နာရီပြန်တစ်ချက်ကို တီးရော။ ငါပြန်လာတော့ နင်တို့သားအမိတောင် အိပ်မောကျနေကြပြီဆိုတော့ မနှိုးချင်တာနဲ့ဘဲ ငါ့ဘာသာငါ ခြေလက်ဆေး၊ ထမင်း ခူးခပ်စားပြီး အိပ်လိုက်တာ နေ့ခင်းဘက်ကို ကူးရောပဲ။ ဒီနေ့တော့ အချိန်လည်း သိပ်မရှိတော့ဘူး ဆိုတော့ နားမယ်ဟာ။ နှင်ကော သွားဦးမှာလား"

"သွားရမှာပေါ့ဟဲ့ စံမြရဲ့။ နင်ပေးတဲ့ တစ်ရက်ခြားနှစ်ထောင်ဆိုတဲ့ငွေက ငါတို့မိသားစု (၃)ယောက် အတွက် စားစရိတ်တောင် အလျှင်မမီချင်ဘူး။ ဒီကြားထဲ အိမ်လခနဲ့ စံပယ်မ ကျောင်းစရိတ်က ရှိသေးတယ်။ ငါ အလုပ်မသွားဘဲ နှင့်လုပ်စာနဲ့ ထိုင်စားရင် ထမင်းငတ်ရုံရှိတော့မှာပေါ့။ ကဲ ... ကဲ ... စံပယ်မ ထမင်းစားပြီးတာနဲ့ ကျူရှင်သွားတော့။ ကျူရှင်ကို အချိန်ပြည့်တက်နော်။ မရှိမဲ့ရှိမဲ့ကြားထဲက ဆယ်တန်းလေး အောင်ပါစေတော့ဆိုပြီး ကျောင်းထားပေးခဲ့တာ။ ကျဖြစ်အောင် ကျရတယ်လို့။ ဒီနှစ်ထပ်ကျလို့ကတော့ ကျောင်းထွက်ပြီး ငါနဲ့အတူ ကုန်စိမ်းလိုက်ရောင်းဖို့ စဉ်းစားထား"

ဒေါ်ခင်လှရဲ့စကားကြောင့် ဝိုင်ချင်ရက်လက်တို့ဖြစ်သွားရတဲ့ စံပယ်မတစ်ယောက် မျက်ရည်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကျလာခဲ့ပါတယ်။ စံမြကတော့ စူးစူးရဲရဲမျက်ဝန်းတစ်စုံနဲ့ စံပယ်မကို စိုက်ကြည့်နေဆဲ။

###

[၃]

မနက်မိုးလင်း အိပ်ရာထကတည်းက ကိုယ်လက်မအီမသာဖြစ်နေတဲ့ စံပယ်မဟာ ထမင်းအိုးတည်နေရင်းတန်းလန်းကပဲ ပို့ချင်အန်ချင်လာတဲ့အတွက် ရေတုံကင်ရှိရာဘက် ပြေးသွားခဲ့ပါတယ်။

"အေ့ ... ဝေါ့ ... အေ့... အေ့"

စံပယ်မရဲ့ မူပျက်နေတဲ့ပုံဟန်ကို နေ့စဉ်နီးပါး အကဲခတ်မိတဲ့ ဒေါ်ခင်လှဟာ ရေတုံကင်အနားမှာ ပို့အန်နေလာတဲ့ စံပယ်မကိုကြည့်ရင်း ငယ်ထိပ်ခြေပေါက်သလို ခံစားသွားခဲ့ပါတယ်။

"စံပယ်မ ... ညည်း ... ညည်း ... ငါ ဒီလောက်အထိ ပြောဆိုဆုံးမ သတိပေးနေတဲ့ကြားထဲက ခုလိုဖြစ်ရသတဲ့လား။ ပြောစမ်း။ ဒါ ဘယ်သူ့လက်ချက်လဲ။ ဟဲ့ ... ငါ မေးနေတယ်လေ စံပယ်မ။ ဘယ်သူ့လက်ချက်လဲလို့။ ကဲဟယ် ... ကဲဟယ်"

"ဖြန်း ... ဖြန်း"

"အီးဟီးဟီး ... အမေရယ်"

တုံကီဘာဝေလုပ်ရင်း ငိုလို့သာနေနေတဲ့ စံပယ်မရဲ့လုပ်ပေါက်ကို ဒေါ်သထွက်သွားရတဲ့ ဒေါ်ခင်လှဟာ စံပယ်မလက်ကို အတင်းဆွဲရင်း အိမ်ပေါ်တက်သွားပြီးနောက်မှာတော့ ...

"ဟဲ့ စံမြ ... ဟဲ့အကောင် စံမြ ထစမ်း။ သေ-ဆိုး။ ခုချက်ချင်းထ"

ဒေါ်ခင်လှရဲ့ ငှက်ဆိုးထိုးသံကြီးကြောင့် လန့်နိုးသွားရတဲ့ စမြဟာ အိပ်ချင်မူးတူး၊ နဝေတိမ်တောင်ပုံစံနဲ့။

"ဘာ ... ဘာလဲဟ ခင်လှရဲ့။ နှင့်ဥစ္စာက အလန့်တကြား"

"ဘာအလန့်တကြားရမှာလဲ။ စံပယ်မ ခု ဗိုက်ကြီးနေပြီလေ။ အဲဒါနှင့်လက်ချက်မဟုတ်လို့ ဘယ်သူ့လက်ချက်ဖြစ်ရမှာလဲဟဲ့ သေနာကောင်ရဲ့"

"ငါ ... ငါ မဟုတ်ရပါဘူး ခင်လှရယ်။ မယုံရင် နင် နှင့်သမီးမေးကြည့်ပါ"

"တော်တော့။ ဘာမှဆက်မပြောနဲ့တော့။ ပထွေးကျင့် ပထွေးကြံကြံတဲ့ကောင်။ နှင့်အချိုးတွေကို ငါ မသင်္ကာဖြစ်နေတာ ကြာပြီဟဲ့။ ဒီနေ့တော့ နှင်နဲ့ငါ တွေ့ပြီသာမှတ်"

ပြောရင်းဆိုရင်း နောက်ဖေးကသားလှီးဓားပြေးယူလိုက်တဲ့ ဒေါ်ခင်လှရဲ့လုပ်ရပ်ကြောင့် စံပယ်မကော စံမြပါ စိုးရိမ်ထိတ်လန့်သွားခဲ့ပြီ။

"ဟာ...ခင်လှ ... နင် မှားမယ်နော်။ မလုပ်ပါနဲ့။ ငါ ... ငါ မဟုတ်ပါဘူး"

"မရဘူး။ မပြေးနဲ့ သေနာကောင်"

"အမေရေ ... မလုပ်ပါနဲ့။ အဖေမဟုတ်ပါဘူး။ သခင် ပြော"

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှလာမပြောနဲ့။ ဘာမှလာမပြောနဲ့"

"ကယ်ကြပါဦး အရပ်ကတို့ရေ"

"အား"

ဒါပေမယ့် စံပယ်မဘဝ ကံဆိုး ခဲ့ပါတယ်။ ကံဆိုးတယ်ဆိုတာထက် 'အသိ၊ အမြင်၊ အတွေးအခေါ်၊ အယူ အဆတွေ ဆိုးခဲ့တာ'လို့ စံပယ်မ ဝန်ခံ ပါတယ်။ ဝန်ခံဆို စံပယ်မဘဝ ပျက် စီးခဲ့တာ သူကြောင့်ပါ။ သူဆိုတာက ကျော်မိုးပေါ့။ စံပယ်မ ကိုးတန်းနှစ် ကတည်းက ချစ်ကြိုက်ခဲ့တဲ့ရည်းစား ပါ။ စံပယ်မရဲ့အညွှန့်တလူလူတက် နေတဲ့ ဘဝတစ်ခုကို ချေမွှဲခဲ့ပြီး တာဝန်မယူချင်ဘဲ ရှောင်ဖယ်ဖယ်လုပ် ခဲ့တဲ့ ကျော်မိုးကြောင့် ဒီပြဿနာတွေ ဖြစ်ခဲ့ရတာပါလေ။ ဒါတွေကို အမေ မသိခဲ့ဘဲ ဦးစံမြကို ဓားနဲ့ထိုးသတ် လိုက်လို့ ခုဆိုရင် အမေဟာလည်း ထောင်ထဲ ရောက်သွားခဲ့ပါပြီ။ ဒုက္ခ ပေါင်းစုံကြားထဲမှာ ကိုယ်လော လက်ဝန်ကြီးနဲ့ ကူရာ ကယ်ရာမဲ့နေတဲ့ စံပယ်မဘဝကို ကူညီဖေးမမယ့်သူ ပေါ်လာတယ်။ စံပယ်မနဲ့ရည်းစားဖြစ် နေတာကို သိထားတဲ့ ရပ်ကွက်ထဲက လူတချို့ရဲ့ ပြောဆို၊ ကိုက်တွန်း၊ အကြံ ပေးကြတဲ့ စကားတွေကြောင့် သာ ကျော်မိုးဘက်က စံပယ်မကို တာဝန် ယူခဲ့တာပါလေ။ တကယ်တော့ စံပယ်မရဲ့အနေအထိုင် မတတ်မှုတွေ ကြောင့် စံပယ်မတို့ မိသားစုဘဝတွေ ဟာ အရှက်တကွဲ အကျိုးနည်းနဲ့ ကပြောင်းကပြန်ဖြစ်ခဲ့ ရတာတောင် အမှန်ပါပဲ။

ဘာပဲပြောပြော စံပယ်ရဲ့ ကိုယ်

"ကယ်ကြပါဦး အရပ်ကတို့ရေ"

"အား"

❀❀❀❀

စံပယ်မ

စံပယ်မတို့ဘဝကိုက ဆိုးလွန်းပါတယ်။ ဆိုးဆို စံပယ်မအသက် (၅)နှစ်အရွယ်မှာပဲ အဖေဆုံးခဲ့ပြီး အမေ မုဆိုးမနဲ့ ကသီလင်တဘဝ တစ်ခုကို ကျော်လွှားဖြတ်သန်းကြရင်း စံပယ်မ အသက် (၈)နှစ်လောက်မှာ ပဲ။ ပထွေးဦးစံမြနဲ့ အမေ လက်ထပ် ခဲ့တာမျိုးပါ။

ဦးစံမြနဲ့အမေတို့ လက်ထပ် စကာလတွေမှာ အဖေအရင်းဆိုတာကို မှတ်မှတ်မိမိရှိနေသေးတဲ့ စံပယ်မ အတွက် ဦးစံမြဟာ သူစိမ်းသက်သက် ဖြစ်နေခဲ့ပေမယ့် အချိန်ကြာလာတာ နဲ့အမျှ ဦးစံမြအပေါ် အဖေအရင်း လောက်နီးနီး တွယ်တာခဲ့တာ သေချာ ပါတယ်။ ဒီလိုနဲ့ပဲ အလှအပတွေ အစွမ်းကုန်ဖူးပွင့်ပြီး အရွယ်ရောက်လာ တဲ့ စံပယ်မအပေါ် ဦးစံမြဘက်က ဘယ်လိုသဘောထားတယ်ဆိုတာ သေချာမသိခဲ့ပေမယ့် စံပယ်မစိတ်ထဲ မှာတော့ ဦးစံမြဟာ စံပယ်မအဖေလို့ ပဲ စိတ်ထဲရှိခဲ့တာမျိုးပါ။ ရှိလောက် အောင်ကို "သမီး ... သမီး"နဲ့ ပါးစပ်ဖျားက မချသလို စံပယ်မ အတွက် လိုအပ်တဲ့အလှအပပစ္စည်း၊ ကျောင်းသုံးပစ္စည်းတွေကို မကြာ မကြာပံ့ပိုးပေးခဲ့တာ ဦးစံမြပါ။ ဒါပေ မယ့် အမေကတော့ စံပယ်မနဲ့ ပတ် သက်လာရင် ဦးစံမြအပေါ် ဘာ တစ်ခုမှ အလစ်မပေးဘဲ သံသယ မျက်ဝန်းစုံနဲ့ စောင့်ကြည့်ခဲ့တာ စံပယ်မ အပျိုဖော်ဝင်ကတည်းက ဆို ပါတော့။ ဘာပဲဖြစ်ဖြစ် အမေစိုးရိမ် ခဲ့သလို ဦးစံမြဘက်က စံပယ်မကို ကိုယ်ထိလက်ရောက် မစော်ကားခဲ့ သလို စကားအရာနဲ့တောင် ရိသဲ့သဲ့ မပြောတတ်ခဲ့တာမျိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘဝကိုယ် တန်ဖိုးမထားတတ်တဲ့ မိုက်မဲမှုကြောင့် ခုလိုဖြစ်သွားကြရတာပါပဲလေ။

ဒေါ်ခင်လှ

စံမြကို ခင်လှယူမယ်လို့ ဆုံးဖြတ်မိကတည်းက ရင်ပူခဲ့ရတဲ့ကိစ္စဟာ စံပယ်မ အသက် (၁၈)နှစ်ရောက်မှ အကောင်အထည်ပေါ်ခဲ့တာကိုပဲ ယူကျုံးမရဖြစ်ရပါတယ်။ ဖြစ်ဆို အပေါစားမိန်းမတွေနဲ့ ခင်လှလစ်ရင် လစ်သလို ဖောက်ပြန်တတ်တဲ့ စံမြနဲ့ စံပယ်မကို စိတ်မချလို့ နည်းမျိုးစုံနဲ့ ကြိုတင်ကာကွယ် တားဆီးခဲ့တာတောင် ဒီလိုအဖြစ်မျိုး ဖြစ်သွားခဲ့သေးတာကိုး။ 'ပထွေးနဲ့ မယားပါသမီး ဟာ တစ်ချိန်ချိန်မှာ ဒီလိုပဲဖြစ်သွားတတ်တယ်ဆိုတာ ကြိုမတွေးခဲ့ဘူးလား' လို့ ခင်လှကို မေးလာကြမယ်ဆိုရင် 'သိတယ်' လို့ပဲ ပြန်ပြောရမှာပါ။ သိသိကြီးနဲ့ တစ်ခုလပ်စံမြကို ဘာကြောင့် ယူခဲ့ ရသလဲဆိုတော့ ''လောကခံကို ရင်မဆိုင်ရဲလို့''ပဲ ပြောပါတော့။ ကိုတင်ဖေဆုံးပြီးကတည်းက ဖုတ်ပူမီးတိုက်၊ ဗျာပါဆိုက်လာတဲ့ ခင်လှတို့သားအမိနှစ်ယောက်ဘဝကို ''သနားတယ်''ဆိုပြီး စံမြဘက်က ''တာဝန်ယူ စောင့်ရှောက်ပေးချင်တယ်''ဆိုလာတော့ ခင်လှလောက် ဝမ်းသာတဲ့သူရှိပါဦးမလား။ စံမြဟာ အရက်သေစာ၊ လောင်းကစား၊ မိန်းမကိစ္စ ဘာတစ်ခုမှ မရှုပ်တဲ့အထိ ရိုးသားခဲ့တာမျိုးပါ။ အဲဒီကာလတွေတုန်းက မောင်တစ်ထမ်းမယ်တစ်ရွက်နဲ့ ခင်လှဘဝ အဆင်ပြေခဲ့ပါတယ်။

အိမ်ထောင်သက်က ကြာ၊ ဝင်ငွေကလေးက ကောင်းလာတော့ ငါးဝေးဘက်မှာ ပိုရတယ်ဆိုပြီး စံမြ အလုပ်ပြောင်းရင်း သောက်တတ်၊ စားတတ်၊ ပွေတတ်၊ ရှုပ်တတ်လာတာပါပဲ။ ခင်လှကို ကြောက်သလိုလိုနဲ့ ခင်လှနောက်ကွယ်မှာ ဖောက်ပြန်ရေး လမ်းစတွေ ထွင်လာတဲ့ စံမြကို အချိန်ရတိုင်း သတိပေး၊ ပတ်ကြမ်းတိုက်လုပ်ခဲ့တာတောင် စံပယ်မကို စော်ကားရက်တယ်ဆိုတော့ ခင်လှစိတ်ထဲ ဘယ်လိုဖြစ်သွားမလဲလို့ စဉ်းစားသာကြည့်ကြပါတော့။ ဒါပေမယ့် ခင်လှပဲ အစိုးရိမ်ကြီးခဲ့သလား စံမြပဲ ကံဆိုးခဲ့တာလား မပြောတတ်ပါဘူး။ စံမြက သေ၊ ခင်လှလည်း ထောင်ကျပြီးမှ စံပယ်မကိစ္စဟာ စံမြလက်ချက်မဟုတ်မှန်း သိခဲ့ရပါတယ်။ အဖြစ်မှန်တွေ သိရတဲ့နေ့က ခင်လှလေ ယူကျုံးမရဖြစ်ပြီး အားရပါးရငိုခဲ့မိပါသေးတယ်။ ဘာပဲပြောပြော ခင်လှအပြစ်ကြွေးကို ခင်လှ ချွေးနဲ့ဆပ်နေရပါပြီလေ။ စံပယ်မကတော့ ထောင်ဝင်စာ မကြာ မကြာ လာတွေ့ပါတယ်။ စံပယ်မနဲ့ ကျော်မိုးတို့ အဆင့်ပြေကြတယ် ပြောတာပဲလေ။

အချိန်တန်လို့ အချုပ်အနှောင်ကလွတ်မြောက်ပြီဆိုရင်တော့ သီလရှင်ဝတ်ရင်း ခင်လှဘဝရဲ့နောက်ဆုံးနေဝင်ချိန်တွေကို ဖြတ်သန်းတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်လေ။

ဘာပဲဖြစ်ဖြစ် ခင်လှရဲ့မိုက်မဲလွန်းလှတဲ့ ဒေါသစိတ်ကြောင့် ခင်လှဘဝဟာလည်း ခုလိုဖြစ်နေရတာပါပဲလေ။

ကျော်မိုး

အနေဆင်းရဲ၊ အစားဆင်းရဲ၊ အဝတ်ဆင်းရဲသလောက် ရုပ်ရည်အချိုးအစားမဆင်းရဲတဲ့ စံပယ်မကို ကျွန်တော် ချစ်ခဲ့တာ ရှစ်တန်းကျောင်းသားအရွယ်ကတည်းပါ။

www.burmeseclassic.com

www.burmeseclassic.com

163

"ငါတို့မိသားစုနေတဲ့ သစ်ပင်ကိုခုတ်လဲတဲ့ကောင်
ခုကွေ့စေရမယ်။
ငါ့သားသမီးတွေရဲ့ခြေထောက် နဲ့မျက်နှာ
ဒဏ်ရာရသလို နင့်ကို လည်း ရစေရမယ်"

121

အမြန်လမ်းက ခရီးသည် တစ်ဦး ၏ မှတ်တမ်း 177

CRIME REPORT

ပုံနှိပ်မှတ်တမ်း
ဖြေလ ၂၀၁၂
ပထမအကြိမ်
တန်ဘိုး ၇၀၀
အုပ်ရေ ၁၀၀၀
ဦးကျော်ဌေးမင်း (ဝ၅၉၉၂)
ဒေါ်အေးသိန်းသန်းပုံနှိပ်တိုက်
အမှတ် ၄၄ (ခ)
မိုဂိုလ်ချုပ်အောင်ဆန်းလမ်း ၊
ပုဇွန်တောင်မြို့နယ် ၊
ရန်ကုန်တိုင်းတွင် ပုံနှိပ်၍
ဦးသက်လှိုင် (၃၇၃၂)
မှုခင်းစာပေ
၃ / ၂၆ရ ၊ ခရေပင်လမ်း ၊ ဝေဘာဂီ၊
မ / ဥက္ကလာပမြို့နယ် ၊
ရန်ကုန်တိုင်း မှ ထုတ်ဝေသည်

တောင်ပေါ်ဘုရားလေးတောင်စောင်းတန်းအတွင်း
လူသူတော်ကြီးတဦး အသတ်ခံလိုက်ရသည်၊
ယိုဖြစ်ရပ်၏နောက်ကွယ်တွင်
စိတ်အလိုလိုက်၍ ဒိုက်ကြသူတို့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

စံပယ်မ ၊ ဒေါ်ခင်လှ၊ ဦးစံမြနဲ့ ကျွန်တော် အပါ အဝင် လူသားလေးယောက်စလုံး အတွက် ဒုက္ခပင်လယ်ဝေစေရတဲ့ ည တစ်ည

ဒါပေမယ့် စံပယ်မကတော့ သူ့အမေ ဒေါ်ခင်လှလိုပဲ ပါးစပ်ကြမ်းတော့ စံပယ်မ အနားတောင်မသီရဲ့ခဲ့ပါဘူး။ ဒီလိုနဲ့ပဲ (၉)တန်းနှစ်အရောက်မှာတော့ စံပယ်မရဲ့ လိုအပ်ချက်မှန်သမျှကို အောက်ကျိုးယဖတဲ့ပုံစံမျိုးနဲ့ ဖြည့်စွမ်းပေးလေ့ရှိတဲ့ ကျွန်တော့်ကို စံပယ်မဘက်က အခွင့်အရေးတွေပေးခဲ့ရာကအစ ရည်းစားဘဝရောက်သွားရတာမျိုးပါ။ ဘာပဲပြောပြော မိခင်နဲ့ပထွေးဖြစ်သူနှစ်ဦးစလုံး အချိန်ပြည့်ရှိမနေနိုင်တဲ့ အိမ်စုတ်ကလေးပေါ်မှာ မကြာ မကြာ ချိန်းတွေ့ဖူးခဲ့ကြတဲ့ ကျွန်တော်တို့နှစ်ယောက် လက်ကလေး ကိုင်ခွင့်ရဖို့၊ ပါးကလေးကိုင်ခွင့်ရဖို့၊ ပါးကလေးနမ်းခွင့်ရဖို့ အရေးကိစ္စတွေဟာ စံပယ်မရဲ့ အမိန့်၊ အာဏာအောက်မှာပဲ အတည်ဖြစ်ခဲ့ရတာမျိုးပါ။ တကယ်တော့ စံပယ်မ၊ ဒေါ်ခင်လှ၊ ဦးစံမြနဲ့ ကျွန်တော် အပါအဝင် လူသားလေးယောက်စလုံးအတွက် ဒုက္ခပင်လယ်ဝေစေရတဲ့ ည တစ်ညကို လုံးဝမှတ်မိနေပါသေးတယ်။

ဦးစံမြကော ဒေါ်ခင်လှပါ သေချာပေါက် အိမ်အပြန်နောက်ကျလို့မယ်လို့ ကျွန်တော် သိထားတဲ့ အဲဒီညမှာ စံပယ်မချိန်းလို့ စံပယ်မတို့အိမ် ကျွန်တော် ရောက်သွားခဲ့ပါတယ်။ ချစ်သူတို့ဘာသာဘာဝ ပွတ်သီးပွတ်သပ်နေခဲ့ကြရင်း တဏှာ

တစ္ဆေခြောက်စပြုလာတဲ့ စံပယ်မရဲ့ စက်ကွင်းသဲ ကျွန်တော်ပါ တိုးဝင်စပြုလာတဲ့အချိန်မှာ လမ်းမီးတွေ ပျက်သွားခဲ့ပြီး လရောင်ပါပျောက်သွားခဲ့ပါတယ်.....

..... [illegible] ခြောင်းဟန့်သံ ခပ်တိုးတိုး တစ်ချက်ကြားလိုက်ရတဲ့အတွက် ငါသွား မယ်လို့ စံပယ်မကို ပြောပြီးအိမ်နောက်ဖေးပေါက်က ဆင်းခဲ့မိပါတယ်။ စံပယ်မကတော့ မိန်းမောပြီး ကျွန်ရစ်နေဆဲပေါ့လေ။ နောက်ဖေးလမ်းကြားကတစ်ဆင့် ကျွန်တော့် အိမ်ရှေ့ရောက် ပြန်ပြေးလာခဲ့မိတာပါပဲ။ အဲဒီညကကျွန်တော်တို့အချစ်နယ် ကျံခဲ့မိတာတွေဟာ မိုက်မဲမှု တစ်ခုပါလား ? ဒါဆိုရင် မိုက်မဲခြင်းရဲ့အဆုံးသတ်ပုံရိပ်တွေဟာ လှလှပပ မဖြစ်ခဲ့တာတော့ အမှန်ပါပဲ ။

ကျွန်းကောက်ထွဋ်(ဃ၅၅)

www.burmeseclassic.com

ဦးသိက္ခာ

သည်ဥပဒေသင်ခန်းစာများ

အမှုကစ်မှုကို တရားရုံးက ပြစ်ဒဏ်သတ်မှတ်ရာ၌ 'သက်ညှာသောပြစ်ဒဏ်'မှ ထိရောက်ဟန့်တားသောပြစ်ဒဏ်သို့ မည်သည့်အခြေအနေမျိုး ပေါ်ပေါက်ပါက တိုးမြှင့်သတ်မှတ်ပါသလဲ။

နိုင်ငံတော်က တရားစီရင်ရေးမှု ချမှတ်ထားရာမှာ အခန်း (၃) အပိုဒ်ခွဲ ၆(၆၃)အရ 'ပြစ်မှုကျူးလွန်သူကို အပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း'ဆိုတဲ့ အချက်ပါရှိပါတယ်။ ဒီမှုကို တရားရုံးများက စွဲကိုင်ကျင့်သုံးနေရာမှာ '၂၀၁၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၁(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ခင်မောင်ဦးအမှု'ကို တရားရုံးချုပ် (ယခု တရားလွှတ်တော်)က သုံးသပ်ဆုံးဖြတ်ချက်မှာ အထင်အရှားတွေ့ရပါတယ်။

အမှုမှာ (၁၀.၁၀.၂၀၀၈) နေ့ည (၇) နာရီခန့်က လယ်ကွင်းရေယူရန်လာစဉ် ခင်မောင်ဦးနှင့် အမည်မသိ (၂)ဦးတို့က ရေမြောင်းကို ပိတ်၍ ရေသွင်းနေသည်ကို တွေ့ရသဖြင့် ရေမြောင်းမပိတ်ရန် ဝင်ကလက် မြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦးသန်းဝင်းက ပြောရာမှ ခင်မောင်ဦးက ဘတ်ခွ(လေးခွ)ဖြင့် ပစ်သဖြင့် မိမိ၏ယာဘက်ပခုံးနှင့်ယာဘက်မျက်လုံးအောက်တို့ကို ထိမှန်ကြောင်း ဖော်ပြတိုင်တန်းမှုဖြစ်ပါတယ်။ ဒီအမှုကို တရားရုံးက အမှုအမှတ် ၁၀/၉၀ ပြစ်မှုပုဒ်မ-၃၂၅ ဖြင့် လက်ခံစစ်ဆေးပြီး ဦးသန်းဝင်း၏ ယာဘက် မျက်လုံးထုတ်ပစ်ရသည်အထိ ပြင်းထန်ဒဏ်ရာရကြောင်း သုံးသပ်ဆုံးဖြတ်ထားသော်လည်း တရားခံကို ပြစ်မှုပုဒ်မ-၃၂၅ အရ အလုပ်နှင့်ထောင်ဒဏ် (၆)လ ချမှတ်ထားပါတယ်။ ဒါကို မကျေနပ်လို့ ကာယကံရှင် ဦးသန်းဝင်းက ပြစ်ဒဏ်တိုးမြှင့်ပေးရန် စစ်ကိုင်းတိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း၊ ပလပ်ခြင်းခံရလို့ တရားရုံးချုပ် (မန္တလေးရုံးထိုင်)သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်ပါတယ်။ တရားရုံးချုပ်က ဆုံးဖြတ်ရာမှာ -

"×××ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၂၅ တွင် ပြစ်မှုကျူးလွန်သူကို (၇)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ကျေးလက်နေ တောင်သူများသည် လယ်ရေရရှိရေး ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိကြသည်။ ထိုသို့ ခိုက်ရန်ဖြစ်ပွားရာတွင် ယခုကဲ့သို့ ညဉ့်အချိန်၌ ဘတ်ခွ(လေးခွ)များဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်ကြခြင်းမှာ မလိုလားအပ်သော အပြုအမူဖြစ်သည်။ တစ်ဖက်က ရမ်းသမ်းပစ်ခတ်သည်ဟု ဆိုစေကာမူ တစ်ဖက်တွင် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ထုတ်ပစ်ရသည်အထိ ဘဝဆုံးရှုံးခဲ့ရသည်။

ဤသို့သော အခြေအနေတွင် ပြစ်မှုကျူးလွန်သူ တရားခံအား အလုပ်နှင့်ထောင်ဒဏ် (၆)လ ကျခံစေရန် ချမှတ်ခဲ့သော မူလမြို့နယ် တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော စစ်ကိုင်းတိုင်း တရားရုံး၏အမိန့်များသည် ဥပဒေနှင့် ညီညွတ်မှုနှင်းသည်ဟု ဆိုရန် ခဲယဉ်းသည်။ ဤကဲ့သို့သောညအချိန်တွင် ဘတ်ခွ(လေးခွ)များနှင့်ရမ်းသမ်းပစ်ခတ်ကြရာမှ မျက်လုံးတစ်ဖက် ထုတ်ပစ်ခံရသည့် အမှုမျိုးအား တရားရုံးများက လျော့ပေါ့သော ပြစ်ဒဏ်ချမှတ်မည်ဆိုပါက နောင်တွင် ဘတ်ခွ(လေးခွ)ဖြင့် ပစ်ခတ်ရန် မည်သူမျှဝန်လေးတော့မည်မဟုတ်ချေ။ ×××'' ဟု သုံးသပ်ကာ မြို့နယ်ရုံး၊ တိုင်းရုံးတို့၏ အမိန့်များကို ပယ်ဖျက်၍ ပြစ်မှုပုဒ်မ-၃၂၅ အရ အလုပ်နှင့်ထောင်ဒဏ် (၂)နှစ် ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်ပါတယ်။

မျက်မြင်သက်သေမရှိခြင်းနှင့် ကြံရာပါတို့၏ ထွက်ချက်အပေါ် အခြေပြုခြင်းကဲ့သို့သော အမှုများတွင် တရားရုံးက မည်သည့်အခြေအနေ၌ တရားခံကို ပြစ်ဒဏ်ချမှတ်ပါသနည်း။

မျက်မြင်သက်သေနှင့်ပတ်သက်ပြီး (၁၉၆၉) ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာ (၃၂) 'ဗိုလ်မှူးဝင်းဖေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု'မှာ -

''အမှုတိုင်းတွင် မျက်မြင်သက်သေ အထင်အရှားရှိသည်မဟုတ်။ အချက်အလက် အထောက်အထားတို့ကို ခြေရာခံ၍ အမှန်တရားကို ရှာဖွေကြရသည်''ဟု လမ်းညွှန်မှုပြုထားပါတယ်။ ထို့အတူ 'ဗိုလ်ကြီးအောင်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု' (၁၉၆၉) ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ (၂၅) အမှုမှာ 'ကြံရာပါတို့၏ ထွက်ချက်'နှင့်ပတ်သက်၍ -

''ကြံရာပါတို့၏စကားတွင် အမှန်နှင့်မုသားရောနှော၍ နေတတ်ရာ ခွဲခြား၍ အမှန်ကိုထုတ်နုတ်နိုင်သည်။ ယင်းသို့ ထုတ်နုတ်ရသည်တို့နှင့် အခြားအထောက်အထားတို့ကို ပေါင်းစပ်ကာ အမှန်တရား၏ ရုပ်လုံးကို ဖော်ရသည်''ဟု လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

ဒါကြောင့် ယင်း(၂)မှုကို အခြေပြု အကိုးအကားယူကာ ဦးဌေးလွင်နှင့်ပြည်ထောင်စု (၂၀၀၉) ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် (၁၈) မှာ အထူးအယူခံရုံး (၃ပါးစုံညီ မြန်မာနိုင်ငံ၏အမြင့်ဆုံးတရားရုံး)က ဆုံးဖြတ်ထားတာက -

အမှုတွင် မျက်မြင်သက်သေအထောက်အထား မရှိ။ မရှိသော်လည်း သက်သေခံချက်မှုအပေါ်

www.burmeseclassic.com

www.burmeseclassic.com

ဆက်စပ်သုံးသပ်ပါက တရားခံ၏ စီမံဆောင်ရွက်မှုကြောင့် ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိက ပြစ်မှုထင်ရှားစီရင်နိုင်သည်''ဟု သုံးသပ်ကာ မူလရုံးတရားခံ၏အထူးအယူခံလျှောက်ထားမှုကို ပယ်ပြီး တိုင်းတရားရုံးက ပြစ်မှုပုဒ်မ-၄၀၉ အရ ထောင်ဒဏ် ၃ နှစ် ပြင်ဆင်ချမှတ်ခဲ့ခြင်းနှင့် ၄င်းချမှတ်ခြင်းအပေါ် အတည်ပြုခဲ့သော တရားရုံးချုပ် (ရန်ကုန်)တို့၏ အမိန့်များကို ဆက်လက်အတည်ပြုပေးခဲ့ပါတယ်။

နောက်တိုးတရားခံထည့်သွင်းခြင်းခံရသူက ၄င်းချမှတ်ခြင်းခံရသည့်အမိန့်ကို မကျေနပ်ပါက အထက်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားနိုင်ပါသလား။

ပြင်ဆင်မှုလျှောက်ထား၍မရပါ။ 'ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ ဖြိုးမင်းအောင် (ခ) လူအေးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ-၂ (၂၀၁၀)ပြည့်နှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် [၁၆၃(ခ)] တွင် တရားရုံးချုပ် တရားသူကြီးက-

''အမှုတွဲနှေ့စဉ်မှတ်တမ်းအရ ဖြိုးဝင်းဇော် (ခ) လူအေးသည် ခရိုင်တရားရုံးရှေ့သို့ တရားခံအဖြစ် ရောက်ရှိခဲ့ပြီးဖြစ်သည့်အချက်မှာ အငြင်းမပွားချေ။ ဖြိုးမင်းအောင်သည် တရားရုံးရှေ့သို့ တရားခံအဖြစ် ရောက်ရှိခဲ့ပြီးနောက် ၄င်းတရားခံအဖြစ် မရောက်ရှိသေးမီက နောက်တိုးတရားခံအဖြစ် ထည့်သွင်းခဲ့မှုပြုခဲ့သည့် ခရိုင်တရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်းဒေသကြီး တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂/၁၀ ကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

မူလရုံးသို့ တရားခံအဖြစ် လာရောက်ခြင်းမရှိသေးသောသူသည် အမှုတွင် တရားခံအဖြစ်ပါဝင်ခြင်းမရှိသေး၍ အမှု၌ ချမှတ်ထားသောအမိန့်အပေါ် အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်မှုသော်လည်းကောင်း အဆင့်မြင့် ရုံး၌ လျှောက်ထားနိုင်ခွင့် မရှိပေ။

တရားရုံးက ဆင့်ခေါ်၍ တရားရုံးသို့ရောက်ရှိပြီးနောက်၊ တရားရုံးက တရားခံအဖြစ် ထုချေရှင်းလင်းစေရန် ညွှန်ကြားသည့်အခါမှသာ တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က) အရ အမှုချေဖျက်ပေးရန်အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေးကို ရရှိမည်ဖြစ်သည်။

မူလစစ်ဆေးသည့် ခရိုင်တရားရုံးက ရုံးရှေ့စစ်ဆေးပေါ်ပေါက်ချက်များအရ ဖြိုးမင်းဇော် (ခ) လူအေးအပေါ် အမှု၌ နောက်တိုးတရားခံအဖြစ် ထည့်သွင်း၍ ဆက်လက်စစ်ဆေးစီရင်နိုင်ရန် ချမှတ်ထားသော အမိန့်ကို တိုင်းဒေသကြီး တရားရုံးက ပယ်ဖျက်ခဲ့မည်ဆိုပါက ဖြိုးမင်းဇော် (ခ) လူအေးနှင့် ပတ်သက်၍ စစ်ဆေးစီရင်လျက်ရှိသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် ချေဖျက်သည့်သဘော အနှစ်သာရအားဖြင့် သက်ရောက်သည့် ခရိုင်တရားရုံး၌ စစ်ဆေးဆောင်ရွက်နေသည့်အမှုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၅၆၁(က) အရ တရားရုံးချုပ်ကသာ ပယ်ဖျက်နိုင်သည်။ အခြားသောလက်အောက်ခံတရားရုံးများက ချေဖျက်ခြင်း မပြုနိုင်ပေ။ ×××'' ဟု သုံးသပ်ကာ တိုင်းဒေသကြီး တရားရုံးက ပြင်ဆင်မှု ဝင်ရောက်ခြင်းကို လက်ခံ၍ မိမိအခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ခဲ့ခြင်းအပေါ် ပလပ်ကြောင်း တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးအနေဖြင့် ထိမ်းမြားလက်ထပ်ရန် ပျက်ကွက်သည့်ယောကျ်ားလေး (သတို့သား) အပြင် လက်ထပ်ပေးရန် ကတိပြုသည့်မိဘများကိုပါ ကတိပျက်ကွက်မှုအတွက် လျော်ကြေးပေးရန် တောင်းဆိုနိုင်ပါသလား။

ဟုတ်ကဲ့။ 'တပည့်မကောင်း၊ ဆရာ့ခေါင်း။ သားသမီး မကောင်း၊ မိဘ ခေါင်း' မဟုတ်လားဗျာ။ သားသမီးတွေ ထိမ်းမြားလက်ထပ်ရေးမှာလည်း မိဘတို့ ဝတ္တရားရှိသည်နှင့်အညီ ဆိုင်ရာပိုင်ရာ အခန်းကဏ္ဍက ပါလာခဲ့ပါက ပါလာသည့်အလျောက် တာဝန်ရှိပေမပေါ့။ တရား၊မအထူးအယူခံမှာ ''မောင်ရဲ ငြိမ်းအောင်ပါ(၃)နှင့် မခင်စန်းနွယ်၊ (၂၀၁၀) တရားမ အထူးအယူခံမှု အမှတ် (၁၁) (၁၀.၁၂.၂၀၁၀) နှေ့က ချမှတ်တဲ့အမှုမှာ -

''မြန်မာမှာ နယ်ပယ်တွင်လည်း လူကြီးစုရုံးဖြင့် မိန်းကလေးရှင်၏ မိဘများထံအပ်နှံကြရာတွင် ယောကျ်ားလေး၏မိဘများပါ လိုက်ပါပြီး လူငယ်နှစ်ဦးအား လက်ထပ်ပေးရန် ကတိပြုရသူများမှာ မိဘများဖြစ်ကြကာ မိဘ၏ဝတ္တရားများတွင်လည်း သားသမီးများအား ထိမ်းမြားပေးရန် တာဝန်ရှိသူများဖြစ်ကြသည့် 'သားသမီးမကောင်း၊ မိဘ ခေါင်း'ဟူ၍ပင် ဆိုရိုးရှိသည်။

ကလေးသူငယ်ဥပဒေအရလည်း ကလေးသူငယ်ကျူးလွန်သော ပြစ်မှုနှင့် စပ်လျဉ်း၍ ကလေး၏ မိဘများအပေါ် ဒဏ်ငွေချမှတ်ခြင်း ပြစ်ဒဏ်ကို ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ အောက်ရုံး (၃)ရုံးလုံးက ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သည့် ယောကျ်ားလေးသာမက ယောကျ်ားလေး၏မိဘများကိုပါ လျော်ကြေးပေးစေခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိချေ။ ဟူ၍ သုံးသပ်ကာ -

''မိန်းကလေးအား ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သည့် ယောကျ်ားအပြင် ထိမ်းမြားလက်ထပ်ပေးရန် ကတိပြုသည့်ယောကျ်ား၏မိဘများကိုပါ ကတိပျက်ကွက်မှုအတွက် လျော်ကြေးငွေ ကျပ်သိန်း (၁၀၀) ပေးလျော်စေရန် ဒီကရီချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း'' ဖြေဆိုကာ အထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ကြောင်း အထူးအယူခံရုံး (စုံညီခုံရုံး)က အမိန့်ချမှတ်ခဲ့ပါသည်။

ကိုးကား။ ။ ၂၀၁၀ ပြည့်နှစ် တရားစီရင်ထုံးများ။

ဦးသိကွာ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဝပ္ပဂိုဏ်းဆရာဒေါက်
ဆွေမျှော်ကြောင်ကောင်ရဲ့ဆွဲနှင့်
ကျားကျပြီးကောသမက်သမက်ကူး

"တီ ... တီ ... တီ"

စခန်းရှေ့တွင် လေ့ကျင့်ခန်းလုပ်နေရာမှ ဒုရဲအုပ်မျိုးမင်းထွန်း တယ်လီဖုန်းဆီပြေးလာသည်။ နံရံပေါ်မှ နာရီလက်တံများက မနက် ၀၅း၄၀ နာရီတိတိကို ပြနေသည်။

"ဟဲလို ... အမှတ်(၇) ရဲ့ စခန်းကပါ"

" ..... "

"ကျွန်တော် တာ၀န်မှူးဒုရဲအုပ် မျိုးမင်းထွန်းပါ"

" ..... "

"ဘာသတင်းလဲခင်ဗျ"

" ..... "

"ဘယ်နေရာမှာလဲ။ နေရာ အတိအကျပြောပါ"

" ..... "

"ကျေးဇူးတင်ပါတယ်ဗျာ။ ကူညီလက်စနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အကြောင်းကြားပေးပါ"

" ..... "

"ကျွန်တော်တို့ ချက်ချင်းလာခဲ့ပါ့မယ်"

ဒုရဲအုပ်မျိုးမင်းထွန်း တယ်လီဖုန်းပြန်ချသည်။ လေ့ကျင့်ရေး၀တ်စုံ ချွတ်ပြီး ယူနီဖောင်းလဲသည်။

"ဘယ်လဲ ဗိုလ်ထွန်း"

အိပ်ဆောင်ဘက်မှ ဒုရဲအုပ် ကျော်လွင်ဦး ထွက်လာသည်။ မျက်စိက ကောင်းကောင်း မပွင့်။ နံနက်လေးနာရီကမှ ကင်းလှည့်ရာမှ ပြန်ဝင်လာခြင်းဖြစ်သည်။

"သံလျက်မှော် အရှေ့ရပ်ကွက်မှာ အလောင်းတွေ့လို့တဲ့"

"ဘယ်နေရာမှာလဲ။ ကျွန်တော် (၁၀) နာရီလောက်က ရောက်တာပဲ။ ဘာမှမထူးခြားပါဘူး"

"အေးချမ်းသာယာလမ်းနဲ့ ရွှေတောင်ကြားလမ်းထိပ်မှာ။ မနက်လမ်းလျှောက်သူတစ်ဦး တွေ့ပြီး သတင်းပို့တာ"

"ကျွန်တော်တို့ ရောက်ပြီး နောက်မှဖြစ်တာပဲ"

"ဗိုလ်ကျော်အဖွဲ့တွေ အသင့် ပြင်ခိုင်းလိုက်။ စခန်းမှူးကို သတင်းပို့လိုက်ဦးမယ်"

ဒုရဲအုပ်မျိုးမင်းထွန်း စခန်းမှူး အိမ်ပြေးသည်။ စခန်းမှူးလည်း ရဲကင်းများ လိုက်စစ်ပြီး ည ၁၂ နာရီကျော်မှ ပြန်သွားခြင်းဖြစ်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

စခန်းမှူး အိမ်တံခါးကို သုံးချက်သုံးကြိမ် ဒုရဲအုပ်မျိုးမင်းထွန်း ခေါက်လိုက်သည်။ သူတို့စခန်း၏ အချက်ပေးသင်္ကေတ။

စခန်းမှူး ချက်ချင်းထွက်လာသည်။ ဒုရဲအုပ်မျိုးမင်းထွန်း အလေးပြုလိုက်သည်။

"ဘယ်မှာဖြစ်တာလဲ"

"သံလျက်မှော် အရှေ့ရပ်ကွက်မှာ ဆရာ"

"သတင်းပို့ပြီး ထွက်မယ်"

အလေးပြုပြီး ဒုရဲအုပ်မျိုးမင်းထွန်း စခန်းဆီ ပြန်ပြေးလာသည်။ ဒုရဲအုပ်ကျော်လွင်ဦးအဖွဲ့က အသင့်ဖြစ်နေပြီ။

"ထွက်မယ်"

ရဲအုပ်ကျော်လွင် ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com

တက်သည်။ တပ်ကြပ်မြင့်သိန်းက စက်နှိုးပြီး ဒုရဲအုပ်မျိုးမင်းထွန်းကို လှမ်းကြည့်သည်။

''သံလျက်မှော် အရှေ့ရပ်ကွက် အေးချမ်းသာယာလမ်းနဲ့ ရွှေတောင်ကြားလမ်းထိပ်''

ဒုရဲအုပ်ကျော်လွင်ဦး ဆိုင်ကယ်က ကားနောက်မှလိုက်လာသည်။

''ကျားလား၊ မ,လား''

''ဂုံနီအိတ်နဲ့ထည့်ထားတယ်လို့ပဲ။ သတင်းပို့တယ် ဆရာ''

နံနက်ခင်း လမ်းလျှောက်သူများ မှလွဲ၍ လမ်းမများပေါ်တွင် ရှင်းနေသည်။ အဆောင်ပြေးကားများ၊ ဆိုင်ကယ်များအသွားအလာ သိပ်မရှိသေး။

''ဟိုမှာ''

ရဲအုပ်ကျော်ဌေးလွင် ကားပေါ်မှ ဆင်းသည်။ ရွှေတောင်ကြားလမ်းပေါ်တွင် လူများ ဝိုင်းနေသည်။

''အုပ်ချုပ်ရေးမှူး ကိုကိုလှိုင်ပါ''

''ရဲအုပ်ကျော်ဌေးလွင်ပါ''

ဦးကိုကိုလှိုင် ကမ်းပေးသော လက်ကို ရဲအုပ်ကျော်ဌေးလွင် လှမ်းကိုင်လိုက်သည်။ ဒုရဲအုပ်ကျော်လွင်ဦး အနားရောက်လာသည်။

''အလောင်းစတွေ့ပြီး သတင်းပို့တဲ့ ဦးအောင်ကိုလွင်ပါ''

''ကျေးဇူးတင်ပါတယ်ဗျာ။ ဘယ်လိုတွေ့တာလဲ''

''ကျွန်တော်က မနက်တိုင်းကျန်းမာရေးအတွက် လမ်းလျှောက်ပါတယ်။ ဒီနေရာကိုရောက်တော့ အဲဒီဂုံနီအိတ်ထုပ်ကြီးကို တွေ့တာပါ''

''ဂုံနီအိတ်တွေ့တာနဲ့ အလောင်းလို့ သိတာလား''

''ခြေထောက်တစ်ဖက် ထွက်နေတယ် စခန်းမှူး''

အလောင်းထည့်ထားသော ဂုံနီအိတ်ကို ဒုရဲအုပ်မျိုးမင်းထွန်း ဓာတ်ပုံရိုက်သည်။ ဒုရဲအုပ်ကျော်လွင်ဦးက မြေပုံကြမ်းဆွဲသည်။

''ဖွင့်''

ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးကျော် ဂုံနီအိတ်ထိပ်တွင် ချည်ထားသော နိုင်လွန်ပလတ်စတစ်ကြိုးအပြာကို ဂတ်စ်မီးခြစ်ဖြင့် ဖြတ်လိုက်သည်။ ဝိုင်းကြည့်နေသူများ ရှေ့တိုးလာကြသည်။

''ဘယ်သူလဲ ဦးကိုကိုလှိုင်''

ကိုကိုလှိုင်ကို ရဲအုပ်ကျော်ဌေးလွင် လှမ်းကြည့်သည်။ ဒုရဲအုပ်မျိုးမင်းထွန်း ဓာတ်ပုံရိုက်သည်။

''မသိဘူး စခန်းမှူး''

''ဒီရပ်ကွက်သား မဟုတ်ဘူးလား''

''မဟုတ်ဘူး စခန်းမှူး''

''ဝိုင်းကြည့်နေသူတွေကော သိတဲ့သူ မရှိဘူးလား။ မေးကြည့်ပါဦး''

''ဒီလူကို သိလား။ ဒီလူကို ဘယ်သူသိလဲ။ ဒီလူ ဘယ်သူလဲ။ ဘယ်ကလဲ''

ဝိုင်းကြည့်နေသူများကို ရဲအုပ်ကျော်ဌေးလွင် လှမ်းကြည့်သည်။ ဘာသံမှ ထွက်မလာ။

www.burmeseclassic.com

www.burmeseclassic.com

"ဒဏ်ရာရာ"

ဒုရဲအုပ်မျိုးမင်းထွန်းနှင့် ဒုရဲအုပ်ကျော်လွင်ဦးတို့ အလောင်းနား ကပ်သွားသည်။

"ဦးခေါင်းထိပ် ပေါက်ပြဲ၊ နှာခေါင်းပါးစပ်သွေးထွက်၊ လည်ပင်းနဲ့ ဆီးစပ်ညိုမည်း၊ ကျားအင်္ကျီပွန်းပဲ့"

ဒဏ်ရာများကို ဒုရဲအုပ်မျိုးမင်းထွန်း ဓာတ်ပုံရိုက်သည်။ ရဲအုပ်ကျော်လွင် ဒဏ်ရာများကို စစ်ဆေးသည်။

"ဂုံနီအိတ်မှာ တံဆိပ်ရိုက်ထားတယ် ဆရာ"

"ဘာတံဆိပ်လဲ"

"ဦးစိုးဇော်အောင် (ပန်း/ပဲ/၁၅/၂၁/PS)"

ဂုံနီအိတ်ပေါ်တွင် အနက်ရောင် စာလုံးများက အထင်းသား။ ဒုရဲအုပ် မျိုးမင်းထွန်း ဓာတ်ပုံရိုက်သည်။

"ဒီစာလုံးတွေကိုရော သိလား ဦးကိုကိုလှိုင်"

"မသိဘူး စခန်းမှူး"

အမည်မသိ အလောင်းနှင့် အမှီပြုယဉ်မသိ စာလုံးများက ရဲတပ်ဖွဲ့ကို ပဟေဠိဖွက်နေပြီ၊ ပန်းရောင် ခေါင်းအုံးစွပ်တစ်ခုနှင့် သွေးစွန်းနေသော Bochumအတွင်းခံဘောင်းဘီ အနီတစ်ထည်ကလည်း ပိုင်ရှင့်အမည်ကို မပြောနိုင်။

"ဒီလူကို တစ်ခါမှ မမြင်ဖူးဘူးလား"

"မမြင်ဖူးဘူး စခန်းမှူး။ ဒီရပ်ကွက်သားဆိုရင် ကျွန်တော် မသိတောင် အခြားလူစွေ့ သိမှာပေါ့။ တစ်ယောက်မှ မသိဘူးဆိုတော့ ဒီလူ ကျွန်တော်တို့ရပ်ကွက်က မဟုတ်တာ သေချာပါတယ်"

ရဲအုပ် ကျော်လွှင်လွင်တို့အတွက် အလောင်းရှုပ်မည် အတည်ပြုနိုင်ရန် အရေးကြီးသည်။ ရှုပ်မည်အတည်ပြုနိုင်မှ နောက်ဆက်တွဲလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ရှုပ်မည်အတည်မပြုနိုင်ဘဲ နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ များစွာရှိသည်။ ရှုပ်မည် အတည်ပြုနိုင်မှ ပစ်မှတ်ကိုရမည် ဖြစ်သည်။ ရှုပ်မည် အတည်မပြုနိုင်ဘဲ ပစ်မှတ်ကို မရနိုင်။

"သိရင် ကျွန်တော့်ကို သတင်းပို့ပါ"

"စိတ်ချပါ။ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေကို ချက်ချင်းအစည်းအဝေး ခေါ်ပြီး စုံစမ်းခိုင်းပါ့မယ်။ ဩော် ... ကျွန်တော့်ကို တစ်ခုခွင့်ပြုပါ စခန်းမှူး"

"ဘာများလဲ ဦးကိုကိုလှိုင်"

"အလောင်းကို ဓာတ်ပုံရိုက်ခွင့်ပါ"

"ရိုက်ပါ ... ဓာတ်ပုံနဲ့ရှာမှသေချာမှာပဲ"

"ဦးစိုးကျော် ရိုက်၊ ဂုံနီအိတ်က စာလုံးတွေပါ ပါအောင်ရိုက်"

ကင်မရာမီး သုံးချက်လက်သွားသည်။

"ဂုံနီအိတ်မှာ ရိုက်ထားတဲ့ ဦးစိုးဇော်အောင်ဆိုတာ လူသတ်သမား မဖြစ်နိုင်ဘူးလား"

"ဖြစ်ချင်လည်း ဖြစ်နိုင်တယ်၊ မဖြစ်ချင်လည်း မဖြစ်နိုင်ဘူး"

"စခန်းမှူးကလည်း မရှင်းမရှင်းနဲ့"

"ကျွန်တော်က မရှင်းတာ မဟုတ်ဘူး ဦးကိုကိုလှိုင်။ အဖြစ်ကိုက မရှင်းမရှင်းဖြစ်နေတာ။ ဦးစိုးဇော်အောင်ဆိုတာ လူသတ်သမားဖြစ်နိုင်သလို ဒီလူနာမည်လည်း ဖြစ်နိုင်တယ်။ ဒီလူနာမည်ဖြစ်ဖို့ပိုများတယ်"

"ဘာလို့လဲ စခန်းမှူး"

"အရှင်းကြီးပါ ဦးကိုကိုလှိုင်ရယ်။ ဘယ်လူသတ်သမားက သူ့လည်ပင်းကြိုးကွင်းစွပ်မယ့်အလုပ်လုပ်ပါ့မလဲ။ လူသတ်ပြီး သူနာမည်ပါတဲ့အိတ်ထဲ ဘယ်ထည့်ပါ့မလဲ။ အဲ ... လူသတ်သမားကို မုန်းတဲ့လူတစ်ယောက်လည်း ဖြစ်နိုင်တယ်"

"သူက လူသတ်ပြီး သူ့မုန်းတဲ့လူတစ်ယောက်နာမည်ပါတဲ့အိတ်နဲ့ ထည့်ပြီး လာပစ်တာမျိုးလား"

"ဟုတ်တယ် ဦးကိုကိုလှိုင်"

"ဟာ ... မလွယ်ပါလား"

"မလွယ်လို့ အလောင်းရှုပ်မည် အတည်ပြုနိုင်အောင် ကြိုးစားနေတာပေါ့။ ဦးစိုးဇော်အောင်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူလဲသိရင် တရားခံမိမှာပါ''

''သေတာက ဦးစိုးဇော်အောင်ဆိုရင်ကော''

''သေသူပတ်ဝန်းကျင်ကို သိရတော့ ခုံစမ်းရတာ ဘောင်ကျဉ်းသွားတာပေါ့။ ကဲ ... အလောင်း ဆေးရုံပို့ရအောင်''

ဦးစိုးဇော်အောင်ဆိုတာ ဘယ်သူလဲ။ (ပန်း/ပဲ့/၁၅/၂၁/PS) ဆိုတာ ဘာလဲ။

v v v

''ဟာ ... ရှိး။ တွေ့မရှောင် မပါဘူးလား''

လက်ဖက်ရည် သောက်နေရာမှ ဒုရဲအုပ်မျိုးမင်းထွန်း ဘေးစားပွဲကို မျက်စိ ကစားလိုက်သည်။ i Max စပို့ရုပ်အနီကြားနှင့် လူက ဒုရဲအုပ်မျိုးမင်းထွန်း ကောင်းကင်ရန့်ဆိုင်ထဲဝင်လာကတည်းက ထိုစားပွဲတွင် ထိုင်နေသူ။ Solo တီရွပ်အဝါနှင့် လူက နောက်မှဝင်လာသူ။

''မင်းနဲ့အတူ လာတာမဟုတ်ဘူးလား။ တွေ့မရှောင်နဲ့ ခေါ်တာဆိုတာ မားမြောင်နဲ့ မားမြောင်အိမ်လို ဝမ်းဆက်မဟုတ်လား''

''တွေ့မရှောင်နဲ့ မတွေ့တာ နှစ်ရက်ရှိပြီ''

''မင်းနဲ့တောင် မတွေ့တာ ငါနဲ့ ဘယ်လိုတွေ့မှာလဲ''

''မင်းတို့က တစ်လမ်းတည်း နေတာလေကွာ''

''တစ်လမ်းတည်းနေပေမယ့် လိုင်းချင်းမှ မတူတာ။ မင်းနဲ့ကမှ တစ်လိုင်းတည်း''

''တွေ့မရှောင်က ကျားကျမ်းကျေနဲ့ အိုကေနေတာနော်''

''ဟုတ်လို့လားကွ''

''မင်း မသိဘူးလား''

''မသိဘူး''

''ဟာ ... ဒါဆို တွေ့မရှောင် တစ်ကိုယ်တော် ရွက်လွှင့်သွားတာလား''

''ဒီကောင်လား တစ်ကိုယ်တော် ရွက်လွှင့်မှာ။ တွေ့မရှောင်သမိုင်းမှာ တစ်ကိုယ်တော် ရွက်လွှင့်တာ ဘယ်တုန်းကမှ မရှိဘူး''

''ထူးတော့ အတော်ထူးတယ်ကွ။ ရန်ကုန်ဆင်းရင်လည်း ငါ့ခေါ်မှာ''

''ကြယ်ခေါင် ရောက်သွားလားမှ မသိတာ''

''ကြယ်ခေါင် ဘာသွားလုပ်မှာလဲ''

''တရုတ်ဗုံသွားထုတာ ဖြစ်မှာပေါ့ကွ''

နှစ်ယောက် စကားအပြတ် စောင့်ပြီး ဒုရဲအုပ်မျိုးမင်းထွန်း တစ်ဖက် စားပွဲကူးသွားသည်။ စားပွဲမှ လူနှစ်ယောက် ဇတေဇဝါဖြစ်သွားသည်။

''ဘာကိစ္စလဲ ဆရာ''

''ခင်ဗျားတို့ လူပျောက်ရှာနေတယ် မဟုတ်လား''

''ဟုတ်ပါတယ်''

''ကျွန်တော်လည်း လူပျောက်

www.burmeseclassic.com

www.burmeseclassic.com

- ပရဏဒေါသံကို စောင့်ဆိုင်းနေရသော
- ကြိုးတိုက်တွင်းမှ ကြိုးသမားငါးယောက်၏
- ရင်ခုန်လှိုက်ဟောစရာ ဘဝဇာတ်လမ်း

(သို့မဟုတ်)

နိဂုံးမဟောင်း

သွေးအေးသော လူတစ်ယောက်

ဖြစ်ရပ်မှန် လုံးချင်းဝတ္ထုရှည်

- ချစ်ပေတကာဟော်လမ်းကို သွေးရောင်လွှမ်းစေခဲ့သည့် ဇရပ်ရေးမှီးငီး
- လူးလဲယက်တစ်ချောင်းကို လက်ဖျောက်တစ်ချက်ဘိုးခြင့် ချေနှင်းနိုင်သည့် သူပိုက်ကြီး အတွေ့ဝက ဟောင်း
- ဒေါ်ဝိုးကျော်၊ ဆေးလိပ် ၅-လိပ်သာပေး လူသတ်ပေးယင်ခိုတဲ့ အော်ကြွေတော်သမား အောင်ထွန်း
- ရပ္ပက်ဝီးသွဲကြားမှ ချောက်ချားစရာအကြိုးကို ကျော်ကွန်ခဲ့သည့် ဘုရားအကာ ဦးသူဟောင်
- ဒီတရားခံအတွက် သေဒဏ်မှတစ်ပါး အခြားရိုင်ဖိုးဟု ဘရားသူကြီးကိုယ်တိုင် ပြည်တစ်ခဲ့ရသည့် ရာဇဝတ်ကောင် ရဲအောင်

ရင်ခုန်လှိုက်ဟောစရာဘဝကို ခြတ်သန်းရင်း ထူးကွေသန်းပြားသော
ဖြစ်ရပ်တွေကို ရင်ဆိုင်ခဲ့ရသည့် သည်ကြိုးသမားငါးယောက်မှာ
"သွေးအေးသော လူတစ်ယောက်က ပါနေပြန်ဆဲ"

လူ့ဘဝ၊ လူ့သဘော၊ လူ့ပနေရာ၊ လူ့စရိုက်တွေကို အနီးကပ်
ဝီးဟောင်းထိုးပြပည့် ဖြစ်ရပ်မှန်လုံးချင်းဝတ္ထုရှည်

[ထွက်ပါပြီ]

TRUE MEDIA
အမှတ် ၁၆၀၊ ၄၅-လမ်း (အထပ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်အမှတ် ၅၀၀၂၇၇၃၃၀

www.burmeseclassic.com

www.burmeseclassic.com

ရှာနေတာပါ''

''ဆရာရှာနေတာ ဘယ်သူလဲ''

''ဦးစိုးဇော်အောင်''

''ဦးစိုးဇော်အောင်''

''ဟုတ်တယ်။ ခင်ဗျားတို့ ရှာနေတာ အဲဒီလူလား''

လူနှစ်ယောက် ပြိုင်တူခေါင်းခါသည်။ ဒုရဲအုပ်မျိုးမင်းထွန်း သက်ပြင်းကြိတ်ရှိုက်သည်။

''ခင်ဗျားတို့ရှာနေတာ ဘယ်သူလဲ''

''ကျော်ရဲဆွေ''

''ကျော်ရဲဆွေ''

''စောစောက ကြားတာ တွေ့မရှောင်ဆိုလား လို့''

''တွေ့မရှောင်ဆိုတာက နာမည်ပြောင်ပါ။ အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့ ဝါသနာကြီးလွန်းလို့ ကျွန်တော်တို့ ပေးထားတာ''

''ကျားကျမ်းကျေဆိုတာက ရော''

''သက်သက်ဖူးပါ။ ယောကျ်ားအကြောင်း တစ်ဖက်ကမ်းခတ်လွန်းလို့ ဝိုင်းဂုဏ်ပြုထားကြတာ''

''အိုးကြီးကရော''

''ချစ်စုပါ။ တင်ကြီးလို့''

''ခင်ဗျားကရော''

''တင်အောင်ထွန်းပါ''

''ခေါ်တောဆိုတာကရော''

''ကျွန်တော်ပါပဲ''



''ခေါ်တောခေါ် တင်အောင်ထွန်းပေါ့။ ခင်ဗျားကရော''

''အေးမောင်ပါ''

''ကိုတင်အောင်ထွန်းခေါ်တာ ရှိုးဆို''

''ကျွန်တော်က ရှိုးကစားတတ်လို့ပါ''

''လွန်ခဲ့တဲ့နှစ်ရက်က သံလျက်မှော်အရှေ့ရပ်ကွက် အေးသာယာလမ်းနဲ့ ရွှေတောင်ကြားလမ်းထိပ်မှာ ဂုံနီအိတ်နဲ့ ထည့်ထားတဲ့ ယောကျ်ားအလောင်းတစ်လောင်း လာပစ်သွားတယ်။ ဂုံနီအိတ်ပေါ်မှာ ဦးစိုးဇော်အောင်(ပန်း/ပဲ/၁၅/၂၁/PS) လို့ ရေးထားတယ်။ ခင်ဗျားတို့ သိများသိမလား လို့ပါ''

''ဘယ်လိုအသတ်ခံရတာလဲ''

''ဒေါ်ရာတွေက ဦးခေါင်းထိပ်ပေါက်ပြဲ၊ နှာခေါင်းပါးစပ်သွေးထွက်လည်ပင်း၊ ဆီးစပ်ညှိမျည်း၊ ယောကျ်ားအင်္ကျီ စုတ်ပြဲ''

''ယောကျ်ားအင်္ကျီစုတ်ပြဲနေတာလား''

''ဟုတ်တယ်။ ခင်ဗျားတို့ တွေ့မရှောင်များ ဖြစ်မလားလို့ပါ''

''နီးတော့ နီးစပ်တယ် ဆရာ။ ဦးစိုးဇော်အောင်ဆိုတာတော့ မဟုတ်ဘူး။ တွေ့မရှောင်နာမည်အရင်းက ကျော်ရဲဆွေ။ ဆရာပြောတဲ့ ဦးစိုးဇော်အောင်ဆိုတာ ဘယ်လိုပုံလဲ''

''စခန်းမှာ ဓာတ်ပုံရိုက်ထားတာ ရှိတယ်။ လိုက်ကြည့်ကြဗျာ အလောင်းကိုတော့ ပိုင်ရှင်မဲ့အဖြစ် မနေ့က သင်္ဂြိဟ်လိုက်ပြီ''

''လိုက်ကြည့်မယ် ဆရာ''

''သွားကြမယ်''

v v v

တင်အောင်ထွန်းနှင့် အေးမောင်တို့ကို ဒုရဲအုပ်မျိုးမင်းထွန်း ရဲစခန်းခေါ်လာသည်။ သံလျက်မှော်အရှေ့ ရပ်ကွက်မှ ရိုက်လာသော ဓာတ်ပုံများကို ဗီရိုထဲမှ ထုတ်ယူလိုက်သည်။

''ဒီပုံတွေပဲ''

တင်အောင်ထွန်းတို့ရှေ့ ဒုရဲအုပ်မျိုးမင်းထွန်း ဓာတ်ပုံများ ချပြလိုက်သည်။ တင်အောင်ထွန်းတို့ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com

ပြုံးသွားသည်။

"ကျော်ရဲဆွေ"

"ဟုတ်တယ် ဆရာ။ ကျော်ရဲဆွေပဲ"

"သေချာတယ်နော်"

"သေချာပါတယ် ဆရာ။ ကျွန်တော်တို့ သူငယ်ချင်းပဲ။ ကျွန်တော်တို့ မှတ်မိတာပေါ့"

"သူ ဘယ်သူနဲ့တွဲနေလဲ"

"ဒီကောင်က သတ်သတ်မှတ်မှတ်တော့ မရှိဘူး။ ကြဲရာကျပန်းပဲ။ တွေ့ရင်တွေ့တဲ့လူနဲ့ တွဲလိုက်တာပဲ"

"လောလောဆယ် ဘယ်သူနဲ့ တွဲနေလဲ"

"ကျားကျမ်းကျေ ... အဲ ... သက်သက်ဖူး ဆရာ"

"ဘယ်ကလဲ"

"KTV မှာ သီချင်းဆိုတယ်"

"ဒီကိစ္စ ဘယ်သူ့ကိုမှ မပြောပါနဲ့။ ကျွန်တော်တို့ စုံစမ်းနေတာသိရင် တိမ်းရှောင်သွားမှာ စိုးရတယ်"

"နားလည်ပါတယ် ဆရာ"

"မပြောပါဘူး ဆရာ"

တင်အောင်ထွန်းနှင့် အေးမောင်တို့ဆီမှ သိရသောအချက်ကို ရဲအုပ်ကျော်ဌေးလွင်ကို ချက်ချင်း သတင်းပို့လိုက်သည်။ အမည်မသိသက်မဲ့ခန္ဓာကိုယ်ကို ရုပ်မည် အတည်ပြုလိုက်နိုင်သည်။

■ ■ ■

"ဆရာ"

ဒုရဲအုပ်ကျော်လွင်ဦး အခန်းထဲဝင်လာသည်။ ရဲအုပ်ကျော်ဌေးလွင်က ဘာလဲဟု အသံတိတ်မေးသည်။

"ဂုံနီအိတ်ပေါ်က မာကင်တံဆိပ်"

"အေး ... ဂုံနီအိတ်ပေါ်က မာကင်တံဆိပ်က ဘာတဲ့လဲ"

"ဂုံနီအိတ်ပိုင်ရှင် ဦးစိုးဇော်အောင်ဆိုတာ ကျွန်စစ်သားလမ်း၊ ၃၆၊ ၃၇ လမ်းကြားမှာနေတယ်"

"အိမ်အမှတ်ကရော"

"တ-၄/၁၀၃"

"သွားကြမယ်"

ဗီရိုထဲမှ ဂုံနီအိတ်ယူပြီး ရဲအုပ်ကျော်ဌေးလွင်တို့ ကျွန်စစ်သားလမ်းကို ထွက်လာကြသည်။ အလောင်းကို ကျော်ရဲဆွေအဖြစ် အတည်ပြုလိုက်နိုင်ပြီဖြစ်၍ ဦးစိုးဇော်အောင်သည် တရားခံဖြစ်ရန် ရာခိုင်နှုန်းအတော်များနေသည်။ ဦးစိုးဇော်အောင်နှင့်တွေ့ပြီး အဖြူ အမည်း ကွဲပြားအောင် ခွဲခြားရန်လို အပ်သည်။

"ဟာ ... ရဲတွေ"

ရဲအုပ်ကျော်ဌေးလွင်တို့ ကားရပ်လိုက်သည်နှင့် ခြံထဲမှ လူတစ်ယောက် ပြေးလာပြီး တံခါးဖွင့်ပေးသည်။

"ဘာကိစ္စလဲ ဆရာတို့"

"ဦးစိုးဇော်အောင်အိမ်လား"

"ဟုတ်"

"ဦးစိုးဇော်အောင်နဲ့ တွေ့ချင်တယ်။ ရှိလား"

"ဘကြီး မရှိပါဘူး"

"ဘယ်သွားတာလဲ"

"မူဆယ်"

"ဘယ်တုန်းက သွားတာလဲ"

"ဆယ်ရက်လောက်ရှိပြီ"

"ဒီဂုံနီအိတ်ကို မြင်ဖူးလား"

ရဲအုပ်ကျော်ဌေးလွင် ဂုံနီအိတ်ဖြန့်ပြသည်။ ခြံထဲမှလူက ဂုံနီအိတ်ကို သေချာကြည့်သည်။

"မြင်ဖူးပါတယ်"

"ဒီအိမ်ကအိတ်လား"

"ဟုတ်ပါတယ်"

"ဦးစိုးဇော်အောင့် ဇနီးကော"

"ကြီးကြီးလည်း မူဆယ်လိုက်သွားတယ်"

"ဒါဆို ခင်ဗျားက အိမ်ရှင်ပေါ့"

"အိမ်စောင့်ပါ"

"အိမ်ထဲ ခဏကြည့်မယ်"

ရဲအုပ်ကျော်ဌေးလွင်တို့ ဦးစိုးဇော်အောင့်အိမ်ကို စစ်ဆေးကြသည်။ မသင်္ကာစရာ ဘာမှမတွေ့။ အိမ်စောင့်ဆိုသူ ရဲအုပ်ကျော်ဌေးလွင်နား ကပ်လာသည်။

"ဆရာတို့ကို တစ်ခုလောက် မေးပါရစေ"

"မေးပါ။ ဘာလဲ"

"ဒီဂုံနီအိတ် ဆရာတို့ဖယ်က ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

အိမ်စောင့်ဆိုသူအား ရဲအုပ်ကျော်ဌေးလွင် ရှင်းပြသည်။ ကျော်ရဲဆွေ၊ ဦးစိုးဇော်အောင် ပဖောဋ္ဌိကို အိမ်စောင့်နှင့် အဖြည့်ခိုင်ရန် ကြိုးစားရဦးမည်။

"ဒီဂုံနီအိတ်မျိုး အခြားဘယ်နေရာမှာ ထားသေးလဲ"

"သက်သက်ဖူးအိမ်မှာ ရှိနိုင်သေးတယ် ဆရာတို့"

"သက်သက်ဖူးက ဘာလဲ"

"သက်သက်ဖူးက ဘကြီးစပွန်ဆာပေးထားတဲ့ အမျိုးသမီးပါ"

"သက်သက်ဖူးနော်"

ဇေဒါရောင်ဂါဝန်ဖြင့်အမျိုးသမီးကို ရဲအုပ်ကျော်ဌေးလွင် အကဲခတ်သည်။ ဒုရဲအုပ်မျိုးမင်းထွန်းက ကက်ဆက်အသံဖမ်းခလုတ်ဖွင့်သည်။

"ဟုတ်"

"ကိုကျော်ရဲဆွေကို သိလား"

"သိပါတယ်"

"ဘယ်လိုပတ်သက်လဲ"

"တွဲနေတာပါ"

"ခင်ဗျားမှာ အခြားတွဲနေတဲ့သူ ရှိသေးလား"

သက်သက်ဖူး နှုတ်ခမ်းမွေးများမှ အသံထွက်မလာ။ ဗီးနပ်စ်ရပ်တုလေးလို ရဲအုပ်ကျော်ဌေးလွင်ရှေ့တွင် ငုတ်တုတ်ထိုင်နေသည်။

"ဒီပန်းရောင်ခေါင်းအုံးစွပ်က ခင်ဗျားအိပ်ခန်းထဲက ရတာ။ ဒီဘက်က သွေးစွန်းနေတဲ့ ပန်းရောင်ခေါင်းအုံးစွပ်က ကိုကျော်ရဲဆွေ အလောင်းထည့်ထားတဲ့ ဂုံနီအိတ်ထဲက ရတာ။ ခေါင်းအုံးစွပ်နှစ်ခု အတူတူပဲ။ အလောင်းထည့်တဲ့ ဂုံနီအိတ်မျိုးလည်း ခင်ဗျားအိမ်မှာ အများကြီးရှိတယ်။ ကိုကျော်ရဲဆွေကို ခင်ဗျား ဘာလို့သတ်တာလဲ"

"ကျွန်မ မသတ်ပါဘူး"

"ဦးစိုးဇော်အောင် သတ်တာလား"

"မဟုတ်ပါဘူး"

"ဘယ်သူသတ်တာလဲ"

"ကျော်ဘမောင်"

"ဘယ်ကလဲ"

"စားသောက်ဆိုင်က အကြော်ဆရာပါ"

"ဘာလို့သတ်တာလဲ"

"ကျော်ဘမောင်က ကျွန်မကို လိုက်နေတာပါ။ အဲဒီနေ့ညက ကျွန်မနဲ့ ကျော်ရဲဆွေ ခုတင်ပေါ်မှာ အိပ်နေတုန်း ကျော်ဘမောင်ရောက်လာပြီး ဓားနဲ့ခုတ်တာပါ။ ကျော်ရဲဆွေကို ဓားနဲ့ခုတ်ပြီး နောက်ပေးက ဂုံနီအိတ်ထဲ ထည့်ပြီး သွားပစ်ထားတာပါ"

"ခင်ဗျားက ကျွန်တော်တို့ကို ဘာလို့သတင်းမပေးတာလဲ"

"တိုင်ရင် သတ်မယ်ပြောလို့ပါ"

"အခုပြောတာ အမှန်အတိုင်းလား"

"ဟုတ်ပါတယ်"

"ကျော်ရဲဆွေကို ခုတ်တဲ့ဓားရော"

"ကျော်ဘမောင် ယူသွားပါတယ်"

"ဓားက ကျော်ဘမောင်ဓားလား"

"ဟုတ်ပါတယ်။ ဆိုင်မှာ သူသုံးတဲ့ဓားပါ"

ကျော်ဘမောင်ကို စားသောက်ဆိုင်မှ ရဲအုပ်ကျော်ဌေးလွင်တို့ သွားရောက်ဖမ်းဆီးလိုက်သည်။ ကျော်ဘမောင်ကလည်း မငြင်း။ ဝန်ခံပြီး ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော အသားရုတ်သည့် အလျား ၁၀ လက်မခန့်ရှိ စတီးဓားကို ပြန်လည်ပေးအပ်သည်။

ကျော်ဘမောင် (၃၆)နှစ် (ဘ) ဦးမြသီး၊ မိတ္ထီလာမြို့နေသူကို အမှတ် (၇)ရဲစခန်းမှ (ပ) ၁၇၉/၂၀၁၁ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် ဖမ်းဆီးလိုက်သည်။

ထွန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

မင်းပြုံးလေကမိုးလင်းပြီ ကနိုဂျာဗိုဒ်ရောင်

ကိုဖိုးထင်အောင်

မှတ်ကြီးဆိုတာ ပါးမှာ အမှတ်ကြီးပါလို့ မှည့်ထားတဲ့နာမည်ပါ။ မှတ်ကြီးဆိုရင် စံနန်းဦးတစ်ရပ်ကွက်လုံး သိတယ်။ လူက ဂျစ်တီး ဂျစ်ကန်နဲ့။ သူ စကားပြောခဲ့ရင်လည်း ခပ်ပြတ်ပြတ်ပါပဲ။ သူ့အလုပ်က ဥပဒေမဲ့ နှစ်လုံး၊ သုံးလုံး ရောင်းတဲ့ လုပ်ငန်းဖြစ်တယ်။ ဟိုတုန်းက ပြောတာပါ။ ခုတော့ဖြင့် မှတ်ကြီးလည်း ချဲဆိုရင် ကိုင်ဖို့မပြောနဲ့ လေသံတောင်မှ မကြားချင်တော့ပါဘူး။ ရပ်ကွက်ထဲမှာတွေ့တဲ့ ဘောက်အလုပ်တွေပဲ လိုက်လုပ်တော့တယ်။

နောက်ထပ်တစ်ယောက် ရှိသေးတယ်။ အောင်ထွန်းလို့ ခေါ်တယ်။ အများခေါ်ကြတာကတော့ ဂေါက်အောင်ထွန်းတဲ့။ သည်ကောင်က သိပ်ပြီးတော့ စိတ်မှုမှန်ချင်တာမဟုတ်ဘူး။ သူတစ်ယောက်တည်း ပြောချင်ရာပြော ဆိုချင်ရာဆိုနေတတ်တဲ့သူ။

တစ်ခါတစ်ရံကျရင် အဆက်မပြတ် အော်ပြီး ရယ်ချင်ရယ်နေတတ်တဲ့သူပါ။ ဂေါက်အောင်ထွန်းဘဝကလည်း တစ်မျိုးပဲလေ။ ကိုယ့်ရဲ့အပူ၊ ကိုယ့်ရဲ့မူတွေနှင့် ကျင်လည်ကျက်စားနေတော့လည်းဘာပြောလို့ရမှာတဲ့လဲ။

မောင်ဦးကျတော့ လူတစ်မျိုး။ ခပ်အေးအေးပဲ နေတတ်ပြီး အားလုံးရဲ့အပေါ်မှာ သည်းခံခွင့်လွှတ်တဲ့စိတ်တွေနဲ့အတူ ပေါင်းသင်းတတ်တဲ့သူ။ ဒါပေမယ့်လို့ သည်းခံခြင်းကို အတိုင်းအတာတစ်ခုအနေနဲ့ ထားတတ်လေတော့ မောင်ဦး စိတ်တိုလည်း ကြောက်စရာပါပဲ။

သည်သုံးယောက် တစ်ရပ်ကွက်တည်းသား သူငယ်ချင်းတွေပါ။ ပြီးတော့ သူတို့မှာ တူညီတဲ့အချက်က အားလုံးလိုလို ပုလင်းတူဘူးဆို့တွေချည်းပါပဲ။ ဆိုလိုတာက အသောက်သမားတွေပေါ့လေ။

မှတ်ကြီးက သောက်ပြီဟော့ဆိုရင် သွေးဆိုးတတ်ပါတယ်။ သူ တစ်ယောက်တည်း သောက်နေရင်တော့ ကိစ္စမရှိပါဘူး။ ဘေးဝိုင်းကနေ မဟုတ်ကဟုတ်က စကားမျိုးတွေနှင့် မှတ်ကြီးကို ရိုသဲ့သဲ့လုပ်လာခဲ့ရင်တော့ မှတ်ကြီးဆိုတဲ့အတိုင်း တစ်ဖက်လူကို မှတ်မှတ်ရရရှိအောင် မှတ်မှတ်ရရပဲ ပြန်လုပ်တတ်တာ မဟုတ်လား။

ဂေါက်အောင်ထွန်းကတော့ ကြောင်တောင်တောင်အကောင်ပါ။ သူ မူးပြီဆိုရင် အော်ချင်ရာတွေ ဆွတ်ပြီးတော့အော်၊ ဟစ်ချင်ရာတွေ ဆွတ်ပြီးတော့ ဟစ်၊ ပြောချင်ရာတွေ ပြောတာကလည်း ပါလိုက်သေး။ အတော့်ကို စိတ်ညစ်ဖို့ကောင်းတဲ့ ဂေါက်ပါ။ သည်ကြားထဲမှာ အဆက်မပြတ် ရယ်နေတာလည်း ပါသေးတယ်။

မောင်ဦးကျပြန်တော့ အရက်တစ်ခွက်ဝင်သွားတာနဲ့ ဘာဆိုဘာမှ ပြောတဲ့သူမဟုတ်ပါဘူး။ အင်မတန်မှ စကားနည်းတယ်။ ဒါကလည်း အရေးကြီးတဲ့ကိစ္စမှလွဲလို့ပေါ့လေ။ သောက်တတ်ခဲ့ရင် စကားမပြောတာ အကောင်းဆုံးပါပဲ။ ဟိုစကားလိုပေါ့။ ကြမ်းကျွံရင် နှုတ်လို့ရပေမယ့် စကားကျွံရင် နှုတ်လို့မရဘူးဆိုတာလေ။ ဒါတွေလည်း မောင်ဦးအဖို့ပါပါလိမ့်မယ်။

တနင်္ဂနွေရဲ့ နေ့လယ်ခင်းမှာဆိုရင် သည်သုံးယောက်စလုံး ကိုဘူရဲ့ဆိုင်မှာ ဆုံဖြစ်ကြပါတယ်။ ကိုဘဘူက သူတို့ရဲ့ မိတ်မဖွဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com

တော့ ကိုဘာဘူရဲ့ဆိုင်မှာပဲ သူတို့တစ်တွေ ဝိုင်းဖွဲ့မိကြပါတယ်။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းပေါ့လေ။

သည်တစ်ပတ် ဒကာတော်ရေမြေရှင်က မှတ်ကြီးပါ။ မှတ်ကြီးကလည်း သူ့ရဲ့ဘောက်လုပ်ငန်းအဆင်ပြေလို့ အမှတ်တရ လုပ်ပေးတဲ့ ဝိုင်းလေးပါ။ မသောက်ခင် မမူးခင်မှာတော့ အတော့်ကို မျစ်စရာကောင်းလှတဲ့ ဝိုင်းလေးပါ။

မောင်ဦးကလည်း သူဘာသာသူ ငှဲ့သောက်၊ မှတ်ကြီးနဲ့ ဂေါက်တို့ကလည်း သူနည်းသူဟန်နဲ့ ခွက်လှည့်ချပေါ့လေ။

အရက်ဆိုတာကလည်း မမူးခင်မှာသာ ကောင်းတာ။ မူးလည်းလာရော ပတ်ဝန်းကျင်ဆိုတာကို အသာထားဦး ကိုယ့်ကိုယ်ကိုယ် တောင်မှ ဘာမှန်းသိတတ်တာမျိုး မဟုတ်ဘူး။ သည်လိုထူးဆန်းတဲ့ အရည်ကိုမှ ထူးထူးဆန်းဆန်း လုပ်ပြီး သောက်ချင်တဲ့သူတွေက ရှိနေပြန်တော့ စဉ်းစားစရာတော့ အကောင်းသားလား။

သည်သုံးယောက်ကလည်း သောက်မိပြီဟေ့ဆိုရင် မမူးမချင်း ဘယ်တော့မှ ထပြန်တတ်ကြတာမျိုး မဟုတ်ဘူး။

ကုန်ကုန်ပြောရရင် ပုလင်းလဲချင်ရင်လည်း လဲ၊ ဒါမှမဟုတ် လူလဲချင်ရင်လည်း လဲ၊ အဲသည်လို ဖြစ်ကာမှ ထပြန်တတ်ကြတဲ့သူတွေ။ သည်သုံးယောက်ရဲ့ဒဏ်တွေကို ကိုဘာဘူခံခဲ့ရတာ ကြာခဲ့ပါပြီ။

သည်သုံးယောက်က ကိုဘာဘူနဲ့ ပြောမနာ ဆိုမနာပေါ့ဆိုတော့ သည်လိုပဲ အထိုက်အလျောက် ကြည့်ပြီး ကိုဘာဘူဆက်ဆံရမှာပါပဲ။ ကိုယ်က ဈေးသည်ပဲမဟုတ်လား။ "ရောင်းသူက နှုတ်၊ ဝယ်သူက မျက်စိ" လို့ တောင် ဆိုထားသေးတာ။

ပြောလို့ပြောတာ မဟုတ်ပါဘူး။ ကိုဘာဘူလည်း အသောက်သမားတစ်ယောက်ပါ။ ဒါပေမယ့် လို့ရောင်းနေတဲ့အချိန်မှာတော့ ဘယ်တော့မှကိုဘာဘူအနေနဲ့ သောက်လေ့သောက်ထ မရှိပါဘူး။

အရက်တွေရောင်းလို့ပြီးမှ သူနည်း သူဟန်နဲ့သောက်တဲ့သူပါ။ ဒါတောင်မှ စားကောင်းသောက်ကောင်းရုံလေးပါပဲ။ ဘယ်လိုပဲ ဖြစ်ဖြစ် သောက်တာဟာ သောက်တာပဲ မဟုတ်လား။

အရက်သောက်တတ်တဲ့ သူအချင်းချင်းဆိုတော့ သည်သုံးယောက်ရဲ့အပေါ်မှာ ကိုဘာဘူအနေနဲ့ ကိုယ်ချင်းစာမိတာတွေလည်း ပါမယ်ပေါ့။ ဒါတွေက အသောက်သမားတို့ရဲ့ ထုံးစံပါပဲ။

ကိုဘာဘူမိန်းမ မိတုတ်ကလည်း ကိုဘာဘူနဲ့ ဆက်နွယ်ပြီးတော့ သည်သုံးယောက်ကို ခင်ရတာ။ ကိုဘာဘူကလည်း သဘောကောင်း၊ မိတုတ်ကလည်း မနောကောင်းဆိုတော့ သည်ဆိုင်နှင့်ပတ်သက်လာခဲ့ရင် ကိုယ့်အိမ်လိုပဲ သည်ကောင်တွေ နေကြတာများတယ်။

နေကြပါ ... နေကြပါ။ အရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် အမြင်ကြည်ကြရင် ပြီးတာပါပဲ။ ဆိုတော့ ပြောနေရင်းကနေ ဇွေကထဖောက်လာတယ်။ မှတ်ကြီးတိုက်တဲ့ အရက်ကို သောက်နေရင်းကနေ ဂေါက်တစ်ယောက် ဘာဖြစ်သွားတယ်မဆိုနိုင်ပါဘူး။ မူးနေတာလည်း ပါလိမ့်မယ်။ မှတ်ကြီးကို လက်ညှိုးထိုးပြီး...

"မင်း ဟိုတုန်းက ဘာတွေလုပ်ခဲ့တယ်ဆိုတာတို့ သိတယ်နော်။ ရုတ်ရုတ် ရုတ်ရုတ်တော့ လုပ်မယ်မကြဲနဲ့။ ရဲသွားတိုင်ရင် ဒုက္ခရောက်သွားမှာ ဘာမှတ်လို့လဲ"

အဆက်အစပ်မရှိတဲ့ စကားတွေဆိုလာတော့လည်း မှတ်ကြီးအနေနဲ့ ကျွဲမြီးတိုဘဝရောက်ခဲ့ရတာ အမှန်။ ကိုယ်ကလည်း တိုက်ရသေး ကိုယ်ကိုလည်း ပြန်စော်ကားသေးတယ် ဆိုတော့ မှတ်ကြီး ဘယ်ခံချင်ပါ့မလဲ။

သောက်လက်စဖန်ခွက်ကိုင်းကြီးကို ကိုင်ပြီး ဂေါက်ကိုပွဲကြမ်းဖိုဟန်ပြင်လိုက်တယ်။ တော်ပါသေးရဲ့။ ကြားထဲက မောင်ဦးခံနေလို့နဲ့မို့ဆို

www.burmeseclassic.com

www.burmeseclassic.com

မတွေးဝံ့စရာပါပဲ။ မောင်ဦးက ဂေါက်ကိုပဲ ကြိမ်းမောင်းပြစ်တင်လိုက်တယ်။ ဂေါက်ကလည်း လွန်တာကိုး။

"ဂေါက်ကလည်းကွာ ကိုယ့်အချင်းချင်း ဘာစကားတွေပြောနေတာလဲ။ သောက်မှာဖြင့် လည်းသောက်၊ ပြဿနာကို မီးထွန်းမရှာချင်စမ်းပါနဲ့"

သည်စကားကို ဂေါက်ကလည်း မကျေနပ်လို့ထင်ပါရဲ့။ အရက်သောက်နေရာကနေ ဆတ်ခနဲထပြီး သူ့အိမ်ဘက်ကို ယိုင်တိယိုင်တိုင်နဲ့ ပြန်ချသွားတယ်။

တစ်အောင့်လောက်ကြာတော့ ဂေါက်ရဲ့အသံကို မောင်ဦးတို့ မှတ်ကြီးတို့တောင် ကြားလိုက်ရတယ်။

"မောင်ဦးရေ ... ငါလာပြီဟော့။ ငါ့အကြောင်းကို သိဖို့သာပြင်ထားပေရော့"

တကယ့်ကို ကြောက်စရာကောင်းတဲ့အသံကြီးပါ။

ခါတိုင်းလည်း သည်ကောင်အရက်မူးလာခဲ့ရင် သည်ထက်တောင်မှ ဆိုးပါသေးတယ်။ မောင်ဦးကတော့ ဂေါက်အကြောင်းကို သိထားသူမို့ ဘာမှမဟုတ်တန်ဘူးဆိုပြီး အရက်ကို ဖိမ်နဲ့ဆွဲပြီးသောက်နေလိုက်တယ်။

မကြာပါဘူး။ ဂေါက်ရောက်လာပြီး သူ့လက်ထဲမှာပါတဲ့ ဓားနဲ့ မောင်ဦးကို ထိုးပစ်လိုက်တယ်။ သည်တော့မှ မောင်ဦးလည်း ထိတ်ထိတ်ပျာပျာဖြစ်သွားရင်း ဂေါက်ရဲ့ထိုးလာတဲ့ဓားကို လက်နဲ့ဆီးပြီး ခုခံလိုက်ရတယ်။

မောင်ဦးကလည်း သူ့ကို ထိလာတော့ ဘယ်ခံချင်ပါ့မလဲ။ အနားမှာရှိတဲ့ အရက်ပုလင်းနဲ့ ဂေါက်ရဲ့ခေါင်းကို ရိုက်ခွဲပစ်လိုက်တယ်။

သူ့ထိတော့လည်း နာတတ်လိုက်ဘာ။ သူ့ခေါင်းကို လက်နဲ့အုပ်ပြီး ဓားကို ပစ်ချလို့ သူ့အိမ်ဘက်ရှိရာ ပြန်ပြေးသွားတယ်။ နောက်ဆုံးတော့ မောင်ဦးရော ဂေါက်ပါ စခန်းကို ရောက်သွားကြတယ်။ ဂေါက်ဘက်က မိသားစုတွေကလည်း တိုင်ချက်ဖွင့်သလို မောင်ဦးမိသားစုတွေကလည်း တိုင်ချက်ဖွင့်ခဲ့ကြတယ်။

သက်သေကတော့ မှတ်ကြီးပဲပေါ့။ မှတ်ကြီးကလည်း ဆိုင်ထဲမှာဖြစ်ပျက်ခဲ့သမျှအားလုံးကို မချွင်းမချန် ဘဲနဲ့ သက်သေပြခဲ့တယ်။ စခန်းမှူးလုပ်သူက ဂေါက်ကိုကြည့်ပြီး "သူပြောတာတွေ ဘုတ်သလား" လို့ မေးလိုက်တယ်။

သည်အချိန်မှာ ဂေါက်ကလည်း အရက်မူးပြေနေလေတော့ "ဟုတ်ပါတယ်" လို့ဝန်ခံရင်း "တကယ်တော်မူကျ ကျွန်တော်က စပြီးလုပ်တာပါ" လို့တောင်မှ ပြောလိုက်သေးတယ်။ ဂေါက်ရဲ့မိသားစုကတော့ ဂေါက်စကားကို ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ဒါပေမယ့် မပြေးသော်လည်း ကန်ရာက ရှိခဲ့ပြီပဲလေ။

သည်ကြားထဲမှာ ဂေါက်ကိုယ်တိုင် မောင်ဦးရဲ့အနားကိုလာပြီး ...

"ငါမှားသွားတယ် သူငယ်ချင်းရာ။ ငါ့ကို ခွင့်လွှတ်ပါ။ အဓိကတရားခံကတော့ အရက်ကြောင့်ပါပဲ။ အရက်နဲ့ငါကလည်း မတည့်ဘူးလေ။ ငါ့ကို ဗွေမယူပါနဲ့ကွာ"

ကာယကံရှင်ကိုယ်တိုင်က လျှောက်လဲချက်တွေ ပေးလာတော့လည်း မောင်ဦး အနေရကြပ်လာတယ်။

သည်အမှုနဲ့တင် ဂေါက်လည်း ထောင်ကျသွားတယ်။ ထောင်ကနေ ပြန်လွတ်လာခဲ့ရင်တော့ ဂေါက်လို့ခေါ်တဲ့ အောင်ထွန်းတစ်ယောက် သူ့ရဲ့ ဘာမှန်းမသိတဲ့ဂေါက်ရောဂါအပြင် သောက်တာကွေပါ ပျောက်သွားပါစေလို့ မရဲတရဲဆုတောင်းမိပါရဲ့။

ကိုဖိုးဇင်အောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြမ္မာငင်သေ နေ့တစ်နေ့

မောင်သက်ဆွေ (မင်းလှစစ်ကွင်း)

အခန်း (၁)

သက္ကရာဇ်အဟောင်း တစ်နေရာ ဆီက ဖြစ်ပါသည်။ ကျွန်တော် အသက်မှာ ခုနစ်နှစ်၊ ရှစ်နှစ်သာသာ ပင် ရှိပါဦးမည်။

နွေနေ့လယ်ခင်း တစ်နေ့ကွင် လင်းဒကွင်းတစ်ရွာလုံး အုတ်အုတ် ကျက်ကျက်ဖြင့် ဆူညံပွက်လောရိုက် နေသည်ကို တွေ့ရသည်။ ကလေး အရွယ်ဖြစ်သော ကျွန်တော်သည် ဘာ ညာမှန်းမသိသော်လည်း ကလေး သဘာဝစပ်စုလို စိတ်ကြောင့် စုစုဝေး ဝေးရှိနေသည့် လူအုပ်များအနီး ချဉ်း ကပ်နားစွင့်မိ၏။

"မြင် အသက်ခံရလို့တဲ့"

"ဒီကောင်သေမှ အေးမှာပါကွာ"

"သတ်လိုက်တဲ့ လူက ထန်းပင်ကုန်းက မြင့်လွင်ဆိုပဲ"

အမျိုးမျိုးကြားနေရသော စကား သံများကြောင့် ကျွန်တော့်ကျောထဲ စိမ့်ခနဲ ဖြစ်သွားမိ၏။ မြင် အသတ် ခံရတယ်။ သတ်တာမှ ဆယ်လက်မ ခန့်ရှိသော ကိုက်ဖြင့် ပွဲချင်းပြီး ထိုး သတ်လိုက်တာ ဟူသည့်စကားများ ကြားရသောအခါ ကျွန်တော် ပြော မပြတတ်အောင် ကြောက်ရွံမိပါ တယ်။

ထိုစဉ်က အသတ်ခံရသော မြင်ကိုလည်း ကျွန်တော်မသိ။ သတ် လိုက်သောသူ မြင့်လွင်ကိုလည်း ကျွန်တော်တစ်ခါမှ မမြင်ဘူးပါ။ အမျိုးစုံကြားနေရသော စကားသံများ ကြားတွင် အလိုလိုတွေးနေသူ ကျွန်တော်သာဖြစ်ပါသည်။ ကျွန် တော်တို့ လင်းဒကွင်းရွာသားတချို့ ကိုယ်တိုင်သွားကြည့်ကြသည်။ တချို့ က ပြန်ရောက်လာကြပြီး မြင်လာသမျှ ကို ရေပက်မဝင်အောင် ပြောကောင်း နေဆဲ။ လူသတ်မှုဖြစ်ပွားရာ ထန်းပင် ကုန်းနှင့် လင်းဒကွင်း သိပ်မဝေးလှ သဖြင့် သွားကြည့်ကြသူ၊ ပြန်လာ ကြသူ အတော်များများကို တွေ့နေ ရသည်။

ဘာဖြစ်လို့ အသတ်ခံရတာ လည်း၊ သတ်တဲ့သူကလည်း ဘာ ကြောင့် သတ်ရသလည်းဟူသော သိ ချင်စိတ်ကို အဖြေထုတ်ဖို့ ကြိုးစားပေ မယ့် ကလေးအရွယ် ကျွန်တော့်ကို မည်သူကမျှ အရေးလုပ်မဖြေကြားခဲ့

တစ်နေကုန် ပြောမဆုံးပေါင် ဖြစ်နေသည့် ထိုလူသတ်မှုဖြစ်ပွားခဲ့ သော သတင်းက လင်းဒကွင်းရွာ လေး၏ မိုးချုပ်အလင်းရောင် ပျောက် ချိန်တွင် ဆိတ်သုဉ်းသွားခဲ့ရာ အပေ လည်း အိမ်ပြန်ရောက်ခဲ့၏။

အိမ်ပြန်ရောက်ရောက်ခြင်း

"မြင့်လွင်လို လူရိုးလူအေး တစ်ယောက်တောင် သည်းမခံနိုင် အောင် ဖြစ်ရတယ်ဆိုတော့ ဒီကောင် တော်တော်လွန်တာပဲ ဖြစ်ရမယ်။ မြင် သူ့မိုက်ဇာတ် သူသိမ်းသွား တာ။ ဒါပေမယ့် စိတ်မကောင်းဖြစ်မိ

www.burmeseclassic.com

www.burmeseclassic.com

တာက အခုနေ သူသားတွေရှင်ပြုပေးဖို့ ရည်ရွယ်ထားတဲ့ မြင့်လွင်အတွက်ပါ''

အဖေက စိတ်မသာမယာ လေသံဖြင့် မီးဖိုချောင်ထဲရှိ အမေ့ကို ပြောပြနေတာဖြစ်သည်။ ကျွန်တော်အဖေ့စကား သံနှားစွင့်ရင်း ကိုမြင့်လွင်ဆိုသောသူအတွက် စိတ်မကောင်းဖြစ်မိသည်။

ကိုမြင့်လွင်သာ ဤအဖြစ်ဆိုးနှင့် မကြုံခဲ့ရပါလျှင် ယခုနေအလှူပွဲကို ပျော်ရွှင်စွာ ဆင်နွှဲဖြစ်ပေလိမ့်မည်။ ခုတော့ ...

ကျွန်တော် ဘာကိုမှန်းမသိ မွန်းကျပ်သလို ခံစားရသည်။ ညရောက်သော်လည်း တော်တော်နှင့်အိပ်မပျော်။ ပို၍ဆိုးသည်က အဖေ့စကား တစ်ခွန်း ...

''ငါ့ညီ မြင့်လွင် လုပ်ရပ်က မမှားပါဘူး။ ဒါပေမယ့် တရားဥပဒေဘက်က ကြည့်ရင် မမှန်ပြန်ဘူး။ သူကြမ္မာပေါ့''

အဖေ၏ စကားထဲတွင် ကိုမြင့်လွင်ကို ငါ့ညီဟု သုံးစွဲလိုက်တာ ကျွန်တော် သေချာကြားရ၏။ အဖေနှင့်ကိုမြင့်လွင်က ညီအစ်ကိုတွေလား။ ဒါဆို အခု မြဒင်ကို သတ်လိုက်သော ကိုမြင့်လွင်မှာ ကျွန်တော်ဦးလေးဖြစ်နေ၏။

နောက်တစ်နေ့ မနက်မိုးလင်းတော့ အဖေ မြို့တက်သွားသည်။ ကို

မြင့်လွင် ကိစ္စဟုလည်း သိရ၏။ အဖေမရှိချိန် ကျွန်တော် အမေ့နား ကပ်ပြီး ...

''အမေ ... အဖေနဲ့ အဲဒီ ကိုမြင့်လွင်ဆိုတဲ့လူက အမျိုးတော်လား။ အဖေ မနေ့ကပြောတဲ့ စကားထဲမှာ သူညီလို့ ပြောသံကြားတယ်''

အမေ ကျွန်တော့်ကို စိတ်မသက်မသာ ပြန်ကြည့်ရင်း ...

''အရင်းတော့ မဟုတ်ဘူးသားရဲ့။ ညီအစ်ကို တစ်ဝမ်းကွဲ။ ဝမ်းကွဲဆိုပေမယ့် မင်းအဖေနဲ့ညီအစ်ကို အရင်းလိုနေတာ'' တဲ့။

''သြော်'' ဟုသာ ကျွန်တော် နှုတ်ဖျားက ထွက်ခဲ့သော်လည်း သိချင်သော ဘာဖြစ်လို့ သတ်ရတာလဲဟူသည့် မေးခွန်းကို မမေးဖြစ်ခဲ့။ အမေ့မျက်နှာပေါ်တွင် အရင်နေ့များစွာက တွေ့ခဲ့ရဖူးသော ကြည်လင်ရွှင်ပြမှု ပျောက်ဆုံးနေခြင်းကြောင့်လည်း ပါသည်။

နှစ်များစွာ ကြာခဲ့သည့်တိုင် ကျွန်တော်မမေးဖြစ်ခဲ့။ ကျွန်တော် တကယ်မေးဖြစ်ခဲ့ချိန်၊ အမေ ကျွန်တော့်ကို ပြန်ပြောပြနေခိုန်ကွင်း မောင်သက်ဆွေ၊ မင်းလှ၊ စစ်ကွင်း၊ အမည်ဖြင့် ကလောင်တစ်ချောင်းကို ဆရာနီလေးမောင် ဖြစ်ရပ်မှန်မဂ္ဂဇင်း၌ မွေးထုတ်ပေးခဲ့ရာ ဆရာကြီး၏ ကျေးဇူးဖြင့် ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် စာရေးသားခွင့်ရနေချိန် ဖြစ်နေပါသည်။

အခန်း (၂)

ထန်းပင်ကုန်းရွာလေးသည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းလက်ပံတန်းမြို့နယ်အုပ်တွင် တည်ရှိပါသည်။

ထန်းပင်ကုန်းရွာသားများမှာ ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးအများစုဖြစ်ပြီး စကားပြောဆိုရာတွင် ရိုးသားပွင့်လင်းကြသည်။ ကူညီရိုင်းပင်းလိုစိတ်ရှိကြသည်။ ရွာသားအများစုမှာ ဘိုးဘွားပိုင်လယ်များ လုပ်ကိုင်ရင်း အသက်မွေးကြသည်။ ရွာသားအများစုမှာ ဘိုးဘွားပိုင်လယ်များကို လုပ်ကိုင်ရင်း အသက်မွေးကြသည်။

လယ်ယာလက်မဲ့များက သူရင်ငှားဘဝဖြင့် စားဝတ်နေရေး ဖြေရှင်းကြ၏။ တစ်နှစ်ပတ်လုံး ကယိထဲ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တွင် အချိန်ကုန်နေကြသူတွေဖြစ်၏။ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ကျွဲနွားများဖြင့် ရှုန်းကန်ကြသည်။

ဤကား ယခုမှမဟုတ်။ အရင်ဘိုး၊ ဘွားတို့ လက်ထက်ကတည်းက ဖြစ်၏။ နေပူမရှောင်၊ မိုးရွာမရှောင် ဖြတ်သန်းရင်း ဘဝအာမခံချက်ကို ရှာဖွေနေကြသူတွေဟု ဆိုရပေမည်။

မိသားစု စားဝတ်နေရေးအတွက် ပင်ပန်းမှုကို မည်သူမျှ ဂရုမစိုက်အား၊ မိုးရွာလျှင် စပါးစိုက်မည်။ ဆောင်းရောက်လျှင် မှည့်ဝင်းနေသော စပါးတွေ ရိတ်သိမ်းမည်။ ရိတ်သိမ်းထားသော စပါးကောက်လှိုင်းများ နွေနေပူပူတွင် ခြွေလှေ့မည်၊ ရောင်းချမည်။

ရောင်းချ၍ရသော စပါးရောင်းရငွေဖြင့် ဝယ်ချင်သည်ကို ဝယ်ယူမည်၊ အလှူပေးမည်။ မိုးပြန်ရွာလာပါက စပါး ပြန်စိုက်မည်။ ဤကား တောသူတောင်သားတို့ သဘာဝလည်ပတ်နေသော အလေ့အထ မဟုတ်ပါလား။

ဆန်၊ စပါးသည် သာလျှင် သူတို့၏ အဓိကအရာဖြစ်လို့နေသည်။ စပါးအထွက်ကောင်းမှ ရွာသို့မှန်းချက် အောင်မြင်လိမ့်မည်ဟု ယုံကြည်ထားကြသည်။ သို့ကြောင့် စပါးစိုက်ပျိုးခြင်းသာအရေးပါဆုံးဟု ခံယူထားရင်း ဘဝကို လျောက်လှမ်းနေဆဲ။ ဤကဲ့သို့ လူပ်ရှားရုန်းကန်နေသော ထန်းပင်ကုန်းရွာသားများထဲတွင် ကိုမြင့်လွင်တို့ ဇနီးမောင်နှံလည်း အပါအဝင်ဖြစ်၏။ မိဘလက်ငုတ်လက်ရင်း လယ်ဆယ်ဧကကို သူရင်းငှားမခေါ်ဘဲ လင်မယားနှစ်ယောက်တည်း တက်ညီလက်ညီ လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ကိုမြင့်လွင် ရှေ့ကသွားလျှင် မိန်းမဖြစ်သူ မိဝေက နောက်မှလိုက်သည် ကိုမြင့်လွင် လယ်ထွန်နေပါက မိဝေ ပျိုးနုတ်သည်။ မိဝေ ပျိုးနုတ်ရုံတင်မက ပျိုးလက်အရေအတွက် အတော်များများပါ ထမ်းနိုင်သည်၊ ကောက်စိုက်သည်၊ အားသည့်အချိန်ပေါင်းသင်၊ မြတ်နုတ်သည်။

ကိုမြင့်လွင်အတွက် သူရင်းငှားမလိုလောက်အောင် မိဝေက အစစအရာရာလိုလေသေးမရှိ လုပ်နိုင်နေ၏။

လင်မယားနှစ်ယောက်လုံး လုပ်အားလောဘရှိသူများမို့ ပင်ပန်းမှုကို ဂရုမစိုက် မနက်မိုးမလင်းခင်ကတည်း ချက်ပြုတ်ပြီး နေမထွက်မီ လယ်ထဲ ရောက်ပြီးသား၊ ကိုမြင့်လွင် နွားနှစ်ကောင်ဖြင့် ဖက်ရုန်းနေချိန် မိဝေကလည်း သူမ တတ်နိုင်သမျှ လုပ်နေမြဲဖြစ်သည်။

တစ်နေ့တာ နေရောင်ပျောက်ကွယ်မှ အိမ်ပြန်လာကြရ၏။ ဤသို့တစ်နှစ်ပတ်လုံး ရုန်းကန်နေကြရသည်ကို ကိုမြင့်လွင်တို့ လင်မယားမည်သည်ညှာ။ အိမ်ရောက်ပါက သားနှင့်သမီး မျက်နှာကလေးတွေ မြင်ရလျှင် အမောပြေရမြဲ။

အဘွားဖြစ်သူနှင့် တစ်နေကုန်နေကြရသော သားနှင့်သမီးလေးများကလည်း ကိုမြင့်လွင်တို့ အိမ်ပြန်ရောက်တိုင်း တီတီတာတာ ပြောတတ်မြဲ။ ကိုမြင့်လွင်တို့ လင်မယားနေ့မအား၊ ညမအား ရှာဖွေနေရခြင်းကလည်း ဤကလေးများဘဝ ရှေ့ရေးအတွက်ပဲ မဟုတ်ပါလား။

သား၏မျက်နှာ၊ သမီးကလေး၏စကားသံတို့က ကိုမြင့်လွင်တို့ လင်မယားအတွက် အားအင်ဖြစ်လို့နေ၏။

လာမည့်နွေ သားလေးကို ရှင်ပြုအလှူပေးဖို့ ဆုံးဖြတ်ထားရာ အရင်ထက်အလုပ်ကို ပိုကြိုးစားကြသည်။ ငါးနှစ်ကျော်၊ ခြောက်နှစ်အရွယ် ရောက်ရှိလာပြီဖြစ်သော သားလေးကို သင်္ကန်းစီးဖို့ ရွာဦးကျောင်းဆရာတော်ကို တိုင်ပင်ပြီးသား။ အလှူတွင် လှူဒါန်းဖို့ ကျွေးမွေးဖို့များကို စိတ်ကူးဖြင့် ကြည့်နူးနေကြသည်။

ဘာပဲဖြစ်ဖြစ် လယ်အထွက်ကောင်းဖို့ အရေးကြီးသည် မဟုတ်ပါလား။ သို့ကြောင့် အရင်ကထက် ဒီနှစ်ပိုဂရုမစိုက်ကာ စိုက်ပျိုးသည်။ မလိုအပ်သော အန္တရာယ်တွေ မကျရောက်ဖို့ စိုက်ပျိုးထားသော သီးနှံများကို စောင့်ကြည့်သည်။

အစားအသောက် ခြိုခြုံချွေတာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ငွေကို ရာသက်စုကြသည်။ ကိုမြင့်လွင်တို့ လာမည့်နွေ အလှူပေးမည်ဆိုသောအခါ ထန်းပင်ကုန်တစ်ရွာလုံးကလည်း အလှူပွဲဆင်နွှဲရန် မျှော်လင့်နေကြသည်။ အလှူဆိုင်းသံ၊ ဗုံသံကို ကြားချင်နေသူတွေများ၏။

အလှူထမင်း၊ အလှူဟင်းတဝစားချင်သူတွေကလည်း အားခဲထားကြသည်။ အားထက်သရော ပါဝင်ကူညီလိုကြ သူတွေကလည်း အဆင်သင့်။ ကိုမြင့်လွင်တို့လင်မယားကလည်း စိတ်ကူးဖြင့်သိုက်လွယ်၊ သက်နှံတောင်း ပိုက်ကြည့်ရင်း အလှူဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနေကြ၏။

မှည့်ဝင်းနေသော စပါးခင်းတွေ ငေးမောနေရင်း ပီတိတွေဝေနေလို့။ စပါးအထွက်ကောင်းမှ မျှော်လင့်ချက်အိပ်မက်က အကောင်အထည်ပေါ်လာမည်မှာ ကိုမြင့်လွင် သိပါသည်။ သားလေးရှင်ပြု အလှူပေးဖို့ ရည်ရွယ်ကာ လင်မယားနှစ်ယောက်စလုံး တက်ညီ၊ လက်ညီ လုပ်ကိုင်ရင်း တစ်မိုးတွင်းကို ကျော်ဖြတ်ခဲ့ပြီ။

နွေစဉ် ကောင်းကင်၌ ဝဲပျံနေသော ကြက်တူရွေးတစ်အုပ်ကို ငေးမောကြည့်ရင်း အန္တရာယ်ဆိုးတစ်စုံတစ်ရာ မကျရောက်ဖို့ ဆုတောင်းရတာလည်း အမော။

အခန်း (၃)

ကိုမြင့်လွင်တို့ လယ်တစ်ခွင် စပါးတွေ ရွှေရောင်လွှမ်းနေသော ကာလ ကရင်ကံကလေးရွာတွင်နေသော ဦးလေးဖြစ်သူက ရွာကိုလာဖို့ မှာထားသဖြင့် ယနေ့ ကိုမြင့်လွင် အိပ်ရာမှ စောစောထသည်။

ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးများ ရိုးရာ နတ်စားမည်ဖြစ်၍ ဦးလေးဖြစ်သူက ပိုလို့သော ဝက်သားများ ဝေငှရာ ကိုမြင့်လွင်ကိုလည်း လာရောက်ဖို့ ဖလှယ်ကြုံပါးထားခြင်းဖြစ်သည်။

ကရင်ကံကလေးရွာနှင့် ထန်းပင်ကုန်းမှာ အတော်လှမ်းသဖြင့် နေ

မပူခင် စောစီးစွာ သွားရောက်လို သောဆန္ဒကြောင့် မိန်းမဖြစ်သူ မိဝေကိုလည်း နှိုးထားပြီးဖြစ်သည်။

မိဝေကလည်း မီးဖိုချောင်တွင် တကုတ်ကုတ်ဖြင့် ချက်ပြုတ်နေ၏။ ကိုမြင့်လွင်က မိဝေ ချဉ်းထားသော ရေနွေးကြမ်းသောက်ရင်း ...

"မိဝေရယ်၊ ဒီမနက်ကျမှ ငါ့စိတ်တွေလေးနေတယ်ဟာ။ ဘာဖြစ်တယ်မသိဘူး။ အရှင်က ဒီလိုကစ်ခါမှ မဖြစ်ဖူးဘူး"

မိဝေက ထမင်းအိုးငဲ့ရင်း ...

"အစ်ကိုမြင့်လွင်ရယ် ရှင်အိပ်ရေးမဝလို့ ဖြစ်မှာပါ။ ပြန်အိပ်ပါလား။ အခုမှ လေးနာရီတောင် မထိုးသေးဘူး။ သွားခါနီးကျ ကျွန်မနှိုးမယ်လေ"

"မအိပ်တော့ပါဘူးဟာ၊ နွားတွေလည်း ရေတိုက်ခဲ့ရဦးမယ်" ဆိုကာ ထိုင်ရာမှထပြီး နွားတင်းကုတ်ရှိရာသို့ ဝင်သွားလေသည်။

မိဝေက ယောကျ်ားဖြစ်သူ ကိုမြင့်လွင် ကျောပြင်အားငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မိဝေ၏ မီးဖိုချောင်ကိစ္စပြီး ပြတ်သွားသောအခါ အရှေ့တောင်ဘက်ကောင်းကင်မှ ရောင်နီနုနု၏ အလင်းရောင်ကိုအားပြုရင်း လင်မယားနှစ်ယောက် ကရင်ကံ ကလေးရွာသို့ ထွက်လာခဲ့သည်။

ကိုမြင့်လွင်စိတ်ကူးက ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

ခံစားနေရသောမကြည်လင်စိတ်ကို မိဝေအား ဖွင့်မပြောချင်တော့၍ တစ်ယောက်ထဲ မျိုသိပ်ထားလိုက်သည်။ အိမ်မှစထွက်စဉ်ကတည်းက လိုရမယ်ရသုံးဖို့ အသွားဆယ်လက်မ သာသာ ကိုက်တံတစ်ချောင်းကို ယူလာခဲ့သည်။

ဖခင် လက်ထက်ကတည်းက အမွေရရှိထားသော ဤကိုက်တံမှာ အသွားကိုမားအဖြစ်လည်း အသုံးပြုနိုင်၏။

ကိုမြင့်လွင် စိတ်ကူးမှာ အပြန်တွင် ဝက်သားတွဲ လျှိုထမ်းဖို့လည်း အဆင်ပြေသည်။ ထို့ကြောင့် ကိုက်တံကို ပခုံးပေါ်ထမ်းရင်း လျှောက်လာ၏။ ထန်းပင်ကုန်းရွာမှ ကရင်ကံရွာသို့ရောက်ဖို့ အနောက်သဲကုန်း၊ ရှားစောဘို၊ လင်းဒကွင်းအနောက်ပိုင်း၊ ဂုံမင်းကွင်း စသည့်ရွာများကို ဖြတ်ကျော်သွားရသည်။

ဂျပန်ခေတ်က ဖေါက်လုပ်ထားသောဆက်သွယ်ရေးလမ်းမကြီးပေါ်တွင် ကရင်ကံကလေးရွာမှာ မေးတင်တည်ရှိနေခြင်းမို့ ကိုမြင့်လွင်တို့လင်မယားမနက် ခုစ်နာရီခွဲလောက်တွင် ဦးလေးအိမ်ရောက်၏။

ဦးလေးအိမ်တွင် သူ့မိသားစုများ၊ ကရင်ကံကလေး ရွာသားများ၊ ဝက်သား လာရောက်ဝယ်ယူသူများနှင့် ကရင်နတ်ဟင်း လာရောက်စားသောက်သူများဖြင့် စည်ကားနေ၏။

ကိုမြင့်လွင်တို့လင်မယားကလည်း ကူညီစရာများ ဝိုင်းဝန်းလုပ်ကိုင်ပေးသည်။ဝက်သားများကူရောင်းပေးသည်။ နတ်တင်သော အလှူမို့ လာရောက်စားသောက်ကြသူများကို ထမင်းကြွေးခြင်း၊ ပန်းကန်ဆေးခြင်းများလုပ်ကိုင်ပေးကြသည်။

ကိုမြင့်လွင်က ဦးလေးမိသားစုနှင့်အတူ ဝက်သားခုတ်ရင်း ရောင်းပေးသည်။

အားလုံး ပြီးစီးသွားသောအခါ ကိုမြင့်လွင် အလှူကိစ္စဦးလေးနှင့်တိုင်ပင်သည်။ ဦးလေးဖြစ်သူကလည်း အကြံကောင်းဉာဏ်ကောင်းများပေးသည်။

ကိုမြင့်လွင်ဦးလေးနှင့် စကားပြောပြီး ပေးလိုက်သောဝက်သားဟင်းများ၊ ရောင်းရန်ဝက်သားတွဲများ အိမ်မှပါလာယောကိုက်တွင် လှိုထမ်းကာနတ်ဆက်ပြန်လာခဲ့သည်။

ကိုမြင့်လွင်တို့ လင်မယားလင်းတောင်ကုန်းရွာနားရောက်တော့ ထန်းပင်ကုန်းဘုန်းကြီးကျောင်းမှ နေ့ဆွမ်းစားကြွေးစည်ထုသံ ကြားရ၏။ လင်မယားနှစ်ယောက်လုံး နေအတော်မြင့်နေပြီမို့ ခြေလှမ်းများခပ်သွက်သွက် လျှောက်ရသည်။

စကားတပြောပြောနှင့် လျှောက်လာသည်မှာ ထန်းပင်ကုန်းဘုန်းကြီးကျောင်းနားပင် ရောက်လာ၏။ ရွာနှင့်နီးလာပြီမို့ ကိုမြင့်လွင်တို့ စိတ်အေးလက်အေး လျှောက်

လာစဉ် သူတို့ရှေ့သို့ လူသုံးယောက်ဘွားခနဲပေါ်လာသဖြင့် ကိုမြင့်လွင်ရော မိဝေပါ နောက်သို့ ဆုတ်လိုက်ကြသည်။

သေချာစွာကြည့်မိတော့ ကညင်တကိုင်းရွာသား မြဒင် . . ။

မြဒင်... ဆိုသည်မှာ ကညင်တကိုင်းရွာထဲတွင် အလုပ်ကို လက်ကြောတင်းအောင် မလုပ်သည့်ပြင် အချိန်ပြည့် မူးရူးနေသူဖြစ်သည်။ ရွာထဲတွင် ရန်မီးမငြိမ်းပဲ လစ်လျှင် ခိုးတတ်ဝှက်တတ်သေး၏။

ယခုလိုခေတ်ကာလ မငြိမ်သက်သည့်အခါ အနောက်ဘက်တစ်နယ်တစ်ရပ်မှ ထောင်ထွက်နာမည်ဆိုးရှိသူများနှင့် ပေါင်းသင်းကာ လုယက်နေသည်ဟူသော သတင်းက ပျံနှံ့နေ၏။

မြဒင်ကိုတွေ့သူလည်း ဝေးဝေး

www.burmeseclassic.com

www.burmeseclassic.com

ကရောင်ကြွေ၏။ မြဒင်လို လူမျိုးကို မည်သူမှ မပတ်သက်ချင်။

ယခုလည်း မြဒင်နှင့် နောက်က အဖော်နှစ်ယောက်ကို တွေ့လိုက်ရသောအခါ ကိုမြင့်လွင်တို့ လင်မယားအနည်းငယ်တော့ စိတ်ကသိကအောက်ဖြစ်ရ၏။ ကညင်တကိုင်းရွာနှင့် ထန်းပင်ကုန်းမှာ သိပ်မဝေးလှသောကြောင့် မြဒင်အကြောင်း မကြားချင်အဆုံး ဖြစ်သည်။

မြဒင်ရပ်က အရက်ခိုးတွေဝေလို့ ချက်နှာကမချိုမချဉ် မျက်နှာပေးဖြင့်

"သူငယ်ချင်း မြင့်လွင် ငါတို့ကို ဝက်သားပေးခဲ့ဦးကွာ"

မြဒင် စကားကြောင့် ကိုမြင့်လွင်က မိန်းမဖြစ်သူကို ကြည့်မိသည်။

မိဝေကလည်း မြဒင်လို လူမျိုးနှင့် အချိန်ကြာကြာ မပတ်သက်လို့ဖြင့် ရွက်လာသော ဝက်သားတောင်းထဲမှ ငါးဆယ်သားလောက်ရှိသည့် ဝက်သားတွဲတစ်တွဲ ပေးလိုက်သည်။

ဒါကို မြဒင်က ဟက်ဟက်ပက်ပက် ရယ်သည်။

မြဒင် ရယ်တော့ သူ့နောက်လိုက်များကလည်း ငှက်ဆိုးထိုးသံများဖြင့် ဝိုင်းဟားကြသည်။

ပြီးတော့ မြဒင်က ဆိုလိုက်သေးသည်။

"ဟာ ... မြင့်လွင် မင်းလောက်ဝက်သားတွဲတွေ အများကြီး ထမ်းလာပြီးတော့ ငါ့ကို ဒီမဖြစ်စလောက်ဝက်သားပဲပေးလား" ဆိုကာ မိဝေပေးသော ဝက်သားတွဲကို မြေပေါ်ပစ်ချလိုက်သည်။

"မြဒင် ငါလည်း အလကားရတာမဟုတ်ဘူးကွ။ ဒီဝက်သားတွဲတွေက ငါ့ဦးလေး ရောင်းခိုင်းလိုက်တာ"

ကိုမြင့်လွင်စကားကို မြဒင်ဆုံးအောင်နားမထောင်ဘဲ

"မရဘူးကွာ မင်းထမ်းလာတဲ့ အတွဲထဲကပေး"

"မလုပ်ပါနဲ့ ကိုမြဒင်ရယ် ရှင်ထပ်လိုချင်ရင် ကျွန်မအိမ်စားဖို့ ပေးလိုက်တဲ့ ဒီတောင်းထဲကဟာပဲယူပါ"

မိဝေကလည်း မြဒင်ကိုအကျိုးအကြောင်းရှင်းပြသည်။

မြဒင်က မိဝေ အကျိုးအကြောင်းရှင်းပြသည်ကိုလည်း ဂရုစိုက်မှု မရှိ။

တရိပ်ရိပ်တက်နေသော အရက်ရှိန်ကြောင့် မျက်နှာတစ်ပြင်လုံးနီရဲနေသည်။ ပုံမှန်မဟုတ်သောအနေအထားမှ မြဒင် ခါးကြားခွဲအသင့်ယူလာသည့် ဓားမြှောင်ကို ထုတ်လိုက်၏။ ပြီးနောက်

"အဲဒါတွေ ငါမသိဘူး။ ငါသိတာက ဝက်သားရဖို့ပဲ။ ပေးမှာလား၊ မပေးဘူးလား မြင့်လွင်"

မြဒင်လက်ထဲမှ ဓားမြှောင်ကို မြင်ရသောအခါ မိဝေ လင်ယောကျ်ားဖြစ်သူ ကိုမြင့်လွင်အတွက် စိုးရိမ်စိတ်များဖြစ်မိသည်။

"ကိုမြင့်လွင် ပေးလိုက်ပါ။ ကျွန်မတို့ အဲဒီဝက်သားဖိုးစိုက်ရှင်းပေးလိုက်ကြမယ်။"

မိဝေစကားကြောင့် ကိုမြင့်လွင် ဘာမှပြောမနေတော့ဘဲ ထမ်းလာသောပခုံးထက်ရှိ ကိုက်တံမှ ဝက်သားတစ်တွဲ မြဒင်လက်ထဲ ထည့်ပေးလိုက်သည်။

ဝက်သားတွဲပေးပြီး ကိုမြင့်လွင်တို့လင်မယား မြဒင်ရှေ့မှ ထွက်မည်အပြု

"ဟာ...မရသေးဘူး မရသေးဘူး မြင့်လွင်၊ ဒီဝက်သားတစ်တွဲနဲ့ လောက်မှာမဟုတ်ဘူး၊ နောက်တစ်တွဲ ထပ်ပေးအုံးကွာ။"

မြဒင်စကားကြောင့် ကိုမြင့်လွင် ဒေါသစိတ်များ စတင်ပေါ်လာမိသည်။ သို့သော် ပြဿနာအဖြစ် အသွင်မဆောင်လို။ မိမိမှာ သားနှင့်မယားနှင့်။ ထို့ပြင် သားလေးရှင်ပြုအလှူပေးဖို့လည်း ရှိနေသေး၏။ စိတ်ထဲမှာတော့ ဘဝင်မကျလှ။

သူလို ရိုးရိုးအေးအေး နေတတ်သူကိုမှ ပြဿနာ လာရှာနေမှန်း ကိုမြင့်လွင်သိပေမဲ့ ဒေါသကိုအတတ်နိုင်ဆုံးမျိုသိပ်ထားလိုက်၏။

"ကိုမြဒင် ရှင်လွန်လာပြီနော်။ ဒီဝက်သားတွဲတွေက ကျွန်မတို့ အလကား ရလာတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ရောင်းခိုင်းလိုက်တာပါလို့ ပြောပြီးပြီ။ ရှင့်ကိုပေးလိုက်တဲ့ ဝက်သားဖိုးတောင် ကျွန်မတို့ စိုက်ပေးရမှာ။''

''အဲဒါတွေ ငါမသိဘူးလို့ ပြောပြီးပြီ။ ပေးမှာလား၊မပေးဘူးလား ထပ်မေးမယ်''

သူ့ကိုယ်သူ မားမြောင် တစ်ချောင်းကိုင်ကာ လူမိုက်ဆန်ဆန် ပြောလာသော မြင်စကားကြောင့် ကိုမြင့်လွင် တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ရင်း...

''မြင် မင်းမရစ်နဲ့ကွာ။ ငါပြဿနာ မဖြစ်ချင်ဘူး။ မူးနေရင်လည်းကိုယ်ဟာကိုယ်နေ၊ မင်းဟာက တဖြည်းဖြည်းလွန်လာပြီ။ မင်းကိုငါ နောက်ဆုံးမေးမယ်၊ ဝက်သားဘယ်နှစ်တွဲ လိုချင်တာလဲ''

ကိုမြင့်လွင်ရင်ထဲက ဒေါသစိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းကာ မြင်ကို မေးလိုက်သည်။ မြင် ကလည်း...

''အကုန်လုံးထားခဲ့ကွာ''

မြင်စကားကြောင့် ထောင်းခနဲ ဒေါသဖြစ်မိသော်လည်း ကိုမြင့်လွင် ကတော့ ပခုံးတွန့်ကာ ဝက်သားတွဲများကို တစ်တွဲချင်းဖြုတ်ပေးလိုက်သည်။ စုစုပေါင်းကိုးတွဲတိတိ။ ဝက်သားတွဲကင်းမဲ့သွားသော ကိုက်တံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဒေါသဖြစ်လွန်း၍ ချွေးသီးချွေးပေါက်များပင် ကျလာ၏။

မြင်၏လုပ်ရပ်က လုံးဝသီးခံနိုင်စရာမရှိတော့သည်ကို ကိုမြင့်လွင် သိ၏။ အေးဆေးစွာနေတတ်သော သူ့ကိုအနိုင်ကျင့်ရဲတင်မက အနှောင်းစီးနေပုံပေါက်နေသည်ဟု ကိုမြင့်လွင် ယူဆ၏။

ကိုမြင့်လွင် မြင်ရှေ့ကထွက်လိုက်သည်။

မြင်မျက်နှာ သူဆက်မကြည့်ချင်တော့။

ဖြစ်နိုင်လျှင် ဤမကောင်းဆိုးဝါးကောင်နှင့် ဝေးရာသို့ ရောက်ချင်နေသည်။ခြေသုံးလေးလှမ်း အရောက်တွင် . . .

''ကိုမြင် ... ရှင်ဒါဘာလုပ်တာလဲ။ ကျွန်မလက်ကိုလွှတ်နော်။ ရှင် မယုတ်မာနဲ့''

နောက်တွင် ကျန်ခဲ့သော မိန်းမဖြစ်သူအသံကြောင့် ကိုမြင့်လွင် လှည့်ကြည့်လိုက်ရာ မိဝေလက်ကို ဆွဲထားသော မြင်...

ကိုမြင့်လွင်အတွက် မသတီစရာ မြင်ကွင်းမဟုတ်ပါလား။

ဘယ် အကြောင်းကြောင့်မှ သည်းခံနိုင်စရာ မရှိတော့။

မျက်လုံးထဲ မီးဝင်းဝင်းတောက်ကာ ဘာကိုမှ မမြင်တော့။ ဒေါသက်ို အထွတ်အထိပ်ရောက်ခဲ့လေပြီ။ မိမိချစ်သောနွေးကို ကိုယ်ထိလက်ရောက် ကျူးလွန်လာသောအခါ ကိုမြင့်လွင် ဒေါသကို မည်သူက တားဆီးနိုင်ပါမည်နည်း။

''ဟေ့ကောင် မြင့်လွင် ... မင်း မိန်းမကို ငါတို့နဲ့ထားခဲ့။ မင်း ပြန်တော့ကွာ''

ဆိုသော မြင်စကားက ကို မြင့်လွင်ရဲ့ ဒေါသပေါက်ကွဲအား ကို ပို၍အရှိန်မြင့်စေပါသည်။

ကိုမြင့်လွင် ဘာကိုမှရှုမစိုက် တော့ဘဲ လက်ထဲရှိကိုက်တံဖြင့် မြင် ကို ပြေးထိုးလိုက်သည်။

တစ်ခဏတော့ မြင် ကြောင်သွားပြီး သတိဝင်လာလာခြင်း ခုခံကြိုးစားသည်။ မြင်နောက်လိုက် တပည့်နှစ်ယောက်က ကိုမြင့်လွင် မာန်အပြည့်ဖြင့် ပြေးလာကတည်းက ထွက်ပြေးသွားကြပြီဖြစ်သည်။

ဒေါသအရှိန်ကြောင့် မီးဝင်းဝင်း တောက်နေသော ကိုမြင့်လွင်မျက်နှာ အခြေအနေကို မြင် သတောပေါက်လိုက်သည်။ မြင့်လွင်၏ ဒေါသကို မယှဉ်နိုင်မှန်း ရိပ်စားမိသွားကာ ထွက်ပြေးတော့၏။

ကိုမြင့်လွင် ကိုက်တံဖြင့် တရကြမ်း လိုက်ထိုးနေသည်။

''ကိုမြင့်လွင် လက်လွန်မယ်၊ တော်တော့''

မိန်းမဖြစ်သူ တားမြစ်သတိပေးသံကို ကိုမြင့်လွင်မကြားပါ။ ထွက်ပြေးနေသော မြင် ကျောပြင်ဒဏ်ရာ နေရာခပ်ကိုသာ သူ့အာရုံ စူးစိုက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ခြေဆယ်လှမ်းခန့် အကွာ အရောက် မြဒင် ရှေ့သို့ ပစ်လဲကျသွားသည်။ ဤသည်ကား အရက်ကြောင့် ပုံမှန်အနေအထား မဟုတ်သော မြဒင်၏ ကံကြမ္မာဟုဆိုရမည်။

ဒေါသကို ရုပ်သိမ်းနိုင်ခြင်းကင်းမဲ့နေချိန် ကိုမြင့်လွင် အမှားအမှန်လည်း ဆုံးဖြတ်နိုင်စွမ်း မရှိကော့သည့်မို့ သူ၏လက်ထဲရှိ ကိုက်တံအသွားဆယ်လက်မကျော်က ပစ်လဲကျနေသူ မြဒင်ကြောပြင်ပေါ် ရောက်ရှိခဲ့လေပြီ။

နာကျင်မှုကြောင့် စူးရှစွာအော်ဟစ်နေသော မြဒင်၏အသံနက်ကြီးက ကြောက်မက်ဖွယ်ရာ...

မကြာခင် အချိန်ကလေးအတွင်း အနိုင်ကျင့် ဗိုလ်ကျခဲ့လေသူ မြဒင်တစ်ယောက် ခုတော့ သူ့မိုက်ဇာတ်သူသိမ်းသွားရှာလေပြီ။

တစ်ခဏတာအတွင်း သွေးစွန်းသွားခဲ့သည့် လင်ယောကျ်ားလက်ထဲက ကိုက်တံကို အံသြမှင်တက်စွာ ငေးမောကြည့်ရှုနေသည့် မိဝေ...

ထန်းပင်ကုန်း ဘုန်းတော်ကြီးကျောင်းနှင့် မလှမ်းမကမ်းတစ်နေရာတွင်တော့ ကြေကွဲဖွယ် အဖြစ်ဆိုးတစ်ခု ပေါ်ပေါက်ခဲ့လေပြီ။

ကောင်းကင်၌ သာယာမှုကင်းစွာ အော်မြည်ဖြတ်သန်းသွားသော ဗုဒ္ဓဟက်ဆိုး တစ်ကောင်က အလိုက်သိန်းဆိုးမသိ။

အခန်း (၃)

"အဲဒါပါပဲ သားရယ်။ မောင်မြင့်လွင်ခမျာ ခုနစ်နှစ်လောက် ထောင်နှန်းစံလိုက်ရတယ်။ သူသားလေး ရှင်ပြုတောင် သူ့ခမျာ မမြင်လိုက်ရဘူး။ ထောင်ထဲမှာ ဆုံးသွားရှာတယ်"

အမေကပြောနေရင်း စကားစကို ခေတ္တဖြတ်ထားလိုက်သည်။

"ပြီးတော့ ရေနွေးကြမ်းတစ်ကြိုက်မော့သောက်နေပြန်၏။ ကျွန်တော်အမေပြောလာမည့် စကားကိုနားစွင့်နေမိသည်။ ပြီးမှ ....

"အဲဒီတုန်းက မောင်မြင့်လွင်အလှူမှာ သားတို့ပါ ထည့်ပြုဖို့ မင်းအဖေက စီစဉ်ထားတာ၊ မောင်မြင့်လွင် ခုလိုဖြစ်သွားတော့ မင်းအဖေလည်း စိတ်မကောင်းဖြစ်ပြီး မပါဖြစ်တော့ဘူး"

"ဒါဆို အမေကလည်း... အစ်မမိဝေက ကိုမြင့်လွင် ထောင်ကထွက်မှ အလှူလုပ်လည်းရတာပဲ ဥစ္စာ ဘာဖြစ်လို့ မစောင့်တာလဲ"

ကျွန်တော်သိချင်သော မေးခွန်းကို မေးချလိုက်ရာ အမေ...

"မိဝေကလည်း သားပြောသလို သူ့ယောကျ်ား ထောင်ကလွတ်မှ အလှူလုပ်ဖို့ စီစဉ်ထားပေမယ့် ထောင်ထဲရောက်နေတဲ့ မောင်မြင့်လွင်က သူ့ကောဂါအခြေအနေ သူသိလို့နေမှာပေါ့ သားရယ်။ သူသားလေး ရှင်ပြုပေးဖို့ပဲ ဇောခဇော မှာမှာနေတယ်။ အဲဒါကြောင့် မိဝေလည်း သူ့ယောကျ်ား ဆန္ဒဖြည့်ဆည်းပေးတာနေမှာပေါ့"

ကျွန်တော့်ရင်ထဲ အောင့်သွားမိသည်။

ကျွန်တော့် အစ်မမိဝေ အဖြစ်ကို ကိုယ်ချင်းစာကြည့်မိ၏။ မူးရှနာကျင်စွာ ခံစားရပါသည်။ ဖော်မပြနိုင်သော ဝေဒနာတစ်ခုက ကျွန်တော့်ရင်ထဲ ရောက်လာသလိုလို ခံစားရပြန်သည်။ အမေက ဆက်ပြောပြနေသည်။

"သူ့သားလေ ရှင်ပြုပြီးလို့ သိပ်မကြာပါဘူး။ မောင်မြင့်လွင်လည်း ထောင်ထဲမှာ ရင်ကြပ်ဝေဒနာနဲ့ ဆုံးပြီဆိုတာ ကြားလိုက်ရတာပါပဲ သားရယ်"

အမေ့စကားသံ ပြတ်တောက်သွားသည်။

ကျွန်တော်လည်း ဆက်ပြီးနားမထောင်နိုင်တော့ပါ။

ကံကြမ္မာသည် ကြိုတင်မမြင်နိုင်။ ကံဇာတ်ဆရာအလိုကိုလည်း ငြင်းဆန်၍မရပြန်၊ ဖြစ်ချင်တာ မဖြစ်ရ၊ မဖြစ်ချင်တာ ဖြစ်ရ၍ လိုတိုင်းမရသော လောကဝယ် ကိုမြင့်လွင်တစ်ယောက် မမျှော်လင့်ထားသော ကြမ္မာငင်သည့်နေ့တစ်နေ့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရတွင်။

မောင်သက်ဆွေ

(မင်းလှစစ်လွင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရ ကြုံရ ရိတမ်ဖွဲ့ဝင်အာဝ
ရဲဘဝအစမှ တွေ့ရသော သူငယ်ချင်းတစ်ယောက်

ကျော် သူ

(၁)

ဘဝတစ်ကွေ့ပယ်

၂၀၁၂ ခု ဇန်နဝါရီလအစပိုင်း ရက်လောက်က သတင်းစာ၌ ယခင်က နာမည်ကြီး လက်တွေ့သမားတစ်ဦးဖြစ်သော ကိုနီလုံး (အာရှလက်တွေ့ချုန်ပီယံဟောင်း၊ ဒုရဲအုပ် (ငြိမ်း) သူရ ရ) ကွယ်လွန်ကြောင်း နာရေးကြော်ငြာတွင် ဖတ်လိုက်ရသည်။ ထိုကြော်ငြာကို ဖတ်ရပြီးနောက် ကျွန်တော့် ရင်ထဲတွင် များစွာစိတ်မကောင်း ဝမ်းနည်းတသမှုကို ခံစားခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ ရဲတပ်ဖွဲ့ဝင်ဘဝ၏ အစပိုင်းက ကျွန်တော်နှင့်ကိုနီလုံးတို့ အတူတကွ စားသောက်နေထိုင်ခဲ့ရပြီး အေးအတူပူအမျှ ရဲဘော်ရဲဘက်ဘဝဖြင့် နေထိုင်ခဲ့ကြရဖူးသည်။ ကျွန်တော်၏ ရဲတပ်ဖွဲ့ဝင်ဘဝမှာလည်း လက်တွေ့သမားဘဝမှ အစပြုခဲ့ရသည်ဟု ဆိုရပေမည်။ အတိတ်ကို ပြန်လည်တွေးကြည့်လိုက်လျှင် ဆွတ်ပျံ့လွမ်းမောစရာ သတိရစရာ၊ တမ်းတစရာတွေကလည်း များပြားလှသည်ဟု ဆိုရပေမည်။ သို့သော်လည်း စိတ်ကမတွေးဘဲမနေနိုင်။ အတိတ်ကိုသာပြန်လည် ရောက်ရှိသွားခဲ့ရပါသတည်း။

(၂)

လက်တွေ့သမားဘဝ

ကျွန်တော်သည် ငယ်စဉ်ကလေးဘဝမှစ၍ မိခင်ကြီးက စာဖတ်ဝါသနာပါသည့် အလျောက် ကျွန်တော်လည်း စာဖတ်ဖြစ်ခဲ့သည်။ ဝတ္ထု၊ ဘာသာပြန်မဂ္ဂဇင်း အမျိုးမျိုးတို့ကို ဖတ်ရှုခဲ့ရာမှာ ဗိုလ်တာရာ၊ မြဝတီတို့၏ တောလိုက်အမဲပစ် ဝတ္ထုများကို စွဲစွဲလမ်းလမ်းဖတ်ဖြစ်ခဲ့သည်။ ဆာရိုက်ဒါ ဟက်ဂတ်၏ မုဆိုးကြီး အလန်ကွာတာမိန်း၊ အလက်ဇန္ဒား ဒူးမတ်၏ သူရဲကောင်းသုံးယောက်၊ ရဲသုံးဖော်၊ ရဲလုလင် အစရှိသော အားသိုး၊ ပေါသိုး၊ အာရုမစ်၊ ဒါးတည့်စသည့် ဇာတ်လိုက်တို့၏ ယောကျ်ား ပီသခြင်း သူရဲသတ္တိရှိခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ သစ္စာရှိခြင်းတို့ကို ဖတ်ပြီး အားကျခဲ့သည်။ ထိုစဉ်က လစဉ်ထုတ် ထင်ရှားသော မဂ္ဂဇင်းကြီး (၃) စောင်ရှိရာ ထို (၃) စောင်လုံးရှိမဝ၊ မြဝတီ၊ သွေးသောက် မဂ္ဂဇင်းတို့ဖြစ်ကြ၏။ ထိုမဂ္ဂဇင်းများအနက်

www.burmeseclassic.com

www.burmeseclassic.com

"လက်ဝှေ့ထိုးတယ် ဆိုတာ လူမိုက်အလုပ်လုပ်တာ မဟုတ်ဘူး။ ကျွန်းမာကြံ့ခိုင်ရမယ်။"

မြဝတီမဂ္ဂဇင်းတွင် ဆရာကြီး ကျား ဘဦးမ်းက လက်ဝှေ့ (BOXING) ဆောင်းပါးများရေးသည်။ များသော အားဖြင့် ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံ များအကြောင်းကို အဓိကထားသည် ဖြစ်ရာ များစွာဖတ်၍ကောင်းသည်။ အားကျစရာလည်း ကောင်းသည်။ ဂျိုးလူဝီ၊ ရော့ကီးမာစီရာနို၊ အီဇက် ချား၊ မက်ရှ်မဲလင်း၊ ဖလိုက်ပက်တာ ဆင်၊ ဆန်နီလစ္စတန်၊ ဂျိုးဖရေဇီယာ၊ ကက်စီးယပ်ကလေး (မိုဟာမက် အလီ) အစရှိသော လက်ဝှေ့သမား များ အကြောင်းကိုလည်း ကျွန်တော် စွဲလမ်းခဲ့၊ အားကျခဲ့သည်။ လက်ဝှေ့ သမားတစ်ဦးဖြစ်လာရန်လည်း ကျွန် တော် ဆန္ဒပြင်းပြခဲ့ပါသည်။

ကျွန်တော် (၉) တန်းအောင် သောနှစ်တွင် ကျွန်တော်၏ဖခင်ကြီး အလုပ်မှ အငြိမ်းစားယူသည်။ ထို့ နောက်မိခင်ကြီး၏ ဇာတိမြေ ရွှေဘိုမြို့ သို့ ပြောင်းရွှေ့အခြေချခဲ့၏။ ထိုအခါ လက်ဝှေ့ထိုးချင်သော ကျွန်တော်ဆန္ဒ ပြည့်ဝသွားခဲ့သည်။ ရွှေဘိုမြို့တွင် နာမည်ကြီးလက်ဝှေ့သမား ဘာမထီ ခင်အောင် ရှိသည်။ ကျွန်တော်နှင့် ကျွန်တော်ညီ ရဲဒင်တို့ ဆရာ ဘာမထီ ခင်အောင်ထံတွင် သွား၍ တပည့်ခံပြီး လက်ဝှေ့ သင်ယူလေ့ကျင့်ခဲ့ကြသည်။ ကျွန်တော်၏ညီ ရဲဒင်မှာ နောက်ပိုင်း တွင် မြန်မာနိုင်ငံ ဖလိုင်းဝိတ်တန်း ချန်ပီယံရရှိခဲ့သော အောင်နိုင်နှင့်အတူ ရဲတပ်ဖွဲ့သို့ ဝင်ရောက်သွားခဲ့ပြီ။ ရဲတပ်ဖွဲ့၏ လက်ရွေးစင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ရာ ယခုအခါ ဒုရဲအုပ် (စခန်းမှူး) အဖြစ် အနားယူခဲ့သည်။

"လက်ဝှေ့ထိုးတယ် ဆိုတာ ဟာ၊ လူမိုက်အလုပ်လုပ်တာ မဟုတ်ဘူး။ ကျန်းမာကြံ့ခိုင်ရမယ်။ ထိုး သတ်တဲ့နေရာမှာ လိမ်မာပါးနပ်ပြီး လက်ဝှေ့ပညာရည် ပြည့်ဝရမယ်၊ ဇွဲ ရှိရမယ်။ သတ္တိရှိတယ်ဆိုတာက အသားလွတ်ကြီး မိုက်မိုက်ကန်းကန်း ထိုးတတ်တာမျိုး မဟုတ်ဘူး၊ လက် ဝှေ့ထိုးရင်ထိမှာပဲ ကျဖူးမှာပဲ။ အေး ထိမှာ ကြောက်တာ၊ ကျရင်ပြန်မထ ဘဲ အရှုံးပေးတာတို့ မလိုချင်ဘူး။ ထိရင်ပြန်ချ၊ ကျရင်ရအောင် ပြန်ထ။ ဒါမှသာ ဇွဲ၊ သတ္တိရှိတာလို့ ဆိုနိုင် တယ်။"

ဤစကားမှာ လက်ဝှေ့ပညာ သင်ကြားစဉ်က ကျွန်တော်၏ လက် ဦးဆရာဖြစ်ခဲ့သော ဆရာ ဘာမထီ ခင်အောင်၏ စကားများပင် ဖြစ်ပါ သည်။ ထိုစကားများကို ကျွန်တော် လက်ဝှေ့သမားဘဝတွင်သော်လည်း ကောင်း၊ လူဘဝတစ်လျှောက်လုံးတွင် လည်းကောင်း မှတ်သား နာယူစရာ ကောင်းသော စကားများပင်ဖြစ်ကြ ပါ၏။ ကျွန်တော့် ဘဝတစ်လျှောက် လုံးတွင် အကြိမ်ကြိမ်ကျူးခဲ့ရသော ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်။ သို့သော် ကျွန်တော့် ဆရာ၏စကား

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ကျလျှင် ရအောင် ပြန်ထ
သည်။ ဇွဲမလျှော့ပဲ သတ္တိရှိရှိဖြင့် ဘဝ
ကို ရုန်းကန်ရပ်တည်ခဲ့သည်။ ဤ
သည်မှာ ဆရာဘာမထီခင်အောင်၏
ကျေးဇူးတရားများဖြစ်ကြောင်း ကျွန်
တော် ဝန်ခံအပ်ပါသည်။

''လက်ဝှေ့သမားတွေဟာ
ပညာမတတ်တဲ့ လူမိုက်တွေ လုပ်တဲ့
အလုပ်ပဲလို့၊ အမြင်မှားပြီး ပြောနေကြ
တဲ့ လူတွေရှိတယ်။ တကယ်တမ်း
တော့ မဆိုင်လှပါဘူး။ လက်ဝှေ့
လောကမှာ ဆရာဝန် ဒေါက်တာ
မကျစ်၊ ဆရာကြီးဦးချစ်အုန်း၊ အင်ဂျင်နီ
ယာ ဦးချစ်သိန်း၊ စာရေးဆရာ-ဆရာ
ကျားဘငြိမ်း၊ မြွေပွေးသိန်းမောင်၊ ဗိုလ်
အေးကို၊ ဦးရဲဆွေ၊ စတဲ့ ပညာတတ်
တွေလည်း ရှိကြပါတယ်။ အဲဒီတော့
မင်းလည်း လက်ဝှေ့ထိုးလို့ ပညာရေး
နိမ့်ကျတယ် မဖြစ်ရအောင် စာကို
ကြိုးစားပါ။ ဘွဲ့ရလက်ဝှေ့သမားတစ်
ယောက် တိုးလာရင်ကိုပဲ တို့လက်ဝှေ့
လောကမှာ ဂုဏ်ယူစရာပဲပေါ့။ ဒါ
ကြောင့် စာလည်းကြိုးစားပါ''

ထိုစဉ်က ကျွန်တော်မှာ ရွှေဘို
အ.ထ.က (၁) တွင် (၁၀) တန်း
တက်နေသူဖြစ်သဖြင့် ဆရာဘာမထီ
ခင်အောင်က ပညာရေးနှင့်ပတ်သက်
၍ အားပေးစကားလည်း ပြောသည်။
ထို့ကြောင့်လည်း ကျွန်တော်မှာ မိဘ
များ ဆင်းရဲသည့်ကြားမှာ ဘွဲ့ရအောင်
ကြိုးစားနိုင်ခဲ့ခြင်းဖြစ်၏။ ဒါသည်

လည်း ဆရာ့၏ကျေးဇူးပါဘဲ။

ဤသို့ဖြင့် ကျွန်တော်သည်
ရွှေဘိုမြို့၊ ရန်ကြီးအောင် အားကစား
ကွင်းရှိ ဆရာဘာမထီခင်အောင်၏
လက်ဝှေ့သင်တန်းတွင် လက်ဝှေ့သင်
တန်းသားတစ်ဦး ဖြစ်လာခဲ့ရသည်။
ကျွန်တော်၏ တစ်နေ့တာအလုပ်မှာ
နံနက်လေးနာရီလောက်တွင် ထပြီး
အတူနေအဘွားဖြစ်သူ၏ မုန့်တီ၊
ခေါက်ဆွဲဆိုင်အတွက် ခေါက်ဆွဲစက်
နှင့် ကြိတ်ဖြတ်ပေးရသည့် နံနက် (၆)
နာရီထိုးလျှင် အားကစားလုပ်ရန်
အဝတ်အစားလဲပြီး ရန်ကြီးအောင်
အားကစားကွင်းသို့ သွားသည်။
လက်ဝှေ့လေ့ကျင့်ခန်းများ လုပ်ပြီး
(၇) နာရီခွဲလောက်တွင် သင်တန်းပြီး
၍ အိမ်ပြန် ရေချိုးပြီး အဝတ်အစား
လဲကာ ကျောင်းသွားသည်။ (အဘွား
က ကျွန်တော့်အား ခေါက်ဆွဲကြော်
ခ တစ်နေ့တစ်ကျပ်ပေးရာ လက်ဖက်
ရည်တစ်ခွက် ပြားနှစ်ဆယ်၊ အသား
ပေါက်စီတစ်လုံး နှစ်ဆယ့်ငါးပြား
သာ ပေးရသော ထိုခေတ်က ကို
လောက်သော မုန့်ဖိုးဖြစ်ပါသည်။
ညနေကျောင်းဆင်းလျှင် အိမ်ပြန်
ရောက်၍ အားကစားအဝတ်လဲ၊ အား
ကစားကွင်းသွား လက်ဝှေ့ကျင့်
ငါးနာရီလောက်တွင် အိမ်ပြန်၊ ရေချိုး
အဝတ်အစားလဲ၊ ညစာစားပြီး နှစ်
ရှင်ကြည် (သို့မဟုတ်) လက်ဖက်
ရည်ဆိုင်ထိုင်၊ ည (၉) နာရီလောက်
အိမ်ပြန် ည (၁၂) နာရီအထိ စာ
ကျက် စသည်ဖြင့် အချိန်ဇယားချ
နေထိုင်ခဲ့ရသည်။

ဆယ်တန်းကျောင်းသားဘဝ
တွင် ကျွန်တော် လူသစ်တန်း (စီ-
အဆင့်) မှ စ၍ရွှေဘိုတွင် လက်ဝှေ့
ပွဲများ ထိုးခဲ့ရသည်။ ထိုစဉ်က ရွှေ
ဘိုသူ ရွှေဘိုသားများမှာ ဇာတိလွေး
တက်ကြွသူများဖြစ်ကြပြီး သူရသည်
ယှဉ်ပြိုင်ပွဲဟု သတ်မှတ်ကြသော
လက်ဝှေ့အားကစားနှင့် လက်ဝှေ့ပွဲများ
ကို အထူးအားပေးကြသည်။ ထို
ကြောင့် လွတ်လပ်ရေးပွဲ၊ ပြည်ထော
စုပွဲ စသည့် ပွဲကြီးလမ်းကြီးများတွင်
လက်ဝှေ့ပွဲ ထည့်သွင်းသည်။ သုတ်ရိုး
အဆုံး မြို့ဒေါင့်စေတီ တိုရားပွဲများပင်

www.burmeseclassic.com

www.burmeseclassic.com

လက်ဝှေ့ပွဲများ ထည့်ခဲ့ဘူးသည်။ ထို့ကြောင့် ကျွန်တော်သည် လူသစ်တန်းမှစ၍ အတွေ့အကြုံရသော (ဘီ-အဆင့်) ခရိုင်တံခွန်စိုက်၊ စစ်ကိုင်းတိုင်း တံခွန်စိုက်၊ အထက်မြန်မာပြည် တံခွန်စိုက် စသောပွဲများတွင် ကျွန်တော် ဝင်ထိုးဖြစ်ခဲ့သည်၊ ရှုံးသည်လည်းရှိသည်။ ပွဲအတော်များများတွင် တော့ ကျွန်တော် အနိုင်ရသည်။ အတွေ့အကြုံမှာလည်း ရင့်ကျက်လာခဲ့သည်။

အားကစားတွင် လိုက်စားသလောက် စာလည်းကြိုးစားရသည်။ ထို့ကြောင့်ပင် ရွှေဘို အ-ထ-က (၁) မှ ကျွန်တော် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ မန္တလေးတက္ကသိုလ်သို့ ဆက်တက်ခဲ့သည်။ ငွေရေးကြေးရေး မပြည့်စုံမှုကြောင့် သာမန် ဝိဇ္ဇာဘာသာတွဲကို ယူရသည်။ မန္တလေးတက္ကသိုလ် ရောက်တော့ လက်ဝှေ့ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်မောင် (ဓာတုဗေဒပါမောက္ခ) နှင့် အားကစားမှူးဦးမြင့်အောင်တို့ကလည်း လက်ဝှေ့သမားဟောင်းများဖြစ်၍ အားပေးသည်။ မန်းတက္ကသိုလ် လက်ဝှေ့အသင်းအတွက်လည်း နည်းပြဆရာကောင်းတွေ ခေါ်ပေးသည်။ နည်းပြတွေအတွက် နေ့စဉ် ကားအကြိုအပို့ တွေလုပ်ပေးသည်။ အမျိုးသားကျောင်းမှ လက်ဝှေ့နည်းပြဆရာ ဦးကောင်းကြည်တို့၊ နာမည်ကြီးဆရာမ အိုလံပစ်ပြန် ဦးသန်းထွန်းတို့ အလှည့်ကျလာ၍ လေ့ကျင့်ပေးကြသည်။ တက္ကသိုလ်လက်ဝှေ့ပွဲကိုလည်း တစ်နှစ်တစ်ခါ ကျင်းပပေးသည်။ ကျွန်တော်လည်း မန္တလေးတွင် နီးစပ်ရာ လက်ဝှေ့ပွဲအတော်များများတို့တွင် ဝင်ရောက်ထိုးဖြစ်ခဲ့သည်။ ဘီ-အဆင့်မှ မြန်မာနိုင်ငံ တံခွန်စိုက် အေ-အဆင့်တော့ မရောက်ခဲ့သေးပါ။

ဤသို့ဖြင့် မန်းတက္ကသိုလ်တွင် လေးနှစ်တာမျှ ကျင်လည်ခဲ့ပြီးနောက် ၁၉၆၈ ခုနှစ်တွင် ကျွန်တော် ဒဿနိကဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သည်။ ဘွဲ့ရတော့ ဘာလုပ်ရ ဘာကိုင်ရမည်ကို ကျွန်တော်မရွေးချယ်ရသေးပါ။ အလုပ်တစ်ခုတော့ ရှာရပေတော့မည်။

(၃)

ရုပ်ပြဖွဲ့ဝင်ဘဝတွင် ဆုံစည်းခြင်း

"ကြိုဆိုပါတယ် ကိုနီလုံး၊ ပြည်သူ့ရဲတပ်ဖွဲ့ လက်ဝှေ့အသင်းက လှိုက်လဲစွာ ကြိုဆိုပါတယ်"

ကျွန်တော်က အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် လူချော ကိုနီလုံး အား အင်းစိန်စီအိုင်ဒီဝင်းရုံးနောက်ရှိ အားကစားနှစ်ထပ်ဆောင်၌ ကျွန်တော့် အခန်းပေါက်မှ ဆီးကြိုနှုတ်ဆက်လိုက်သည်။ ထိုစဉ်က အားကစားသမားများကို ရွာမသို့မပြောင်းသေးဘဲ ထိုအဆောင်မှာပင်ထားသည်။ ရဲဘောလုံးအသင်းက အပေါ်ထပ်တွင်နေပြီး၊ အောက်ထပ် အခန်းများတွင် လက်ဝှေ့သမားများကို နှစ်ယောက် တစ်ခန်းထားသည်။ ကျွန်တော်က တစ်ယောက်တည်း တစ်ခန်းဖြစ်သဖြင့်, နောက်ရောက်လာသော ကိုနီလုံးက ကျွန်တော်နှင့်အတူနေရမည်ဖြစ်သည်။

"ဟာ ... ဇိုလ် ကျော်တက္ကသိုလ်ဘွဲ့ရက ဒီမှာလာပြီး ဘာလုပ်နေတာလဲ"

ကျွန်တော်တက္ကသိုလ် တက်နေစဉ်က ပျဉ်းမနားတွင် ကျင်းပသော လက်ဝှေ့ပွဲတစ်ပွဲ၌ အထူးပွဲထိုးသူဖြင့် ကိုနီလုံးနှင့်ကျွန်တော်တို့ ရင်းနှီးခဲ့ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ကိုနီလုံးအနေဖြင့် ရန်ကုန်သို့ လက်ဝှေ့ချန်ပီယံ ဗိုလ်လုပွဲ ၌ ဖယ်သာ ဝိတ်တန်းမှ ဝင်ရောက် ယှဉ်ပြိုင်ရန်လာမည်။ ထို့နောက် ရဲတပ်ဖွဲ့ လက်ဝှေ့အသင်းတွင် ဝင် ရောက်ပြီး လက်ဝှေ့ထိုးတော့မည်ဆို သော သတင်းကို ကျွန်တော်ကြားသိ ထားခဲ့ပြီးဖြစ်၏။

"ရဲတပ်ဖွဲ့ လက်ဝှေ့အသင်းမှာ လက်ဝှေ့ဝင်ထိုးနေတာလေ။ ဘွဲ့ရပြီး လက်ဝှေ့မထိုးရဘူးလို့ ဘယ်သူပြော သလဲ"

ကျွန်တော်က ကိုနီလုံး အမေး ကို ပြန်အဖြေပေးလိုက်သည်။

"ကဲ ... ပစ္စည်းတွေ အရင်ဆုံး အခန်းထဲသွင်း၊ ပြီးရင် လက် ဖက်ရည်သောက်ရင်း စကားပြော ကြမယ်"

ကိုနီလုံး၏ ပစ္စည်းများအခန်းထဲ သွင်းလိုက်ပြီးမှ ကင်တင်းသို့ သွား ထိုင်ရင်း စကားပြောဖြစ်ကြသည်။ ကျွန်တော့် အကြောင်းကိုလည်း ပြော ဖြစ်သည်။ တကယ်တော့ ကျွန်တော့် ဘဝတွင် ဤဖြစ်ရပ်မှာ အချိုးအကွေ့ တစ်ခုပင်ဖြစ်ပါ၏။

ကျွန်တော် ဘွဲ့မရမီကာလက ဘွဲ့ရများအတွက် အလုပ်အကိုင်တွေ ပေါလှသည်။ ဗိုလ်သင်တန်း (O.T.S)၊ ကုန်သွယ်ရေး မန်နေဂျာ၊ လက် ထောက်မြို့ပိုင် (A.T.O)၊ မြို့နယ်တရား သူကြီး (T.J)၊ မြို့နယ်စည်ပင်သာယာ အတွင်းရေးမှူး၊ အခွန်ဝန် စသည်ဖြင့် အလုပ်အကိုင်တွေ အတော်များများ ခေါ်ကြသည်။ ဘွဲ့ရတွေ လျှောက် သလောက် အလုပ်ရကြသည်။ ကျွန်တော်လည်း ဘွဲ့ရလျှင် အရာရှိ တစ်နေရာရာလောက်တော့ လျှောက် မည်ဟု စိတ်ကူးယဉ်ထား၏။ သို့ သော် ကျွန်တော် ဘွဲ့ရသောနှစ် (၁၉၆၈) ကျမှ ဘာအလုပ်မှမခေါ်၊ အိမ်မှာပဲ တစ်နေ့အလုပ်ခေါ်နိုးနိုးဖြင့် စားလိုက်၊ အိပ်လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ စာအုပ်ဖတ်လိုက်ဖြင့် ဝေလေ လေဖြစ်နေ၏။ ဆန်မှောင်ခို ကူးရ မလိုလို၊ ဘူတာတွင် ကုန်ထမ်းရမလို လိုဖြစ်နေသည်။

ဘွဲ့ရလျှင် အရာရှိ တစ်နေရာရာလောက်တော့ လျှောက် မည်ဟု စိတ်ကူးယဉ်ထား၏။ သို့ သော် ကျွန်တော် ဘွဲ့ရသောနှစ် (၁၉၆၈) ကျမှ ဘာအလုပ်မှမခေါ်၊

ဤသို့နေလာရင်းမှ တစ်နေ့တွင် သတင်းစာထဲ၌ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ အထက်တန်းလက်ထောက် ရာထူးများအတွက် လျှောက်လွှာခေါ် သည်။ အထက်တန်းလက်ထောက် ဆိုသည်မှာ ဘာရာထူးမှန်းမသိ။ သို့ သော် ကျွန်တော် အချက်အလက်များ ပြည့်စုံအောင် ဆောင်ရွက်ပြီး စာတိုက် ကပို့လိုက်သည်။ တစ်လမျှကြာသော အခါ ထိုအလုပ်အတွက် ရန်ကုန် တက္ကသိုလ် ရုပဗေဒခန်းမ၌ ရေးဖြေ စာမေးပွဲဖြေရန် အကြောင်းကြားစာ ရောက်လာသည်။ ဤသို့ဖြင့် ကျွန်တော် ရန်ကုန်သို့ ဆင်းခဲ့သည်။ ရန်ကုန်တွင် အင်းစိန်စီအိုင်ဒီရှိ ရဲတပ် ဖွဲ့လက်ဝှေ့အသင်းတွင် ကျွန်တော့် ညီရဲဒင်နှင့် ရွှေဘိုသား အောင်နိုင်တို့ ရှိကြသဖြင့် သူတို့ထံတွင် တည်းခို နေထိုင်ပြီး စာမေးပွဲဖြေရန် ကျွန်တော် စီစဉ်ထားခဲ့သည်။

ရန်ကုန်သို့ အင်တာဗျူးသွားရန် မန္တလေးဘူတာကြီးသို့ ကျွန်တော် ရောက်သောအခါ တိုက်တိုက်ဆိုင် ဆိုင်ပဲ မန္တလေးတွင် ဘောလုံးလာ ကန်သော ရဲတပ်ဖွဲ့ ဘောလုံးအသင်း ရန်ကုန်ပြန်ရန် တွဲတစ်တွဲ စီစဉ်ထား သည်နှင့်ကြုံရ၏။ ထို့အပြင် မန္တလေး သို့ ခွင့်ပြန်လာသော ရဲတပ်ဖွဲ့လက်ဝှေ့ အသင်းမှ ကိုဘတင့် (ဘင်တန်ဝိတ် တန်း ချန်ပီယံ) လည်း ရန်ကုန်ပြန် ရန် ဘူတာတွင် ကျွန်တော်နှင့်ဆုံရ

www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်ရာ ရဲဘောလုံးရထားတွဲနှင့်ပင် ကျွန်တော်နှင့် ကိုဘတင့်တို့ လိုက်ပါခဲ့ပြီး အင်းစိန် စီအိုင်ဒီဝင်းရှိ အားကစားအဆောင်သို့ ချောချောမောမော ရောက်လာခဲ့သည်။

နိုင်ငံခြားရေးဌာနမှ အထက်တန်းလက်ထောက် ရာထူးအတွက် ရန်ကုန်တက္ကသိုလ်ရှိ ခန်းမများတွင် ဖြေဆိုရသည်။ ရာထူးနေရာ မည်မျှဟု မသိရသော်လည်း ထိုအချိန်က ဝန်ထမ်းခေါ်ယူမှုများ ရပ်ဆိုင်းထားသဖြင့် ဖြေဆိုသူဦးရေ (၈၀၀) လောက် ရှိသည်။ ထို့ကြောင့် ကျွန်တော်မျှော်လင့်ချက် သိပ်မထားတော့ပါ။ စိတ်လျှော့လိုက်ရပါတော့သည်။

အလုပ်မရတော့ ဘာလုပ်မလဲ။ ရွှေဘိုပြန်မည်လား။ ကျွန်တော် တွေးကြည့်တော့ မပြန်ချင်တော့ပါ။ ဘွဲ့ရသည်အထိ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနှင့် ကျောင်းထားပေးခဲ့သော မိဘများဆီပြန်၍ ကပ်ရပ်စားသောက်လို စိတ်မရှိ၊ ဘွဲ့ရအလုပ်လက်မဲ့တစ်ဦး အနေဖြင့် မြို့တွင် အထင်သေးမံခံလိုတော့ပါ။ ထို့ကြောင့် အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသလို ရန်ကုန်မှာပင် အလုပ်ရှာ၍ လုပ်ကိုင်သွားရန် ကျွန်တော် ဆုံးဖြတ်ရတော့သည်။

"မင်းဘွဲ့ရပြီလား။ အခု ဘာအလုပ်လုပ်နေသလဲ"

တစ်ရက်တွင် အင်းစိန် စီအိုင်ဒီဦးစီး (၁) ဌာနတွင် ဦးစီးအရာရှိအဖြစ် ဆောင်ရွက်နေသော ဆရာကြီးဦးတင်မောင် (ရဲမှူး) နှင့် စီအိုင်ဒီဝင်းအတွင်း ကျွန်တော်နှင့်တွေ့ဆုံဖြစ်သည်။ ဆရာကြီး ဦးတင်မောင်မှာ စစ်ကိုင်းတွင် ခရိုင်ရဲဝန် လုပ်ခဲ့ဘူးသဖြင့် လက်တွေ့ထိုးသော ကျွန်တော့်ကို ကောင်းကောင်းသိသည်။ ထို့ကြောင့် ကြုံကြိုက်တုန်း မေးလိုက်ခြင်းဖြစ်၏။

"ဘွဲ့ရပြီးပါပြီ ဆရာကြီး။ ဒါပေမယ့် အလုပ်မရသေးဘူး။ ကျွန်တော် ထမင်းတော်မလိုလို ဖြစ်နေတယ်။ အောင်နိုင်တို့ ရဲဒင်တို့က ကျွေးထားလို့သာ ခံသာနေတာ၊ ရေရှည်တော့ မလွယ်လှဘူး"

ကျွန်တော်က ပွင့်ပွင့်လင်းလင်းပင် ပြန်ဖြေလိုက်သည်။

"ဒါဖြင့် မင်း ငါ့ဆီမှာ အလုပ်ဝင်မလား။ ဘွဲ့ရဆိုတော့ ရဲတပ်ကြပ် အဆင့်ပေးမယ်။ မင်းဝါသနာပါတဲ့ လက်တွေ့လည်းထိုးရမယ်။ ပညာနဲ့ပတ်သက်တဲ့ အလုပ်လည်းလုပ်ရမယ်။ မင်းလုပ်မယ်ဆိုရင် နက်ဖြန် ငါရုံးလာခဲ့"

ဆရာကြီးဦးတင်မောင်က ပြောသဖြင့် ကျွန်တော် နောက်တစ်နေ့တွင် ဆရာကြီးရုံးခန်းရောက်သွားသည်။ ပုံစံတွေဖြည့်ပြီး ရဲတပ်သားအဖြစ် ခန့်လိုက်သည်။ ထိုနေ့နေ့စွဲနှင့်ပင် ရဲဒုတပ်ကြပ်၊ ရဲတပ်ကြပ် အဆင့်တိုးမြှင့်ကြောင်း အမိန့်ထွက်လာခဲ့၏။ ကျွန်တော် ရဲတပ်ဖွဲ့ဝင် ဖြစ်သွားခဲ့သည်။

"အင်း ... ကျွန်တော်ကတော့ လက်တွေ့ထိုးချင်လို့ ချန်ပီယံဆုတွေလိုချင်လို့ လက်တွေ့ထိုးဖို့ ရဲထဲဝင်တယ်။ ခင်ဗျားကျတော့ ဘွဲ့ရပြီး အလုပ်မရှိလို့ ရဲထဲဝင်ပြီး လက်တွေ့ထိုးတယ်။ ဘဝဆိုတာ အခက်သားလား"

ကျွန်တော့်အကြောင်းကို နားထောင်ပြီး ကိုနီလုံးက မှတ်ချက်ချသည်။

"ဘဝဆိုတာ ဒီလိုပါပဲ။ ဖြစ်ချင်တာတွေ မဖြစ်တော့လည်း ဖြစ်သလို လုပ်ရတာပါပဲ။ စိတ်မောတ်မကျဖို့တော့ လိုတာပေါ့ဗျာ"

ကျွန်တော်က ပြန်ပြောလိုက်ရပါသတည်း။

(၄)

ရဲလက်တွေ့သမား

"ရှိး" "ရှိး"

လက်တွေ့နည်းပြဆရာ ဒုရဲအုပ် (စခန်းမှူး) (ဦး) မောင်မြင့် (သမန်းကျား)၏ ခရာမှုတ်သံနှင့်

"တန်းစီ" "တန်းစီ"

လက်တွေ့အဖွဲ့ခေါင်းဆောင် ရဲတပ်ကြပ်ကြီးကျော်အေး (ဖလိုင်းဝိတ်တန်း ကျွန်းဆွယ်ချန်ပီယံ) ၏။ အမိန့်ပေးသံတို့မှာ တနင်္ဂနွေနေ့မှအပ နေ့စဉ်နံနက်တိုင်း (၄) နာရီထိုးလွှင့်ပေါ်လာစမြဲဖြစ်၏။ တန်းစီပြီးချင်း အပြေး

www.burmeseclassic.com

www.burmeseclassic.com

ကျင့်ရ၏။ ဆရာမြင့်က နောက်မှ စက်ဘီးတစ်စီး ကြိမ်လုံးတစ်လုံးနှင့် လိုက်သည်။ ကောင်းကောင်းမပြေးလျှင် ကြိမ်လုံးစာမိသည်။ အပြေးက ပြန်လာတော့ အဆောင်နောက်ကတင်းနှစ်ကွင်းတွင်၊ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းတွေလုပ်ရသည်။ ကြိုးခုန်၊ သဲအိတ်ထိုး၊ Punching Ball ထိုး၊ Stand Ball ထိုး လေ့ကျင့်ကြရသည်။ နံနက် (၈) နာရီလောက်ကျတော့ တန်းဖြုတ်ပြီး ကင်တင်းတွင် နို့(သို့မဟုတ်) လက်ဖက်ရည်တစ်ခွက် ကြက်ဥ (၂) လုံး၊ ပေါင်မုန့်ထူထူ နှစ်ချပ်၊ စားပြီးရေချိုး အနားယူရသည်။ နေ့ (၉း၃၀) နာရီလောက်ကျတော့ လေ့ကျင့် ခန်းတွေပြန်စ။ (၁၁း၃၀) လောက်တွင် နားပြီး ထမင်းစားရသည်။ ထမင်းစားပြီးလျှင် နား၍ ညနေ (၄) နာရီလောက်မှ ပြန်စသည်။ (၆) နာရီကျမှနားပြီး ရေချိုး၊ ထမင်းစား၊ အပြင်ထွက်လည်ရန် အချိန်ရပါတော့သည်။

နေ့ခင်းဘက်လေ့ကျင့်ခန်းများပြီးလျှင် သူများတွေ အနားရသော်လည်း ကျွန်တော်ကမူ အနားမရသေးပါ။ ထမင်းစားပြီး အားကစားဆောင်နောက်ရှိ တိုက်ကလေးတွင် ထိုစဉ်က စတင်ဖွင့်လှစ်သော ပြည်သူ့ရဲတပ်ဖွဲ့ ဗဟိုစာကြည့်တိုက် (နောက်ပိုင်းတွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း ဖောင်ကြီးသို့ လွှဲပေးလိုက်ရသည်) တွင် စာအုပ်များ ဘာသာရပ်အလိုက် ခွဲခြားပြုစုခြင်း၊ စာရင်းသွင်းခြင်းများ လုပ်ရသည်။ ညနေ (၄) နာရီတွင် ရုံးဆင်း၊ လေ့ကျင့်ခန်းဆက်ဝင်ရသည်။ ယခင် ကျွန်တော် လေ့ကျင့်ခဲ့ဖူးသမျှနှင့် ယခု လေ့ကျင့်ရသည်နှင့်စာလျှင် အသေးအဖွဲမျှသာ ဖြစ်သွားလောက်အောင် ပင်ပန်းလှသည်။

သို့သော်လည်း ကျွန်တော် ရဲတပ်ဖွဲ့ အားကစားအသင်းသို့ ရောက်လာသည့်ကာလမှာ ရဲတပ်ဖွဲ့မှ လူကြီးတွေကလည်း လက်တွေ့နှင့် ဘောလုံးကို ဂရုစိုက်အားပေးချိန် မြန်မာနိုင်ငံ (ရန်ကုန်မြို့) တွင် ကျင်းပမည့် အရှေ့တောင်အာရှ ကျွန်းဆွယ်ပွဲကလည်း နီးကပ်နေချိန်ဖြစ်ရာ၊ အား ကစားအဖွဲ့များက ဂရုတစိုက် အားပေးနေချိန်ဖြစ်သည့်အလျောက် ရဲတပ်ဖွဲ့က အားကစားရန်ပုံငွေမှ အစားအသောက်၊ ဆေးဝါး၊ အားကစားပစ္စည်းများ ပံ့ပိုးခြင်းဖြစ်၏။ ယခင် ကာလများက စီအိုင်ဒီကင်တင်းတွင် နို့တစ်ခွက်၊ ကြက်ဥ (၂) လုံး ပေါင်မုန့် နှစ်ချပ်မှ အပ ကိုယ့်ဘာသာကိုယ် ထမင်းချက်စားရသဖြင့် လစာငွေဖြင့် မလောက်မငစားကြရသည်ဟု ကြားသိခဲ့ရ၏။

ထိုစဉ်က ရဲတပ်ဖွဲ့ လက်တွေ့အသင်းမှာလည်း အင်အားကောင်းလှသည်။ ကိုကျော်အေး (ကျွန်းဆွယ်ချန်ပီယံ)၊ ကိုသိန်းလွင် (ကျွန်းဆွယ်ချန်ပီယံ)၊ ကိုလှမောင်၊ ကိုအေးကြူ (စစ်ကိုင်း) ကိုဝင်းလှိုင် (ရှရှားပြန်) ကိုထွန်းရီ (ဗုံးသံ)၊ ကိုဝင်းရှိန် (တနင်္သာရီ)၊ ကိုအောင်ထွန်း (မုတ္တမ-ကျွန်းဆွယ် ရွှေတံဆိပ်ရှင်)၊ အောင်နိုင် (ဖလိုင်းဝိတ်တန်း မြန်မာပြည်ချန်ပီယံ)၊ ဘတင့် (ဘင်တန် ဝိတ်တန်း မြန်မာ့ချန်ပီယံ)၊ ရဲအောင်နှင့် ကိုနီလုံး (ဖယ်သာဝိတ်တန်း၊ အာရှချန်ပီယံနှင့် အကောင်းဆုံး လက်တွေ့သမားဆုရ) တို့နှင့် မဖြစ်ညစ်ကျယ် ကျွန်တော်ပါ စုစုရုံးရုံးနေထိုင် လေ့ကျင့်ခဲ့ကြသည်။ [ကျွန်တော်မှတ်မိသလောက် ရဲတပ်ဖွဲ့မှ လက်တွေ့သမားများ ဖြစ်ကြပြီး မွေ့လျော့ကြွင်းကျန်ခဲ့လျှင်လည်း သည်းခံကြစေလိုပါသည်။]

ကျွန်တော်မှာ ထိုအဖွဲ့တွင် ထမင်းမစား၊ ဟင်းမစားဟုခေါ်သော အပျော်တမ်းသာသာဖြစ်၍ တိုင်းလူရွေးပွဲ၊ ခရိုင်လူရွေးပွဲနှင့် ကျွန်းဆွယ်လူစစ်ပွဲ စသော ပွဲကြီးများတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်မပြုခဲ့ပါ။ ထိုးခွင့်ပြုခဲ့သည်မှာလည်း အထူးပွဲအနေဖြင့်သာ ဝင်ရောက်ထိုးသတ်ခွင့်ရခဲ့၏။ တစ်နှစ်လုံးမှ အထူးပွဲ သုံးလေးပွဲလောက်သာ ကျွန်တော် ထိုးရပါတော့သည်။ လူကြီးတွေက ထိုစဉ် (၁၉၆၈-ကာလလောက်က ရှားရှားပါးပါး ဘွဲ့ရပညာတတ်တစ်ဦးဖြစ်၍ တစ်စုံတစ်ခု ဖြစ်သွားမည်စိုးသဖြင့် ပွဲကြီးများ ဝင်ထိုးခွင့်မပြုခြင်းဖြစ်ကြောင်း နောင်မှ သိခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ကိုနီလုံးတို့မှာ ထိုစဉ်က အပြင်သွား၍လည်ပတ်ရန် မရှိကြသဖြင့် ညနေပိုင်း အိပ်ရာမဝင်မီ အချိန်ပိုင်းများတွင် အင်းစိန်ညနေဈေးသို့ထွက်ပြီး ဟိုစပ်စပ် သည်စပ်စပ် လျှောက်ဝယ်စားသည်၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး လေကန်သည်၊ ရုပ်ရှင်ဝင်ကြည့်ကြသည် စသည်ဖြင့် အမြဲတမ်း တွဲဖက်များ ဖြစ်ခဲ့ကြပါသည်။

ထိုနှစ်ထဲတွင် ကျင်းပသော ကျွန်းဆွယ်လူစစ်ပွဲ ဖိုင်နယ်နေ့တွင် ဖလိုင်းဗိတ်တန်းမှ အုန်းရွှေနှင့်စန်းမြင့်တို့ပွဲ၌ အုန်းရွှေမှာ ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်ခဲ့ရာ အထက်လူကြီးတွေက ကျွန်တော့်အတွက် စိုးရိမ်ပြီး လက်ဝှေ့ဆက်မထိုးဘဲ ရဲအရာရှိငယ်သင်တန်း စာမေးပွဲဖြေရန် တိုက်တွန်းခဲ့ကြ၏။ ဤသို့ဖြင့် ကျွန်တော် ရဲအရာရှိငယ်သင်တန်း (သူရ-၆) သို့ တက်ရောက်ရန် ရဲတပ်ဖွဲ့ လက်ဝှေ့အသင်းမှ ထွက်ခွာခဲ့ရပြန်ပါသတည်း။

(၅)

ပြန်ဆုံရခြင်း

"ဟာ ဗိုလ်ကျော်၊ ဗိုလ်ကျော်၊ မင်းသာလိုက်တာ ဗိုလ်ကျော်ရာ"

လွန်ခဲ့သော ၂၀၀၈ ခုနှစ် [illegible] သောက်က ကိုနီလုံးရှိရာ ပျဉ်းမနားသို့ ကျွန်တော် စာရေးဆရာ မင်းခေါင်မောင်အောင်နှင့်အတူ အလည်လိုက်သွားရင်း ကိုနီလုံးအိမ်ကို ဝင်တွေ့သည်။ ညနေပိုင်း တီဗီကြည့်ရင်း ပက်လက်ကုလားထိုင်တွင် ထိုင်နေသည့် ကိုနီလုံးက ကျွန်တော်အိမ်ထဲဝင်လာသည်ကို ကြည့်ရင်း ဝမ်းသာအားရအော်သည်။ နှစ်ပေါင်းလေးဆယ်နီးပါး ကွဲကွာသွားသည့်တိုင် ကျွန်တော့်အား မှတ်မိနေသေးသည်ကို ကျွန်တော် သဘောကျသွားမိသည်။

ကျွန်တော် ၁၉၇၀ ခုနှစ်တွင် ဖောင်ကြီးဗဟိုပြည်သူ့ ဝန်ထမ်းကျောင်းမှ ရဲအရာရှိငယ်သင်တန်း (သူရ-၆) ဆင်းပြီး ရှမ်းပြည်နယ် ရဲတပ်ဖွဲ့တွင် တာဝန်ကျသည်။ ထိုမှ ရထားရဲတပ်ဖွဲ့၊ ထိုမှ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့၊ ထိုမှ မကွေးတိုင်း ရဲတပ်ဖွဲ့ စသည်ဖြင့် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်တွင် ရဲတပ်ဖွဲ့မှနုတ်ထွက်ပြီး ရန်ကုန်တွင် အခြေချနေထိုင်၍ ကြံရာကျပန်း လုပ်ကိုင်စားသောက်ရင်း စာပေနယ်တွင် ကျင်လည်ခဲ့သည်။ စာရေးဆရာ မင်းခေါင်မောင်အောင်နှင့်အတူ သူငယ်ချင်း စိုးသူရ (ကျည်တောင်ကန်) ထံ အလည်သွားရင် ကိုနီလုံးထံ ဝင်ရောက်တွေ့ဆုံခဲ့ခြင်းဖြစ်၏။

ကျွန်တော်တို့ ကွဲကွာနေစဉ် [illegible]လများအတွင်းတွင် ကိုနီလုံး၏ သတင်းများကို ကျွန်တော်ကြားသိနေရသည်။ နောက်ဆုံးအဆင့် ဂျပန်တွင် အာရှချန်ပီယံဗိုလ်လုပွဲသွားထိုးရာ၌ ဂျပန်လက်ဝှေ့သမားကို အလဲထိုးပြီး ဂျပန်ဘုရင်ဟီရိုဟီတို၏ အကောင်းဆုံး လက်ဝှေ့သမား ဆုဖလားကို ရရှိခဲ့ကြောင်းလည်း ကြားရသည်။ ဖောင်ကြီးတွင် ရဲအရာရှိငယ်သင်တန်း (သူရ-၇) တက်ပြီး ဒုရဲအုပ် အဆင့်ဖြင့် ရန်ကုန်တိုင်းတွင် တာဝန်ကျနေကြောင်းလည်း ကြားသိရပြီး၊ ရဲတပ်ဖွဲ့မှထွက်၍ ပျဉ်းမနားမှာပင် အခြေချ နေထိုင်ကြောင်းလည်း ကျွန်တော်သိရသည်။ ထို့ကြောင့် ပျဉ်းမနားရောက်စဉ် ကျွန်တော် ကိုနီလုံးထံ ဝင်တွေ့ခဲ့ခြင်းဖြစ်၏။

"မသေခင်မှ ပြန်တွေ့ရပါဦးမလား။ မသေခင်လေးတော့ တွေ့သွားချင်သေးတယ်လို့ ဗိုလ်ကျော်ကို ကျွန်တော် သတိရနေဟာကြောပြီ ဗိုလ်ကျော်"

ကျွန်တော်တို့ ရဲတပ်ဖွဲ့လက်ဝှေ့အသင်း၌ အတူနေရစဉ်က တွေ့မြင်ရသော ကိုနီလုံး၏ ရိုးသားပွင့်လင်းသော ဟန်ကို ကျွန်တော်ပြန်တွေ့မြင်ခဲ့ရသည်။ သူနှင့်ကျွန်တော်တို့ အချိန်ကြာကြာ စကားလက်ဆုံကျခဲ့ကြရဖူးသည်။ သူ့ပြောစကားများမှာ ရှေ့ပြေးနိမိတ်စကားလားဟု ယခုမှ ကျွန်တော် တွေးဖြစ်ခဲ့သည်။

ချစ်သောသူငယ်ချင်း သုဂတိဘုံ၌ နားခိုနိုင်ပါစေသတည်း။

[လက်ဝှေ့သမား ကိုနီလုံးသို့ အမှတ် ၇။]

ကျော်သူ

www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးလေးတွေနဲ့ စုံထောက်စာရေးဆရာကြီး

စာရေးဆရာကြီး 'ဆာအာသာကိုနင်ဒွိုင်း' သာ သူ စိတ်ကူးယဉ်ဖန်တီးခဲ့သော ကမ္ဘာကျော်စုံထောက် ကြီး 'ရှာလော့ဟုမ်း' ၏ ခြေရာတစ်ဝက်လောက် နင်းနိုင်မည်ဆိုလျှင် ဘာမဟုတ်တဲ့ အညာတြချာတိတ်မလေး နှစ်ယောက်ရဲ့ လှည့်ဖြားမှုကို ခံရမည်မထင်ပါ။

ခုတော့ လျှို့ဝှက်ဆန်းကြယ်မှုတွေကို အရေးထားယုံကြည်သူ 'မစ္စတာဒွိုင်း' ခမျာ 'ကော့တင်လေး' ခေါ် အင်္ဂလိပ်ရွာလေးတစ်ရွာတွင် တွေ့ရှိရသည်ဆိုသော မိုးပျံနှုတ်သမီးလေးများ၏ ဓာတ်ပုံကို အမိအရနှင့် လူ သိရှင်ကြား ထုတ်ဖော်ရေးမိပါချေပြီ။

ထိုဓာတ်ပုံတွေက ၁၉၁၇ ခုနှစ်အတွင်းက အသက် (၁၆) နှစ်ရှိ 'အယ်လ်စီရိုက်' ဆိုသည့် ကောင်မလေးနှင့် ညီမဝမ်းကွဲတော် 'ဖရန့်စစ် ဂရစ်ဖစ်' (၁၀)နှစ်တို့ကို တောအုပ်ထဲမှ စမ်းချောင်းလေးအနီးတွင် တွေ့ရှိမှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်ဆို၏။

နတ်သမီးလေးတွေက စောင်ပုံလေးတွေပါလျက် ပျံလိုက် နားလိုက်ကစားရင်းက ငြွေမှုတ်သူက မှုတ်၊ ဆိုသူက ဆို၊ ကသူက ကနှင့် မြူးတူးပျော်ပါးနေကြသည်ကို ဓာတ်ပုံက အတိအကျရိုက်ပြီး မှတ်တမ်းတင်ခဲ့ခြင်းပါတဲ့။

ထိုစဉ်က ဓာတ်ပုံဝိဇ္ဇာကြီးတော်တော်များများကလည်း ထိုဓာတ်ပုံကို ပြုံးပြဲစစ်ဆေးပြီး အထူးဖန်တီး ပြုလုပ်ချက်များ မတွေ့ရကြောင်း၊ တကယ့်သဘာဝဓာတ်ပုံအစစ်အမှန်ဖြစ်ကြောင်း ထောက်ခံကြေညာခဲ့ကြသည်။

သို့သော် ... သို့သော်

အလိမ်ခံရသူက မသိပေမယ့် လိမ်တဲ့သူတွေကိုယ်တိုင်က ထုတ်ဖော်ပြောပြီဆိုတော့လည်း ဘာ ဘယ်သူ ငြင်းနိုင်ပါဦးတော့မလဲ။

၁၉၈၀ ခုနှစ်ဦးပိုင်းမှာပင် အဘွားကြီးတွေဘဝရောက်နေသော ကချေသည်မိန်းကလေးတွေက ထိုအချို့ကို သူတို့စကားတွေကို တောင်ပံလုပ်၍ သရုပ်ဆောင်ခဲ့ရကြောင်း ထုတ်ပြောခဲ့ခြင်းပင် ဖြစ်ပါ၏။ ဆရာကြီး 'ဆာအာသာကိုနင်ဒွိုင်း' သာ ကြားလိုက်လျှင်တော့ ရင်ကျိုးရချည်ရဲ့၊ ရင်ကျိုးရချည်ရဲ့။

R / D - 2 / 95

ရဲမြင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ဓားပြ



www.burmeseclassic.com

www.burmeseclassic.com

ငါးသူဌေး

ကေတု-မောင်ညိုလင်း

သည်ရာသီက စစ်တောင်းမြစ်အတွင်း ငါးကိုင်းထောက်သော ရာသီဖြစ်သည်။ ထို့ကြောင့် မြစ်ကမ်းနံဘေး ရှိ ဗမာဝါးတီးရွာ၊ ကမ်းနားရွာနှင့် ရှမ်းဝါးတီးရွာ ကမ်းပါးများတွင် ငါးကိုင်းတံများကို အစီအရီတွေ့နေရသလို ညနေစောင်းပြိုဆိုလျှင် မြစ်ရိုးတစ်လျှောက် လူသံသူသံများနှင့် စီစီညံနေတတ်သည်။ ငါးကိုင်းတံများသည် လောက် ပေါသော်လည်း ဘယ်သူကမှ ဆွဲဖြုတ်ခြင်း၊ ခိုးယူခြင်းများလည်းမရှိကြ။ သူကိုင်းတံမှာ သူ့ငါးစာတတ်၊ ကိုယ့်ကိုင်းတံမှာ ကိုယ့်ငါးစာတတ်။ သူ့ကိုင်းတံမှာ ငါးမိ၊ သူဖြုတ်၊ ကိုယ့်ကိုင်းတံမှာငါးမိ ကိုယ်ဖြုတ်။ အဲသည်လောက်အထိ စည်းကမ်းရှိကြသည်။ ထို့ကြောင့်လည်း တစ်ရွာနှင့် တစ်ရွာ ခိုက်ရန် ဖြစ်ပွားခြင်းမျိုးလည်း တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဘူးပေ။

ဗမာဝါးတီးရွာနှင့် ကမ်းနားရွာက သည်မှာဘက်ကမ်းတွင်ရှိပြီး ရှမ်းဝါးတီးရွာက ဟိုမှာဘက်ကမ်းတွင် ရှိသည်။ သို့သော် ငါးရှာသူအချင်းချင်း ညီညွတ်သည်။ ကူညီရိုင်းပင်းသည်။ ဟိုဘက်ကမ်းက အခက်အခဲပြဿနာကို သည်ဘက်ကမ်းက ကူညီ၍ သည်ဘက်ကမ်းက အခက်အခဲပြဿနာကိုလည်း ဟိုဘက်ကမ်းက ကူညီဖြေရှင်းပေးတတ်သည်။ သူတို့ ငါးကိုင်းထောက်သည့်ခွင်က စစ်တောင်းမြစ်နှင့် သောက်ရေခပ်ချောင်း ပေါင်းဆုံရာ အထက်ပိုင်းခွင်ဖြစ်သည်။ ထို့ကြောင့် သည်ကမ်းက ဗမာဝါးတီးရွာနှင့် ကမ်းနားရွာက စစ်တောင်းမြစ်အတွင်းမှာ ကိုင်းထောက်ရပြီး ရှမ်းဝါးတီးရွာကတော့ သောက်ရေခပ်ချောင်းနှင့် ပေါင်းဆုံရာအား မှာ ကိုင်းထောက်ရသည်။

အောင်ဖြိုးနှင့် ဘိုဆောင်တို့ ညီအစ်ကိုက ရှမ်းဝါးတီး ရွာသားများမို့ သောက်ရေခပ်ချောင်းဝ အစမှနေ၍ ကိုင်းထောက်ခြင်း အမှုကိုပြုသည်။ ထို့ကြောင့် စစ်တောင်းမြစ်ထဲကငါးနှင့် သောက်ရေခပ်ချောင်းထဲမှ နယ်ကျွံလာသော ငါးများက အစာလာဟပ်သဖြင့် ငါးအရပိုများသည်။ ဒါကိုလည်း သည်ဘက်ရွာသားများက မနာလိုတို့ရှည် မဖြစ်ကြပေ။

ထိုကဲ့သို့ ငါးအရများသော အောင်ဖြိုးနှင့် ဘိုဆောင်တို့မှာ ထူးထူးခြားခြား ငါးတစ်ကောင်မှမရဘဲ ရှိနေခဲ့သည်မှာ သုံးရက်ပင်ရှိနေခဲ့ပြီ။ ခါတိုင်းက ငါးမရပါဘူးဆိုသည့် ညမှာပင် ဟင်းစားဖြစ် ငါးဘတ်တစ်ကောင်တော့ ရတတ်သည်။ အခုတော့ ငါးဘတ်မပြောနှင့်ငါးကြီးစား အဖြစ် ငါးမျှားချိတ်တွင်ဘယ်ထားသော ငါးမွေအူထိုး၊ ငါးသလဲထိုးနှင့် ငါးရံလေးများပင် မိုးလင်းသည့် အခါတွင် မရှိတော့ဘဲ ပျောက်ဆုံးနေလေသည်။

''ဒါ ဘာဖြစ်တာလဲကွ။ ကလေးတွေ ခိုးဖြုတ်တယ် ဆိုရအောင်လည်း ကမ်းစပ်မှာကလေးခြေရာကို မတွေ့ရဘူးကွ''

''အေး...ဟုတ်တယ်။ ထူးတော့ ထူးခြားနေပြီ။ ရေထဲကလာပြီး ငါးခိုးဖြုတ်ရအောင်လည်း ငါတို့ကကမ်းနားမှာ တစ်ညလုံး ရှိနေတာပဲလေ''

''ငါးမဟပ်ဘူးဆိုရင်လည်း ဟပ်ထားတဲ့ ငါးစာတော့ ကျန်ရစ်ရမှာပေါ့။ အခုတော့ ငါးစာ ငါးပါ ပျောက်နေတယ်ကွ''

အောင်ဖြိုးတို့ ညီအစ်ကိုမှာ ခေါင်းချင်းဆိုင် စဉ်းစားကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အဖြေကတော့ ထွက်မလာခဲ့ပေ။

''ဒီတစ်ညမှငါး မဟပ်ရင် တော့အထက်ပိုင်း ကကောင်တွေနဲ့ ဟိုဘက်ကမ်းက ကောင်တွေဆီမှာ အကူအညီတောင်းပြီး အဖြေရှာကြည့်ကြတာပေါ့ကွာ။ ကဲ...သွားစို့ဟေ့''

အောင်ဖြိုးက ပြောပြောဆိုဆို ငါးကိုင်းများတွင် ငါးစာတပ်ရန် ငါးအရှင်ကလေးများ ထည့်ထားသော ငါးစာအိုးကိုဆွဲကာ မြစ်ထဲဆင်းသွားသည်။ ဘိုဆောင်ကလည်း အချိန်ဆိုင်းမနေဘဲ ငါးစာအိုးတစ်လုံးကို ဆွဲကာနောက်မှ လိုက်သွားသည်။ မကြာမီနေဝင်၍ မှောင်ရီသမီးတော့ မည်မဟုတ်ပါလား။

×××

''ဟေ့ ... အိုက်တီ၊ မင်းတို့ ငါးကိုင်းတွေ အခြေအနေ ဘယ်လိုရှိလဲကွာ''

အောင်ဖြိုးက သည်ကနေ့လည်း ငါးကြီးတစ်ကောင်မှ မရသည့်အပြင် ငါးကလေးများပါ ဆုံးရှုံးသွားသဖြင့် အထက်ပိုင်းက ငါးကိုင်းပိုင်ရှင်အိုက်တီကို မေးမြန်းလိုက်ခြင်းဖြစ်သည်။

''ကောင်းပါတယ်ကွ။ ဘာဖြစ်လို့လဲ''

အိုက်တီက အောင်ဖြိုးကို စူးစမ်းသောအကြည့်နှင့်ကြည့်ကာ ပြန်မေးသည်။

''ငါတို့ ငါးကိုင်းတံတွေကတော့ ငါးမမိတဲ့အပြင် ငါးလေးတွေပါ ပျောက်ပျောက်နေလို့ကွ''

''ဟေ့...ဟုတ်လား။ အေးမင်းတို့နဲ့ စပ်နေတဲ့ ငါးကိုင်းတံနှစ်ချောင်းလောက်က ငါးစာငါးတွေတော့ ပျောက်တယ်ကွ။ ဒါပေမယ့် ချိတ်တာ မပြလို့ပြုတ်ကျတယ်ပဲ မှတ်နေတာ။ အခုလိုဆို ထူးတော့ထူးခြားနေပြီကွ''

''ဟုတ်တယ်ကွ။ အိုက်တီရ။ ဒါနဲ့ မင်းတို့ ကိုင်းတံတွေမှာကော ငါးကြီးတွေဟပ်ရဲ့လား။ ငါတို့တော့ ငါးကြီးမရတာ ကိုင်းစထောက်တဲ့နေ့ကတည်းကပဲ သူငယ်ချင်းရေ။ ဖွတ်မရ ဓားမဆုံးဆိုသလို ငါးစာငါးလေးတွေပါ ဆုံးရှုံးနေရတယ်ကွ''

''အင်း...ဒါဆိုရင်တော့ လက်သည်တရားခံကို ရှာဖို့တော့လိုလာပြီကွ။ ငါ့ကိုင်းတံတွေမှာတော့ တစ်ညကို နှစ်ကောင်သုံးကောင်တော့ မိနေတာပဲလေ။ ဒါကြောင့် မင်းတို့ညီအစ်ကိုလည်း ငါးရမှာပဲလို့ ထင်နေတာ''

ထိုအချိန်မှာပင် အိုက်တီ၏အထက်ဘက်တွင် ငါးကိုင်းထောက်သူ စိုင်းသန်းအောင်လည်း ရောက်ရှိလာသည်။

''ဟေ့ကောင်တွေ ဘာတွေပြောနေကြတာလဲကွ''

''ဘာပြောရမလဲကွ စိုင်းသန်း

www.burmeseclassic.com

www.burmeseclassic.com

အောင်ရ။ ဒီကောင်တွေရဲ့ ငါးကိုင်းတံတွေမှာ ငါးမမိတဲ့အပြင် **ငါးစာငါးတွေပါ ညှတိုင်းပျောက်နေလို့တဲ့ကွ**"

အိုက်တီက **အောင်ဖြိုးတို့ ညီအစ်ကိုကို မေးငေါ့ပြပြီး** ပြောလိုက်ခြင်းဖြစ်သည်။

"ဟေ... ဟုတ်လား။ ဒါဆိုရင် ငါးသူခိုး ရှိနေပြီကွ၊ တို့ ဒီနေ့ည စောင့်ဖမ်းကြမှာ ဖြစ်မယ်"

"...ဟုတ်တယ် စိုင်းသန်းအောင်။ တို့အားလုံး ညီညီညွတ်ညွတ်နဲ့ စောင့်ဖမ်းကြမယ်"

စိုင်းသန်းအောင်၏ စကားကို အားလုံးက သဘောတူသဖြင့် ထိုညက သူတို့လေးယောက်၊ တစ်ယောက်တစ်နေရာစီခွဲ၍ သူခိုးကို စောင့်ဖမ်းကြသည်။ သို့သော် ကမ်းပါးမှ လျှောက်လာသူကိုလည်း မတွေ့ရ။ ရေထဲမှာ လှေနှင့်လာသူ၊ ကူးခပ်လာသူများကိုလည်း မမြင်ရနှင့်မိုးသာ စင်စင်လင်းသွားသည်။

"ဟာ...ဟေ့ကောင် အောင်ဖြိုး မင်း ငါးကိုင်းတံမှာ မိထားတဲ့ ငါးဘတ်ကြီးက ခါးပြတ်နေပါလားကွ"

နေထွက်တာပြူတွင် သူတို့အားလုံး ငါးကိုင်းတံများကို လိုက်လံစစ်ဆေးရာမှ တစ်နေရာအရောက်တွင် အိုက်တီက ငါးကိုင်းတံတစ်ချောင်းကို လက်ညှိုးထိုးပြီး ပြောလိုက်ရခြင်းဖြစ်သည်။

"အေး...ဟုတ်ပါရဲ့ကွာ။ **ဒါလူတော့ မဟုတ်နိုင်တော့ဘူးကွ။ တစ်ကောင်ကောင်က စားသွားတာပဲ** ဖြစ်မယ်"

"ဒါဆိုရင် မိကျောင်းများလာဟ"

"မင်းအဘကြီး မိကျောင်းဟပ်ရင် ဒီလောက်ငါးမပြောနဲ့ မင်းတစ်ကိုယ်လုံးကိုတောင် မျိုနိုင်တယ်ဟ။ နောက်ပြီး မိကျောင်းကို တို့ဒေသမှာ မင်း တစ်သက်နဲ့တစ်ကိုယ် မြင်ခဲ့ဖူးလို့လား"

"အေး...ဒါတော့ ဟုတ်တယ်။ တစ်ခါမှ မမြင်ခဲ့ဖူးဘူး"

စိုင်းသန်းအောင်က အိုက်တီ၏ အမေးစကားကို ဝန်ခံလိုက်သည်။

"အင်း...တော်တော်တော့ ထူးဆန်းနေပြီဟေ့။ ဘယ်ကုန်းကမှ ဒီလိုမဖြစ်ဘူးတာ။ ဒီနှစ်မှ ဘယ်လို ဖြစ်တာပါလိမ့်"

"အေးကွာ...မစဉ်းစားတတ်အောင်တော့ ဖြစ်နေပြီ။ မင်းတို့ ညီအစ်ကိုရဲ့ ငါးကိုင်းတံတွေမှာပဲဖြစ်ပြီး ငါတို့အထက်ပိုင်းက ကိုင်းတံတွေမှာ ဒီလိုမဖြစ်တာတော့ အံ့သြစရာပဲကွ"

"ဘာပဲဖြစ်ဖြစ် ဒီငါးသူခိုးကို ဒီကနေ့ညမမိရင် နောက်တစ်နေ့ည မိအောင်စောင့်ပြီး ဖမ်းရမှာပေါ့ အောင်ဖြိုးရာ သည်းခံပြီး နေလိုက်ပါဦး။ မင်းတို့ညီအစ်ကိုအတွက် ဟင်းစားကို ငါတို့မျှပေးပါ့မယ်"

"အေး...ဟုတ်တယ်။ တို့မိတဲ့ **ငါးထဲက မျှပေးပါ့မယ်**"

အိုက်တီကလည်း သူငယ်ချင်းကောင်း ပီသစွာ ကတိပေးသည်။ သို့နှင့်ညနေပိုင်း အချိန်သို့ကျရောက်လာပြန်သည်။ သူတို့လည်း ထုံးစံအတိုင်း မြစ်ထဲဆင်းကာ ငါးကိုင်းတံများတွင် ငါးစာများလိုက်တတ်ကြသည်။ ထို့နောက် ငါးသူခိုးကို စောင့်ဖမ်းကြပြန်လေသည်။

×××

အောင်ဖြိုးတို့ သည်ဘက်ကမ်းက လူတွေက မအိပ်မနေ စောင့်ကြည့်နေကြသလို ဟိုဘက်ကမ်း ကဗမာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဝါးတီးနှင့်ကမ်းနား ရွာသားများကလည်း သူတို့ဘက်ကမ်းကနေ၍ အရိပ်အခြည်ကို စောင့်ကြည့်နေခဲ့ကြသည်မှာ သုံးရက်ခန့်ရှိသွားခဲ့ပြန်ပြီ။ ငါးသူဌေးကိုတော့ အရိပ်အယောင်ပင် မတွေ့ရသေးဘဲရှိနေသည်။

သည်ကနေ့ညမှာလည်း သန်းခေါင် ကျော်လာသည့်တိုင်အောင် ထူးထူးခြားခြား ဘာမျှမတွေ့ရသဖြင့် စိုင်းသန်းအောင်နှင့် အိုက်တီတို့နှစ်ယောက်က သူတို့ငါးကိုင်းတဲများ အခြေအနေကိုကြည့်ရန် အထက်ပိုင်းကို ပြန်တက်ခဲ့ကြသည်။

"ဗွမ်း"

"ဟာ...ငါးကိုင်းတဲမှာ ဟပ်မိနေတဲ့ ငါးကြီးကို ဆွဲစားသွားတာ ဘာကောင်ကြီးလဲဟ"

အောင်ဖြိုး၏ အလန့်တကြား အော်ဟစ်မှုကြောင့် စိုင်းသန်းအောင်နှင့် အိုက်တီတို့နှစ်ယောက် နောက်ကြောင်း ပြန်လှည့်ကာ အောင်ဖြိုးတို့ ညီအစ်ကိုနှည်းတူ မြစ်ပြင်ကို ဓာတ်မီးနှင့် ထိုးကြည့်ကြသည်။ ငါးကိုဆွဲစားသွားသော အကောင်ကား ဘာကောင်ရယ်တော့မသိ။ အတော်လေးကြီးသည်။ ရေပြင်ပေါ် ရှုပ်လျက် အောက်ဘက်အိုင်းကို ပြန်လှည့်ပြေးသည်ကလည်း မြန်ဆန်လွန်းသည်။ ရေဂယက်ကြားမှာ အကောင်၏ အရောင်ကညိုသလိုလို၊ မည်းသလိုလိုနှင့် သဲသဲကွဲကွဲ ခွဲခြားမရဖြစ်နေ

သည်။ ရေထဲတွင် ပြေးနှုန်းကလည်း မြန်ဆန်လွန်းသည်။ သူတို့ ဓာတ်မီးရောင်တစ်ဆုံး ငေးမောကြည့်ရှုနေစဉ်မှာပင် သောက်ရေခပ်ချောင်းနှင့် စစ်တောင်းမြစ်ဆုံ အရောက်မှာတော့ မြင်ကွင်းက ပျောက်ကွယ်သွားလေသည်။

"အဲဒီအကောင်က ဘာကောင်လဲကွ။ အောင်ဖြိုး"

"ငါလည်း ဘယ်သိပါ့မလဲ အိုက်တီရာ။ ငါးကိုင်းတဲက ငါးကို ၄၅ ခနဲ ဆွဲစားသံကြားမှ ပြေးကြည့်လိုက်တော့ ဒီကောင်က အတော်လှမ်းလှမ်းကို ရောက်နေပြီကွ"

"ဒါနဲ့အဲဒီ ငါးကိုင်းတဲမှာ ဓော ဓောက ငါးကြီးဟပ်ထားတာ ငါတို့လည်း မတွေ့မိပါလား"

"ဟုတ်တယ်။ ငါတို့လည်း မတွေ့မိဘူး။ အခု လောလောလတ်လတ်ကလေးမှာ လာဟပ်ထားပဲကွ။ ငါးကြီးကအဟပ် နောက်ကနောက် ယောင်ခံလိုက်လာတဲ့ ငါးသူဌေးက လည်း နောက်က ဆွဲဟပ်လိုက်တဲ့ အချိန်ဟာ စက္ကန့်ပိုင်းလောက်ပဲခြား နိုင်တယ်ကွ"

"တော်တော် အတင့်ရဲတဲ့ အကောင်ပါလား။ ဘာပဲဖြစ်ဖြစ် ဒီငါးသူဌေးကိုမိဖို့ရာ ငါအကြံရထားပြီကွ။ မနက်ဖြန်ညမှာသာ ဒီကိုထပ်လာဦးမယ်ဆိုရင်တော့ ဒီကောင့်ကို ငါ မိအောင်ဖမ်းပြမယ်ကြည့်နေကြ"

"အံမယ်...တော်တော် အာမခံရဲပါလားကွ။ စိုင်းသန်းအောင်ရ"

"ခပ်ရဲရဲပဲဟေ့ အိုက်တီရေ။ ငါပြောတဲ့အတိုင်းသာလုပ်ရင် ဒီကောင်ကြီးကို မိကိုမိရပေမယ်။ အဲဒီအတွက် လေးသစ်ပြူမျှော်ပိုက် တစ်ဖုံတော့လိုလိမ့်မယ်"

"အဲဒီ မျှော်ပိုက်က ဘာလုပ်မှာလဲ"

"ရအောင်သာ ရှာထားပါကွာ။ ညနေပိုင်းကျတော့ ငါပြောပြပါမယ်။ အခု ပြောထားရင် ဒီကောင်ကြီးကြားသွားလို့ မလာတော့ရင် ဘယ့်နယ်လုပ်မလဲ"

"ဟင်...အဲဒီလို ပြောဘာကို သူက ဘယ်လိုလုပ် ကြားမှာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ...ဒီကောင့်နယ် ကြားကြားပါဦးတော့၊ တိရစ္ဆာန်က ဘယ်လိုလုပ် လူစကားနားလည်မှာလဲကွ အောင်ဖြိုးရ။ ဒီကောင်က သက်သက်နောက်နေတာပါဟာ"

အောင်ဖြိုးက နားမလည်နိုင်စွာနှင့် စိုင်းသန်းအောင်ကို ငေးကြည့်နေသဖြင့် အိုက်တီက ဝင်ရှင်းပြလိုက်ခြင်းဖြစ်သည်။ စိုင်းသန်းအောင်ကတော့ ပြုံးပြုံးကြီးလုပ်နေရာမှ ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေသည်။

BURMESE CLASSIC .com

ညနေစောင်းတော့ အောင်ဖြိုးတို့ ညီအစ်ကိုသားမက အိုက်တီနှင့်စိုင်းသန်းအောင်တို့ပါ အလုပ်ရှုပ်နေကြသည်။ ငါးကိုင်းတံတွင် ငါးစာလည်းတပ်ရသေး၊ လေးသစ်ပြုမျှော်ပိုက်ကြီးအတွက် ငါးကိုင်းတံများအဆုံးအောက်ဘက် အနည်းငယ်အကွာကမ်းနားတွင် ငုတ်တိုင်အရှည်တစ်တိုင်၊ ရေလယ်ဘက် ဆယ်ပေအကွာတွင် ငုတ်တိုင်တိုသုံးတိုင်နှင့် နောက်ထပ်ဆယ်ပေအကွာတွင် ငုတ်တိုင်ရှည် တစ်တိုင်စိုက်လိုက်စိုက်ကြသည်။ ထို့နောက် ငှားလာသော မျှော်ပိုက်ကြီးကို ခေါင်ထိပ်ကြိုးမရှိသော အောက်ဘက်ပိုင်းတွင် ခေါင်ထိပ်ကြိုးနည်းတူပိုက်ကွင်းတွေထဲ ကြိုးသွင်းလျက် ရေအောက်နှစ်ပေခန့်မှ ငုတ်တိုင်တွေတစ်ဘိုင်ဘိုး တစ်တိုင်မှာ လိုက်၍ သွယ်တန်းကြသည်။ ခေါင်စည်းကြိုးရှိပြီးသား ဘက်မှာတော့ တစ်ပင်တိုင် ဝါးသေးအရှည်နှစ်ချောင်းကို ဆက်၍ ကပ်ချည်၊ ထို့နောက် ကမ်းနားငုတ်တိုင် အရှည်၊ အလယ် ငုတ်တိုင်အရှည်နှင့်အစွန်ဆုံးငုတ်တိုင်အရှည်တို့တွင် ပိုက်ကို ကားလိပ်ကဲ့သို့ အပေါ်သို့ဆွဲတင်လို့ရအောင် လုပ်ကြရပြန်သည်။

ပြီးသည်နှင့် အဲသည်ဘက်ကို ရေထဲမှာအနည်းငယ် နှစ်၍ထားလိုက်ကြသည်။ သဘောကတော့ ငါးသူခိုး ဖြတ်သွားလျှင် မမြင်နိုင်ရန်ဖြစ်သည်။ စိုင်းသန်းအောင်၏ အစီအစဉ်အတိုင်း အားလုံးပြီးသွားသောအခါ သူတို့အိမ်ပြန်ကာ ညစာစားကြသည်။ မှောင်ရီပျိုးသည်နှင့် ငါးသူခိုးကို ဖမ်းရန် မြစ်ဆိပ်သို့ ပြန်ဆင်းခဲ့ကြသည်။ ညကိုးနာရီခန့်အထိ ဘာမျှ ထူးခြားမှုမရှိ။ အလျှားလိုက်ရေတွင် မြှုပ်ခင်းထားသော မျှော်ပိုက်ကြီး၏ ဆွဲကြိုးသုံးချောင်းနားမှာတော့ ရွာထဲမှ ထပ်ခေါ်လာသော အကူနှစ်ယောက်နှင့် ဘိုဆောင်က အသင့်စောင့်နေကြသည်။

အောင်ဖြိုး၊ အိုက်တီနှင့်ဆရာကြီး စိုင်းသန်းအောင်ကတော့ ငါးကိုင်းတံများ၏ အခြေအနေကို ထူးခြားမှုရှိမရှိ လိုက်ကြည့်နေကြသည်။ ထိုစဉ်အခိုက်မှာပင် ငါးကိုင်းတံတစ်ချောင်းတွင် ငါးဘတ်ကြီးတစ်ကောင်က လာ...ပ်သည်ကို သူတို့ တွေ့လိုက်ကြသည်။

"ဟာ...ငါးဘတ်ကြီးက နည်းတဲ့အကောင်ကြီး မဟုတ်ဘူး ငါ ဆင်းဖြုတ်လိုက်မယ်ဟေ့"

"နေဦး ... မဖြုတ်နဲ့ဦး"

အောင်ဖြိုးက အငမ်းမရ ဆင်းဖြုတ်မည်အလုပ် စိုင်းသန်းအောင်က အောင်ဖြိုးလက်ကို ဖမ်းဆွဲကာတားထားလိုက်သည်။

"ဘာဖြစ်လို့လဲ စိုင်းသန်းအောင်ရ"

"ကဲ ... အောင်ဖြိုးရေ ဒီအချိန်ကစပြီး အရေးကြီးလာပြီ။ ဒါကြောင့် မျှော်ပိုက်ကြီးနားကအကောင်တွေကို သတိနဲ့ စောင့်ကြည့်နေကြဖို့ သွားပြောထားကြရအောင်ဟေ့။ ပြီးတော့တို့က ဒီကိုင်းတံမှာ မိထားတဲ့ ငါးကြီးနားမှာ အခြေအနေကိုပြန်ပြီး စောင့်ကြည့်ကြတာပေါ့"

"ဒါဆိုရင် ငါပဲ သွားပြောလိုက်ပါ့မယ်။ မင်းတို့ကတော့ ဒီကိုင်းတံနားမှာပဲ စောင့်ကြည့်နေခဲ့ကြပါ"

အောင်ဖြိုးက စိုင်းသန်းအောင်နှင့် အိုက်တီတို့ကိုထားခဲ့ပြီး သူကိုယ်တိုင်ပင် မျှော်ပိုက်ကြီး နားဆီထွက်ခဲ့သည်။ အောင်ဖြိုး မျှော်ပိုက်ကြီးနားရောက်ပြီး စောင့်နေသူများကို အကျိုးအကြောင်းမှ ပြောလို့မဆုံးသေး၊ စိုင်းသန်းအောင်၏ အသံကိုကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com

"အောင်ဖြိုးရေ၊ ငါးဘတ်ကြီးကိုတော့ ငါးသူခိုးက ကိုက်စားသွားပြီ။ အဲဒီဘက်ကို စုန်ဆင်းလာပြီ။ မင်းတို့အသင့်သာ ပြင်ထားကြပေတော့ဟေ့"

နိုင်းသန်းအောင်က ပြောလည်းပြော၊ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကြီးကိုထိုးလျက် ငါးသူခိုး စုန်ဆင်းလာရာ လမ်းကိုလည်း ညွှန်ပြနေသည်။ အောင်ဖြိုးနှင့်ဘိုဆောင် အပါအဝင် မျောပိုက်ကြီးနား စောင့်နေသူများက ပိုက်ဆွဲကြိုးများကို ကိုင်လျက် အသင့်အနေအထား ရှိနေကြသည်။ ရေယက်တွေ တဖွားဖွားနှင့် ငါးသူခိုးကြီး သူတို့မျောပိုက်ကြီး ပက်လက်လှန်ထားရာ အပေါ်ရောက်လာသည်နှင့် ကြိုးများကို ဆတ်ခနဲဆွဲတင်လိုက်ကြရာ ငါးသူခိုးကြီးမှာ မျက်လုံးအပြူးသားနှင့်မျောပိုက်ကြီး ကြားထဲတွင် မိလျက် ရေပေါ်ပေါ်လာလေသည်။

"ဟာ ... ဖျံကြီးပဲကွ။ နှူတ်ခမ်း မွေးကားကားကြီး နဲ့ဖျံထီးကြီးဟာ"

အောင်ဖြိုးက ဝမ်းသာအားရ အော်လိုက်သည်နှင့် မရွေးမနှောင်းမှာပင် ဘိုဆောင်က ဟိုဘက်ကမ်း သည်ဘက်ကမ်း ရင်စို့လောက်သာ ရှိသော မြစ်ထဲအလျင်အမြန် ခုန်ဆင်းကာ ဖျံကြီးကိုမျောပိုက်နှင့် လုံးထွေးလိုက်သည်။ ထို့နောက် လက်ထဲပါလာသော ဝါးရင်းတုတ်နှင့်အဆက်မပြတ် ရိုက်နှက်နေတော့သည်။

"ဖုန်း ... ဖုန်း ... ဖုန်း"

"ဟေ့ ... ဟေ့ ... ဘိုဆောင် ဒီလောက်ကြီး ရိုက်မနေပါနဲ့ကွာ။ တော်ကြာ ဖျံကြီးမှာ အသားမပြောနဲ့ အရိုးတောင် ရှာမတွေ့ဖြစ်သွားပါဦးမယ်"

အောင်ဖြိုးက လှမ်းအော်တားလိုက်မှာ ဘိုဆောင်လက်ကငြိမ်သွားသည်။ ဘိုဆောင် လက်ငြိမ်သွားသလို မျောပိုက်ကြီးထဲ ရုန်းကန်နေခဲ့သော ဖျံကြီးလည်း ငြိမ်သွားသည်။ ထိုအခါ ဖျံကြီးကိုလုံး ထွေးထားသော မျောပိုက်ထဲမှ ဆွဲထုတ်၍ ကြည့်လိုက်ရာအတောက်ကြီးသော အကောင်ကြီးဖြစ်ကြောင်း တွေ့လိုက်ကြရလေသည်။

"ငါကတော့ ငါးသူခိုးဟာ လူမှတ်လို့။ အခုတော့ ဒင်းဖြစ်နေတာကိုး"

အောင်ဖြိုးက ဘိုဆောင်လက်ထဲမှ ဖျံကြီးကိုဆွဲယူ မြှောက်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"အင်း ... ဒီကောင်တွေက တို့စစ်တောင်းမြစ်ထဲမှာ တွေ့ရခဲတဲ့ အကောင်တွေပဲကွ"

"ဒါဖြင့် ဒီကောင်ကြီးက ဘယ်က ရောက်လာတာလဲဟ အိုက်တီရ"

"ဘယ်က ရောက်လာရမှာလဲ အောင်ဖြိုးရာ ဒီကောင်တွေက သောက်ရေခပ်ချောင်းထဲမှာ ကျက်စားနေတဲ့ အကောင်တွေကွ။ အခုနှစ် သောက်ရေခပ်ချောင်းထဲမှာ အစာရှားလို့ အောက်ကိုစုန်ဆင်းလာပြီး စစ်တောင်းမြစ်ထဲမှာ ငါးရှာဖို့အလုပ်၊ အလွယ်တကူ တွေ့တဲ့ပွဲတော်အုပ်ကို ပလုပ်ပလောင်း ဝင်တုပ်တော့ အခုလို ဘိုဆောင်ရဲ့ ဝါးရင်းတုတ်နဲ့ အသုတ်ခံလိုက်ရတာလေ"

"အင်း ... အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုပ်ဆိုတာ ဒါမျိုးပေါ့ကွာ"

နိုင်းသန်းအောင်က တံငါသည်ပေမယ့် သံဝေဂစကားလေး ပြောလိုက်တော့ ကျန်လူများကလည်း ခေါင်းလေးတွေကိုယ်စီ ညိတ်လိုက်ကြသည်။ မည်သို့ဆိုစေ တစ်ပတ်လုံးလုံး ငါးမရဘဲ၊ ငါးစာလေးများပါဆုံးရှုံးနေခဲ့ရသော အောင်ဖြိုးတို့ ညီအစ်ကို မှာ နိုင်းသန်းအောင်၏ ဥာဏ်ကောင်းမှုကြောင့် ထိုတစ်ညနှင့်ပင် အရင်းကြေရုံမျှမက အမြတ်ပင် ရလိုက်ကြသည်။ အဘယ်ကြောင့် ဆိုသော် ထိုဖျံထီးကြီးကို မြို့ပေါ်က လူတွေက အားဆေးဖော်ရန်ဟုဆိုကာ ဈေးကြီးပေး၍ ဝယ်ယူသွားသောကြောင့်ပင်ဖြစ်လေသည်။

ကေတု-မောင်ညိုသင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ငရဲပင်လယ်မှအပြန် လှဦး(ဒွါရာဝတီ)

(၁)

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန် ၁၉၄၂ အောက်တိုဘာလအတွင်းက ဂျီဘရော်တာ ရေလက်ကြားတစ်ဝိုက်တွင် အိုဟောင်းကျိုးပျက်နေသော သင်္ဘောများမှာ သူနည်းသူဟန်ဖြင့် အသုံးတည့်နေ၏။ ဖာထေးပြုပြင်ပြီး အင်္ဂလန်သို့သွားရမည့် ရေယာဉ်တန်းတွင် အသုံးတော်ခံနိုင်သေး၍ဖြစ်၏။

လှိုင်းဒဏ်လေဒဏ်ခံရပြီး စုတ်ပြတ်နေသည့် ကျွန်တော် ရေယာဉ်မှူးအဖြစ် တာဝန်ယူရမည့် သင်္ဘောကို ငဲ့စောင်းကြည့်မိသည်။ အခြေအနေမကောင်းလှ။

ဤနေရာတွင် ကျွန်တော့်ကိုပင် ကျွန်တော် မိတ်ဆက်ပေးရပါဦးမည်။ ကျွန်တော်က အသက် (၂၆) နှစ်သာရှိသေးသည်။ သင်္ဘောရေယာဉ်မှူး လက်မှတ်ရ၊ စာရွက်စာတမ်း ထောက်ခံစာများရှိ၏။ သို့သော် ယခင်က သင်္ဘောတစ်စီးစီးကို ကြီးကြပ်အုပ်ချုပ်ခဲ့သည့် အတွေ့အကြုံမရှိချေ။

စစ်အတွင်းကာလဖြစ်၍ ရှင်သန်ရေးက အတွေ့အကြုံထက် အရေးကြီးသည်။ ကျွန်တော် ဤလိုနှင့် ရေယာဉ်မှူးအသစ်ကျပ်ချွတ်ဖြစ်ခဲ့ရ၏။

ယခု ကျွန်တော် ဦးစီးရမည့် သင်္ဘောကလည်း နှယ်နှယ်ရရတော့ မဟုတ်ချေ။ ဂျုံးဂျုံးကျ စုတ်ပြတ်နေသော ဤသင်္ဘောကို ယခင်ရေယာဉ်မှူးနှင့် သင်္ဘောသားများက လှည့်မကြည့်တော့ဘဲ စက်ဆုပ်ရွံရှာစွာ စွန့်ပစ်ထားခဲ့ပြီးဖြစ်သည်။

ဤသင်္ဘောမှာ ကမ္ဘာကျော်ဂျီဘရော်တာ ရေလက်ကြားစခန်းမှ ပင်လယ်ပြင်သို့ သုံးကြိမ်ထွက်ခွာရန် ကြိုးစားခဲ့သော်လည်း ဘွိုင်လာပေါက်ရေယိုပြီး လမ်းကြောင်းမှန်အတိုင်း ထိန်းကျောင်း မောင်းနှင်ရန် မဖြစ်နိုင်ဘဲ စက်ချို့ယွင်း၍ တပ်ခေါက်ပြန်ခဲ့ရ၏။

ဤအက်စ်အက်စ်အိုမီဂါဟု ခေါ်ဆိုသော သင်္ဘောတွင် သင် မည်သည့်အလုပ်တရားကိုမျှ တွေ့နိုင်မည် မဟုတ်ချေ။ ဝန်ပါ တန်ချိန်၊ (၃၆၀၀) ရှိ၍ ပထမကမ္ဘာစစ်မဖြစ်မီက တည်ဆောက်ခဲ့သော သင်္ဘောအိုကြီးမှာ အမည်ငါးမျိုးဖြင့် ပိုင်ရှင်အဆင့်ဆင့် လက်ပြောင်းကာ လေးနှိုင်ငံမှ အမျိုးသားအလံများလွှင့်ထူခုတ်မောင်းခဲ့ဖူးသည်။

စစ်စဖြစ်ချိန် အင်္ဂလိပ်တို့က ပင်လယ်ပြင်တွင် တွေ့ရှိဖမ်းဆီးပြီး ဂျီဘရော်တာရေလက်ကြားစခန်းသို့ ခေါ်လာခဲ့သည်။ ထိုအချိန်မှစ၍ ကျောက်ချရပ်နားထားခဲ့သည်မှာ ယခုထိဖြစ်၏။ ယခုမှ မလုပ်မဖြစ်၍ ထုတ်သုံးခြင်းဖြစ်၏။

သင်္ဘောဆိပ်တွင် ကျောက်ချရပ်နားရန် နေရာသစ်ရှာရင်း ကျွန်တော် ဆိပ်ကမ်းအရာရှိတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ဖူးသည်။

"ဒီသင်္ဘောကလူတွေ အကြောင်းသိရပါစေဗျာ"

"သူတို့က ခင်ဗျားလိုပဲ ပြည်တော်ပြန်ပဲ။ ဒီမှာ ဒုက္ခရောက် သောင်တင်နေတဲ့ ဗြိတိသျှသင်္ဘောသားတွေပဲဗျ"

ဟုတ်ပါသည်။ ကျွန်တော့်လိုပဲ ဒုက္ခရောက် သောင်တင်နေသည့် သင်္ဘောသားရာချီရှိနေ၏။ တိုပီတိုနှင့် ဗုံးဆန် ထိမှန်နစ်မြုပ်သွားသော မဟာမိတ်သင်္ဘောများမှ အသက်ရှင်ကြွင်းကျန်ရစ်သူများဖြစ်၏။

ဤဦးရေလေးဆယ်မျှရှိသော သင်္ဘောသားအုပ်စုကို "ဒုက္ခပွေနေသူ၊ လူမျိုးပေါင်းစုံ သင်္ဘောသားများ" ဟု ကျွန်တော် ကင်ပွန်းတပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

အာဘယ်ကြောင့်ဆိုသော် ခြောက်ဦးသာ အိုမီဂါသင်္ဘောမှ မူလလူများဖြစ်၏။ ထက်ဝက်ကျော်က ဗြိတိသျှနိုင်ငံသားများဖြစ်၏။ ကျန်လူများက ယူဂို ဆလပ်များ၊ ပြင်သစ်ကုန်းပတ်အကူများနှင့် တစ်ဦးက အီဂျစ်စားပွဲထိုးဖြစ်၏။

သင်္ဘောပထမအရာရှိက ရုရှားဖြူလူမျိုးဖြစ်သည်။ ပထမကမ္ဘာစစ်က ဗြိတိသျှဘုရင့်ရေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ပနားမားနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပြီး အသက်ငါးဆယ်ခန့်ရှိသူ ဖြစ်၏။

သူတို့နှင့်မတူသူများက (၁၈)နှစ်အရွယ် ဝီလ်ကင်ဆင်နှင့် ဘူလ်မားဆိုသူ လူငယ်။ တတိယနှင့် စတုတ္ထ သင်္ဘောအရာရှိကလေးများဖြစ်သည်။

ရေယာဉ်အင်ဂျင် စက်ပစ္စည်းပိုင်း ကြီးကြပ်ရသူမှာ လီဗာပူမြို့သား ဖောင်းစ် ဆိုသူဖြစ်၏။ သူ၏ မူရင်းရာထူးမှာ တတိယအင်ဂျင်နီယာဖြစ်၏။

ရေယာဉ်ဘွိုင်လာမှာ အပေါက်ဗရပွနှင့်ဖြစ်ပြီး ဘူးဆို ဘီလပ်မြေတို့ဖြင့် ဖာထေးထားရသည်။ တစ်နာရီ ခြောက်မိုင်နှုန်းသာ သွားနိုင်သည်။

ရိက္ခာ၊ သိုလှောင်ခန်းတွင် စည်သွတ်ဘူးနှင့်ရိက္ခာ ခြောက် ငါးရက်ခရီးအတွက် အလုံအလောက်ရှိသည်။ ဂျီဘရော်တာမှ အင်္ဂလန်၊ ဂလပ်စဂိုမြို့ထိ (၁၈၀၀) မိုင်ခရီးအတွက် ဖြစ်၏။ ရန်သူဘေးမှ ကာကွယ်ရန် လွိုဝစ်စက်သေနတ်နှစ်လက် တပ်ဆင်ထားသည်။ အရေးအကြောင်းရှိလျှင် အချက်ပြနိုင်ရန် လေထီးဖြင့် ကျလာနိုင်သော အချက်ပြမီးကျည်များ ပါသည်။ ကုန်သင်္ဘောတစ်စင်းနှင့် လက်နက်တပ်ဆင်ထားသော ငါးဖမ်းသင်္ဘောတစ်စင်းက အစောင့်အရှောက်အဖြစ် လိုက်ပါလာ၏။

၁၉၄၂ အောက်တိုဘာလ (၂၃)ရက်တွင် ဂျီဘရော်တာရေလက်ကြားမှ ကျွန်တော်တို့ ရေယာဉ် ခရီးစဉ်စတင်ခဲ့၏။

(၂)

ည အချိန်ရောက်သည်နှင့် တစ်နာရီ မိုင်လေးဆယ်နှုန်း တိုက်သော လေပြင်းနှင့်တိုးတော့သည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလို မျှော်မှန်းထားသည့်အတိုင်း ဘွိုင်လာက ရေယိုလာ၏။ အပြင်းအထန် ကြိုးစားလုပ်ဆောင်ရ၍ ပိတ်ဆို့ပြီးကြောင်း ကျွန်တော် ရှိရာပဲထိန်းစင်သို့ သင်္ဘောအင်ဂျင်နီယာ ဖောင်းစ် လာရောက်သတင်းပို့သည်။ လှိုင်းလေထန်၍ ရေပိုက်ကို ဖုံးအုပ်ထားသော ဘီလပ်မြေများ ကွာကျကုန်ခြင်း ဖြစ်သည်။

သင်္ဘောလမ်းကြောင်း ပြောင်းရသည်။ အစောင့် သင်္ဘောများနှင့်လည်း မျက်ခြေပြတ်သွားပြီး လှိုင်းကြမ်းလေကြမ်းတွင် ရေယာဉ်နစ်မြုပ်မည့် အန္တရာယ်ကြုံနေရသည်။

ထိုမှနံတိုင်းကို ကျော်ဖြတ်ပြီး အောက်တိုဘာလ ၂၇ ရက်နေ့တွင် အင်္ဂိုနီအဟုန်ဖြင့် မြည်ဟည်းတိုက်ခတ်လာသော ဘစ်စကေးပင်လယ်ကွေ့ မုန်တိုင်းနှင့် ကြုံဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ရတော့သည်။

ပုံမှန်သွားရမည့် ရေကြောင်းမှ မိုင်ရာပေါင်းများစွာ လွှင့်ပါးမျောပါသွားတော့၏။

လူးလိုမ့်နေသော သင်္ဘောကို ကယ်တင်ရန် ကျွန်တော် တစ်ခုခုကို ဆုံးဖြတ်လုပ်ကိုင်ရတော့သည်။ တာပေါ်လင်တစ်ချပ်နှင့် ကုန်ထည်ပေါက် အမှတ် (၄) မှ အဖုံးအုပ်တာပေါ်လင်တစ်ချပ် ပေါင်း၍ အရေးပေါ်ဖြစ်သလို ရွက်တိုင်တစ်ခု ထောင်လိုက်သည်။ ချည်နှံ့နေသော သင်္ဘောစက်ကို အထောက်အကူဖြစ်စေရန်နှင့် စုန်လေအတိုင်း သင်္ဘောလိုက်ပါနိုင်ရန်ဖြစ်သည်။

သင်္ဘောအင်ဂျင်နီယာ ဖောင်းစ်နှင့် သူလူတွေ ခြေဆစ်မြုပ်လောက်ရေထဲတွင် တစ်ညလုံး ကြိုးပမ်းလုပ်ကိုင်ခဲ့သော်လည်း ဘွိုင်လာနှစ်လုံးတွင် တစ်လုံးသာ အသုံးပြုနိုင်သည်။

အရှေ့တက်ချိန်တွင် ပေါက်ကွဲသံလို အသံမျိုးကြားရပြီး ရွက်တိုင်ကိုးပျက်၍ ပင်လယ်ရေအောက်သို့ ထိုးကျပျောက်ဆုံးသွား၏။ သင်္ဘောဘေးကာ သံတန်းများကို ကျော်လွန်သည်ထိ လှိုင်းလုံးကြီးများ လှိမ့်ဝင်လာ၏။ သင်္ဘောမှောက်တော့မလိုဖြစ်သွားတော့သည်။ သင်္ဘော၏ညာဘက် ကုန်းပတ်ကို ကြဲခိုင်စွာ ထိန်းထားကြရန် ကျွန်တော့်လူတွေကို အော်ပြီးပြောလိုက်ရတော့သည်။

အခြေအနေက လွန်စွာဆိုးနေ၏။

သင်္ဘောမှာ အိမ်ခေါင်မိုးလောက်မြင့်သော လှိုင်းလုံးကြီးများကြားတွင် ချာလပတ်လည်၊ လူးလိုမ့်နေသည်။ တစ်ဖန် ညာဘက်ရောက်ချိန်တွင် သင်္ဘော သံကြိုးကြိုးများ လှိုင်းဒဏ်ကြောင့် ပြတ်ထွက်ကုန်၏။ ဘယ်ဂျီယံနိုင်ငံသား သင်္ဘောကုန်းပတ်မှူးအား သင်္ဘောထိန်းစက် ကိရိယာများကို ခက်ခက်ခဲခဲ ပြင်ခိုင်းလိုက်ရ၏။

အင်ဂျင်နီယာ ဖောင်းစ်နှင့်အဖွဲ့က ဘွိုင်လာ ရေထိန်းပေါက်များကို ကြိုးစားပြင်သော်လည်း ထူးခြားလာခြင်း မရှိပါ။

ရာသီဥတုကလည်း ပြင်းထန်စူးရှသော အအေးဓာတ်ဝင်လာချိန်ဖြစ်သည်။ ဤပြဿနာကို ကျော်လွန်ရန် ကျားကုတ်ကျားခဲ လုံးပမ်းရတော့မည်။

ရိက္ခာကလည်း ရက်တာရှည်လာသည်နှင့်အမျှ လျော့ပါးလာသည်။ အားလုံးချွေတာစားသုံးရတော့၏။ နေ့စဉ် သင်္ဘောသားများကို ဘီစကစ်နှင့် ကော်ဖီသာ တိုက်ကျွေးနိုင်တော့၏။

သင်္ဘောမှာ အိမ်ခေါင်မိုးလောက်မြင့်သော လှိုင်း လုံးကြီးများကြားတွင် ချာလပတ်လည်၊ လူးလိုမ့်နေ သည်။ တစ်ဖန် ညာဘက်ရောက်ချိန်တွင် သင်္ဘော သံကြိုးကြိုးများ လှိုင်းဒဏ်ကြောင့် ပြတ်ထွက်ကုန်၏။

ဆွီဒင်လူမျိုးကုန်းပတ် တာဝန်ကျသင်္ဘောသားပြောသလို "ကော်ဖီပူပူလေးရမယ်" ဆိုသည့်စကားမှာ သင်္ဘောသားအားလုံး၏ လက်သုံးစကားဖြစ်နေပါ၏။

(၃)

အောက်တိဘာလ ၃၁ ရက်နေ့တွင်မူ အခြေအနေက မြွေပူရာကင်းမှောင့်ဆိုသလို ပိုလို့သာ ဆိုးလာ

www.burmeseclassic.com

www.burmeseclassic.com

တော့၏။ ဆယ်ကျော်သက်ရွယ် တတိယအရာရှိလေး ဝီလ်ကင်ဆင်က လေယာဉ်တစ်စီးချဉ်းကပ်လာကြောင်း သတင်းပို့သည်။ ပေ ၁၀၀၀ အောက်အကွာမှ ပျံသန်းလာခြင်းဖြစ်၏။

မကြာမီ ဂျာမန်ထောက်လှမ်းရေး လေယာဉ်တစ်စီး ပင်လယ်တွင် ကင်းလှည့်နေသည်ကို ကျွန်တော် သိလိုက်၏။

ကုန်းပတ်မှူးနှင့် စတုတ္ထအရာရှိလေး ဘူလ်မားတို့ကို စက်သေနတ်များ အဆင်သင့်ဖြစ်ရန် သတိပေးလိုက်သည်။ ကြားနေနိုင်ငံမှ သင်္ဘောတစ်စီးဟု ထင်မှတ်မှားလျှင် ကောင်းမည်ဟု စိတ်ထဲတွင် တွေးမိ၏။

သို့သော် နာဇီတွေကို လှည့်စား၍ မရနိုင်မှန်း သိ၏။ သင်္ဘောဘေးသို့ စူးစမ်းကြည့်လိုဟန်ဖြင့် တစ်ခေါက်ပြန်လှည့်လာပြီး ဦးပိုင်းမှပဲထိ လေယာဉ်တင်စက် အမြောက်ဖြင့် ပစ်ခတ်သွားသည်။

ဝီလ်ကစ်ဆင်အား အလံနီကို ထောင်ပြရန် အမိန့်ပေးလိုက်ပြီး စက်သေနတ်နှင့် အချက်ပြမီးကျည်ကို အဆင်သင့်လုပ်ထားရန် ဘူလ်မားဆိုသူ အရာရှိငယ်ကိုလည်း ထပ်ပြောလိုက်သည်။

နာဇီလေယာဉ် နောက်တစ်ကြော့ပျံဝဲလာသည်။ သူ၏ကြီးမားရှည်လျားသော တောင်ပံများနှင့် ဆူညံသော လေယာဉ်စက်သံက ကျွန်တော်၏သင်္ဘောလေးကို ဖုံးအုပ်သွားသလို ခံစားရသည်။

မီးကျည်ကို ပစ်လွှတ်၍ စက်သေနတ်ကိုလည်း အနီးကပ်ချိန်ရွယ် ပစ်ခတ်လိုက်၏။ မီးကျည်ပစ်လွှတ်လိုက်၍ တောက်ပသော အလင်းရောင်ကြောင့် နာဇီလေယာဉ်မှူး မျက်စိကျိန်းစပ်သွားပြီး တဒင်္ဂတွင်း ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ သင်္ဘောထိပ်ရှိ ရွက်တိုင်များ ဝါယာကြိုးတိုင်များကို ရှောင်၍ မောင်းရင်း ဗျာများနေစဉ် ကျွန်တော်နှင့် ကုန်းပတ်မှူးက လေယာဉ်ဝမ်းဗိုက်အောက်သို့ ကျည်ဆန်များကို အဆက်မပြတ် ပစ်လွှတ်လိုက်၏။

လေယာဉ်ကိုယ်ထည်ကို ထိမှန်သွားပြီး ပေါက်ကွဲသံနှင့်အတူ မီးလောက်ကြီးများ၊ မီးခိုးလုံးများ ထွက်လာတော့၏။ တောင်ပံတစ်လျှောက် မီးတောက်ပြင်းထန်လွန်း၍ သင်္ဘောနှင့် ကိုက် ၅၀၀ အကွာတွင် ကျယ်လောင်သော အသံကြီးနှင့်အတူ အစိတ်စိတ် အမွှာမွှာပေါက်ကွဲပြီး ပင်လယ်ထဲသို့ ထိုးကျ ပျက်စီးသွားတော့၏။

ဤ ထိပ်တိုက်တိုးတိုက်ပွဲအပေါ် အောင်မြင်မှုအတွက် သင်္ဘောသားများ ဝမ်းသာအားရ အော်ဟစ်ဂုဏ်ပြုကြသည်။

ဂျာမန်များက ကျွန်တော်တို့ သင်္ဘောတည်နေရာကို မတိုက်ခိုက်မီ အထက်စစ်ဌာနချုပ်သို့ သတင်းပို့နိုင်ခဲ့သည်။ သို့နှင့် လမ်းကြောင်း ပြောင်းရပြန်သည်။ ရေမိုင် (၈) မိုင်ထိ ခုတ်မောင်းရန် စက်အားမြှင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဘွိုင်လာက စက်အားကို မခံနိုင်၍ ရေယိုစိမ့်မှု ဖြစ်လာပြန်၏။ အင်ဂျင်နီယာ ဖောင်းစ်က ဘွိုင်လာပြင်ဆင်ရန် (၂၄) နာရီ အအေးခံထားရန် လိုသည်ဟု ဆို၏။

နာဇီဂျာမန် ရေငုပ်သင်္ဘောများက အနံ့ခံကောင်းသည့် အမဲလိုက်ခွေးပမာ အချိန်မရွေး ဤမည်းမှောင်သော ပင်လယ်ရေနက်ထဲမှ ပေါ်ထွက်လာနိုင်၏။

အချိန်က တန်ဖိုးရှိ၏။ အချိန်ဆွဲနေ၍ မဖြစ်တော့ချေ။

(၄)

အင်္ဂလန်သို့ သင်္ဘောဆက်မောင်းနိုင်ရေးမှာ ဘွိုင်လာအိုး မပေါက်မှ ဖြစ်မည်။

သင်္ဘောအင်ဂျင်နီယာ ဖောင်းစ် ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

သူက ခေတ်မမီတော့သည့် ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်တစ်ခု တပ်လိုက်သည်။ သူ၏စက်ပိုင်းဆိုင်ရာ လူများအား စောင်အဝတ်အပိုင်းအစများဖြင့် သူ၏ ကိုယ်ခန္ဓာကို ရစ်ပတ်စေသည်။ ထို့နောက် ပူခြစ်နေသော ဘွိုင်လာအိုးအောက်သို့ ကုတ်ကပ်ဝင်သွားခဲ့၏။

ပို၍ဖြင့် သူ့ကိုယ်ခန္ဓာကို ရေအေးပက်ဖြန်းစေသည်။ သို့သော် ရေအအေးဓာတ်က အချည်းနှီးသာ စောင်စများမှာ အပူရှိန် ပြင်းထန်၍ လောင်ကျွမ်းကုန်သည်။

သူ၏ခန္ဓာကိုယ်က ရဲရဲတောက်နေသော ဘွိုင်လာအိုးမှ သံထည် သံပြားများကို ဖိကပ်လိုက်တိုင်း အရှင် လတ်လတ်မီးကင်ခံရသလို အသားစများ မီးလောင် ကျွမ်းသည့် ညှော်နံ့ကို ဘေးလူများ ခံစားရသည်။

ကျွန်တော်အပါအဝင် အားလုံးက စိတ်ညှို့ခံရသလို မှင်တက်မိသလို ခံစားနေရသည်။ သူ၏ ရဲဝံ့စွန့်စားမှုကို မျက်တောင်မခတ်ကြည့်နေသည်။

သူက ဘာမျှမမှုသလို ဘွိုင်လာ လောင်စာ မီးထိုးခန်းအောက်သို့ဝင်သွားပြီး ရေယိုပေါက်များကို အဆို့ရှင်ဖြင့် ပိတ်ဆို့သည်။ သူ၏တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာဖြင့် ဖူးယောင်ပြီး အဆိပ်ဓာတ်ငွေ့များ ရှူရှိုက်မိ၍ ခြေကုန်လက်ပန်းကျကာ ပြန်ထွက်လာ၏။ သူလူများက ထိုင်ရဲခန်းမှ ခဲရာခဲဆစ် ဆွဲထုတ်လိုက်ရ၏။

ထိုအချိန်တွင် လင်းထိန်နေသော အလင်းရောင်တစ်ခုကို မြင်လိုက်ရ၍ ပဲ့ထိန်းစင်ပေါ်သို့ ကျွန်တော် ပြေးတက်သွားသည်။ နောက်တစ်ဖန် မီးကျည်တစ်တောင့်ကို အဝေးမိုးကုတ်စက်ဝိုင်းတစ်နေရာဆီသို့ ပစ်လွှတ်သည်ကို မြင်တွေ့ရ၏။

မကောင်းသောနိမိတ် အဆိုးဘက်သို့ ရောက်မည့် ရှေ့ပြေးအချက်ပြခြင်း ဖြစ်နိုင်ခြင်း ဟုတ်,မဟုတ် ကျွန်တော် စိတ်တွေ ရှုပ်ထွေးပြီး ဗလောင်ဆူနေ၏။

"မင်းတို့ ဘယ်နိုင်ငံက သင်္ဘောလဲ" ဆိုသည့် အချက်ပြ မေးမြန်းသော မီးသင်္ကေတဖြစ်၏။

ထိုတွင် ကျွန်တော်က လက်အောက်လူများ အားလုံးကို အမြန်ခုတ်မောင်းပြီး မီးကျည်အချက်ပြရာ ဤရေပြင်မှ အမြန်ဆုံးထွက်ခွာရန် အမိန့်ပေးလိုက်သည်။

အန္တရာယ်မကင်းသည့် အခြေအနေရောက်နေ၍

သံပြားများကို ဖိကပ်လိုက်တိုင်း အရှင် လတ်လတ်မီးကင်ခံရသလို အသားစများ မီးလောင် ကျွမ်းသည့် ညှော်နံ့ကို ဘေးလူများ ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ သုံးနာရီလုံးလုံး ကွေ့ပတ်ရှောင်တိမ်းမောင်းသော်လည်း ဤအန္တရာယ်ဆိုး အလင်းတန်းကြီးမှ မလွတ်ကင်းနိုင်ချေ။

အားလုံးက စိတ်မောလူမောဖြစ်နေသည်။

မကြာမီ နာဇီဂျာမန်ရေငုပ်သင်္ဘောတစ်စီး ရောက်ရှိလာပြီး အင်္ဂလန်ကမ်းခြေနှင့် မိုင် (၃၀၀) အကွာတွင် ကျွန်တော်တို့ သင်္ဘောအိုပျက်ကြီးကို နစ်မြုပ်လိုက်မည်လောဆိုသည်ကို အားလုံး စိုးရိမ်ပူပန်နေမိသည်။

ကျွန်တော်ကိုယ်တိုင်လည်း ပင်ပန်းလွန်း၍ ပုံလဲကျမတတ် ဖြစ်နေသည်။ သို့သော် နောက်ဆုံး သင်္ဘောကို မစွန့်ခွာမီ သင်္ဘော၏လှုပ်ရှားစာတမ်းများ၊ လှုပ်ရှားဆက်သွယ်ရေး သင်္ကေတများကို ရေထဲသို့ ပစ်ချဖျောက်ဖျက်ရန် အမိန့်ပေးလိုက်ရတော့သည်။

ထိုအချိန်တွင် တတိယသင်္ဘောအရာရှိလေး ဝီလ်ကင်ဆန်က အော်ပြီး ပြောလိုက်သည်။

''ဒါ တို့ရဲ့ အစောင့်သင်္ဘော''

အားလုံး ဝမ်းသာလုံးဆို့သွား၏။

ကျွန်တော် မယုံကြည်သေး၍ သင်္ဘောလက်ရန်း သံတန်းများဆီ ပြေးသွားရာ ကိုက် (၁၀၀) အကွာမီးကျည်အလင်းရောင်အောက်တွင် အစောင့်သင်္ဘောကို တွေ့လိုက်ရ၏။

အစောင့်သင်္ဘောမှာ ကုန်တင်သင်္ဘောကို မုန်တိုင်းထန်နေစဉ် မျက်ခြည်ပြတ်သွား၏။ နောက်ဆုံးတွင် ကံကောင်းထောက်မစွာ မမျှော်လင့်ဘဲ ကျွန်တော်တို့ သင်္ဘောကို အပြောကျယ်သော ပင်လယ်ပြင် အလယ်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်၏။

အိမ်အပြန်လမ်းမှာ အန္တရာယ်အခက်အခဲများကို ကျော်ဖြတ်ပြီး ရှစ်ရက်ခန့် ကြာမြင့်သွား၏။

၁၉၄၂ နိုဝင်ဘာလ (၇)ရက်နေ့တွင် အစာရေစာ ပြတ်နေပြီး ပင်ပန်းနွမ်းနယ်နေသော သင်္ဘောသားများ အားလုံး ဌာနေဂလပ်စဂိုမြို့သို့ ရောက်တော့၏။

သင်္ဘောမှတ်တမ်းအရ ရေမိုင် (၃၀၀၀) ကျော်ခန့်ကို ခုတ်မောင်းခဲ့ပြီးဖြစ်၏။

ဝမ်းနည်းကြေကွဲစရာကောင်းသည်က ခရီးဖော်ကုန်တင်သင်္ဘောနှင့် သင်္ဘောသားများမှာ ဂျီဘရော်တာမှ ထွက်ခွာပြီး နောက်ဝိုင်း စုတ်စမြုပ်စဖြစ်၍ မည်သည့်သတင်းမှ မကြားရတော့ချေ။

အိုမီဂါသင်္ဘောမှာ ဤခရီးကြမ်းတွင် ကြုံကြံခံ၍ ပြင်ဆင် ခုတ်မောင်းနိုင်ပြီး စစ်ကြီးပြီးဆုံးချိန်ထိ သားအနွယ်မှ လွတ်မြောက်လာခဲ့ပါသည်။

အိုမီဂါမှာ အိုဟောင်းအကျည်းတန်သော သင်္ဘောဖြစ်သော်လည်း အလံမလဲဘဲ တာဝန်ကျေပွန်စွာ တိုက်ပွဲဝင်ခဲ့ပါသတည်း။

လှဦး (ဒွါရဝတီ)

Ref : Omega : The ship that refused to die (By Captain - Douglas Gray OBE, DSE) (R/D 1962) ကို ပြန်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

நீலப் பறவை



www.burmeseclassic.com

www.burmeseclassic.com

မိုးကြယ်မှုမြေပြိုအာဆိ

မျိုးသစ်

(၁)

တောင်ထွဋ်တစ်ခုပေါ်မှ-

ရွှေရောင်ပျဉ်ပျ စေတီတော်သည် ဗုဒ္ဓဘာသာဝင်များအဖို့ ကြည်ညိုဖွယ်ရာပင်။ စိမ်းစိမ်းစိုစို ရွက်နုဖားဖား သစ်တောများ ဝန်းရံလျက် လှပကြည်နူးစရာ ရှုခင်းပန်းချီကား တစ်ချပ်နှယ် တင့်တယ်နေပါတော့သည်။

မနီးမဝေးဆီကွင် မြင်နေရသည့် အနောက်ရိုးမ တောင်တန်းကြီးမှာ မားမားစွင့်စွင့် မြူခိုးများမှိုင်းဝေလျက် တိမ်ထုတွင်း ထိုးဖောက်ဝင်ရောက်နေသယောင်။ တောတောင်စိမ့်စမ်း၊ အတက်အဆင်း လမ်းမသာသော်မှ တကူးတက ဘုရားဖူးများရှိနေခဲ့သည်ကို တစ်ခါတစ်ခါ တွေ့နေရ၏။ ဘုရား တည်ရှိရာ တောင်နှင့်တောင် ခြေရှိရွာတန်းမှာ အတန်ဝေးနေသဖြင့် လူသူအရောက်အပေါက် နည်းကာ စည်ကားသိုက်မြိုက်မှု ကင်းဆိတ်သောကြောင့် ဘုရားဖူး၊ ဘုရားလာများသည် ကျဲပါးခဲ့ရသည်ကို အဆိုးမဆိုသာ။ တရားရှာ၊ တရားကျင့်မည့် သူတော်စင်များနှင့် တောရပ်မှီ ရသေ့၊ ရဟန်းများသာပျော်ပိုက်မည့် နေရာဒေသဆိုလျှင် မမှားနိုင်ပေ။ သည်တော သည်တောင် တစ်ဝိုက်တွင် ဇကစာရီအကျင့်မြတ်ဖြင့် ပျော်မွေ့နေသူ ရသေ့၊ ရဟန်း၊ သူတော်စင်များစွာ ရှိနေကြသည်။ အကုသိုလ်မှုတို့နှင့် ဝေးရာ အကျင့်သီလဖြင့် နေထိုင်သူတို့ နယ်ပယ်တွင် ကြောက်စရာလူသတ်မှုကြီး တစ်မှု ဖြစ်ပွားခဲ့သည်ကပင် အကျော်ဇောပျ။

အသတ်ခံရသူမှာ အသက် (၆၀) ကျော် (၇၀) နီးနီး လူသူတော်ကြီးတစ်ဦး။ အမည်မှာ ဦးစံထိုက် (ခ) ဘစံထိုက်။ လူသူတော်ကြီးမှာ (ရဟန်းဆိုလျှင် တောထွက်ကြီးခေါ်ရမည့်) အိမ်ထောင်ကျခဲ့ပြီး၊ သားသမီးများနှင့်အတူ ဇနီးသည်မှာ ယခုတိုင် သက်ရှိထင်ရှား ရှိနေသေး၏။ တွယ်နှောင်ခဲ့သည့် သံယောဇဉ်ကြိုးများ ဖြတ်တောက်၍ တရားကျင့်ကြံနေကာမှ သေရသည့်အဖြစ်။ ယခင်က ဗေဒင်၊ ဆေးဝါး၊ လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သူဟု ဆိုပါသည်။

အဝိုင်ရဲစခန်းမှူးကြီး ကိုယ်တိုင် အခင်းဖြစ်နေရာအထိ လိုက်လံလာခဲ့ပြီး ရဲလုပ်ငန်းများ ကုန်စင်အောင် ဆောင်ရွက်၍ အပူတပြင်း စုံစမ်းစစ်ဆေးမှုများ လုပ်ခဲ့၏။ ဝေးလံခေါင်သီသော နေရာဖြစ်သည့်အပြင် ခိုင်မာသဲလွန်စတစ်ခု မကျန်ရစ်ခဲ့သည့်အမှု ဖြစ်နေသဖြင့် အတွေးအထင်အရ စုံစမ်းစစ်ဆေးနေရသောကြောင့် သတ်သူ တရားခံကို ပီပီပြင်ပြင် မဖော်ထုတ်နိုင်သေး။

လူသတ်မှု ကိစ္စကို ခရိုင်ရဲတပ်ဖွဲ့ရုံးသို့ အစီရင်ခံခဲ့ရာ (ခရိုင်ရဲတပ်ဖွဲ့မှူးကြီး) သိရှိသွားပြီး၊ ခရိုင်ဒုစရိုက်မှု နှိမ်နင်းရေးတပ်ဖွဲ့မှ ဒု-ရဲအုပ် တင်

www.burmeseclassic.com

www.burmeseclassic.com

ထွဋ်ကို သက်ဆိုင်ရာ စခန်းအား သွားရောက် ကူညီပံ့ပိုးပေးနိုင်ရန် တာဝန်ပေးစေလွှတ်ချက်အရ သွားရောက်စုံစမ်းစစ်ဆေးရာက သည်ဇာတ်လမ်းစတင်ခဲ့သည်။

(၂)

ဒုရဲအုပ် တင်ထွဋ်။

အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်မှ အစ ယောကျ်ားပီသသူ။ ထာဝစဉ် အပြုံးမျက်နှာဖြင့် နေတတ်သော်လည်း၊ ထိုအပြုံးပင်လျှင် ဒုစရိုက်သမားများအတွက်၊ ချောက်ချောက်ချားချား စိုးထိတ်ကြောက်လန့်ဖွယ် အပြုံး။ ကိုယ်တိုင်ကိုယ်ကြပ် (ဒ.န) ဒုစရိုက်မှု နှိမ်နင်းရေး တာဝန်အရ မှုခင်းအတော်များများကို ဖော်ထုတ်၍ အပြစ်ရှိသူများအား သံတိုင်နောက်သို့ ပို့ပေးခဲ့သည်ပင် မနည်းတော့ပါ။ မြို့ပေါ်နှင့် အနီးအနား လက်စမပေါ်သည့် ဖောက်ထွင်းမှုများ၊ စက်ဘီးခိုးမှုများ၊ လူသတ်မှုများတွင် သူ၏ ဆောင်ရွက်ချက် စွမ်းရည်နှင့် လုပ်ရပ်များကို မြင်သာ ထင်သာ တွေ့နိုင်ပါသည်။ ရဲတပ်ဖွဲ့အနေနှင့် အားကိုးသင့် အားကိုးထိုက်သူတစ်ယောက်။ တစ်နည်းဆိုရသော် ရဲဝန်ထမ်းကောင်း တစ်ယောက်။

အမှုအခင်းတစ်ခု ဖော်ထုတ်ရာတွင် တရားခံမှာ ပြေးမလွတ်နိုင်လောက်သည့် လူပုံအလယ် (ဥပမာ စျေးကဲ့သို့ နေရာမျိုး) တွင် ကျူးလွန်ခဲ့၍ သက်သေပေါင်း ရာချီရှိနိုင်ပြီး၊ နောက်ဆုံး မလူးသာမလွန့်သာ အဖမ်းခံလိုက်ရခြင်းမျိုးကို မဆိုလိုပဲ။ မည်သို့ပင်ကြိုတင် အကွက်ချ၍ စီစဉ်ကာ ပိပိရိရိ တစ်ဦးချင်း တစ်ယောက်ချင်း ကျူးလွန်ခဲ့လင့်ကစား မျက်မြင်သက်သေလည်းမရှိ၊ သဲလွန်စ အသေးအဖွဲပင်မကျန်ဟု ဆိုစေကာမူ ဤသို့သော အမှုမျိုးကို ဦးနှောက်အလုပ်ပေး၊ ဉာဏ်ရည်ဉာဏ်သွေးဖြင့် ဖော်ထုတ်နိုင်ခြင်းများကိုမှ တကယ်တမ်းခီးကျူးစရာ၊ ခီးကျူးရမည်သာ။

အထက်လူကြီးများကလည်း ဆရာတင်ထွဋ်ကို လွှတ်လိုက်လျှင် စိတ်ချသွားရသည်။ မကြာခင် အမှန်တကယ် ကျူးလွန်သူကို အရအမိ

ဖမ်းဆီးပေးနိုင်တော့မည်မှာ သေချာခဲ့၏။ ဆရာတင်ထွဋ် ကိုယ်၌က တာဝန်ပေးအပ်ချက်များအပေါ် အလေးထား၍ မဆုတ်နစ်သောဇွဲ၊ ခိုင်မြဲသည့် စိတ်ဓာတ် ဖျတ်လတ်သောအသိနှင့် လုပ်ဆောင်ခဲ့သည့် သာဓကများစွာ ရှိနေခဲ့သည်ပင် မဟုတ်ပါလား။

ယခု အပင်ပန်းခံကာ ဝေးလံသည့် အရပ်သို့ သွားရောက်၍ ကိုယ်တိုင် ဖိဖိစီးစီးလုပ်ရပေတော့မည်။ တွေ့ရှိသည့် သဲလွန်စများကို အခြေခံ၍ ထိထိမိမိ ကိုင်တွယ်ဖော်ထုတ်စစ်ဆေးနိုင်ပါမှ တရားခံအစစ်အမှန် ပေါ်ပေါက်မည့် အမှုမျိုး။ သာမန် စုံစမ်းရုံဖြင့် ပေါ်နိုင်ဖို့မလွယ်။ ''ရာဇဝတ်ဘေး ပြေးမလွတ်'' ဆိုလင့်ကစား တရားခံလိုလူမျိုးက ကျူးလွန်ခဲ့ပါသည်ဟု အမှန်အကန် ပြောခဲ့၏။ ဤသို့ပြောသူ ရှိကောင်းရှိမည်၊ သို့သော်လည်း ရှားပါသည်။ အကွေ့အရှောင်၊ အလှည့်အပတ် ပရိယာယ်အမျိုးမျိုးထုတ်ကာ ဥပဒေကို လက်တစ်လုံးခြား လုပ်ချင်ကြ၏။ မတတ်သာသည့်အဆုံးမှ ခေါင်းငိုက် စိုက်ချသူ ချ၊ ရှိုက်ကြီးတငင် ငိုသူက ငိုကြွေးပြီး၊ အလဲလဲတတ်ကြသည်မှာ ဓမ္မတာ။

(တရားဥပဒေ အထက်တွင် မည်သူမှ မရှိစေရ) ဟူသော မူကို လက်စွဲပြု၍ ဆရာတင်ထွဋ် ဟာစီ

www.burmeseclassic.com

www.burmeseclassic.com

ယောက် မထိမတွေ့ဘူးသေးသည့် နယ်သစ် ပယ်သစ်သို့ စတင်ခြေချခဲ့ရခြင်းပါ။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပြီပဲ။

(၃)

နယ်မြေစခန်းမှ စခန်းမှူးကြီး ကလည်း သဘောကောင်းသည်။ စခန်းတာဝန်များ၊ နယ်မြေအတွင်း ဖြစ်ပွားသော ပြဿနာပေါင်းစုံနှင့် အခြားအခြား အလုပ်ကိစ္စများကို စခန်းရှိ အင်အားဖြင့် ဆောင်ရွက်နေရခြင်းအတွက် အမှုတစ်ခုတည်းကို သာ အာရုံစူးစိုက်မလုပ်နိုင်သည့် အခိုက် ခရိုင်ရဲမှူးကြီးက အင်အားဖြည့် (ကူညီမည့်သူ) လွတ်လိုက်သောကြောင့် ဝမ်းသာနေရ၏။ အထက် လူကြီး၏ စေတနာ စိတ်ထားကိုလည်း လေးစားသည်ထက် လေးစားသွားသည်။

ဆရာတင်ထွဋ်၏ လုပ်ငန်းအတွက် လိုလေသေးမရှိ ကူညီရှာ၏။ စခန်း၏ စစ်ဆေးခဲ့ပြီးသမျှ အခြေအနေ အရပ်ရပ်ကို အသေးစိတ်လေ့လာရာတွင် လိုအပ်ချက်မရှိဘဲ အစုံအစေ့ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ ခြေရာ လက်ရာ တွေ့ရှိနေသော မသက်ဖွယ် သဲလွန်စများကအစ၊ စစ်ဆေးချက်တို့တွင် ပါဝင်နေသည့် တိုင် တရားခံကို မမိသေးသည်မှာ အမှန်။ ချွတ်ချော် တိမ်းပါးမှု မရှိသည့် စုံစမ်းသည့် စုံစမ်းစစ်ဆေးချက်များကို တွေ့ရသဖြင့် လေ့လာသူ ဆရာတင်ထွဋ်အဖို့ အားရကျေနပ်စရာပင်။

အမှုဖြစ်စဉ်ကို လေ့လာပြီးနောက်- ခိုင်မာသော အချက်အလက်များကို ဆုပ်ကိုင်၍ ပိုင်ပိုင်နိုင်နိုင် တစ်ခုတည်ဆောက်ရပေမည်။ နည်းဗျူဟာ၊ နည်းပရိယာယ်၊ စိတ်ဓာတ်စစ်ဆင်ရေးလမ်း အသွယ်သွယ်ကိုလည်း ကျင့်သုံးရတော့မည်။ အဓိကမှာ တရားခံမိနိုင်ရေးပင်။ နယ်မြေဒေသရှိ ပြည်သူများ၏ ရိုင်းပင်းကူညီမှု ကလည်း အရေးပါလာပေပြီ။ ရဲနှင့် ပြည်သူကြည်ဖြူပါမှ လွယ်မည့်ကိစ္စ၊ ဦးစွာ အခင်းဖြစ် ဒေသကို သွားရောက်ကြည့်ရှုလိုသေးသည်။ လူသတ်တရားခံ စတင်လှုပ်ရှားသည့် နေရာမှစ၍ ခြေရာခံလိုသည့်သဘော။ ဆရာတင်ထွဋ်၏ အတွေးကို အကောင်အထည်ဖော်နိုင်ရန် စခန်းမှူးကြီးနှင့် ဦးစွာ တိုင်ပင်နှီးနှောသည်။

"ဟာ...သွားသင့်တာပေါ့။ ပြဿနာ ဖြစ်ပွားတဲ့နေရာဟာ အဓိကပါပဲ။ တစ်ယောက်အမြင်နဲ့ တစ်ယောက်မတူနိုင်သလို၊ တွေးခေါ်ပုံခြင်းကလည်း ကွာမှာပဲပေါ့။ သွားရင် နယ်မြေကျွမ်းကျင်တဲ့ နယ်ထိန်းအဖွဲ့က သုံးယောက်လောက် ထည့်လိုက်မယ်။ နယ်မြေက အဖွဲ့ဝင်တွေကိုလည်း ဝိုင်းဝန်းကြဖို့ အကြောင်းကြားလိုက်မယ်"

စခန်းမှူးကြီးက သက်ဆိုင်ရာများကိုခေါ်၍ အကျိုးအကြောင်းပြောပြလိုက်သည်။ သို့ဖြင့် ဆရာတင်ထွဋ်နှင့်အဖွဲ့ ရွှေရောင်မြစေတီ၊ ရင်ပြင်တော်ပေါ်သို့ ရောက်ရှိရာပါလာသူများ၏ ပြောပြချက်အရ-ရွှေရောင်မြစေတီနှင့် အနီးပတ်ဝန်းကျင်တွင် အမှောက်အမှား (ဒုစရိုက်လုပ်ငန်းတစ်ခုခု) ကျူးလွန်မိပါက မကြာမတင်ပေါ်တတ်ကြောင်း (အယူဒို့) ဘီစ်ခုကို သိလာရ၏။

မြတ်ဘုရားရှင်၏ အနန္တတန်ခိုးတော်အရပင်ဖြစ်သည်။ စေတီတော်ပေါ်တွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ အခိုးခံရစဉ် တစ်ကြိမ်။ ဘုရားရင်ပြင်တော် တန်ဆောင်းအတွင်း အများကြည်ညိုဖူးမြော်ရန် ထားရှိသည့် ရွှေဟောင်းလက်ရာကြေးနှင့် သစ်သားဆင်းတုတော်များ ခိုးယူခံရစဉ်က တစ်ကြိမ်။ ခိုးယူသူများ ဖြစ်ပျက်ပုံအမျိုးမျိုးဖြင့် အဖမ်းအဆီးခံရကြောင်း သိလာရသည်။ ထိုက်တန်သော အပြစ်ဒဏ်များနှင့် အတူ ထောင်တန်းကျသွားကြပေပြီ။ အချို့မှာ ထောင်မှ လွတ်မြောက်ချိန်တွင် ဘုရားပတ်ဝန်းကျင်လာခဲ့လေသလားဟု မျက်ခြည်ပြတ်မခံ ချက်ချင်းစုံစမ်းလေ့လာပြီး ဖြစ်သည်။ ပတ်သက်နိုင်စရာ မရှိ၍ ဆက်လက်မလိုက်ခဲ့တော့ပါ။

အမှုဖြစ်ပွားသည့် ဟုရာနှင့်

www.burmeseclassic.com

www.burmeseclassic.com

မယ် မထင်ဘူး။ ဟောဒီက သွေးစွပ်ကြောင်းဟာ ဆွဲလာတာပဲ။ သွေးကွက်တွေကလည်း နေရာအနှံ့။ သေမှ ဒီအောက် ဆွဲသွင်းထားတာ'' ဆရာတင်ထွဋ်၏ မှတ်ချက်စကားကို တပ်ကြပ်ကြီးက ခေါင်းညိတ်ပြပါသည်။

''ဟုတ်ပါတယ် ဆရာ။ စခန်းမှူးကြီးကလည်း ဒီအတိုင်း ထင်ကြေးပေးတာပါပဲ''

ဆရာတင်ထွဋ်က အသင့်ပါလာသည့် မှန်ဘီလူးဖြင့် လက်ရာများကို ကြည့်နေပြန်၏။ သွေးစွန်းလက်ရာများမှာ တစ်ခုနှင့်တစ်ခု မတူသော မူကွဲသုံးမျိုးကို တွေ့လာသဖြင့် ကျူးလွန်သူတို့မှာ တစ်ဦးတည်း မဟုတ်သည်က သေချာသွားသည်။ လူပိန်းသက်သက် လုပ်စလုပ်နှ ဇမရှိသူများ ကျူးလွန်သွားကြောင်းကို ခြေရာ၊ လက်ရာ အစွန်းအပေ ဗရပွက ဟက် သေခံနေ၏။

မနီးမဝေးရွာစုတွင် မသက်ာစရာ လူတစ်ယောက်က ရှိနေပြန်သည်။ သူ့နာမည် ဘရှိန်း။ ဘရှိန်းမှာ မူးယစ်သောက်စားနေတတ်သည့် အပြင် လူရမ်းကားတစ်ဦး။ မယ်မယ်ရရ အလုပ်မရှိ။ လူသတ်မှုမဖြစ်မီ ရက်ပိုင်းက ဘရှိန်း ရွာတွင် ပြဿနာဖြစ်သည်။

တောင်ခြေနှင့် အလှမ်းဝေးသည့် ရွာရှိ ဘုန်းတော်ကြီးကျောင်းကို ဝင်၍ ရမ်းကား၏။ သူ၏ သောင်းကျန်းမှုကြောင့် ကျောင်းရှိ ပုဂံခွက်ယောက်များ ပျက်စီးခဲ့ရသည်။ သည်းခံစိတ်ဖြင့် သံဃာတော်များ ခွင့်လွှတ်သော်မှ ဒါဃကာ၊ ဒါယိကာမများလုံးဝ မကျေနပ်။ တိုင်ကြားတောကြမည့် တကဲကဲ ဖြစ်နေချိန်ဝယ် ဘရှိန်း တစ်ယောက် တောင်ခြေအနီးမှာ ရွာကလေးသို့ ထွက်ပြေးပုန်းရှောင်နေခဲ့၏။ အခန့်မသင့်ပါက ဝေးရာသို့ ပင်ပြေးမည့် အစီအစဉ်။ (ထိုစဉ်က ခရီးသွားဟန်လွဲ ဘရှိန်း လုပ်ခဲ့လေသလား)။ လူသတ်မှုပြီးသည့် သုံးလေးရက်အထိ ဘရှိန်း ထိုရွာတွင် ရှိနေတုန်း။ စခန်း၏ အမြင်ကို ဆရာတင်ထွဋ် လက်မခံ၊ ဘာမျှမကြီးလေးသည့် ကိစ္စကိုပင် စိုးရွံ့ပြေးရှောင်နေသူ တစ်ဦးက ဆက်လက်၍ အမှုကြီး တစ်ခု ကျူးလွန်ရန်မဖြစ်နိုင်။ ကျူးလွန်ခဲ့ပါက ပေါ်ပေါ်ထင်ထင် နေရဲမည်လည်း မဟုတ်။ ဆရာတင်ထွဋ်၏ အမြင်တွင် ဘရှိန်းကို ပယ်ထားသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။ စေတီတော်အထက် ဆီမှ ခေါင်းလောင်းသံကလေးများ ရိုက်ခတ်သံ တစ်လွင်လွင်နှင့် ကျည်ကျည်ကျာကျာ ငှက်မြည်သံလေးများမှ တစ်ပါးအခြားမရှိပြီ။

(၄)

''ဒီနေရာမှာ သေသူအလောင်းတွေ့ပါတယ် ဆရာ''

နယ်ထိန်းတပ်ကြပ်ကြီး ပြသည့် နေရာမှာ တန်ဆောင်းအတွင်းရှိ စားပွဲခုံအောက်တွင် ဖြစ်သည်။ မြေဖြူနှင့် အလောင်းတည်ရာ ပုံကို ရေးဆွဲထား၏။ လောလောဆယ် တံန်ဆောင်းတွင်းကို လူသူ အဝင်မခံသေးဘဲ ပစ္စည်းပစ္စယများမှာ မူလအတိုင်း ထားခဲ့ကြောင်း သိသာနေပါသည်။ အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ စားအိုးစားခွက်၊ ဆေးပုလင်းများနှင့် စာအုပ်စာတန်း အချို့မှာ ရှိနေဆဲ။ စားပွဲခုံငယ်တစ်လုံးပေါ်တွင် ဗေဒင်ကျမ်းစာအုပ်နှင့် ဓနုကာသင်ပုံးတစ်ချပ်၊ ခုတင်အောက်တွင် ခရီးဆောင်လွယ်အိတ်တစ်လုံး၊ သံသေတ္တာသေးက တစ်လုံး၊ သေတ္တာမှာ သော့ဖွင့်လျက်ပင်။ ခုတင်ပေါ်နေရာ အတော်များများတွင် သွေးစွန်းသွေးကွက်များက ရှိနေ၏။

''သူ သေတာ ဒီနေရာ ဟုတ်

www.burmeseclassic.com

ယောကျ်ား၊ လက်မွေရာကြီးကြီး နှစ်ခုပါဝင်သကဲ့သို့ လက်မွေရာ သေးသေးအပြင် သွေးကွက်ကို ဖြတ်နင်းသွားသော အမျိုးသမီး ခြေရာတစ်ခု ပြတင်းပေါက်ဘောင်ပေါ်တွင် ထင်းထင်းကြီး မြင်ရသဖြင့် ယောကျ်ား နှစ်ဦးနှင့် အမျိုးသမီးတစ်ယောက်ဟု ခန့်မှန်းတွက်ချက်၍ ရသည်။

''အလောင်းကို စတွေ့တာ ဘယ်သူတွေလဲ''

''ဘုရားပန်းလာလှူပြီး၊ လူသူ တော်ကြီးဆီ ဗေဒင်မေးမယ့် လူတွေ လေ။ နေ့လယ်နေခင်း တန်ဆောင်း သော့ခတ် တံခါးပိတ်ထားပြီး၊ ခေါင်း ရင်းက တံခါးကြီးက ပွင့်နေတယ်။ ခေါ်ကြည့်တော့ ထူးသံလည်း မကြား ဘူး။ ဒီအချိန်မျိုးမှာ လူသူတော်ကြီး အပြင်ထွက်လေ့မရှိတာနဲ့ မသက်ာပြီး ခေါင်းရင်းက ဝင်ကြည့်လိုက်မှ အလောင်းတွေ့ရတော့တာပါပဲ။ သူ တို့တွေ ကြောက်လန့်ပြီး လူကြီးတွေ ကို လာပြောလို့ သိရတာပါ''

တပ်ကြပ်ကြီးက ဆက်ပြောနေ ပြန်သည်။

''မနေ့က ရွာထဲမှာ အလှူခံ ထွက်သေးတဲ့ လူသူတော်ကြီးကို တွေ့ခဲ့သူတွေ ရှိတယ်။ ညနေ ညဝိုင်း ဒါမှမဟုတ် မနက်ဝိုင်းက အသတ်ခံ လိုက်ရတယ်လို့ ထင်ကြေးပေးပါ တယ်။ အဲဒီနေ့မနက် အပြင်မထွက် ဘူးတဲ့''

တပ်ကြပ်ကြီး စကားမဆုံးကခ် နိုင်ကြောင်း ဆရာတင်ထွဋ် ခေါင်းတ ဆတ်ဆတ်ညိတ်လိုက်၏။

''ဒီက ဆင်းရင် ဘယ်ရောက် သလဲ။ ဆင်းလို့ကော ရတယ်မဟုတ် လား''

''တောစပ်၊ တောထဲ ရောက် သွားမယ်။ ဆင်းလို့လဲ ရပါတယ်''

''ပြတင်းကျော်ပြီး လူသတ် သမားတွေ ဆင်းသွားတာ ဒီလမ်းက ပဲ။ ဘုရားရှေ့လမ်းက လူမြင် သူမြင် ဆင်းသွားတာတော့ မဟုတ်လောက် ဘူး''

တောင်ကြောမှာ မတ်စောက် သော်လည်း ခက်မာသည့်ကျောက် မြေသားများကြောင့် အောက်ကိုဆင်း ရာတွင် အခက်အခဲမတွေ့လှ။ တော စပ်မရောက်မီ ခုံးနွယ်ပိတ်ပေါင်းထူ နေသည့်နေရာတစ်ခုအနီးတွင် ဆရာ တင်ထွဋ်တို့ လူစုရပ်လိုက်ကြသည်။ တောနှင့်မဆက်ဘဲ ခုံးဝိုင်းကြီးအတွင်း အဝင်လမ်းမရှိ၊ ခုံးပုတ်များကြားမှ တိုးဝှေ့သွားရမည်ပင်ဖြစ်သည်။

''ဒီခုံးတစ်တောကို ကျွန်တော် ရှင်းချင်တယ်ဗျာ။ အကူအညီပေးပါ လား''

ပါလာသည့် ကောင်စီဝင်များ ကို ဆရာတင်ထွဋ်က ပြောမိရာ ချက် ချင်းပင် ရွာမှ ရွာသားများအား ခေါ် လက်နှက်တို့ကို အပါယူ၍ လာခဲ့ရန် ဆင့်ခေါ်ပြီး ခုံးတောကို ရှင်းပစ်လိုက် ကြသည်မှာ တစ်နာရီပင် မကြာ တတ်။ ခုံးဝိုင်းအတွင်း ကွပ်လပ် တစ်ခု။ လူတစ်စု ခေတ္တနေသွားခဲ့ သော အစအနများနှင့် အနီးရှိ ကျွန်း ရွက်များကိုပင် ခုထိုင်သွားသည့်ပုံစံ။

''ဟာ...ဒီမှာ ပိုက်ဆံအိတ် တစ်လုံး ဆရာ''

ခုံးရှင်းနေသည့် ရွာသားတစ် ယောက်တွေ့ခဲ့ရာမှ ကောင်စီဝင်တစ် ဦးထံ အပ်လိုက်သော ပိုက်ဆံအိတ် တစ်လုံးက ဆရာတင်ထွဋ်ဆီ ရောက် လာ၏။ ပိုက်ဆံအိတ်ထဲတွင် မှတ်စု စာအုပ်ငယ်နှစ်အုပ်၊ တိုလီမိုလီ ပစ္စည်း အချို့ ရှိနေသော်လည်း ပိုက်ဆံလုံးဝ မတွေ့၊ ရှာဖွေသိမ်းဆည်းပုံစံဖြင့် ကောင်စီဝင်များ အသိသက်သေပြု သိမ်းဆည်းလိုက်သည်။

တစ်နေ့တာဆောင်ရွက်မှုကို အဆုံးသတ်၍ ဆရာတင်ထွဋ် ပြန်ခဲ့ ၏။ အချိန်မှာ နေ့လယ်နှစ်နာရီ ထိုး လုလု။ မွန်းတည့်ချိန် ရောက်တော့ မည်။

(၅)

တည်းခိုရာ စခန်းအရောက်တွင် ပိုက်ဆံအိတ်အတွင်းမှ မှတ်စုစာအုပ် များကို အဖိုးတန် သဲလွန်စများတွေ့ လိုတွေ့ငြား ဖတ်ကြည့်နေမိသည်။ တစ်အုပ်မှာ ဆေးစာနှင့် ဂါထာ စသည့် ထွေထွေရာရာများ မှတ်ထား ပေမယ့် အခြားတစ်အုပ်မှာ လူအမည် နှင့် ငွေစာရင်းများကို နေ့စဉ်ရေးမှတ်

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အသေအချာရေးထား၏။ စာရင်းတချို့မှာ ရှင်းပြီးဟု ဖျက်ထားသော်လည်း စာရင်းသစ်များကလည်း ရှိနေဆဲ။

(လူသူတော်- ဦးစံထိုက်နှင့် ငွေကြေးကိစ္စများ၏ ဆက်သွယ်မှုမှာ အဆန်းတကြယ်) ဘုရားပေါ်တက်ခဲ့စဉ်က ကောင်စီဝင်တစ်ဦး ပြောခဲ့သည့် စကားကို အမှတ်ရလာ၏။

''ဆရာ ဒီအသက်ခံရတဲ့ လူသူတော်ကြီးက သူမှာရှိတဲ့ ငွေတွေကို အတိုးပေးစားနေတယ်လို့ ကြားဖူးတာကြာပြီ။ ငွေကြေးကိစ္စ အရှုပ်အရှင်းကြောင့်လား ဆိုတာ မပြောနိုင်ဘူး''

သူ့ ပြောစကားကလည်း သဘာဝ ယုတ္တိရှိပါသည်။ ငွေကြေး၊ ဓန၊ လောဘအတွက်လည်း လူသတ်မှုတွေ ဖြစ်ခဲ့သည်မှာ အနေပတဂ္ဂ။

နောက်နေ့ လူသူတော်-ဦးစံထိုက်၏ သားဖြစ်သူ ကိုတင်ဖေနှင့် ရွာသို့ သွားတွေ့ခဲ့ပြန်၏။ သူ့သားပုံစံမှာ တောသူတောင်သား ရိုးရိုးရှင်းရှင်းပင်။

''ကျွန်တော့် အဖေဟာ သားသမီးတွေ လူလားမြောက်ပြီဆိုကတည်းက အမေကို ပေယျာလကန် ထားပြီး သားသမီးတွေကိုလည်း လှည့်မကြည့်တော့ဘဲ လူသူတော်လုပ်သွားခဲ့တာပါ။ အမေဟာ သူရှိစဉ်ထဲက ဈေးတောင်းခေါင်းပေါ်က မချခဲ့ရပါဘူး။ ခုတော့ ပိုမထူးဘူးပေါ့လေ။ သူမှာ ဗေဒင်ဆေးဝါး အလုပ်ကလေးတွေကြောင့် ရထားတဲ့ ငွေကြေးတွေကို ကျစ်ထားပြီး အဲဒါလေးတွေနဲ့ အတိုးအရင်းပွား ချစားနေတာ။ ခုထက်ထိပဲ ဆိုပါတော့။ ကျွန်တော်တို့နဲ့ ဆက်ဆက်သွယ်သွယ် မရှိခဲ့ပါဘူး။ ကျွန်တော်တို့ကလည်း ကင်းကင်းပဲနေပါတယ်။ သူက အားလုံးကို ဖြတ်တောက်သွားခဲ့ပြီကိုး''

ကိုတင်ဖေ၏ စကားကို နားထောင်ခဲ့ရသဖြင့် လူသူတော် ဦးစံထိုက်မှာ (မယားမကြင်သားမခင်) သည့် လူစားတစ်ယောက်ဟု မြင်လာရသည်။

''အင်း...သေသွားတဲ့ ကိုယ့်အဖေကို အပုတ်ချနေတာ မဟုတ်ပါဘူး။ သူ မိန်းမကိစ္စ ပွေရှုပ်တာတော့ ရင်းနှီးတဲ့လူတိုင်း သိတယ်။ ကျွန်တော့်အမေ အပါအဝင် တရားဝင်ယူထားတာ မယားလေးယောက်၊ တရားမဝင်တာတွေက ရှိဦးမှာ''

''ဒါဖြင့် ကိုတင်ဖေရယ် ခင်ဗျား သိသလောက် ခု သူ့ဆီ ဝင်ထွက်နေတဲ့ မိန်းမတွေအကြောင်း ပြောပြပါလား။ ဒါလည်း သိထားသင့်တဲ့ ကိစ္စမဟုတ်လား''

''ကျွန်တော်တို့က အဆက်အသွယ် အဝင်အထွက်မရှိတော့ မသိတာ အမှန်ပါ။ အဲ...ဘုရားအတက် အဆင်းရွာတန်းလေးမှာနေတဲ့ ဘကြီးသာရင်ကို မေးရင်တော့ သိမလား မပြောတတ်ဘူး။ သူက ဘုရားဂေါပကတစ်ယောက်၊ အရင်က အားတဲ့နေ့တိုင်း ဘုရားကိုတက်၊ သန့်ရှင်းရေးလုပ်နေတာ။ သူ့ကိုသာ မေးကြည့်ပါ''

ကိုတင်ဖေ ညွှန်းလိုက်သည့် ဘကြီးသာရင် ဆိုသူနှင့် အိမ်တွင် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသည်။ ဘုရားပေါ်တွင် ဖြစ်ပွားခဲ့သည့်အမှုကြီး အမြန်ပေါ်စေလိုသော ဆန္ဒဖြင့် သိလိုသမျှကို အားတက်သရော ပြောပြရှာသည်။ သူ့အနေနှင့်လည်း ဦးစံထိုက်ကို ခံတွင်းတွေ့ပုံမပေါ်။

ဦးသာရင်နှင့်တွေ့မှ စာရင်းရှင်းသွားခဲ့၏။ ရံဖန်ရံခါ လာလေ့လာထရှိသူများမှာ စာရင်းမဝင်သော်လည်း အမြဲတစေ ဝတ်ကြီးဝတ်ငယ်ပြုကာ လာရောက်နေသူမှာ သုံးဦးထဲ။

ဦးသာရင် ပြောပြသည့် အမျိုးသမီးများအား စုံစမ်းလေ့လာပြီး အကြောင်းထူးတစ်ခုခု ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

လာမည်ဟု ဆရာတင်ထွဋ် ယုံကြည်နေ၏။

လူသတ်မှုတွင် (အတွင်းသို) ဟု ယူဆရသော အမျိုးသမီးတစ်ဦး ပါနေခြင်းနှင့် လူသူတော် ဦးစံထိုက်၏ ပင်ကိုယ်အကျင့်စရိုက်ကလည်း အမျိုးသမီးကိစ္စများတွင် ဝါသနာထုံကြောင်း၊ သားအရင်း၏ ပြောပြချက်များရှိနေခြင်းတို့ကို ထည့်သွင်းစဉ်းစားလျှင် အမျိုးသမီးများကို ဦးစားပေးစုံစမ်းရပေတော့မည်။

- ပထမဦးဆုံး တစ်ယောက်မှာ စိတ်ကျန်းမာရေး တစ်ဝက်တစ်ပျက် ရှိုယွင်းသူအဖြစ် တွေ့နေရ၏။ အားလုံး သိနေပြီဖြစ်သည့် လူသတ်မှုကို ပင် မယုံကြည်။ လက်မခံခဲ့။ သူမ ကြည်ညိုလေးစားနေသူ ဘစ်ထိုက်မှာ အသတ်ခံရဖို့ မရှိဟုသာ တွင်တွင် ပြောနေသည်။

- ဒုတိယတစ်ယောက်က အသတ်ခံရခြင်းအတွက် စိတ်လက်မကောင်းကြောင်းကို ပြောနေသည်မှ အပ သူမ ပတ်ဝန်းကျင်နှင့် ခင်ပွန်းကိုယ်၌ ရိုးရိုးသားသားပင်။

- တတိယတစ်ယောက်ကို ဆက်လက်စုံစမ်းရာ အသက်အရွယ်မှာ လေးဆယ်ကျော်ဆိုသည့်တိုင် ရုပ်ရည်အသင့်အတင့်ရှိ၍ လုံးကြီးပေါက်လှ၊ ဖွံ့ဖွံ့ထွားထွား ကိုယ်လုံးပိုင်ရှင်တစ်ဦးအဖြစ် တွေ့ရ၏။ ဆင်းရဲနွမ်းပါး၍ ယောကျ်ားဖြစ်သူကလည်း အလုပ်မရှိ အကိုင်မရှိ။ ဆရာတင်ထွဋ်နှင့် ရဲများ ဝင်လာစဉ်ကပင် မျက်စိမျက်နှာပျက်၊ စကားပြောရာတွင်လည်း အယောင်ယောင်အမှားများ၊ နေထိုင်မကောင်းဖြစ်နေသော သူမ ယောကျ်ား၏ မျက်နှာတွင်လည်း တစ်ခုခုအပေါ် စိုးထိတ်နေသယောင်။ သူမ၏ သမက် အလုပ်သွားလုပ်နေကြောင်း သိရသော်လည်း ဧည့်ခံစကားပြောသူ အသက် (၁၈) နှစ် (၂၀) ထက် မပိုသည့် (အတူနေ) သမီးမှာ ရိုးရိုးသားသား သွက်လက်ချက်ချာနေပါသည်။ သမီးက ဣန္ဒြေမပျက် နေနိုင်သည့်တိုင် သူမက တုန်တုန်ခိုက်ခိုက်။ စုံစမ်းမှုအရ ဒုတိယအမျိုးသမီးမှာ ငွေကြေးပြည့်စုံသူ တစ်ဦးဖြစ်နေ၍ ဦးစံထိုက်နှင့်ငွေကြေးမပတ်သက်သော်မှ တတိယအမျိုးသမီး မသန်းမြ၏ နာမည်မှာ ဦးစံထိုက် ငွေစာရင်းတွင် ပါနေ၏။ တစ်စ တစ်စ ယူခဲ့သည်ပင် သောင်းဂဏာန်း ကျော်ခဲ့ပြီ။

နောက်ဆုံး မသန်းမြင့်နှင့် သမက်ချောမောင်တို့ကို စခန်းခေါ်လိုက်ပြီး ...

တစ်ယောက်တစ်နေရာစီ အစောင့်အရှောက်တို့နှင့် ထား၍ စစ်ဆေးရပါ့တော့သည်။

"ကဲ...ဒေါ်သန်းမြ ခင်ဗျား ဒီအမှုနဲ့ပတ်သက်ပြီး အမှန်တရားကို ထုတ်ဖော်ပြောချင်တဲ့ ဆန္ဒရှိရင်လည်း ပြော၊ မပြောချင်လို့ ဖုံးကွယ်ချင်သပဆိုရင်လည်း ပေါ်ပြဲနဲ့။ အမှန်တရားကလည်း ပေါ်တော့မှာပါ။ လက်ဗွေရာတွေ စစ်ဆေးရင် ပြေးလွတ်နိုင်ဖို့ မရှိဘူးပေါ့ဗျာ"

တကယ်တမ်း လက်ဗွေရာယူ၍ စီအိုင်ဒီ မပို့သေးသော်လည်း စိတ်တတ်စစ်ဆင်ရေးအရ ပြောင့်ခြင်းပါ။ မသန်းမြင့်က မျက်စိ ပေကလပ် ပေကလပ်ဖြင့် ဘာမှ မသိ ဘာမှ မလုပ်သည့် ဟန်ဆောင်နေခဲ့လင့်ကစား တုန်တုန်ခိုက်ဖြစ်နေသည့် ကိုယ်ဟန်ကို ဖုံးကွယ်နိုင်စွမ်း မရှိ။ အမှုစစ်အတွေ့အကြုံ ရင့်ကျက်သည့် ရဲတစ်ယောက်အဖို့ သူမ၏ အခြေအနေမှန်ကို ခန့်မှန်းမိသည်ပင်။ သူမ၏ ထိတ်ထိတ်ပျာပျာ ဖြစ်နေပုံမှာ အရှင်းသားပေါ်လွင်နေ၏။ မသက်ာသည်ထက် မသက်ာစရာပါ။

"ဒေါ်သန်းမြ လူသူတော်ဦးစံထိုက်ဆီက ငွေကြေးယူဖူးသလား"

မမျှော်လင့်သည့် မေးခွန်းကြောင့် မသန်းမြ ပါးစပ်အဟောင်းသားဖြစ်သွားသော်လည်း အမှုအရာချက်ချင်းပြင်၍ ခေါင်းခါလိုက်၏။

"ဟင့်အင်း...တစ်ခါမှ မယူဘူးပါဘူးရှင်"

"သေချာရဲ့လားဗျာ"

"အစ်ကို ကြီး...အဲ...ဦးစံထိုက်က လိုရင် ကူညီပါ့မယ်ဆိုတာတောင် မယူပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ပုံဘယ်နည်း ဆက်သွယ်နေတယ်ဆိုတာ မသိရပေမယ့် သူများတကာထက် ပိုရင်းနှီးကျွမ်းဝင်နေတာတော့ အသေအချာပဲ။ ခင်ဗျားမို့လို့ ရင်းနှီးတဲ့ လူတစ်ယောက်အပေါ် ရက်ရက်စက်စက် သတ်ပစ်လိုက်ရတယ်လို့''

ဆရာတင်ထွဋ် နောက်ဆုံးဆွဲလူပ်လိုက်သည့် စကားမှာ မသန်းမြကို တဆတ်ဆတ် တုန်ခါသွားစေ၍ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာပြီး လက်ကာကာ ခြေကာကာဖြင့်

''ကျွန်မ မသတ်ဘူး၊ ကျွန်မ မသတ်ဘူး''

အော်ဟစ်သံနှင့်အတူ တဟီးဟီးနှင့် ချူးပွဲချ ငိုရှာပါတော့သည်။

(၆)

ဆရာတင်ထွဋ်က သူမ အငိုတိတ်သည်အထိ စောင့်ဆိုင်းနေ၏။ ပြီးမှ ...

''ခင်ဗျား မပြောချင်လို့ ငြင်းချင်လည်း ငြင်းပါ။ အင်း...ဒါပေမယ့် ခင်ဗျား သမက်ကတော့ လူပျော်ဗျ။ သိပ်မစစ်လိုက်ရပါဘူး။ အားလုံးကို ဖော်လိုက်ပြီလေ။ ခင်ဗျားယောကျ်ားလည်းဖမ်းရဦးမှာပဲ။ ကြံရာပါတွေကိုး ဘယ်တတ်နိုင်မလဲ''

(အကယ်စင်စစ် သမက် ချောမောင်ကို မစစ်ရသေး။ မသန်းမြ ခင်ပွန်း ကိုရဲမြင့်တစ်ယောက် နေထိုင်မကောင်းဖြစ်နေသည်မှာ အမှန်အတိုင်းပင် ဖို့ လုံးဝမမှန်းခဲ့ပါ။ မသန်းမြနှင့် ချော

ခင်ဗျားမို့လို့ ရင်းနှီး တဲ့ လူတစ်ယောက်အပေါ် ရက်ရက် စက်စက် သတ်ပစ်လိုက်ရတယ်လို့''

မသန်းမြ၏ အခေါ်အဝေါ် စကားများသွားခဲ့သည်ကိုပင် ဆရာတင်ထွဋ် မသိလေဟန်ဆောင်ပြီး နောက် ရှေ့တွင်ရှိသော စားပွဲပေါ်သို့ လက်ထဲမှ ဖိုင်တွဲကို ဘုန်းခနဲ ပစ်ချလိုက်သည်။

''ဒါကော့ ... ခင်ဗျားဖြောင်လိမ်နေတာ''

ကျယ်လောင်စွာ ထွက်ပေါ်လာသည့် အသံကြောင့် ရုတ်တရက် မသန်းမြမှာ ထိတ်လန့်သွားသည်။ ရင်ထဲနှလုံးသားထဲ တစ်ခုတ်ခုတ် မြည်လာပြီး ရင်ခုန်သံတွေပင် ကြားရလောက်၏။

''သူ့စာရင်းထဲမှာ မသန်းမြ-မသန်းမြ ဆိုပြီး ခင်ဗျား ယူထားတဲ့ ငွေချည်းပဲ တစ်သောင်းခြောက်ထောင်၊ အဲဒါကို ခင်ဗျား ငြင်းမှာလား။ ကဲ...ပြော''

''ရှင်...သူက စာရင်း စာအုပ်ထဲမှာ ရေးထားတယ်''

''သူ့ စာရင်းထဲမှာ အတိအကျ ရေးထားတာပဲဟာ။ ဒီမှာ ကြည့်လေ''

ရေရာ သေချာသော စကားရပ်များကြောင့် မသန်းမြကို အငိုက်မိသွားစေ၍ တွေဝိုင်းကာ တုန်တုန်ယင်ယင် ဖြစ်သွားစေသည်။ ဆရာတင်ထွဋ် ပြနေသည့် စာရင်းကို စေ့စေ့မကြည့်ရဲတော့ပါ။

''ခင်ဗျားတို့ အချင်းချင်း ဘယ်

www.burmeseclassic.com

မောင်ကို ရမန်ယူစစ်ဆေးနေစဉ်အတွင်း ကိုရဲမြင့် ကွယ်လွန်ရှာသည်။)

မသန်းမြမှာ ဆရာတင်ထွဋ်၏ စကားကြောင့် မျက်လုံးအဝိုင်းသား။

"သူက ဖော်လိုက်ပြီ ဟုတ်လား"

"ဟုတ်တယ်လေ ဘယ်လို လုပ်ခဲ့တယ်ဆိုတာက အစ အားလုံး ပါပဲ။ ခင်ဗျားတို့ ခေါင်းမာနေလည်း အဝိုပဲပေါ့"

မသန်းမြ တစ်ခုခုကို တွေ့၍ စဉ်းစားနေ၏။ သူမ စိတ်ဓာတ်အကြီး အကျယ် ကျနေပြီကို မပြောဘဲနှင့် သိနိုင်သည်။ ဆရာတင်ထွဋ်၏ မှန်းဆပစ်သွင်းလိုက်သော ထိုးချက်မှာ ထိထိမိမိ ဖြစ်သွားခဲ့သဖြင့် တစ်ဖက်သားကို ပက်လက်လဲကျစေသည့် သဘောပင်။

တဖြည်းဖြည်း ခေါင်းငိုက်စိုက် ကျနေရာမှ ခေါင်းမော့လာ၏။ တစ်စုံတစ်ခုအပေါ် ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ဟန်ဖြင့် တင်းတင်းစေ့ ပိတ်ထားသော သူမ ပါးစပ်မှ စကား တစ်လုံးချင်း ထွက်ပေါ်လာပါသည်။ တုန်ယင် ဝမ်းနည်းကြေကွဲလျက်ပါ။

"ကျွန်မ...ကျွန်မ ဒီလိုဖြစ်မယ် မထင်ခဲ့မိပါဘူး။ ဒါပေမယ့် နောက်ဆုံးတော့ အဖြစ်တွေဟာ ဖုံးကွယ်လို့ မရတော့တာ အမှန်ပါ။ ကျွန်မ ဝန်ခံပါတော့မယ်"

မသန်းမြထံမှ တရားဝင် ဖြောင့်ဆိုသည့် ထွက်ချက်ရပြီးနောက် သူသမက် ချောမောင်၏ ထွက်ဆိုချက်ကိုယူရပြန်ပါသည်။ တရားခံများ ကျူးလွန်ပုံတို့ကို သရုပ်ပြစေ၍ ဓာတ်ပုံရိုက်ကူးအပြီး အမှုကို ခိုင်မာစွာ တည်ဆောက်ကာ၊ အမှုတွဲ အားတရားရုံးပို့ပေးရဦးမည်။

သို့ဖြင့် ဌေးကြေးနေနှင့် မြူဆွယ်ကာ သွေးသားဆန္ဒကို ဖြည့်စွမ်းနေသော သူတော်ယောင်တစ်ဦး။ ဆင်းရဲမှုဒဏ်ကြောင့် မှားယွင်းဖောက်ပြန်မိရာမှ အထင်တကြီး လောဘစိတ်ကြောင့် လင်နှင့်သမက်တို့ကို စည်းရုံးသိမ်းသွင်း၊ ပရိယာယ်ဆင်၍ သတ်ဖြတ်စေသည်အထိ ကျူးလွန်ခိုင်းမိခဲ့သည့် မိန်းမသားတစ်ဦးတို့ ဇာတ်လမ်းပေါ်ပေါက်ခဲ့ပါတော့သည်။

"အစကတော့ လေးစားကြည်ညိုစရာ လူတစ်ယောက်အဖြစ် ကျွန်မ ချဉ်းကပ်ခဲ့တာပါ။ တကယ်တမ်းကျတော့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးဆိုတာ ညီခဲ့ရတဲ့အချိန်မှာ နောက်ကျသွားပါပြီ။ ဌေးကြေးလေးပေးပြီး ထိကပါး၊ ရိုကပါး လုပ်နေထဲက ခွာသင့်တာပါ။ ကျွန်မလည်း ကျွန်မမဖဲလေ။ ပိုက်ထဲ တိုးဝင်တဲ့ ယုန်သူငယ်လို အဖြစ်မျိုး။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန်ဆိုပြီး မျက်စိစုံမှိတ်ခဲ့တယ်။ ဒါပေမယ့် မပိုင်ခင်ကချိုင့်ဖို့ မက်လုံးပေး ဌေးကြေးတွေထွက်ခဲ့ပေမယ့် သူခြံထဲလည်းရောက်ရော မသိသလို သိသလိုနဲ့ မူးပေးမတ်ပေးလုပ်တာကိုလည်း နာကြည်းတယ်။ မဖြစ်စလောက် ဌေးကြေးအတွက် အိမ်ထောင်ရေး ဖောက်ပြန်ခဲ့ရတဲ့ ကျွန်မကိုယ် ကျွန်မလည်း ရင်နာတယ်။ ပေးတဲ့ဌေး စာရင်းမှတ်ထားတာသာကြည့် ပါတော့။ အဲဒီဌေးအတွက် ကျွန်မ ဘဝကိုရင်းပြီး အလုပ်အကျွေးပြုခဲ့ရတယ် မဟုတ်လား။

နောက်ဆုံးတော့ ဒင်းကို အစဖျောက်ပြီး ဒင်းပိုင်တဲ့ ဌေးတွေယူဖို့ကြံမိပါတယ်။ ဒါမှလည်း အားလုံးကိစ္စတွေ ရှင်းသွားမယ်လေ။ ကျွန်မ ယောကျ်ားနဲ့ သမက်ကို ဌေးကိစ္စသာအသိပေးပြီး တိုင်ပင်တယ်။ အရာရာမှာ ခရီးတဲ့နေပြီးဆိုကတည်းက သူတို့လည်း ခေါင်းညိတ်ရတာပေါ့။ တစ်နေ့ သူတို့နှစ်ယောက် တောစပ်မှာ ဟင်းရွက်ခူးနိုင်းပြီး ကျွန်မ ထုံးစံအကိုင်း ကျောင်းကို တစ်ဖက်တောလမ်းက တက်လာတယ်။ သူက အကြံသမား လူလည်ပါ။ တန်ဆောင်းရှေ့တံခါး တစ်ဖက်ကို သော့ခတ်ပြီး၊ တစ်ဖက်တံခါးပေါက်ဝကဝင်းအတွင်းက ချက်ချထားတာယ် ဖြန်းခနဲ ကြည့်ရင် လူမရှိလို့ တံခါးပိတ်ထားတယ်ပေါ့။ ပြတင်းက ဝင်လာတဲ့ ကျွန်မကို ပြတင်းတံခါးပိတ်ပြီး သူဆန္ဒ ဖြည့်စွမ်းရမယ့် ကိစ္စအစီအစဉ်ကို စတော့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

မသန်းမြက မထူးတော့ပြီမို့ အိတ်သွန်ဖာမှောက် ထွက်ဆိုချက် ပေးနေပါတော့သည်။

(၇)

မသန်းမြ ခုတင်မှ ထခဲ့သော်လည်း စည်းစိမ်ဖြင့် မွေးစက်ကျန်ခဲ့သူ ဦးစံထိုက်မှာ သူ့ထံ ကျရောက်လာမည့် အန္တရာယ်ကို စိုးစဉ်းမျှ မတွက်ဆခဲ့။

ခုတင်ခြေရင်းတွင် ထားလေ့ထားထရှိသည့် ဦးစံထိုက်၏ ဆောင်းကိုယူကာ ခုကင်အနီးသို့ ပြန်ကပ်လာသည့် မသန်းမြကိုလည်း သတိမထားမိ။ လုပ်ချင်ဇောကြောင့် လှမ်းလျှောက်လာသူ မသန်းမြမှာ ခွက်တစ်လုံးကို တိုက်မိရာမှ ဦးစံထိုက်မျက်စီဖွင့်ကြည့်မိသည်တွင် ဓားကိုင်လာသည့် အန္တရာယ်ကို မြင်သဖြင့် ကမန်းကတန်း ကုန်းရုန်းထပို့ ကြိုးစားလိုက်၏။ နောက်ကျသွားပါပြီ။

ဓားချက်က ခေါင်းပေါ်ကျသွားသည်။ ဟိုရမ်း သည်ရမ်း ဖြစ်နေသည့် လက်များကိုလည်း ချမ်းသာမပေး မိန်းမအားပေမို့ ခုတ်ချက်တို့မှာ မထိရောက်လှ။ ဦးစံထိုက် လဲသွားချိန်တွင် မသန်းမြ ခေါင်းအုံးအောက်မှ သော့ယူပြီး သေတ္တာကိုဖွင့်ကာ ပိုက်ဆံအိတ်ယူလိုက်၏။ ပြန်ထလာသော ဦးစံထိုက်က ဒယီးဒယိုင်ဖြင့် မသန်းမြကို လှမ်းဖက်ဖို့ ကြိုးစားသော်လည်း မသန်းမြက နေရာမှထ၍ ဓားနှင့် ခုတ်လိုက်ပြန်ရာ ခုတင်ဘေးလဲကျသွားတော့သည်။ ဦးစံထိုက် မသေသေးသည့် အခြေအနေကို သိသည့်တိုင် မူလကြောက်စိတ်များကြောင့် ရှေ့မဆက်ဝံ့။ သွေးသံတရဲရဲကြားမှ မသန်းမြ ပြတင်းတံခါးဖွင့်ပြီး ဆင်းခဲ့၏။

မောကြီးပန်းကြီး သုတ်သုတ်ပျာပျာ ဆင်းလာသူ မသန်းမြက ဦးစံထိုက် မသေသေးကြောင်း စကား၏ အဆုံးတွင် ယောကျ်ားနှစ်ယောက် တန်ဆောင်းပေါ်သို့ တက်သွားကြသည်။ မသန်းမြ လူသူလေးပါး မတွေ့မမြင်စေရန် ကြိုတင်စီစဉ်ထားသည့် ချုံဝိုင်းအလယ်သို့ တိုးဝင်သွားပြီး၊ ကျွန်းရွက်တစ်ရွက် ခူ၍ ထိုင်လိုက်သည်။ ပိုက်ဆံအိတ်ကို ဖွင့်၍ ကြည့်ရာ ထင်သလောက် မဟုတ်သော ငွေကိုးထောင်ခန့်သာ တွေ့ရသဖြင့် ရင်ဘတ်တွင်း ထိုးသွင်းကာ အိတ်ကို ချုံတစ်ချုံအောက်သို့ ပစ်သွင်းခဲ့၏။

မကြာမတင် ယောကျ်ားနှစ်ယောက်ဆင်းလာသည်။ နာရီဝက်ပင် မကြာတတ်သော အချိန်အတွင်း လူတစ်ယောက်ကို အစပြတ်သည်အထိ လုပ်ခဲ့ကြခြင်းပင်။

အားလုံးဆုံမိကြချိန်တွင်...

ခေတ္တအမောဖြေ၍ မူမမျက်ဟန်မမျက် ရှာသို့ ဟင်းရွက်စည်းများနှင့် အတူပြန်လာကြသည်။ ဘုရားတန်ဆောင်းတွင် လူသတ်မှုဖြစ်ကြောင်း သတင်းကတစ်ရွာလုံး ဟိုးဟိုး ကျော်နေသော်လည်း ကိုရဲမြင့် မသန်းမြင့်တို့ အနေအထားမဟုတ်ခဲ့။

ဒီကြားထဲ ကိုရဲမြင့်၏ ဌက်ဖျားရောဂါဟောင်းက ပြန်ထလာ၏။

ခုတော့...

ဖုံးကွယ်မှုတို့သည် မပေါ်မီအထိ လုံခြုံစိတ်ချရသော်မှ ပေါ်လာပြီဆိုပါက ရင်ဆိုင်ရပေတော့မည်။

လူသူတော် (အတုအယောင်) ဦးစံထိုက်၏ တိတ်တခိုးဇာတ်လမ်းနောက်ကွယ်၌ အသက်ပင်သေဆုံးရသည်အထိ ဖြစ်ရသည့် (လူသတ်မှုကြီး) တွင် တာဝန်အရ လာရောက်သူ ဆရာတင်ထွဋ် တစ်ယောက် ရွှေရောင်မြစေတီနှင့် ပတ်ဝန်းကျင်တွင် အမှောက်အမှား (ဒုစရိုက်လုပ်ငန်းတစ်ခုခု) ကျူးလွန်မိပါက မကြာခင် ပေါ်တတ်ကြောင်း (အယူစွဲ) ကို ပြန်လည်သတိရလာနေမိသည်။

အဓိကမှာ ရာဇဝတ်မှု ကောင်းကျိုးမပြုဟု ဆိုရလေမည်လား။

ပန်းသစ်

သဒိသံပါက်စနေတိ

(စခန်းမှူးရဲအုပ် တင်ထွဋ်၏ စလွန်ဖြို ရဲစခန်း ဟသံတခရိုင်တွင် ဖော်ထုတ်စစ်ဆေးခဲ့သော အမှုတွဲများမှ အမှတ်တရ။)

www.burmeseclassic.com

www.burmeseclassic.com

အသုဘခေါင်းထဲမှ စကားပြောသံကြီး ထွက်လာလို့တဲ့.

ထူးထွေဆန်းပြား ထိတ်လန့်ချောက်ချားစရာဖြစ်ရပ်

အာဂျင်တီးနားလူမျိုး အသက် ၂၅ ရွယ်ရှိ 'မာရီယိုပက်' တစ်ယောက် အဝေးပြေးလမ်းမတွင် ကားစောင့်နေသည်မှာ မိနစ်ပေါင်းများစွာ ကြာနေပြီ။ ကားက မရ။

ရမယ့်ရတော့လည်း အသုဘကုမ္ပဏီတစ်ခုမှ အခေါင်းတင်လာသောကားကရပ်ပေးသည်။ သဘောကောင်းပုံရသော ဒရိုင်ဘာကလည်း လိုက်ချင်ရင်တော့ ကားခေါင်မိုးပေါ်က တက်လိုက်ခဲ့ပါဟု ဆိုသည်။ အခေါင်းတွေကလည်း ကားထဲမှာကော ခေါင်မိုးပေါ်မှာ အပြည့်။ အရေးကြီးသည့်အချိန်တွင် ဇီဇာကြောင်နေလို့ မဖြစ်တော့။ ကြံသလိုပဲ လိုက်ပို့ဆုံးဖြတ်ကာ 'မာရီယိုပက်' ကားခေါင်မိုးပေါ် ဖက်တက်ကာ အခေါင်းတွေကြားတွင် လိုက်ပါလာခဲ့သည်။

အေးမြသောရာသီဥတုကြောင့် လေကွယ်သော အခေါင်းတစ်ခုဘေးတွင် မှေး၍ လိုက်ပါစဉ် သူဘေးမှ အခေါင်းအုံးသည် တရွေ့ရွေ့ပွင့်လာကာ လက်ကြီးတစ်ဖက် ထွက်လာသည်။

"ဘယ်လိုလဲဗျ...အပြင်မှာ အေးတုန်းပဲလား" ဟူသောအသံကြီးက ခေါင်းထဲက ရုတ်တရက် ထွက်ပေါ်လာသည်။ 'မာရီယိုပက်' တစ်ယောက် ထိတ်လန့်တကြား အော်ဟစ်ကာ ကားခေါင်မိုးပေါ်မှ ရုတ်တရက် ခုန်ချလိုက်သည်။ အရှိန်ပြင်းစွာ မောင်းနေသောကားပေါ်မှ လမ်းပေါ်သို့ ခုန်ချလိုက်သည့်အတွက် ခြေရောလက်ပါ ကျိုးကာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

မြောက်ပိုင်း 'ဆန်တီယာဂိုဒယ်၊ အက်စတာ' ရှိ ပြည်နယ်တွင် ဖြစ်ပွားသော ထိုဖြစ်ရပ်၏ နောက်ကြောင်းကို စုံစမ်းတော့ တကယ့်လူသေအလောင်းက စကားပြောခဲ့ခြင်းမဟုတ်ကြောင်း ပေါ်လာသည်။

ဖြစ်ပွားပုံမှာ 'မာရီယိုပက်' ကဲ့သို့ပင် ကားမရသဖြင့် အသုဘကုမ္ပဏီကားဖြင့် လယ်သမားကြီးတစ်ယောက်လိုက်လာသည်။ ရာသီဥတုအေးသဖြင့် လယ်သမားကြီးက နီးရာခေါင်းထဲ ဝင်နေရာမှ အပြင်မှ လူသံကြားသဖြင့် ခေါင်းဖုံးဖွင့်ကာ စကားပြောလိုက်ခြင်းဖြစ်သည်။ ဤသည်ကို 'မာရီယိုပက်' က လူသေအလောင်းက စကားပြောသည် မှတ်ယူကာ ကြောက်လန့်တကြား ခုန်ချလိုက်ခြင်းဖြစ်သည်။ ကြံကြံဖန်ဖန် ထူးဆန်းသည့်ဖြစ်ရပ်တစ်ခုပါတည်း။

၁၆-၆-၉၉ အမ်အင်အေ၊ ရိုက်တာ၊ သတင်းကို မိုဇြမ်းပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တည်းခိုခန်း မှ ထိတ်လန့်ဖွယ်နှစ်ည

ဖိုးဟာ

သူငယ်ချင်းတွေနှင့် လမ်းခွဲပြီး ပြန်လာတော့ တော်တော်ညဉ့်နက်နေ ချေပြီ။ ခါတိုင်း ဒီလောက်ညဉ့်မနက်ခဲ့။ ညဘက် ဆောင်းအေးဓာတ်က လည်း ချမ်းစိမ့်လွန်းသည်မို့ ခပ်သုတ် သုတ်လျှောက်လာခဲ့သည်။

ရှေ့က သစ်ပင် ချုံပင်ထူထပ် သောနေရာကို လှမ်းတွေ့လိုက်တော့ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ထို နေရာသည် တစ္ဆေ သရဲခြောက်သည် ဟု နာမည်ကြီးသည်ကို ကြားဖူးထား သည်။ ကျွန်တော်ကတော့ ထိုတစ္ဆေ သရဲတွေကို မကြောက်စာတ်ပါ။ ကြဲ လည်း မကြဲဘူး။ ယုံလည်း မယုံ ကြည်ပါ။

သို့သော် ယခုလို ညဉ့်နက်နက် မှာတော့ စိတ်က တစ်မျိုးဖြစ်နေ သည်။ စိတ်ကိုတင်းလျက် ထိုသစ်ပင် ချုံနှယ်အုပ်ရှေ့မှ ဖြတ်လျှောက်ရန် ပြင်သည်။ အနီးရောက်သည်နှင့် ချုံ နှယ်တွေက လှုပ်သလိုဖြစ်နေသည်။ လေကလည်း မတိုက်၊ တစ္ဆေလား၊ သရဲလား။

ကျွန်တော် အနီးအနားရှိ အုတ်ခဲ ပိုင်းတစ်ခုကို လှမ်းကောက်ပြီး ဆက် လျှောက်လာခဲ့သည်။ သစ်ပင်ကြီးတို့ က အုပ်ဆိုင်းပြီး မှောင်မည်းနေသည်။ ချုံနှယ်ရှေ့အရောက် ချုံထဲမှ ဖြုံဖြုံ ကြီးတစ်ခုလှုပ်နေသည်ကို တွေ့လိုက် ရသည်။

တစ္ဆေ၊ သရဲမကြောက်ဘူး မယုံ ဘူးဆိုသော်လည်း ရုတ်တရက် လန့် သွားမိသည်ကို ရှိးသားစွာ ဝန်ခံရပါ မည်။ ခြေလှမ်းတွေ မှားမတတ် ဖြစ် ပြီး ခေါင်းကဆံပင်တွေပါ ထောင် သလို ခံစားရသည်။ အေးသောရာသီ ဖြစ်ပါလျက် ချွေးတွေဆို့ကာ ရင်ထဲ တဒိတ်ဒိတ်နှင့် ခုန်နေသည်။ မထူး တော့ ချုံထဲရှိလှုပ်နေသော ဖြုံဖြုံကြီး ထဲ အုတ်ခဲနှင့် အားပါးတရပစ်ပြီး ကျွန်တော်ပြေးတော့သည်။

''အောင်မယ်လေးဗျ ... ဘယ်ကောင်လဲကွ။ အိမ်သာတက်နေ တာကို အုတ်ခဲနဲ့ ကျောကုန်းကို ပစ် တာ ... အား''

ကျွန်တော် ပြေးနေရင်းမှ ထို အော်သံကြီးကို ကြားလိုက်ရသည်။ ကျွန်တော် မောမောနှင့် ခပ်လှမ်းလှမ်း တွင် ရပ်ပြီး အခြေအနေကို လှည့် ကြည့်လိုက်သည်။ ချုံနှယ်ထဲမှ အကြီ အဖြုန်နှင့် လူကြီးတစ်ဦး ကုန်းကုန်းကွ ကွနှင့် ထွက်လာတာကိုမြင်လိုက် သည်။ ကျွန်တော်လည်း ပြဿနာ တက်မည်စိုး၍ ဆက်ပြေးခဲ့သည်။

တော်ပါသေးရဲ့။ ပစ်လိုက်သည့် အုတ်ခဲက ကျောကုန်းကို ထိသွားပေ လို့။ အကယ်၍ ဦးခေါင်းကိုသာ ထိ သွားခဲ့ပါလျှင် ကျွန်တော် အချုပ်ထဲ ရောက်၊ ထောင်ကျဖို့က ကျိန်းသေပါ သည်။

အထက်ပါဖြစ်ရပ်ကား တစ္ဆေ သရဲနှင့်ပတ်သက်၍ကြုံတွေ့ခဲ့ရသည့် အဖြစ်တစ်ခုပါ။ နောက်ထပ်ဖြစ်ရပ် တစ်ခုရှိသေးသည်။ ထိုဖြစ်ရပ်ကို တော့ ယခုအချိန်ထိ မေ့မရခဲ့သေးပါ ချေ။

ကျွန်တော် စာအုပ်ကိစ္စများ စာရင်းရှင်းရန် မန္တလေးသို့ တစ်ဦး တည်းထွက်လာခဲ့သည်။ တိုင်း သမ/ စာနယ်ဇင်းမှ ကိုခင်မောင်သန်း၊ နဂါး စာပေမှ ကိုထွန်းဦး၊ ရဲရင့်စာပေမှ ဦးဌေးတို့နှင့် စာအုပ်စာရင်းများ ရှင်း ပြီး မန္တလေးရောက်ခိုက် ကြုံတုန်း မရောက်ဖူးသေးသော ပြင်ဦးလွင် (မေမြို့)သို့ အလည်သွားခဲ့လိုက် သည်။ ဂျစ်ကားသမားကို မြို့လယ် နှင့်နီးသော တည်းခိုခန်းကောင်း ကောင်းတစ်ခုသို့ ပို့ရန် မှာထားရ သည်။

ပြင်ဦးလွင်(မေမြို့)သို့ ရောက် တော့ ဂျစ်ကားမောင်းသူက ကားလုပ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး ...

"ဆရာလေး ... ဒီနေရာက မြို့လယ်နဲ့နီးပြီး အေးဆေးတယ်။ တည်းခိုခန်းကောင်းကောင်းတွေလည်း ရှိတယ်"

ဆို၍ ကျွန်တော် ကားပေါ်မှ ဆင်းလိုက်သည်။ ဟိုကြည့် ဒီကြည့် လျှောက်လာရင်း သစ်ပင်များ အုပ်ဆိုင်းလျက်ရှိသောခြံဝင်းထဲရှိ တည်းခိုခန်းလေးတစ်ခုကို တွေ့လိုက်ရသည်။ ထိုမြို့ပုံစံအတိုင်း အုတ်အနီတွေနှင့် ဆောက်ထားသည့် တစ်ထပ်တိုက်ပုလေးဖြစ်သည်။ အနေအထားကို ကြည့်ရင်း ကျွန်တော် အရမ်းသဘောကျသွားသည်။ ခြံဝင်းထဲရှိ တိုက်ကလေး ရှိရာသို့ လှည့်ဝင်ခဲ့သည်။

တစ်ခြံလုံးလည်း တိတ်ဆိတ်အေးချမ်းလျက်၊ လူရိပ်လူယောင်လည်း လုံးဝမတွေ့ရချေ။ ကျွန်တော် တည်းခိုခန်းထဲ ဝင်လိုက်သည်။ ဧည့်ခန်းတွင် ဆက်တီထိုင်ခုံတွေ ချထားသော်လည်း လူတစ်ဦးမျှ မတွေ့ရပေ။ ကောင်တာရှေ့တွင် ရပ်ရင်း အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ တိတ်ဆိတ်ခြင်းက မင်းမူလျက်ပင်။

"ဗျို့ ... အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ကျွန်တော် လှမ်းအော်လိုက်ရင်း ကောင်တာစားပွဲပေါ် လက်တင်ကာ ရပ်နေမိသည်။ ထူးခြားမှု မရှိ။ ကောင်တာခုံကို လက်ဝါးနှင့်ပုတ်ပြီး အသံကိုမြှင့်လျက် ထပ်အော်ပြန်သည်။ (၅) မိနစ်လောက်ကြာမှ အနောက်ဘက်မှ အသက် (၅၀) အရွယ် အမျိုးသမီးကြီးတစ်ဦးထွက်လာသည်။ မြန်မာလူမျိုးတော့ မဟုတ်။ ဆံပင်က ဖွဲရာကျဲနှင့် နေမကောင်းဖြစ်နေတာလား။ အိပ်ရာမှ ထလာရသည်လား မသိ။ ပုံစံကလန်းဆန်းမှုမရှိ၊ ကျွန်တော်လည်း တော်တော်အားနာသွားသည်။

"အန်တီ ... ကျွန်တော် ဒီမှာ တည်းချင်လို့ပါ"

"ဘယ်နယောက်ခန်းလဲ"

"တစ်ယောက်ခန်းပါ"

မှတ်ပုံတင်တောင်းယူ စာရင်းဖြည့်ပြီး အမျိုးသမီးကြီးက ...

"ဘယ်အခန်းယူမလဲ"

ဟု မေးသည်။ ကျွန်တော်နေတဲ့ ရန်ကုန်အိမ်ကလည်း နံပါတ် (၂) မို့ အခန်း (၂) ကို ထောင်းလိုက်သည်။ အခန်းက အောက်ထပ်ဖြစ်ပြီး ဧည့်ခန်းနှင့်လည်းနီးသည်။ ဝင်ရထွက်ရလည်း လွယ်သည် မဟုတ်လား။

အမျိုးသမီးကြီးပေးသည့် သော့ကို လှမ်းယူရင်း ကျွန်တော် အခန်းသို့ ထွက်လာခဲ့သည်။ အထဲရောက်တော့ တစ်ယောက်အိပ် ခုတင်တစ်လုံး၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ စားပွဲတင်မီးသီးတစ်လုံး သပ်ရပ်ပြည့်စုံစွာ ရှိနေပါ၏။

ကျွန်တော် ခုတင်ပေါ် ပစ်လဲချရင်း စိတ်ထဲသို့ အတွေးတချို့က ရောက်လာသည်။ အမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com

ပုံသဏ္ဌာန်က ဧည့်သည်အပေါ် ဖော်ရွေမှု မရှိ။ ဆက်ဆံပုံက အေးစက်စက်။ တခြားအခန်းမှာတည်းတဲ့ လူတွေရော မရှိကြဘူးလား။ မည်သည့်အသံမှ မကြားရပေ။

ထားလိုက်ပါလေ။ အခုလို တိတ်ဆိတ်အေးချမ်းစွာနေရတာ ငါ့အတွက် ပိုကောင်းတာပေါ့။ ရန်ကုန်မြို့ကြီးမှာ တစ်ချိန်လုံး လူတွေ ကားတွေကြားထဲသွားလာနေရတာ မျက်စိရှုပ် နားရှုပ်နဲ့ ခုတော့ အိုကေပဲလေ။

ကျွန်တော်လည်း ခရီးပန်းလာသည်မို့ ခုတင်ပေါ်ဝယ် ဟိုတွေးဒီတွေးနှင့် မှေးခနဲအိပ်ပျော်သွားသည်။ အိပ်ရာကနိုးတော့ ညနေ (၅) နာရီခန့် ရှိချေပြီ။ မြို့ထဲ လမ်းလျှောက်ရင်း ထမင်းထွက်စားမည်ဟု ဆုံးဖြတ်လိုက်၏။ ညနေစောင်းအချိန်မှာပင် အေးလွန်းနေသည်မို့ ရေမချိုးတော့။ မျက်နှာသစ်၊ ခြေလက်ဆေးပြီး အခန်းသော့ခတ်ကာ ကျွန်တော် အခန်းသော့ကို ကောင်တာတွင် သော့အပ်ရန် လှမ်းကြည့်သော်လည်း မည်သူမှ မတွေ့ရပါ။ ကျွန်တော် အခန်းသော့ကို အိတ်ထဲထည့်လျက် ထွက်လာခဲ့တော့သည်။

ရန်ကုန်မြို့ကြီးသား တစ်ယောက်အဖို့ ထိုမြို့တွင်လည်း ကြည့်စရာ သိပ်အထူးအထေမရှိနေပါ။ ထမင်းဆိုင်တွင် ထမင်းဝင်စားပြီး နွားနို့စစ်စစ်နှင့် မလိုင်ရသော လက်ဖက်ရည်ဆိုင်တွင် ဝင်သောက်ရင်း လျှောက်ငေးနေမိ၏။

တည်းခိုခန်းပြန်ရောက်တော့ ည (၈) နာရီခန့်ရှိပြီ။ ဧည့်ခန်းတွင် မီးချောင်းတွေ ဖွင့်ထားသော်လည်း လူရိပ်ကို လုံးဝမတွေ့ရပြန်။ ကျွန်တော်လည်း အခန်းထဲဝင်၊ တံခါးကို သေချာပိတ်ပြီး ခုတင်ပေါ် လှဲချလိုက်သည်။ ထမင်းစား၊ မလိုင်စားခဲ့သည့် အရှိန်နှင့် အိပ်ချင်လာသည်မို့ ခြင်ထောင်ချ၊ မီးပိတ်ပြီး အိပ်ပစ်လိုက်သည်။ အိပ်လို့ကောင်းပါ့။

ပြဿနာက အဲဒီမှာ စသည်ဟု ပြောရမည်လားမသိ။ ဖြစ်ပုံက ဒီလို။ ညဉ့်တော်တော်နက်လောက်မှာ ကျွန်တော် နှစ်ခြိုက်စွာ အိပ်မောကျနေစဉ် ကျွန်တော့်ခါးကို လက်တစ်ဖက်က အနောက်မှနေ၍ လာဖက်ထားသလို ခံစားသည်။ လက်က နူးညံ့လွန်းသော မိန်းကလေးလက်၊ ဖြူဖြူဖွေးဖွေးနူးနူးညံ့ညံ့အိအိလေး။

ကျွန်တော်လည်း အိပ်ချင်မူးမူးနှင့် ခါးကိုလာဖက်သည့် လက်ကလေးကို ကျွန်တော့်လက်ကလေးနှင့် ပြန်လည်ဖိညှပ်ပြီး ဆက်အိပ်နေမိသည်။ ထိုစဉ်မှာပင် မိန်းကလေးလက်ကလေးက ကျွန်တော့်လက်ကြားမှ အသာလေး ရုန်းထွက်ကာ ဖော့ဖယောင်းလို တညွတ်ညွတ်ဖြင့် ခေါင်းရင်းရှိ ပြတင်းပေါက်မှ ညင်သာလွန်းစွာ ဆွဲထုတ်သွားလေတော့သည်။ ထိုအဖြစ်ကို ကျွန်တော် သေချာမသိသေး။ ဆက်လက်အိပ်ပျော်နေဆဲပင်။

နံနက် မိုးလင်းတော့ (၇) နာရီခန့်ရှိပြီ။ ချက်ချင်းပင် ညကကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com

သတိရလိုက်သည်။ ကျွန်တော့်ဘေးနားတွင် မည်သူမျှရှိမနေပါ။ ခြင်ထောင်ကိုကြည့်တော့လည်း ညက အတိုင်း အိပ်ရာနှင့် ပတ်ပတ်လည် ဖိလျက်သား။ အခန်းတံခါးဝကို ကြည့်တော့လည်း ပိတ်ထားသည့်အတိုင်း အရာမယွင်း။ ခေါင်းရင်းက ပြတင်းပေါက်ကို သတိတရလှမ်းကြည့်မိပြန်သည်။ ဂျက်ချလျက်သား အနေအထားမပျက်။

ကျွန်တော် ခေါင်းနည်းနည်းစားသွားသည်။ ညကကိစ္စက ဘာလဲ၊ ဘာဖြစ်တာလဲ၊ ဘာသဘောလဲ။ ငါ အိပ်မက်များ မက်နေသလား။ ရန်ကုန်မှာ ကျွန်ခဲ့တဲ့ချစ်သူကိုပဲ စိတ်စွဲလို့ ဖြစ်တာလား။ သို့သော် ကျွန်တော့် ချစ်သူလက်ကလည်း ညက လာဖက်သည့် လက်ကလေးလိုမျိုးလောက် ညင်သာဖြူဖွေးနူးညံ့မှု မရှိပါ။

ညကအဖြစ်ကို စိတ်ထဲကတစ်မျိုးဖြစ်နေသည်။ ကျွန်တော့်ခါးကို ညင်သာစွာ ဖက်ထားရာမှာ ဝါဂွမ်းကဲ့သို့ နူးညံ့ပြီး၊ ညင်သာလွန်းစွာ လက်ကလေးကို ဆွဲထုတ်သွားသော အတွေ့အထိကို မနက်တိုင် မေ့မရစွာ ခံစားနေရဆဲ။

အိပ်ရာထက်ဝယ် လဲအိပ်ရင်းမှ လျှောက်တွေးနေရင်း ဆောင်းတွင်း အိပ်မက် ကယောက်ကယက်ဖြစ်မှာပါလေဟု ပြုံးမိကာ အိပ်ရာမှ ထလိုက်သည်။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အပြင်ထွက်ဖို့ ပြင်သည်။ ညကအဖြစ်ကိုလည်း အမှတ်တမဲ့ မေ့ထားလိုက်တော့သည်။ နည်းဝရောက်တော့ ကောင်တာစားပွဲတွင် တည်းခိုခန်းမှ အမျိုးသမီးကြီး ထိုင်နေသည်ကို ထူးခြားစွာ တွေ့လိုက်ရသည်။

"ကျွန်တော် အပြင်ထွက်လည် မလို့ အခန်းသော့ အပ်ခဲ့ရမလား အန်တီ"

"ရပါတယ် ... ယူသွားပါ။ ညက အိပ်ရတာ အဆင်ပြေရဲ့လား"

"ဟာ ... ဟုတ်ကဲ့။ အိပ်ရတာ အဆင်ပြေပါတယ် ခင်ဗျ။ ကျေးဇူးတင်ပါတယ် အန်တီ"

ကျွန်တော် အပြင်ထွက်လာတော့ အမျိုးသမီးကြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျွန်ရစ်ခဲ့သည်လေ။ ချမ်းလိုက်တဲ့ ပြင်ဦးလွင်ရယ်။ ဂျာဓာင်ကို ခပ်တင်းတင်း ဆွဲစေ့ရင်း ခြေဦးတည့်ရာ လျှောက်လာခဲ့သည်။ စားကို ဝင်ကြည့်သည်။ ရန်ကုန်မြို့နယ်စားပမာသာ ရှိသည်။ ချောက်ချီးချောက်ချက်နှင့်။ ဟိုနား ဒီနား လျှောက်ပြီး လက်ဖက်ရည်ဆိုင် ဝင်ထိုင်လိုက်သည်။

ဒီမြို့ကို ရောက်တုန်းရောက်ခိုက်မှာတော့ နာမည်ကြီးသည့် ရုက္ခဗေဒဥယျာဉ်တို့၊ ရေတံခွန်တို့ သွားလည်ချင်သေးသည်။ လမ်းမတွင် ပြေးဆွဲနေသည့် မြင်းရထားလုံးတွေကို မြင်နေရသည်။ ရန်ကုန်တွင် အဲလိုမျိုး မရှိ။ ကျွန်တော်လည်း တစ်ခါမှ မစီးဖူးသေး။ ဒီလိုမြို့မှာ မြင်းရထားလုံး စီးရဖို့ဆိုတာ အခွင့်အရေးတစ်ရင် မဟုတ်ပါလား။ အတွေ့အကြုံပေါ်လေ။

လူငယ်တစ်ဦး မောင်းလာသည့် မြင်းရထားတစ်စီးကို တားပြီး ကျွန်တော် ရန်ကုန်မှဖြစ်ကြောင်း၊ ဤမြို့ရှိ လည်ပတ်စရာများကို ဤမြင်းရထားနှင့် လိုက်ပို့စေလိုကြောင်း ပြောပြီး တစ်နေကုန် စင်းလုံးငှားလိုက်သည်။ ကျွန်တော် ရထားလုံးထဲ ဝင်ထိုင်လိုက်သည်။ အင်း ... မဆိုးပါ။ တစ်ခါမှ မစီးဘူးတော့ စီးရတာ တစ်မျိုးပေါ့။ ဘေးမှာချစ်သူပါလာလျှင် ပိုပျော်ဖို့ကောင်းမည်။ အခုတော့ စီးရင်းနှင့် ပျင်းလာသည်။ ဟုတ်တယ်လေ။ စကားပြောဖော်က ဗရှိ။ သေတ္တာပုန်းလေးထဲ ထိုင်နေရသလို ဖြစ်နေသည်ဖို့ မြင်းရထားသမားကို ရပ်ခိုင်းလိုက်သည်။

"ကျွန်တော်လည်း ခင်ဗျားနဲ့အတူ အပေါ်မှာ စီးချင်တယ်ဗျာ"

"ဟာ ... ဆရာလေးရယ် ပြုတ်ကျနေပါဦးမယ်"

"ရပါတယ်ဗျာ။ ဖြည်းဖြည်းမောင်းပေါ့။ မကျပါဘူး"

မြင်းလှည်းသမားက ...

"ဒါဆို တက်ခဲ့လေ"

ဆိုသည်နှင့် မြင်းလှည်းခေါင်မိုးပေါ်တက်ရင်း သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဒီတော့မှ ချမ်းစိမ့်စိမ့် လေက တဖြူးဖြူးနှင့် ပတ်ဝန်းကျင် မြင်ကွင်းများ ပိုကြည်လင်ကောင်းသွားသည်။

တစ်နေလုံး သူမြည်းလှည်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

လည်ပတ်ကြ၊ စားသောက်ကြနှင့်မို့ တော်တော်ရင်းနှီးသွား၏။ စကားတွေ ပြောလာကြရင်း မြည်းလှည်းသမားလေးက ...

"အစ်ကို အခု ဘယ်မှာတည်းလဲ"

ဟုမေးသည်။ ကျွန်တော်က တည်းခိုခန်းနာမည်ကို ပြောတော့ မြင်းလှည်းသမား အံ့သြစွာနှင့် မျက်လုံးပြူးသွားသည်။

"ဘာဖြစ်လို့လဲကွ"

"ဘာမှ မဖြစ်ပါဘူး"

ဟု သိသာစွာ မျက်နှာပျက်ပျက်နှင့် ဖြေသည်။ ကျွန်တော်က ရန်ကုန်သားပဲလေ။ လူတစ်ယောက် ဟန်ပန်မူရာ ပျက်သောအနေအထားကြောင့် တစ်ခုခုဆိုတာ တွေးလိုက်မိသည်။

"အစ်ကို ရန်ကုန် ဘယ်နေပြန်မှာလဲ"

"ဒီတစ်ည ဒီမှာ အိပ်ဦးမယ်ဗျာ။ မနက်မှ မန္တလေးကိုဆင်းမယ်"

"ဟာ ... ဒါဆို ကျွန်တော့် အိမ်မှာ လိုက်အိပ်ပါလား။ အိမ်မှာ လူနည်းပြီး လွတ်လွတ်လပ်လပ်ပဲ"

"နေပါစေဗျာ။ ကျွန်တော် သူများအိမ်မှာ မှအိပ်တတ်ဘူး။ စိတ်ကျဉ်းကျပ်လို့ တည်းခိုခန်းမှာပဲ တည်းတာ ..."

"ဒါဆို တခြားတည်းခိုခန်းမှာ ပြောင်းပြီးတည်းပါလား။ အကောင်းစား တည်းခိုခန်းတွေရှိတယ်။ ကျွန်တော် လိုက်ပို့ပေးပါ့မယ်။ အဲဒီ တည်းခိုခန်းမှာတော့ ဆက်မတည်းပါနဲ့ တော့ဗျာ။ ခင်ဗျားကို ခင်လို့ပြောတာ"

မြင်းလှည်းသမား၏ စကားများကို ကြားရသည်မှာ ထူးဆန်းသလိုပင်။

"ဘာဖြစ်လို့ အဲဒီမှာမတည်းစေချင်တာလဲ"

ဟုမေးတော့ ...

"ဘာမှမဟုတ်ပါဘူးဗျာ"

ဟုသာဖြေ၏။ ဒီလိုနှင့် ညနေလည်း အတော်စောင်းပြီမို့ မြည်းလှည်းခကျသင့်ငွေရှင်းပြီး တည်းခိုခန်းကို ပြန်လာခဲ့သည်။ တည်းခိုခန်းရောက်တော့ ထုံးစံအတိုင်း ဧည့်ခန်းမီးတွေဖွင့်ထားသည်။ လူတစ်ဦးမျှ မတွေ့ရ။ အခန်းသော့ဖွင့်ရင်း လူက စိမ့်ခနဲဖြစ်ပြီး ကြက်သီးထသွားသည်။ ချမ်းအေးလို့ပဲဟုသာ ထင်လိုက်မိသည်။ အခန်းထဲဝင် ခုတင်ပေါ် ပစ်လဲချလိုက်ရင်း စဉ်းစားစရာတွေက ပေါ်လာသည်။

ဒီလို တိတ်ဆိတ်အေးချမ်းတဲ့ တည်းခိုခန်းမှာ တည်းတာကို မြင်းလှည်းသမားက ဘာကြောင့်များ မတည်းရအောင် ခါးခါးသီးသီးငြင်းနေပါလိမ့်။ တစ်ခုခုအကြောင်းတော့ ရှိမည်ထင်သည်။ မနက်ကျမှပဲ မြင်းလှည်းသမားကို ရအောင်မေးမည်ဟု ဆုံးဖြတ်လိုက်သည်။

ဟိုတွေး ဒီတွေးနှင့် တစ်နေလုံး မှေနေသည့် မနေ့ညက အိပ်မက်လို လိုနှင့် နူးညံ့ဖြူလွလော လက်ကလေး ခါးလာဖက်သည့်ကိစ္စ ဖျတ်ခနဲ ခေါင်းထဲ ရောက်လာသည်။ တစ်ခုခုတော့ ထူးခြားနေသလိုပင်။ ဘာတွေပါလိမ့် ဘာသဘောပါလိမ့် ... မသိ ... မသိ။ ငါ ဘာမှမကြောက်၊ မယုံဘူး ဟု စိတ်ထဲ ဖျောက်လိုက်သည်။

ဒီည သတိနှင့်အိပ်မည်။ အခန်းတံခါးပြတင်းတံခါးကို သေချာပိတ်မည်။ ခြင်ထောင်ပတ်လည်ကိုလည်း သေချာဖိအိပ်ရမည်။ ခေါင်းအုံးအောက်တွင် မြမင္ဂုခေါင်းလိမ်းဆီ ဖန်ပုလင်းကို အသင့်ထားလိုက်သည်။ တစ်ခုခုဖြစ်လျှင် လှမ်းပစ်ရမည်။ ခရီးဆောင်အိတ်ထဲမှ လုံးဝမထုတ်ရသေးသော မေမေပေးလိုက်သည့် စိပ်ပုတီးကို လည်ပင်းတွင်ဆွဲပြီး ဘုရားကို သေသေချာချာ ကန်တော့သည်။ တစ်ခါမှ ဒီလောက် မလုပ်မိခဲ့ချေ။ သို့သော် တစ်နယ်တစ်ကျေးမှာ ဘာမှန်း ညာမှန်းမသိရသည့် အကြောင်းရင်းတွေကြောင့် စိတ်ထဲ တထင့်ထင့်ဖြစ်နေတာတော့ အမှန်ပင်။

ဒီလိုနှင့် ကိုယ့်ဘက်က အားလုံးပြင်ဆင်ပြီး စိတ်တင်းလျက် ချမ်းအေးအေးနှင့် စောင်ကို ခေါင်းမြီးခြုံအိပ်လိုက်၏။ အဲ ... ညဥ့်နက်တော့ ပြဿနာက ပေါ်ချေပြီ။

ညသန်းခေါင်ကျော်လောက်တွင် ကျွန်တော့်ကို ဘယ်သူမှ လာမနှိုးဘဲ ဖျတ်ခနဲ လန့်နိုးသွားသည်။ မျက်စိဖွင့်ကြည့်မိသည်လား၊ ပိတ်ထားမိသည်လားတော့ ကိုယ့်ဘာသာ ကိုယ် မသိ။ သို့သော် ကျွန်တော့် အခန်း အဝင်ပိတ်ထားသည့် တံခါး

www.burmeseclassic.com

www.burmeseclassic.com

အတွင်းကိုမှိလျက် နဲ့နှောင်းစွာရပ်နေသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ တံခါးသေချာပိတ်ထားပါလျက် ဘယ်လိုများ အခန်းထဲရောက်လာသည် မသိချေ။

အမျိုးသမီးက အသက် (၂၅) နှစ် ဝန်းကျင်သာရှိလိမ့်မည်။ ဆံပင်ရှည်ဖားလျားနှင့် လှတော့ တော်တော်လှသည်။ ဆံပင်က အနက်ရောင်မဟုတ်။ ဘာအရောင်မှန်းကို မသိ။ တံခါးကို နဲ့မှိလျက် ကျွန်တော့်ကို ပြုံးပြီးကြည့်နေသည်။ မနေ့ညကလို ခါးကိုတော့ လာမဖက်တော့ပါ။

အမျိုးသမီးလေးက လက်ကလေးနှစ်ဖက် ပိုက်လျက် ရပ်နေသည်မှာ အတော်နဲ့နှောင်းလွန်းပါသည်။ မနေ့ညက ခါးလာဖက်သည့်အမျိုးသမီးပဲဖြစ်လိမ့်မည်။ ဒီနေ့တော့ ခါးဖက်ဖို့ အပြောနှင့်၊ အနားပင် ကပ်မလာပါ။ တံခါးကို ကျောမှီကာ နဲ့နဲ့လေးရပ်ရင်း ပြုံးနေသည်။

ကျွန်တော် ဘာလုပ်ရမည်မှန်းမသိ။ တစ်ကိုယ်လုံး ချွေးတွေပြန်လာသည်။ (၁၀)မိနစ်လောက်နေတော့ ထိုအမျိုးသမီးလေး ဖျတ်ခနဲ ပျောက်သွားသည်။ ကျွန်တော်လည်း မှေးခနဲ ပြန်အိပ်ပျော်သွားသည်မှာ မနက် (၈) နာရီမှ နိုးတော့သည်။ အိပ်ရာနိုးသည်နှင့် ညကကိစ္စကို ချက်ချင်းသတိရလိုက်သည်။ အိပ်ရာအခြေအနေ၊ တံခါးအနေအထားတွေ စစ်ဆေးကြည့်လိုက်သည်။ ဘာမှ ခြေရာလက်ရာ မဟုတ်၊ ညကအတိုင်းပင်။

ခေါင်းထဲ အတွေးတွေ၊ စဉ်းစားစရာတွေက ရှုပ်ထွေးနေသည်။ ဘာတွေလဲ။ ထူးဆန်းလှချည်လား။

■ ■ ■

ကျွန်တော် ခပ်သုတ်သုတ်ပင် ပစ္စည်းတွေသိမ်းပြီး အခန်းအပြင် ထွက်လာခဲ့သည်။ ကောင်တာတွင် အမျိုးသမီးကြီး ထိုင်လျက် ကျွန်တော့်ကို စူးစမ်းစွာကြည့်နေသည်။

"ညက အိပ်ပျော်ရဲ့လား"

"ဟုတ်ကဲ့။ အိပ်ပျော်ပါတယ်။ ဒီနေ့ပြန်မှာမို့ အခန်းပြန်အပ်တာပါ"

ကျွန်တော် သော့ပေး၊ ငွေရှင်း၊ မှတ်ပုံတင်ယူပြီး ထွက်လာရင်း တည်းခိုခန်းပိုင်ရှင်မိန်းမကြီးအကြောင်း တွေးလိုက်မိသည်။ ဒီမိန်းမကြီးက ကျွန်တော့်ကိုတွေ့တိုင်း ညက အိပ်ပျော်လား၊ပဲမေးတယ်။ တခြား ဘာမှ မမေး။ ဘာသဘောပါလိမ့်။ ရယ်ပြုံးဖော်ရွေမှုကလည်းမရှိ။ တစ်မျိုးပါပဲလေ။ မနေ့က မြည်းလှည်းသမားကို ချိန်းထားသည့် လက်ဖက်ရည်ဆိုင်တွင် မြင်းလှည်းသမား ရောက်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ ... ဆရာလေး ဘာမှ မဖြစ်ဘူးနော်"

မြင်းလှည်းသမားက ကျွန်တော့်ကိုတွေ့သည်နှင့် အံ့သြဝမ်းသာစွာ ထအော်သည်။ ကျွန်တော်ပင် ရုတ်တရက် ကြောင်သွားပြီး ကိုယ့်ကိုယ်ကို ငုံ့ကြည့်မိသည်။

"ဟ ... ငါက ဘာဖြစ်ရမှာလဲကွ"

"ဟာ ... ဆရာလေး ဘာမှ မသိဘူးနော်။ ကျွန်တော်က မြို့ခံလူဆိုတော့ အကြောင်းသိမို့ စိတ်ပူတာပေါ့။ တစ်ညလုံးတောင် အိပ်မပျော်ဘူး။ အိမ်ကမိသားစုကတောင် ဆရာလေးကို အိမ်ကိုချက်ချင်းသွားခေါ်ခဲ့ဖို့ ညကတည်းက ပြောနေကြသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

မြင်းလှည်းသမားက စိုးရိမ်ပူပန်စွာ စကားကို စိတ်ပါလက်ပါပြောနေရှာသည်။ ကျွန်တော်ကတော့ ဘာမျှနားမလည်။

"ကဲ ... ထားပါ ဟုတ်ပါပြီ။ ငါလည်း ဒီနေ့ပြန်တော့မှာမို့ ဘာတွေဖြစ်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါကွာ။ အဲဒီတည်းခိုခန်းနဲ့ ပတ်သက်လို့ ဘာထူးခြားလို့လဲကွ"

"ဆရာလေး ဒီနေ့တကယ်ပြန်မယ်။ အဲဒီမှာ ဆက်မတည်းတော့ဘူး ဆိုရင် ကျွန်တော် အမှန်အတိုင်းပြောပြပါ့မယ်။ အဲဒီတည်းခိုခန်းမှာ သရဲအရမ်းခြောက်တယ်ဗျ"

မြင်းလှည်းသမားစကားကို ကျွန်တော် ပြုံးလိုက်မိသည်။ ကျွန်တော်က သရဲယုံသူ၊ ကြောက်သူမှ မဟုတ်ပဲလေ။

"အရင်တုန်းက အဲဒီတည်းခိုခန်းမှာ ကောင်မလေးတစ်ယောက် တည်းခိုရင်း ဘယ်က ဘယ်လိုဖြစ်တယ် မသိဘူး။ အခန်းထဲမှာ အဲဒီကောင်မလေး အဆိပ်သောက်ပြီး သေသွားတယ်။ မနက်အလောင်းတွေ့မှ အားလုံးသိကြရတာ။ အဲဒီကိစ္စနဲ့ တည်းခိုခန်းလည်း ပိတ်ထားရတာကြာမှပဲ။ အခုပြန်ဖွင့်တာ မကြာသေးဘူး။ ညဘက်ဆို အရမ်းခြောက်လွန်းလို့ တချို့တည်းတဲ့လူတွေဆို ညတွင်းချင်း ပြောင်းပြေးကြတာ။ ဘယ်သူမှ မတည်းရဲတော့ဘူးလေ။ နောက်ဆုံးဗျာ အလုပ်သမားတွေတောင် မနေရဲလို့ တစ်ယောက်မှ မရှိကြတော့ဘူး။ အဲဒီကိစ္စတွေကို မနေ့ကတည်းက ပြောမလို့ ဆရာလေး ကြောက်မှာစိုးတာနဲ့ အခုမှ ပြောတာပါ"

ကျွန်တော် စိတ်ဝင်တစား နားထောင်နေမိရင်း ဒီတော့မှ အိပ်မက်လိုလို စိတ်စွဲနေသလိုလိုဖြစ်နေတာ တည်းခိုခန်းမှ ပထမည နှင့် ဒုတိယ ညအဖြစ်အပျက်များကို ပြန်သတိရရင်း ကြက်သီးထသွားမိသည်။ ထိုအကြောင်းကို ရေးနေရင်းနှင့်ပင် ကြက်သီးတဖြန်းဖြန်းထလျက်ရှိသည်ကို ရိုးသားစွာ ထပ်မံဝန်ခံရပါမည်။ သို့သော် တစ္ဆေသရဲများကို မယုံကြည်သူ ကျွန်တော့်အဖို့ ထိုဖြစ်ရပ်သည် မေ့ပျောက်သလိုဖြစ်ခဲ့၏။ ပြီးသွားပြီဟု ထင်နေခဲ့သည်။ ထင်နေခဲ့ပါ၏။

သို့သော် တကယ်တမ်းကျတော့ ထိုဖြစ်ရပ်ပြဿနာက မပြီးသေး။ တစ်နေ့ ည၌ခံပွဲတစ်ခုတွင် စားပွဲဝိုင်းတစ်ခုဌ ကျွန်တော် အပါအဝင် မဂ္ဂဇင်းတစ်ခုမှ စာရေးဆရာ၊ အယ်ဒီတာချုပ်တစ်ဦး၊ ထပ်ဆင့် အကယ်ဒမီ ရုပ်ရှင်မင်းသားကြီးတစ်ဦးတို့အတူဝိုင်မိကြပါသည်။ ထွေရာလေးပါး ရောက်တတ်ရာရာ ပြောဆိုနေကြရင်း အယ်ဒီတာချုပ်ကြီးက နယ်သို့ခရီးသွားရင်း တည်းခိုခန်းတစ်ခုတွင် ထိုကဲ့သို့ကြုံခဲ့ရကြောင်း ပြောနေသည်။

အကယ်ဒမီ ရုပ်ရှင်မင်းသားကြီးကလည်း နယ်သို့ကားရိုက်သွားစဉ်က ထိုနည်းတူစွာပင်ကြုံခဲ့ဖူးကြောင်း၊ "ဖြူဖြူကြီး မိန်းကလေးဗျ" ဟု ပြောလိုက်သည်ကို ကြားလိုက်ရသည့် ကျွန်တော်လည်း စိတ်ဝင်တစားနှင့် ဆရာသမားများ ကြုံခဲ့ရသည့်မြို့နှင့် တည်းခိုခန်းအမည်ကို မေးလိုက်မိသည်။

ဘုရား... ဘုရား... ကျွန်တော် ကြုံတွေ့ရသည့်မြို့နှင့် တည်းခိုခန်းပါကလား။ သူတို့လည်း ကျွန်တော့်လို တွေ့ကြုံခဲ့ကြပါကလား။ အထက်ပါ ထိုဖြစ်ရပ်ကား ကြာခဲ့ပါပြီ။ နှစ်များစွာပင် ကြာခဲ့ပါပြီ။

သို့သော် ကျွန်တော့်ခါးကို ဖက်ထားရာမှ ဝါဂွမ်းကဲ့သို့ နူးညံ့ပြီး နွဲ့နှောင်းလွန်းစွာ ဆွဲထုတ်ရန်ဖယ်သွားသော လက်ကလေး၏ အတွေ့အထိကိုတော့ နှစ်များစွာကြာခဲ့သည့်တိုင် မမေ့နိုင်ဘဲ မနေ့တစ်နေ့ကလို ခံစားနေရဆဲ။

ထိုအဖြစ်အပျက်ကို ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ရသလို ဘဝတူကြုံခဲ့ရသူများပင်ရှိသော်လည်း စိတ်ဝင်စားမတင်မကျနှင့် ယခုအချိန်ထိ ပဟေဠိသဖွယ် ရင်ထဲစွဲနစ်လျက်ရှိချေ၏။

ဖိုးတာ

မှတ်ချက် -

ကိုယ်တိုင် ဆွေးကြေးခံစားခဲ့ရ သည့် အဖြစ်မှန်ဖြစ်သော်လည်း၊ တည်းခိုခန်း အမည်ကို မဖော်ပြသည်ကို နားလည် နွင့်လွှတ်ပေးစေချင်ပါ၏။ ထိုတည်းခိုခန်း လည်း ယခု လုံးဝ ပိတ်ထားလိုက်ပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိသုကာကြီး

(ဇေယျာမြင့်)

ပြင်ဦးဝန်ဟုတ်သည့် အင်းဝခေတ်ဗိသုကာကြီး

www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံတစ်မတ် အသက်တစ်ချောင်း

နဂါးနီ–ဇမြောင်းမြ

ကြုံတောင့်ကြုံခဲ မြင်တွေ့ခဲ့ရသော မမြင်ရက်စရာအဖြစ်တစ်ခုပါ။

လူဆိုသည်မှာ အခြားသက်ရှိ မျိုးနွယ်များထက် အဆင့်မြင့်သည်၊ ထက်မြက်သည်၊ သိမှုတရားရှိသည် (ဝါ) တွေးခေါ်မြော်မြင်မှု တရားရှိသောကြောင့်ဖြစ်သည်။

တွေးခေါ်မြော်မြင်မှုတရား (ဝါ) ဒဿနိက ပိုင်ဆိုင်မှုတရားကြောင့် လူတို့သည် ကြံစည်ရာ၊ ပြုမူရာ၊ လုပ်ဆောင်ရာတို့၌ ထက်မြက်အောင်မြင်ကြသည်။ ထို့ကြောင့် ဘဝ၏တိုးတက်ရာ အလင်းရောင်သည် သိမှုတရား၊ အသိဉာဏ်ဆင်ခြင်တုံတရားဖြစ်လေသည်။

ထက်မြက်သောအသိပညာဉာဏ် ဆင်ခြင်တုံတရားကြောင့် တိုးတက်အောင်မြင်မှုတရားကို ရရှိသလို နှိမ့်ကျ၍ အသိမဲ့မှုကြောင့် ဘဝဆုံးရှုံးခဲ့ကြရသည်လည်း ရှိလေသည်။

တစ်ရှိန်က ကျယ်ခေတ်မှာ အသိမဲ့သူနှစ်ဦး၏ ဘဝဆုံးရှုံးရခြင်းကို ပြန်လည်ဖောက်သည်ချချင်ပါသည်။ အဖြစ်က ဒီလိုပါ။

"ဟေ့ ... ထွန်းကြည် ... မင်းလိုက်ဦးမလား"

"ဘယ်ကိုလိုက်ရမှာလဲကွ"

"ဟာ ... ဟေ့ကောင် ထွန်းကြည် A.B.M ကျောင်း(ယခု အထက ၆) မှာ ကျယ်စာသင်မယ်တဲ့ကွ။ ကျောင်းသားတွေ စာရင်းသွားပေးကြဦးကွ။ တို့စာရင်းသွားပေးမလို့။ မင်းလိုက်မလားလို့ မေးတာကွ"

"ဒါဆို ခဏစောင့်ကွာ။ ငါ မေမေနဲ့အစ်ကိုကြီးတို့ကို သွားပြောဦးမယ်"

(ကျောင်းများ ပိတ်ထားပြီဖြစ်၍ ကျယ်ကျောင်းဆရာကြီး ၂ယောက်က A.B.M ကျောင်းတွင် ကျယ်စာနှင့် ကျယ်စကား သင်ပေးမည်ဖြစ်သည်)

"မေမေ ... အုံးရွှေတို့ လာခေါ်တယ်။ ကျယ်တွေက စာသင်ပေးမယ်တဲ့။ အဲဒါ သွားသင်ရမလား"

"အေး ... သင်တန်းကြေး ဘယ်လောက်လဲ"

"ဒါတော့ သား ဘယ်သိမလဲ"

"အေး ... အေး ... သွား စာရင်းပေးကြ။ သင်တန်းကြေးကို လည်း မေးခဲ့။ ကျောင်းပိတ်နေတုန်း နိုင်ငံခြားစာသွားသင်တယ်ဆိုတော့ မင်းတို့ နေပူထဲမထွက်ကြရတော့ဘူးပေါ့။ ကောင်းတယ် ... ကောင်းတယ်။ ညီအစ်ကို ၄ ယောက်စလုံး သွားသင်ကြ"

သူငယ်ချင်းများနဲ့ ကျွန်တော်တို့ ညီအစ်ကို ၄ ယောက် A.B.M ကျောင်းသို့ ကျယ်စာသင်ရန် စာရင်းသွားပေးကြသည်။

နောက် ၂ ရက်ကြာပြီး ကျယ်စာနှင့် ကျယ်စကား စသင်သည့် ကျယ်ဆရာ ၂ ယောက် အုအေအို့ကာစံနှင့် ဝါတာနာဘောစံတို့ ဖြစ်သည်။ အုအေအို့ကာစံမှာ ရုပ်ချောသည်။ မျက်မှန်လေးနဲ့ ဝါတာနာဘောစံက ဝဝထောင်ထောင်မောင်းမောင်း မုဆိတ်များ ရိတ်ထားသည်။ စကားပြန်မှာ ဘာနာဂျီပုလေးဖြစ်သည်။ ဆရာဘာနာဂျီမှာ အရပ် ၄ပေခန့်သာ ရှိသည်။ ဟိန္နူလူမျိုးဖြစ်သည်။ ၄င်းဆရာဘာနာဂျီက ကျယ်ဆရာများ ပြောသည်များကို ဘာသာပြန်ပေးသည်။ ကျောင်းခန်းမတွင် ကျောင်းသားများက ပြည့် ရှိနေသည်။ ကျောင်းသားများ တိုး၍ တိုး၍ လာခြင်းကြောင့် ကျယ်စာသင်ကျောင်းကို ဟိုက်စကူးကျောင်း (ယခု အထက-၁)သို့ ပြောင်းရသည်။

ကျယ်စာနှင့် စကားပြောသင်တန်းကာလ လကျော်တော့ ကျွန်တော်တို့ ကျယ်စာနှင့် ကျယ်စကားကို ပြောတတ်လာသည်။ ကျွန်တော်တို့ ညီအစ်ကို ၄ ယောက် အိမ်ပြန်ရောက်လျှင် ကျယ်လိုပင် ပြောကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေတို့ မေမေတို့ပါ ထမင်းစား ရေသောက်ပြောတတ်လာကြသည်။

တစ်နေ့ ကျောင်းတက်နေစဉ် ဆရာကြီးခေါ်တယ်ဆိုလို့ ကျွန်တော် ဆရာကြီးဝါတာနာဘေးစံ ရုံးခန်းသို့ သွားပါသည်။ ရုံးခန်းတွင်း၌ ဆရာကြီးနှင့်အတူ ရုံးခန်းအတွင်း၌ ဂျပန်စစ်ဗိုလ်ကြီးတစ်ယောက်ကို တွေ့ရပါသည်။ ဆရာကြီးဝါတာနာဘေစံမှ ကျွန်တော့်ကို ပြောသည်။

"မင်း ဒီစစ်ဗိုလ်ကြီးနဲ့ လပွတ္တာမြို့ကို ခေတ္တခေါ်သွားလိမ့်မယ်။ ဒီစစ်ဗိုလ်ကြီးနဲ့ လပွတ္တာကို ခဏ လိုက်သွားပါနော်"

"ကျွန်တော် မိဘမသိဘဲ မလိုက်နိုင်ပါဘူး ဆရာကြီး"

"အေး ... အဲဒီစစ်ဗိုလ်ကြီးက မင်းမိဘတွေကို လိုက်ပြောလိမ့်မယ်"

နောက် ဆရာကြီးဝါတာနာဘေစံက စစ်ဗိုလ်ကြီးနဲ့ စကားပြောကြသည်။ ဆရာကြီးက ...

"ကောင်းပြီ။ မင်း ဒီစစ်ဗိုလ်ကြီးနဲ့ မင်းတို့အိမ်ကို သွား"

စစ်ဗိုလ်ကြီးကားဖြင့် ကျွန်တော်တို့အိမ်ကို သွားကြပါသည်။

အိမ်ရောက်တော့ စစ်ဗိုလ်ကြီးက မေမေ့အား ...

"အမေ ကလေးနော် သွားမယ်။ သွားမယ်။ လပွတ္တာ"

ဂျပန်ကြီးက ဗမာလိုအနည်းငယ် ပြောတတ်သည်။ ကျွန်တော်မှ မေမေ့အား ...

"အဲဒီစစ်ဗိုလ်ကြီးက ကျွန်တော့်ကို လပွတ္တာ ခဏ ခေါ်သွားမယ်တဲ့။ အဲဒါ မေမေ့ကို လာပြောနေတာ"

"ဟာ ... မဖြစ်ဘူး။ ကလေးက ငယ်သေးတယ်။ စိတ်မချဘူး"

ကျွန်တော်က မေမေပြောသည်ကို ဂျပန်စစ်ဗိုလ်ကြီးအား ပြောပြသည်။ ဂျပန်စစ်ဗိုလ်ကြီးက ဗမာလို မပြောတတ်တော့ဘဲ ကျွန်တော့်ကိုပဲ ဂျပန်လိုပြောပြီး မေမေ့ကို ပြောခိုင်းသည်။

"စိတ်ချပါ။ ဘာမှမဖြစ်ပါဘူးတဲ့။ မကြာမီ ပြန်ပို့ပေးမှာပါတဲ့"

ဖေဖေက ဝင်ပြောသည်။

"မင်းသားကို မထည့်လို့လည်း ဖြစ်တာမှမဟုတ်ဘဲ စိတ်ချရရင် လိုက်သွားပါစေ"

ကျွန်တော် ဂျပန်စစ်ဗိုလ်ကြီးအား ပြောပြရာ ဂျပန်စစ်ဗိုလ်ကြီး ဝမ်းသာ၍ ဖေဖေ့အား လက်ဆွဲပြီး အရိက္ခတော အရိကတော အကြိမ်ကြိမ်ပြောပြီး ကားနှင့် ပြန်ထွက်သွားပါသည်။

ကျွန်တော်တို့ လပွတ္တာကို ဘောက်တူလှေတွင် ဂျပန် ၅ ယောက်နှင့် ထွက်ခဲ့ပါသည်။ လမ်းတွင် ကြာကန်ရွာတွင် တစ်ညအိပ်ရသည်။ ဆက်ပြီးထွက်ခဲ့ရာ လပွတ္တာမြို့သို့ ည ၁၁ နာရီမှရောက်သည်။

လပွတ္တာမြို့ရှိ ဂျပန်စစ်ရုံးသို့ သွားရောက်စခန်းချရသည်။ လပွတ္တာတွင် ကျွန်တော်တို့ မြောင်းမြ ဂျပန်စာသင်ကျောင်းက သူငယ်ချင်းတစ်ယောက်နှင့်တွေ့သည်။ ၄င်းသူငယ်ချင်း လပွတ္တာစစ်ရုံးသို့ ရောက်နေသည်မှာ တစ်လလောက်ရှိနေပြီဆိုသည်။ လပွတ္တာ ဂျပန်စစ်ရုံးတွင် ဘာမှအလုပ်မရှိပါ၍ ကျွန်တော်နှင့် သူငယ်ချင်းတို့ မြို့ထဲသို့ ထွက်လည်ကြပါသည်။ နောက် ၂ ရက်ကြာတွင် ကျွန်တော့်အား လပွတ္တာမြို့နယ်၏ ဘီတွတ်ကလေးရွာကြီးသို့ သွားကြရပါသည်။ ဘီတွတ်ကလေးရွာမှာ ရွာဆိုပေမယ့် အလွန်စည်ကားသော ရွာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ဆိုင်ကြီးဆိုင်ကောင်းများနှင့် တစ်ဖက်ကမ်းတွင် ဆန်စက်ရှိသည်။ ရွာနေလူမျိုးမှာ မြို့ဆန်သည်။ ကျွန်တော်တို့ စစ်ရုံးမှာ ရွာအလယ်ပိုင်းတွင်ဖြစ်သည်။ စစ်ရုံးဘေးတွင် မြေကွက်လပ်ကြီး ရှိနေ၍ ကျွန်တော်ပျင်းသဖြင့် ရွာရှိလူငယ်လေးများနှင့် အပေါင်းအဖော်လုပ်ကာ ကျွန်တော် သူတို့နှင့် ဒိုးထိုးတန်းကစားပါသည်။ နေ့လယ်တွင် ထမင်းစားပြီးချိန် (ဂျပန်စစ်ရုံးရှိ ဂျပန်များ တစ်နေ့ ထမင်းသုံးထပ်စားသည်။) ဖေဖေ မှာလိုက်သော အကျိုးအကြောင်းကို ဖေဖေ့မိတ်ဆွေ ဘီကွတ်ကလေးရှိသူကြီး ဦးကြင်အားပြောရန် သူကြီးဦးကြင်အိမ်သို့ ကျွန်တော်သွားပါသည်။

"ဦးလေး ဖေဖေမှာလိုက်လို့ပါ။ စာရေးမပေးလိုက်ဘူး။ ကျွန်တော် ဂျပန်စစ်တပ်နဲ့ လပွတ္တာကို ရောက်လာပါတယ်။ လပွတ္တာကနေပြီး ဒီဘီတွတ်ကလေးကို ရောက်လာပါတယ်။ ဖေဖေက သူကြီးဦးကြင်ကို သွားအကြောင်းကြားပါတဲ့။ လိုအပ်ရင်လည်း ဦးကြင်ဆီမှာ အကူညီတောင်းပါတဲ့။ ဦးလေးကိစ္စရှိရင်လည်း ကျွန်တော့်ကို ပြောပါ။ ကျွန်တော် ကူညီပါ့မယ်"

"အထူးအကြောင်းတော့ မရှိပါဘူးကွာ။ မင်းရောက်နေတယ်လို့တော့ ကြားတယ်။ မင်းကို ငါ့မိတ်ဆွေ ဦးထွန်းပေါ်သားမှန်း မသိဘူး။ အခုတော့ သိရပြီပေါ့။ ကောင်းတာပေါ့ကွာ။ တို့တိုင်တိုင်ပင်ပင်နဲ့ လုပ်နိုင်ကြတာပေါ့"

"ဦးလေးရေ အရေးကြီးတာ တစ်ခုတော့ရှိတယ်"

"ဘာများလဲကွ"

"ဒီရွာမှာ မကောင်းတာလုပ်စားတဲ့မိန်းမတွေ ရှိလား"

"ဟာ ... ရှိတာပေါ့ကွာ။ ဒါပေမယ့် ၂ ယောက်၊ ၃ ယောက် ရှိတယ်။ ဘာဖြစ်လို့လဲ"

"ဒီမကောင်းတာလုပ်စားတဲ့ မိန်းမတွေကို ဒီရွာက ခဏရှောင်ခိုင်းရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့နဲ့ ဂျပန်စစ်သားတွေနဲ့ မိတ်ဖြစ်သွားရင် ကောင်းတဲ့ မိန်းကလေးတွေကိုပါ ထိခိုက်သွားမှာစိုးလို့ပါ"

"အေး ... ကောင်းတယ်။ ဒီကိစ္စ ငါ ကြည့်စီစဉ်လိုက်မယ်"

"ဦးလေး ကျွန်တော်တို့ စစ်ရုံးရှေ့မှာရှိတဲ့အိမ်မှာ နှာခေါင်းမရှိ၊ နှာခေါင်းပေါက် ဟောင်းလောင်းကြီးနဲ့ မကောင်းတာလုပ်စားတဲ့ မိန်းမ တစ်ယောက်ရှိတယ်။ သူ့ကိုတော့ နေပေစေပေါ့။ သူ့ကို ဂျပန်စစ်သားတွေက သိနေပြီပဲ"

"အေး ... အေး ... ကောင်းပြီ။ မင်းညနေ ဒီမှာ ထမင်းလာစား။ ငါ စီစဉ်ထားလိုက်မယ်"

"မစားဘူး ဦးလေး။ ဖေဖေက

မှာထားတယ်။ ဘယ်အိမ်မှာမှ ထမင်းမစားရဘူးတဲ့။ ကျွန်တော်လည်း ရှင်ပြုရဦးမယ်။ ရက်သတ်မှတ်ပြီးရင် ဖေဖေက စာပို့လိုက်မယ်တဲ့။ ဂျပန်စစ်ဗိုလ်ကြီးကိုလည်း ပြောထားပြီးပြီတဲ့"

ကျွန်တော် သူကြီးဦးကြင်အိမ်မှ ပြန်လာခဲ့သည်။

ကျွန်တော်တို့ ဂျပန်စစ်ရုံး ခေါင်းရင်းဘက်ရှိ ကွက်လပ်ကြီးဘေးရှိ တရုတ်အိမ်ကြီးသည် ဝက်သတ်ရောင်းပါသည်။ နေ့စဉ်သတ်နေတော့ ကျွန်တော် မမြင်ချင်ဘဲ မြင်နေရပါသည်။ တစ်နေ့ တောဆင်းသွားသော ဂျပန် ၃ ယောက် ဝက်သေကြီးတစ်ကောင်ကို ထမ်းလာပြီး ဝက်သည်

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မနက်တွင် လပွတ္တာမှ ဂျပန်စစ်သားတစ်ယောက် ရောက်လာသည်။ ကျွန်တော့် အတွက်စာပါလာသည်။ ဖေဖေထံမှ ဖြစ်သည်။ ကျွန်တော့်အား ရှင်ပြုရန် အတွက် မြောင်းမြသို့ ပြန်လာရန် ခေါ် သောစာဖြစ်သည်။ ဂျပန်စစ်ဗိုလ်ကြီး က ပြောသည်။ သူ လပွတ္တာကို စစ်ကိစ္စနဲ့ သွားရမယ်။ ၂ ရက် လောက်ကြာမယ်။ သူ ပြန်လာမှ သွား ဖို့ပြောသည်။

ကျွန်တော် ရွာမှသူငယ်ချင်းများ နဲ့ စစ်ရုံးဘေးတွင်ရှိသော ကွင်းပြင် တွင် စကားဝိုင်းဖွဲ့၍ ပြောကြနှင့် ကျွန် တော် ပျော်နေသည်။

ကျွန်တော် သူကြီးဦးကြင်ဆီ သွား၍ ကျွန်တော် ရှင်ပြုဖို့ မြောင်းမြ ကို နောက် ၂ ရက်ဆိုပြန်ရဖို့ သွား ပြောသည်။ ဦးလေးဦးကြင်မှ ...

"အေး ... ကောင်းပါတယ်။ ဒါပေမယ့် မင်းအရှိတော့ရင် ငါ အား ကိုးမဲ့သွားတာပေါ့ကွာ။ ပြန်ခါနီးကျ အိမ်ကို လာဦးကွာ။ မင်းကို ထမင်း ကျွေးမယ်။ မင်းအဖေကိုလည်း ငါ မှာစရာတွေ မှာရတာပေါ့"

"ကျွန်တော် မနက်ဖြန် ထမင်း လာစားမယ်။ ကျွန်တော့်ကို အလွန် ချစ်ခင်တဲ့ ဂျပန်စစ်သားတစ်ယောက် လည်း ခေါ်လာမယ်။ သူက ဗမာအိမ် က ထမင်းဟင်းကို စားချင်နေတာ ကျွန်တော်က ဘယ်အိမ်ကသွားပြီး

တွတ်ကလေးမှာ မကောင်းတာ လုပ် စားတဲ့ မိန်းမ မရှိကြောင်းပြောနေ ကြသည်။ ဘီတွတ်ကလေးမှာ စစ်ရုံး ရှေ့အိမ်က နှာခေါင်းမရှိတဲ့မိန်းမပဲ ရှိတယ်လို့ ပြောသည်ကို ဂျပန် စစ်သားတစ်ယောက်က ဗမာလို မပြောတတ်ပြောတတ်နဲ့ ...

"နာဂါတရ နခေါင်းမရှိမှော် ယောရောရှိ" ဟု ပြော၍ ဝိုင်းပြီး ရယ်ကြရသည်။ နာဂါတရ ဆိုသည် မှာ မရှိတဲ့နောက် နခေါင်းမရှိမှော် နာခေါင်းမရှိတာလဲ ယောရောရှိ ကောင်းပါတယ်တဲ့။

မရှိတဲ့နောက် နာခေါင်းမရှိတာ လည်း ကောင်းပါတယ်တဲ့။

တဲ့ တရုတ်ကြီးဆီမှာ သွားရောင်းပါ သည်။ တရုတ်ကြီးက ဂျပန်စစ်သား ဆီက ဝက်ကို မဝယ်ချင်ပါ။ သို့သော် မဝယ်မဖြစ်လို့ ဝယ်လိုက်ရသည်။ ၄င်းနေ့ နေ့လယ်မှာ ကရင်အဘိုးကြီး တစ်ယောက် ၄င်းတို့ရွာသူကြီးနဲ့ စစ် ရုံးကိုလာပါသည်။ ဂျပန်စစ်သားတွေ သူဝက်ကို သတ်ပြီးယူသွားကြောင်း လာရောက်တိုင်တန်းပါသည်။ ဂျပန် စစ်ဗိုလ်မှ ၄င်း၏တပ်သားများကို တန်းစီပြီး စစ်ဆေးရာ ဝက်သတ်ယူ လာသော ဂျပန် ၃ ယောက်ကို စစ် ဆေးတွေ့ရှိ၍ ၄င်းစစ်သား ၃ ယောက် ကို ပါးရိုက်ပြီး ဝက်ရောင်းရငွေများ ကို ကရင်အဘိုးကြီးအား ပြန်ပေးခိုင်း ပါသည်။

ဂျပန်စစ်ဗိုလ်ကြီးသည် ဂျပန် ပြည်မှာ အထက်တန်းကျောင်းအုပ် ဆရာကြီးဖြစ်၍ ၄င်းသည် အင်္ဂလိပ် စာနှင့်စကားကို ကောင်းစွာ တတ် ကျွမ်းပါသည်။ သို့သော်လည်း တတ် ကျွမ်းကြောင်းကို ထိန်ဝှက်ထားပါ သည်။ ကျွန်တော်က သူနဲ့အတူ အိပ် လို့ သူအကြောင်း သိရပါသည်။

တစ်ညတွင် ဂျပန်စစ်သားများ စုရုံး စုရုံးနှင့် ပြဿနာဖြစ်နေကြ သည်။ အကြောင်းမှာ မကောင်းတဲ့ မိန်းမရှာပေးဖို့ စစ်ရုံးရှိ ဂျပန်စစ်သား ဆီကို ခဏ ခဏ ရောက်နေသည့် ကိုဘဖြူဆိုသူအား မကောင်းတဲ့မိန်းမ ရှာခိုင်းနေပါသည်။ ကိုဘဖြူမှ ဘီ

www.burmeseclassic.com

www.burmeseclassic.com

မစားတော့။ သူလည်း လိုက်မစားရဘူးပေါ့။ နက်ဖြန် မနက် ၁၀ နာရီလောက် ကျွန်တော် လာပြီး ထမင်းစားမယ်။ သူပါခေါ်လာမယ် ဦးလေး။ ကျွန်တော် ပြန်ဦးမယ်'' ပြောၿပီး ကျွန်တော် ပြန်ခဲ့ပါသည်။

''ဟေ့ ... မောင်ထွန်းကြည်လေး မင်းကို တို့ထောင်ကဲက ခဏလာပါဦးတဲ့ကွ''

''ဟုတ်လား။ ကျွန်တော် လိုက်ခဲ့ပါ့မယ်'' (လာခေါ်သောထောင်ကဲဆိုသည်မှာ ကျွန်တော်တို့ စစ်ရုံးအောက်ဘက် ချောင်းလေးတစ်ဖက်မှ (ဘုံဆိုင်)အရက်ရောင်းသောဆိုင်) မှ ပေါက်ဖော်ကြီး ဦးအရောင် ဖြစ်သည်။ ကျွန်တော် လာခေါ်သူနှင့် လိုက်သွားသည်။

''မောင်ထွန်းကြည်ရေ ... ငါ ဒုက္ခရောက်နေတယ်ကွ''

''ဘာဖြစ်လို့ ဦးလေး။ တစ်ဖက်ကမ်းက ဆန်စက်မှာ ငါ့သမ္မန်ကောက်ညှင်းဆန်တင်နေတုန်း ငါ့သမ္မန်ကို ကျပန်တွေ လာဆွဲလို့ကွ။ ကောက်ညှင်းဆန်လည်း သမ္မန်တစ်ဝက် တင်ပြီးနေပြီ။ အဲဒါ ဆန်တွေကို ပြန်တင်ခိုင်းပြီး သမ္မန်ကို ယူမယ်လုပ်နေတယ်ကွ''

''ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် လိုက်ပြီးပြောကြည့်မယ်လေ''

ကျွန်တော် ဦးအရောင်နဲ့အတူ မြစ်တစ်ဖက်ကမ်းရှိ ဆန်စက်သို့ လိုက်သွားပြီး သမ္မန်ကို ရောက်သောအခါ ဘယ်က ကျပန်တွေလည်း မသိပါ။ ကျွန်တော်တို့တပ်ရုံးက မဟုတ်ပါ။ ကျွန်တော်က ကျပန်စစ်သားကို ပြောသည်။

''ဒီသမ္မန်ဟာ ကျွန်တော်တို့ စစ်ရုံးအတွက် ရိက္ခာသယ်ဆောင်တဲ့ သမ္မန်ဖြစ်ပါတယ်''

ကျပန်လိုပြောရာ ကျပန်စစ်သားမှ ...

''မင်းက ဘယ်ရုံးကလဲ?''

ကျွန်တော်က ...

''ဒီဘီတွတ်ကလေးရွာ စစ်ရုံးကပါ။ ခင်ဗျားတို့ စစ်ရုံးကို လိုက်ပြီး မေးကြည့်ပါ'' လို့ ပြောတော့ ကျပန်စစ်သားတွေ သူတို့အချင်းချင်း ပြောကြပြီး ဦးအရောင်ရဲ့ သမ္မန်ကို လွှတ်ပေးလိုက်ပါသည်။

နောက်နေ့မနက်ပိုင်း ကျွန်တော့်ကို ခင်သော ကျပန်လေးနှင့်အတူ သူကြီးဦးကြင်အိမ်သို့ ထမင်းစားရန် သွားသည်။ ဦးကြင်၏နေ့စဉ်မှ အိမ်ပေါက်ဝမှ ဆီးကြိုပြီး ...

''လာဟေ့ ... မောင်ထွန်းကြည် မင်း ကျပန်စစ်သားလေးလည်း ခေါ်ခဲ့။ ဆိုင်ကြဦး။ ကဲ ... ဒီမှာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လည်း ရှိတယ်။ နားနားနေနေပေါ့''

''ဟုတ်ကဲ့ ... ဒေါ်ဒေါ်။ ကျွန်တော်တို့နားပါဦးမယ်။ ဦးလေးကြင်ရော''

''ရှိပါတယ်။ ရေချိုးနေလို့ပါ'' ဆိုပြီး မျက်နှာသုတ်ပဝါနှင့် အိမ်ရေကို ထွက်လာပါသည်။

''ကဲဟေ့ ... ထမင်းဖြင့်တော့။ မောင်ထွန်းကြည်ရေ ... မင်းဖေဖေကိုပြောလိုက်ပါကွာ။ ငါလည်း တစ်ပတ်လောက်ဆိုရင် မြောင်းမြကို ရောက်ဦးမယ်လို့''

''ဦးလေးရေ ... စစ်ဗိုလ်ကြီးက ဒီညပဲရောက်မယ်တဲ့။ ကျွန်တော် နက်ဖြန်သွားဖြစ်တယ်''

''အေး ... ဒါဆိုရင် ဒီက ငါ့လူတွေ လပွတ္တာကို လိုက်ပို့ပေးလိမ့်မယ်။ လပွတ္တာကနေ မြောင်းမြကို ပြန်ပေါ့ ... ဟုတ်လား''

''ဟုတ်ကဲ့ ... ဦးလေးကြောင့်။

''နက်ဖြန် မိုးမလင်းခင် လပွတ္တာကို လိုက်ပို့မယ်။ လပွတ္တာရောက်ရင် မနက်အစောကြီး မြောင်းမြသွားမယ့် ကူးတို့နဲ့ခိုမယ်။ မင်း မနက်စောစောထ။ ငါ မင်းတို့စစ်ရုံးဆီပဲ ကို လှေလွှတ်လိုက်မယ်''

''ဟုတ်ကဲ့ ဦးလေး''

ကျွန်တော်တို့ ထမင်းစားကြသည်။ ကျပန်စစ်သားလေးမှာ ငါးနဲ့ဟင်းနှင့် ငါးသလောက်ပေါင်းကို အားရပါးရ စားနေသည်။ အလွန်စားကောင်းသည်ဟု ပြောသည်။ ဗမာဟင်းအချို့သည် ရုတ်သီးပါ၍ ၄င်းက သဘောကျနေသည်။ ဦးလေးကြင်မှ မောင်ထွန်းကြည် မရိုလည်း

www.burmeseclassic.com

www.burmeseclassic.com

လာစားပါဟု ဂျပန်စစ်သားလေးအား ဖိတ်လိုက်သည်။

ညနေ ၃ နာရီကျော်လောက် တွင် စစ်ရုံးဘေးကွက်လပ်ကြီးတွင် ရွာမှ သူငယ်ချင်းများနှင့် ကျွန်တော် ပြန်ခါနီး နွားတ်ဆက်ရင်း ပျော်ပျော်ပါး ပါး စကားပြောနေကြသည်။

"ဟေ့ကောင်လေး ထစမ်း။ ဟေ့ကောင်လေး ခေါ်နေတာ မကြား ဘူးလား"

ကျွန်တော် လှည့်ကြည့်တော့ အသက် ၂၀၊ ၂၅ နှစ်လောက်ရှိမည် ထင်သော အစ်ကို ၂ယောက် ကျွန် တော့်ကို ခေါ်နေသည်ကို တွေ့ရပါ သည်။

"အစ်ကိုတို့ ဘာကိစ္စရှိလို့လဲ"

"ထစမ်းပါဦးကွာ။ မင်းကို ပြောစရာရှိလို့ပေါ့ကွ"

ကျွန်တော်လည်း သူငယ်ချင်း များနှင့် ပြောဆိုနေသောစကားဝိုင်းမှ ထ၍ ...

"သူငယ်ချင်းတို့ရေ သွားလိုက် ဦးမယ်" ဟု နွတ်ဆက်ပြီး ခေါ်နေ သော အစ်ကိုများဆီသို့သွားပါသည်။

"ကဲ ... ကဲ ... အစ်ကိုတို့ ဘာကိစ္စလဲ။ ကျွန်တော် ဘာလုပ်ပေး ရမလဲ"

"ဒီလိုကွ။ ဒီကောင့်ဆီမှာ ငါ့ ပိုက်ဆံ ၂၅ ဆင့် (တစ်မတ်)ရှိတယ်။ တောင်းတော့ နေ့ပေးမယ်၊ ညပေး မယ်နဲ့ ဒီနေ့တောင်းတော့ မပေးတော့ ဘူး။ တိုင်ချင်ရာတိုင်ဆိုလို့ ငါ ဂျပန် စစ်ဗိုလ်ကြီးတွေကို တိုင်မလို့ပဲ။ အဲဒါ မင်းက ဂျပန်စစ်ဗိုလ်ကြီးတွေကို အကျိုးအကြောင်းပြောပေးရမယ်။ ဒါပဲကွ"

"ဟာ ... အစ်ကို ပိုက်ဆံ ၂၅ ဆင့် (တစ်မတ်)နဲ့ ဒီစစ်ရုံးကို လာတိုင်တာ မကောင်းဘူးအစ်ကို။ ကျွန်တော် စိုက်ပေးလိုက်ပါ့မယ်။ ကျွန်တော့်မှာ ၁ဒေါ်လာ(တစ်ကျပ်) ရှိတယ်။ ယူသွားပါ အစ်ကို"

"ဟေ့ကောင်လေး ... မင်း ပိုက်ဆံမလိုချင်ဘူး။ စစ်ဗိုလ်ကြီးကို သာ ပြောပေးပါ"

"အစ်ကို ... စစ်ဗိုလ်ကြီး မရှိ ဘူး။ စစ်သားတွေချည်းပဲ။ သူတို့က အရက်သောက်ရင် အလွန်ဆိုးတယ်။ သူကြီးဦးကြင်ကို သွားတိုင်ပါ ခင်ဗျာ"

ထိုအခိုက် စစ်ရုံးဘက်မှ ကျွန် တော့်အား ထမင်းစားရန် ကျွန်တော် နဲ့ ခင်သော ဂျပန်စစ်သားလေးမှ လှမ်း ခေါ်နေရာ ...

"အစ်ကိုတို့ရေ ဂျပန်စစ်သား တွေ ထမင်းစားတော့မယ်။ နောက်နေ့ မှ လာတိုင်ပါဗျာ"

"မလိုချင်ဘူး။ ထမင်းစားပြီး အောင် စောင့်နေမယ်" ဆိုပြီး သူတို့ ၂ ယောက် စစ်ရုံးထဲသို့ လိုက်လာကြ ပါသည်။ သူတို့ ၂ယောက်ကို စစ်ရုံး ထဲမလိုက်ရန် မည်သို့မျှပြော၍မရပါ။

"ဟေ့ ... ဟိုလူတွေ ဘာဖြစ် လို့ စစ်ရုံးထဲ ဝင်လာတာလဲ။ မင်း ခေါ်လာတာလား"

ကျွန်တော့်ကို ဂျပန်တပ်ကြပ် ကြီးက စီးမေးသည်။

"သူတို့ဘာသာလာတာပါ။ ကျွန်တော်ခေါ်လာတာ မဟုတ်ဘူး"

"သူတို့ ဘာကိစ္စလာတာလဲ"

"သူတို့ ၂ယောက် တစ်ယောက် က ပိုက်ဆံ ၂၅ ဆင့် (တစ်မတ်) ယူထားတာ ပြန်မပေးလို့ စစ်ရုံး လာ တိုင်တာတဲ့"

"သူကြီးဆီကို လွှတ်လိုက်ပါ လား"

"ကျွန်တော် သူကြီးကို သွား တိုင်ဖို့ပြောတယ်။ မရဘူး။ စစ်ရုံးမှာ ပဲ တိုင်မယ်ဆိုပြီး သူတို့တာသာ လိုက် လာကြတာ"

"ရော့ ... ရော့ ... မင်းတို့ ပြန်ကြ"

တပ်ကြပ်ဂျပန်က သူ့အိပ်ထဲမှ ၁ ဒေါ်လာ(တစ်ကျပ်) ထုတ်ပေး သည်။ မရပါ။ ကျွန်တော်တို့ကိုသာ အမှုစစ်ပေးပါဆိုသဖြင့် တပ်ကြပ် စစ်သား စိတ်ဆိုးပြီး ...

"ကောင်းပြီ။ တို့ ထမင်းစား မယ်။ မင်းတို့ စောင့်နေကြ" ဆိုပြီး အရက်ပုလင်းများနှင့် အရက်သောက် ကြ ထမင်းစားကြသည်။

ဂျပန်စစ်ဗိုလ်ကြီး မရှိ။ လပွတ်ကြီး ကို သွားနေ၍ ၄၄းတို့လွှတ်လွှတ်

www.burmeseclassic.com

www.burmeseclassic.com

လပ်လပ် အရက်သောက်ပြီး ထမင်းစားကြကာ ဂျပန်သီချင်းများကို အော်ဟစ်ဆို၍ ပျော်နေကြသည်။ ကျွန်တော်လည်း သူတို့နဲ့အတူမစားတော့ဘဲ ထမင်းနဲ့ဟင်းယူပြီး ရုံးရှေ့ထွက်စားပါသည်။ ဟိုဝိုက်ဆံတစ်မတ် ပြဿနာနှစ်ယောက်ကတော့ မပြန်ဘဲ စောင့်နေကြသည်။ ဂျပန်စစ်သားတွေက အရက်မူးနေတာတွေကို သူတို့ ပိုက်ဆံကိစ္စဟာ ဘာတွေဖြစ်ကုန်မလဲဆိုတာ သိလောက်ပါတယ်။ အမေကျော် ခွေးကောလွှမ်းချင်တဲ့သူတွေကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့လူတွေပဲ။ မူးရူးနေတဲ့လူတွေဟာ အမှန်တရားဆိုတာ ရှိပါ့မလားဆိုတာ သိလောက်ပါတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ သူတို့အကြောင်းနဲ့ သူတို့ပဲလို့ ကျွန်တော် သဘောထားရပါတော့သည်။

ဂျပန်များ ထမင်းစားပြီးကြ၍ ကျွန်တော့်ကိုခေါ်ပါသည်။ ကျွန်တော့် ရောက်တော့ ဒီလူ ၂ယောက် ဘာဖြစ်လို့ မပြန်သေးတာလဲ။ ကျွန်တော် ဟိုလူ ၂ယောက်ကို ပြန်ပြောပါတယ်။ အဲဒီလူ ၂ယောက်က စစ်ဗိုလ်ကြီးများသူတို့အမှုကို စစ်ပေးဖို့ စောင့်နေတာပါ။ မပြန်ပါဘူးလို့ ပြောတော့ ကျွန်တော်က ဂျပန်လိုပြန်ပြောပြရာ ဂျပန်တပ်ကြပ်မှ ကောင်းပြီဟုဆိုပြီး ၄၎င်း ဂျပန်စစ်သားများ ဝိုင်းလိုက်ပါသည်။ ထို့နောက် ပိုက်ဆံပြဿနာ ၂ယောက်ကို အလယ်မှာထားပြီး ၄၎င်းခါးမှ ခါးပတ်များချွတ်ကာ ဝိုင်းရိုက်ကြပါတော့သည်။ ထိုသူ ၂ယောက်ကို ချောက်၍ ရှင်းပြ၍မရပါ။ တစ်ယူသန်နှင့် အသိမဲ့စွာ ပေကပ်နေကြသည်။

ကျွန်တော် မကြည့်ရက်၍ ကျွန်တော် ရုံးပေါ်တက်သွားပြီး အိပ်ရာတွင် ခေါင်းမြီးခုံ၍နေလိုက်တာ အိပ်ပျော်သွားပြီး ဂျပန်စစ်ဗိုလ်ကြီး လပွတ္တာမြို့မှ ပြန်လာမှ နိုးသည်။ သို့ရာတွင် ပြန်အိပ်ရာ မိုးလင်းခါနီး ၂ နာရီတွင် နိုးသည်။ ကျွန်တော်တို့ စစ်ရုံးနောက် တံတားတွင် လပွတ္တာသို့သွားရန် ဘောက်တူလေရောက်နေကြောင်း ညကင်း ဂျပန်စစ်သားလာပြော၍ ကျွန်တော် အဝတ်အစားများ သိမ်းပြီး စစ်ဗိုလ်ကြီးကို အကျိုးအကြောင်း ပြောခွင့်တောင်းပြီး ဘောက်တူထဲသို့ဆင်း၍ ဘီတွတ်ကလေးရွာမှ ထွက်ခဲ့ပါသည်။

မနေ့ညက ဖြစ်ပျက်သည်များကို ပြန်၍မြင်ယောင်ပြီး ကြက်သီးထ၍ ဘာတွေဖြစ်ကုန်ကြသည်ကို မသိတဲ့တော့ပါ။ ဘောက်တူထဲတွင် သူကြီးဦးကြင်မှ နံနက်အတွက် စားစရာများနှင့် လပွတ္တာမှ မြောင်းမြသွားစဉ် စားသောက်ရန် စားစရာအကြော်အလှော်များ ခုံလင်စွာ ထည့်ပေးလိုက်ပါသည်။ လပွတ္တာသို့ မနက် ၄ နာရီခွဲလောက်တွင် ရောက်ရှိ၍ လိုက်ပို့သော လှေသမားများမှ မြောင်းမြသို့ ထွက်မည့် ကူးတို့လှေကို ကျွန်တော့်အား ပြောင်းစီးခိုင်းပါသည်။ မြောင်းမြထွက်မည့် ကူးတို့လှေတွင် ကျွန်တော့်အား နှုတ်ဆက်၍ ပြန်သွားကြပါသည်။ ကျွန်တော် ကူးတို့လှေဖြင့် မြောင်းမြသို့ ပြန်လည်ရောက်ရှိပါသည်။

ကျွန်တော် မြောင်းမြရောက်ပြီး တစ်ပတ်လောက်ကြာတော့ ဘီတွတ်ကလေးရွာက သူကြီးဦးကြင် မြောင်းမြသို့ရောက်ပြီး ကျွန်တော်တို့အိမ်သို့ ဝင်လာရာ ကျွန်တော့်မေဖေနှင့် စကား ပြောကြသည်။ ကျွန်တော်လည်း ဟိုဝိုက်ဆံပြဿနာ ၂ယောက်အကြောင်း မေးရာ တစ်ယောက်သေပြီး၊ တစ်ယောက်က လပွတ္တာဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသနေရကြောင်း သိရှိရပါသည်။

ဝိုက်ဆံ ၂၅ဆင့် (တစ်မတ်) အတွက်နဲ့ အသက်တစ်ချောင်း ပေးဆပ်သည်မှာ တန်၏ မတန်၏ အကြောင်း တစ်ယူသန်သမားတို့၏ ဖြစ်ရပ်ကို ကြင်နာသနားရသော်လည်း ကျွန်တော် ဘာမှမတတ်နိုင်ခဲ့ပါ။

စာရှုသူခင်ဗျား ... ကျွန်တော် ဂျပန်စာသင်ကျောင်းသားဘဝက အသက် ၁၄နှစ် ၇တန်း ကျောင်းသားသာ ဖြစ်သည်။ ဤဖြစ်ရပ်များ သူပြော ငါပြောမဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင် တွေ့ထိခံစားခဲ့ရသော ဖြစ်ရပ်မှန်ဖြစ်ပါသည်။

နဂိုးနှင်-မြောင်းမြ

www.burmeseclassic.com

www.burmeseclassic.com

တိုးထက်

အသက်ကိုထိခိုက်စေသည့်ချစ်ခြင်းတရား

TOM SYNDYER ၏ LOVE THAT HURTS ကို ဖြန့်ဝေချင်သည်

တကယ်ပါ။ ဘဝတွင် ရင်ဖိုစရာအကောင်းဆုံး ကာလတစ်ခုကား သူငယ်ချင်းလည်းမက ချစ်သူရည်းစားလည်းမကျသောကာလတွင် အတူတကွ လျှောက်လည်ရသည့်အချိန်လေးပင်ဖြစ်သည်။

ကိုယ် အမှတ်တမဲ့လက်ချင်းဖမ်းချိတ်ပနာယူထားသူ၏ မျက်နှာတော် ညိုသွားမည်လား၊ အချစ်ရည်လည်ကာ ရဲသွားမည်လား၊ ရင်တဖိုဖို ခိုးကြည့်ရသည်က တစ်မျိုး၊ တွေ့ချင်သည့်အခါတွင် မည်သည့်အခါမှ မတွေ့တတ် မဆုံတတ်သည့်၊ မတွေ့သင့် မတွေ့ထိုက်သော ရွာဆော်ပုဂ္ဂိုလ်များနှင့် ပက်ပင်းတိုးမည်ကို စိုး၍ ကျီးကြည့် ကြောင်ကြည့် ရင်တဖိုဖိုဖြစ်ရသည်က တစ်မျိုး၊ တွေ့မြင်စေချင်သည့် ရောင်းရင်းများ တွေ့နိုးမြင်နိုး ဦးဦးဖျားဖျား ကြွားခွင့်ရနိုးမျော်ကိုး၍ ငါးရှာမျိုင်းနှယ် လည်တဆန့်ဆန့်နှင့် မျက်စိကစားရသည့် ရင်ဖိုဖိုအဖြစ်ကတစ်မျိုး။

ဖြိုးအောင်သည် ထိုရင်ဖိုမှုပေါင်းများစွာကို ရင်ထဲတွင် ပေါင်းစပ်ခံစားနေခဲ့ရသည်။ တဒိန်းဒိန်းခုန်နေသော နှလုံးသား၏အသံကို ဖြူလဲ့ကြားမိနေမလားဟု သံသယစိတ်ဖြင့် ငဲ့ကြည့်လိုက်မိသည်။ ကိုယ့်ရင်ခုန်သံကို ဖုံးနေရခြင်းဖြင့် အလုပ်ရှုပ်နေသော ဖြူလဲ့မှာမူ ငဲ့ကြည့်လိုက်သော ဖြိုးအောင်၏ခံစားချက်ကို ရိပ်မိဟန်ဖြင့် တမင်မျက်နှာလွှဲနေလိုက်သည်။ သို့သော် မျက်လုံးထောင့်ကပ်ခိုးအကြည့်ကို ဖြိုးအောင်မိသွားတော့ နှစ်ယောက်လုံး ရှက်ရယ်ရယ်ပြီး ဖြူလဲ့က သူလက်မောင်းကို သူမ၏လက်သီးဖြူနုနုနဲ့ ဖွဖွလေးနဲ့ 'တီး' ထည့်လိုက်သည်။

ဘဝ၏အလှအပဆုံး အဖြစ်အပျက်များကို စက္ကူ အဝိုင်းအစလေးများဖြင့် ရေးဖွဲ့မိတတ်ကြသည်ဟု ဆိုစကားရှိသည်။ ဖြိုးအောင်၊ ဖြူလဲ့တို့သည် သူတို့ဘဝ၏ အလှပဆုံးအဖြစ်အပျက်လေးတချို့ကို အမှတ်တမဲ့ ပြုရပ်လေးများဖြင့် သီနေမိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနဲ့တွဲများသာအထိုင်များသည့် CHOICE လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ မှန်ခန်းနောက်မှ လောကကြီးကို တိတ်တခိုးချောင်းကြည့်ခဲ့သည်။ နေပြည်တော်ရဲ့၏ ငွေရောင်ပိတ်ကားထက်ထင်သော ဇာတ်လိုက်နှင့် ဇာတ်လိုက်မကို ကိုယ့်လောက်မလှပ၊ အရေးမပါသော လောကသားများအဖြစ် လျစ်လျူရှု၍ တစ်ယောက်မျက်နှာသာ တစ်ယောက် ကသိကဟရှခဲ့ကြသည်။ စတိုးဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ပြီး အရောင်းစာရေးမလေးများ အမြင်ကပ်လောက်အောင် ပစ္စည်းတွေကို ငမ်းပြီး တို့များ ဟိုအချိန်ကျရင်ဟူသောအသွင်မျိုး စိတ်ကူးယဉ်ဝယ်ခဲ့ကြသည်။

ပစ္စည်းလေးနှစ်ခုတော့ သူတို့ တကယ်ဝယ်ဖြစ်ခဲ့ကြသည်။ ဖြူလဲ့က ဖြိုးအောင်အတွက် ပတ်ကားဘောလ်ပင်တစ်ချောင်းဝယ်ပေးခဲ့သည်။

"စာတွေအများကြီး တို့ဆီရေးဖို့"

ဖြူလဲ့က ချစ်စဖွယ်ပြုံး၍ ဖြိုးအောင်လက်ထဲထည့်ပေးလိုက်သည်။

ဖြိုးအောင်က ကျောက်နီလေးခုနစ်ပွင့်တန်းနေသော ရင်ထိုးလေးကို ဖြူလဲ့၏အင်္ကျီရင်ဘတ်တွင် တွယ်ချိတ်ပေးရင်း ပြောလိုက်သည်။

"တို့ကိုယ်စား နလုံးသားအနားမှာ အမြဲထားဖို့"

ဖြူလဲ့က ရွှန်းပသော မျက်လုံးများဖြင့် ပြုံးလိုက်သည်။ ဝမ်းမြောက်လက်ခံမှုက ရင်တွင်းမှလာမှန်း ဖြိုးအောင် ကောင်းကောင်းသိနားလည်မိခဲ့သည်။

'ချစ်တယ်'ဟူသောစကားပြောပါမှ ချစ်သူဖြစ်ကြသည်ခေတ်ကာလက လွန်ခဲ့ပါပြီ။ ချစ်တယ်ဟူသောစကားတစ်ခွန်းမှ မပြောပါဘဲနဲ့ ထိုနေ့က ဖြိုးအောင်နှင့် ဖြူလဲ့တို့ ချစ်သူဖြစ်သွားကြသည်။

မိုးမမြင် လေမမြင်သည်ကား မဆန်း။ အထက်ကို မော့မကြည့်လျှင် မိုးမမြင်ဘဲရှိနိုင်သည်။ 'လေ'ကား အစကတည်းက မြင်ရခက်သောအရာ။ ဖြိုးအောင်နှင့်

ဖြူလဲ့တို့ကား လောကကြီးကို မမြင်၊ လူတို့ကိုမမြင်ခဲ့။ လောကနှင့်လူတို့ကမူ သူတို့ကိုမြင်၍ ထောမနာပြုခဲ့ကြသည်။

"အခုမှ ကိန္နရီ ကိန္နရာမောင်နှံကျနေတာ"

"တစ်လောကလုံးမှာ သူတို့နှစ်ယောက်တည်း ရှိတာကျနေတာပဲ။ သောက်မြင်ကပ်ဖို့ ကောင်းလိုက်တာ"

မချစ်ဘူးသူတို့က မစာနာ၊ ချစ်ဖူးသူတို့က ကိုယ့်အဖြစ်ကို ကိုယ်မေ့နေခဲ့ကြသော်လည်း ဖြိုးအောင်နှင့် ဖြူလဲ့ကား မဖြုံ။ နလုံးခုန်ခွင့်ရတုန်း အားရပါးရ ခုန်ခွင့်ပေးထားခဲ့ကြသည်။

သို့သော် အလှဆုံးအချိန်များက အမြန်ဆုံး ကုန်တတ်သည်ဟု ဆိုစကားအတိုင်းပင် နေစောင်းချိန်က ရောက်လာသည်။

ဖြိုးအောင်နှင့် ဖြူလဲ့သည် လိုင်းကားဖြင့်ပင် အိမ်ပြန်လာခဲ့ကြသည်။ ဖြူလဲ့ဆင်းရမည့်မှတ်တိုင်က ဖြို့

www.burmeseclassic.com

www.burmeseclassic.com

အောင်ထက် တစ်မှတ်တိုင်စောသည်။ ဖြူလဲ့ ကားပေါ်မှဆင်းသွားတော့ ဖြိုးအောင်သည် လည်ပြန်တက်ကြည့်ကြည့် ကားပေါ်ပါသွားသည်။ ဖြူလဲ့ကလည်း ကားကို မျက်စိတဆုံး မြင်ကွင်းမပျောက်ကွယ်သွားသည်အထိ ကြည့်မိလိုက်သည်။ ထို့နောက် လမ်းကူးလာခဲ့သည်။

စိတ်က ချစ်သူနောက်တစ်ဝက်လွင့်ပါသွားဆဲဆန်ဆန်ပင် နောက်တစ်ဝက်တွင်မူ ယနေ့ အလုပ်လစ်ပြီး ချစ်သူနှင့်လျှောက်လည်သည်ကို မေမေသိသွားလျှင် ဟူသော စိုးရိမ်စိတ်ဝင်သွားသည်။ ထိုအခါမှ ရင်ဘတ်က ရင်ထိုးလေးကို သတိရလိုက်သည်။

လက်ကလွှမ်းကိုင်လိုက်သည်နှင့် တစ်ချိန်တည်း ငုံကြည့်လိုက်မိသည်။ သူမရင်ဘတ်မှာ ရင်ထိုးလေး မရှိတော့။ ဦးဦးဖျားဖျား ချစ်သက်လက်ဆောင်လေး။

သူမထိတ်ထိတ်ပျာပျာဖြင့် လှည့်ကြည့်လိုက်သည်။ ဘယ်ရောက်သွားပါလိမ့်။ ဟော ... တွေ့ပါပြီ။ လမ်းလယ်မျဉ်းဖြူနှား မကျတကျ၊ ဝင်လုလု နေရောင်အောက်တွင် လဲ့နေသည့်ရင်ထိုး။

ဖြူလဲ့ဝမ်းသာအားရ လှည့်၍ပြေးကောက်လိုက်သည်။ သူမအာရုံက ရင်ထိုးပေါ်မှာသာ။ ချစ်သက်လက်ဆောင်ဦးပေါ်မှာသာ။

ရုတ်တရက် အော်ဟစ်သံများ ညံသွားသည်။ ဘရိတ်မြည်သံ ထန်သွားသည်။ သို့သော် ...

"ဟေ့ ... ဟေ့"

"ကျီ"

"ဟာ ... တိုက်ပြီ"

"ဒုန်း"

အားလုံး လူသူရှင်းသွားသောအခါတွင် လမ်းသန့်ရှင်းရေးအလုပ်သမားလေးတစ်ဦးက လမ်းပေါ်မှသွေးကွက်များကို ရေတစ်ပုံးဖြင့် ဆေးကြောသုတ်သင်လိုက်သည်။

လမ်းမီးရောင်ဟပ်၍ လက်ဖြာနေသောအရာတစ်ခုကို တွေ့၍ သူကောက်ယူကြည့်လိုက်သည်။ တွယ်ချိတ်ချောင်နေသော ကျောက်နီလေးခုနစ်လုံးနှင့် ရင်ထိုးလေးတစ်ခု။ ကွာလတီညံသွားသည့် ချစ်သက်လက်ဆောင် သို့မဟုတ် အသက်ကို ချွေလိုက်သည့် ချစ်သက်လက်ဆောင်မှန်း ထိုသန့်ရှင်းရေးအလုပ်သမားလေး မသိ။

စောစောက ယာဉ်တိုက်ခံရသည့် မိန်းကလေး အလောင်းနားတွင် အုန်းအုန်းရုန်းရုန်းဖြစ်နေခဲ့သော မြောက်မြားလှစွာသော လူတို့ထဲမှ တစ်ဦးတစ်ယောက်မျှ ဤရင်ထိုးလေးကို တွေ့မသွား၍ သူ အံ့သြသွားမိသည်။ သူက သူနှင့်ထိုက်၍ သူရသည်ဟုပင်။ ဤသို့သူ မှတ်ယူလိုက်မိသည်။

သန့်ရှင်းရေးအလုပ်သမားလေးသည် ရင်ထိုးကို သူ့ရုပ်အင်္ကျီရင်ဘတ်ဖြင့် တစ်ချက်ပွတ်လိုက်ပြီး ဝမ်းမြောက်ဝမ်းသာပင် အင်္ကျီအိတ်ထဲသို့ ထည့်သွင်းလိုက်သည်။ အိမ်အပြန်တွင် မကြာခင်ကမှ ရထားသော သူ့ချစ်ဇနီးကို ဤရင်ထိုးလေးပေး၍ မျက်နှာလုပ်ရဦးမည်။

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သွေးရူးသွေးတန်း

၁။

"ဆရာ...ရေ"

"ဗျာရေ"

"ဒုက္ခတော့ အပုံကြီးရောက်ပြီ ထင်တယ် ဆရာရေ"

"အလို ... ဘယ့်နယ် ... ဆိုင်းမဆင့် ဗုံမဆင့်ကြီးပါကလား"

ထောင်ကျရုံး ထောင်းမှူး ဦးခင်မောင်မြင့်(တန့်ဆည်)က သူ့မှူ သူ့ဟန်အတိုင်း ပြုံးတူးပြဲတဲ့ ပျာယာပျာယာဖြင့် ကောက်ကာငင်ကာ သတင်းပို့အပြီးဒ်ကား ထောင်မှူးကြီး ကျန်တော်၏ ခေါင်းကို ဆင်နှင်းချေပြီ။

ဒုက္ခသံ၊ ပြဿနာသံတွေကြား လျှင် ခေါင်းက သူ့အလိုလိုကိုက်ချင် ခဲချင်လာတတ်၏။ သူနဂိုအတိုင်းကို ကမ္ဘ ထောင်ဆိုသည့်အရပ်မျိုးသည် စနက်တံကို မီးရှို့ထားသည့် ဗုံးကြီး တစ်လုံးနှယ်။ 'ဘယ်တော့ပေါက်မလဲ၊ ဘယ်အချိန်ကွဲမလဲ' ပြဿနာယမ်းအိုးကြီး ဝုန်းခနဲ ထပေါက်ကွဲထွက်လာမည်ကို ရင်ဖိနေကြရသလို ဖြစ်ရသည့်အထဲ ရွှေကိုယ်တော်က 'ကြောက်ပါတယ်ဆို ကြောင်ကလေးနဲ့တို့' လာလုပ်နေချေတော့သည်။

ခက်ပ။

"နေပါဦး ... ငါ့အစ်ကိုရယ် အကျိုးဟဲ့ အကြောင်းဟဲ့ ပန္နက်ကလေးရိုက်၊ တံတားကလေးခင်းပြီးမှ ဖြည်းဖြည်းလုပ်စမ်းပါ။ ဘယ့်နယ် ပြောမပြောရသေးဘူး ခင်ဗျား ဒုက္ခကြီးက အရင်။ တကတည်း"

"အဲ ... ဟုတ်တော့ဟုတ်ပါရဲ့။ ဒါပေတဲ့ ဒုက္ခကတော့ အကြီးကြီးရောက်တော့မှ ကေန်ပဲ ဆရာရေ့။ အဲ ... အဲဒါကြောင့်"

ဗုဒ္ဓောရယ်တဲ့မှ မြတ်စွာ။ သင်းကြီးက ရုပ်တည်ကြီးနှင့် အဟုတ်တကယ် 'ဆင်ဖမ်းမယ် ကျားဖမ်းမယ်' ဖြစ်နေပါသည်ကော။ မဟုတ်ကာမှလွဲနော့။ တစ်ခုခုတော့ တစ်ခုခုမီးစမီးခိုးအူနေချေပြီတည့်။

"မထိတ်သာ မလန့်သာ ရှိလိုက်ပလူရာ။ ကိုင်း ... ဘာတွေများ ဖြစ်လာကြဲလာရလို့တုန်း။ အခုပဲ ထောင်ပိတ်ချိန်ရောက်နေမင့်ဟာ တစ်နေကုန် တစ်နေခန်းလည်း ဘာသံ ညာသံ သိုးသိုးသန့်သန့် ကလေးမှ မကြားမိပေါင်။ ဘယ်လိုက ဘယ့်နယ် ..."

"အဲဒီလို ထောင်ပိတ်ချိန်ရောက်နေလို့ပဲ ဆရာရယ်။ ပြဿနာက ပူမီးတိုက်ကြီး ဖြစ်နေရတာတော့တာ"

ကြိတ်လိုက်ဟ။ ဘာရယ် ညာရယ် 'လက်ညှိုးထောင် ကိုယ်ရောင်ဖြင့် မလင်းသေးဘဲ' သူ့ပြဿနာသည်ကြီးကိုသာ တမ်းတမ်းတတနှံ့လုံးလည်ချုပ်ပြားလိုက်နေလေတော့ရာ စိတ်မရှည်ချင့်စရာ၊ အူတွေ အလိုလို မွလာရတော့၏။

"ကဲ ... ကျုပ်အစ်ကို ဘာဖြစ်တာလဲ၊ ဘယ်တုန်းကလဲ၊ ဘာလုပ်မှာလဲ။ အဲဒီသုံးခွန်းသောစကားကိုပဲ အကျဉ်းချုပ်ကြီး လိုရင်း တိုရှင်းပြောပေတော့။ စကားတံမရှည်ပြာလဲ ဇာခဲ့မနေနဲ့တော့...ဟုတ်"

"အဲ ... ဟိုဒင်း နောက်မှုဇာတ်ထုတ်ထွက်သွားတဲ့ အကျဉ်းသူတစ်ယောက် ထောင်ကို ပြန်ရောက်မလာတော့ဘူး ဆရာ။ အဲ ... အဲဒါ"

"ဘယ်သူလဲ ... ဟိုဝိုင်းမော်အောင်မြေ (၁) က မူးယစ်မှုနဲ့ နောက်မှု အစစ်ခံဖို့ မနက်ကမှ စီအာအိုကို တင်ထွေး လာထုတ်သွားရဲ့မကော့ဂျာလား ... ဟုတ်လား"

"ဟုတ် ... ဟုတ်တယ် ဆရာ။ သူ့ပထမအမှုကလည်း မူးယစ်မှုပဲ။ ဘိန်းဖြူလက်ဝယ်တွေ့ပြီး သုံးစွဲမှုနဲ့ နှစ်မှုပေါင်း ထောင် ( ) နှစ် ကျနေခဲ့တာ။ နောက်မှုကလည်း မူးယစ်မှုပဲ။ ရောင်းဝယ်မှုအတွက်ကား

www.burmeseclassic.com

www.burmeseclassic.com

တင်း(နှ)မှာ အင်နီရှယ်(လ်)တို့လိုက်ရသေးတာကော''

''ဟုတ်တယ် ဆရာ'' –

''ဟ ... ဒါဆို ရှင်းနေတာပဲ။ အဲဒီထောင်ပုံစံ (၂၁၀) ရဲ့ ဟိုးထိပ်စည်းမှာ 'မူလအမှူ ထောင်ဒဏ်ကျခံနေကြသည်၊ ရုံးရှေ့မလွတ်ရ' လို့ မှင်နီနဲ့ သေသေချာချာ ပြူးပြူးကြီး ရေးထားတဲ့ဟာ။ တရားသူကြီးကတော့ ပစ်စလက်ခတ် လွတ်ပစ်လိုက်မှာ မဟုတ်လောက်ပါဘူး''

''မဟုတ်ဘူး လုပ်မနေနဲ့ ဆရာရေ့။ မကော့ဂျာရဲ့နောက်မှာက ဒီကနေ အပြီးသတ်အမိန့်ဖိုင်နယ်(လ်)အော်ဒါချလိုက်တာတဲ့။ အဲဒါ အဲဒီအမှုမှာ အပြစ်ရှိကြောင်း မပေါ်လွင်လို့ တရားသူကြီးက တရားသေလွတ်ပစ်လိုက်ပြီတဲ့''

''ဗျို့''

သည်တစ်ခါ ပါးစပ်ကြီး ပိုးစိုးပက်စက်ပဲသွားရသူကား ထောင်မှူးကြီး ကျွန်တော်မှလွဲ၍ မည်သူဖြစ်ချိမ့်မည်နည်း။

''နေဦး။ အကျဉ်းသူကို နောက်မှ ရုံးထုတ်ပေးလိုက်တာမှာ ထောင်ပုံစံအင်္ကျီဖြူ၊ လုံချည်ဖြူ လဲပေးလိုက်ရဲ့ မဟုတ်လား။ မကော့ဂျာဟာ ထောင်ကျနေတဲ့ အကျဉ်းသူပါပဲလို့ တရားသူကြီးက သိသာမြင်သာနေအောင်လေ''

''ထောင်ဗူးတံခါးကြီးက ထွက်သွားတုန်းကတော့ ပုံစံအင်္ကျီ၊ လုံချည် တွေနဲ့ပဲပေါ့ ဆရာရယ်။ ဒါပေတဲ့ တရားရုံးထွက်ခဲတော့ မယ်မင်းကြီးမက ရှိုးစမိုးတွေထုတ်ပြီး အရပ်ဝတ်အရပ်စားကို မော်ဒယ်ဂဲလ်ရှုံးလောက် အောင် အပျိုစားလဲလှယ်ဝတ်ဆင်ပြီး ကာမှ ထွက်သွားတာတဲ့။ ထုံးစံအတိုင်း တရားရုံးအချုပ်မှာပဲ လဲသွားတာ ရှိမှာပ''

''ခင်ဗျား ဘယ်သူပြောတုန်း''

''ဒီကနေ့ ရုံးထွက်တဲ့မိုးညှင်းက ခင်နှင်းဦးနဲ့ သက်မာတို့ ညီအစ်မက ပြန်ပြောပြတာလေ။ ဒီကနေ့ မကော့ဂျာက အရှင်းလွတ်တော့မှာမို့ ဆိုပြီး သူ့လင်ဝတ္တတ်ကြီးက တရားရုံးအချုပ်မှာ ရှိလေသမျှ ရုံးထွက်အချုပ်သား၊ အကျဉ်းသားအားလုံးကို လက်ဖက်ရည်နဲ့ ပေါက်စီတွေ အဝကျွေးသွားသေးသတဲ့ခင်ဗျ ... ကဲ''

အကျိုးတော့နည်းပြီ။

ငါးပါးမက သံယာစင်ကြီးပါ ကျိုးကျတော့မည့်ကိန်း ဆိုက်နေချေပြီ။ 'ဒုက္ခနဲ့လှလှရေ' ဟုပဲ ဟစ်၍ ဟစ်၍ အော်ပစ်လိုက်ဖို့ ကောင်းနေတော့၏။ ဘယ်နယ်ခင်ဗျာ။ ဆိုင်ရာတရားရုံးတော်က ထောင်ဒဏ် (၇) နှစ် ချမှတ်ထားပြီး ပြစ်ဒဏ်ကာလမှ မစေ့ရသေးဘဲ ထောင်ထဲမှာ ထောင်ကျနေဆဲ အကျဉ်းသူ မရွေစာကို နောက်မှုဖြင့် ရုံးထုတ်စစ်ဆေးပြီး သကာလ ရုံးရှေ့မှာပင် ကွပ်လုံး

မှုတဲ့။ နောက်မှုက ပိုကြီးသတဲ့''

''အင်း ... ဟုတ်ပြီ။ အဲဒီတော့ ဘာဖြစ်တုန်း''

''ညနေက မြစ်ကြီးနားရုံးပြန်ကားနဲ့လည်း ပြန်ပါမလာဘူး။ မနက်တုန်းက အရေးကြီးလို့ဆိုပြီး ရဲအုပ်ဆရာဦးတင်ထွေးကိုယ်တိုင် သူ့ဂျစ်ကားနဲ့ လာထုတ်သွားခဲ့တာဆိုပေမယ့် အခု အဲဒီဂျစ်ကားနဲ့လည်း သီးသန့်ပြန်လာမအပ်သေးဘူး''

''ဟောဗျာ ... အဲဒီအကျဉ်းသူကို ခင်ဗျားတို့ ထုတ်ပေးလိုက်တုန်းက ထောင်ပုံစံ (၂၁၀)နဲ့ အပ်နှံလွှဲပြောင်း ထုတ်ပေးလိုက်တာပဲ မဟုတ်လား။ ထောင်ပိုင်ကြီးဆီ လက်မှတ်တင်မထိုးသေးခင် ကျုပ်ပဲ အဲဒီ တူး

www.burmeseclassic.com

www.burmeseclassic.com

ကျွတ်အပြီး အပြတ်တရားသေလွတ်ပစ်လိုက်သတဲ့။

အရပ်ရပ်နေပြည်တော်ကြား လို့မျှ မလျော့။ ကျော်မကောင်း ကြားမကောင်း။ နို့မို့ဖြင့် ထောင်ဒဏ်ကျခံဆဲ တန်းလန်း မယ်မင်းကြီးမ ပထမပြစ်ဒဏ်ကြီးကို ဘယ်မြောင်းထဲ သွားပစ်ချလိုက်ကြမတုန်း။

"ခင်ဗျားတို့ စီအာအိုကို ဖုန်းဆက်မေးမကြည့်ကြဘူးလား"

"ဆရာဦးတင်ထွေးကလည်း ပြည်နယ်ရုံးသွားနေသတဲ့ ဆရာရဲ့ ဘယ်လိုမှ ဆက်သွယ်လို့မရဘူး"

"အဲဗျာ..."

ဒုက္ခမှ တကယ့်အကျိုးနည်း ဒုက္ခကြီးပေတကား။

ထောင်ပိတ်ချိန် အကျဉ်းသား၊ အကျဉ်းသူ လူပေါင်းစာရင်း၌ ရုံးပြန် အကျဉ်းသူ မကေ့ဂျာတစ်ယောက် ဧကန်ဧက လျော့နေခဲ့လျှင် မိုးမီး လောင်သည့်ကိန်းဆိုက်ရောမည်။

ထောင် ဆို သည် က ဘဏ် မဟုတ်။ ဘဏ်မှာ ငွေလျော့ခဲ့လျှင် ကိုယ့်အိတ်ထဲက ငွေကို စိုက်ထည့်လိုက်လျှင် ရကောင်းရနိုင်ဦးမည်။ ထောင်မှာ လူလျော့နေလျှင်ဖြင့် ကြုံရာကျပန်း 'ရော့...အင့်' လူစားသွင်း အလဲအလှယ်ပြု၍ ရစကောင်းသည် မဟုတ်။ ထောင်ဝင်စဉ် ကျသစ်၊ ချုပ်သစ် မှတ်ပုံတင်စဉ်ကပင် လူတစ်ကိုယ်ချင်း ထင်ရှားသည့် ပုံသဏ္ဌာန်အမှတ်အသား (Indentification marks) များကို စစ်စစ်ပေါက်ပေါက်ဖွေရှာ၍ မှတ်တမ်းတင်ထားခဲ့ပြီးသား။ တစ်မိတည်းပေါက် အမြွာတွေသော်မှ ရုပ်ရည်သာ တူချင်တူမည်၊ သီးခြားလက္ခဏာအမှတ်အသားတွေကဖြင့် မတူရေးချ မတူကြ။ သို့ဖြစ်၍ ယခုလျော့နေသည်၊ ပျောက်နေသည့် မကေ့ဂျာကို မည်သို့အစားထည့်ကြပ။

အချိန်မီ အခါမီ မကေ့ဂျာကို ရှာဖွေ၍ ထောင်ထဲပြန်မထည့်နိုင်ခဲ့လျှင် ညွှန်မှူးရုံး၊ ညွှန်ချုပ်ရုံးက တစ်ဆင့် ပြည်ထဲရေးဝန်ကြီးရုံးအထိ ထူးခြားဖြစ်စဉ် အစီရင်ခံစာတင်ရပေတော့မည်။ မင်းပေါက်စိုးပေါက် ရွေးနားတော် ဖောက်ရပေချိမ့်။

မည်သူမည်ဝါတွေ တာဝန်ကင်းကင်း မကင်းကင်း၊ အပြစ်ပဲ ရှိရှိ ပင်မပင်ရင်းဖြစ်လေသည့် ကျွန်တော်တို့ ထောင်ဘက်သို့သာ နဂါးမျက်စောင်းက ဒေါင်းခနဲ ထိုးလာဦးတော့မည်ကား ဧကန်။

လက်မှ နာရီကို ဖျတ်ခနဲ ကောက်ကြည့်လိုက်မိ၏။ ၅ နာရီခွဲပြီ။ ရုံးချိန်လည်း ကုန်နေပြီ။ အင်း ... ကျဉ်းထဲကျပ်ထဲဖြင့် ရောက်ချေပေါ့။

"ကလင် ... ကလင် ... ကလင်"

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ။ မြစ်ကြီးနားထောင်ကပါ"

"ထောင်မှူးကြီးနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့။ ကျွန်တော်ပါပဲ။ အမိန့်ရှိပါခင်ဗျ"

"အိုး ... ဟေး ... ထောင်မှူးကြီး ကျုပ်ပါ၊ ညွှန့်ရွှေပါ။ မြို့နယ်တရားသူကြီးပါဗျ"

"ဟာ ... ဆရာဦးညွှန့်ရွှေ"

"ဟုတ်ပ ... ဟုတ်ပ"—

"ပြော ... ဆရာ။ ဘာများ အရေးကြီးတုန်း။ ဒီအချိန်ကြီးကျ ကာမှ"

"အဲ ... ထောင်မှူးကြီးတို့ ထောင်မှာ လတ်တလော ပြဿနာကြီးတစ်ခု ပူစပ်ပူလောင် တက်မနေ ပေဘူးလား။ ချက်ချင်းလက်ငင်းမှ

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်းဗျာ ... ဒီလိုလုပ်။ ကျုပ်က စီအာအိုကိုတင်ထွေးကလေးကို မရမက ရှာဖွေပြီး စခန်းမှူးကြီးနဲ့အတူ ကားစီစဉ်ပြီး စောင့်နေနှင့်မယ်။ ထောင်မှူးကြီးတို့အဖွဲ့တွေ ထွက်သာလာလို့က်ကြ။ အဲဒီကချင်မနဲ့ သူလင်တော်မောင် ဝတုတ်ကြီးတို့ ပြန်သွားကြပုံက ဝမ်းသာအားရ ပျော်ပျော်ရွှင်ရွှင်ကြီးရယ်။ ဘာမှ ဥဉပါဒ် ပါဒ် ကြောင့်ကြမှုရှိကြတာ မဟုတ်ဘူး။ ဘယ်လိုမှလည်း ထွက်ပြေးကြဦးမယ် မဟုတ်သေးဘူး။ သူတို့ရွာအောင်မြင်(၁)က သူတို့အိမ်မှာပဲ ရှိနေကြမှာ။ အဲဒီအထိတန်းလိုက်သွားပြီး အကျိုးအကြောင်း ပြေလည်အောင် ပြော၊ ပြီးမှ ပြန်ခေါ်လာခဲ့ကြရအောင်"

"အခုမှတော့ ... ဒါပဲရှိတော့တာပေါ့ ဆရာရယ်။ သြော် ... ဒါနဲ့ ဟိုဟာလေးတွေတော့ မပါပါအောင် ယူဖြစ်အောင် ယူလာခဲ့ကြဖို့ မမေ့နဲ့ဦးနော်"

"ဘာလဲဗျ။ ဘာတွေတုန်း"

"စိတ်ပုတီးလေ ဆရာ။ မကော့ဂျာရဲ့ မျက်နှာကြီးကို မမြင်ရသေးမချင်း ပုတီးသက်စေ့စိပ်ပြီး ဆုတောင်းနေကြရအောင်ပ။ မှုတ်ဘူးလား"

"အိုး ... အရေးထဲ ခင်ဗျားက နောက်နေနိုင်သေးတုန်းကွာ။ ဟာ ထောင်မှူးကြီးပဲ"



မဟုတ်ခဲ့ရင် သင်းလည်း ထောင်ပြေးမှုဖြစ်ကရော့။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၂၄ နဲ့ ဒက်ထိတိုးကရော့။ စီအာအို ကိုတင်ထွေးတို့ တရားသူကြီးဖြစ်တဲ့ ဆရာတို့ ကျွန်တော်တို့တစ်တွေလည်း အလိုတူ အလိုပါ ကြံ့ရာပါကြီးတွေ လုံးလုံးဖြစ်ကရော့ပဲ။ ပီအီးရော၊ ဒီအီးရော အမှုတွေ တစ်ပုံတစ်ထွေးကြီး ပတ်ကရော့ထဲကပဲ"

"အလိုလေးဗျာ ... ဘုန်းကြီးအမှု ရှာပတ်ဖြစ်နေပါရောလား။ ခင်ဗျားဟာက"

"တကယ်ပြောတာ ဆရာရဲ့။ ကရွတ်ကင်းလျှောက်ရှင်းပေလင်းပေရော့ပဲ"

ဆမရှင်းခဲ့ရင် လောင်မီးကျမယ့်ကိစ္စကြီးမျိုးလေ"

"ဟုတ်ပ ဆရာ။ ဆရာ ဗေဒင်ဟောသလို ဒက်ထိကွက်တိပါပဲ။ ပြီးတော့ အဲဒါကြီးက ဆရာမွေးလိုက်တဲ့မီးလေ။ ဟဲ ... ဟဲ ... ဟဲ။ ကျွန်တော်တောင် အခုပဲ ဆရာ့ဆီကို တယ်လီဖုန်း လှမ်းဆက်ဦးတော့မလို့"

"လုပ်ပြီ။ ထောင်မှူးကြီးက"

"ဘာလဲ ... ဆရာ။ ထောင်ပုံစံ (၂၁၀) ကို အခုမှတွေ့မိပြီထင်ရဲ့"

"ဟုတ်တယ်ဗျာ။ စီအာအိုက တူးတင်းနဲ့ကို ကျွန်တော့်လက်ထဲ မထည့်ပေးခဲ့ဘူး။ ရုံးစာရေးကိုပဲ ပေးထားခဲ့သတဲ့။ အကျဉ်းသူကလည်း အရပ်ဝတ် အရပ်စား နှုတ်ခမ်းနီ ပန်းနီတွေနဲ့ ပျံလို့လန်လို့။ ကျုပ်ကလည်း အချုပ်ပဲထင်လို့က်မိတာ။ အဲဒါနဲ့ပဲ လက်ရှိရင်ဆိုင်ဆဲအမှုက တရားသေလည်း လွတ်ကရော သူတို့လင် မယားတစ်တွေ ကျောကျောလေး ပြန်ချသွားကြတာကို ဒီအတိုင်း ကြည့်နေလို့က်မိတာပေါ့ဗျ"

"ဖြစ်မှဖြစ်ရလေ ဆရာရယ်။ ကဲ ... အခု ဘယ်နယ်လုပ်ကြမတုန်း။ ကျွန်တော်တို့ထောင်မှာကျတော့လည်း အဲဒီကျေးဇူးရှင်မကို ည ၁၂ နာရီမတိုင်ခင် ထောင်ကို လက်ပူးလက်ကြပ် ပြန်ခေါ်လာနိုင်မှ။ နို့

www.burmeseclassic.com

မီးဆိုသည်မျိုးက ကူးတတ်သည်။ အကူးအစက်ကလည်း မြန်မြန်။ ယခုပင်လျှင် တရားခံကို တာဝန်ယူရုံးထုတ်သွားခဲ့သည့် စီအာအို ရဲအုပ်ကလေး၏ အမှတ်မထင် သတိလစ်ဟင်းလျတ်ယွင်းမှု မီးပွားတစ်စမှသည်ဧရာမပြဿနာ၊ အကျည်းသား ထွက်ပြေးမှုကြီးတစ်ခု မီးထတောက်လာခဲ့ပြီ။ ရာ-၂၂၄၊ ထောင်ဒဏ် (၂) နှစ်အထိ အပြစ်ကျစေနိုင်ပြီး ပတ်သက်ရာ ပတ်သက်ကြောင်း တွေမှာလည်း အလုပ်ရာထူးကိုလည်း ကောင်း၊ အနည်းဆုံးနှစ်တိုးရပ်ဆိုင်း (သို့မဟုတ်) အပြောင်းအရွှေ့ခံရခြင်း သော်လည်းကောင်း ခံရကောင်း ခံ

ရနိုင်သေးသည်။ သြော် ... ဒုက္ခ ဒုက္ခ။ နေရင်းထိုင်ရင်း အိပ်ရာအောက် ရောင်ခဲ့လိုက်ရခြင်းပါကလား။

"ကဲ ... ကဲ ... ကျုပ် အစ်ကို မကော့ကျာရဲ့ မူလအပြစ်ပေး ဝရမ်းနဲ့ အကျဉ်းသူပုံသဏ္ဌာန်စာရင်း (ထောင်ပုံစံ-၃၂)ရယ်၊ ကိုယ်ရေးရာဇဝင် (ထောင်ပုံစံ-၁၀)ရယ်၊ သူ့ဓာတ်ပုံတွေရယ်၊ မနက်က ရုံးထုတ်ပေးလိုက်တဲ့ ထောင်ပုံစံ(၂၁၀)လက်ခံ မိတ္တူရယ်ကို ယူပြီး ခင်ဗျားရယ်။ တာဝန်ကြပ်ရယ်၊ ဗဟိုကင်းက နှစ်ယောက် သုံးယောက်ရယ် ယူနီဖောင်း အပြည့်အစုံ ဝတ်၊ လက်နက်အပြည့် ကျည်အပြည့်နဲ့ လိုက်ခဲ့ကြဖို့ အသင့် ပြင်ထားပေတော့။ ကားကိုလည်း ဆီအပြည့်ဖြည့်ပြီး ဗူးတံခါးရှေ့ထိုးထား။ ကျုပ် ထောင်ပိုင်ကြီးကို ပြေးပြီး သတင်းပို့ချေဦးမယ်။ ကြားလား"

"ဟုတ်"

၂။

ဗလမင်းထင်တံတားကြီးကို ကျော်မိသည်နှင့် ညသည် ပိတ်ပိတ်သည်းသည်း မှောင်လာလေပြီ။ စခန်းမှူးကြီး၊ မြို့နယ် တရားသူကြီး၊ စီအာအို ကိုတင်ထွေးနှင့် ကျန်တော် ထောင်မှူးကြီးတို့ စီးလာသည့် ရဲကျစ်ကားအပြာလေးနှင့် လုံခြုံရေးတပ်ဖွဲ့များ၊ ထောင်ဝန်ထမ်းများ လိုက်ပါလာသည့် စစ်သုံး Fawကားအစီမံးကြီးတို့က ပိန်းပိန်းပိတ်မှောင် ထု ထည်ကြီးအတွင်းထဲသို့ ဇွတ်တိုးဝင်ပြေးသွားလျက် ရှိ၏။ အမှောင်ထုကပဲ ပါးစပ်ကြီးဖြဲလျက် ကျွန်တော်တို့ကားတန်းကို စုပ်မျိုသွင်းယူနေလေရော့သလားလည်း ထင်မိရသည်။

မည်သို့ပင်ဖြစ်စေ သွေးရူးသွေးတမ်း ဒရောသောပါးကြီး ပြေးနေရသည်ဟု ဆိုမှသာလျှင် အမှန်ကန်ဆုံးဖြစ်ပေလိမ့်မည်။

မမှန်ခံနိုင်ပါရိုးလား။

ကျေးဇူးရှင်မ မကော့ကျာတစ်ယောက် စိတ်ရူးတွေ ဖွေဖောက်လျက် ရေငွေ့ပြန်သလို ပျောက်ကွယ်မသွားသေးမီ လက်မတင်ကလေး အုပ်မိဖမ်းမိရလေအောင် တရမန်းကြမ်းကြီး မောင်းပြေးနေကြရခြင်း ဖြစ်၏ကိုး။ ဖြစ်များဖြစ်နိုင်လျှင် ကားဖင်မှာ ဂျက်အင်ဂျင်တောင် တပ်ထားလိုက်ချင်မိပါသေး။

"ထောင်မှူးကြီးရေ ... အခုလို ဖြစ်ပုံမျိုးများ ဟိုးအရင်တုန်းက ကြုံခဲ့ကြားခဲ့ဖူးသေးသလား"

"အင်း ... မှတ်မှတ်ရရ တစ်ကြိမ်တော့ဖြင့် ခေါင်ခေါင်ခါးခါး ကြုံခဲ့ဖူးပါရဲ့ စခန်းမှူးကြီးရယ်"

"အိုး ... ဘယ်မှာတုန်း၊ ဘယ်လိုတဲ့တုန်း၊ ဘာတွေဖြစ်ကုန်ကြသေးသတုန်း"

"ဟ ... ဟ ... ဖြည်းဖြည်းလုပ်ပါ ကိုတင်ထွေးရဲ့။ ခင်ဗျားက မကော့ကျာကို လွတ်ပေးတုန်းကတော့

www.burmeseclassic.com

www.burmeseclassic.com

လွတ်ပေးလိုက်ပြီး အခုမှ ဘာကြောက်ပါပြီလဲ''

''အာ ... ဆရာကလည်း ... ဟဲ ... ဟဲ ... ဟဲ''

''ကဲ ... လုပ်ပါဦး ထောင်မှူးကြီးရဲ့။ ဖြစ်ပုံလေးကို ကြားကြရအောင်ပါ။ စိတ်ပြေလက်ပျောက် စိတ်ပူစိတ်မောရတာတွေ များလည်း ခဏဖြစ်ဖြစ် မေ့ထားလို့ရတာပေါ့''

''ဟုတ်ကဲ့။ ဒီလိုဆရာရဲ့။ ဖြစ်ခဲ့တာက ဘီးလင်းမြို့နယ် တရားရုံးမှာ။ တရားခံက ကော့ကရိတ်မြို့နယ် တရားရုံးက လက်နက်မှုနဲ့ ထောင်ကျလာပြီး နောင်ရိုးဆိုတဲ့ ကြံစိုက်ပျိုးရေး ရဲဘက်စခန်းမှာ 'ပြစ်မှုကြွေးချွေးဖြင့် ဆပ်' နေရတဲ့ ဖိုးကုတ်ဆိုတဲ့ ကောင်ကလေး။ တစ်နေ့သားမှာ ရဲဘက်စခန်းက ထွက်ပြေးခဲ့ရော။ နယ်မြေမကျွမ်းရှာတော့ သဲဖြူချောင်းတံတားမှာတင် ဒေသခံပြည်သူစုစက ချက်ချင်းပဲ ပြန်ဖမ်းမိခဲ့ပါလေရော။ ရဲဘက်ပြေးမှု၊ ပုဒ်မ ရာ-၂၂၄ နဲ့ နောက်မှုရင်ဆိုင်ရသဗျား''

''အင်း ... ဟုတ်ပြီ။ ဇာတ်လမ်းကတော့ စပြီ''

''အခုလိုပဲ ဘီးလင်းမြို့နယ် တရားရုံးကို အမှုရင်ဆိုင်ဖို့ ရုံးထုတ်သွားတဲ့အခါ 'မူလအမှုကို ထောင်ဒဏ်ကျခံနေဆဲဖြစ်သည်။ ရုံးရှေ့မလွတ်ရ' လို့ မှင်နီမှတ်ချက်ကြီးနဲ့ ထောင်ပုံစံ (၂၁၀)နဲ့ပဲ လွှဲအပ်ပို့ပေးလိုက်တာပါပဲ''

''အဲဒီတော့''

''အတွေ့အကြုံ အလွန်အင်မတန်နုတဲ့ တရားသူကြီးမင်းက ဖိုးကုတ်ရဲ့ ရဲဘက်ပြေးမှုကို ဒဏ်ငွေလောက်ရိုက်ပြီး အပြီးအပြတ်လွှတ်ပစ်ခဲ့သဗျ။ ရုံးရှေ့လွတ်နော်။ ဘာပြောကောင်းမလဲ။ မောင်မင်းကြီးသား ကိုယ်တော်မြတ် ဖိုးကုတ်က သူ့ဇာတိ ကော့ကရိတ်ကို တန်းခနဲ ပြန်ပြေးပါလေရောလား''

''ကဲဗျို့ ... ကျုပ်တို့ မကော့ဂျာနဲ့ဖြစ်ပုံချင်း တစ်ထပ်တည်း တစ်ဖြတ်တည်းပါပဲကလား။ နောက်တော့ ဘာဖြစ်သွားကြသေးသတုန်း''

''အဲဒီတုန်းကလည်း ထောင်ကျရုံးထောင်မှူးဖြစ်တဲ့ ကျွန်တော်ရယ်၊ စီအာအို ဒုရဲအုပ်ကလေးရယ် ဟာ အခုလိုပဲ ကော့ကရိတ်အထိ သွေးရူးသွေးတန်းနဲ့ ဖင်သီတန်းအောင် ပြေးလိုက်ကြရတာပါပဲခင်ဗျာ''

''ပြန်မိခဲ့ကြရဲ့လား''

''ကံအားလျော်စွာ ပြန်မိခဲ့ပါရဲ့။ ကောင်ကလေးကလည်း ရိုးရိုးသားသား အဲဒီအချိန်တုန်းက ပြည်နယ်တရားသူကြီး ဥက္ကဋ္ဌဟောင်း ဖြစ်ခဲ့ဖူးတဲ့ အဘဦးမန်းသင့်နောင် [စာရေးဆရာကြီး မန်းသင့်နောင် (ကော့ကရိတ်)]ကလည်း ထိထိရောက်ရောက် အကူအညီပေးခဲ့လေတော့ အသာတကြည်ပဲ ရဲဘက်စခန်းကို ပြန်ခေါ်လာနိုင်ခဲ့ကြပါရဲ့။ အောင်မယ် ... ကောင်ကလေးရဲ့ မိဘများအိမ်မှာပဲ ညအိပ်ညဉ့်နေတည်းခဲ့ရပြီး ထမင်းသုံးနပ်တောင်မှ စားခဲ့ရပါသေးသဗျား''

''ဟူး ... တော်သေးရဲ့ဗျို့။ အဲဒီတော့ ဘယ်လိုများ အရေးယူခဲ့ကြသတဲ့လဲ ထောင်မှူးကြီးရဲ့''

''ဖိုးကုတ်ကတော့ မသိလို့ သူ့ရပ် သူ့ရွာကို ပြန်သွားတဲ့ဟာ ဘာအဖြစ်ရှိရှာပမတုန်း။ ရဲဘက်စခန်းဆီ ပြန်ခေါ်လာခဲ့ရုံပါပဲ။ ကောင်ကလေးကလည်း ကောင်းကောင်းမွန်မွန် ပြန်လိုက်လာခဲ့ပါတယ်။ အဲ ... စီအာအို ဒုရဲအုပ်ကလေးနဲ့ တရားသူကြီးတို့ကတော့ဖြင့် ဌာနဆိုင်ရာ စစ်ဆေးမှု ခံရပြီး အရေးယူခံခဲ့ကြရသဗျ။ ထိုက်

www.burmeseclassic.com

www.burmeseclassic.com

သင့်ထိုက်ရာအပြစ်ပေးခံခဲ့ကြပုံပါပဲ''

''အင်း ... အဲဒါကိုပဲ ကျုပ်မယ် ကျုပ်လက်အောက်က ရဲအရာရှိတွေ၊ အကြပ်ကြီးတွေကို ခဏ ခဏ တဖွဖွသတိပေးနေရတာဗျို့။ ရာဇဝတ်မှုဆိုတာမျိုးဟာ ကိုယ်က တပ်သက်သက် ကျူးကျူးလွန်လွန် ချိုးဖဲ့ဖောက်ဖဲ့လုပ်မှသာ အပြစ်ရှိတတ်တာ မဟုတ်ဘူးလေ။ တာဝန်ရှိတဲ့လူက ကိုယ့်တာဝန်အလျောက် လုပ်သင့်လုပ်အပ် လုပ်ကောင်းရာတွေကို လုပ်သင့်တဲ့အချိန်မှာ လုပ်ဖို့ ပျက်ကွက်ခဲ့ရင်၊ အဲ ... သတိမမူ ဂရုမမြင် မောဟဖိစီးပြီး မေ့မေ့လျော့လျော့နဲ့ လုပ်သင့်တာတွေ မလုပ်မိခဲ့ရင်လည်း အပြစ်ပဲဗျ။ ပုံမတော်ရင် ရာဇဝတ်မှုတောင် ဖြစ်တတ်သေးတာရယ်။ 'မသိလို့ပါဗျာ'လို့ ဆင်ခြေမပေးနဲ့။ ဥပဒေက အဲဒီလိုကြောင်းကျိုးမဲ့ဆင်ခြေပေးမှုတွေကို လုံးဝလက်မခံဘူးဗျ''

စခန်းမှူးကြီးက တွေးတွေးဆဆ ပြောနေသည်။

''ကဲ ... ကိုတင်ထွေးရေ ဝေဖန်ရေးနဲ့ လေကန်ရေးကို လျှော့ပြီး ခင်ဗျားရဲ့ကျေးဇူးရှင်မ မကော့ကျာတစ်ယောက် အခွင့်ကြုံခိုက် ကြက်ပျောက် ငှက်ပျောက် မပျောက်သွားပါစေနဲ့လို့သာ ဘုရား၊ တရား တပြီး ပုတီးနာနာစိပ်နေပေရော့''

''အဲဗျာ ... ခုအတိုင်းတောင် ဒူးတုန်နေပါတယ်ဆိုမှပဲ ထောင်မှူးကြီးက တစ်မှောင့်''

''ဟား ... ဟား ... ဟား ဟား''

ရယ်လို့သာ ရယ်လိုက်ကြရသည်။ ရယ်သံတွေ၌ အားမပါ။ အားမရှိချင်။

ဘယ်လိုရယ်ဖြစ်ဖြစ် ဥပဒေသဘော၊ မှုခင်းရှုထောင့်အမြင်၌ 'မောဟဂတိ၊ မသိမမြင် သတိမမူ ပေါ့လျော့ခြင်း' ကြောင့် မှားမှားယွင်းယွင်းဖြစ်ခဲ့ရသည်ဆိုသည့်တိုင် အမှားက အမှား။ သည်အမှားအတွက် တံ့ပြန်ပေးဆပ်ရဦးမည်ကား အသေအချာပင်။

၃။

''ဟိတ် ... မကော့ကျာ''

''သြော် ... ဆရာထောင်မှူးကြီးပါကော''

ကျွန်တော်၏ ခေါ်သံကြောင့် လှည့်အကြည့်၌ သူဆရာထောင်မှူးကြီး ကျွန်တော့်ကို မြင်လေလျှင် ဝမ်းသာအားရ ဝင်းခနဲလင်းပြက်သွားသည့် မကော့ကျာ၏ မျက်နှာထက်၌ မည်သို့သော မဟုတ်မဟပ်တွေ၏ အရိပ်အယောင်ကိုမျှ မမြင်၊ ပကတိကြည်စင်လွန်းလှ၏။

''အဲ ... မကော့ကျာက ရုတ်တရက်ကြီး လွတ်ပြီး ပြန်လာခဲ့ရတာမို့ ဆရာထောင်မှူးကြီးတို့၊ ထောင်မှူးမမတို့၊ ဆရာမလေးတွေတို့ကို နှုတ်မဆက်ခဲ့ရတာ စိတ်ထဲမကောင်းဘူးရယ်။ မနက်ဖြန်တောင်တန်းစီး အမေခေါ်နန်မိုင်ကြီးရယ်၊ အားဘူထုရယ်၊ ထန်ဇက်ရယ်၊ အိအိမော်ရယ်ကို ထောင်ဝင်စာလာတွေ့ရင်းနဲ့ ဆရာထောင်မှူးကြီးကို မကော့ကျာ လာကန်တော့ဦးမလို့ စိတ်ကူးနေမိသေးတာကော။ ဒါနဲ့ ဆရာထောင်မှူးကြီးက မကော့ကျာတို့အိမ်ကို ဘယ်လို လုပ် သိနေတာလဲ။ တစ်ခါမှလည်း မရောက်ဘူးဘဲနဲ့''

''ရွာလူကြီးနဲ့က ခင်သလေ။ ရွာလူကြီးပဲ လိုက်ပို့တာပေါ့''

မကော့ကျာ၏အမူအရာတွေက ဝမ်းသာအယ်လဲ၊ အပြစ်ကင်း၊ ဖော်ရွေပျူငှာရှိလှသည်။ ကျွန်တော့်စိတ်ထဲဖြင့် မည်သို့မျှမကောင်း။ မျက်နှာကလည်း ရေနွေးအပက်ခံလားရသ

www.burmeseclassic.com

www.burmeseclassic.com

လို ပူရှိန်းကြီး။ ရွာလူကြီး အဘဦးယိန်းဘောင်ခမျာလည်း အကျိုးသင့် အကြောင်းသင့် သိနှင့်ထားပြီး ဖြစ်လေရာ မျက်ကြောတွေ လျှော့ပြီး ဇွတ်အတင်းသွားဖြဲပြုံးပြနေရသည့် တိုင် သူသွားမည်းချိတ်ချိတ်ကြီးတွေ ပေါ်နေရုံမှတစ်ပါး အသက်မဝင် စေးဝေးပိုင်ပိုင်မရှိလှ။

ကျွန်တော်တို့ အဖွဲ့တွေအားလုံး ရွာလူကြီး၊ အဘဦးယိန်းဘောင်၏ အိမ်ဝိုင်းကွက်ထဲမှာပင် ယာယီစခန်း ချနေရစ်ခဲ့ကြ၏။ ရုတ်ရုတ်သဲသဲ မဖွယ်မရာတွေ ဖြစ်ကုန်ကြမည်စိုး၍ ထိုသို့ စီစဉ်ခဲ့ရခြင်းဖြစ်သည်။

"နေပါဦး။ လူတွေများလှပါ မင့်ကလား မကော့ဂျာရဲ့။ ဘာပွဲရှိလို့လဲ။ခေါင်ရည်ပွဲများရှိနေကြသလား"

ဟုတ်၏။ မကော့ဂျာတို့ တစ်အိမ်လုံး ယောကျ်ား၊ မိန်းမတွေ တရုန်းရုန်းဖြင့် ပြုံးကြ ပျော်ကြ မြူးတူးခတ်နေကြသည်ကိုး။ စားဝိုင်း သောက်ဝိုင်းတွေနှင့်၊ အောက်လင်း မီးအိမ် ရှူးရှဲကြီးအဖွေးသားနှင့်။

"ထောင်ကလွတ်လာလို့ ... တဲ့။ ရိုးရာကန်တော့ရင်း မင်္ဂလာခေါင်သောက်နေကြတာကော ဆရာ။ ဟော ... နေဦး။ ဟိုးမှာ မကော့ဂျာရဲ့ အမျိုးသားဆင်းလာနေပြီ။ ဆရာ ထောင်မှူးကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်။ လာကြ ... လာကြ။ ရွာလူကြီးရော၊ ထောင်မှူးကြီးရော အိမ်ပေါ် တက်ကြတာပနော။ မကော့ဂျာ စည်ခံပါရစေ"

"ဖြည်းဖြည်းပေါ့ မကော့ဂျာရယ်။ ကြုံတောင့်ကြုံခဲ ရောက်လာပြီးမှဖြင့် တဝတပြစားသောက်ပြီး ပြန်မှ ဖြစ်တော့မပ။ အဲ ... ဒါနဲ့ မကော့ဂျာရဲ့ အမျိုးသားကို ခေါ်လိုက်စမ်းပါဦး။ ဒီမှာတင်ပဲ တိုးတိုးတိတ်တိတ်ကြိတ်ပြီးပြောစရာစကားကလေး ရှိနေသေးလို့"

"အေး ... ဟုတ်ပ။ ဆရာ"

သူမခမျာ ဟန်လည်းမပျက်၊ မူလည်းမပျက်။ ကျွန်တော်တို့ကို ကျေးရာ၊ မွေးရာ၊ စည်ခံရအံ့နဲ့ မြူးရွင်သွက်လက်နေ၏။ မကော့ဂျာအား ထိုမျက်နှာမျိုးကလေးနှင့် မြင်နေရလေလေ ကျွန်တော်၏ နှုတ်လျှာဖွင့်ဖို့က ရှဲ့တွန့်တွန့်ဖြစ်ရလေ။

သို့ဖြင့် မကော့ဂျာ၏အမျိုးသား ဝတ္တုတ်ကြီးကလည်း ဗမာစကား မပို့တပိုဖြင့် အယ်လဲကျောက်ဂျက် နှုတ်ဆက်လာရှာသည်။ ရွှန်းရွှန်းကိုဇေလို့။

"ကဲ ... မကော့ဂျာရေ ... မပြောလို့ကလည်း မဖြစ်။ ပြောတော့ ပြောရဦးမှာပဲ။ သေချာနားထောင်နော်။ မရှင်းရင်လည်း ပြန်မေးပေါ့"

"အေး ... ဆရာ"

"မကော့ဂျာရဲ့အရင်အမှုက ပြစ်ဒဏ် ဘယ်လောက်ချလိုက်တာ တဲ့လဲ။ သိရဲ့လား"

"တစ်ပေါင်းတည်း ခုနစ်နှစ်ပ။ ဆရာထောင်မှူးကြီး"

"သေချာတယ်နော်"

"အေး"

"ဒါဖြင့် အခုထိ မြစ်ကြီးနားထောင်ထဲမှာ မကော့ဂျာ ဘယ်လောက်လောက်များ နေခဲ့ပြီပတုန်း"

"တစ်နှစ်ခွဲကျော်ကျော်။ အဲ... နှစ်နှစ်တော့ မပြည့်တတ်ချင်သေးဘူးရယ်။ နော ... အစ်ကိုကြီး"

သူလင်တော်မောင်ဘက် လှည့်၍ အတိုင်အပင်ပြုလိုက်ရသေးသည်။ သူလင် ဝတ္တုတ် ပြန်မဖြေ။ ပြုံးရုံပဲ ပြုံးနေ၏။

"အဲဒီတော့ ဘယ်လိုဖြစ်ဖြစ် အဲဒီပြစ်ဒဏ်အတွက် ထောင်ထဲမှာ နေရဦးမယ့်ရက်တွေက ကျွန်နေသေးတာကို မကော့ဂျာလည်း သိနေမှာပါနော်"

www.burmeseclassic.com

www.burmeseclassic.com

''အေး ... မနက်ဖြန် ထောင်ကို လာခဲ့ဦးမယ်ဆိုတာက အဲဒီကိစ္စလည်းပါသကော ဆရာ။ တရားသူကြီးက အရှင်းကြီးလွတ်ပြီပြော ပေတဲ့။ အရင်အပြစ်က ဘယ်လိုရှိဦးမတုန်းဆိုတာ စိတ်ထဲ မရှင်းလို့ ဆရာထောင်မှူးကြီးကို လာမေးမလို့လေ။ လွတ်လွတ်ချင်းတော့ ရုတ်တရက် အပျော်ကြီးပြီး အိမ်ဆီကို တန်းပြန်လာမိခဲ့တာပဲ။ အရင်တစ်ခါ ထောင်ကျတုန်းက လုပ်စရာ ကိုင်စရာ စီစဉ်စရာကလေးတွေကလည်း တန်းလန်းကျန်ခဲ့သကော။ အဲဒါကလေးတွေကိုလည်း စိတ်ပူလို့။ ဖြည်းဖြည်းချင်း စဉ်းစားကြည့်လိုက်တော့ ဟိုထောင်ခုနစ်နှစ်က အများကြီးကျန်နေသေးတာကိုးနော ...''

''အောင်မယ်လေးဟဲ့လေး'' မယ်မင်းကြီးမ စိတ်ထဲ ထိုစလုံးစုကြီး မတင်မကျဝင်နေသည်ကိုပင် တိတ်တိတ်ကလေး ကြိတ်၍ ကျေးဇူးတင်မိရပါသေး။

''အဲ ... မကော့ဂျာက ဘယ်ဆိုးလို့တုန်း။ အဲဒီလိုတောင် တွေးမိနေတာကိုး။ အဲဒီကျန်နေတဲ့ ပြစ်ဒဏ်ကာလအတွက်ပဲ အခုလာပြန်ခေါ်ရတာလေ။ လုပ်ပါဦး။ မကော့ဂျာတို့ကိစ္စပိစ္စတွေ ပြီးစီးတဲ့အထိ စိတ်အေးလက်အေးလုပ်ကြပါဦး။ ဆရာတို့လည်း စားရင်း သောက်ရင်း စောင့်ကြမယ်လေ။ ဗိုက်ဆာနေပြီကော။ ရုံးထွက်သွားတဲ့ မကော့ဂျာ ပြန်မရောက်လို့ ထောင်လည်း အခုထိ မပိတ်နိုင်သေးဘူး။ ဒီအတိုင်းတိုင်းကြီး မကော့ဂျာကို စောင့်နေကြရတာလေ''

''အိုး ... အားနာစရာတွေတော့ ဖြစ်ကုန်ပကော။ ကျေးဂျူးက ဘာဆိုင်ရော''

တော်ပါသေး၏။ မကော့ဂျာက သူ့အရေးသူကြိုတွေးလျက် စိတ်ပြင်ထားနှင့်၍ သိပ်လှုပ်လှုပ်ခတ်ခတ် မဖြစ်။ သူ့လင်ဝတ္တတ်ကြီးနှင့် ကချင်လိုရော၊ တရုတ်လိုပါ ကွိကွိကွကွတွေ ပြောနေကြသည်။ မျက်နှာကလေး အိုသွားသည်ကလွဲ၍လည်း သိပ်အခြေမပျက်လှ။

''ဆရာထောင်မှူးကြီးတို့ ဘာနဲ့ လာခဲ့ကြတုန်း။ ဘယ်သူတွေပါကြသေးတုန်း ... ဟင်''

''ကားနဲ့ ... မကော့ဂျာကို တာဝန်ခံရုံးထုတ်ပေးခဲ့တဲ့ စီအာအို ဆရာကိုတင်ထွေးတို့လည်း ပါလာကြတယ်။ ရွာလူကြီးအိမ်မှာ မကော့ဂျာကို စောင့်နေကြလေရဲ့''

''အဲဒါဆို ... မကော့ဂျာ အမျိုးသား နဲ့အခေါ်လွှတ်လိုက်မယ်လေ။ ဒီမှာ စားကြ သောက်ကြပြီးမှပဲ ထောင်ကိုပြန်ကြတာပ။ မကော့ဂျာ ပြန်လိုက်ခဲ့မယ်လေ။ အေး ...''

''ကောင်းသားပဲ''

ရင်ထဲက အစိုင်အခဲကြီး ဝုန်းခနဲ ပြုတ်ကျသွားသံကို ကိုယ့်ဘာသာ အတိုင်းသား ကြားလိုက်ရ၏။

သွေးရူးသွေးတမ်း ဝုန်းဝုန်းဒိုင်းဒိုင်းတွေ မဖြစ်ဘဲ သူ့အလိုလို ရေခဲနှင်းဆောင်း၊ အေးရာအေးကြောင်း ဖြစ်သွားခဲ့၍ 'ဟင်း' လုံးကြီးချလိုက်နိုင်ရတော့သည်။

''ကိုတင်ထွေး ... ကိုတင်ထွေး။ သင်းပေါ့ဆလိုက်မိတာက တစ်ချက်ကလေးရယ်။ သင်းရဲ့ ပြဿနာအရှုပ်ထုတ်ကြီးကို လိုက်သိမ်းရတာကဖြင့် သွေးရူးသွေးတန်း မဟားတရားကြီးပါပဲကလား။ ကံသီပေလို့။ မကော့ဂျာတို့ လင်မယားက သာ အကြဲအဖန် ကူလီကူမာသမားတွေဖြစ်နေခဲ့ရင် သူတို့တွေကို ဟောဒီကချင်တောင်တန်းကြီးတွေပေါ်မှာ ဘယ်လိုလိုက်ရှာရမလဲတောင် မသိ။ အင်း ... ကျေးဂျူးက ဘာဆိုင်ရော မကော့ဂျာရေ့။ ကျေးဂျူးကဘာဆိုင်''

ဟက်ဟက်ပက်ပက်ကြီး ပြောချလိုက်မိတော့သည်။

'ဝိ'။ အလိုလေး ... ယခုမှပင် ထောင်မှူးကြီး ကျွန်တော်၏ဗိုက်ထဲကအသံတွေ ပလုံစီပွက်ထလာတော့ပြီ။ ဟုတ်ပ။ ညကြီးသန်းခေါင်တိုင်တော့မည် ယခုအချိန်ကြီးအထိ ညစာရယ်လို့ ဘာတစ်ခုမျှ မဘာရသေးမကလားလေ။

ဒေးမျိုမင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နာနာဘာဝကလိုစားဇော

မောင်မြိုင်းညို(ချောင်းဦး)

ရွာထဲဝင်လာသည့် ကြောက်မက်ဖွယ် ခွေးအူသံကြီး ...

လူသေအလောင်းကောင်၏ မျက်နှာတစ်ခြမ်း ကုန်အောင် စားသွားသည့် ခွေးနက်ကြီးတစ်ကောင် ...

ထိုအထိတ်တလန့် ဖြစ်ရပ်ကြောင့် ကွန်နောက်တစ်ရွာလုံး ချောက်ချားသွားရသည်။

ညစဉ်ညတိုင်း အသက်မွဲ ပြင်းပြင်း မရှူရဲအောင် ကြောက်လန့်ငြိမ်သက်နေခဲ့ရသည်။

ကျတ်ကုန်းမြေ၊ မူးကပ် ဝင်ရောက် ပြောဆိုမှုနှင့် ရက်ရက်စက်စက် ကလဲ့စားချေခြင်းတို့က ထိုဖြစ်ရပ်နှင့် ဆက်နွယ်နေခဲ့သည်။

ခေတ်အတွေး ခေတ်အမြင်ဖြင့် တွေးမြင်ကာ မယုံကြည်သူရှိသလို နာနာဘာဝတို့ ကလဲ့စားချေခြင်းဟု လက်ခံယုံကြည်သူတွေလည်း ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကြောက်လန့်စရာ ထိုဖြစ်ရပ်က ကွန်နောက်ရွာလေးတွင် အစီအစဉ်ကျနစွာ ဖြစ်ပေါ်လာခဲ့ပါတော့သည်။

(တစ်)

"ငတ္တာခြေထောက် ဓားခုတ်မိလို့တဲ့"

အော်ဟစ် ပြောဆိုသံများကြောင့် မိစန်း အိပ်ယာမှ ဖျတ်ခနဲ ထကြွလာသည်။

ရွာအနောက်ထိပ်မှာ လူတွေ ရုံးစု ရုံးစု ဖြစ်နေ၏။ မိစန်း ပြေးသွားသည်။

"နင့် ယောကျ်ားခြေထောက် ဓားထိလို့တဲ့"

ပြေးလာသောမိစန်းကို မိန်းမတစ်ယောက်က ဆီးပြောသည်။

ကြားသော်လည်း မသိ၊ အသက နောက်မှာကျန်ခဲ့သည်။ မိစန်း၏ အာရုံက လူထက်မြန်နေသည်။ ရပ်ကြည့်နေသူအချို့ကို တိုးဝှေ့၊ ရှေ့ဆုံး ရောက်သွားသည်နှင့် မလှပသောမြင်ကွင်းနှင့် ပက်ပင်းဆုံလိုက်ရသည်။

စောင်ပုခက်တစ်ခုကို ဝါးလုံးဖြင့် လျှိုး၍ လူနှစ်ယောက် ရှေ့နောက် ထမ်းလာသည်။ စောင်ပုခက်ထဲမှာ သူယောကျ်ား ငတာ၊ မျက်စိစုံမှိတ်၍ ညည်းညူနေသည်။

"လမ်းဖယ် ... လမ်းဖယ်"

အပြေးအလွှား ထမ်းလာသူတွေက အော်ပြောသည်။

မိစန်း ပုခက်ကိုကိုင်ရင်း အပြေးလိုက်လာသည်။

စိုးရိမ်စိတ်တွေနဲ့ ယောကျ်ားမျက်နှာကို မပြတ်တမ်းကြည့်လာသည်။ ငိုသံပါကြီးနှင့် "ယောကျ်ား၊ ယောကျ်ား" ဟု အဆက်မပြတ် ခေါ်လာသည်။

အိမ်ခြံဝရောက်တော့ မိစန်း ပုခက်ကို လွှတ်လိုက်သည်။ သူ့အိမ်သေးသေးလေးဆီ ဦးအောင်ပြေးသွားသည်။ လှေကားမရှိ၊ တစ်တောင်ခန့် သစ်တုံးတို့ကို နင်း၍ အိမ်ပေါ်တက်သည်။ အိမ်ဆိုသော်လည်း ဘုရားစူးအိမ်၊ ဝါးတိုင်ထူ၊ ဝါးအဆင့်၊ ဝါးကြမ်းခင်း၊ ထုတ်၊ လျောက်၊ ဒိုင်း၊ မြား၊ ဝါးချည်းသာဖြစ်သည်။ ဝါးထရံကာ၍ သက်ငယ်မိုးထားသည်။ ဖျာနှစ်ချပ်စာသာ ကျပ်သည့်အိမ်ကို အလယ်က ထရံကာထားသည်။ ရှေ့ဘက်က ဘုရားစင်နှင့်ခည့်ခန်း၊ နောက်ဘက်က အိပ်ခန်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မိစန်း အတွင်းခန်းဝင်သွားသည်။ သူတို့အိပ်သည့်ဗျာအဟောင်းကို ထုတ်လာကာ ဘုရားစင်အောက်မှာ ခင်းသည်။ အစွပ်မရှိ၊ မည်းညစ်နေသော ခေါင်းအုံးကို ချသည်။

ထမ်းလာသူတွေက အိမ်ရှေ့မှာ ရပ်၏။ ငကောကို ပုခက်အတွင်းမှ ထုတ်ကာ နှစ်ယောက်ပွေ့ချီ၏။ ဘုရားခန်းမှာ ရှေ့အကာအရံမရှိသဖြင့် ဗျာပေါ်သို့ အောတ်မှပင် လှမ်း၍ တင်လိုက်သည်။

''လယ်ထိပ်က မအူပင်ကို လှဲနေတာ။ အားလွန်ပြီး သူခြေထောက်ကို ပြန်ခုတ်မိတာပဲ''

လူနာထမ်းလာသူ တစ်ယောက်က ဒဏ်ရာပေါ်မှ ပုဆိုးစုတ်ပိုင်းကို ဖြေရင်းပြောသည်။

ဒဏ်ရာကများသည်။ ဘယ်ခြေဖမိုးတစ်ခုလုံးကို ကန့်လန့်ဖြတ် ခုတ်မိထားသည်။ ဒဏ်ရာဟက်ပက်ကြားမှ နီပျစ်ပျစ်သွေးတွေ စိမ့်ယိုထွက်နေဆဲဖြစ်သည်။

''ကုက္ကိုရွက်တွေ ခူးလာတယ်။ ငရုတ်ဆုံဆေးပြီး ထောင်းလိုက်''

မိစန်း ကုက္ကိုရွက်တွေကို ထောင်းပြီးပေးသည်။

လူကြီးတစ်ယောက်က အနာပေါ် အုံကာ ပုဆိုးစုတ်ဖြင့်ပင် ပြန်စည်းလိုက်သည်။ ငတောကတော့ မျက်စိမှိတ်၍ ညည်းညူနေဆဲ။

တကယ်တော့ သူတို့အားလုံး

တစ်ခုခုကို သိနေကြသည်။ နိုးထင့်နေကြသည်။

တော စာရင်းဌားလုပ်သည့် လယ်က လယ်ဆိုး၊ ကျတ်ကုန်းမြေ၊ မည်သည့်ကာလကတည်းက ကျတ်ကုန်းမြေဟု အမည်ပညတ်ထားသည်မသိ။ ပြိတ္တာဘုံသား ကျတ်များ နေထိုင်သည့်နေရာဟူသော အစွဲက ဘိုးဘွားဘီဘင်ကတည်းကပင် ရှိခဲ့သည်။

သည်ကျတ်ကုန်းမြေမှာ အပေါ့အလေးပင် အရမ်း မစွန့်ရဲကြ။ တောင်းပန်တိုးလျှိုးပြီးမှ စွန့်ရ၏။ ထင်းအလို့ငှာ သစ်ကိုင်းသစ်ခက် ခုတ်လျှင်လည်း နတ်နေကိုင်း တစ်ကိုင်းတော့ မဖြစ်မနေချန်ထားရ၏။ အခု တောလုပ်ပုံက မအူပင်တစ်ပင်လုံး လဲသည့်ကိစ္စ။ ရိုးရိုးက ခြေချော်လက်ချော်ဖြစ်ပြီး ခုတ်မိသည် ဆိုလျှင် ပြဿနာမဟုတ်။ ကျတ်တို့ မကြိုက်၍ ကိုယ့်ကိုယ်ကို ခုတ်မိအောင် လုပ်လိုက်သည်ဆိုလျှင်တော့ တကယ့်ပြဿနာ။ ဤအချက်ကို တွေး၍ စိုးတထိတ်ထိတ်ဖြစ်နေရခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် လူမမာမေးရောက်လာသော တောဂ၏အစ်မ မကုလားမကို ကျတ်ဝင်ပူးလေသည်။

ကျတ်ဝင်ပူးသည့်အချိန် သုံးလေးမိနစ်ခန့်အတွင်း မကုလားမ၏ အသံမှာ နဂိုမူလအသံမဟုတ်တော့ဘဲ အသံသေးသေး စူးစူးသို့ ပြောင်းလဲသွားခဲ့၏။

''ငါတို့မိသားစုနေတဲ့ သစ်ပင်ကို ခုတ်လဲတဲ့ကောင် ဒုက္ခကြေစေရမယ်။ ငါ့သားသမီးတွေရဲ့ခြေထောက်နဲ့မျက်နှာ ဒဏ်ရာရသလို နင့်ကိုလည်း ရစေရမယ်''

ဟုပြောပြီး ပူးကပ်နေသူက မကုလားမထံက ထွက်သွားသည်။

နားလည်သူများ၏ တိုက်တွန်းချက်အရ မိစန်းတစ်ယောက် ကြက်ဖို ကြက်မ ရှာရတော့သည်။ ကျတ်တို့ကို အကျွေးအမွေးဖြင့် တောင်းပန်ဖို့ဖြစ်သည်။ ကံဆိုးသည်ဟုပဲ ဆိုရမည်။ ကြက်ဖိုရသော်လည်း ကြက်မက မရ။ သည်လိုနှင့် ချက်ချင်း မတောင်းပန်နိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com

ညနေပိုင်းတွင် တော့တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလာသည်။ ညဦးပိုင်းတွင် ကယောင်ကတမ်း တွေပြောလာသည်။ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်လာသည်။

ထိုညမှာပင် ကျတ်ကုန်းမြေဘက်ဆီက ခွေးအူသံကြီးကို စ၍ကြားရသည်။ ထိုအူသံကြီးက ညသန်းခေါင်ယံလောက်တွင် ရွာခြေသို့ တဖြည်းဖြည်း ကပ်လာပြီး ရွာထဲသို့ ဝင်လာသည်။ ရွာမြောက်ဖျားမှ တောင်ဖျားသို့တိုင် အူသွားသည်။ ခွေးအူသံကြီးက ကြက်သီးထမျှ ထိတ်လန့်စရာကောင်းသလို ခွေးနက်ကြီးမှာလည်း သာမန် ခွေးအရွယ်အစားထက် တစ်ဆခန့် ပိုမိုကြီးမားသည်ဟုလည်း ပြောကြ၏။

နောက်နေ့နံနက်တွင်တော့ စာရင်းငှား ဝေဘာ၏အဖြစ်အပျက်နှင့် ခွေးအူသံကြီးအကြောင်းက ကွန်းဆောက်တစ်ရွာလုံး ချောင်ကြိုချောင်ကြားမကျန်မကျန် ပျံ့နှံ့သွားပါတော့သည်။

(နှစ်)

မအူပင်မှာ အကိုင်း၊ အခက်တွေ မရှိတော့။ ထိပ်မှာလည်း ငုံးတိ။ ပင်စည်တဖြောင့်တည်းသာ ကျန်ခဲ့သည်။ ပင်စည်အောက်ခြေမှာ သောက်ရေအိုးအလုံးခန့်ရှိပြီး တစ်ဝက်ကျော်ကျော် ခုတ်ပြီးနေပေပြီ။

နေမွန်းတည့်ကျော်သည်နှင့် ဦးမောင်မြင့်နှင့် အဖော်တစ်ယောက် မအူပင်အောက်ရောက်လာသည်။ ပါလာသည့် ပစ္စည်းပစ္စယတွေကို အသာချပြီး မြေပြင်ကို အနည်းအကျဉ်း ရှင်းလင်းသည်။

ကျင်းငယ် ခြောက်ကျင်းကို စကောဝိုင်းပုံ ပတ်လည်တူးပြီး ခုနစ်ကျင်းမြောက်ကျင်းကို အလယ်တွင် စူးလိုက်သည်။ ၄က်ပျောဖက်များကို ကျင်း (၇)ကျင်းအပေါ်တွင် ခင်း၍ ထမင်းနှင့် ကြက်သားဟင်း ထည့်ပုံပေးသည်။ အသည်းအမြစ်၊ ခြေထောက်၊ ခေါင်းနှင့် တောင်ပံဖျားများကိုမူ အလယ်ကျင်း၌သာ ပုံရ၏။

ထည့်မချက်ရသည့် အူနှင့် အခြားကလီစာများ၊ ကြက်မွေးနှင့် ခြေသည်းများ ရောထုပ်ထားသော အစိမ်းထုပ်ကို သပ်သပ်ထား၏။

အရက်တစ်ခွက်ငဲ့ထားပေးပြီး ပုလင်းကို ဝိုင်းအလယ်တွင် ထောင်၏။

အစားအသောက်များ ပြင်ဆင်ပြီးသည်နှင့် ကြေးမောင်းလေးကို ယူကာ တီးလိုက်သည်။

"နောင် ... နောင် ... နောင် နောင်"

"ဆရာကြီးများခင်ဗျား ... လာကြပါ၊ စားသောက်ကြပါ။ မလာနိုင်ဟဲ့ပုဂ္ဂိုလ်များရှိရင်လည်း ကျောပိုးခေါ်ခဲ့ပါ။ ဒါ အရက်၊ ဒါ အကျက်၊ ဒါ အစိမ်း ကြိုက်ရာသုံးဆောင်ပါ"

ဖိတ်ခေါ်ပြီးသည်နှင့် ရေတစ်ဖလား မြေ၊ါလောင်းချပြန်သည်။

"ခြေလက်ဆေးလိုက်ကြပါဦး"

ထို့နောက်တွင်တော့ ခေတ္တမျှငြိမ်ဆိတ်သွားသည်။

အတန်ကြာမှ ဦးမောင်မြင့်က တောင်းပန်စကားဆိုလိုက်သည်။

"ဆရာကြီးတို့ခင်ဗျား ... လယ်ရှင်နှင့်တကွ ဤလယ်မြေမှာ လုပ်ငန်းလုပ်ကိုင်သူအားလုံးကို ဘေးဒုက္ခအန္တရာယ်မကျရောက်အောင် စောင့်ရှောက်ပေးပါခင်ဗျား။ ဘေးဆိုးရန်ဆိုးဟူသမျှကိုလည်း ရှင်းလင်းဖယ်ရှားပါခင်ဗျား။ အထူးသဖြင့် မလိမ္မာတစ်ခါမိုက်မဲခဲ့တဲ့ မောင်တာရဲ့အပြစ်ဟူသမျှကို ဗွေမယူကြပါနဲ့ခင်ဗျား။ သည်းခံပါခင်ဗျာ၊ စောင့်ရှောက်ပါခင်ဗျား။ မောင်တာ့အပေါ် ကျရောက်နေတဲ့ ဘေးဆိုးရန်ဆိုးတွေကိုလည်း သနားညှာတာသောအနေနဲ့ ရုပ်သိမ်းပေးရန် တောင်းပန်အပ်ပါတယ်ခင်ဗျား"

မြန်မာလယ်သမားတိုင်း ပုန်းမကြည်နတ်ကို တင်မြှောက်ပသတတ်ကြသည်။ ပုန်းမကြည်နတ်က ကောက်ပဲသီးနှံကို ဖြစ်ထွန်းစေသည်။ စိုက်ပျိုးထားသည့် အပင်၊ အပွင့်၊ အသီးတို့ ပွားများကောင်းမွန်အောင် စောင့်ရှောက်ပေးသည်ဟု ဆိုစမှတ်ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျတ်ကုန်းမြေတွင် လုပ်ကိုင်သော လယ်သမားတို့ကား ပုန်းမကြည်နတ်တင်ရုံသာမက ဝါဝင် ဝါထွက်၊ လယ်ဝင်လယ်ထွက်တိုင်း ကျတ်တို့ကိုပါ ကျွေးရမွေးရသည်က အလေ့အထဖြစ်နေခဲ့ပေပြီ။

ထိုသို့ကျွေးမွေးရာတွင် ကျတ်တို့ကို 'ကျတ်' ဟုမခေါ်။ ရိုသေသမှုဖြင့် 'ဆရာကြီး' ဟုသာ ခေါ်ဝေါ်ကြသည်။ 'ဆရာကြီးတင်သည်'၊ 'ဆရာကြီး ကျွေးသည်' ဟု သုံးနှုန်းကြ၏။

သည်လိုကျွေးမွေးမှ ကျတ်တို့သဘောကျ၏။ လယ်လုပ်ငန်း ပြီးဆုံးသည်ထိ ဘေးကင်းရန်ကင်း လုပ်နိုင်ကြ၏။ လယ်ရှင်ကြောက်တတ်လျှင် အဆိပ်မရှိသော ရေမြွေ၊ မြွေပတုတ်ပင် သည်လယ်မြေမှာ မမြင်ရတတ်။

မကျွေးမမွေး၊ အရိုအသေ မပြုဘဲ လယ်လုပ်ခွင်ဆင်းလာပြီဆိုရင်တော့ အန္တရာယ်မျိုးစုံ၊ ဘေးဒုက္ခမျိုးစုံ အသင့်ကြုံနေတတ်သည်။ သည်အစွဲအလမ်းကြောင့်လည်း မိစန်းတစ်ယောက် မိုးမလင်းမီကပင် ဒေါင်းတောက်ခဲ့ရသည်။ ကြက်မ တစ်ကောင် အသည်းအသန်ရှာခဲ့ရသည်။

ကြက်ဖို၊ ကြက်မ စုံပြန်တော့ ချက်အရက်၊ ချက်အရက်ရတော့ ဆန်ပြေးဝယ်ရ၊ ပိုက်ဆံမရှိတာ၊ ဆင်းရဲတာတွေ ပြောလို့မရတော့။ စားစရာမရှိ လျှော်စရာရှိရတော့၏။

ပစ္စည်းတွေ စုံတော့ နားလည်တတ်ကျွမ်းသူ ဦးမောင်မြင့်ထံ ပြေးရပြန်သည်။ ကျတ်ကို အကျွေးအမွေးနှင့် တောင်းပန်ဖူးရန် အကူအညီတောင်းရပြန်၏။

ဦးမောင်မြင့် ကျတ်ကုန်းမြေသို့ ထွက်သွားမှ ယောကျ်ားငတာအနီးကပ်နိုင်တော့သည်။

မွန်းလွဲနှစ်နာရီကျော်ကျော် တွင် ဦးမောင်မြင့် ပြန်ရောက်လာ၏။

''တောင်းပန်ခဲ့ပြီးပြီ။ နေကောင်းသွားမှာပါ''

ပြောသာပြောလိုက်ရသည်။ ဆရာကြီးတင်စဉ်က မထိမခိုက်မိဘဲ အရက်ပုလင်း လဲကျသွားပုံကို ဦးမောင်မြင့် မြင်ယောင်နေမိ၏။ ထို အဖြစ်ကြောင့် သူစိတ်တွေ လေးပင်နေသည်။

မိစန်းကတော့ ထိုအကြောင်းတွေကို မသိ။

ကျွေးမွေးတောင်းပန်ခဲ့ပြီးပြီ။ သူ ယောကျ်ားဆီက ဧရာဂါ၊ ဝေဒနာတွေကို ပြန်နတ်ယူကြမည်။ ထိုအခါ လူကောင်းပကတိဖြင့် အိပ်ရာထဲက ထလာတော့မည်။ သည်လိုပဲ တွေးထင်နေခဲ့သည်။

သို့သော် မိစန်းထင်သလို မဖြစ်လာခဲ့ပါ။

ငတ့်တစ်ကိုယ်လုံး အပူတွေ ပိုကြီးလာသည်။ သတိလစ် မေ့မျောသွားသည်ကလည်း မကြာခဏ။

ထိုညက ခွေးအူသံကြီးမှာ ပို၍ အသည်းတုန် ကြောက်မက်ဖွယ်ကောင်းလှသည်။ ငှက်ဆိုးထိုးသံတွေကလည်း တဂီးဂီးနှင့် ထိတ်လန့်စရာ။

ညသန်းခေါင်မတိုင်မီလေးတွင် ခွေးနက်ကြီး အိမ်ခုံရှေ့ ရောက်လာသည်။ အိမ်ဘက်လှည့်၍ ဆွဲဆွဲငင်ငင်နှင့် အဆက်မပြတ် အူသည်။ ထိုအချိန်မှာပင် ငှက်ဆိုးတစ်ကောင်က 'ဂီး' ခနဲ အော်သံကြီးဖြင့် အိမ်ပေါ် ထိုးစိုက်ချလိုက်သည်။

တစ်ချိန်တည်းမှာပင် ငလား တစ်ယောက် လူလောကမှ ပျောက်ခွာသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(သုံး)

ညဥ့်တစ်ဆွေက သူ၏အနက်ရောင်ခြုံထည်ကြီးကို ဖြန့်လိုက်သည်။ ထို့နောက် လောကကြီးအပေါ်သို့ လွှမ်းခြုံလိုက်၏။

ထိတ်လန့်စရာ အမိုက်မှောင်ကြီးတစ်ခု ကွန်းနောက်ရွာလေးပေါ် ကျရောက်သွားသည်။

"ဝူး ... အု ... ဝူ ... အူ အု ... အူ"

ချောက်ချားဖွယ်ရာ ခွေးအူသံကြီး။

ညပိုးပုရစ်တို့၏ 'တစီစီ' အော်မြည်သံတွေ ရုတ်ခြည်းတိတ်သွား၏။

ဆူဆူညံညံဖြင့် ညကို မင်းမူနေသည့် အသုဘဖဝိုင်းက အသံများထိတ်လန့်တကြား တိုးတိတ်သွားရသည်။

"ခွေးနက်ကြီးလာပြီ"

ချောက်ချောက်ချားချား ဒေသမူ အရာများက သူတို့မျက်နှာတွေပေါ်မှာ အထင်အရှား။

ကြောက်လန့်သူအချို့ အလျှို့အလျှို့ ထပြန်ကြသည်။

မရှိမဖြစ် အလောင်းစောင့်တစ်ဝိုင်းသာ ကျန်ခဲ့၏။

အိမ်ရှေ့ခန်းမှာ အလောင်းစင်နှင့် ပြည့်နေသဖြင့် ဖဝိုင်းက အိမ်ရှေ့မြေပြင်မှာဖြစ်သည်။

ကြောက်စရာအမှောင် ကြီးစိုးနေသော ညမှာ ငတ့်အလောင်း ခေါင်းရင်းက ဖယောင်းတိုင်မီးနှင့် ဖဝိုင်းက ဘက်ထရီဖန်ချောင်းလေး၏အလင်းသာ ကွက်ကွက်လေး လင်းနေသည်။

ချောက်ချားဖွယ် ခွေးအူသံကြီးက တဖြည်းဖြည်းဝေး၍ ဝေး၍ သွားသည်။

"ခွေးနက်ကြီး ကျတ်ကုန်းမြေဘက် ပြန်သွားပြီကွ"

ကြောက်ရွံ့ ထိတ်လန့်မှုတို့ အတန်အသင့် ပြေလျော့သွားကြသည်။

သည်လိုနှင့် သူတို့အာရုံတွေက ဖဲချပ်တွေနောက် လိုက်ပါသွားကြပြန်သည်။

ညက တစ်စထက်တစ်စ ပိုနက်လာသည်။

မည်မျှကြာသွားသည်မသိ။

မိစန်း တစ်ရေးနိုး၊ အိမ်ပေါ်လှမ်းကြည့်မိမှ မှောင်မည်းနေတာတွေ့ရသည်။

"သေနာကောင်တွေ .... အခွေလောင်းစင် မီးမရှိတာတောင် မသိဘူး"

နှုတ်ကကျိန်ဆဲရင်း ဖယောင်းတိုင်မီး သွားထွန်းဖို့ ပြင်သည်။

အတူအိပ်နေသူ မကုလားမကို နှိုး၍ခေါ်၏။

ဖဝိုင်းထဲမှ လက်နှိပ်ဓာတ်မီးနှင့် မီးခြစ်ခဏငှားရ၏။

သစ်တုံးတိုပေါ်မှ အိမ်ကြမ်းခင်းပေါ်အတက် ခြေတစ်ဖက်လှမ်းအတင်

ဝေ့ထိုးလိုက်သည့် ဓာတ်မီးရောင်အောက်မှာ ခွေးနက်ကြီးတစ်ကောင်က အလောင်းကောင်၏ခေါင်းရင်းဘက်မှာ။ ပါးစပ်ထဲမှာ စားလက်စအစာတွေ တန်းလန်းနဲ့ ဒေတ်မီးရောင်ဘက်လှည့်အကြည့် ...

"ဂဲ ... ဂဲ"

ဝမ်းခေါင်းသံကြီးနှင့် မာန်ဖီ။

"အမလေး"

မိစန်း တစ်ခွန်းပဲအော်နိုင်လိုက်သည်။

လဲကျမေ့မြောသွားသည်။

အော်သံ၊ ဆူသံ၊ လဲကျသံများကြောင့် အလန့်တကြား ရုတ်ချတ်

www.burmeseclassic.com

www.burmeseclassic.com

သဲသဲ။

ဖဝိုင်းကလူတွေ ပြေးလာသည်။

''ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ''

''ခွေးနက်ကြီး ... ခွေးနက်ကြီး''

မကုလားမက မိစန်းကိုပွေ့ထားရင်း အထစ်ထစ်အငေါ့ငေါ့ ပြောသည်။

ခွေးနက်ကြီးကား မည်သို့မည်ပုံ ပျောက်သွားသည် (သို့မဟုတ်)ထွက်ခွာသွားသည်ကို မည်သူမျှ မသိကြ။

''မရှိပါဘူး။ ခွေးနက်ကြီး မလာပါဘူး။ စိတ်ထင်လို့ပါ''

ပြောရင်းဆိုရင်း ဖယောင်းတိုင်မီးထွန်းလိုက်သည်။

''အား''

''အိုး''

''အမလေး''

ထိတ်လန့်တုန်လှုပ်စရာမြင်ကွင်း။

လူသေအလောင်းကောင်မှာ မျက်နှာတစ်ခြမ်း မရှိတော့။ သွေးခဲတရဲရဲဖြင့် ရုပ်ပျက်ဆင်းပျက်။ အသားအစအနတွေက အလောင်းစင်အောက်ကြမ်းပြင်ပေါ်မှာ အော်ဂလီဆန်စရာပြန့်ကြဲနေသည်ကို တွေ့မြင်ကြရပါတော့သည်။

(လေး)

''ငါတို့မိသားစုနေတဲ့ သစ်ပင်ကို ခုတ်လဲတဲ့ကောင် ဒုက္ခတွေ့စေရမယ်။ ငါ့သားသမီးတွေရဲ့ခြေထောက်နဲ့မျက်နှာ ဒဏ်ရာရသလို နင့်ကိုလည်း ရစေရမယ်''

မကုလားမကို ကျတ်ဝင်ပူးစဉ်က ထိုသို့ပြောခဲ့သည်။

ထိုအချိန်က တော မသေသေး။ ခြေထောက်ဒဏ်ရာကြောင့် ကယောင်ကတမ်းဖြစ်နေချိန်။

နာနာဘာဝပြိတ္တာကောင်ကား သူ့စကားအတိုင်း တိတိကျကျ ကလဲ့စားချေခဲ့ချေပြီ။

သူသားသမီးတွေ ခြေထောက်နှင့် မျက်နှာ ဒဏ်ရာရသလို တော့ကိုလည်း ခြေထောက်နှင့်မျက်နှာမှာ ဒဏ်ရာရအောင် လုပ်နိုင်ခဲ့သည်။

ပရလောကသား နာနာဘာဝတို့ ရှိကြောင်း ယုံကြည်သူ၊ မယုံကြည်သူရှိသလို ...

ငတာ၏အဖြစ်အပျက်များနှင့် ပတ်သက်၍လည်း နာနာဘာဝတို့ကလဲ့စားချေခြင်းဟူသည်ကို လက်ခံသူ လက်မခံသူ ကွဲပြားနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ...

ငတာ ဒဏ်ရာရသည့်ညမှ ကြောက်မက်ဖွယ် အူသံကြီးနှင့် ထူးထူးခြားခြားရောက်လာသည့် ခွေးနက်ကြီး၊ မကုလားမကို ကျတ်ဝင်ပူးခြင်း၊ အလောင်းကောင်၏ မျက်နှာတစ်ခြမ်း ခွေးစားခံရခြင်းအကြောင်းတို့ကတော့ ကွန်နောက်ရွာလေးမှာ ယနေ့တိုင် ကြက်သီးတထထနှင့် ပြောနေကြဆဲဖြစ်ပါတော့သည်။

[အထက်ပါအဖြစ်အပျက် အကြောင်းအရာကို ကြားသိရပြီးတဲ့ အချိန်ကစလို့ စာရေးသူရဲ့အသိစိတ်ထဲမှာတော့ ဝိညာဉ်ဘာဝ၊ နာနာဘာဝဆိုတာ မည်ကဲ့သို့ လက်ခံနားလည်ရလေမလဲဟူ၍သာ။]

မောင်မိုင်းညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်ဖော်သော လူသတ်မှု

ကာလ - ၁၉၅၆ ခု၊ စက်တင်ဘာလ အလယ်ပိုင်း။

ဒေသ - တောင်အာဖရိကနိုင်ငံ၊ နေတယ်(လ်)ပြည်နယ်၊ ပိုင်းတောင်းမြို့။

ပယောဂ - (၁၇)နှစ်အရွယ်၊ ကျိန်းအေကဲန်အမည်ရှိ မိန်းကလေးတစ်ယောက် ပျောက်နေသည်။

ဦးရုပဲလိုက်ပြေးသလား၊ အတင်းအဓမ္မခိုးယူခံရသလား၊ အလိုမတူဘဲ အဓမ္မအပြုခံရသလား။ အဲ ... နောက်ဆုံး လူသတ်ပဲခံရသလား၊ ဒါဆိုရင် အလောင်းက ဘယ်မှာလဲမသိ။ ရဲတွေကလည်း မသိ။ မိဘဆွေမျိုးလည်း မသိ။

ရဲတွေက လူပျောက်မှုအဖြစ် အမှုဖွင့်ထားသည့် ကျိန်း၏ဓာတ်ပုံကို တစ်နိုင်ငံလုံးရှိ ရဲစခန်းတွေကို ပို့ထားပြီး ကြေညာချက်တွေ ဖြန့်ထားသည်။ ဆွေမြေးမည်ဟု ကြေညာထားသည်မို့ မရေမရာ သတင်းတွေကတော့ ရလာသည်။ ဘာတစ်ခုမှ မခိုင်မာ။ သို့ဖြင့် အောက်တိုဘာ (၈) ရက်နေ့သို့ ရောက်လာသည်။ အခြေအနေက မထူးခြား။ လုံးဝ လက်လျှော့ရတော့မည့်အနေအထားမျိုး။ ကျိန်း၏ အစ်ကို ကိုလဲင်အေကဲန်ကလည်း နေ့တိုင်း စခန်းသို့ လာပြီး နားပူနားဆာလုပ်နေသည်။

သည်တုန်းမှာ ကိုလဲင်သည် သူငယ်ချင်းတစ်ယောက်ထံမှ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး နယ်(လ်)ဆင်ပါး(လ်)မား အမည်ရှိ နတ်ဝင်သည်ကြီးအကြောင်း ကြားသိလာရသည်။ ကိုလဲင်က ရဲမှူးကြီးကို အပူကပ်ပြီး ပါး(လ်)မားထံ သွားမေးကြသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိလေ၊ အရှုံးမှ မရှိတာ။

၁၉၅၆ ခု၊ အောက်တိုဘာလ (၉)ရက်နေ့။ ပရိသတ်က မနည်းမနော ရဲအရာရှိလေးဦးနှင့် မျက်မြင်သက်သေ (၄၆) ယောက်။ ပေါင်း လူ (၅၀)။ နေရာက ပါး(လ်)မား၏အိမ်။ ပါး(လ်)မားက နောက်ဖို့ကုလားထိုင်ပေါ်မှာ ထိုင်ပြီး သူကိုယ်ထဲသို့ ပျောက်ဆုံးနေသော ကလေးမ၏ဝိညာဉ်ဝင်ရောက် ပူးကပ်ဖို့ခေါ်လိုက်သည်။ မကြာလိုက်။ ဘာဆိုဘာမှမကြာလိုက်။ ပါး(လ်)မား၏ နှုတ်ခမ်းတွေ တဆတ်ဆတ် လှုပ်လာသည်။ စကားလုံးတွေ လိမ့်ဆင်းလာသည်။ သို့တစေ သူအသံမဟုတ်၊ ပျောက်ဆုံးနေသော ကျိန်း၏ အသံ။

''ကျွန်မ သေခဲ့ပြီးပါပြီ။ ကျွန်မကို ကလားရဲန်(စ်)ဆိုတဲ့ လူတစ်ယောက်က ဘလက်ကာယပြုပြီး သတ်ပစ်ခဲ့တာပါ။ သူ့အသက်က သုံးဆယ်လောက်ရှိမယ်။ ကျွန်မကို သတ်၊ ကျွန်မအလောင်းကို ပိုင်းတောင်းမြို့နဲ့ မိုင် ခြောက်ဆယ်အကွာ ဟိုက်(စ်)ရော့(ခ်)နားက ချောက်ကြီးထဲမှာ မြှုပ်ထားပါတယ်။ တံတားတစ်ခုနားမှာ ကျောက်တုံးတွေနဲ့ ဖုံးထားပါတယ်။ ကျွန်မကို သတ်တဲ့လက်နက်ကိုတော့ သူ့အိမ်အပြင်ဘက် ခြံဝင်းထဲက နွားတင်းကုပ်ထဲမှာပါ''

တိကျလိုက်သည်ဖြစ်ခြင်း၊ သေချာလိုက်သည်ဖြစ်ခြင်း။ သို့ဖြင့် အပူတပြင်းလိုက်ရှာတော့ ဖမ်းမိလာသည့် လူသတ်သမား၏နာမည်က ကလားရဲန်(စ်)ဂေါ်ဒွန်ထဲန်ဆရင်။ သူကိုယ်တိုင် ကျိန်းကို ပစ်သတ်ခဲ့သည့်သေနတ်က အိမ်နောက်ရှိ နွားတင်းကုပ်ထဲမှာ ရှာဖွေသိမ်းဆည်းရမိခဲ့ပါသတဲ့။

Stranger Than Science

ဇော်ဝင်းထက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ဆရာ

BURMESE CLASSIC .com

မောင်ထွန်းပေါက်(ကျောက်ဖြူ)

ကျွန်တော်သည် သက်ပြည့်ပင်စင်ယူပြီးနောက် ကိုယ်ပိုင် အိမ်ကလေးတစ်လုံးကို ကံကောင်းထောက်မစွာ ဝယ်နိုင်သဖြင့် မြေပုံမြို့ မြောက်ပိုင်းရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။

တစ်နေ့ ကျွန်တော် ညစာစားပြီး ရေနွေးကြမ်းတစ်အိုးနှင့် အိမ်ရှေ့ဝရန်တာတွင်ထိုင်လျက် ဝန်ထမ်းဘဝတစ်လျှောက် တွေ့ကြုံခဲ့ရသည်များကို နောက်ကြောင်းပြန်တွေးနေစဉ် ကျွန်တော့်အိမ်ဘက်သို့ ရှေ့ရှုကာလာနေသော လူတစ်ယောက်ကို သတိထားမိသဖြင့် အသေအချာကြည့်လိုက်သောအခါမှ ကျွန်တော်၏ မိတ်ဆွေကြီး ဌာနအုပ်ဘထွန်းဖြူမှန်း သိရတော့၏။ မကြာမီ သူလည်း ကျွန်တော့်ကိုမြင်ပြီး ခြံတံခါးကို အသာတွန်းဖွင့်ကာ ကျောက်စရစ်ဖြူများခင်းထားသောလမ်းကို လျှောက်လာရာ ကျွန်တော်က အပေါ်ထပ်သို့ တက်လာရန် ဖိတ်ကြားသဖြင့် သူ၏ တုတ်ကောက်ကို လှေကားရင်းတွင် မှီထားခဲ့ကာ အေးအေးဆေးဆေး တက်လာခဲ့၏။ သူ့အား ကုလားထိုင်လွတ်တွင် နေရာပေးပြီးနောက် ရေနွေးကြမ်း၊ မြေပဲဆံလှော်နှင့် ဧည့်ခံရင်း …

"ဌာနအုပ်ကြီးကို မတွေ့ရတာကြာပြီနော်"

"မတွေ့ရဆို ကျွန်တော်က လည်း အလုပ်များ၊ ခင်ဗျားကလည်း ကျွန်တော်နဲ့ဆေးတဲ့နေရာကို ရောက်နေတာကိုး။ ပင်စင်ယူတော့ ဘာမှ လုပ်စရာမရှိတော့ မပျင်းဘူးလားဗျ"

"မပျင်းပါဘူးဗျာ။ ခုမှ ကျွန်တော်လုပ်ချင်တဲ့ စာရေး၊ စာဖတ် အလုပ်ကို လုပ်နိုင်တော့တယ်။ ညနေစောင်းတော့ နောက်ဖေးခြံထဲမှာ ဟင်းစားပင်ကလေး ဘာလေးစိုက်၊ ပေါင်းရှင်း၊ ကျွန်းမာရေးလည်း ကောင်းပါရဲ့။ ဒါနဲ့ ဌာနအုပ်ကြီးက အလုပ်များနေတယ်ဆိုတော့ အမှုအခင်းတွေကြောင့်ပဲဖြစ်မှာပေါ့"

"ဟုတ်ပါရဲ့ ဆရာ။ ကျွန်တော်တို့က ရာဇဝတ်မှုပဲကိုင်တာကိုး။ အမှုကြီးတစ်ခုတောင် ဟိုတစ်ပတ်ကပဲ ပြတ်သွားတယ်။ တရားခံကိုတော့ သနားပါတယ်။ နာလည်း နာ၊ ဆာလည်း ဆာ ဖြစ်မလားမသိဘူး"

"ဘယ်မှာဖြစ်တာလဲ ဌာနအုပ်ကြီး"

"အင်္ဂရာဟောင်းမှာဗျာ"

"ဟိုက် … အဲဒီရွာဟာ ကျွန်တော် အဲဒီအောက်ပဲ။ ဒါပေမယ့် ဟိုက်စကူးဖိုင်နယ်အောင်ကတည်းက ရွာနဲ့ဝေးသွားတာ။ ဇလုဇယ်ပိုင်းနဲ့ အသစ်ပြောင်းလာတဲ့လူတွေကိုတောင် မသိတော့ဘူး။ အစ်ကို၊ အစ်မဝမ်းကွဲတွေက မွေးထားတဲ့ကလေးတွေ၊ သူတို့က ထပ်ဆင့်မွေးတဲ့ မြေးတွေကိုတောင် ကျွန်တော် မသိတော့ဘူး။ အမှုအခင်းကိုတော့ နားထောင်ချင်ပါတယ်။ အချိန်ရရင် ပြောပြပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ရွာအနောက်ဘက်လယ်ကွင်းများအဆုံးတွင်ကား အတော်မြင့်သော တောင်တန်းတစ်ခုရှိ၏။ ထိုတောင်တွင် နွေရာသီ၌ ရွာသားများ ထင်းရှာ၊ ဟင်းရွာလုပ်ကြ၏။ တောကောင်ကြီးဟူ၍မရှိ။ ခွေးအ,များသာရှိသော အန္တရာယ်ကင်းသော တောင်တစ်လုံးသာဖြစ်၏။ မိုးနှင့်ဆောင်းတွင် ထိုတောင်သို့ရွာသားများ သွားလေ့မရှိ။ တောင်ခြေ၌ ငါးပြေမ၊ ငါးသလဲထိုး၊ ငါးခုံးမကဲ့သို့သော ငါးငယ်များ နေသည့် ရေအမြဲစီးနေသော ချောင်းငယ်မြောင်းငယ်များရှိ၏။

ဤတောင်တန်းပေါ်တွင် မိုးနှင့်ဆောင်းရာသီတို့၌ တောင်ယာလုပ်ကိုင်ရင်း ယာယီနေထိုင်သော မိသားစုဟူ၍ ကိုစိတ်ကောင်းခေါ် ကိုတိုးတို့ မိသားစုတစ်စုသာ ရှိ၏။ ၄င်းတို့၏ တောင်ယာကွက်မှာ ဧကဝက်ခန့်သာ ကျယ်ပြီး တောင်ခြေအထက်မပေ (၅၀၀)ခန့်အမြင့်တွင်ရှိ၏။ ရွာနှင့် ရွာပြင်တွင် လယ်ကွင်းများသာ ချည်း။ ဤလယ်ကွင်းများတွင် စပါးရိတ်သိမ်းချိန်၌ မြင်းခွာရွက်များ ပေါက်သည်မှာ ဖောခြင်းသောခြင်း။ လယ်ကွင်းများမှာ မျက်စိတဆုံး ခင်းထားသော မြကမွေလာနှင့်နှင်တည်း။ လယ်ကွင်းများအလယ်တွင် 'ကွမ်းခင်းချိုင်' ဟုခေါ်သော ဘောလုံးကွင်းငယ်တမျှ သစ်ပင်များ အုပ်ဆိုင်းဆိုင်းနှင့် နွားစားကျက်တစ်ခု၊ 'သပြေကန်' ဟု အမည်ရှိသော မည်သည့် အချိန်က မည်သူတို့က တူးဖော်အသုံးချခဲ့သည်ဟု မသိရသော အလွန်လှပသော ရေကန်တစ်ကန်ရှိပြီး ၄င်းသည် ကျွန်တော်တို့ ငယ်စဉ်က ရေကူးဆော့ကစားဖော်ပါးခဲ့ရာ နှစ်ရေကန်ပင်တည်း။ ၄င်းသီးသန့်နေရာနှစ်ခုကို ဖယ်လိုက်လျှင် လယ်ကွင်းများချည်းသာ။ မိုးအခါ မြရောင်၊ နွေနှင့် ဆောင်းမှာ ရွှေရောင်အဆင်းနှင့် ရွှမဆုံး။

"ရပါတယ်ဗျာ။ ပြောလည်း ပြောပြချင်တယ်။ သင်ခန်းစာယူစရာပေါ့။ ခင်ဗျားအတွက်လည်း ကုန်ကြမ်းရတာပေါ့"

"ကျေးဇူးပဲဗျာ။ ကျွန်တော်က လူတွေကို အသိပညာပေးဖို့၊ သင်ခန်းစာပေးဖို့ စာရေးနေတာပဲ။ ကဲ ... ဌာနအုပ်ကြီးရဲ့စာတ်လမ်းကို လုပ်ပါဦး"

(၁)

အင်္ဂရွာဟောင်းသည် မြေပုံမြို့တည်ရှိရာ ကြတ်စဉ်ကျွန်း၏ တောင်ဘက်အဆုံးတွင် တည်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေတစ်ရာကျော် ခန့်ရှိ၏။ လှပသောပင်လယ်ကမ်းခြေပေါ်တည်ရှိပြီး ထင်ရှားသော သမိုင်းဝင် 'စောမဲကြည်' ရင်ရိုးတော်စေတီတော်ကြောင့် ပွင့်လင်းရာသီများတွင် အပန်းဖြေလာသူများ၊ ဘုရားဖူးလာသူများနှင့် ပျော်ပွဲစားထွက်လာသူများကြောင့် စည်ကားလှ၏။ အထက်ပါ 'စောမဲကြည်' စေတီတော်ကို ရည်စူး၍ ကျင်းပသော အင်္ဂဘုရားပွဲတော်မှာ တစ်ခေတ်တစ်ခါက ရခိုင်ပြည်နယ်တွင် ကြက်ပျံမကျစည်ကားခဲ့၏။ ရွာသူရွာသားများမှာ လယ်ယာလုပ်ကိုင်သူများ၊ မြေပဲစိုက်သူများနှင့် ငါးသလောက်ဖမ်းလုပ်ငန်း လုပ်ကိုင်သူများသာ ဖြစ်၏။ ရွာတွင် အရက်ဆိုင်မရှိ။ လောင်းကစားဝိုင်း မရှိ။ အလွန်ရိုးသားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

တောင်မှာ တစ်မိုင်ခွဲခန့်သာဝေးသဖြင့် တစ်ခုတည်းသောတောင်ယာကွက်နှင့် တောင်ယာစောင့် တဲကလေးကို ရွာပြင်မှကြည့်လျှင် အထင်းသား မြင်ရ၏။ ကိုတိုးတို့မိသားစုမှာ မနက်ကတည်းက တောင်ယာသို့သွား အလုပ်လုပ်၊ ညနေဆို အိမ်ပြန်စမြဲ။ စပါးစူးထိုးချိန်နှင့် စပါးမှည့်ချိန်တို့တွင်ကား စာကလေး၊ ကျေး၊ မျောက်နှင့် တစ်ခါတစ်ရံ လာတတ်သော တောဝက်တို့ရန်ကို ကာကွယ်ရန် ခြေတံရှည်တောင်ယာစောင့်တဲတွင် ညဘက်ပါ တစ်အိမ်သားလုံးသွားနေတတ်ကြ၏။

ကိုတိုးတို့မိသားစုတွင် ကိုတိုး၊ ဇနီးသန္တာဖြူနှင့် သမီး ခွဲခွဲတို့ (၃) ဦးသာရှိ၏။ ခွဲခွဲမှာ ကိုတိုး၏မယားပါသမီးသာဖြစ်၏။ သန္တာဖြူနှင့် ခွဲခွဲတို့မှာ အဂူရွာတွင် ဆွေရင်းမျိုးရင်း မရှိသကဲ့သို့ ကိုတိုးမှာလည်း တစ်ကောင်ကြွက်။ သန္တာဖြူ၏ ပထမယောကျ်ား၊ ခွဲခွဲ၏ဖခင် ကွယ်လွန်ပြီး မကြာမီ ရွာလူကြီးများ၏အစီအမံဖြင့် ကိုတိုးနှင့် သန္တာဖြူတို့ကို တစ်အိုး တစ်အိမ် ထူထောင်ပေးခဲ့ကြ၏။ ထိုစဉ်က ခွဲခွဲမှာ (၁၂) နှစ်၊ (၁၃)နှစ်အရွယ်။ ကိုတိုးကလည်း ခွဲခွဲကို သမီးရင်းကဲ့သို့ ချစ်ခင်ပါ၏။ ကိုတိုးက စကားနည်းသော်လည်း သဘောဖြူအစုစင်းလူပျိုကြီး။ အသောက်အစား၊ အလောင်းအစားလည်း ကင်း၏။ တစ်ဖက်သားကို ကူညီတတ်၏။ ရွာ၏ သာရေးနာရေး အားလုံးမှာ မပါမရှိ။

သန္တာဖြူကား အသက် (၃၆) နှစ်နီးပါး။ ကိုတိုးထက် (၄)နှစ် ခန့်ကြီး၏။ အသားဖြူဖြူ၊ အလုပ်ကို သွက်လက်စွာလုပ်တတ်၏။ သို့သော် ပညာမတတ်၊ ဗဟုသုတ မရှိ။

ခွဲခွဲကား အသက်(၁၇)နှစ်ရှိပြီ။ ဆင်းရဲ၍ ဆင်စရာပြင်စရာမရှိသော်လည်း တောသဘာဝအလျောက် ပွင့်လာသော တောပန်းတစ်ပွင့်ပင်။ တောသူပင်ဖြစ်သော်လည်း လုပ်ပုံကိုင်ပုံ ကြမ်းကြမ်းတမ်းတမ်း မရှိ။ ဗိုင်းကောင်းကျောက်ဖိတည်း။ သူတို့မိသားစုသည် ရိုးရိုးကုပ်ကုပ် လုပ်ကိုင်စားသောက်ကြသဖြင့် ဆင်းပင်ဆင်းရဲစေကာမူ ထမင်းကိုတော့ နပ်မှန်အောင် စားသောက်နိုင်သဖြင့် အိမ်ထောင်ရေးပြဿနာလို အဖုအထစ်မရှိသော မိသားစုတစ်စုပင်။

(၂)

မြေပုံမြို့ ရဲစခန်းတွင် တာဝန်မှူး ဌာနမောင်မောင်သည် အလုပ်အနည်းငယ် ပါးသဖြင့် သတင်းစာတစ်စောင်ကို ဖတ်နေစဉ် ...

"ဆရာ ဝင်ခွင့်ပြုပါ"

လူသုံးယောက် ကျေးတောသားများပုံ။

"ဝင်ပါ။ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"အမှုတိုင်ချင်လို့ပါ။ ကျွန်တော်တို့ရွာမှာ လူတစ်ယောက် သေနေလို့။ အသတ်ခံရတယ်လို့ ထင်ပါတယ်"

"ဟာ ... ဘယ်သူလဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်ရွာမှာလဲ"

"အဂူရွာဟောင်းမှာပါ။ သေသူက ကိုတိုးပါ။ မောင်စိတ်ကောင်းလို့လည်း ခေါ်ကြပါတယ်။ သူ့ရဲ့ တောင်ယာခင်းထဲမှာပါ။ သူ့မိန်းမ မသန္တာဖြူ ဒီမနက်လာပြီးပြောလို့ ကျွန်တော်တို့ ချက်ချင်းလာခဲ့ကြပါတယ်။ ကျွန်တော်က သူကြီးဦးဘဖြူပါ ဆရာ"

"ကောင်းပြီ။ စာရေးကြီးရေ တိုင်ချက်ဖွင့်ပေးပါ။ အဘတို့ ဒီမှာပဲ ခဏနားပြီးစောင့်ကြပါ။ ကျွန်တော် ဌာနအုပ်ဆီတင်ပြပြီးရင် သွားကြတာပေါ့။ ဒါနဲ့ အလောင်းကို ဘယ်လို လုပ်ထားခဲ့ကြသလဲ"

"ရွာသား (၃)ယောက် စောင့်ခိုင်းထားပါတယ်။ ဘယ်သူမှ မထိမကိုင်ဖို့လည်း မှာထားခဲ့ပါတယ်"

"ကောင်းပါပြီ။ ခဏလေး စောင့်ကြပါ"

ဌာနမောင်မောင် ပြန်ရောက်ပြီး နောက် ရဲတပ်ကြပ်တင်မောင်၊ ဒုတပ်ကြပ်ဝင်းတင်နှင့် တပ်သားအောင်ခင်တို့ကိုခေါ်ပြီး ရွာသားများနှင့်အတူ အဂူရွာဟောင်းသို့ ခြေကျင်လျှောက်ခဲ့ကြ၏။ မွန်းလွဲ တစ်နာရီတွင် ရွာသို့

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်သန္တာဖြူကို ပထမဆုံး မေးမယ်။ ဒေါ်သန္တာဖြူ ဒီနေ့ ဘာတွေ လုပ်ခဲ့သလဲ။ အလောင်းကို ဘယ်သူက စတွေ့တယ်၊ ဒီနေရာကိုလာတာ ဘယ်သူတွေပါတယ်၊ ကိုတိုး မသေဆုံးခင်က ဘာတွေ လုပ်ခဲ့တယ်ဆိုတာ တတ်နိုင်သလောက် အစီအစဉ်ကျကျ ကျွန်တော့်ကို ပြောပြပေးပါ"

"ဒီနေ့မနက် (၈) နာရီလောက် ရှိမယ်ထင်ပါတယ်။ ကိုတိုးနဲ့ကျွန်မတို့နှစ်ယောက် အတူတောင်ယာတဲကနေ တောင်အောက်ကို ဆင်းလာခဲ့ကြပါတယ်။ ကိုတိုးက ရွာမှာ တိုလီမိုလီပစ္စည်းကလေးတွေ ဝယ်ဖို့၊ အိမ်မှာကျန်နေသေးတဲ့ ဆန်ကိုလည်း ယူလာဖို့ပေါ့။ ကျွန်မကတော့ တောင်ခြေက ချောင်းငယ်တွေထဲမှာ အိုင်ပက်ဖို့ (ရခိုင်အခေါ် ငါးပက်ခြင်းကို ဆိုလိုသည်။) ငါးသလဲထိုး၊ ငါးပြေမ၊ ငါးခုံးမလေးတွေ ရှာဖို့ပေါ့"

"ခင်ဗျားတို့မှာ ဘာမှကိုင်တွယ်စရာ ယူသွားတာ မရှိဘူးလား"

"ကျွန်မမှာတော့ ပလိုင်းတစ်လုံး၊ ယက်သဲတစ်ခုနဲ့ ရေယက်ဖို့ သွပ်ပြားပန်းကန်ပြားတစ်ခုပါသွားပါတယ်။ ကိုတိုးမှာတော့ ဘာမှကိုင်သွားတာ မမြင်လိုက်ပါဘူး"

"ဟုတ်ပြီ။ ဆက်ပါဦး"

"ကိုးနာရီခွဲလောက်ထိ ကျွန်မ တစ်ယောက်တည်း အိုင်ပက်ကိုက်၊ နားလိုက်၊ ငါးကလေးတွေကို ရွေး

ပစ္စည်းအချို့ကို သိမ်းလျက်။

ဌာနာမောင်မောင်တို့ တဲပေါ် တက်လာခဲ့ပြီးနောက် တဲတွင်းအခြေအနေကိုပါ ဓာတ်ပုံမှတ်တမ်းယူကြ၏။ တဲရှင်များကား အလွန်ကြောက်နေကြပုံ ပေါ်နေကြ၏။ နွဲ့နွဲ့သည် တောသူဆိုသော်လည်း နေပူမိုးရွာ မရှောင် အလုပ်လုပ်ရ၍အသားအရေ အနည်းငယ်ညိုနေသည်မှအပ ရုပ်ဆင်းအင်္ဂါ ချောမောပြေပြစ်၏။ တစ်တစ်ရစ်ရစ် တင်းတင်းရင်းရင်း၊ ကျားသတ္တဝါတို့ သွားရည်ကျစရာပေပဲဟု ဌာနာမောင်မောင် ကောက်ချက်ချမိ၏။ သူကပင်စဉ် ...

"ကဲ ... အချိန်ကလည်း ညနေလေးနာရီထိုးလုပြီ။ ဒေါ်သန္တာဖြူနဲ့ မနွဲ့နွဲ့တို့ ဘာမှကြောက်မနေကြနဲ့။ ပြီးခဲ့တာတွေလည်းပြီးခဲ့ပြီ။ တရားနဲ့သာ ဖြေကြပါ။ ကျွန်တော်ကတော့ တာဝန်အရ နည်းနည်းမေးစမ်းကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့။ မေးပါဆရာ"

ရောက်ပြီး ခဏနားကာ အမှလာတိုင်သူ လူကြီးများ၊ အချို့ရွာလူငယ်များနှင့်အတူ ရဲတပ်ဖွဲ့ဝင်များသည် အလောင်းရှိရာ တောင်ယာစိုက်ခင်းသို့ သွားခဲ့ကြ၏။ တောင်ယာတဲတွင် သန္တာဖြူနှင့် နွဲ့နွဲ့တို့ကို တွေ့ရပြီး အလောင်းနှင့် မလှမ်းမကမ်းတွင် အလောင်းစောင့်နေသော ရွာသား (၃)ယောက်ရှိသည်။

တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာနှင့် အလောင်းကို အရပ်လေးမျက်နှာ ဘက်ပေါင်းစုံမှ ဓာတ်ပုံရိုက်ယူကြ၏။ သို့သော် မည်သည့်သဲလွန်စမှ မရှိ။ ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့သည့် လက္ခဏာကိုတော့ တွေ့ရ၏။ ဌာနာမောင်မောင်က အလောင်းကို အသေအချာစစ်ဆေးရာ လည်ပင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဒဏ်ရာသည် ရှေ့ဘက်လည်ပင်းမှ နောက်ဘက်လည်ကုပ်နားထိ စူးဝင်သွားကြောင်း၊ တစ်ဖက်က ဖောက်ထွက်လုနီး အခြေအနေကိုကြည့်၍သိနိုင်၏။ အလောင်းမှာ တောင်ဘက်သို့ ခေါင်းပြုလျက် မျက်နှာက အနောက်ဘက်သို့ လှည့်လျက်အနေအထား။ ရဲလုပ်ငန်းများ ကုန်စင်အောင် ဆောင်ရွက်ပြီးနောက် ဆေးရုံသို့ ပို့ဆောင်၏။ လယ်စောင့်တဲသို့ သက်သေလူကြီးများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ကြလေသည်။ တဲတွင် သန္တာဖြူက ငိုလျက်၊ နွဲ့နွဲ့ကား တဲအောက်တွင် အရိုက်လှဲ၊

www.burmeseclassic.com

www.burmeseclassic.com

လိုက်၊ ကောက်လိုက် လုပ်နေခဲ့ပါတယ်။ ငါးအလုံးအလောက်ရတော့ ဆရာရေ ပြောရမှာတော့ ရှက်ပါရဲ့။ ကျွန်မလည်း ကိုယ်တုံးလုံးနဲ့ အိုင်ပက်တဲ့နေရာဘေးက ရေကြည်ပြီး ဒူးလောက်နက်တဲ့ ရေအိုင်ကလေးထဲ ဆင်းပြီး ရေရှိုးနေတယ်။ ပြီးလို့ ပြန်တက်မယ်လုပ်တော့ ကိုတိုးပြန်ရောက်နေပြီး ကျွန်မကို ကြည့်နေတာနဲ့ ပက်ပင်းတိုးမိတယ်။ ဘယ်အချိန်က ပြန်ရောက်ပြီး ဘယ်လောက်ကြာကြာ စောင့်ကြည့်နေလဲတော့ ကျွန်မ မသိဘူး။ သူက ချက်ချင်း တဲကိုပြန်ကြဖို့ လက်ဟန်ခြေဟန်နဲ့ ပြတယ်။ သူ့အတွင်းစိတ် ဘာဖြစ်နေပြီဆိုတာ ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမယ့် ကျွန်မက ရှက်တော့ သူ့ကို ဘာလုပ်နေတာလဲ။ ပြန်ပါဆိုမှလို့ ပြောလိုက်မှ ဘာမှမပြောဘဲ တဲဘက်ကို တက်သွားတယ်။ မျက်နှာကတော့ မချင့်မရဲနဲ့ ရှင့်''

''တဲထဲမှာ ဘယ်သူမှရှိမနေဘူးလား။ ခင်ဗျားကော ကိုတိုးနဲ့ လိုက်မသွားဘူးလား''

''ကျွန်မလိုက်မသွားဘူးရှင့်။ တဲမှာတော့ နဲ့.နဲ့. ကျန်ခဲ့တယ်လေ။ ဒါပေမယ့် သူလည်း ပေါင်းရှင်းဖို့ သွားနေမှာပါ''

''ခင်ဗျား တောင်ယာစောင့်တဲကို ဘယ်အချိန်ပြန်ရောက်သလဲ''

''ကိုတိုး သွားပြီး နောက်ထပ် တစ်နာရီလောက်ကြာမယ် ထင်ပါတယ်။ လှမ်းထားတဲ့အဝတ်တွေ ခြောက်အောင်စောင့်ရင်း ငါးကလေးတွေနဲ့ ရောထွေးပါလာတဲ့ ကျောက်စရစ်ခဲလေးတွေ၊ အမှိုက်သရိုက်တွေ ရွေးထုတ်နေခဲ့တယ်။ အဲဒီအလုပ်ကလည်း တော်တော်လက်ဝင်တဲ့အလုပ်။ တဲကိုရောက်တော့ ကိုတိုးကို မတွေ့ဘူး။ နဲ့.နဲ့.တစ်ယောက်တည်း။ သူ့ကို မေးတော့ ခေါင်းနည်းနည်းကိုက်လို့ ပေါင်းရှင်းရာက ပြန်လာတယ်တဲ့။ သူဦးလေးကိုတိုးကောလို့ မေးတော့ တောင်ယာဘက်သွားတယ်လို့ ပြောပါတယ်။ ကျွန်မလည်း ရလာတဲ့ ငါးကလေးတွေကို ချက်တယ်။ ထမင်းကတော့ မနက်ကတည်းက ချက်ထားတယ်။ ဟင်းကတော့ တောင်ပေါ် အလေ့ကျပေါက်တဲ့ ဝက်မချဉ်ပေါင်ပေါ့။ ငါးကျက်တော့ ကျွန်မယူသည်း ဗိုက်ဆာလာပြီ။ အချိန်ကလည်း နေ့ခင်း (၁၁) နာရီ ရှိနေပြီ။ ဒီတော့ ကိုတိုးကို တောင်ယာခင်းထဲမှာ သွားခေါ်ဦးမယ်ဆိုပြီး တောင်ယာကွက်ဘက်ကို တက်သွားတယ်။ တဲနဲ့ ပေ (၅၀)ကွာလောက်ခု ဆရာတို့ အလောင်းတွေ့တဲ့နေရာကို အရောက်ပေါ့။ လက်ဝဲဘက်ကို ကြည့်လိုက်မိတယ်။ အဲဒီနေရာက ချုံတွေရှိပေမယ့် အောက်ခြေက ရှင်းနေတယ်။ ချုံတွေက အမိုးမိုးထားသလိုပဲ။ အဲဒီနေရာက မှိုကျင်းနေရာပဲ။ အဲဒီမှာ ကိုတိုး လမ်းဘက်ကို မျက်နှာမူပြီး လဲနေတာ မြင်ရတယ်။ သွေးတွေလည်း ထွက်လို့။ ကျွန်မလည်း ကြောက်ကြောက်နဲ့ တဲကိုပြန်လာပြီး သမီးကိုပြောပြ၊ သူ့ကို ပါခေါ်ပြီး ရွာကိုပြန်၊ သူကြီးကို အသိပေးလိုက်တာပဲ''

''သွေးထွက်နေတယ်နော်။ ခင်ဗျား လက်နဲ့ တို့မကြည့်ဘူးလား။ ခေါ်မကြည့်ဘူးလား''

''သွေးထွက်နေတယ်ဆိုတာက သူ့ကိုယ်ရဲ့အောက်မှာ သွေးတွေ ရှိနေတာကို ပြောတာပါ။ ကိုင်တော့ မကြည့်ရဲဘူး။ ခေါ်ကြည့်ပါတယ်။ သေနေပြီလို့ ထင်ပါတယ်''

''ကဲ ... ဟုတ်ပြီ။ နဲ့.နဲ့. အလှည့်ပဲ။ အမှန်ကိုပြောပါ။ ဘာမှချန်မထားနဲ့။ ကျွန်တော်တို့တတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သလောက် ကူညီသွားမယ်။ ဒါ လူသတ်မှုနော်''

''ဟုတ်ကဲ့။ ကျွန်မ သိသလောက်ပြောပါ့မယ်။ အမေနဲ့ဦးလေးတို့ တဲကထွက်သွားပြီး နာရီဝက်လောက်ကြာတော့ ကျွန်မလည်း ပေါင်းထွင်ဖို့ ယာတောဘက်ကို ထွက်သွားခဲ့ပါတယ်။ တောင်ယာခင်းထဲမှာ နာရီဝက်လောက် ပေါင်းထွင်ပြီးနောက် ခေါင်းနည်းနည်းမူးလာတာနဲ့ ပြန်လာခဲ့ပါတယ်။ မကြာခင် ဦးလေးတိုး ရွာက ပြန်ရောက်လာပါတယ်။ ပါလာတဲ့ပစ္စည်းတွေ တဲပေါ်ထားတာတွေ့ရတယ်။ ခဏကြာတော့ တောင်ယာခင်းဘက်ကို ထွက်သွားတာ တွေ့ပါတယ်။ သူက စကားနည်းတော့ ကျွန်မကိုလည်း ဘာမှ မပြောခဲ့ပါဘူး။ ကျွန်မလည်း သူ့ကို သိပ်စကားပြောလေ့မရှိပါဘူး။ ကျွန်မ သိတာ ဒါပါပဲ''

''တခြားလာတဲ့လူ ဘယ်သူမှ မရှိဘူးလား''

''မရှိပါဘူးဆရာ''

''နောက်တစ်ခုမေးချင်တယ်။ မရွက်ပါနဲ့။ နို့.နို့.မှာ ရည်းစားတွေ ဘာတွေ ရှိသလား။ ရှိရင် ဖို့.နို့.ရဲ့ ရည်းစားနဲ့ ကိုတိုးတို့ ဆက်ဆံရေး ဘယ်လိုလဲ''

''ရည်းစားမရှိပါဘူး ဆရာ''

''ကဲ ... ဒေါ်သန္တာဖြူ ... ခင်ဗျားတို့ (၃)ယောက်ထဲမှာကော

ရန်တွေဘာတွေ ဖြစ်ခဲ့ဖူးသလား။ ကိုတိုးမှာကော ရန်သူရှိသလား''

''ကျွန်မတို့ တစ်ခါမှ ရန်ဖြစ်ဖူးစကားများဖူးတာ မရှိပါဘူး။ ကိုတိုးက လူအေးပါ။ အသောက်အစားလည်း မရှိဘူး။ ဘယ်သူနဲ့မှ စကားများဖူးတယ်လို့လည်း မကြားဖူးပါဘူး''

''ကိုတိုးရဲ့လည်ပင်းက ဒဏ်ရာဟာ ကျွန်တော့်အတွေ့အကြုံအရ ဆိုရင်တော့ ချွန်ထက်တဲ့ပစ္စည်းတစ်ခုခုနဲ့ ထိုးတယ်လို့ ပြောချင်တယ်။ ခင်ဗျားတို့မှာလည်း ချွန်ထက်တဲ့ ပေါင်းရှင်းစူးတွေရှိမှာပဲ။ အနီးကပ်ဆုံးလူက ခင်ဗျားတို့ပဲ။ ခင်ဗျားတို့ ကျူးလွန်တယ်လို့တော့ ကျွန်တော် မပြောဘူးနော်။ ဒါပေမယ့် အနီးဆုံးဟာ ခင်ဗျားတို့ပဲ။ ကဲ ... ပေါင်းရှင်းစူးတွေကို ထုတ်ပေးပါ။ အကုန်နော်''

''သမီး... ယူပေးလိုက်ပါ''

''ဟုတ်ကဲ့ မေမေ''

ဟုဆိုပြီး နို့.နို့.က ဝါးရိုးလက်ကိုင်တပ်ထားသည့် စူးရှည်တစ်ခုနဲ့ စူးတိုတစ်ခုကို ထုတ်ပေးရာ ဌာနာမောင်မောင်က သက်သေများရှေ့တွင် ပုံစံနှင့် သိမ်းယူလိုက်၏။

''ကဲ ... အချိန်လင့်ပြီ။ ပြန်ကြစို့။ ခင်ဗျားတို့ သားအမိလည်း ရွာပြန်ကြတော့။ အကြောင်းထူးရင် ရွာသူကြီးတွေကတစ်ဆင့် ကျွန်တော်တို့ကို ဆက်သွယ်ပါ။ ကျွန်တော်တို့လည်း တရားခံကို မိအောင် ကြိုးစားမှာပါ''

''ဟုတ်ကဲ့ပါ ဆရာ''

(၃)

အမှုကြီးဖြစ်သဖြင့် ဌာနအုပ်ကိုယ်တိုင် တာဝန်ယူစစ်ဆေးမည်ဖြစ်ရာ ဒဂုံရွာဓားပြမှုနှင့် ပတ်သက်၍ နှစ်ရက်ကြာခရီးမှ ပြန်ရောက်လာသော ဌာနအုပ်ဘထွန်းဖြူက ဌာနာမောင်မောင်ထံမှ အမှုကို လွှဲပြောင်းယူခဲ့လေသည်။ ဌာနအုပ်သည် အမှုသွား အမှုလာကို အသေအချာ အာရုံစိုက်လေ့လာသကဲ့သို့ သတင်းပေးများ၊ သူ လှို့ဝှက်စေလွှတ်ထားသောရဲတပ်ဖွဲ့ဝင်များမှ တင်ပြလာချက်များကိုလည်း အလေးထား သုံးသပ်၏။ သို့သော် တရားခံပေါ်စေမည့်အချက်အလက် သဲလွန်စ ဘာတစ်ခုမှ မတွေ့ရ။ ဌာနာမောင်မောင်၏ စစ်ဆေးနှုန်းတွင် ကိုတိုးလည်ပင်းတွင် ချွန်ထက်

www.burmeseclassic.com

www.burmeseclassic.com

သောအရာနှင့် ထိုးသွင်းဖွယ်ရှိကြောင်း ဖော်ပြချက်နှင့် သူလက်ခံရရှိသော ဆေးစစ်ချက်မှတ်တမ်းတို့မှာ ကိုက်ညီနေ၏။ နောက် ထူးခြားချက်တစ်ခုမှာ 'ကိုတိုး၏လုံခြုံမှုတွင် ယောကျ်ားဓါ သုတ်ရည်ပေကျံနေကြောင်း' ဆေးမှတ်တမ်းအချက်အလက်ပင် ဖြစ်၏။ ၄င်းကို အစကောက်ကာ အမှုနောက်လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

နောက်တစ်နေ့တွင် ဌာနအုပ် ဘထွန်းဖြူသည် တပည့်ရဲဘော်နှစ်ယောက်ကိုခေါ်လျက် အင္ဂရွာဟောင်းသို့ ခရီးထွက်ခဲ့၏။ ရွာသူကြီးနှင့် ရွာလူကြီးအချို့ကိုခေါ်ကာ သေဆုံးသူ ကိုတိုးတို့၏ တောင်ယာခင်းသို့ တက်သွားကြလေ၏။ သန္ဓာဖြူနှင့် နွဲ့နွဲ့တို့ကို ခဏတွေ့ပြီး အခင်းဖြစ်ရပ်ဝန်းကျင်ကို လေ့လာကြည့်ရှုပြီး နောက် တောင်ယာတဲသို့ တစ်ဖန် ပြန်လာခဲ့၏။

"ဘာတို့ နွဲ့နွဲ့ကို နည်းနည်း မေးစမ်းစရာရှိလို့ လာခဲ့တာပါ။ သမီး အမှုန့်ကိုဖြေရမယ်နော်"

သူက နွဲ့နွဲ့ကို အကဲခတ်ကြည့်၏။

"ဟုတ်ကဲ့ အဘ။ အမှုန့်ကို ပြောပါ့မယ်"

"အခင်းဖြစ်တဲ့နေ့က တောင်ယာတဲကို ဘယ်သူမှမလာဘူးလား။ ကိုတိုးကို တစ်ယောက်ယောက်က သတ်ခဲ့တာ သေချာတယ်။ ဒီနားမှာ နွဲ့နွဲ့တို့သားအမိပဲရှိတယ်။ လူသံသူသံ မကြားဘူးလား"

"လူသံလိုတော့ ကြားပါ တယ်။ သဲသဲကွဲကွဲတော့ မဟုတ်ဘူး"

"ကိုတိုး အော်သံကိုကော မကြားလိုက်ဘူးလား"

"ဟင့်အင်း။ မကြားပါဘူး အဘာ"

"သေချာတယ်နော်"

"ဟုတ်ကဲ့။ သေချာပါတယ်"

"နောက်တစ်ခု မေးမယ်။ သမီးတို့မှာ ပေါင်းရှင်းတဲ့စူး ဘယ်နှချောင်း ရှိသလဲ"

"နှစ်ချောင်းတည်းပါ။ ဟိုနေ့က သိမ်းသွားပါဗြို့"

"သေချာစဉ်းစားပါ။ နှစ်ချောင်းထက် ပိုနေတာ တွေ့ထားတယ်"

ဌာနအုပ်က သွေးတိုးစမ်းကြည့် ခြင်းသာဖြစ်၏။

"အိမ်မှာ နောက်တစ်ချောင်း တော့ရှိပါတယ်"

"သေချာတယ်နော် သမီး"

"ဟုတ်ကဲ့။ သေချာပါတယ် အဘာ"

"ဒီလိုဆို ကျွန်တော်တို့ရွာကို ပြန်ကြရအောင်"

အင္ဂရွာဟောင်းသို့ ပြန်ရောက်၍ နွဲ့နွဲ့က အိမ်တွင်သိမ်းဆည်းထားသော ပေါင်းရှင်းစူးအား အပ်ပြီးသည်နှင့် ဌာနအုပ်က သူတပည့်များအား နွဲ့နွဲ့ လက်ထိတ်ခတ်ခိုင်းလိုက်၏။

အမှုက ကိုတိုးကိုသတ်မှု။

(၄)

"ဌာနအုပ်ကြီးက ဖမ်းတော့ နွဲ့နွဲ့က မငြင်းဘူးလား"

"မငြင်းတဲ့တရားခံဆိုတာ ရှားပါတယ်။ သူ မငြင်းနိုင်အောင် ကျွန်တော်က သက်သေပြနိုင်တယ်လေ"

"မျက်မြင်သက်သေလည်း မရှိပါလား ဌာနအုပ်ကြီးရေ"

"မျက်မြင်သက်ရှိသက်သေ မရှိပေမယ့် သက်မဲ့သက်သေ (mute evidence) ရှိပါတယ်ဗျ။ ပတ်ဝန်းကျင်အခြေအနေလည်း ရှိတယ်။ ရဲတပ်ဖွဲ့ဝင်တစ်ယောက်ဟာ ဒီပစ္စည်းတွေနဲ့ ပတ်ဝန်းကျင်အခြေအနေကို အသုံးချပြီး သဘာဝကျကျ၊ ယုတ္တိရှိရှိ စဉ်းစားတတ်၊ တင်ပြတတ်ရင်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တရားခံမှ မခြွင်းနိုင်ပါဘူး''

''သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်။ ခင်ဗျားရဲ့ သဘာဝကျကျ ဆိုပါတော့ သိပ္ပံနည်းကျကျ စဉ်းစားပုံလေး ကျေးဇူးပြုပြီး ရှင်းပြပါလား''

''ဒီလိုဗျ ... လူစိတ်ဆိုတာ နားလည်ရခက်သလို ကြောက်ဖို့လည်း အင်မတန်ကောင်းတယ်။ အခင်းဖြစ်တဲ့နေ့က ကိုတိုး ရွာကို ပြန်တယ်ဆိုတာ ပြောခဲ့ပြီးပြီနော်။ ရွာက အပြန် သူမိန်းမငါးပက်တဲ့နေရာ ရောက်တော့ သူမိန်းမကို ကိုယ်တုံးလုံးကြီးနဲ့ ရေချိုးနေတာတွေ့တယ်။ ဒေါသန္တာဖြူကလည်း လူမရှိတဲ့နေရာဆိုတော့ ဟိရိညြတပ္ပတရားကင်းတဲ့ အလုပ်ကို လုပ်မိတယ်။ ကိုတိုးက လူလတ်ပိုင်း၊ အားကောင်းမောင်းသန် အရွယ်ကိုးဗျ။ ဘယ်လောက်ပဲ မိန်းမနဲ့နေဖူးတယ်ဆိုပေမယ့် အဖွေးသားကြီး မြင်လိုက်ရတော့ သွေးက အင်မတန်ဆူပွက်သွားမှာပေါ့။ ဒါကြောင့် စောင့်ကြည့်နေခဲ့တာ ဖြစ်မှာပေါ့။ ဒီတော့ ယာတဲကိုရောက်လည်း ဒီစိတ်က မပျောက်နိုင်သေးဘူး။ မျက်စိထဲမှာ တရေးရေးမြင်ယောင်နေမိမှာပဲ။ ပညာတတ်တွေလည်း မဟုတ်။ စဉ်းစားဉာဏ်ကလည်း သိပ်ရှိတဲ့လူလည်း မဟုတ်။ ဆိုပါတော့ဗျာ သူမိန်းမကလည်း ပြန်မလာသေးတော့ စိတ်ကူးလမ်းကြောင်း ချက်ချင်းပြောင်းပေါ့ဗျာ။ ဒါကြောင့် အခြားတစ်ဦးတည်းသာရှိတဲ့ နွဲ့နွဲ့ဆီ စိတ်မြွားလမ်းကြောင်း လှည့်တာပေါ့။ ပတ်ဝန်းကျင်က လည်း တိတ်ဆိတ်၊ လူသူကလည်း ကင်းပေါ့။ ဒါကြောင့် ပေါင်းရှင်းနေတဲ့ ဆူဖြိုးစ နွဲ့နွဲ့ဒီ သွားတာပေါ့။ နွဲ့နွဲ့ကလည်း ကိုတိုးရဲ့စိတ် အနေအထား (mood) ဘယ်လိုဖြစ်လာတယ်ဆိုတာ သိတာမှမဟုတ်ဘဲ။ နေမကောင်းလို့ ပြန်လာတယ်။ ခမောက်ကလေးကို မေးသိုင်းကြိုးတပ်ဆောင်းလို့။ ပေါင်းရှင်းစူးကို တော့ ခမောက်ရဲ့ အတွင်းဘက်မှာ ထိုးလာခဲ့တယ်။ ဒါက တောသူတောင်သားတွေ လုပ်နေကျ။ အခင်းဖြစ်နေရာနားရောက်တော့ အရင်က တိုင်း နမော်နမဲ့နေမှာပေါ့။ ကိုတိုးကလည်း မုန်းယိုနေတဲ့ဆင်လို ဖြစ်နေတော့ တွေ့တာနဲ့ နွဲ့နွဲ့ကိုအတင်းဖက်၊ ချုံထဲဆွဲသွင်းပြီး အဓမ္မပြုကျင့်ဖို့ ကြိုးစားလိမ့်မယ်။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အတွင်းပြစ်တော့ ကောင်မလေးဟာ အော်ဖို့လည်း သတိရမှာ မဟုတ်ဘူး။ အော်တော့ကော ဘယ်သူရှိလို့။ အမေကလည်း တောင်ခြေမှာ''

''ဒီတော့ နွဲ့နွဲ့က ဆူးနဲ့ ထိုးလိုက်တာပေါ့''

''ပထမတော့ ရုန်းနေဦးမှာပဲ။ ကိုတိုး သူကိစ္စကို စတင်လုလုဖြစ်နေချိန်မှာ နွဲ့နွဲ့က ပက်လက်လဲနေချိန်မှာ ခေါင်းအောက်ရောက်နေတဲ့ ခမောက်ထဲက ပေါင်းရှင်းစူးကို ဆွဲနုတ်ပြီး ကြောက်အားနဲ့ တအားထိုးစိုက်လိုက်တာပဲ''

''နေပါဦး။ ဟိုကိစ္စကို ကိုတိုး စတင်လုလုဖြစ်နေချိန်မှာမှ ထိုးလိုက်တယ်လို့ ဌာနအုပ်ကြီး အဟိအကျ ဘယ်လိုပြောနိုင်သလဲ''

''ဒီလိုဗျ ... ယောကျ်ားတွေဟာ အချို့ကို ပြောတာနော်။ ညဆိုရင် အိပ်မက်ထဲ အတွေ့အကြုံအရ တခါတလေ သုတ်လွတ်သွားကြတာ ရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်လေ။ အဲဒါက နေခင်းဘက် ဖြစ်လေ့မရှိဘူး။ ခု ကိုတိုးက နေခင်း သေတာ။ သူ့ရဲ့ လုံချည်မှာ သုတ်ရည် တွေ့ရတယ်လေ။ အဲဒီအချိန်မှာ ကို တိုးက တအားစိတ်က ပြင်းထန်နေ တော့ ကိစ္စပြီးသွားမယ့်အခြေအနေမှာ ရှိနေလိမ့်မယ်။ ဒါကြောင့် နွဲ့နွဲ့က ပေါင်းစူးနဲ့ တအားထိုးလိုက်ပြီး ကိုတိုး ဘေးဘက်ကို လိမ့်ဆင်းသွားတဲ့ အချိန်နဲ့ တိုက်ဆိုင်ပြီး သူ့ကိစ္စ အလို အလျောက်ပြီးသွားပြီး လုံချည်မှာ ပေကျံသွားလိမ့်မယ်။ ဒါကြောင့် ကို တိုး ဟိုကိစ္စ(စပ်ယှက်ဖို့ကိစ္စ) စတင် လုလုအချိန်မှာ အထိုးခံရတယ်လို့ အတတ်ပြောတာပါ''

''ကောင်မလေးကိုကော ဆေး မစစ်ဘူးလား''

''ဖမ်းပြီးမှစစ်ဖြစ်တယ်။ ဘာ အနာအဆာမှ မရှိဘူး။ အပျိုရည် မပျက်ဘူးပေါ့''

''အစက ဘာလို့မစစ်လဲ''

''အခမဲ့မှုကြောင့်လို့ မထင်ခဲ့ လို့ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ နွဲ့နွဲ့ က လုံးဝကူးခြေမပျက်ဘူး။ တည် တည်ငြိမ်ငြိမ်လေးလို့ ပထမသွားစစ် တဲ့ ဌာနမောင်မောင်က ပြောတယ်။ သူအတွေ့အကြုံနဲ့သေးတာလည်း ပါ မှာပေါ့။ ဟုတ်မှာပေါ့ဗျာ။ ခဲမှန်ထား တဲ့ စာသူငယ်ဆိုရင် ဘယ် ဒီလို တည်ငြိမ်ပါ့မလဲ။ မျက်နှာပျက်နေမှာ ပေါ့''

''အခမဲ့ကြဲစည်တယ်လို့ ဌာန အုပ်ကြီးတို့ကဆိုတယ်နော်''

''ဒါလည်း ပြောစရာဗျ။ ဒီလို မကြဲစည်ဘဲနဲ့ သုတ်ကိစ္စ မပေါ်လာ နိုင်ဘူးလေ။ ဒီတော့ အဲဒီအချိန်က အဲဒီနေရာမှာ ကိုတိုးနဲ့နွဲ့နွဲ့တို့ပဲရှိတယ် မဟုတ်လား။ ဒါကို ယထာဘူတကျ ကျ စဉ်းစားပြီး အခမဲ့ကြဲစည်တယ်လို့ ကျွန်တော် ကောက်ချက်ဆွဲခဲ့တယ်။ တကယ်မြင်ခဲ့ရသလို ကျွန်တော်က ပြောလိုက်တော့ နွဲ့နွဲ့ မငြင်းတော့ဘဲ ဝန်ခံပြီး ဖြောင့်ချက်ပေးသွားတယ်။ ကျွန်တော် ဆွဲထားတဲ့ကောက်ချက်နဲ့ လုံးဝမလွဲခဲ့ဘူး''

''တော်ပါပေတယ်ဗျာ။ နောက် အထောက်အထားကော''

''ဒီလိုဗျ။ ဌာနာမောင်မောင် သွားစစ်တုန်းက ပေါင်းရှင်းစူး (၂) ချောင်းသိမ်းခဲ့တယ်လေ။ ထူးဆန်း တာက သူ့အမေကိုင်တဲ့ စူးအရှည်က အဖျားပိုင်းအချွန်ဘက်ပေါ့ ပြောင် လက်နေပြီး နောက်နွဲ့နွဲ့ကိုင်နေကျဆို တဲ့ အတိုတစ်ချောင်းကျတော့ အရင်း (လက်ကိုင်နေရာ)နဲ့ အဖျား(အချွန် ဘက်)တစ်ရောင်တည်းဗျ။ မြေကို တူးဆွရာမှာ ခဏ ခဏ သုံးရင် အချွန်ဘက်ဟာ ဘယ်လိုနေမလဲ''

''ပြောင်လက်လာမှာပေါ့။ တူ ရွင်းလိုပေါ့ဗျာ''

''ဒါ အဖြေပေါ့ဗျာ။ စူး နှစ် ချောင်းအနက် သူ့အမေရဲ့စူးပါလို့ နွဲ့နွဲ့ ပြောတဲ့စူးက အချွန်ဘက် ပြောင် လက်နေတဲ့အပြင် သူ့စူးပါလို့ဆိုတဲ့ စူး က မပြောင်လက်ဘူး။ ဒီအဖျားပိုင်း မပြောင်တဲ့စူးဟာ တစ်ခါမှ မသုံးတဲ့ စူးပဲ။ ဒီစူးကို ထုတ်ပေးကတည်းက နွဲ့နွဲ့ဟာ မရိုးသားဘူးဆိုတာ သေချာ နေတယ်မဟုတ်လား။ ဒီတော့ နွဲ့နွဲ့ တကယ်သုံးတဲ့စူးက ဘယ်မှာလဲ။ ဝှက်ထားလို့ ပျောက်နေတာ မဟုတ် လား။ အဲဒါဟာ သက်သေခံပစ္စည်း ပဲ။ ခု နွဲ့နွဲ့အိမ်ထဲက ထုတ်ပေးတာ အဲဒီစူးပဲ။ အခင်းဖြစ်တဲ့နေ့က သူ ကြောက်လို့ ဝှက်ထားတယ်။ နောက် မှ အိမ်ကိုယူသွားတယ်။ သူက နောက်ထပ်မစစ်တော့ဘူးလို့ ထင် နေခဲ့လိမ့်မယ်''

''ဟုတ်ပြီ။ နောက်တော့ ကော''

''နောက်တစ်ခုက ပတ်ဝန်း ကျင်အနေအထား သက်သေဗျ။ လူ သူနဲ့ဝေးတဲ့ပတ်ဝန်းကျင်၊ အရွယ် ကောင်းတဲ့ သွေးသားမတော်စပ်သူ ယောကျ်ားတစ်ယောက်နှင့် မိန်းမပျို တစ်ယောက်၊ ယောကျ်ားကလည်း ရာဂစိတ် ပြင်းထန်နေတဲ့အချိန်၊ ဒီ အချိန်မှာ အဲဒီယောကျ်ားရဲ့စိတ်ဟာ တခြားကို မရောက်ဘူး။ ဒါဆိုဒါပဲ။ သဘောပေါက်ပါတယ်နော်။ ဒီအခြေ အနေဟာ သက်သေခံချက်ဖြစ်နိုင်တဲ့ အနေအထားမဟုတ်လား''

''ဒါကြောင့် မျက်မြင်သက်သေ

www.burmeseclassic.com

www.burmeseclassic.com

ဥပမာ-လူတစ်ယောက်ကို သတ်ဖို့ ဒေါသထွက်လာတဲ့အခါ စိတ်ကိုထိန်းပြီး ငါ သတ်လိုက်ရင် ဘာဖြစ်မလဲ ဆိုတာကို စဉ်းစားကြည့်ဖို့လိုတယ်။ အလုပ်တစ်ခုကို လုပ်မယ့်အခါတိုင်း ဒီ အလုပ်ကိုလုပ်ရင် ဘာအကျိုးဆက် တွေဖြစ်လာမလဲဆိုပြီး စိတ်ကို ထိန်းလိုက်ရင် ဆိုးဆိုးဝါးဝါးဖြစ်မလာနိုင်ဘူး မဟုတ်လား။ လူတစ်ယောက်ကို အော်ငေါက်ချင်ရင်တောင် ဖြစ်လာမယ့်အကျိုးဆက်ကို ကြိုတင်တွက်ဆပြီး စိတ်ကိုထိန်းထားဖို့လိုတယ်။ တဒင်္ဂကလေးသာ ထိန်းဖို့လိုတယ်ဗျာ။ ဆင်ကို ချွန်းနဲ့အုပ်သလိုမျိုးပေါ့။ တဒင်္ဂအတွင်းမှာ ပေါ်လာတဲ့စိတ်ဆင်ရိုင်းကို လွတ်ပေးလိုက်လို့ ကိုယ်လည်း အကျိုးမဲ့၊ သူလည်း အကျိုးမဲ့ဖြစ်ရတယ် မဟုတ်လား။ အဆုံးမှာတော့ ဒီတဒင်္ဂကလေးပေါ့ဗျာ။ ကိုတိုးဟာလည်း အဲဒီတဒင်္ဂအတွင်း ဖြစ်ပေါ်လာတဲ့ ပြင်းပြတဲ့စိတ်ဆန္ဒကို မထိန်းချုပ်ခဲ့လို့ ခုလို အသေဆိုးနဲ့ သေခဲ့ရတာပဲ''

''ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့။ တကယ့်သင်ခန်းစာယူသင့်တဲ့ မူခင်းတစ်ခုပါပဲ''

မောင်ထွန်းပေါက်
(ကျောက်ဖြူ)

မရှိပေမယ့် ရာဇဝတ်မှု ကျူးလွန်ခဲ့တယ်လို့ မှတ်ယူရမယ်။ နောက်တစ်ချက်က နွဲ့နွဲ့က လူသံလိုလိုကြားတယ်လို့ ပြောခဲ့တယ်။ အဲဒါက အမှုလမ်းကြောင်းလွဲအောင်လုပ်ဖို့ ကြိုးစားတာ။ ဒီနေရာကို ထင်းလာရှာစရာမရှိဘူး။ နွေမှာ ထင်းရှာတာတော့ ခလေ့။ ဒီရာသီက ထင်းခြောက်ရနိုင်တဲ့ ရာသီမဟုတ်ဘူး။ လာတဲ့လူဟာလည်း သူတို့ရဲ့ယာစောင့်တဲနားကပဲ နေတဲ့ လမ်းကြောင်းကသာ သွားရမယ်။ တခြားလမ်းမရှိဘူး။ အနီးအနားက ရွာတွေမှာရော၊ အင်္ဂရွာဟောင်းမှာပါ အဲဒီနေ့က တောင်ပေါ်သွားတဲ့လူ မရှိဘူးဆိုတာ သိရတယ်။ ကိုတိုးမှာ ရန်သူလည်း မရှိဘူး။ သေသွားတဲ့ကိုတိုးကလည်း သူ့ကို ရန်ရှာနေကြပါတယ်လို့ အော်မပြောခဲ့ဘူး။ သူက ပထမပိုင်းမှာ အောင်နိုင်သူရဲ့အနေအထားမှာရှိနေတယ်။ နောက်မှ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာ သားကောင်ဖြစ်ခဲ့ရတာ။ တကယ်လို့ သူဟာ တခြားတစ်ယောက်ရဲ့သားကောင်ဖြစ်တော့မယ် ဆိုတာကို သိခဲ့ရင် ကြောက်လို့ အော်ခဲ့မှာပေါ့''

''နွဲ့နွဲ့ခမျာ သနားစရာပဲ။ လွတ်လမ်းမရှိနိုင်ဘူးလား ဌာနအုပ်ကြီး''

''အင်း ... ခုခံကာကွယ်ပိုင်ခွင့်အရလုပ်တာလို့ တရားရုံးက ဆုံးဖြတ်ရင်တော့ တရားသေတောင် လွတ်နိုင်ပါတယ်။ ထိုးတာကလည်း တစ်ချက်တည်း၊ မထိုးပြန်ရင်လည်း အကြီးအကျယ်ထိခိုက်နစ်နာ၊ နာကျင်စေ၊ အကျိုးယုတ်စေမဲ့ အန္တရာယ်မျိုးလေ။ မဟုတ်ရင်လည်း ကြံရွယ်မှုမပါတဲ့အတွက် လူသေမှုနဲ့ လျော့လျော့ပါးပါး ပြစ်ဒဏ်ကျချင်လည်း ကျမယ်။ တရားရုံးတော်ရဲ့ သုံးသပ်ချက်နဲ့ ဆုံးဖြတ်ချက်ပေါ် တည်ပါတယ်။ ကျွန်တော်တို့တာဝန်က နွဲ့နွဲ့ဟာ ဒီရာဇဝတ်မှုကို တကယ်ကျူးလွန်ကြောင်းပေါ်လွင်အောင် သက်သေပြဖို့ပဲ မဟုတ်လား''

''ဒီတော့ ဌာနအုပ်ကြီးရေ ... ဒီအမှုကနေ ပြည်သူကို သင်ခန်းစာတစ်ခုတော့ပေးချင်တယ်။ အဲဒါကတော့ ဆိပ်ကွယ်ရာအရပ်မှာ သားပို့သမီးပို့တွေကို သူစိမ်းတစ်ရံတွေနဲ့ နီးနီးကပ်ကပ် မနေစေသင့်ဘူးဆိုတဲ့ အချက်ပါပဲ''

''ဒါတင်ကမလား လူရဲ့စိတ်နဲ့ ပတ်သက်လို့လည်း သင်ခန်းစာပေးရမှာဗျ။ သဘောကောင်း၊ မနောကောင်းဆိုတာ ရှိချင်ရှိမှာပေါ့။ ဒါပေမယ့် တဒင်္ဂအတွင်းမှာ စိတ်ဟာ မုန်တိုင်းထန်တတ်တယ်ဗျ။ ဒီတဒင်္ဂဆိုတဲ့အချိန် (fleeting moment) ကလေးမှာ စိတ်ကို ထိန်းထားနိုင်ဖို့ လိုတယ်ဗျ။ ဒီလိုဆိုရင် အရှုပ်ဆိုး၊ အကျည်းတန်တာတွေ ဖြစ်မလာနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသောမီးလောင်မှု

ဝေယံဟိန်း

ကျောက်စရစ်ရွာသည် သထုံတောင်ရိုးအရှေ့ဘက်တွင် တည်ရှိပြီး၊ ရိုးသားသော ကရင်လူမျိုးများ နေထိုင်ကြသည့် ရွာကြီးတစ်ရွာဖြစ်ပြီး ပညာတတ်များ မွေးထုတ်ပေးသည့် ကျေးရွာလည်းဖြစ်သည်။ ယခင်က ဆိုလျှင် သစ်ပင်များ၊ ဝါးရုံများနှင့် အုပ်ဆိုင်းနေပြီး အေးစိမ့်စိမ့်အနေ အထားရှိ၏။ ရွာအတွင်းတွင် သစ်ပင်များ၊ ဝါးရုံများကြောင့် အရိပ်ကောင်းစွာ ရပြီး နေပျောက်ပင်မထိုး။ ယခုအချိန်တွင် အိမ်ကြီးအိမ်ကောင်းများ ဆောက်လုပ်လာကြပြီး လမ်းပန်းအနေအထားများ တိုးချဲ့လာမှုကြောင့် မြင်ကွင်းတွေက ထင်လင်းလာပြီ ဖြစ်သည်။

ကျေးလက်တောရွာဆိုသည့် အလျောက် ရှေးအခါက ရိုးရာအစွဲများရှိခဲ့ဖူး၏။ လူပြောသူပြောစကား၊ တစ်ဆင့်စကားတစ်ဆင့်နားနှင့် ယုံကြည်ကြသည်များလည်း ရှိ၏။ နာနာဘာဝများ၊ နာမ်လောကမှ ပုဂ္ဂိုလ်များ၏ အကြောင်းများကိုလည်း လူကြီးတွေမှတစ်ဆင့် ကြားခဲ့ရဖူး၏။ ထူးဆန်းသည့်အဖြစ်အပျက်များလည်း နားဆင်ခဲ့ရဖူး၏။

ကျေးရွာဖြစ်သည့်အလျောက် ရွာသားများက ရိုးသားအေးချမ်း၏။ လောဘ၊ ဒေါသ၊ မောဟနည်း၏။ သို့သော်လည်း ယုံကြည်လွယ်တတ်၏။ ကျေးရွာတွင် ထိုစဉ်က သူခိုးလုံးဝမရှိ။ အသက်မွေးဝမ်းကျောင်းအဖြစ် အရှေ့ဘက်ကွင်းတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြပြီး အနောက်ဘက်တွင် ခြံလုပ်ငန်းလုပ်ကြ၏။ ခြံဟုဆိုရာတွင် တညင်း၊ ကြက်ပေါင်သီး၊ မရမ်း၊ ဝိန်ခဲ၊ ငရုတ်ကောင်း၊ သရက် စသည့် သီးနှံများအဖြစ်များ၏။ ခြံကို ခြံစည်းရိုးခတ်မထားသော်လည်း လုံးဝအပျောက်အရှုမရှိ။

လူကြီးများပြောစကားအရ ထိုစဉ်က ကျေးရွာတွင် လူကြီးနှစ်ဦးသုံးဦးက မကောင်းဆိုးဝါး (နာနာဘာဝ)ကို မွေးထားသည်ဟု ဆို၏။ သစ်ပင်ကြီးတစ်ပင်တွင် နေရာချပေးပြီး သားစိမ်းငါးစိမ်းများ၊ ကျေးရသည်ဟု ပြောကြ၏။ သားစိမ်း၊ ငါးစိမ်းများကို ကာလအလိုက် ရက်သတ်မှတ်ပြီး ကျွေး၏။ ထိုသို့မကျွေး

www.burmeseclassic.com

www.burmeseclassic.com

ပါက မွေးထားသူကို အန္တရာယ်ပြုတတ်သည်ဆို၏။ မကောင်းဆိုးဝါး (နာနာဘာဝ)များ မွေးထားသည်ဟု သိရသော ခြံအတွင်းသို့ ပြင်ပလူများ၊ အဝင်အထွက်နည်း၏။ ခြံအတွင်း ဝင်၍ရသော်လည်း ပိုင်ရှင်က ခွင့်မပြုဘဲ ခြံတွင်းပစ္စည်းတစ်စုံတစ်ခု ယူပါက လူအကောင်အထည် မမြင်ရဘဲ အတင်းလိုက်ဆွဲသည်ဟု ဆို၏။ မဟုတ်ပါက ထိုသူအား ပါးတွေ၊ နားတွေ ရိုက်သွားသည်ဆို၏။ သို့သော် လူအကောင်အထည်မမြင်ရ၊ သည့်အတွက် ဘူခိုးမကပ်ရဲ။

စာရေးသူပင် သည်အငွေ့အသက်တွေကို လက်ခံသလိုလို ဖြစ်နေဆဲပင်။ ခေတ်မီသိပ္ပံပညာများ သင်ယူခဲ့သည်ဆိုသော်လည်း ငယ်ဘဝ၏ အစွဲတွေက မပျောက်ချင်၊ ထူးဆန်းသော ဖြစ်ရပ်များလည်း နားနှင့်မဆန့်အောင် ကြားခဲ့ရဖူး၍ဖြစ်သည်။

''ခေတ်ကြီးက ပြောင်းလဲသွားပြီ''။ ''ကမ္ဘာကြီးက ရွာတစ်ရွာဖြစ်သွားပြီ''ဟုဘယ်လိုပြောပြော ထူးဆန်းတာတွေတော့ ရှိနေဆဲပင်။ ဆယ်စုနှစ်တစ်ခုပင် မရှိသေးသော ကာလကဖြစ်ရပ်တစ်ခုကို ဖော်ပြလိုပါသည်။ ကျောက်စရစ်ရွာတွင် နာမည်ကြီးသည့် ပုဂ္ဂိုလ်ဦးကြီးတစ်ယောက်ရှိခဲ့၏။ ထိုပုဂ္ဂိုလ်သည် နာနာဘာဝများကို သစ်ပင်ကြီးတစ်ပင်တွင် နေရာပေးပြီး မွေးမြူထား၏။ အချိန်မှန် အစာကျွေး၏။ သည်အကြောင်း သည်အဖြစ်တွေကို သားသမီးတွေကိုလည်း ပြောထားသည်။ သားကြီးကိုလည်း သည်အပင်တွင် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ကာလလောက်မှာ ဘယ်နှကြိမ် အစာကျွေးရန် ပြောထားခဲ့၏။

ထိုဦးကြီးက ကွယ်လွန်ခဲ့ပြီ။ သားသမီးတွေလည်း ထိုသစ်ပင်ကို အရေးမထားကြတော့။ အားလုံး မေ့နေကြ၏။ သစ်ပင်ကြီးကလည်း ကြီးထွားလာလိုက်သည်မှာ တစ်ခြံလုံးတွင် အကြီးဆုံး၊ အမြင့်ဆုံး။ တစ်နေ့တွင် သားကြီးက စဉ်းစား၏။ ''ဒီအပင်ကို ထင်းလုပ်ပြီးရောင်းရင် ငွေတော်တော်ရမှာ''

စဉ်းစားသည့်အတိုင်း ထင်းကုန်သည်တစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးပြီး ဈေးသတ်မှတ်ကာ ထိုသစ်ပင်ကို ခုတ်လဲလိုက်သောအခါမှ သစ်ပင်က ပိုကြီးသည်ဟု ထင်ရ၏။ သစ်ပင်လုံးပတ်က လူတစ်ရပ်စာမက ဟု ဆို၏။

ဦးကြီး၏သား (ခြံဝိုင်)နေသော အိမ်သည် ရွာအတွင်းတွင်ဖြစ်ပြီး ထင်းခုတ်လဲရောင်းလိုက်သော သစ်ပင်ရှိသည့်ခြံနှင့် အလွန်ကွာဝေး၏။ ရွာနှင့် ခြံ(တော)ဖြစ်၍ နေရာက တခြားစီဖြစ်သည်။ သည်တွင် ထူးဆန်းသော အဖြစ်ဆိုး ကြုံရလေပြီ။

ထိုသစ်ပင်ကြီးခုတ်၍ ရောင်းချပြီးသောညတွင် ထူးဆန်းသောအသံတွေ ကြား၏။ အချိန်ကလည်း ည (၂) နာရီခန့်ဖြစ်သည်။ လူအုပ်လိုက်ကြီး ပြေးလွှားအော်ဟစ်သံများလို ကြားရ၏။ အသံက တောက်လျှောက်ကြားနေရ၏။ ထိုအသံက သစ်ပင်ကြီးလဲသော ခြံမှ ထွက်လာပြီး ခြံပိုင်ရှင် ဦးကြီး၏သား အိမ်ဆီ ဦးတည်သွား၏။ သည်အသံကို ကြားသူက ကြား၏။ မကြားသူကလည်း မကြား။ လူသံကဲ့သို့ အော်ဟစ်ဆူညံပြေးလွှားသည်က မရပ်မနား။ နာနာဘာဝတွေ နေစရာမရှိ၍ဘဲလား။

ခဏအကြာတွင် ဦးကြီး၏သားကြီး အိမ်မှာ မီးလောင်လေပြီ။ အိမ်က တကယ့်အိမ်ကြီးအိမ်ကောင်း။

www.burmeseclassic.com

www.burmeseclassic.com

သစ်သားအိမ်။ တကယ်ခန့်ထည်သည့် အိမ်။ မီးဖိုတွင် မီးကြွင်းမီးကျန်ရှိနေ၏။ သို့သော် မီးဖိုက စလောင်တာ မဟုတ်၊ မီးဖိုက မီးက မီးခဲလေးတွေသာ ရှိနေ၏။ မီးလောင်သည်ကြား၍ တစ်ရွာလုံးရောက်လာကြ၏။ ဆူဆူညံညံ အော်ဟစ်နေသောအသံတွေလည်း ကြားနေရ၏။ ကျေးရွာမို့ ရေပုံးလေးတွေနှင့် ရေလောင်းရုံနှင့် အလုပ်မဖြစ်။

မီးလောင်ပုံကလည်း ဆန်း၏။ အိမ်ရှေ့ဘက်ထောင့်က လောင်လိုက်၊ ပြီး အနောက်ဘက်က လောင်နေပြန်၏။ အနောက်ဘက်မီးကို ဝိုင်းသတ်ပြန်တော့ တောင်ဘက်က လောင်ပြန်၏။ တစ်အိမ်လုံးနေရာအနှံ့ မီးမှာလိုက်ရွှေ့ပြီး လောင်နေ၏။ လူကိုယ်တိုင် လိုက်ရှိုနေသလိုပင်။ ရွာသားများကလည်း ထူးဆန်းသည့်အဖြစ်ကြောင့် ဘာလုပ်ရမည်ကို မသိကြတော့။ အိမ်တစ်အိမ်လုံး မီးလောင်ပြီးနောက် စောစောက ကြားခဲ့ရသော လူအုပ်ကြီး၏အသံက လာလမ်းအတိုင်း ပြန်သွားတာကို ကြားရပြန်တော့သည်။ အံ့သြဖွယ်ကောင်းပေစွ။

နံနက်မိုးလင်းတော့ တစ်အိမ်လုံး ဘာမှမကျန်။ အားလုံးပြာကျသွားသော်လည်း မီးဖိုကတော့ သည်အတိုင်းဝင်ကျန်နေ၏။ အိမ်ရှင်ကတော့ ယူကျုံးမရတော့။ အဖေမှာခဲ့သော စကားကို အယုံမကြည်မရှိ၍

မေ့မေ့ပျောက်ပျောက်နေလိုက်တာဖြစ်၏။ ''အလကားအဓိပ္ပာယ်မရှိတာ'' ''ဒီခေတ်ကြီးထဲမှာ သိပ်နည်းမကျလိုက်တာ'' ဟု တွေးခဲ့၏။ ''အဖေတို့ တော်တော်ခေတ်နောက်ကျနေတာပဲဟုလည်း အပြစ်တင်မိခဲ့ဖူး၏။ မှန်သည် မမှန်သည် မည်သူမမြော်နိုင်။ အားလုံးက ထိုသစ်ပင်ကြီး လဲလိုက်သောကြောင့် ဟုပြောနေကြတော့၏။ မည်သို့ပင်ဖြစ်စေ ယခုတော့ သစ်ပင်ကြီးတစ်ပင်နှင့် ဘဝတစ်ခုကို လဲလိုက်ရပြီဖြစ်သည်။ အားလုံး ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရပြီ။

ထင်းကုန်သည်ကလည်း အချောင်ဈေးနှင့် ထင်းတွေ အတော်များများ ရလိုက်၏။ ထင်းဆိုလည်း အားကျစရာ ကောင်းလောက်အောင် ရောင်းချရသည်ဆို၏။ နောက်ဆက်တွဲသတင်းကား ထိုထင်းကုန်သည်၏ မိသားစုသည် စီးပွားလည်း ကျ၊ မိသားစုဝင်များ တစ်ယောက်ပြီး တစ်ယောက် အနာရောဂါဖြစ်လိုက်ကြသည်မှာ နလံမထူတော့။ ကြေကွဲဖွယ် ကောင်းလွန်လှပါ၏။

မည်သို့ပင်ဖြစ်စေ ကျောက်စရစ်ရွာတွင် သည်အဖြစ်အပျက် အမှန်တကယ်ပင်ဖြစ်ခဲ့ပါ၏။

ဝေယံဟိန်း

www.burmeseclassic.com

www.burmeseclassic.com

ကြံကြံဖန်ဖန်ကျောက်ခေတ်လူများ

ဖိလစ်ပိုင်အမျိုးသား သမိုင်းကော်မရှင်အကြီးအကဲ မင်နူယာယ်အယ်လ်ဗဲလ်ဒ်ဂျူနီယာက ၁၉၇၁ ခုနှစ်တွင် ဖိလစ်ပိုင်တောတွင်းတစ်နေရာ၌ ယဉ်ကျေးမှုခေတ်သစ်တွင် စာစဉ်မှ မတွေ့ဖူးသော ကျောက်ခေတ်လူသားတစ်စုကို တွေ့ရှိခဲ့ရကြောင်း ကမ္ဘာဆီ ကြေညာခဲ့ပါ၏။

'တာဆာဒေး'ဟု သူတို့ခေါ်သည့် ထိုလူရိုင်းများသည် အဝတ်အစားဟူ၍ မရှိ၊ သစ်ရွက်သစ်ခက် အချို့သာ အရှက်လုံရုံဖုံးလွှမ်းပြီး ဂူအောင်းနေကြသည်။ တိရစ္ဆာန်အငယ်စားလေးတွေနှင့် သစ်ဥ သစ်ဖုဟင်းသီးဟင်းရွက်များကိုသာ စားကြသည်။

သူတို့သည် လယ်ယာစိုက်ပျိုးထွန်းယက်မှု မရှိ၊ အချိန်တန်ဖိုးကိုလည်း မသိ၊ လက်နက်လေးမြားလည်း မလုပ်တတ်၊ စစ်မက်ဒေါသဖြစ်ပွားမှုလည်း ကင်းသည်ဆို၏။

ထိုသတင်းက သိပ္ပံပညာရှင်များနှင့် သတင်းစာဆရာများလောကကို ချောက်ချားသွားစေသည်။

မိုးသည်းထန်သော တောကြီးမျက်မည်းထဲတွင် အရေးပေါ် လေယာဉ်ကွင်းလေး တည်ဆောက်၍ ဟယ်လီကော့ပတာတွေ ဆင်းလိုက်တက်လိုက်ဖြင့် သုတေသီတွေ အလုပ်ရှုပ်သွားစေရ၏။

ဂူအောင်း ကျောက်ခေတ်လူသားတွေမှာလည်း သတင်းသမားများ၏ အချစ်တော်ဖြစ်ခဲ့ရသည်။

နှုတ်နယ် ကျော်ဂရုပ်ဖစ်မဂ္ဂဇင်း (ခေါ်) အမျိုးသားပထဝီဝင်စာစောင်ကြီးက 'တာဆာဒေး'များ၏ အကြောင်းကို မျက်နှာဖုံးဆောင်းပါးရေးခဲ့သလို အင်ဘီစီရုပ်မြင်သံကြားမှလည်း ကျောက်ခေတ်လူသားများကို ဖော်ထုတ်သတင်းပေးခဲ့သူ အယ်လ်ဗဲလ်ဒ်အား ဒေါ်လာ ငါးသောင်း ဆုချခဲ့သည်။

တစ်ချိန်တည်းမှာပင် 'ဖိလစ်ပိုင်သမ္မတကြီး ဖာဒီနန်မားကို့စ်'ကိုယ်တိုင်က 'တာဆာဒေး'အုပ်စုကို အစိုးရမှ တာဝန်ယူစောင့်ရှောက်ရန် စီစဉ်ပေးခဲ့သည်။

ထိုသည်မှာ ၁၉၈၆ မတိုင်မီအထိသာ ဖြစ်ခဲ့၏။

မားကို့စ်အစိုးရပြုတ်ကျပြီးနောက် ဆွစ်သတင်းစာဆရာတစ်ဦးက ထိုလူ့ဗျက်လူသားများထံ အလည်တစ်ခေါက်သွားရောက်ခဲ့၏။

ထိုအခါ တစ်ချိန်က ဂူအောင်း 'တာဆာဒေး'တို့မှာ တဲတွေနှင့်နေနေပြီး တီရုပ်နှင့် ဘောင်းဘီတို့တွေ ဝတ်လျက် ခေတ်မီကိုးဟက်နေကြသည်ကို တအံ့ဖာသြ တွေ့လိုက်ရတော့၏။

ထိုထက်ပို၍ အံ့သြစရာကတော့ ထိုလူစုကိုယ်တိုင်က သူတို့အား အဲလ်ဗဲလ်ဒ်က ဂူအောင်းလူသားများအသွင် ဟန်ဆောင်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟထုတ်ဖော်ပြောလိုက်ခြင်းပါပေတည်း။

နောက်ဆုံးတော့လည်း ကမ္ဘာလှည့်ဧည့်သည်တွေ မြူဆွယ်ရေးနှင့် ကိုယ့်တိုင်းပြည် နာမည်ကြီးရေးအတွက် ကြံကြံဖန်ဖန်လိမ်ညာခဲ့သည့်အဖြစ်က ဘူးပေါသလို ပေါ်ခဲ့ရပြီ မဟုတ်ပါလား။

ပြောတိုင်း ယုံလျှင် ပါသလောက်ကုန်ဆိုသည့် အဖြစ်မျိုးပါကလား။

ရဲပြင့်အောင်

www.burmeseclassic.com

R / D - 2 / 98

www.burmeseclassic.com

ယာဉ်အန္တရာယ်ကင်းရှင်းရေး

အကြွေးလျှပ်ခြေးက ဆရာသည်တစ်ဦး၏ဘဝတစ်ခုလုံး

အုန်းတင်ငြိမ်း (နိုင်)

(၁)

ရထားဝန်ထမ်းဘဝတုန်းကဆိုရင် ရထားစီးပြီး ရထားတွေကို လိုက်စစ်ရတယ်။ ဘူတာတွေကို လိုက်စစ်ရပါတယ်။ ဒါကြောင့်မို့ ရထားစီးပြီး မကြာခဏခရီးထွက်ခဲ့ရပါတယ်။ အခု အငြိမ်းစားယူပြီးတဲ့ နောက်ပိုင်း ကုမ္ပဏီဝန်ထမ်းတစ်ဦး ဖြစ်သွားတဲ့အချိန်မှာတော့ ခရီးမထွက်ဖြစ်တော့ပါ။ ဒါပေမယ့် ခရီးထွက်ဖို့ အခွင့်အရေးတစ်ရပ် ရလာခဲ့ပါတယ်။ စာရင်းစစ်အရာရှိဦးဝင်းယုက "ဆရာ ကျွန်တော်တို့စာရင်းစစ်အဖွဲ့ နေပြည်တော်နဲ့ မန္တလေးကို သွားစစ်ရင် ဆရာပါလိုက်ရမယ်တဲ့" လို့ ပြောလာပါသည်။

"ဟုတ်လား ... ကျွန်တော်လည်း ခရီးထွက်စစ်ဆေးချင်တာနဲ့ အတော်ပဲ။ ဒါနဲ့ ဆရာတို့က ရထားနဲ့ သွားမှာလား၊ ကားနဲ့သွားမှာလား"

"ကျွန်တော်တို့က ကားနဲ့ပဲသွားမှာပါ"

"ဟုတ်ပါပြီ။ ကားနဲ့သွားမယ်ဆိုရင် လမ်းဟောင်းကို သွားမှာလား၊ လမ်းသစ်ကသွားမှာလား။ ပြောပါဦး"

"ကျွန်တော်တို့ အမြန်လမ်းမကြီးက အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးကားတွေနဲ့ သွားမှာပါ" လို့ ပြောလိုက်တော့ စာရေးသူဟာ သိပ်ဝမ်းသာသွားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၅-၃-၂၀၀၉ ရက်နေ့က ဖွင့်လှစ်ပေးခဲ့တဲ့ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးလမ်းပိုင်းနဲ့ ၂၉-၁၂-၂၀၁၀ ရက်နေ့က ဖွင့်လှစ်ပေးခဲ့တဲ့ နေပြည်တော်-မန္တလေး(စကားအင်း)အမြန်လမ်းမကြီးပေါ်က တစ်ခါဆိုတစ်ခါမှ ကားနဲ့ ခရီးမသွားဘူးသေးလို့ပါ။ ဒါကြောင့်မို့ တာဝန်ပေးတဲ့ ကုမ္ပဏီက ဒါရိုက်တာကို အထူးပင်ကျေးဇူးတင်မိပါသည်။

၁၀-၁-၂၀၁၁ ရက်နေ့မှာ စာရေးသူဟာ ဦးဝင်းယုတို့စာရင်းစစ်အဖွဲ့နဲ့အတူ ရွှေစင်စကြံာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးကားကြီးနဲ့ လိုက်ပါခဲ့တယ်။ အမြန်လမ်းမကြီးပေါ်ကို ရောက်တဲ့အချိန်မှာတော့ စာရေးသူဟာ အရင်က တစ်ခါမှ မရောက်ဘူးသေးတဲ့နေရာကို ရောက်လာတာမို့ ဟိုကြည့် ဒီကြည့် တောင်ကြည့် မြောက်ကြည့်ဖြစ်နေပါတယ်။ စာရေးသူကို အကဲခတ်ကြည့်နေတဲ့ ဦးဝင်းယုက ...

"ဆရာက အရင်တုန်းက ဒီအမြန်လမ်းမကြီးက ခရီးမသွားဖူးဘူးလား" လို့ မေးလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် ဒီအမြန်လမ်းမကြီးက တစ်ခါမှ ခရီးမသွားဖူးသေးပါဘူး" လို့ စာရေးသူက ပြောလိုက်ပါတယ်။

စာရေးသူက ဆက်ပြီး ...

"ကျွန်တော်က ဒီအမြန်လမ်းမကြီးကို အခုမှရောက်ဖူးပေမယ့်လည်း ဒီအမြန်လမ်းမကြီးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို လေ့လာမှတ်သားထားပါတယ်" လို့ ပြောပြရာ ...

"ဒါဆိုရင် အတော်ပဲ ပြောပြပါဦး" လို့ ဦးဝင်းယုက တောင်းဆိုလိုက်ပါတယ်။ စာရေးသူကလည်း ပြောချင်ရဲ့လက်တို့ ဆိုသလို ခရားရေလွှတ်သလို ပြောပါတော့တယ်။

"ဒီအမြန်လမ်းမကြီးကို (၁၀.၁၀.၂၀၀၅) ရက်နေ့မှာ စတင်ဖောက်လုပ်ခဲ့တာပါ။ ထောက်ကြံ့အမှတ် (၃) လမ်းဆုံမှ နေပြည်တော်လမ်းဆုံထိ ၂၀၂ မိုင် ၁ ဖာလုံကွာဝေးပါတယ်။ အဲဒီလမ်းပိုင်းကို (၂၅.၃.၂၀၀၉) ရက်နေ့မှာ ဖွင့်လှစ်ပေးခဲ့တာပါ။ ရန်ကုန်က နေပြည်ထောအထိ လေးနာရီလောက်မောင်းရင် ရောက်ပါမယ်" လို့ စာရေးသူက ရှင်းပြပါတယ်။

"ဟုတ်ပါပြီ ဆရာ။ နေပြည်တော်-မန္တလေးလမ်းပိုင်းအကြောင်းကို ပြောပြပါဦးလား"

"နေပြည်တော်လမ်းဆုံမှ မန္တလေးလမ်း စကားအင်းအိုင်းအထိ မိုင် ၁၅၀၊ ၅ ဖာလုံ ကွာဝေးပါတယ်။ အဲဒီလမ်းပိုင်းကို (၂၉.၁၂.၂၀၁၀) ရက်နေ့က ဖွင့်လှစ်ပေးခဲ့ပြီး စကားအင်း-တံတားဦး-တံခွန်တိုင် (မန္တလေး) အပိုင်း ၁၃ မိုင် ၅ ဖာလုံကို (၂၃.၁၂.၂၀၁၁) ကို ဖွင့်လှစ်ခဲ့ပါတယ်။ နေပြည်တော်က မန္တလေးကို သုံးနာရီလောက် မောင်းရင် ရောက်ပါတယ်"

ဦးဝင်းယုက ...

"ဆရာ ကားလမ်းတွေက အရမ်းကောင်းတာပဲနော်" လို့ ပြောလာတော့ စာရေးသူက ...

"ဟုတ်ပါတယ် ဆရာ။ ဒီအမြန်လမ်းမကြီးက ပေ (၄၀၀) ကျယ်ပါတယ်။ လမ်းလယ်ကျွန်းရဲ့ အကျယ်က ပေ (၃၀) ရှိပါတယ်။ အောက်ခံကွန်ကရစ်ဒုက ခြောက်လက်မရှိပါတယ်။ မျက်နှာပြင်လွှာရဲ့ ကွန်ကရစ်ဒုက (၁၂) လက်မရှိပါတယ်။ လမ်းရဲ့ခံနိုင်ဝန်က တန် (၈၀) ပါ။ တစ်ဖက်မှာ နှစ်လမ်းသွားနဲ့ လေးလမ်းသွား ကွန်ကရစ်လမ်းမကြီးကို ဆရာမြင်တွေ့တဲ့အတိုင်းပါပဲ" လို့ စာရေးသူက ရှင်းပြတယ်။

"ဟုတ်ပါ'တယ်။ မြင်ရတဲ့မြင်ကွင်းဟာ ရင်သပ်ရှုမောစရာပါပဲ ဆရာရယ်"

(၂)

ဦးဝင်းယုရဲ့စာရင်းစစ်အဖွဲ့ဝင်ထဲက စာရင်းစစ် မရဝနာမွန်က စာရေးသူနဲ့ ဦးဝင်းယုတို့ ပြောဆို နေကြတာကို စိတ်ပါဝင်စားပြီး နားထောင်နေရင်းနဲ့ ...

"အန်ကယ် ဦးအုန်းတင် ... ကျွန်မကတော့ ကားနဲ့သာသွားရတယ်။ တစ်ခုခုဖြစ်မှာကို စိုးရိမ်တယ်" လို့ ဝင်ပြောလာပါတယ်။ ဦးဝင်းယုရဲ့စာရင်းစစ်အဖွဲ့ဝင် နောက်တစ်ဦးဖြစ်တဲ့ မဖြိုးဝေထွန်းကလည်း ...

"ဟုတ်တယ် အန်ကယ်အုန်း။ ကျွန်မလည်း စိုးရိမ်ပါတယ်" လို့ ထောက်ခံပြောဆိုလာပါတယ်။

ဦးဝင်းယုက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ရဲ့တပည့်တွေက စိုးရိမ်တယ်ဆိုရင်လည်း စိုးရိမ်လောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရာအနှံ့မှာ ယာဉ်တိုက်မှုတွေ၊ မတော်တဆမှုတွေ ဖြစ်နေလို့ပါ" လို့ ပြောလာပါတယ်။

စာရေးသူက ...

"ဟုတ်ပါတယ်။ ယာဉ်တိုက်မှုတွေ ဖြစ်တယ်ဆိုတာ မကြာခဏ ကြားသိနေရပါတယ်။ ဟို တစ်လောက ဒီအမြန်လမ်းမကြီးပေါ်မှာလည်း ရပ်ထားတဲ့ကားကို နောက်က ဝင်တိုက်မိတယ်လို့ ဖတ်လိုက်ရပါတယ်" လို့ ပြောပြပါတယ်။

စာရေးသူ ပြောပြတာကို နားထောင်နေရင်း ဦးဝင်းယုက ...

"ကျွန်တော် ... ဆရာ့ကို တစ်ခုလောက်မေးပါရစေ" လို့ ခွင့်တောင်းလာပါတယ်။

"ဆရာက ကျွန်တော့်ကို ဘာများမေးချင်လို့ပါပဲ။ မေးနိုင်ပါတယ်"

"ဩော် ... ကျွန်တော် ဆရာ့ကိုမေးချင်တာက တခြားမဟုတ်ပါဘူး။ ဆရာက ဒီကုမ္ပဏီကို မရောက်ခင်တုန်းက မီးရထားမှာ တိုင်းအရာရှိလုပ်ခဲ့တယ်ဆိုတော့ မီးရထားတွေ ဘာကြောင့်မတော်တဆမှု ဖြစ်ရတယ်ဆိုတာကို ကောင်းကောင်းသိမှာပါ"

"မီးရထားတွေ မတော်တဆမှုဖြစ်ရတဲ့အကြောင်းရင်းတွေကို သိအောင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ရတာများတော့ ဖြစ်ရတဲ့အကြောင်းအရင်းတွေကို သိနေတာပါ"

"ဟုတ်ပါပြီ။ ဒါဆိုရင် မော်တော်ယာဉ်တွေလည်း ဘာဖြစ်လို့ မတော်တဆမှုတွေ ဖြစ်ပွားနေတာလဲဆိုတာ သိရင် ပြောပြပါဦး"

"ဟ ... ဆရာကလည်း ကျွန်တော်က ရထားဝန်ထမ်းဟောင်းဆိုတော့ ရထားအကြောင်းပဲ သိမှာပေါ့။ ကားအကြောင်း ဘယ်သိပါ့မလဲ။ မဟုတ်ဘူးလား။ တစ်ချိန်က ကျွန်တော် စီးလာတဲ့ကားနဲ့ တခြားကားဟာ မျက်နှာချင်းဆိုင် တိုက်ကြလို့ (၁၁)ယောက်သေ၊ ကျွန်တော်လည်း မသေရုံတစ်ဖယ်

www.burmeseclassic.com

www.burmeseclassic.com

ခံစားရခဲ့လို့ ကားစီးရတာဟာ အတိတ်က အဖြစ်ဆိုးကြီးလို ကျွန်တော့်ကို ခြောက်လှန့်နေသလို ခံစားရပါတယ်'' လို့ စာရေးသူရဲ့ ရင်တွင်းက ခံစားချက်ကို ပြောပြလိုက်ရာ ဦးဝင်းယုက သူမေးမိသည့်အတွက် အားနာသွားရပါတယ်။

''ဟာ ... ဆရာရယ် ကျွန်တော်က မသိလို့မေးမိတာပါ။ Sorry ပဲ ဆရာ''

''ရပါတယ် ဆရာ။ ကျွန်တော် အဖြစ်ဆိုးနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ရတာကတော့ ကျွန်တော်ရဲ့အတိတ် ဘဝက အကုသိုလ်ကံကြောင့်ဖြစ်ရတယ်လို့သာ သဘောထားလိုက်ပါတယ်။ ကျွန်တော်ကလည်း ဝန်ထမ်း ဘဝတုန်းက စစ်ဆေးတာတွေလုပ်ခဲ့ရတော့ စစ်ဆေးတာလည်း ဝါသနာပါတယ်။ အချိန်ရရင် စူးစမ်းလေ့လာမှုတွေလည်း လုပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဆရာမေးတာကို ပြောပြပါ့မယ်'' လို့ စာရေးသူက ပြောလိုက်ပါတယ်။

''ဒါဆိုရင်လည်း ဆရာလေ့လာထားတာတွေ ပြောပြပါဦး''

(၃)

''ယာဉ်တိုက်မှုဖြစ်တဲ့ဖြစ်စဉ်တွေထဲမှာ ယာဉ်မောင်းသူတွေရဲ့ မဆင်မခြင်မောင်းနှင်လို့ ဖြစ်ရတာက များတယ်လို့ သိရပါတယ်။ တကယ်တော့ ယာဉ်မောင်းသူတွေဟာ အန္တရာယ်ဖြစ်နိုင်တဲ့ စက်ပစ္စည်း တစ်ခုကို ကိုင်တွယ်အသုံးပြုနေရတာပါ။ ဒါကြောင့်မို့ 'ငါ ဘယ်လိုမောင်းလိုက်ရင် ဘယ်လိုအန္တရာယ်တွေ ဖြစ်နိုင်တယ်'ဆိုတဲ့ ဆင်ခြင်မှုမရှိရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ အန္တရာယ်နဲ့ ရင်ဆိုင်ရဖို့များပါတယ်''

''ဆရာပြောတာ မှန်ပါတယ်။ ဒီကားပေါ်က ခရီးသည်တွေရဲ့အသက်တွေဟာ ယာဉ်မောင်းသူရဲ့ လက်ထဲမှာရှိပါတယ်။ သူသာ မဆင်မခြင်မောင်းရင်တော့ အားလုံး ဒုက္ခရောက်ကြပါလိမ့်မယ်''

''နောက်တစ်ချက်ကတော့ ယာဉ်မောင်းတာ မကျွမ်းကျင်ဘဲ မောင်းတာရယ်၊ ယာဉ်မောင်းလိုင်စင် မရှိဘဲ မောင်းတာရယ်ကြောင့် ယာဉ်တိုက်မှုဖြစ်ရတာပါ။ မော်တော်ယာဉ်မောင်းနေကြတဲ့သူတွေကို စိစစ်ကြည့်မယ်ဆိုရင်တော့ တချို့က အသက်မွေးဝမ်းကျောင်းအတွက် မောင်းကြတာပါ။ တချို့က ကိုယ့်ရဲ့ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းကြတာပါ။ ဘာကြောင့်ပဲမောင်းမောင်း မော်တော်ယာဉ်မောင်းနေတဲ့အချိန်မှာတော့ ယာဉ်မောင်းတစ်ဦးလိုပဲ သတ်မှတ်ရမှာပါ။ အဲဒီလိုမော်တော်ယာဉ်ကို မောင်းတော့မယ်ဆိုရင် ပထမဦးဆုံး ကညနက ထုတ်ပေးမယ့် အမောင်းသင်(သ)လိုင်စင်ယူရမှာဖြစ်ပါတယ်။ 'အစကောင်းမှ အနှောင်းသေချာမယ်' ဆိုတဲ့စကားအတိုင်းပဲ ယာဉ်မောင်းတာကို စသင်တဲ့အချိန်တည်းက စနစ်တကျ သင်သင့်ပါစာယ်။ လိုင်စင်အမျိုးအစားတွေက 'သ'လိုင်စင်၊ 'က'လိုင်စင်၊ 'ခ'လိုင်စင်၊ 'ဃ'လိုင်စင်နဲ့ 'င'လိုင်စင်တွေ သတ်မှတ်ထားပါတယ်။ အမောင်းသင် 'သ'လိုင်စင်ကိုတော့ စစ်ဆေးဖို့မလိုဘဲ အသက် (၁၇)နှစ်ပြည့်ရင် ရယူခွင့်ရှိပါတယ်။ ကျွန်လိုင်စင်အားလုံးအတွက်ဆိုရင် အရောင်တန်း (Colour Blind) စစ်ဆေးမယ်၊ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေ စစ်ဆေးမယ်။ ယာဉ်မောင်းခြင်း လက်တွေ့မောင်းနှင်တာကို သတ်မှတ်ထားတဲ့အတိုင်း စစ်ဆေးအောင်မြင်မှ သတ်မှတ်တဲ့လိုင်စင်အမျိုးအစားကို ထုတ်ပေးတယ်လို့ လေ့လာ သိရှိရပါတယ်'' လို့ စာရေးသူက ပြည့်ပြည့်စုံစုံရှင်းပြပါတယ်။

အဲဒီလို စာရေးသူက ရှင်းပြနေတာကို နားထောင်နေတဲ့ မဖြိုးဝေထွန်းက ...

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်အုန်း ... ကျွန်မ သိချင်တာတစ်ခုမေးဦးမယ်နော်။ အန်ကယ်အုန်း ကားမောင်းတတ်လား" လို့ မေးလာပါတယ်။

"ဟင့်အင်း ... မမောင်းတတ်ပါဘူးကွယ်။ ဒါပေမယ့် ကားမောင်းတတ်ဖို့က သိပ်ပြီး အခက်အခဲမရှိဘဲ လွယ်ကူလို့ ရက်ပိုင်းအတွင်းမှာ တတ်မြောက်နိုင်တယ်လို့ ပြောကြပါတယ်"

လို့ ပြောလိုက်ချိန်တွင် ...

"ဒါဆိုရင် ကျွန်မတို့လည်း ကားမောင်းသင်ဦးမယ်"

လို့ မဖြူးဝေထွန်းက ပြောလာပါတယ်။ မရတနာမွန်ကလည်း ...

"ဟုတ်ပါတယ်။ နောက်တစ်ခေါက် ခရီးထွက်ရင် ကိုယ်ပိုင်ကားကို မောင်းပြီးသွားမယ်နော်"

လို့ပြောလိုက်၍ အားလုံးက သဘောကျသွားကြပါတယ်။

စာရေးသူက ...

"ကားမောင်းသင်တာက လွယ်ပေမယ့်လည်း ယာဉ်ကြောတွေ၊ လမ်းကြောတွေကို နားလည်ဖို့နဲ့ ဥပဒေဆိုင်ရာ သတ်မှတ်ချက်တွေကို သိထားဖို့က ခက်ခဲတယ်တဲ့။ ဖြူးဖြူးနဲ့ရတနာတို့က ကားမောင်းမယ်ဆိုလို့ ပြောပြဦးမယ်။ ယာဉ်မောင်းသူအမျိုးသမီးအချို့ရဲ့ ပေါ့ဆမှု၊ မထိမဲ့မြင်မောင်းနှင်မှုတွေကြောင့် အခြားကားမောင်းတွေက သူတို့မောင်းလာတဲ့ကားနဲ့ တိုက်မိမှာစိုးလို့ ရှောင်တိမ်းလိုက်ရာမှ ဖြစ်ပွားခဲ့ရတဲ့အမှုတွေက ယာဉ်မတော်တဆမှု စုစုပေါင်းရဲ့ (၃၀%)လောက်ရှိတယ်ဆိုတာ ဂျာနယ်တစ်စောင်မှာ ရေးသားထားတာကို ဖတ်လိုက်ရတယ်" လို့ပြောပြလိုက်ရာ ...

"ဟင်! ဟုတ်လား။ ဒါဆိုရင်လည်း မမောင်းတော့ပါဘူးလေ။ အခုလို အဆင့်မြင့်ကားကြီးတွေကိုပဲ စီးပါတော့မယ်" လို့ ပြောလာပါတယ်။

ဦးဝင်းယုက "သမီးတို့ရေ ... ကိုယ့်ရဲ့ပေါ့ဆမှုကြောင့် အခြားသူတွေ ဒါမှမဟုတ်ရင် ကိုယ်ကိုယ်တိုင် အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါတယ်ကွယ်။ ကိုယ်တိုင်ယာဉ်မောင်းမယ်ဆိုတဲ့ စိတ်ကို လျှော့လိုက်တာကောင်းပါတယ်။ မော်တော်ယာဉ်မတော်တဆမှု ဖြစ်နိုင်တဲ့အချက်တွေ ဆက်ပြောပါဦး ဆရာ..." လို့ ပြောလာပါတယ်။

(၄)

စာရေးသူက ဆက်ပြောရမယ့်အချက်ကို စဉ်းစားပြီးတော့မှ ...

"နောက်တစ်ချက်ကတော့ ကားကို အရှိန်ပြင်းပြင်းနဲ့မောင်းလို့ပါ။ မော်တော်ယာဉ်တွေကို အမျိုးအစားအလိုက် ဘယ်နေရာမှာ ဘယ်နှမိုင်နှုန်းမောင်းနှင်ခွင့်ပြုတယ်ဆိုတာ သတ်မှတ်ထားပါတယ်။ ခရီးသည်တင်ကားနဲ့ ကုန်တင်ကားတွေဆိုရင် မြို့တွင်းမှာ တစ်နာရီကို မိုင် ၂၀ (၃၂ ကီလိုမီတာ)ပဲ မောင်းခွင့်ပြုထားပါတယ်။ ကိုယ်ပိုင်ကားတွေနဲ့ အခြားကားတွေဆိုရင် မြို့တွင်းမှာ တစ်နာရီ မိုင် ၃၀ (၄၈ ကီလိုမီတာ) မောင်းခွင့်ပြုထားပါတယ်" လို့ ပြောလိုက်ချိန်တွင် ဦးဝင်းယုက ...

"ဒါဆိုရင် ဒီအမြန်လမ်းမကြီးပေါ်မှာ ကျွန်တော်တို့စီးလာတဲ့ အဆင့်မြင့်ခရီးသည်တင်ကားတွေကို တစ်နာရီမိုင်ဘယ်လောက်ထိ မောင်းခွင့်ပြုထားပါသလဲ" လို့ မေးလာပါတယ်။

ထိုအခါ စာရေးသူက အမြန်လမ်းမကြီးရဲ့ဘေးမှာစိုက်ထူထားတဲ့ဘုတ်တိုင်တစ်ခုကိုညွှန်ပြရင်း ...

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ... ဟိုမှာရေးထားပါတယ်။ တစ်နာရီကို မိုင် ၆၀ (100 km/h) ထက်ပိုမမောင်းရတဲ့။ တစ်နာရီကို ဘယ်နှမိုင်မောင်းနေလဲသိရအောင် ကားလမ်းဘေးက မိုင်တိုင်တွေကြည့်ပြီး အချိန်နဲ့တွက်ကြည့်ရင် တစ်မိုင်နဲ့တစ်မိုင်ကို (၁) မိနစ်လောက်ပဲ မောင်းနေပါတယ်။ ဒါကြောင့် တစ်နာရီကို မိုင် (၆၀) လောက် မောင်းနေတယ်လို့ တွက်ဆလို့ရပါတယ်" လို့ စာရေးသူက ရှင်းပြပါတယ်။

ဦးဝင်းယုက ...

"ဆရာ ဒီအမြန်လမ်းမကြီးက သိပ်ကောင်းနေတော့ လမ်းကလည်း ရှင်းနေတော့ တချို့လည်း မောင်းကောင်းကောင်းနဲ့ သတ်မှတ်မိုင်နှုန်းထက် ပိုသွားနိုင်တယ်လို့ ထင်ပါတယ်"

လို့ သူ၏ထင်မြင်ချက်ကိုပြောပြရာ ...

"သတ်မှတ်မိုင်နှုန်းထက်ပိုပြီး အရှိန်ပြင်းပြင်းနဲ့ မောင်းနေရင်တော့ တစ်နေရာရာမှာ အရှိန်ကို မထိန်းနိုင်တော့ဘဲ မတော်တဆမှု ဖြစ်နိုင်ပါတယ်" လို့ စာရေးသူက ဖြစ်နိုင်ချေကို ပြောပြပါတယ်။

"ဆရာ မော်တော်ယာဉ် မတော်တဆမှုဖြစ်နိုင်တဲ့အချက်တွေ ရှိသေးရင် ဆက်ပြောပြပါဦး" လို့ ဦးဝင်းယုက ပြောလာပါတယ်။ စာရေးသူက ...

"ဟုတ်ကဲ့ ... ပြောပြပါမယ်။ ယာဉ်မောင်းတစ်ယောက်အနေနဲ့ ယာဉ်မမောင်းသင့်တဲ့ အချိန်တွေ ရှိပါတယ်" လို့ ပြောလိုက်ချိန်တွင် ဦးဝင်းယုက စိတ်ဝင်စားသွားပြီး...

"ဟုတ်လား ဆရာ။ ဘယ်အချိန်တွေ မမောင်းသင့်ဘူးလဲ ပြောပြပါဦး" လို့ သိချင်တာကို မေးလာပါတယ်။

"ယာဉ်မမောင်းသင့်တဲ့အချိန်တွေကတော့ ဒေါသထွက်တဲ့အချိန်၊ ဖျားနာနေတဲ့အချိန်၊ ပင်ပန်းနွမ်းနယ်နေတဲ့အချိန်၊ စိုးရိမ်ကြောင့်ကြမှု ကြုံတွေ့နေတဲ့အချိန်နဲ့ အရက်သောက်စားပြီးတဲ့ အချိန်တွေပါ။ အဲဒီထဲမှာပါတဲ့ အရက်သေစာသောက်စားထားပြီး မောင်းတဲ့အကြောင်း ပြောချင်ပါတယ်။ အရက်မသောက်ဘဲ မောင်း

www.burmeseclassic.com

www.burmeseclassic.com

တာတောင် မတော်တဆမှုတွေ ဖြစ်နေရင် အရက်သောက်ထားပြီး မောင်းရင်တော့ ပြောစရာလိုမယ်မထင်တော့ပါ။ တချို့ယာဉ်မောင်းတွေက သိပ်ပင်ပန်းလို့ အရက်သောက်တာပါလို့ ပြောကြပါတယ်။ တကယ်တော့ အရက်သောက်ပြီးရင် မမောင်းဘဲ အနားယူသင့်ပါတယ်။ အရက်မူးနေတဲ့အချိန်မှာ ယာဉ်မောင်းလို့ကမ္ဘာနဲ့အဝန်းမှာ ယာဉ်တိုက်မှုတွေ တိုးပွားနေပါတယ်။ ဒါကြောင့်မို့ ယာဉ်မောင်းတွေအနေနဲ့ 'မူးရင် မမောင်းနဲ့ မောင်းရင် မမူးနဲ့' ဆိုတဲ့ ဆောင်ပုဒ်ကို မမေ့သင့်ပါ''လို့ စာရေးသူက ပြောရင်း အကြံပြုလိုက်ပါတယ်။

ဦးဝင်းယုက ...

''ဆရာပြောတာ မှန်ပါတယ်။ အရက်မူးယစ်နေချိန် ယာဉ်မောင်းရင်တော့ ကိုယ်တိုင်လည်း အန္တရာယ်ရှိပါတယ်။ တခြားသူတွေအတွက်လည်း အန္တရာယ်ရှိလို့ မူးရင် မမောင်းတာ၊ မောင်းရင် မမူးတာ အကောင်းဆုံးပါ'' လို့ ပြောလာပါတယ်။ စာရေးသူက ....

'' 'မူးရင် မမောင်းနဲ့၊ မောင်းရင် မမူးနဲ့' လိုပဲ နောက်ထပ်ဆောင်ပုဒ် တစ်ခုရှိသေးတယ်''လို့ ပြောလိုက်တော့ ...

''ဆရာ ... **ဘာဆောင်ပုဒ်**လဲ ပြောပါဦး'' လို့ ဦးဝင်းယုက မေးလာပါတယ်။

ထိုအခါ **စာရေးသူက ချက်ချင်း**မပြောသေးဘဲ (Toll Gate) တစ်ခုကို ရောက်ချိန်တွင် (Toll Gate) **အနီးရှိ** ဘုတ်တစ်ခုကို **ညွှန်ပြရင်း** ...

''ဆရာ ဟိုမှာရေး**ထားတာ ဖတ်**ကြည့်ပါဦး။ ဆရာထိုင်နေတဲ့ဘက်က ကောင်းကောင်း မမြင်ရ**ရင် ကျွန်တော်** ဖတ်ပြပါမယ်။ **'ယာဉ်မောင်း**များ အိပ်ငိုက်ပြီး မောင်းနှင်လို့ မော်တော်ယာဉ်များ တိမ်း**မှောက်နေပါတယ်**။ ယာဉ်မောင်း**များ အိပ်မငိုက်**စေရန် သတိပေးပါ'တဲ့။ အဲဒီတော့ 'အိပ်ငိုက်ရင် မမောင်းရ၊ **မောင်းရင် မငိုက်ရ**'ပေါ့ဗျာ **မဟုတ်ဘူးလား**'' လို့ မေးလိုက်ပါတယ်။

ဦးဝင်းယုက ...

''**ဆရာပြောတာ** ဟုတ်ပါတယ်။ ကျွန်တော် ဖတ်ဖူးတဲ့ ကျန်းမာရေးသုတစာစုထဲမှာ ညတိုင်း အိပ်ချိန် ခုနစ်နာရီပြည့်အောင် မအိပ်ရဘဲ အိပ်ရေးပျက်တဲ့သူတွေဟာ လုပ်ငန်းထဲမှာ စိတ်လက်ပေါ့ပါးလန်းလန်းဆန်းဆန်းနဲ့ အလုပ်လုပ်နိုင်ခြင်းမရှိဘဲ အမှားအယွင်းတွေ လုပ်တတ်တယ်တဲ့။ ဒါ့အပြင် ဒေါသထွက်လွယ်တယ်၊ ဆုံးဖြတ်ချက်တွေလည်း မှားတတ်တယ်၊ အပြောအဆိုတွေလည်း မှားတတ်ပြီး ရောဂါတွေလည်း အလွယ်တကူဝင်ရောက်နိုင်တယ်လို့ ရေးထားပါတယ်'' လို့ ပြောပြပါတယ်။

''ဟုတ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရထားနဲ့ဥပမာပေးပြီး ပြောပါမယ်။ ရထားတွေ မောင်းတဲ့အခါမှာ နေ့ခင်းမောင်းတာကို (Day Running)၊ ညမောင်းတာကို (Night Running) လို့ ခေါ်ပါတယ်။ အဲဒီလို ရထားမောင်းတဲ့ စက်ခေါင်းမှူးနဲ့ ဂါတ်ဗိုလ်တွေကို (Running Staff) လို့ ခေါ်ပါတယ်။ စက်ခေါင်းမှူးတွေဟာ နေ့ ဒါမှမဟုတ် ညဘိုင်းမှာ သတ်မှတ်ထားတဲ့ (Driving Hour) ပဲမောင်းရပြီး (Rest Hour) မှာ အပြည့်အဝနားကြရပါတယ်။ အဲဒီလိုမနားရရင်တော့ (Night Running) မှာ အမှားအယွင်းတွေ ဖြစ်နိုင်ပါတယ်'' လို့ စာရေးသူက ရှင်းပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဦးဝင်းယုက ...

"ဆရာပြောပြတာလည်း တော်တော်စုံသွားပါပြီ။ နောက်ထပ်ကျန်သေးတာရှိရင် ပြောပါဦး" လို့ မေးလာ၍ ...

"ယာဉ်မောင်းတွေနဲ့ ပတ်သက်လို့တော့ တော်တော်ပြည့်စုံသွားပြီဗို့ လမ်းကူးသူများနဲ့ ခရီးသည်များရဲ့ ပေါ့ဆမှုတွေကြောင့်လည်း ယာဉ်တိုက်မှုဖြစ်ရတာလို့ သိရှိရပါတယ်။ လူအများစုကတော့ ယာဉ်တိုက်မှုဖြစ်တာနဲ့ မော်တော်ကားများရဲ့အမှားပဲလို့ ယူဆကြပါတယ်။ ယာဉ်တိုက်မှုဖြစ်စဉ်မှာ မော်တော်ကားများ ပါဝင်ပတ်သက်နေပေမယ့် လမ်း အသုံးပြုသူများ၏ မဆင်မခြင်မှုကြောင့်လည်း ပါဝင်နေပါတယ်။ ယာဉ်မောင်းတွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာဖို့ လိုသလို လမ်းအသုံးပြုသူများကလည်း လိုက်နာဖို့လိုပါတယ်။ ခြေကျင်သွားကြသူအနေနဲ့ ကားလမ်းပေါ်က မသွားဘဲ လူသွားစင်္ကြံလမ်းပေါ်က သွားရပါမယ်။ လူကူးခုံးကျော်တံတားများရှိနေတဲ့နေရာမှာ တံတားပေါ်က ကူးရပါမယ်" လို့ စာရေးသူက ပြောပြပါတယ်။

စာရေးသူ ပြောပြတာကို ဦးဝင်းယုအနေနဲ့ တစ်ခုခုကို ဘဝင်မကျဖြစ်နေ၍ ...

"ဆရာပြောတာ မှန်ပါတယ်။ ဒါပေမယ့် ဆရာနဲ့ကျွန်တော်တို့က (၃၂)လမ်းမှာရှိတဲ့ရုံးနဲ့ (၃၃) လမ်းမှာရှိတဲ့ ရုံးချုပ်ကို နေ့တိုင်း အခေါက်ခေါက်အခါခါ ကူးသန်းတဲ့အခါမှာ ဆူးလေဘုရားရှေ့၊ မြို့တော်ခန်းမရဲ့ဘေး ဆူးလေဘုရားလမ်းပေါ်က လူကူးမျဉ်းကြားက ကူးနေရတာ ဟုတ်လား။ အဲဒီအချိန်မှာ စည်းကမ်းလိုက်နာကြတဲ့ ယာဉ်မောင်းတွေနဲ့ လမ်းကူးနေကြတဲ့သူတွေကို စာနာထောက်ထားကြတဲ့ ယာဉ်မောင်းတွေက သူတို့မောင်းလာတဲ့ ကားတွေကို လမ်းကူးနေကြတဲ့သူတွေ ကုန်သွားတဲ့အချိန်အထိ လုံးဝရပ်ထားပေးတယ်။ တချို့က အရှိန်လျှော့ပြီး မောင်းလာပေးကြတယ်။ ဆိုးတာက တချို့ယာဉ်မောင်းတွေက မောင်းလာလိုက်တာများ လမ်းကူးနေကြတဲ့သူတွေကို ဝင်ပြီးတိုက်တော့မယ့်အတိုင်းပဲ။ လန့်စရာကြီးများ။ နောက်တစ်ခုက ခရီးသည်တင်လိုင်းကားအချို့က မျဉ်းကျားပေါ်မှာ တည့်တည့်ရပ်ထားကြတယ်။ လမ်းကူးကြမယ့်သူတွေက ဘယ်ကကူးရမှန်းမသိဘူး။ အခက်အခဲတွေ့ပါတယ်။ အဲဒီလို မျဉ်းကျားပေါ်မှာ တည့်တည့်ရပ်ထားရတာကလည်း ရှေ့မှာ လိုင်းကားတွေက တန်းစီရပ်နေပြီး ဆက်မကွက် သေးတော့ နောက်ကလာတဲ့ကားတွေက ရပ်ဖို့နေရာ မရှိတော့ဘဲ မျဉ်းကျားပေါ်ရပ်ရတာပါ။ အဲဒီဂိတ်မှာ တာဝန်ကျဝန်ထမ်းတွေက စစ်ဆေးကြပ်မတ်ဖို့ လိုမယ်လို့ထင်ပါတယ်" လို့ သူမြင်တွေ့တာတွေကို ပြောပြပါတယ်။

စာရေးသူကလည်း ...

"ဦးဝင်းယု ပြောတဲ့မြင်ကွင်းကတော့ ကျွန်တော်လည်း မြင်တွေ့နေရပါတယ်။ နောက်တစ်ခုက ဆူးလေဘုရားလမ်းနဲ့ အနော်ရထာလမ်းဆုံနေရာအနီးက လူကူးခုံးကျော်တံတား တည်ဆောက်ထားပေမယ့်လည်း တော်တော်များများက လူကူးခုံးကျော်တံတားပေါ်က မကူးကြဘဲ ကားလမ်းကပဲ ကူးနေကြတာ

www.burmeseclassic.com

www.burmeseclassic.com

မြင်တွေ့ရပါတယ်။ အမှန်တော့ ကားလမ်းက မကူးဘဲ လူကူးခုံးကျော်တံတားပေါ်က ကူးသင့်ပါတယ်'' လို့ သုံးသပ်ပြောဆိုပါတယ်။

''ဆရာ ... အဲဒီလူကူးတံတားပေါ်က ကူးဖူးလားလို့'' ဦးဝင်းယုက မေးလာပါတယ်။ စာရေးသူက ...

''ကူးဖူးပါတယ်။ တံတားပေါ်က လူသွားလမ်းဘေးတစ်ဖက်တစ်ချက်မှာ ဈေးသည်တွေ အပြည့်ရှိတယ်လေ'' လို့ ဖြေလိုက်ပြီး စာရေးသူက ဆက်၍ ...

''ကျွန်တော်က နံနက်တိုင်း ရုံးတက်ရင် အနော်ရထာလမ်းစကြံပေါ်က လမ်းလျှောက်လာတာပါ။ အရင်က လူသွားတဲ့စကြံပေါ်မှာ ဈေးသည်တွေရှိတယ်။ အခုတော့ တာဝန်ရှိသူတွေ စောင့်ကြပ်နေလို့ ရှင်းနေပါတယ်။ ဆရာ့ကို မေးဦးမယ်။ ရထားခုတ်မောင်းနေတုန်း ရထားပေါ်မှာ လိုက်တမ်းပြေးတမ်းကစား ကြတဲ့ယဉ်ဆိုရင် ဆရာ ယုံပါ့မလား'' လို့ မေးလိုက်ပါတယ်။

''ဟာ! ဆရာကလည်း ရထားခုတ်မောင်းနေတုန်း ဘယ်သူတွေက လိုက်တမ်းပြေးတမ်း ကစားကြ လို့လဲ။ ကျွန်တော် စိတ်ဝင်စားလို့ ပြောပါဦး''

(၆)

စာရေးသူက ...

''အချို့ရထားတွေ ခုတ်မောင်းနေတဲ့အချိန်မှာ ရထားပေါ်မှာ လိုက်ရောင်းကြတဲ့ ဈေးသည်တွေ လိုက်ပါလာကြပါတယ်။ လက်မှတ်စစ်တွေလာရင် ဖမ်းမှာစိုးလို့ အခြားတွဲတွေကို ထွက်ပြေးကြတယ်။ ပြေးစရာမရှိရင် ရထားတွဲခေါင်မိုးပေါ်ကို တက်ပြေးကြကဲ့ယ်။ လိုက်ဖမ်းလို့ မရတော့ပါဘူး။ ဈေးသည်တွေက ရွှေ့ကပြေး၊ လက်မှတ်စစ်တွေက နောက်ကလိုက်နဲ့ လိုက်တမ်းပြေးတမ်း ကစားတဲ့အတိုင်းပဲ'' လို့ ပြောပြလိုက်ရာ ဦးဝင်းယု သဘောကျသွားပါတယ်။ စာရေးသူက ဆက်၍ ...

''လက်မှတ်စစ်တွေလည်း ရထားတွဲပေါ်ကလည်း ဆင်းသွားရော ဈေးသည်က ပြန်ရောက်လာကြပါတယ်။ အချို့ဈေးသည်တွေနဲ့ အချို့လက်မှတ်စစ်တွေကတော့ နားလည်မှုယူတာရှိပါတယ်။ 'တို့ပါရင် မရောင်းနဲ့' ပေါ့'' လို့ ထပ်ပြောလိုက်တော့ ဦးဝင်းယု ဝိုင်းသဘောပေါက်သွားပြီး ရယ်မာပါတော့တယ်။

ဦးဝင်းယုက ...

''ဆရာ လမ်းကူးသူတွေ၊ ခရီးသည်တွေအကြောင်း ပြီးတော့ ဘာကျန်သေးလဲ'' လို့ မေးလိုက်ရာ ...

''ယာဉ်မတော်တဆမှု ဖြစ်ရတာ အနှေးယာဉ်တွေကြောင့်လည်း ပါပါတယ်။ အနှေးယာဉ် မဝင်ရလို့ သတ်မှတ်ထားတဲ့နေရာတွေမှာ အနှေးယာဉ်တွေ ဝင်ရောက်တာ၊ လမ်းကြောင်းပြောင်းပြန်ဝင်တာ၊ အနှေးယာဉ်တွေမှာ တပ်ဆင်ရမယ့် အချက်ပြမီး၊ ရောင်ပြန်တွေ မပြည့်စုံတာတွေကြောင့် ဖြစ်နိုင်ပါတယ်။ နောက်တစ်ချက်ကတော့ မော်တော်ယာဉ်တွေ ချွတ်ယွင်းမှုကြောင့်ဖြစ်တာပါ။ ဒါကလည်း ကားပိုင်ရှင်၊ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက် (စပယ်ယာ)တို့ (၃)ဦး ပူးပေါင်းပြီး စစ်ဆေးပြုပြင်ဖို့ လိုပါတယ်''

လို့ စာရေးသူက ပြောပြပါသည်။ စာရေးသူက စစ်ဆေးရမယ်လို့ပြောတော့ ဦးဝင်းယုက ...

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ... ယာဉ်မမောင်းမီ ဘာတွေကို စစ်ရမှာလဲ ပြောပါဦးလား" လို့ ထပ်မေးပါတယ်။ သူက စာရင်းစစ်ဆိုတော့ စစ်ဆေးရမယ့်အချက်တွေကို သိချင်မှာပါ။

စာရေးသူက ...

"ယာဉ်မမောင်းမီ စစ်ဆေးရမယ့်အချက်တွေကတော့ ဘရိတ်၊ ယာဉ်ရဲ့ရှေ့မီး၊ နောက်မီး၊ အချက်ပြမီးတွေ၊ ဟွန်း၊ တာယာ၊ စတီယာရင်၊ ဂီယာနဲ့ နောက်ကြည့်မှန်တွေအားလုံး ကောင်း/မကောင်း၊ ဆီ၊ ရေ၊ လေ၊ ဝိုင် ပြည့်စုံမှု ရှိ/မရှိ၊ မိုးတွင်းဆိုရင် ရေသုတ်ဂိရိယာ (Wiper)ကောင်း/မကောင်းနဲ့ ကုန်တင်ကားဆိုရင် တင်ဆောင် ထားတဲ့ပစ္စည်းတွေ စနစ်တကျ ရှိ/မရှိ စစ်ဆေးရပါမယ်။ အဲဒါတွေ မကောင်းရင် မပြည့်စုံရင်တော့ ပြုပြင်ပြီးမှ ကားထွက်သင့်ပါတယ်။ ကျွန်တော်တို့ မီးရထားမှာဆိုရင် စစ်ဆေးတဲ့အခါမှာ နှုတ်နဲ့ရွတ်ဆိုမှု ပြုလုပ်ရပါတယ်။ ဥပမာ ဘရိတ်ကို စစ်ဆေးလို့ ကောင်းတယ်ဆိုရင် စက်ခေါင်းမှူးက 'ဘရိတ်ကောင်း' လို့ ရွတ်ရတယ်။ ကိုယ့်တစ်ယောက်တည်း ရွတ်ဆိုနေတော့ မသိတဲ့သူက ဟော့ဒီလူ တစ်ယောက်တည်း စကားပြောနေတယ်လို့ ထင်မှာပဲလေ။ အမှန်တော့ နှုတ်ကရွတ်ဆိုတယ်ဆိုတာ ကိုယ် စစ်ဆေးရမယ့် အစိတ်အပိုင်းတွေ ကောင်း/မကောင်း စစ်ဆေးဖို့ကို ကိုယ့်ကိုယ်ကိုယ် သတိပေးတာပါ" လို့ ရှင်းပြပါတယ်။

"ဆရာတို့ လုပ်တာ သိပ်ကောင်းတဲ့စနစ်ပဲနော်" လို့ ဦးဝင်းယု ချီးကျူးပြောလိုက်ရာ စာရေးသူက ...

"ကျွန်တော်တို့ အိမ်က ရုံးတက်ဖို့လာတဲ့အခါမှာ ရုံးရောက်လို့ စာရေးဖို့လုပ်တော့မှ ဘောလ်ပင် ကျန်ခဲ့တာ၊ မျက်မှန်ကျန်ခဲ့တာ၊ သော့ကျန်ခဲ့တာ မဖြစ်ဖူးဘူးလား" လို့ မေးလိုက်ပါသည်။

"ဖြစ်ဖူးပါတယ်။ ဟိုဟာကျန် ဒီဟာကျန်နဲ့ ခဏ ခဏ ဖြစ်ပါတယ်" လို့ ဦးဝင်းယု ဖြေလိုက်ပါတယ်။

စာရေးသူက ...

"ရုံးမသွားမီ အိမ်ပေါ်က မဆင်းခင်အချိန်မှာ အင်္ကျီအိတ်ထဲမှာ၊ ဒါမှမဟုတ်ရင် လက်ဆွဲအိတ်ထဲမှာ ဘောလ်ပင်၊ မျက်မှန်နဲ့ သော့တွေ ပါ,မပါ စစ်ဆေးပြီးတော့ ဘောလ်ပင်ပါပြီ၊ မျက်မှန်ပါပြီ၊ သော့ပါပြီလို့ နှုတ်ရွတ်ဆိုမှုလုပ်ခဲ့ရင် ဘယ်တော့မှ မကျန်တော့ပါဘူး။ ကျန်နေရင်လည်း ချက်ချင်းသိလို့ ပြန်ယူလိုက်ရုံပဲ" လို့ လက်တွေ့ပြသပြောလိုက်ရာ ဦးဝင်းယုက သဘောကျသွားပြီး ...

"ဟုတ်ပြီ ... ဟုတ်ပြီ။ ကျွန်တော် ဆရာပြောသလို နှုတ်ရွတ်ဆိုမှု လုပ်တော့မယ်" လို့ ပြောလာပါတယ်။

(၇)

စာရေးသူက ...

"ယာဉ်မတော်တဆမှုဖြစ်ရတဲ့အချက်တွေထဲက နောက်တစ်ချက်ကို ပြောပါမယ်။ အဲဒါကတော့ 'လမ်းမကောင်းလို့ပါ' ပြောကြပါတယ်။ လမ်းတွေကတော့ ရှုပ်ထွေးတဲ့လမ်း၊ ကွေ့ကောက်တဲ့လမ်း၊ တောင်ပေါ်နဲ့တောင်ပေါ်လို အတက်အဆင်းရှိတဲ့လမ်း၊ လမ်းဖြောင့် အဝေးပြေးလမ်းတွေ ရှိပါတယ်။ ယာဉ်မောင်းတဲ့သူက လမ်းရဲ့အခြေအနေအရ အန္တရာယ်မဖြစ်အောင် လိမ္မာပါးနပ်ပြီး မောင်းတတ်ရမယ်။ လမ်းမကောင်းလို့ မတော်တဆမှုဖြစ်တယ်ဆိုပေမယ့် အခု ဒီအမြဲနဲ့လမ်းမကြီးက ဘယ်လောက်ကောင်းလဲ၊ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com

ရှင်းလဲ မြင်တဲ့အတိုင်းပါပဲ။ ဒါလည်း မကြာ မကြာ ယာဉ်တိမ်းမှောက်မှုတွေ ဖြစ်နေတာပဲလေ။ တစ်နာရီကို မိုင် (၆၀) ထိ မောင်းနှင်ခွင့်ပြုထားတယ်ဆိုပေမယ့်လည်း လမ်း တည်ဆောက်ထားပုံအနေအထားကို ကြည့်ပြီး လိုအပ်တဲ့နေရာတွေမှာ အရှိန်လျှော့မောင်းသင့်တဲ့နေရာတွေမှာ အရှိန်လျှော့ပြီး မောင်းရင် အန္တရာယ်ကင်းပါမယ်'' လို့ စာရေးသူက ထင်မြင်ချက်ကို ရှင်းပြပါတယ်။

ဦးဝင်းယုက ...

''ဆရာရှင်းပြတာ ယာဉ်မောင်းတွေသိဖို့ လိုပါတယ်။ ဆရာရှင်းပြဖို့ ကျန်သေးလား'' လို့ မေးလာရာ ...

''ကဲ ... နောက်ဆုံးတစ်ချက်ကတော့ ရာသီဥတုကြောင့် ယာဉ်မတော်တဆမှု ဖြစ်ရတာပါ။ အထူးသဖြင့် မိုးရာသီမှာ သတိထားဖို့လိုပါတယ်။ မိုးတွေ သည်းသည်းမဲမဲရွာနေတဲ့အချိန်မှာလည်း အန္တရာယ်မဖြစ်အောင် မောင်းဖို့လိုပါတယ်။ ကျန်တော်တို့ မီးရထားမှာဆိုရင် မိုးတွေ သည်းကြီးမဲကြီး ရွာချနေလို့ လိုအပ်မယ်ဆိုရင် ရထားတွေကို ဘူတာရုံတွေမှာ ခဏ ရပ်ထားလိုက်ပါတယ်။ ရထားကို ဆက်လွှတ်တဲ့အချိန်မှာလည်း 'မိုးရွာထားတယ်၊ လမ်းပိုင်းကို စစ်ဆေးပြီး သင့်တော်တဲ့မိုင်နှုန်းနဲ့ မောင်းသွားပါ' လို့ သတိပေးလွှာ (Caution) ရေးပေးလိုက်ပါတယ်'' လို့ စာရေးသူက ပြောပါသည်။ ဦးဝင်းယုက ...

''ရထားတွေကိုတော့ ဆရာတို့က အနီးကပ် ထိန်းချုပ်ပြီး ညွှန်ကြားနေတော့ မကော်တဆမှု ဖြစ်ခဲပါတယ်။ ယာဉ်မောင်းတွေကြတော့ သတိပေးမယ့်သူလည်း မရှိဘူး။ ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ်ပဲ လိမ္မာပါးနပ်စွာနဲ့ မောင်းမှ အန္တရာယ်ကင်းပါလိမ့်မယ်။ ဆရာ အခုရှင်းပြခဲ့တဲ့အချက်တွေက ယာဉ်မတော်တဆမှုဖြစ်ရတဲ့အကြောင်းရင်းတွေပါ။ အဲဒီလို ယာဉ်မတော်တဆမှုတွေ မဖြစ်အောင် လျော့နည်းသွားအောင် ဘယ်လိုနည်းစနစ် (System)တွေကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်တယ်ဆိုတာ ဆရာ သိရင် ပြောပြပါဦး'' လို့ ထပ်မံတောင်းဆိုလာပါတယ်။

''မော်တော်ယာဉ်တွေနဲ့ လမ်းအသုံးပြုသူတွေ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနဲ့ ယာဉ်စည်းကမ်းတွေ၊ လမ်းစည်းကမ်းတွ ကိုယ်စီလိုက်နာနိုင်ဖို့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးစနစ် (၅) မျိုး ချမှတ်ထားတယ်လို့ လေ့လာသိရှိရပါတယ်'' လို့ စာရေးသူက ပြောလိုက်သောအခါ ဦးဝင်းယုက ...

''ဆရာပြောတဲ့ အဲဒီစနစ် (၅)မျိုးကို ကျန်တော် သိချင်လို့ ပြောပြပါဦး'' လို့ တောင်းဆိုလာပါတယ်။ စာရေးသူက ...

''ကျန်တော် လေ့လာမှတ်သားထားတဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးစနစ် (၅)မျိုး ကို တစ်ခုချင်း ပြောပြပါမယ်။ အဲဒါတွေထဲက ...

- ပထမစနစ်ကတော့ 'အသိပညာပေးတဲ့နည်းစနစ် (Education System)' ပါ။
- ဒုတိယစနစ်ကတော့ 'အင်ဂျင်နီယာနည်းစနစ် (Engineering System)' ပါ။
- တတိယစနစ်ကတော့ 'စစ်ဆေးအရေးယူတဲ့နည်းစနစ် (Enforcement System)' ပါ။
- စတုတ္ထစနစ်ကတော့ 'အရေးပေါ်ဆောင်ရွက်တဲ့နည်းစနစ် (Emergency System)' ပါ။
- နောက်ဆုံးနဲ့ ပဉ္စမအချက်ကတော့ 'ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ ထိန်းသိမ်းတဲ့ နည်းစနစ် (Environmental System)'

www.burmeseclassic.com

www.burmeseclassic.com

လို့ ရှင်းပြပါတယ်။

စာရေးသူ ရှင်းပြနေတာကို စိတ်ပါဝင်စားပြီး နားထောင်နေတဲ့ ဦးဝင်းယုက ...

"ဆရာ ရှင်းပြတာ စာသင်နေတဲ့အတိုင်းပဲ။ တစ်ခါတည်း မှတ်မိသွားတာပဲ။ ဆရာ အဲဒီယာဉ် စည်းကမ်းထိန်းသိမ်းရေးစနစ် (၅) မျိုးကိုသာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မယ်။ လိုက်နာ ကျင့်သုံးမယ်ဆိုရင်တော့ ယာဉ်တိုက်မှုတွေ၊ ယာဉ်မတော်တဆမှုတွေဟာ အတိုင်းအတာတစ်ခုထိ လျော့သွားမယ်လို့ ထင်ပါတယ်" လို့ သူရဲ့ထင်မြင်ချက်ကို ပြောပါတယ်။

စာရေးသူက ...

"ဟုတ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကလည်း ၂၀၁၁ ခုနှစ်ကနေ ၂၀၂၀ ခုနှစ်ထိကို ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ ဆယ်စုနှစ်ကို (၅)နှစ် စီမံကိန်း (၂)ကြိမ် သတ်မှတ်ထားပါတယ်။ ပထမ (၅) နှစ်စီမံကိန်းနှစ်ဖြစ်တဲ့ ၂၀၁၁ ခုနှစ်က ၂၀၁၅ ခုနှစ်ထိမှာ သေဆုံးထိခိုက်ဒဏ်ရာရတာဟာ (၂၅%) ကျဆင်းစေရမှာ ဖြစ်ပါတယ်။ ဒုတိယ (၅) နှစ် စီမံကိန်းနှစ်ဖြစ်တဲ့ ၂၀၁၆ ခုနှစ်က ၂၀၂၀ ခုနှစ်ထိမှာ (၁၀%) ကျဆင်းသွားအောင် ဆောင်ရွက် ရမယ်လို့" သတ်မှတ်ထားကြောင်းကို ပြောပြပါတယ်။

ဦးဝင်းယုက ...

"အဲဒီလို ယာဉ်တိုက်မှု ကျဆင်းသွားအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်" လို့ ပြောရင်း ကားလမ်းရှေ့ မျှော်ကြည့်လိုက်ပြီး ...

"ဆရာရေ ဆရာနဲ့ ကျွန်တော် ယာဉ်မတော်တဆမှုကို ဆွေးနွေးလာခဲ့တာ နေပြည်တော်ကို လှမ်းမြင်နေရပါပြီ။ မကြာခင်ရောက်တော့မယ်" လို့ ပြောလာပါတယ်။

စာရေးသူတို့ လိုက်ပါလာသော မော်တော်ယာဉ်ဟာ မြို့မစွေးကို ရောက်ရှိပြီး ဆက်လက်ထွက်ခွာ ချိန်မှာ ဦးဝင်းယုက ...

"ဆရာ ကျွန်တော်တို့ တည်းခိုမယ့်စည်ပင်တည်းခိုဆောင်ရှေ့မှာ ဆင်းကြမယ်" လို့ ပြောပါသည်။

"ဟုတ်ကဲ့" လို့ စာရေးသူက ပြောပြီး တန်းပေါ်လက်ဆွဲအိတ်ကိုချိပြီး အဆင်သင့်ပြင်ထားလိုက် ပါတယ်။ မော်တော်ယာဉ်ဟာ စည်ပင်တည်းခိုဆောင်ရှေ့ကို ရောက်ခါနီးအချိန်မှာ မော်တော်ယာဉ်ရပ်ရင် အလွယ်တကူဆင်းနိုင်အောင် ရှေ့ကို လျှောက်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ စာရေးသူဟာ စာတမ်းလေး တစ်ခုကို မြင်တွေ့သွားပါတယ်။

"မင်္ဂလာရှိသော ခရီးစဉ်ဖြစ်ပါစေ" တဲ့။ ဟုတ်ပါတယ်။ စာရေးသူတို့ရဲ့ ခရီးစဉ်ဟာ မင်္ဂလာ ခရီးစဉ်ဖြစ်ခဲ့ပါတယ်လို့ ရင်တွင်းမှ ပြောကြားရင်း မော်တော်ယာဉ်ပေါ်က ဆင်းသက်ပြီး တည်းခိုမည့် စည်ပင်တည်းခိုဆောင်သို့ ဦးတည်၍သွားကြပါတော့သည်။

ယာဉ်မောင်းသူအပေါင်း၊ ခရီးသွားပြည်သူအပေါင်း ယာဉ်အန္တရာယ်ကင်းဝေးကြပါစေလို့ ဆန္ဒပြု လျက် ...

အုန်းတင်ငြိမ်း(နိုင်)

www.burmeseclassic.com

www.burmeseclassic.com

ဆရာမြ

သစ်ပြာကြက်

(ဝင်းလှ-ဆင်ကျင်း)

www.burmeseclassic.com

www.burmeseclassic.com

သံစဉ်ဆွေ(မင်းလှ၊ စစ်ကွင်း)

ရေးတတ်သလိုရေးကလွဲ

အမှားပြစ်ခဲ့ပါလျှင်လည်း

ဖရဲသီးတွေ လှိုင်လှိုင်သီးခိုနှံ။

ညနေခင်းတစ်ခုဌ္ဌ နီးဖျာနေသော အဖေနားတိုးကပ်ပြီး အမေက အဖေ့ကို...

"အစ်ကိုရယ် ဖရဲသီးအရမ်း စားချင်တာပဲ သွားဝယ်ပေးပါလား" ဆိုတော့ အမေ့ကိုကြည့်ပြီး အဖေသက်ဖြင်းချ၏။

အမေသည် မပေါ့မပါး ကိုယ်လေးလက်ဝန်ကြီးနှင့်မို့ အမေ့ဆန္ဒကို အဖေကလည်း ငြင်းဆန်ချင်ပုံမရ။

အဖေနှီးထိုးလက်စ ဝါးခြမ်းစိတ်ကို ဘေးချပြီး ...

"နင်ဖရဲသီး အရမ်းစားချင်နေလို့လား" တဲ့။

အမေကလည်း ခေါင်းညိတ်ပြသည်။ အဖေက တဲခေါင်မိုးဌ္ဌ ထိုးထားသော ပိုက်ဆံအား ယူပြီး တဲအပြင်ဘက် ထွက်သွားသည်ကို တွေ့လိုက်ရသည်။

မတ်ပဲများ စွေးကောင်းနေသောကာလ ကျွန်မတို့ မိသားစုရွာနှင့် အလှမ်းကွာဝေးလှသော လယ်ထဲတွင် တဲထိုးနေကြရခြင်းဖြစ်သည်။

ဤသည်ကလည်း အကြောင်းရှိပါသည်။ မတ်ပဲခိုးသူတွေက ပိုင်ရှင်မစောင့်ပါလျှင် ရသလောက် နုတ်ယူတတ်သောကြောင့် ဖြစ်သည်။ မတ်ပဲစိုက်သူတိုင်း လယ်ထဲတွင် စောင့်ကြပ်ကြရသည်။

မတ်ပဲပေါ်ချိန် တချို့က မတ်ပဲနှင့် ဖရဲခင်း တွဲစိုက်ပျိုးကြသည်။ ထိုစဉ်က မတ်ပဲစွေးနှင့်ဖရဲစွေးမှာ အားပြိုင်လို့နေ၏။ သို့သော် မတ်ပဲစွေးကောင်းသလို ဖရဲစွေးမှီနေချိန် မတ်ပဲကိုသာ စိုက်ပျိုးကြ၏။

ဖရဲစွေးကောင်းသော်လည်း စိုက်ပျိုးခြင်းကို လူတိုင်းမကျွမ်းကျင်ကြ။ ဖရဲစိုက်ရသည်မှာ မတ်ပဲစိုက်ရသလို လက်မလွယ်၍ဖြစ်သည်။

ကျွန်မတို့ လယ်နှင့်သိပ်မဝေးလှသော တစ်နေရာတွင် ဖရဲတစ်ခင်းရှိပါသည်။ ထိုဖရဲခင်းထဲရှိ ဖရဲသီးများမှာ အတော်ကြီးမား၍ စားလို့အရမ်းကောင်း၊ အရမ်းချိုပြသည်ဟု သတင်းကြီးနေပါသည်။

ထိုဖရဲခင်း ပိုင်ရှင်မှာ ကျွန်မတို့ ရွာသားမဟုတ်ပါ။ စစ်ကွင်းမြို့ပေါ်မှ လာရောက်စိုက်ပျိုးသူ ဦးဟန်တွေးဆိုသူ ဖြစ်သည်။

ထိုကာလတွင် ဦးဟန်ထွေး ဖရဲခင်းထဲရှိ ဖရဲသီးများ၏ ကောင်းသတင်းကပုံ့နေရာ အမေလည်းကြားသိပုံရ၏။ သို့ကြောင့် အဖေ့ကို ပူဆာရာအဖေက တဲအတွင်းမှ ချက်ခြင်းထွက်သွားခဲ့၏။

မကြာခင် ဖရဲသီးစားရတော့မည်မို့ ကျွန်မနှင့်အတူ မောင်လေးကပါ ပျော်နေကြသည်။

ထိုစဉ်က ကျွန်မမောင်လေးအသက်မှာ ခြောက်နှစ်ဖြစ်ပြီး ကျွန်မက ဆယ်နှစ်ကျော်ကျော်သာ ရှိသေးသည်။ ကျွန်မ အဖေပြန်လာ၍

www.burmeseclassic.com

www.burmeseclassic.com

ဖရဲသီးပါလာလျှင် ခွဲဖို့ဓားကို အဆင်သင့်ဖြစ်အောင် ရေဆေးထားလိုက်သည်။

တစ်ခါတစ်ရံ ထိုဖရဲခင်းများဘေး နွားကျောင်းနေစဉ် တွေ့မြင်ရသော ထိုဖရဲသီးများကိုကြည့်ရင်း သရေကျမိ၏။ စားချင်သောစိတ်များ တဖွားဖွားဖြစ်ပေါ်မိ၏။

သို့သော် အဖေက နိုးတာ မကြိုက်။ သိလျှင် အရိုက်ခံရမည်။

အဖေ့အကြောင်း ကျွန်မသိပါသည်။ ထို့ကြောင့် မြင်သာမြင် မကြင် ရသည့်ဘဝ ဖြစ်လို့နေ၏။ ကြည့်ရင်း တံတွေးမျိုချရခဲ့သည့် အကြိမ်ပေါင်း မရေမတွက်နိုင်တော့။

ခုတော့ အဖေကိုယ်တိုင် သွားဝယ်နေပြီဖြစ်သဖြင့် ကျွန်မသရေကျခဲ့ ဖူးသော ထိုဖရဲသီး စားရတော့မည်မို့ စိတ်ထဲ ပျော်နေမိ၏။

အမေနှင့်အတူ အဖေပြန်လာချိန်ကို ကျွန်မတို့ စောင့်မျှော်နေကြသည်။ သိပ်မကြာလိုက်ပါ။ အဖေ ကျွန်မတို့ရှိရာ ပြန်လာခဲ့ပါသည်။ သို့သော် ကျွန်မတို့ မျှော်လင့်ထားသည့်၊ ကျွန်မ အလွန်စားချင်သည့်၊ အမေသွေးတောင်းနေသည့် ဖရဲသီး ပါမလာ။ အဖေ့လက်ထဲတွင် မတွေ့။

ကျွန်မ မျှော်လင့်ထားသည်မှာ အဖေဖရဲသီး တပွေ့တပိုက်ကြီးနှင့် ပြန်လာလိမ့်မည်ဟု ထင်သည်။ ခုတော့ ...

လက်ထဲတွင် ဗလာမဲ့ တဲ့အတွင်း ဝင်လာသော အဖေ့ကို အမေက မျက်နှာငယ်ဖြင့် ...

"အစ်ကို ဝယ်လို့မရခဲ့ဘူးလား"

အဖေထံက ဘာကိုပြန်မှုမတွေ့ရဘဲ အမေ့နားဝင်ထိုင်သည်။ အဖေ့မျက်နှာ သာမန်အနေအထား မဟုတ်ဘဲ ဒေါသတစ်ခုခုနှင့် ညှိစွန်းမိသည့် မျက်လုံးများ အရောင်တောက်ပနေ၏။

အတန်ကြာကြာ ထိုင်နေသည့် အဖေ တောက်တစ်ချက် ပြင်းပြင်း ခေါက်ပြီး ...

"တွေ့ကြသေးတာပေါ့ ကွာ"

"အစ်ကို ဘာဖြစ်လို့လဲ။ သူတို့က ဘာဖြောလိုက်လို့လဲ"

အမေ၏ စိုးရိမ်တကြီးမေးလာမှုကို အဖေက ...

"မရောင်းဘူးတဲ့ကွာ။ မနက်ဖြန် ဖောက်သည်တွေ လာမှာမို့လို့တဲ့"

ထိုအခါကျမှ အဖေ့ဒေါသကို ကျွန်မ နားလည်မိတော့သည်။

ကျွန်မရင်ထဲ၌လည်း စားချင်သောဖရဲသီး မစားရ၍ ထိုဖရဲခင်း ပိုင်ရှင် ဦးဟန်ထွေးအား စိတ်ထဲမှ ဒေါသဖြစ်မိ၏။

မျှော်လင့်ထားသလို ဖြစ်မလာ၍ အမေလည်း ကျွန်မလို ခံစားရပေလိမ့်မည်။ လောလောဆယ်တော့

အမှားနဲ့မှက်ခံကြသူ လောကီသားတွေ ရဲ့ ကြုံတွေ့ ရပုံ ပြစ်ရပ်ကျေးဇူး တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

အဖေ့ဒေါသတွေက မျက်နှာပေါ်တွင် အထင်းသား။ ထိုတစ်ညနေလုံး အဖေ ဘယ်သူ့ကိုမှ စကားမပြောတော့ချေ။ အမေလည်းအဖေ ဒေါသထွက်နေမှန်း သိသဖြင့် ဖရဲသီးအကြောင်း တစ်ခွန်း တလေမျှ မဟတော့။ အဖေဘယ်သူ ကို ဒေါသထွက်နေလည်း ဆိုသည် ကို ကျွန်မသိပါသည်။

ထိုညက ကျွန်မ တော်တော်နှင့် အိပ်မပျော်။

ညနေက အကြောင်းများတွေး ပြီး ဖရဲသီး တောင်းတနေသော အမေ့ ကို ကျွန်မသနားမိသည်။ ဖရဲသီးစားရ တော့မည်မို့ ပျော်ရွှင်မြူထူးစွာ ခုန် ပေါက်နေသော ကျွန်မမောင်လေးကို လည်း မြင်ယောင်မိ၏။ ထို့နောက် တစ်စုံတစ်ရာကို လျှို့ဝှက်နက်နဲစွာ စဉ်းစားနေသည့် အဖေ့သွင်ပြင်။

ပိုက်ဆံပေးဝယ်တာတောင် ဖရဲ သီး မရောင်းလိုက်သော ဖရဲခင်းပိုင် ရှင်။ ကျွန်မတို့ လယ်နားတစ်ပိုက် ရွာပါးသော ဖရဲစိုက်ခင်းများ။

ကျွန်မ အတွေးနယ်ချဲ့နေစဉ် အမှောင်ထဲ၌ 'ဘုတ်၊ ဘုတ်' ဟူသော အသံနှစ်ချက်ကြားလိုက်ရသည်။

အိပ်နေသော အမေက ရေနံဆီ မီးခွက်ထဘွန်းရာ မီးအလင်းရောင် အောက်တွင် လက်နှစ်ဖက်၌ တစ် ဖက် ဂုံနီအိတ်တစ်လုံးစီ ဆွဲလျက်သား အဖေ့ကို တွေ့လိုက်ရတော့ ကျွန်မ တအံ့တသြ ဖြစ်ရ၏။

အဖေဆွဲကိုင်ထားသော အိတ် ထဲတွင် ဘာတွေရှိနေသည်ကို ကျွန်မ ကောင်းကောင်းသိပါသည်။ အဖေ ဖရဲသီးတစ်လုံးကို အိတ်ထဲမှ ဆွဲထုတ် ရင်း ...

"ညီမ...အကြီးမကော၊ အငယ်ကောင်ကော နိုးလိုက်၊ ဒီမှာ ဖရဲသီးတွေ ကြိုက်သလောက် ထိုင် စား။ မဝသေးရင် နောက်တစ်ခေါက် ထပ်သွားယူဦးမယ်"

အိပ်မပျော်သေးသော ကျွန်မ အဖေယူလာသော ဖရဲသီးတွေ ရေ ဆေးလိုက်သည်။ အမေက မောင် လေးကို လှုပ်နှိုးနေ၏။ အိပ်ချင်မူးတူး ဖြင့် မောင်လေးထလာရာ ဖရဲသီးတွေ မြင်မြင်ချင်း ဆွဲယူပြီး အငမ်းမရ စား နေတော့၏။ မောင်လေး ပျော်နေ သည်ကို ကျွန်မမျက်လုံးထဲမှမထွက်။

အဖေယူလာသော ဖရဲသီးတွေကို ကျွန်မတို့မိသားစု အားလုံးထိုင်စားကြ သည်။ သွေးတောင်းနေသော အမေ က တစ်စိတ်ပြီးတစ်စိတ်။ မောင်လေး ကလည်း မြိန်ရေရှက်ရေ။

ကျွန်မက အမေနှင့်မောင်လေး ကို ခွဲခြမ်းပေးသည်။ အဖေက ကျွန်မ ကို စားစေ၍ ကျွန်မလက်ထဲရှိ ဓား ကိုယူပြီး သူတစ်လှည့် ခွဲခြမ်းပေးနေ ၏။ အဖေကတော့ ဖရဲသီး သိပ် ကြိုက်ပုံမရ၍ အနည်းငယ်သာစား၏။

အဖေယူလာသော ဖရဲသီး အရေအတွက်မှာ ဆယ်လုံးနီးပါးခန့်ရှိ မည်။

"ညနေတုန်းက အစ်ကိုသွား ဝယ်တော့ သူတို့က ဘာလို့မရောင်း လိုက်တာလဲ မသိဘူးနော်"

အမေသည် ညနေက အဖေ ဖြေကြားပြီးသား မေးခွန်းကို ဖရဲသီး စားရင် ထပ်မေးပြန်၏။ အဖေက ခပ် သေးသေးဖရဲသီးစိတ်အား မောင်လေး အား ခွံကျွေးနေရင်း...

"အစ်ကိုလည်း အေးဆေးပြောတာပါကွာ။ ကျွန်တော့်မိန်းမ ကိုယ် ဝန် အရှင့်အမာကြီးနဲ့ သွေးတောင်း နေလို့ ဖရဲသီးလေး တစ်လုံးလောက် ရောင်းပါဗျာလို့ ခဲ့ယဉ်ပြောတာကို ဘာပြန်ပြောတယ်မှတ်လဲ။ မင်းတို့က တစ်လုံးတလေပဲ ဝယ်တာတဲ့။ ဒါ ဖောက်သည်က အလုံးရာနဲ့ချီပြီး ဝယ် တာဆိုတော့ အလျော့ခဲ့မရောင်းနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ဒါကြောင့် လုံးဝမရောင်းဘူးလို့ ပြောလိုက်တာ''

အဖေက ပြောလက်စ စကားကို ဖြတ်ထားပြီး ဖရဲခွံတွေ နွားစာခွက်ထဲ သွားထည့်သည်။ ပြီးတော့ ကျွန်မတို့ထံ ပြန်လာသည်။

''အစ်ကိုလည်း အောက်ကျခံပြီး ဖြစ်နိုင်ရင် ခပ်ညည့်ညည့်ထဲက တစ်လုံးလောက် ရောင်းပေးပါဗျာဆိုတာကောင် သူက ဘူးခံနေတယ်။ ပြီးတော့ သူက ပြောသေးတယ်။ ပြီးခဲ့တဲ့ မတ်ပဲတွေ စစ်ကိုခိုန်တုန်းက သူ ပဲမျိုးလာဝယ်တာ တို့က မရောင်းလို့တဲ့၊ ရှင်းနေတာပဲ။ ဒါနဲ့ အစ်ကိုလည်း ပြန်လာခဲ့တာ။ အဲဒီတုန်းက တို့လက်ထဲမှာ မတ်ပဲတစ်စေ့မှ မရှိတာ သူ မသိဘူးလေ''

အဖေပြောနေသော စကားနားထောင်ရင် ကျွန်မ ထိုဖရဲခင်းပိုင်ရှင်ကိုပို၍ နာကြည်းမိသည်။ စိတ်ဓာတ်ရေးရာ သေးသိမ်လွန်းသည်ဟု ထင်မိသည်။

''မင်တို့နွားတွေ ပြီးခဲ့တဲ့ တစ်ပတ်က ငါဖရဲခင်းထဲ ဝင်မွေ့သွားတာ ဖရဲပင် အပင်နှစ်ဆယ်လောက် ပျက်စီးသွားတယ်'' ဆိုသော ဦးဟန်ထွေး၏ စကားလည်း လုံးဝ မမှန်ကန်ပါ။ ကျွန်မ နွားကျောင်းရစဉ်ကာလ ဘယ်သောအခါကမှ သူ့ ဖရဲခင်းထဲ နွား မဝင်ဘူးခဲ့။

အဖေ့ကို အကြောင်းမရှိ အကြောင်းရှာ စော်ကားခြင်းဟု ကျွန်မ ယူဆပါသည်။

အဖေက ဖရဲခင်းပိုင်ရှင် ဦးဟန်ထွေးအကြောင်း ပြောပြနေသည်။ ဦးဟန်ထွေးဆိုသူနှင့် ကျွန်မတို့မိသားစု ဘာအညှိုးအာဃာတမှ မရှိပါဘဲလျက် ညနေက အဖေ ဖရဲသီးသွားဝယ်ရာ တစ်လုံးမှမရောင်းခဲ့။

အနီးပတ်ဝန်းကျင်တွင် ဖရဲသီးမရှိခြင်းကို အခွင့်ကောင်းယူကာ မာန်တက်ပြလိုက်ခြင်း ဖြစ်၏။ တကယ်တမ်းတွင်မူ မရောင်းချင်ပါလျှင် ယဉ်ကျေးစွာ ငြင်းပယ်လိုက်ပါကလည်း ရပါသည်။ အဖေပြောပြ၍ မတ်ပဲမရောင်းသည့် ကိစ္စလေးအကြောင်း ပြကာ ငြင်းပယ်ခဲ့ပါလျှင် ယခု သူ့ ဖရဲသီးအတော်များများ ညတွင်းချင်း ဆုံးရှုံးသွားသည်ကို သိခဲ့ပါလျှင်။

အဖေဒေါသက ကျွန်မတို့မိသားစုအတွက် စားဖို့ခူးဆွတ်လာရံတင်မဟုတ်။ တွေ့ရာကိုပါ နင်းချေရိုက်ခွဲပစ်ခဲ့သည်တဲ့။

ထိုတစ်ညအတွက်တော့ ကျွန်မတို့မိသားစု ဖရဲသီးတဝ တပြစားရရုံတင်မက နွားတွေပါ ဖရဲသီး အားပါးတရ စားရသည်။

နောက်တစ်နေ့မနက် ကျွန်မ နွားကျောင်းနေစဉ် ဦးဟန်ထွေးဆိုသူ ကျွန်မဘေးလာရပ်ကာ ...

''တူမကြီး ... မနေ့ညနေက

www.burmeseclassic.com

www.burmeseclassic.com

ဖရဲသီးတွေ ဘာတွေ စားမိသေးလား" တဲ့...။

ကျွန်မ ဟားတိုက် ရယ်မောဖြစ်ချင်ပါသည်။ သို့သော် မရယ်ပါဘဲ ခပ်တည်တည်ဖြင့် ...

"မစားရပါဘူး ဦးလေးရယ်။ ကျွန်မ ဖရဲသီး အရမ်းစားချင်တာပဲ။ ဦးလေးဖရဲခင်းထဲက တစ်လုံးလောက် ပေးပါလား"

ဆိုတော့ ဦးဟန်ထွေး မျက်နှာချက်ချင်း ပြောင်းလဲသွားပြီး သူဖရဲခင်း ဘက်ပြန်သွားသည်။ ခဏကြာတော့ ကြီးမားသော ဖရဲသီးကြီးတစ်လုံး ယူလာပြီး ကျွန်မကို ပေးသည်။ ပြီးတော့ ပြောသေးသည်။

"ညက ဦးတို့ဖရဲခင်းထဲ သူခိုးဝင်သွားတယ်။ သူခိုးက ဖရဲသီးခိုးရုံတင်မဟုတ်ဘူး။ ဖရဲခင်းတွေပါ ဖျက်ဆီးသွားတယ်ကွဲ့"

ပြောပြီး လှည့်ထွက်သွားသော ဦးဟန်ထွေး ကျောပြင်အား ငေးကြည့်ရင်း ညကအဖေယူလာသော ဖရဲသီးများ မြင်ယောင်မိ၏။ ကျွန်မ၏ စိတ်ထဲ၌လည်း အဖေကို ကြိတ်ပြီးကျေးဇူးတင်နေမိသည်။

အကယ်၍ အဖေသွားဝယ်စဉ် ကသာ ရောင်းခဲ့ပါလျှင် ဤကဲ့သို့ ဦးဟန်ထွေး ဖရဲသီးအတော်များများ ဆုံးရှုံးရမည်မဟုတ်။

အဖေ၏ စိတ်ကို ကျွန်မ ကောင်းကောင်းသိပါသည်။ အဖေ လုပ်ရပ်က လက်စလက်နဖျောက်လာခြင်းမို့ ဦးဟန်ထွေး ဘာမှမတတ်နိုင်။ နောက် အဖေက ရဲရင့်ပြတ်သားသည်။ စကားပြောပြတ်သည်။

ဒါတွေကို ဦးဟန်ထွေး သိပါသည်။

ညက သူ၏ဖရဲခင်း ဝင်မွေသွားသူမှာ အဖေဖြစ်မှန်းလည်း သူသိပါလိမ့်မည်။ သို့သော် လက်ပူးလက်ကြပ် မမိ၍ သူ ဘာမှမတတ်နိုင်။ အဖေ့အကြောင်း ကောင်းကောင်းသိထား၍ ဤအကြောင်း တခွန်းတလေမျှ မဟရဲ။

ကျွန်မကို ဖရဲသီးတစ်လုံးပေးသွားသည်က မည်သည့်သဘောပါဝင်နေသနည်း။ ဘာပဲပြောပြော ကျွန်မ အဖေလုပ်ရပ်မှားသည်ဟု မပြောလို့။

မှန်သည်ဟုလည်း ဝန်မခံရဲ။

အမှန်တရားလမ်းကြောင်းပေါ် အမြဲလျှောက်နေတတ်သော ကျွန်မ အဖေလုပ်ရပ်က ဤတစ်ကြိမ်မှားချင်မှားပေလိမ့်မည်။

သို့သော် အဖေ့အမှားကာမိသားစုအတွက် အမှားဖြစ်လိမ့်မည်။ အဖေကတော့ သူလုပ်ခဲ့မိခြင်းကို နောင်တရနေလိမ့်မည်မထင်။ အမှန်တရား လမ်းကြောင်းပေါ်က သူတောင်းဆိုခဲ့ပါသည်။

ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်မလာသောအခါ သူအပြစ်တစ်ခုကို ကျူးလွန်ခဲ့သည်။ ထိုအပြစ်အတွက်လည်း အဖေ တွေးတော ပူပန်နေလိမ့်မည်မဟုတ်။

ကျွန်မ ဦးဟန်ထွေးပေးခဲ့သော ဖရဲသီးကြီးတစ်လုံးကို ဝိုက်ရင်း အတွေးများစွာဖြင့် တွေဝေနေခဲ။

သံစဉ်ဆွေ(မင်းလှစစ်ကွင်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကြိုးပြတ်ချွေးသောဝန်ငယ်

■ဇော်မြင့်သိန်း

တိုးတိုးထွန်း ...

သူ့ကို တစ်ရပ်ကွက်လုံးက သိကြသည်။ ကျောင်းမှာဆိုလည်း အားလုံးက သိကြသည်။ အားလုံးက ချစ်ခင်ကြသည်။ ယောကျ်ားလေးမိတ်ဆွေတွေ၊ သူငယ်ချင်းတွေက ပိုပြီး ခင်မင်ကြပါသည်။ မိန်းကလေးတွေကလည်း သိကြသည်။

သည်လို လူအပေါင်းက သိကြ၊ ခင်မင်ကြရာတွင် သူနှင့်ရွယ်တူတွေရော၊ ကြီးသူတွေရော ပါကြသည်။ တိုးတိုးထွန်းရုပ်ချော၍လည်း မဟုတ်ပါ။ ကျောင်းတွင်လည်း သူလို ငါလိုသာ ဖြစ်ပါသည်။ သို့ပါလျက် ယခုကဲ့သို့ ခင်မင်သူတွေများကာ လူသိများကြရခြင်းအကြောင်းကတော့ တိုးတိုးထွန်းတွင် ရုပ်ရည်ချောမော လှပသော အစ်မကြီးလေးယောက်တိတိရှိနေခြင်းကတစ်ကြောင်း၊ ထိုအစ်မလေးယောက်ကလည်း တကယ့်ကို ရုပ်ချောသလို၊ ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း တစ်ခါက ရေဒီယိုနှင့် ရုပ်ရှင်ကြော်ငြာတွေထဲကလို မြင်သူတိုင်း ကိုက်စားချင်စရာကောင်းအောင် ပြည့်စုံနေ၍ဖြစ်ပါသည်။

''အဲဒါ မူယာထွန်းမောင်ပေါ့''

''သူက ဖြူဝါထွန်းရဲ့မောင်အငယ်ဆုံးလေ''

စသည်ဖြင့် အစ်မချောချောတွေကြောင့် တိုးတိုးထွန်း လူသိများသည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းပြောရလျှင် တိုးတိုးထွန်းကို ယောက်ဖတော်ချင်သူတွေ ပေါသည်ဟုဆိုရပေမည်။ သို့သော် လူချင်းခင်၍ ပေါင်းသင်းမိပြီဆိုပါက တိုးတိုးထွန်း၏ ရိုးသားမှု စိတ်သဘောထားကောင်းမှုနှင့် မိတ်ဆွေသူငယ်ချင်းအပေါ် အနစ်

www.burmeseclassic.com

www.burmeseclassic.com

နာခံတတ်မှုတွေသာမက အစစအရာရာ ကူညီဆောင်ရွက်ပေးမှုများကြောင့် သူကို ချစ်ခင်ကြသူတွေချည်းဖြစ်ကြသည်။ ကျောင်းတွင်ရော ရပ်ကွက်ထဲတွင်မှာပါ တိုးတိုးထွန်းရန်ဖြစ်သည်ဟု တစ်ကြိမ်မျှပင် မကြားခဲ့ရဖူးပါ။

တိုးတိုးထွန်းသည် ယောကျ်ားလေးတွေသာမက မိန်းကလေးတွေကပါ ခင်မင်မှုအရေးပေးမှုတွေခံရသော်လည်း အထက်တန်းကျောင်းရောက်သည့်တိုင် ကျောင်းနှင့် အိမ်ကလွဲ၍ ရုပ်ရှင်တွေ၊ ဇာတ်သဘင်ပွဲတွေကို သွားခြင်းမရှိ။ ကျောင်းစာတွေကျက်စရာ၊ မှတ်စရာမရှိလျှင် အိမ်တွင် ရေဒီယို ကက်ဆက်ဖွင့်ပြီး သီချင်းနားထောင်တတ်သည်သာ ဖြစ်သည်။ တစ်ခါတစ်ရံ အလွန်ခင်မင်သော သူငယ်ချင်းတွေ လာခေါ်မှသာ အပြင်ထွက်ဖြစ်သည်။ ထိုသို့ သွားသည့်အခါတိုင်း လက်ဖက်ရည်ဆိုင်ထိုင်သည်ဆိုလျှင် သူက ချည်း စားသောက်သမျှ ကုန်ကျသည်ကို ရှင်းပေးတတ်သည်။

သည်လို ဇွေရှင်းသည်မှာ တစ်ခါလည်းမဟုတ်၊ နှစ်ခါ၊ သုံးခါမျိုးလည်း မဟုတ်၍ သူငယ်ချင်းတွေက အားနာကြသည်။ တားမြစ်ကြသည်။ ထိုအခါတွင် တိုးတိုးထွန်းက ရယ်ကာမောကာ ပြန်ဖြေလေ့ရှိသည်က ...

"အားမနာပါနဲ့ကွာ။ ငါက နေ့တိုင်း မုန့်ဖိုးလေးငါးဆယ်ရနေတာ။ ဘယ်နေရာမှ သုံးစရာမရှိလို့ မင်းတို့နဲ့သွားမှ သုံးရတာ။ မင်းတို့ မကြားဖူးဘူးလား။ သူဌေးကြီး ဦးနာအောက်ဆိုတာက ငါ့ရဲ့ အဘိုးကွ"

ဆိုသောစကားသာ ဖြစ်ပါသည်။ သူငယ်ချင်းတွေ အားမနာရအောင် ပြောခဲ့ခြင်းသာဖြစ်ပါသည်။ ဦးနာအောက်သည် မျိုးချစ်မွန်အမျိုးသားသူဌေးကြီး ဖြစ်၍ အမျိုးဇာတိမာန်ပြည့်ဝသူ မြန်မာပြည်ကိုအုပ်ချုပ်နေသော အင်္ဂလိပ်လူမျိုး ဘုရင်ခံကိုပင် ငွေစက္ကူကို မီးရှို့၊ ရေနွေးအိုးဆာည် လက်ဖက်ရည်ဖျော်တိုက်ခဲ့သည့် တကယ့် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ အင်္ဂလိပ်ကုမ္ပဏီပိုင် မီးသင်္ဘောများနှင့်အပြိုင် သင်္ဘောများ ဝယ်ယူခဲ့ပြီး ဈေးလျော့ကာ ပြေးဆွဲခဲ့သေးသည်။ ဤသည်ကို ရည်စူး၍ တိုးတိုးထွန်းက အဘိုးတော်စပ် လိုက်ခြင်းပင်။

တကယ်ဆိုတော့ တိုးတိုးထွန်း၏ အစ်မလေးယောက်တွင် သုံးယောကျ်ားက အိမ်ထောင်ကျပြီး အငယ်တစ်ယောက်သာ အပျိုဖြစ်သည်။ မောင်အငယ်ဆုံးမို့ အစ်မတွေက အဖြစ်သည်း၍ အချစ်ကဲနေကြရာ တစ်ယောက်က တစ်ဆယ် နှစ်ဆယ်စီပေးနေကြသည်။ အဖေ အမေကလည်း ပေးနေသည်ဆိုတော့ သုံးစရာလမ်းမရှိ၍ သူမှာ ငွေက လေးငါးရာဆိုသလို အမြဲရှိနေပါသည်။

သည်သို့ အစ်မတွေက မုန့်ဖိုးပေးကြ၊ အဖေ အမေကလည်း ပေးနေသည်က တိုးတိုးထွန်းကို ချစ်ရာမရောက်တော့ဘဲ ပျက်စီးခြင်းလမ်းရောက်စေသော ဖျက်ဆီးခြင်းသာ ဖြစ်နေကြောင်း မသိကြပါ။ ခေတ်အခြေအနေအရနှင့် တိုးတိုးထွန်းလို အထက်တန်းကျောင်းသားလေးတစ်ယောက်ကို ပေးနေကြသည့် ငွေတွေက မမျှအောင် ဖြစ်နေကြသည်မို့ တိုးတိုးထွန်းမှာ တကယ်ပင် မည်သည့်နေရာတွင် သုံးရမှန်းမသိအောင် ဖြစ်နေရသည်မှာ အမှန်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကျော်သက် အရွယ်ဖြစ်သလို မိသားစုတွင်လည်း တစ်ယောက်တည်းသော ယောကျ်ားလေးဖြစ်ပြန်၊ အငယ်ဆုံးလည်းဖို့ အလိုလိုက်ခံရသော တိုးတိုးထွန်းမှာ နဝမတန်းရောက်သည့်နှစ်မှစတင်၍ လူရိုးလူအေးလေးဘဝမှ လမ်းခွေသွားပါတော့သည်။ ဦးစွာရောက်ရှိသွားသည့်နေရာက လူငယ်ပိုင်းတွင် ရေပန်းစားနေသော ဇယ်တောက်ခုံဝိုင်းသို့ ဖြစ်ပါသည်။

ငွေသုံးစရာနေရာ မရှိ၍ ငွေပေါနေသော တိုးတိုးထွန်းကို သူငယ်ချင်းတွေက စေတနာထား၍ ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဇယ်တောက်ခြင်းက မိမိ၏ တွက်ချက်တတ်မှု ဉာဏ်စွမ်းအား၊ လက်အချိန်အဆတို့ ပေါင်းစပ်ကစားရခြင်းဖြစ်ရာ တိုးတိုးထွန်း တစ်ယောက် သဘောအကျကြီး ကျသွားကာ စွဲစွဲမြဲမြဲသွားရောက်ကစားပါတော့သည်။ တစ်ခုတော့ ချီးကျူးဖို့ကောင်းသည်မှာ ဇယ်တောက်ခြင်းကို စွဲလမ်းနေသော်လည်း ကျောင်းစာကျက်မှတ်ခြင်းကိုတော့ ပယ်ဖျက်စေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အဖေ၊ အမေနှင့် အစ်မတွေကပါ ဟန့်တားကန့်ကွက်ခြင်း မပြုခဲ့ကြပေ။ ဤသည်မှာ မိဘနှင့်အစ်မဖြစ်သူတို့၏ ၎တိယအမှားတစ်ခုဖြစ်နေကြောင်း၊ ထိုစဉ်က မတွေးမိခဲ့ကြပါ။

❖

တစ်နှစ်မျှကာလအတွင်းမှာ တိုးတိုးထွန်းတစ်ယောက် ရပ်ကွက်အတွင်းရှိ ဇယ်ခုံဝိုင်းများတွင် ဇယ်တောက်ကျွမ်းကျင်သူအဖြစ် လူသိများလာပြန်သည်။ တချို့ဝိုင်းများကဆိုလျှင် သူ၏ကျွမ်းကျင်မှုကြောင့် သူကို ရှောင်ကြသည်။ သူရှိလျှင် မကစားကြတော့ပါ။ သူကိုဝိုင်းပယ်သည်ထိ ဖြစ်လာပေသည်။

တိုးတိုးထွန်း ကိုယ်တိုင်လည်း ဇယ်တောက်ငြင်းကို ငြီးငွေ့လာခဲ့သည်။ တစ်ပွဲလျှင် ဆယ်မိနစ်မျှ ကစားရပြီး နိုင်လျှင်လည်း ဆယ့်ငါးကျပ်၊ နှစ်ဆယ်မျှသာရသည်မဟုတ်လား။ အချိန်နှင့်အမျှ ထိုက်တန်သောငွေ ရချင်လာသည်။ သည်တော့ ဇယ်ခုံမှ နေရာပြောင်းလိုက်ပါလေသည်။ ထိုနေရာကတော့ သူ၏ပညာရေးရည်မှန်းချက်နှင့် လိုက်ဖက် အသုံးဝင်သည့် သင်္ချာလေ့ကျင့်ရေးဌာနဖဲဝိုင်းပင် ဖြစ်သည်။ သူက အင်ဂျင်နီယာဖြစ်ချင်သူဆိုတော့ အတွက်အချက်နှင့် ထိုးထွင်းဉာဏ်စွမ်းရည်ထက်ပြက်စေနိုင်သည်မဟုတ်လား။

ဖဲဝိုင်းရောက်သောအခါ နောက်ထပ် အတတ်ပညာကောင်း နှစ်ခုပါ ထပ်ပြီးတတ်လာပြန်သည်။ ဆေးလိပ်သောက်နှင့် အရက်သောက်ပညာနှစ်ခုပင် ဖြစ်သည်။ မူလအစကတော့ ကစားဖော်တွေက အခမဲ့ပေးသောက်ခြင်းဖြစ်ပါသည်။ အရက်တစ်ငုံသောက်ပြီး ဆေးလိပ်ခဲကာ

www.burmeseclassic.com

www.burmeseclassic.com

ဖဲချပ်များကို ပွတ်သပ်ကြည့်ရှုရသောအရာကို စွဲမက်သွားတော့သည်။ ဖဲဝိုင်းရောက်လျှင် ဆေးလိပ်နှင့် အရက်က အဆင်သင့်ရှိနေသည်။ နိုင်နေသူတစ်ယောက်က ဝိုင်းဘေးမှ ဘော်ဒါတစ်ယောက်ယောက်ကို ဝယ်ခိုင်းခြင်းမို့ အမြဲတမ်းအသင့်ရှိနေသည်ကိုး။

နောက်တော့ ပင်ကိုကပင် အားနာတတ်ပြီး နှမြောတွန့်တိုမှု မရှိသူ တိုးတိုးထွန်းကပင် ဒိုင်ခံဝယ်ပေးလေသည်။ သူကိုယ်တိုင်လည်း ကြိုက်နှစ်သက်နေပြီမို့ သူကချည်း ဝယ်ပေးခြင်းဝင်။ သို့သော် သူ၏ထူးခြားမှုက ကျောင်းစာတွေကို မေ့လျော့ပစ်ပယ်ထားမှု မရှိခြင်းဖြစ်သည်။ ထိုအတွက် ကြောင့်ထင်သည်။ ဆယ်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင် မြင်ခဲ့သည်။ ရှိးရှိးအောင်ခြင်းမဟုတ်ပါ။ ဂုဏ်ထူးနှစ်ခုပင် ပါနေသေးသည်။ တစ်ကျောင်းလုံး တစ်ရပ်ကွက်လုံး အံ့ဩသွားစေခဲ့ပါလေသည်။

သည်အခါ ဖဲဝိုင်းသွားနေသည်ကိုမကြိုက်သော အစ်မလတ်နှစ်ယောက်နှင့် သူမယောကျ်ားတွေကပါ အံ့အားသင့်ပြီး မတားဆီးနိုင်တော့ပါ။ အစ်မအကြီးဆုံးညီမြတ်ထွန်း၏ယောကျ်ား ကိုမျိုးညီမ်းကတော့ ...

"ဟာ ... ငါညီက တကယ်ကို လူတော်ကွ။ မင်း သချ်ာလေ့ကျင့်တာ ဂုဏ်ထူးနှစ်ခုရ တာ ရှားမှရှားတယ်။ ဆက်ပြီး လေ့ကျင့်ဟေ့"

ပြောဆိုကာ အားရပါးရ ချီးကျူးခဲ့သည်။ သူကိုယ်တိုင် တစ်ချပ်မှောက် ဝါသနာရှင်၊ ချဲထီသမားဖြစ်နေ၍ပင်။ ယောက်ဖဖြစ်သူကို မြှောက်ပေးသည့်အတွက် ကိုမျိုးညီမ်းခမျာ သုံးရက်တိုင်တိုင် အိမ်ပေါ်တက်ခွင့်မရအောင် ခံစားလိုက်ရသေးသည်။

မိသားစုက တိုးတိုးထွန်းကို စက်မူတက္ကသိုလ်သို့ အဆောင်နေကျောင်းသားအဖြစ် ပို့လိုက်သည်။ ရပ်ကွက်တွင် ငယ်သူငယ်ချင်းတွေနှင့်ဆိုပါက ထိန်းသိမ်းရခက်မည်စိုးရိမ်၍ဖြစ်သည်။ သို့တစေ သူတို့စိတ်ကူးလွဲမှားသွားခဲ့ပါသည်။ အဆောင်နေသူတွေမှာ ဒေသစုံမှ စရိုက်မျိုးစုံတွေ ပါမည်။ မိဘမျက်ကွယ်ဖြစ်သည်ကိုတော့ ထည့်မတွက်မိခဲ့ပေ။ သည်တော့ တိုးတိုးထွန်း လူပေါင်းစုံနှင့်ပေါင်းမိသွားသည်။ ဝါသနာတူတွေ ပေါင်းမိကာ စာသင်ချိန်ပြီးသည်နှင့် ကြိတ်ဝိုင်းလေးတွေက ကိုယ့်အဆောင် ကိုယ့်အခန်းတွင် လုပ်နိုင်ကြလေသည်။ အဲ ... အဆောင်မှူး ဆရာတွေရှိနေကြလေတော့ ယမကာကိုတော့ ခိုးကြောင်ခိုးဝှက်သောက်သည်။ အများကြီးလည်း မသောက်ရဲကြ၍ တော်သေးသည်ဆိုရမည်။

အစ်မကြီးက ကျောင်းဆရာမ၊ ယောကျ်ားက ရုံးအုပ်။ အစ်မလတ်နှစ်ယောက်က အရောင်းအဝယ်သမားတွေ။ ဖခင်ဖြစ်သူက ပပက တစ်ဖြစ်လဲ ကုန်သွယ်ရေးဝန်ထမ်းဆိုတော့ တိုးတိုးထွန်းအတွက်က ဦးနာအောက်မြေးသာမက၊ ဆာဘိုးသာ၏သားလို ငွေကိုသုံးစွဲနိုင်လေသည်။ ပြောစရာတစ်ခု ရှိပါသေးသည်။ ဒါကတော့ တိုးတိုးထွန်းသည် တခြားသောလူငယ်တွေလို မိန်းမ ဝါသနာမရှိခြင်းဖြစ်ပါသည်။ ကျောင်းသားဘဝကပင် သူကိုသဘောကျနှစ်သက်ကြသော မိန်းကလေးတွေ ရှိခဲ့ကြသည်။

မိဘချင်းရင်းနှီးသော မိန်းကလေးရှင် မိဘတချို့က စကားကမ်းလှမ်းခဲ့သည်ပင် ရှိခဲ့သည်။ သို့ပေမယ့် တိုးတိုးထွန်းကတော့ တကယ်ကို လုံးဝမှ လုံးလုံးဝ အောင်ပင်စိတ်မရှိခဲ့ပါ။ နှလုံးသားရေးရာဆိုသည့် ချစ်မေတ္တာစိတ်ကင်းမဲ့နေသူဟူ၍ ဆိုရမည်လားမသိပါ။ မိန်းမဆိုသည်ကို သာမန်လူသားတစ်ယောက်အဖြစ်သာ တိုးတိုးထွန်း သဘောသားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

ကို မည်သူမှမသိခဲ့ပါပေ။ ယခုလို အရက်နှင့်လောင်းကစားကို သာ စွဲလမ်းနေသောအခါတွင် တော့ ပိုပြီး အထီးကျန် သဘာဝကို ခုံမင်လာလေသည်။

''မိန်းမဆိုတာ ယူဖို့ကောင်းတာ မဟုတ်ဘူးကွ။ အဲ ... တစ်ခုတော့ရှိတယ်။ ဟဲဟဲဟဲ စိတ်ပြေလက်ပျောက် သဘောမျိုးဆိုရင်တော့လည်းတစ်မျိုးပေါ့လေ။ အေးငါ တစ်ခုသတိပေးချင်တာက မိန်းမယူတာဟာ ထောင်ကျတာပဲဆိုတာ မှတ်ထား''

တိုးတိုးထွန်းက သူ့အပေါင်းအသင်းများကို သည်သို့ပြောခဲ့ဖူးပါသည်။ ယင်းစကားအဓိပ္ပာယ်ကပင် သူ၏ခံယူချက်ကို ဖော်ထုတ်ပြသခြင်းဟု ဆိုနိုင်ပါသည်။ မည်သို့ဆိုစေ တက္ကသိုလ်ပညာရပ်ကိုတော့ ဆက်လက်သင်ယူခဲ့လေရာ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ကို ရယူနိုင်ခဲ့ပါလေသည်။

နေ့အိမ်ပြန်ရောက်ပြီး သိပ်မကြာမီပင် ဝန်ကြီးဌာနတွင် အငယ်တန်းလျှပ်စစ်အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ တိုးတိုးထွန်းက သူ၏ ပထမဆုံးသော လခကို မိဘတွေကို ကန်တော့လိုက်ရာ မိဘနှစ်ပါးက သိတတ်သောသားလိမ္မာအဖြစ် ဝမ်းပန်းတသာရှိကြသည်။ ရပ်ကွက်ထဲမှ လူတွေကိုလည်း ဝမ်းသာဂုဏ်ယူစွာပြောပြခဲ့ပါသည်။ သို့သော်

ပထမဆုံးရသော လခတစ်လစာသာ အိမ်သို့ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ နောက်လခတွေမှစ၍ တိုးတိုးထွန်း သေဆုံးသွားသည်ထိ မပေးတော့ပါ။ သူ၏ အထွေထွေအသုံးစရိတ်(အရက်ဖိုး ဖဲဝိုင်း)တွေနှင့်သာ ကုန်သွားတော့သည်။

အိမ်သို့မပေးသည်ကိုလည်း မိဘတွေက ဘာမှမပြောပါ။ မိမိတို့သား အရာရှိဖြစ်၍ လူတွေလေးစားချီးကျူးစကားကြားရသည်နှင့် ကျေနပ်ဝမ်းသာနေကြသည်။ တိုးတိုးထွန်းက လခမပေးသည့်တိုင် အမေနှင့်အစ်မငယ်တို့ကတော့ သူမနက်စာထမင်းချိုင့် ရုံးသို့ ယူသွားနိုင်ရေးအတွက် စောစော စျေးသွားဝယ်၊ မြန်မြန်ချက်ကာ ပေးနေကြရသည်။ သူလခမရသည်ကို မည်သူကမှ အပြစ်မတင်ကြပါ။ ယခင်ကဲ့သို့ မိဘနှင့် အစ်မတွေကပါ မပေးကြရ၍ သက်သာနေသည်ကိုပင် ဝမ်းသာနေကြရသည်။

တကယ်တမ်း သူ့လခအတိုင်းသာဆိုလျှင် လောက်ငှ မည်မဟုတ်ပါ။ သူဌာနရှိ လက်အောက်ငယ်သားတွေ သိတာက်မှုဖြင့် အပိုဝင်ငွေရနေ၍သာ အိမ်မှ မပေးရခြင်းဖြစ်သည်။ တိုးတိုးထွန်း၏ပင်ကိုစိတ်သဘောထားကောင်းမှု၊ မည်သူ့ကိုမဆို ကူညီပေးမှုတို့ကြောင့် ဝန်ထမ်းတွေအားလုံး၏ ချစ်ခင်ရှိသေလေးစားခြင်းကို ခံနေရသည်။ အလုပ်တွင်လည်း ကြိုးစားသည်။ တာဝန်ကျေသည်။ တစ်နေ့တစ်ရက်မျှပင် ရုံးတက်နောက်ကျခြင်းမျိုး မရှိခဲ့ပါ။ အချိန်ပိုလုပ်ရခြင်း၊ အရေးပေါ်ကိစ္စတွေ လိုက်လုပ်ပေးရခြင်းတို့တွင်လည်း ရှောင်ဖယ်ခြင်းမရှိ။ ညည်းညူခြင်းမရှိ။ အထက်အရာရှိတွေ၊ ဌာနမှူးကြီးတွေ သဘောကျခြင်း၊ ချီးမွမ်းခြင်းခံရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျောက်ကောင်းမှန်သမျှ အပြစ်တွေ့ရသည်ဆိုသကဲ့သို့ တိုးတိုးထွန်း အရက်သောက်မှုက သူ၏ရာထူးတိုးမြှင့်မှုတွင် ပြဿနာဖြစ်နေရတော့သည်။ နှစ်ကြိမ်တိုင် ရာထူးတိုးမြှင့်ခဲ့သော်လည်း အရက်ကိစ္စကြောင့် ရာထူးပြန်ချခံခဲ့ရသည်။ လူကြီးတွေက ခေါ်ယူကြိမ်းမောင်းလျှင် ဆယ်ရက်ခန့်တော့ ဖြောင့်ဖြူးနေသည်။ သည်နောက် ထုံးစံအတိုင်း မူးမြူးနေတော့သည်။ ယခင်ကလို ရိုးသား၊ ကြိုးစားမှုတွေ မရှိတော့ပါ။ ထို့ကြောင့် တိုးတိုးထွန်းမှာ ရာထူးတက်လိုက်၊ နယ်သို့ရောက်လိုက်၊ ရာထူးပြန်ကျကာ ရန်ကုန်ပြန်ရောက်လာလိုက်နှင့် သံသရာလည်နေပါသည်။ မိဘတွေ၊ အစ်မတွေက နည်းအမျိုးမျိုးနှင့် ဆုံးမသော်လည်း မရ။ မူးမြူးနေသည်သာ ဖြစ်သည်။

နယ်တွင် မည်သို့ဖြစ်နေသည်မသိရသော်လည်း ရန်ကုန်တွင်ရှိသည့်အခါ နေ့စဉ် အရက်မူးနေသလို ဖဝိုင်းတကာသို့ပါ ရောက်နေလေ့ရှိသည်။ ယခင်ကလို သူငယ်ချင်းတွေနှင့် အပျော်သဘောမဟုတ်တော့ပါ။ စွဲစွဲလမ်းလမ်းနှင့် ကြိတ်ဝိုင်းတွေသာမက အသုဘဖဝိုင်းများသို့ပင် လိုက်ရှာကစားနေတော့သည်။ ဖဝိုင်းတွင် ကစားတိုင်း ဘေးတွင် အရက်ပုလင်းနှင့် နွားတံဆိပ်ဆေးလိပ်ကလည်း အဆင်သင့်ရှိနေသည်။ တိုးတိုးထွန်းအတွက် ဗာရီရလုပ်ကိုင်ပေးနေသူက တစ်ယောက်ယောက်ကတော့ ရှိနေပါသည်။ သည်သို့ရှိနေသည်ကလည်း မဆန်းပါ။ ပင်ကိုက ၊ဆဘောကောင်း၊ ရက်ရောတတ်၊ ပေးကျွေးတတ်သူ။ တိုးတိုးထွန်းမှာ ဖဝိုင်းရောက်သည့်အခါ သူ ပြောသလို ဦးနှောက်အောက် မြေးသဖွယ် သုံးစွဲနေလေ့ရှိသည် မဟုတ်လား။

❖

အဲသည်နေရာတွင် အဓိက အချက်တစ်ခု ပြောရန်ရှိသည်က တိုးတိုးတစ်ယောက် တိုးလာသည့် သူအခြေအနေဖြစ်ပါသည်။

တိုးတိုးထွန်း အရက် ပိုသောက်လာခြင်း ဖြစ်ပါသည်။ ဖဝိုင်းရှိလေ အကန့်အသတ်မရှိလေ ဖြစ်လာသည်။ ယခင်က အရက်ကို ရုံးမှပြန်လာမှ သောက်ခြင်းဖြစ်သည်။ ယခုတော့ ည ဖဝိုင်းတွင် အရက်များသွား၍ မနက်ဘက် ဖြေသည့်အနေနှင့် ထပ်သောက်နှင့် အရက်သံသရာလည်နေတော့သည်။ ထို့ကြောင့်လား မသိ တိုးတိုးထွန်း မကြာခဏ စိတ်မှုမှန်မှုမရှိတော့ပါ။ တစ်ခါတစ်ရံ ရပ်ကွက်ထဲ လျှောက်ပြေးကာ ပါးစပ်မှ ဘာတွေမှန်းမသိ အော်ဟစ်နေတတ်ပါသည်။ လိုက်ဖမ်းဆီးပြီး ချောက်မော့အိပ်ခိုင်းရသည်။ မနက်မိုးလင်းတော့ အကောင်းပင်ဖြစ်ပြန်သည်။ ယင်းအဖြစ်မျိုးက နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်ဖြစ်သည်။

မိသားစုစိတ်ညစ်ရသည်က အရက်မူးသည့်အခါ၊ သူ စိတ်မကျေနပ်သည့်အခါများတွင် ကြမ်းပြင်ကို ခြေနှင့်ဆောင့်ခြင်းပါသည်။ တစ်ညလုံး မည်သူမျှ မအိပ်နိုင်အောင်ဖြစ်ကြရပါသည်။ သူ့မသေ ဆုံးမိတစ်နှစ်က စိတ်အခြေ

www.burmeseclassic.com

www.burmeseclassic.com

ပြောကြားရုံသာ တတ်နိုင်ကြပါသည်။ တိုးတိုးထွန်းအနေနှင့် ညနေ စာမစားမီ လစ်သွားပြီး သောက်နေသည်ကို အဆောင်မှူးက သိသော်လည်း သိပ်ပြီးအလွန်အကျွံမဟုတ်၍ မသိသလို ဟန်ဆောင်နေခဲ့ပါသည်။ သူတို့ပြောဆိုဆုံးမသည်ကို နားထောင်ရှာသည်။ ဆင်ခြင်သည်ဟူ၍ ကြိတ်ပြီး ဝမ်းသာနေကြပါသေးသည်။

တစ်နေ့ညနေ တိုးတိုးထွန်း သင်တန်းမှပြီးလျှင် ယူနီဖောင်းကိုပင် မလဲတော့ဘဲ လစ်သွားပါလေသည်။ သင်တန်းသားမိတ်ဆွေတွေကလည်း သူအကြောင်းသိနေကြပြီးမို့ အရက်သွားသောက်ခြင်းသာ ဖြစ်ကြောင်း တွေးကြကာ အမှတ်မထင်နေလိုက်ကြပါသည်။ ထိုနေ့မှစ၍ တိုးတိုးထွန်းကို မမြင်တွေ့ကြတော့ပါ။ သူ ပြန်မလာသည်ကို ထမင်းစားဆောင်မှ ဝန်ထမ်းတွေက ဦးစွာသိကြသော်လည်း အမူးလွန်သွား၍သာ ဖြစ်မည် ထင်ခဲ့ကြသည်။

မနက်မိုးလင်း၍ သင်တန်းပြန်စသော်လည်း ရောက်မလာခဲ့ပါ။ အရက်သမားဆိုသည် မည်သူကမှ အယုံအကြည်မရှိသလို၊ အရက်ကိုသာ အလေးထားသူဟူ၍ အများက လျစ်လျူရှုခံထားပေရာ 'သည်ကောင် အရက်

သို့သော်လည်း အဖော်မရှိလျှင် မသောက်တတ်သူ တိုးတိုးထွန်းကတော့ ထုံးစံအတိုင်း ဖဲဝိုင်းတွင် သောက်မြဲဖြစ်ပါသည်။ အားလုံး လက်လျှော့လိုက်ရသည်။

သို့စေကာမူ ကံကြမ္မာ၏ ဆုံးဖြတ်ချက်၊ အရက်၏ဆိုးကျိုးတွေက တိုးတိုးကို ဆုံးမပါတော့သည်။ ဌာနဆိုင်ရာက သူအား မွမ်းမံသင်တန်းတက်ရန် ရုံးချုပ်သို့ စေလွှတ်လိုက်သည်။ အကယ်၍ ထိုသင်တန်းသုံးလပြီးသွားပါက သူအား ရာထူးတိုးမြှင့်ပေးရန်လည်း လူကြီးတွေက စီစဉ်ထားခဲ့သည်။ ဒါတွေကိုမသိသော တိုးတိုးထွန်းက သင်တန်းတက်နေစဉ်ပါ သောက်သည်။ မူးသည်။ တစ်ခါတစ်ရံ သင်တန်းမှလစ်ကာ ရုံးချုပ်နှင့်မနီးမဝေးရှိ ထော်လီကွေ့ အရက်ဆိုင်သို့သွား၍ သောက်တတ်သည်။ ဤသည်ကို သင်တန်း ဆရာဖြစ်သူ အရာရှိတွေက သတိပေးကြသည်။ သင်တန်းပြီးဆုံးသော ညနေပိုင်းတွင်သာ သောက်ရန် ဆုံးမလျှင် ပြုံးရယ်ပြီး နားထောင်သည်။ ဆင်ခြေဆင်လက်တွေ ပြန်မပေးတတ်ပါ။

လူငယ်အရွယ်လည်း မဟုတ်တော့။ ဘွဲ့ရပြီး အရာရှိပင်ဖြစ်နေသောကြောင့် သည်ထက်ပိုပြီးပြောဆိုရန်လည်း မဖြစ်နိုင်၍ သတိပေး

အနေတော်တော်ကောင်းလာသည့် အတွက် အထက်မြန်မာပြည်သို့ စီမံကိန်းတစ်ခုအတွက် စေလွှတ်လိုက်ရာ လမ်းခရီးသဘော်ပေါ်တွင်သောက်စားရင်း သောင်းကျန်းနေတော့သဖြင့် ဌာနဆိုင်ရာလူကြီးတွေ မျက်လုံးပြူးကုန်ကြရသည်။ မည်သို့မှ ထိန်းသိမ်းမရ၍ ဌာနမှ ကားတစ်စင်းနှင့် ကြိုးတုပ်ကာ ရန်ကုန်ကို ပြန်ပို့ခဲ့ရသည်။

ရန်ကုန်ပြန်ရောက်လာပြီး ဌာနအကြီးအကဲတွေက ရန်ကုန်စိတ်ရောဂါကုဆေးရုံသို့ ပို့ကာ ကုသရန် စီစဉ်ပေးခဲ့သည်။ ထို့ကြောင့် အခြေအနေကောင်းမွန်လာခဲ့ပြန်သည်။ ရုပ်ရည်ကလည်း သိသိသာသာပြောင်းလဲလာခဲ့၍ တစ်မိသားစုလုံး စိတ်ချမ်းသာမိကြသည်။ ဖဲဝိုင်းသို့မသွားရန်ကိုလည်း တားမြစ်ကြပါသည်။ ဖဲဝိုင်းသွားပါက အရက်အလွန်အကျွံသောက်တတ်၍ ဖြစ်ပါသည်။ အစ်မအငယ်ဆုံးကလည်း မောင်ငယ်ဖြစ်သူ အရက်အလွန်အကျွံမသောက်စေလို၍ ရပ်ကွက်ထဲမှ လူငယ်တွေကိုလည်း မောင်ဖြစ်သူနှင့် အရက်မသောက်ကြပါရန် တောင်းပန်သည်။ သူမကိုယ်တိုင်လည်း အရက်ကို ငွေပေးဝယ်ယူစေကာ အိမ်တွင် သောက်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမူးလွန်၍မလာခြင်း' ဆိုသည့် အတွေးနှင့် အားလုံးက လျစ်လျူရှုထားခဲ့ကြသည်။ ထိုအချိန် တိုးတိုးထွန်းတို့ ရပ်ကွက်ကြီး ကုန်းဘူတာအနီး ရထားလမ်းတွင် လူတစ်ယောက် ရထားကြိတ်သေကြောင်း သတင်းပျံ့လွင့်နေပါသည်။

တိုးတိုးထွန်း မိဘတွေက ပထမတော့ ဂရုမထားပါ။ သားဖြစ်သူက သင်တန်းတက်နေ၍ စိတ်မပူခြင်းဖြစ်ပါသည်။ နောက်တစ်နေ့တွင် သင်တန်းဆရာတွေက တိုးတိုးထွန်း သင်တန်းပျက်ကွက်နေသည်မှာ နှစ်ရက်ရှိနေ၍ အိမ်ရောက်နေသည်အထင်နှင့် လာမေးတော့မှ ပြူးပြူးပျာပျာနှင့် လိုက်လံ စုံစမ်းကြတော့သည်။ ရန်ကုန်ဆေးရုံကြီးမှစ၍ မြို့နယ်ဆေးရုံတွေကို စုံစမ်းခဲ့ရာ ဓမြောက်ဥက္ကလာပဆေးရုံကြီးတွင် ရောက်ရှိနေကြောင်း သိကြရသည်။

ရပ်ကွက်ထဲတွင် ပြောနေကြသည့် ရထားကြိတ်၍ သေသူမှာ တိုးတိုးထွန်းဖြစ်နေကြောင်း သွားရောက်ကြည့်ရှုတော့မှ တွေ့မြင်သိရှိရတော့သည်။ ရဲတပ်ဖွဲ့မှ ထင်မြင်ချက်မှာ တိုးတိုးထွန်းသည် အရက်သောက်ပြီးနောက် မူလအသိစိတ်ပျောက်ကာ အိမ်သို့ ပြန်လိုစိတ်ဖြစ်ပေါ်လာ၍ အိမ်အပြန်၊ အမူးလွန်နေမှုကြောင့် ရထားပေါ်မှ လိမ့်ကျပြီး ရထားကြိတ်ခံရပြီး နောက် တွေ့မြင်သူမရှိကြ၍ သွေးထွက်လွန်သေဆုံးရခြင်းသာ ဖြစ်ကြောင်း သိကြရသည်။ ထိုသို့ယူဆသည်မှာ တစ်ကိုယ်လုံးတွင် မည်သည့်ဒဏ်ရာမှ မတွေ့ရခြေကျင်းဝတ်နေရာမှ ရထားကြိတ်ခံထားရသည်ကို တွေ့ရ၍ဖြစ်ပေမည်။ အကယ်၍ အချိန်မီဆေးရုံတင်ပို့နိုင်ပါက အသက်ရှင်နိုင်စရာလမ်းရှိကြောင်း ဆရာဝန်ဆေးစာက ဖော်ပြထား၍ပင်။ ထို့အတူ လက်ခံမှတ်တမ်းအရ သေသူထံတွင် သက်သေခံစာရွက်၊ ကတ်ပြားမှအစ ရွှေငွေရတနာတစ်ခုမျှ မပါကြောင်းကိုပါ မှတ်တမ်းတင်ထားသည်ကို တွေ့ကြရသည်။

အလားတူပင် ရဲအဖွဲ့၏ အထွေထွေမှတ်တမ်းတွင်လည်း ရေးမှတ်ထားသည်ကို တွေ့ကြရပြန်သည်။ ထို့ကြောင့် တိုးတိုးထွန်း မသေဆုံးမီက ဝတ်ဆင်ထားခဲ့သော လက်ပတ်နာရီ၊ တစ်မတ်သားရှိ ရွှေလက်စွပ်တစ်ကွင်းတို့ ပျောက်ဆုံးနေသည်။ ထို့ပြင် ရထားစီးလက်မှတ်လည်း မတွေ့ရ။ ငွေစက္ကူလည်း ငါးကျပ်တန်ပင် မတွေ့ရပေ။ မိသားစုတွေမှာ အံ့ဩနေကြသည်။ သူလို အရာရှိတစ်ယောက် ... ရထားခိုးစီး မည်မဟုတ်သည်က သေချာသည်။ နောက်ဆုံးပြောရသော် သူ့ခါးတွင် အမြဲချိတ်ဆွဲထားသော အိမ်ခန်းသော့နှင့် ရုံးသော့တွဲများ ပါသည့်သော့တွဲပင် ပျောက်ဆုံးနေသဖြင့် စဉ်းစားရခက်နေကြသည်။

လူတစ်ယောက်လုံး သေပြီးမှတော့ သည်အကြောင်းတွေကို မေ့ပစ်လိုက်ကြသည်။ မမေ့နိုင်သည်က အသက်ငယ်ငယ်နှင့် အရက်နှင့်လောင်းကစားကို စွဲလမ်းမိသည့်အတွက် ဘဝဆုံးရခြင်း ဖြစ်ပါသည်။ အကယ်၍ သည်အရက်နှစ်တွင်း မနစ်ခဲ့လျှင် ရှေ့ဘဝခရီးမှာ ဖြောင့်ဖြူးသာယာမည်သာ ဖြစ်သည်က သေချာပါသည်။ ယခုတော့ သေသည့်တိုင် အပြောမလွတ်ခဲ့ပါ။ အထူးသဖြင့် အရက်မူးတိုင်း မိသားစုမအိပ်နိုင်အောင် ကြမ်းပြင်ကို ခြေဆောင့်တတ်သည့် အကုသိုလ်ကြောင့် သံသရာဝဋ်ကြွေး ပေးဆပ်ရခြင်းဖြစ်ကြောင်း လူအများက ပြောဆိုနေကြပါလေသည်။

မည်သို့ဆိုစေ မူးယစ်ဆေးဝါးကြောင့်ဆိုသည်ကို မည်သူကမှ ငြင်းဆန်ပြောဆိုမည် မဟုတ်ပါလေ။

ဇော်မြင့်သိန်း

www.burmeseclassic.com

www.burmeseclassic.com

အာဂီတကာလပုဂ္ဂလိကမျက်နှာ

စာစဉ် ၂၀၃

အကန့်ဝင်သော ပုဂ္ဂိုလ်များ

တင်ထွန်း

(စက်မှုနှင့်

www.burmeseclassic.com

www.burmeseclassic.com

အတိတ်ကာလမှ ရထားများနှင့် ဆက်နွယ်သော ပုံရိပ်များ

တင်ထွန်း(စက်မှု-၂)ဦးမင်း

(၁၉၅၇) ခုနှစ် မြန်မာနိုင်ငံ မီးရထားဘောလုံးအသင်းနှင့် ခရီးထွက်ခွာခဲ့ကြရာ မီးရထားဘောလုံးအသင်း လိုက်ပါလာခဲ့ရသည့် ရထားတွဲက (BNUE-99) ဖြစ်ပြီး ရထားတွဲ၌ အိပ်စင်နှစ်ထပ်များပါရှိသော ရထားတွဲဖြစ်ပါ၏။ ထိုရထားတွဲသည် နေအိမ်အသေးစား သို့မဟုတ် တည်းခိုခန်းသဖွယ် ဖြစ်နေ၍ နေထိုင်ရသည်မှာ ကမ္ဘာငယ်လေးတစ်ခုကဲ့သို့လည်း ဖြစ်နေပါ၏။ ထိုအချိန်အခါက ဒီဇယ်ရထားစက်ခေါင်းများ မပေါ်ပေါက်ခဲ့သေးဘဲ ရေနွေးငွေ့သုံး စက်ခေါင်းများဖြင့် ပြေးဆွဲနေသည့် ခေတ်ကာလလည်း ဖြစ်ပါ၏။ ရန်ကုန်ဘူတာကြီးမှ အမှတ် (၁) အဆန့်ရထားဖြင့် ထွက်ခွာလာခဲ့ရာ ပျဉ်းမနားဘူတာသို့ မိုးမချုပ်မီကာလတွင် ရောက်ရှိသွားခဲ့ပါ၏။ ထိုအချိန်ကာလက လမ်းပန်းဆက်သွယ်ရေး မကောင်းသည်ကတစ်ကြောင်း၊ ရထားလမ်းကို သောင်းကျန်းသူများက မကြာခဏ နင်းမိုင်းထောင်ကြ၍ (APT) လို့ ခေါ်တွင်သည့် (Arm owred Patrol train) က ရှေ့ပြေး စစ်ရထားအဖြစ်နှင့် လမ်းရှင်းခဲ့ကြသော အချိန်ကာလလည်း ဖြစ်ပါ၏။ ထို ရထား ထွက်ခွာသွားပြီးမှ နာရီဝက်ခန့်အကြာတွင်မှ ခရီးသည် ရထားများက နောက်မှလိုက်ကြရပါ၏။

ထိုရှေ့ပြေးစစ်ရထားတွင် သံလိုက်လှိုင်း ဖမ်းသည့် ကိရိယာများ ပါရှိ၍ (APT) ရထား ခုတ်မောင်းနေစဉ် ရှေ့တွင် မိုင်းထောင်ထားပါက သံလိုက်အိမ်မြှောင်မှတစ်ဆင့် အချက်ပေး ကိရိယာသည် အလိုအလျောက် မြည်လာတတ်၍ (APT) ရထားကို ရပ်တန့်၍ တပ်မတော်သားများက နင်းမိုင်းများကို သွားရောက်၍ ရှင်းလင်းကြရပါ၏။ ထိုအချိန်က နိုင်ငံရေး အစိုးရအုပ်ချုပ်နေသော ကာလလည်းဖြစ်၍ တိုင်းပြည်သည် မတည်ငြိမ်ဘဲ ရောင်စုံသောင်းကျန်းမှုများ ကြီးစိုးနေသောအချိန်လည်း ဖြစ်ပါ၏။ ရထားများ မကြာခဏ နင်းမိုင်း ထိခဲ့၍ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံပိုင်ပစ္စည်း အမြောက်အမြားဆုံးရှုံး နေခဲ့သော ကာလလည်း ဖြတ်ပါ၏။ ပြည်တွင်းသောင်းကျန်းမှုများကြောင့် မကြာခဏ ပြည်သူများအသက်ဆုံးရှုံးကြရသလို တိုင်းပြည်၏ ဘဏ္ဍာများလည်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် များစွာနစ်နာဆုံးရှုံးခဲ့ကြပါ၏။ ယခုမျက်မှောက်ကာလမှာတော့ ပြည်တွင်း၌ ပြေးဆွဲနေကြသော ရထားများသည် နင်းမိုင်းအန္တရာယ်များမှ ကင်းဝေးနေကြရပါသည်။ ရထားလမ်းများ အန္တရာယ်များမှ ကင်းဝေးနိုင်ကြစေရန် တပ်မတော်မှ အချို့နေရာများ၌ တပ်မတော်သားများက ရထားလမ်း လုံခြုံရေးအတွက် တာဝန်ယူထားကြပါသည်။

ကြောင်များ မရှိကြလျှင် ကြွက်များ သောင်းကျန်းကြသဖြင့် ယခုမျက်မှောက်ကာလမှာတော့ ရထားလမ်းများကို မိုင်းထောင်ခြင်းဘေးမှ ကင်းဝေးနေကြပါသည်။ အတိတ်ကာလက ရန်ကုန်-မန္တလေးရထားလမ်းပိုင်းနှင့် ရန်ကုန်ပြည်ရထားလမ်းပိုင်းများတွင် မကြာခဏ ရထားလမ်း မိုင်းထောင်၍ အပြစ်မဲ့ပြည်သူ ရထားစီးခရီးသည်များနှင့် နိုင်ငံပိုင်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

များ ဆုံးရှုံးခဲ့ရသည်များကို ထောက်ရှုခြင်းအားဖြင့် ရောင်ခဲ့သောင်းကျန်းသူများကြောင့် ပြည်သူတို့၏အသက်ပေါင်း မြောက်မြားစွာနှင့် တိုင်းပြည်ဘဏ္ဍာများ ယိုဖိတ်ပျက်စီးခဲ့ရပါသည်။

မိုင်းထိခံခဲ့ရသည့် ရထားစက်ခေါင်းနှင့် တွဲများ၏ကာလတန်ဖိုးမှာလည်း နည်းလှသည်မဟုတ်ပါ။ ထိုအချိန်က ငွေကြေးတန်ဖိုးနှင့် တွက်ဆရင်လည်း မနည်းလှပါ။ အရည်အသွေးကောင်းကြသည့် ရေနွေးငွေ့စက်ခေါင်းနှင့် ဒီဇယ်စက်ခေါင်းများလည်း အကျိုးမဲ့ ဆုံးရှုံးကြရသလို ရထားတွဲများမှာလည်း ရစရာမရှိလောက်အောင် ဆုံးရှုံးပျက်စီးခဲ့ပါသည်။ ဖခင်ဖြစ်သူ ရထားထိန်းတာဝန် ထမ်းဆောင်ခဲ့စဉ်က ဖြစ်ရပ်တစ်ခုကိုလည်း ဖော်ပြရလျှင် အချိန်ကာလက နိုင်ငံရေးအစိုးရ အုပ်ချုပ်နေသည့် ကာလလည်း ဖြစ်၍ ရထားလမ်း လုံခြုံရေးကို စောင့်ရှောက်ကြသည့် တပ်မတော်သားများလည်း ရှေ့တန်းစစ်ဆင်ရေးကို ဦးစားပေး၍ လုပ်ဆောင်နေသော ကာလလည်း ဖြစ်၍ တိုင်းပြည်မှာ မတည်ငြိမ်ဘဲ ရောင်နှံသောင်းကျန်းမှုများကြောင့် ရထားများ မကြာခဏ မိုင်းနင်းခံခဲ့ရပါသည်။

၁၉၆၅ ခုနှစ်ကာလလည်း မြန်မာနိုင်ငံတွင် မီးရထားအကြီးများဆုံး ရထားတိုက်မှု ဖြစ်ပွားခဲ့ပါသည်။ ပျဉ်းမနား သင်္ကြားစက်သို့ သင်္ကြားချက်လုပ်ရန် ကြဲများတင်ပို့ခဲ့ပြီးနောက် ပျဉ်းမနားဘူတာမှ ရန်ကုန်သို့ ထွက်ခွာလာခဲ့သည့် ကြဲတင်ရထားသည် တောင်ငူဘူတာမြောက်ဘက် အလွန်၌ တည်ရှိသော 'ကျေးတော' ဘူတာတွင် ရန်ကုန်မှ ထွက်ခွာလာခဲ့သော လူစီးရထားဖြစ်သည့် အမှတ် (၅) အဆန်ရထားနှင့် ခေါင်းချင်းဆိုင် တိုက်မိခဲ့ရာ ခရီးသည်များစွာ သေဆုံးဒဏ်ရာရခဲ့ကြပြီးနောက် ကြဲရထား၏ ရေနွေးငွေ့စက်ခေါင်းအမှတ် (ဝိုင်ဘီ) (YB-534) နှင့် အမှတ် (၅) အဆန်ရထား၏ ဒီဇယ်စက်ခေါင်း အမှတ် (ဒီဒီ-၁၅၂၂) (DD-1522) တို့

ရင်ဆိုင်တိုက်မိခဲ့ကြပြီးနောက် ရေနွေးငွေ့စက်ခေါင်း မောင်းသူနှင့် ဒီဇယ်ရထားစက်ခေါင်း မောင်းသူတို့ ပွဲချင်းပြီး သေဆုံးခဲ့ကြပါ၏။

ဖြစ်ပွားပုံမှာလည်း ပျဉ်းမနားဘူတာမှ ထွက်ခွာလာခဲ့သည့် ကြဲရထားသည် 'ကျေးတော' ဘူတာသို့ ရောက်ရှိလာခဲ့စဉ် ရထားအရှိန်မသတ်နိုင်သဖြင့် လမ်းခွဲပွိုင့်ကို ကျော်လွန်ပြီးနောက် အမှတ် (၅) အဆန်ခုတ်မောင်းလာမည့် ရထားလမ်းပေါ်သို့ ရောက်ရှိခဲ့ပြီး တောင်ငူဘူတာမှ ထွက်ခွာလာခဲ့သည့် အမှတ် (၅) အဆန်ရထားနှင့် ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ပါ၏။ အချိန်ကာလမှာလည်း ဆောင်းတွင်းကာလဖြစ်နေခဲ့၍ နှင်းများ အုံ့ဆိုင်းနေခဲ့၍ ကြဲရထားအနီးသို့ ရောက်လာရာမှ ဘွားခနဲတွေ့မြင်လိုက်ရပြီးနောက် အမှတ် (၅) အဆန်ရထားဒီဇယ်စက်ခေါင်းမောင်းသူမှ ရုတ်တရက် အရှိန်သတ်ရန် ဘရိတ်ကို ဆွဲငင်လိုက်သော်လည်း ရထား၏ သဘောသဘာဝမှာ မော်တော်ယာဉ်များကဲ့သို့ ရုတ်တရက် (Dead Stop) ရပ်တန့်နိုင်ရန် မဖြစ်နိုင်သည့်အကြောင်းတစ်ရပ်ကတော့ အဟုန် (Momentum) ရှိနေ၍ ဖြစ်ပါသည်။

စကားချပ်။ ။ အဟုန် (Momentum) ဆိုသည်မှာ ရထားအရှိန်သတ်ရန် ဘရိတ်ကို ဆွဲငင်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com

အခိုက်၌ ရထားစက်ခေါင်းနောက်တွင် ချိတ်ဆွဲထားသည့် တွဲများက ရထားစက်ခေါင်းကို ပြေးဆောင့်တတ်သည့်သဘောမျိုး ရှိ၍ ရထားမှ ရုတ်တရက် မရပ်တန့်နိုင်ခြင်း ဖြစ်ပါ၏။

ထို့အတွက်ကြောင့် ပြည်သူများအနေဖြင့် ရထားခုတ်မောင်းလာနေစဉ်တွင် ရထားရှေ့မှ လမ်းကို ဖြတ်ကူးခြင်း မပြုသင့်ဘဲ ရထားကျော်လွန်သွားကာမှ ရထားလမ်းကို ဖြတ်ကူးသင့်ကြပါ၏။ အဘယ်ကြောင့်ဆိုရလျှင် အဆက်မှာ ဖော်ပြရေးသားခဲ့သလို ရထားများသည် ရုတ်တရက် ရပ်တန့်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါ၏။ အကယ်၍ ရထားလမ်းပေါ်က မဖြစ်မနေ လျှောက်လှမ်းကြရမည်ဆိုလျှင်လည်း ရထားခုတ်မောင်းလာရာဘက်သို့ မျက်နှာချင်းဆိုင် လျှောက်လှမ်းသင့်ကြပါ၏။ ထိုမှသာ အဝေးမှ ခုတ်မောင်းလာနေသော ရထားကို ကြိုတင်၍ လှမ်းမြင်တွေ့နိုင်သဖြင့် ရထား၏ အန္တရာယ်များမှ အလွယ်တကူ တိမ်းရှောင်နိုင်ကြမည်ဖြစ်ပါ၏။

အကယ်၍ ရထားလမ်းကို ကျောပေး၍ လျှောက်လှမ်းပါက မိမိနောက်ဘက်မှ ခုတ်မောင်းလာနေသော ရထားကို သတိမပြုနိုင်သဖြင့် အသက်အန္တရာယ်များ ကျရောက်တတ်ပါ၏။ မြန်မာနိုင်ငံတွင် ရထားတိုက်၍ အများဆုံးသေဆုံးကြသူများသည် ရထားခုတ်မောင်းလာရာဘက်သို့ ကျောပေးလျှောက်လှမ်းခဲ့ခြင်းများကြောင့် အများဆုံး သေဆုံးခဲ့ကြကြောင်းကို ပညာပေးသည့်အနေဖြင့် ရထားများနှင့် ဆက်နွယ်၍ အသိပေးရေးသားဖော်ပြခြင်းလည်း ဖြစ်ပါ၏။

"အသက် ဘဏ်စောင့်၊ ဥစ္စာကံစောင့်" ဆိုသကဲ့သို့ မိမိတို့၏ အသက်များကို အကြောင်းမဲ့၊ အကျိုးမဲ့ မသေဆုံးသင့်ကြကြောင်းကိုလည်း ဖော်ပြရေးသားလိုပါ၏။ ရထားတိုက်ခံခဲ့ကြရသောသူများမှာလည်း ခန္ဓာကိုယ်များ အပိုင်းပိုင်းဖြတ်ကာ သေဆုံးကြရလေ့ရှိပါ၏။ မော်တော်ယာဉ်များနှင့် တိုက်ခိုက်မိကြလျှင် အသက်ရှင်နိုင်ရန် မျှော်လင့်ချက်ရှိကြသော်လည်း ရထားများနှင့် တိုက်မိကြပါက အသက်ရှင်နိုင်ဖို့ရန်မှာ မျှော်လင့်ချက် အလွန်နည်းပါးကြောင်းကို ဘစ်ချိန်တစ်ခါက စာရေးသူ၏ ဖခင် တာဝန်ကျရာ ရထားများတွင် လိုက်ပါခဲ့ရင်းနှင့် မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသဖြင့် ပြည်သူတို့၏ အသက်ခန္ဓာများကို မသေဆုံးသင့်ကြဘဲ သေဆုံးကြရမည်ကို ကြိုတင်တွေးဆမိ၍ ရေးသားဖော်ပြခြင်းဖြစ်ပါ၏။

၁၉၅၇ ခုနှစ်ကလည်း ရထားစီး ခရီးသည် လူငယ်တစ်ဦးသည် အန္တရာယ်ကို အလေးမမူခဲ့သည့် ဖြစ်ရပ်တစ်ခုကြောင့် မသေဆုံးသင့်ဘဲ သေဆုံးခဲ့ပါ၏။ ဖြစ်စဉ်က စာရေးသူ ဖခင် တာဝန်ကျရာ ရန်ကုန်-မန္တလေး လူစီးရထားတွင် လိုက်ပါခဲ့စဉ်က ဖြစ်ပါ၏။ ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက် ရထားဘူတာရုံများတွင် တည်ရှိသော ရထားလမ်းကူးဂုံးကျော်တံတားများသည် ရထားများနှင့် လွတ်ရုံလေးသာ ရှိပါ၏။ ခန့်မှန်းရေးသားရမည်ဆိုလျှင် ရထားခေါင်မိုးများနှင့် တစ်ပေခွဲလောက်သာ လွတ်ကင်းပါသည်။ ထိုဖြစ်စဉ်ကို မသိခဲ့သော ရထားစီး ခရီးသည်လူငယ်တစ်ဦးက ရထားတွဲအတွင်း စီးနင်းခြင်း မပြုဘဲ ရထားခေါင်မိုးပေါ်မှ လိုက်ပါစီးနင်းခဲ့ရာ ရန်ကုန်နှင့် ပဲခူးဘူတာကြား၌ တည်ရှိသော ရထား

www.burmeseclassic.com

www.burmeseclassic.com

လမ်းကူးဂုံးကျော်တံတားနှင့် တိုက်မိခဲ့ရာမှ ဦးခေါင်းပြတ်ထွက်ပြီး ခန္ဓာကိုယ်မှာလည်း ရထားခေါင်းမိုးပေါ်မှ မြေကြီးပေါ်သို့ ပြုတ်ကျခဲ့ကာ အသေဆိုးဖြင့် သေဆုံးခဲ့ရသည်ကို ထောက်ရှုခြင်းအားဖြင့် မိမိ၏အသက်ကို ပေါ့ဆမှုကြောင့် ပေးဆပ်လိုက်ခြင်း ဖြစ်ပါ၏။

ထိုရထားလမ်းကူး ဂုံးကျော်တံတားများသည် ရထားများ ခုတ်မောင်းနေစဉ်ကာလတွင် လွတ်ရုံလေးသာ တည်ရှိနေ၍ အကယ်၍ ခေါင်မိုးပေါ်၌လိုက်ပါစီးနင်းသူသည် ခန္ဓာကိုယ်အား မှောက်၍ ဝပ်တွားနေရင်တောင်မှ ရထားလမ်းကူးတံတားသံဘောင်များနှင့် မလွတ်ကင်းနိုင်ပါ။ ထိုသို့ အသိတရားကင်းမဲ့စွာဖြင့် ရထားခေါင်မိုးပေါ်၌ စီးနင်းခဲ့သော ရထားစီး ခရီးသည်လူငယ်၏ ဖြစ်ရပ်ကို ထောက်ရှုခြင်းအားဖြင့် သင်ခန်းစာတစ်ရပ်အနေဖြင့် ယူသင့်ကြပါ၏။ ထိုသို့ ခေါင်မိုးပေါ်၌ တက်ရောက် မစီးနင်းခဲ့ပါက ယခုအချိန်တိုင် ထိုလူငယ်သည် အသက်ရှင်လျက်ရှိနေမှာသာဖြစ်ပြီး မသေဆုံးသင့်ဘဲ သေဆုံးရခြင်းဖြစ်၍ မိဘမောင်နှမများအနေဖြင့်လည်းကောင်း၊ ပြည်သူတစ်ဦးအနေဖြင့်လည်းကောင်း၊ တိုင်းပြည်အတွက်လည်းကောင်း အကျိုးမဲ့စွာဖြင့် ဆုံးရှုံးရခြင်းလည်း ဖြစ်ပါ၏။

အချို့မှာ ရထားကျော်လွန်သွားမှ မိမိတို့ လိုရာခရီးများကို မသွားကြဘဲ ရထားခုတ်မောင်းလာနေသည်ကို တွေ့မြင်လျက် ဇွတ်အတင်း ရထားရှေ့မှ ရထားလမ်းဖြတ်ကူးကြသဖြင့် ထိုသူမှာ ခန္ဓာကိုယ် သုံးပိုင်းပြတ်၍ အသေဆိုးဖြင့် သေဆုံးခဲ့ရကြောင်းကိုလည်း မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပါသည်။ တစ်နည်းအားဖြင့် ထိုလူများသည် အသက်ကို ဥာဏ်မစောင့်ကြသူများသာ ဖြစ်ကြပါ၏။

တစ်ချိန်က စာရေးသူ ဘူတာတစ်ခု၌ ရထားစောင့်ရင်းတွေ့ကြုံခဲ့ရသော ဖြစ်ရပ်တစ်ခုကိုလည်း ရေးသား ဖော်ပြရလျှင် ရထားဘူတာရုံသို့ ဝင်ရောက်လာသော ရထားအရှိန်မသေမီတွင် ရထားစီး ခရီးသည်တစ်ဦးက ရထားပေါ်သို့ ပြေးတက်ရာတွင် ဟန်ချက်ပျက်သွားခဲ့ပြီး ခြေချော်၍ ရထားတွဲကြားသို့ ကျရောက်သွားခဲ့ရာ ခန္ဓာကိုယ်မှာ အပိုင်းပိုင်းဖြတ်ပြီး ကြည့်ရက်စရာမရှိအောင် ဖြစ်သွားခဲ့ပါ၏။ ထိုသို့မဖြစ်ခင် စာရေးသူက ထိုသူအား ရထားအရှိန်မလျှော့ခင် ရထားပေါ်သို့ မတက်ရောက်ရန် အော်ဟစ်ပြောကြားခဲ့သော်လည်း စာရေးသူ၏စကားကို ဂရုမပြုခဲ့၍ အသေဆိုးဖြင့် သေဆုံးခဲ့ရခြင်းလည်း ဖြစ်ပါ၏။

လောကတွင် လူအမျိုးအစား နှစ်မျိုးရှိပါ၏။ ကယ်တင်၍ ရနိုင်သော သူများရှိကြသလို ကယ်တင်၍ မရနိုင်သောသူများလည်း ရှိပါ၏။ တစ်နည်းအားဖြင့်တော့ ကယ်တင်၍ မရကြသောသူများသည် အန္တကာလခေါ် လူမိုက်များသာဖြစ်ကြ၍ သူတို့၏ ဘဝများကို မိုက်ဇာတ်များဖြင့်သာ ဇာတ်သိမ်းကြလေ့ရှိကြပါ၏။ တစ်ချိန်ကလည်း အသိဉာဏ်နည်းသော ရထားစီးခရီးသည်တစ်ဦးကို စာရေးသူ တွေ့ကြုံခဲ့ရ၍ ပြန်လည်၍ ရေးသားဖော်ပြပါမည်။ စာရေးသူသည် ဘူတာတစ်ခုတွင် ရထားစောင့်နေရင်းနှင့် ထိုသူကို တွေ့ကြုံခဲ့ရပြီး အရက်များလည်း သောက်ထားတာလို့ သိရှိခဲ့ပါ၏။ ရထားဘူတာသို့ ဝင်ရောက်လာချိန်၌ ထိုသူက ရထားအရှိန်မသေသေးမီ ရထားပေါ်သို့ ပြေးတက်လောက်မည့်အချိန်၌ စာရေးသူက သူ၏အကျိုးကုပ်ပိုးကို လှမ်းဆွဲထားလိုက်၍ တွဲကြားအတွင်းသို့ ကျရောက်မည့်ဘေးမှ လွတ်ကင်းခဲ့ခြင်း ဖြစ်ပါ၏။

အကယ်၍ စာရေးသူက သူ၏အကျိုးကုပ်ပိုးကို လှမ်းမဆွဲလိုက်ပါက ယခုအချိန်မှာ ဘဝတစ်ပါးသို့ ရောက်ရှိနေမည်ဖြစ်ကြောင်းကို အမှတ်တမဲ့ဖြင့် တွေးတောနေမိပါသည်။

တင်ထွန်း(စက်မှု-၂)ဒြပ်မိုး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သိင်္ဃသန္ဓေအောင်

(မြင့်မိုး)

အမှန်တရားကို ရှာဖွေရင်း

www.burmeseclassic.com

www.burmeseclassic.com

ဘဝနိုင်ငံရေးတို့ နိုင်ငံရေးတို့ခြင်း

■သိင်္ကသန်းအောင်(မြင်းခြံ)

''ဟဲ့ ... နွားတွေ ခြံထဲ ရောက်နေတာ ကြာပါပကော။ နုကြည်က ခုထိ အိမ်ပြန်မရောက်သေးပါလား။ ဒီကောင်မလေး ဘယ်မျှား လျှောက်သွားနေလဲ မသိပါဘူး''

အဘွားဒေါ်သိန်းမြက နွားခြံတံခါးကိုပိတ်ရင်း ညည်းညူရင်း ပြောလိုက်ပါလေ၏။ သူရိန်နေမင်းက ကန့်ဦးရွာကိုပင် နှုတ်ဆက်နေချေပေါ့။ အချိန်အားဖြင့်ဆိုလျှင် (၅) နာရီ သီသီပင် စွန်းခဲ့ချေပြီကော။ နေ့စဉ်လိုလို နုကြည်တစ်ယောက် နွားတွေနှင့်အတူ ပြန်ရောက်လာတတ်သည်။ နုကြည်က ကလေးစိတ်မကုန်သေးပေမယ့် အရွယ်ကဖြင့် အပျိုဖြန်း အရွယ်မို့ အဘွားဒေါ်သိန်းမြ စိတ်ထဲ စိုးရိမ်စိတ်က ကြီးစိုးနေခြင်းလည်း ဖြစ်သည်။ ကလေးစိတ် မကုန်သဖြင့် အပျော်အပါးကို ဝါသနာကြီးလို့သည်ကလည်း မပြောပါနှင့်တော့။ ဗီဒီယိုကို ကြည့်လိုက်ရမည်လား၊ ကြည့်ပြီးဖာတ်ကြောင်းကို ပြန်ပြောင်းပြောပြ လိုက်ရမည်လား ဟမင်းမေ့ ဟင်းမေ့နှင့် ပြောပြတတ်သည်။ မြေးဖြစ်သူ နုကြည် အကြောင်းကား အလုပ်ကို တလုပ်လုပ်လုပ်ရင်း ခြံဝိုင်းတံခါးဆီသို့ မျှော်ကြည့်နေမိတော့သည်။

နုကြည်ပြန်လာနိုးဖြင့် စောင့်နေခဲ့သည်မှာ နေရောင် ကွယ်ပျောက် အမှောင်သို့ပင် ရောက်ခဲ့ချေပေါ့။ အဘွားဖြစ်သူ ဒေါ်သိန်းမြ မနေနိုင်ပါလေတော့။ နုကြည် သွားတတ်ရာရာ ကျင်မြတို့အိမ်သို့ ထွက်လာခဲ့တော့သည်။

''ဟဲ့... မိကျင်မြ နုကြည် မျှား ညည်းတို့အိမ်ရောက်နေသလား''

ဒေါ်သိန်းမြမှာ ပါးစပ်က လည်းမေး၊ လူကိုယ်ကိုင်လည်း မမြကျင်အိမ်တွင်းသို့ ဝင်ရင်း မျက်လုံးများက သူမြေး နုကြည်ကို ရှာကြည့်နေမိသည်။

''မလာပါဘူး အရီးမြရယ်။ ဘာလဲ အရီးမြမြေး ပြန်မရောက်သေးလို့လား''

''အေး... ဟုတ်တယ်အေ့။ နွားတွေပြန်လာပြီး နုကြည် ပြန်မရောက်သေးလို့အေ့။ အဲဒါ ညည်းအိမ်များ ဝင်နေသလားလို့ ငါလာရှာတာ။ ဒီကောင်မလေး ဘယ်ရောက်နေလဲ မသိပါဘူး အေ၊ ညည်းဆီများရောက်လာရင် ငါ လိုက်ရှာနေတယ်လို့ ပြောလိုက်စမ်း။ ညည်းအမေကြီးက ဆူနေတယ်လို့''

ဒေါ်သိန်းမြက အိမ်အပြန် တွင် သူမြေးအကြောင်းတစ်ရာရာ တစ်အိမ် နှစ်အိမ် ဝင်မေးကြည့်သေးသည်။ မည်သည့်အိမ်မျှ ရှာမတွေ့သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လှည့်လာခဲ့ရတော့သည်။ အိမ်ပြန်ရောက်လာလည်း နုကြည်ကို မတွေ့လိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပူပင်သောကစိတ်တို့က ကြီးစိုးလာတော့သည်။ အမှန်ဆိုရလျှင် နုကြည်က ရူးတူးတူး ပေါတောတောလေးဖြစ်၍ ကျပ်သိပ်မပြည့်။ တစ်ရွာလုံးက နုကြည်ကို လူဝင်စားလေးဟု သတ်မှတ်ယူဆထားကြသည်လေ။ နုကြည်ငယ်စဉ်ကပင် သူမအမေမှာ နောက်ထပ်ကိုယ်ဝန်ရှိလာသဖြင့် နို့မျက်ရှာသဖြင့် အမေကြီးဖြစ်သူ ဒေါ်သိန်းမြက ခေါ်ယူမွေးစားထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဒေါ်သိန်းမြမှာ မြေးမလေး နုကြည်အပေါ် သံယောဇဉ်ကြီးနေရခြင်း ဖြစ်ပေသည်။ နုကြည်က ကျပ်မပြည့်သဖြင့် အဘွားဖြစ်သူက ဝိုမိုစိုးရိမ်နေမိခြင်းဖြစ်ပါလေ၏။ အရွယ်လေးကလည်း ရလာသည်မဟုတ်ပါလား။

ဒေါ်သိန်းမြ၏ သောကပူဗျာဒမှာ နေမြင့်လေ အရှုးရင့်လေ မဟုတ်။ မိုးချုပ် နေဝင်လေ သောကငင်လေဆိုဘိသို့ စိုးရိမ်စိတ်တို့က ထိပ်တက်လာတော့သည်။ နောက်ဆုံး၌ အိမ်မှာ ထိုင်စောင့်နေခြင်းထက် ရွာလူကြီးဦးပေါဒင်ထံ သွားရန် ခင်ပွန်းသည် ဦးခင်ပန်အား ထန်းတောမှ ပြန်အလာမှာပင် အကျိုးအကြောင်းပြောပြ၍ ရွာလူကြီး ဦးပေါဒင်နေအိမ်သို့ ထွက်လာခဲ့လေတော့သည်။

BURMESE CLASSIC .com

ဦးပေါဒင်ထံ ရောက်လျှင် အကျိုးအကြောင်းအား တင်ပြရာ ဦးပေါဒင်မှာ အခြေအနေနှင့် အချိန်အခါအရ ထိုင်ကြည့်နေ၍ မဖြစ်တော့သဖြင့် နုကြည်ကို လိုက်ရှာပေးရန် ဆုံးဖြတ်မိသဖြင့် ရွာထဲမှ ယောကျ်ားသား လေးငါး ယောက်ကို ခေါ်၍ ဒေါ်သိန်းမြတို့လင်မယားနှင့်အတူ နုကြည် နွားကျောင်းသွားရာ ရွာမြောက်ဘက် ဆီသို့ ထွက်လာခဲ့ကြတော့သည်။ မကြာမီ အလင်းရောင်က ပျောက်တော့မည်ကို သိရှိထားကြသည့် အတွက် ကိုယ်စီလျှပ်စစ်မီးတောင့်တွေပါ ယူလာကြသည်။ ရွာ၏ အနောက်တံခါးပေါက်မှ ထွက်၍ နုကြည် နွားကျောင်းထွက်ရာ အကွက်ဆီသို့ မီးရောင်တဝင်းဝင်းဖြင့် လိုက်ရှာကြသည်။ လိုက်ပါလာသူအချို့က နုကြည် နာမည်ကို အော်ဟစ်၍ ခေါ်ကြည့်ကြသည်။ သို့ပေမယ့် နုကြည်၏ ပြန်လည်ထူးသံကိုကား မကြားရ။

ရွာနှင့်လည်းဝေး၊ လူခြေကလည်း တိတ်ဆိတ်နေသဖြင့် သူတို့၏ အော်ဟစ်ခေါ်သံများက ဝန်းကျင်အနှံ့သို့ လွှမ်းမိုးသွားသည့်တိုင် လူသံဆို၍ စိုးစဉ်းမျှမကြားရ။ ပိုးမွှားပုရစ်သံတို့မှလွဲ၍ ဘာဆိုဘာမျှ မကြားရ။ ပကတိ ညဉ့်အလွှာအောက်တွင် ထိုလူအုပ်၏ အသံမှလွဲ၍ ယာခင်းပြင်တို့မှာ အိပ်မောရန် ဟန်ပြင်နေကြသည်။

''တို့ ဒီလိုတစ်စုတည်း လိုက်ရှာနေလို့ မဖြစ်သေးဘူးကွ။ လူစုခွဲပြီး ရှာကြမယ်။ ကဲ...ဟောဂါနဲ့လူသုံးယောက် လိုက်ခဲ့ကြ။ ဖိုး

www.burmeseclassic.com

www.burmeseclassic.com

တေနဲ့ ကျန်လူတွေက မြို့ကိုသွားတဲ့ လမ်းဘက်ကို ခွဲရှာကြ''

ရွာလူကြီး ဦးပေါဒင် စကားကြောင့် လူစုခွဲကာ လိုက်ရှာကြတော့သည်။ မိနစ်ပိုင်းမျှ အကြာတွင် တစ်ဖက်မှ အော်ခေါ်သံကြောင့် ဦးပေါဒင်တို့အဖွဲ့က အသံကြားရာဘက်သို့ မီးရောင်ထိုးရင်း လိုက်သွားကြရလေတော့သည်။ ဖိုးတေတို့လူစုက အရာဝတ္ထုတစ်ခုကို ဓာတ်မီးရောင်ဖြင့် ထိုးကြည့်နေကြသည်ကို တွေ့လိုက်ကြရပါလေ၏။ သို့ရာတွင် ပျောက်ဆုံးနေသော နကြည်ကား မဟုတ်ပါချေ။ ပုဆိုးဟောင်းတစ်ထည်နှင့် မလှမ်းမကမ်းဝယ် ကားတာယာဖိနပ်တစ်ရံမှာ ဟိုတစ်ဖက် သည်တစ်ဖက်နှင့် တွေ့လိုက်ကြပါလေ၏။

''ဒေါ်သိန်းမြ ဟိုမှာ တွေ့ရတဲ့ ဖိနပ်နဲ့ ပုဆိုးဟောင်းကို ကြည့်စမ်းပါဦး။ ခင်ဗျားမြေးရဲ့ ပစ္စည်းတွေများ ဖြစ်နေမလားဆိုတာ''

ဦးပေါဒင် မေးလိုက်သဖြင့် ဒေါ်သိန်းမြက ရှေ့သို့ထွက်လျက် ဓာတ်မီးရောင်အောက်မှ ပစ္စည်းများကို ငုံ့၍ သေသေချာချာ ကြည့်လိုက်ပါလေ၏။ ခဏအကြာမှ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လှည့်ပြောလိုက်သည်။

''ဟုတ်ပါ့တော်... ဒါတွေက မိနုကြည် ဖိနပ်နဲ့ ကိုခင်ပန် ပုဆိုးအဟောင်းတွေတော့။ အမယ်လေး ဘုရား... ဘုရား... ကျုပ်မြေးလေး တစ်ခုခုများ''

ဒေါ်သိန်းမြ၏အသံက စိုးရိမ်စိတ်တွေကြောင့် အသံတွေ တုန်၍ တိမ်ဝင်သွားတော့သည်။ ဦးခင်ပန်ကမူ နှုတ်ဆိတ်လျက်သားဖြင့် မီးရောင်အောက်မှ ပစ္စည်းများကို သာ စူးစူးစိုက်စိုက်ဖြင့် ကြည့်နေတော့သည်။

''ကဲပေ့ဟ်... ဒါဆို ဒီနားအနီးတစ်ဝိုက်ကို ပိုက်စိတ်တိုက်ပြီး လူခွဲရှာကြစမ်း မြန်မြန်။ အချိန်သိပ်မရှိဘူး''

ဦးပေါဒင်မှ အမိန့်ပေးလိုက်သဖြင့် ရွာသားများက လူစုခွဲရင်း ဓာတ်မီးရောင်များ တဝင့်ဝင့်ဖြင့် ထောင့်ထောက်ကြည့်ကာ လိုက်ရှာနေကြတော့သည်။ မကြာမီမှာပင် ရွာသားတစ်ယောက်ထံမှ အသံ ထွက်လာတော့သည်။

''ဟော... ဒီမှာ... ဒီမှာ လာကြည့်ကြစမ်း။ ဒီကိုလာကြည့်ကြစမ်းပါဦး''

ရွာသားတချို့က အသံကြားရာဆီသို့ ဝိုင်းသွားကြရင်း ဓာတ်မီးများဖြင့် ထိုးကြည့်ကြသည်။

''ဘာမှလဲ မတွေ့ပါလား ဟာ။ ကြောက်အား လန့်အားနဲ့ အရမ်းအော်ပြောနေတာပဲကိုး''

''ဒီမှာလေ သေသေချာချာကြည့်ကြစမ်းပါဦး။ ယာကွင်းထဲမှာ စွတ်ကြောင်းရာကြီးကို မမြင်ဘူးလား။ ဒါ တစ်ခုခုကို ဆွဲသွားတဲ့ အရာလေ''

ထိုရွာသားက လေသံမာမာဖြင့် ပြန်ပြောလိုက်သဖြင့် အားလုံး၏ ဓာတ်မီးရောင်က သူညွှန်ပြရာသို့ ဝိုင်းထိုးကြည့်လိုက်ကြသည်။ ယာမြေပေါ်ဝယ် တစ်စုံတစ်ခုအား ဆွဲယူသွားသည့်စွတ်ကြောင်းရာကြီးမှာ အထင်းသား။ ထိုစွတ်ကြောင်းရာကြီးမှာ တစ်ဖက်ပြောင်းခင်းအတွင်းသို့ ဦးတည်လျက်ရှိကာ အတွင်းဘက်ဆီသို့တိုင်အောင်သို့ပင်။ ရွာသားများက စိတ်လောကြီးစွာနှင့် ပြောင်းခင်းအတွင်းတိုင်အောင် လိုက်ရှာကြည့်ကြတော့သည်။

''ဟာ... ဒီမှာ တွေ့ပြီ တွေ့ပြီ လာကြည့်ကြပါဦး''

မှန်ပါသည်။ သူတို့အားလုံးကို နကြည်ကို တွေ့လိုက်ရပါပြီ။ နကြည်ကတော့ သူမ၏ ရွာသားတွေအား ပြန်လည်နှုတ်ခွန်းဆက်သခြင်းငှာ မပြု။ ပကတိ မသိကျိုးကျွန်ပြုကာ တစ်ဖက်သို့လှည့်၍ပင် နေချေသေးတော့သည်။ ခါးမှထဘီကလည်း ကျွတ်လျက် လျှော့နေချေသည်လေ။ ဆိုးလျှင် သူမအနေဖြင့် ရောက်လာသူများ

www.burmeseclassic.com

www.burmeseclassic.com

အား ပြန်လည်နှုတ်ဆက်ခြင်းကို လည်း မပြုနိုင်ပါလေတော့။ စင်စစ် သူမ၏ အသက်ဝိညာဉ်သည် ခန္ဓာကိုယ်မှ ကင်းကွာနေချေပြီ တည်း။ ဓာတ်မီးများ၏ အလင်း ရောင်များမှာ မလှုပ်မယှက် ဖြစ် နေသော သူမ၏ အလောင်းဆီသို့ ဦးတည် ထိုးကျလျက်ရှိနေသဖြင့် မြင်ရသူများမှာ မျက်နှာများပင် တစ်ဖက်သို့ လှည့်သွားကြပါလေ ၏။

''အမယ်လေး ... ငါ့မြေး ရယ် အဖြစ်ဆိုးလှချည့်လားကွယ် အဟီး ... ဟီး''

အဘွား ဒေါ်သိန်းမြ၏ ကြေ ကွဲဝမ်းနည်းစွာ ငိုလိုက်သည့်အသံ က အမှောင်ထုထဲသို့ ဝင်ရောက် ထိုးဖောက်သွားလေတော့သည်။

❖

စာပိုဒ် (၂)

နုကြည်အလောင်းကို ကြည့် ရသည်မှာ ဖြစ်ရိုးဖြစ်စဉ် သာမန် သေမှုသေခင်းမျိုး မဟုတ်သဖြင့် ရွာလူကြီး ဦးပေါဒင်မှာ ငယ်ထိပ် မြွေပေါက်သည့်နှယ် မျက်လုံး မျက်ဆန်များ ပြူးရတော့သည်။ အမှုကြီးဖြစ်သဖြင့် အချိန်ကို စောင့်၍မဖြစ်။ ထို့ကြောင့် ရွာမှ လူငယ်တစ်ဦးအား မော်တော်ဆိုင် ကယ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့စခန်း သို့ အမြန်ဆုံး စေလွှတ်လိုက်ရ တော့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ခံ အမှူလိုက် ဒုရဲအုပ်နှင့်အဖွဲ့ ရောက် လာသည်နှင့် အဖြစ်အပျက်အားလုံး ကိုရှင်းလင်းတင်ပြ၍ အလောင်း ရှိရာသို့ ခေါ်သွားကာ အခြေအနေ အားတင်ပြလိုက်သည်။ တာဝန်ခံ ရဲအရာရှိနှင့် တပ်ဖွဲ့ဝင်များက သေဆုံးနေသူ နုကြည်၏အလောင်း ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြ သည်။ နုကြည်မှာ ငယ်စဉ်ကပင် ကျပ်ပြည့်သည့် ကလေးမဟုတ်သ ဖြင့် အမေကြီး၊ ဘကြီးများဖြစ်ကြ သော ဦးခင်ပန်နှင့် ဒေါ်သိန်းမြတို့ မှ ခေါ်ယူ၍ အရွယ်ရောက်သည့် အထိ ကျွေးမွေးစောင့်ရှောက်ခဲ့ သဖြင့် သံယောဇဉ် တွယ်တာနေ ခဲ့ခြင်းပင်ဖြစ်သည်။ ယခုလို နု ကြည် အဖြစ်ဆိုးနှင့် ကြုံရသည့် အတွက် အဘိုး၊ အဘွားမှာ ယူကျုံးမရဖြစ်ကာ တငိုငို တရယ် ရယ်ဖြစ်နေသည့်အတွက် တစ်ရွာ လုံးမှာ စိတ်မချမ်း သာဖြစ်နေကြရ တော့သည်။

စိတ်မကောင်းဖြစ်ရသည့် အကြောင်းထဲဝယ် နုကြည်၏ ဘဝ အကြောင်းတရားကလည်း အပါအဝင်ပင်ဖြစ်ပါလေ၏။ နု ကြည်မှာ ငယ်စဉ်ကပင် ရူးတူး ပေါတောလေးမို့ တစ်ရွာလုံးက ဝိုင်း၍ အသနားဖက်ကာ တွယ် တာချစ်ခင်နေကြသည်လေ။ နု ကြည်ကလည်း သူကိုယ်သူ လူ ဝင်စားလိုဇို ဥစ္စာစောင့်လိုလို မကြာခဏ ပြောဆိုတတ်သည်။ တစ်ခါတစ်ရံ မိန်းမသားများက မြောက်ပင့်ပေးလျှင် ဗီဒီယိုမင်း သမီးလို သရုပ်ဆောင်ပြသဖြင့် တဝါးဝါးဖြင့် အားလုံးက သဘော ကျရယ်မောကြရသည်မှာ ယခု တော့ နုကြည်၏ ပေါတောတော နှင့် သဲ့ရုပ်ဆောင်ပြမှုလေးတွေ မမြင်ရတော့ပြီ။

နုကြည်အလောင်းအား စစ် ဆေးကြည့်ရာ မသမာသူတစ်ဦး က မတရားကျင့်ကြံ၍ လည် ပင်း ကိုညှစ်သတ်ခဲ့ကြောင်း သိရှိကြ ရသောအခါ တစ်ရွာလုံးက စုတ် တသတ်သတ်ဖြစ်ကာ လူသတ် သမား လူယုတ်မာအပေါ် မကျေ မချမ်းဖြစ်နေကြတော့သည်။ လူ

www.burmeseclassic.com

www.burmeseclassic.com

ယုတ်မာက မတရားကျင့်ကြံကာ သတ်ပစ်ရုံမျှမက နုကြည်အား သူ့အတိုးအတွားမှ မရှိမဲ့ရှိမဲ့ဖြင့် ဆင်ပေးထားသော နားကပ် ကလေးကိုပါ ဖြုတ်ယူသွားသဖြင့် ကြားရသူအပေါင်းမှာ ဒေါသထွက် ခဲ့ကြရပြန်သည်။ ထို့အတူ နိုင်ငံတော် ရဲတပ်ဖွဲ့မှလည်း တရားခံ အပေါ်ခံပြင်းမှုဖြင့် အမှုအား မနား မနေ စုံစမ်းရှာဖွေ ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

အလောင်အား မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်း၊ မြေပုံကြမ်း ရေးဆွဲခြင်း၊ သဲလွန်စများ ရှာဖွေခြင်းများပြုလုပ်၍ ရဲဆေးစာနှင့် အတူ အလောင်းအား မြို့နယ် ဆေးရုံသို့ပို့ရန် စီစဉ်ခဲ့လေတော့ သည်။ ထို့နောက်မှ ဦးခင်ပန်၊ ဒေါ်သိန်းမြတို့အား မေးမြန်းစုံစမ်း ကြည့်ကြသည်။ ၎င်းပြင် အနီးအနား ပတ်ဝန်းကျင်ရှိ လူအချို့အား ခေါ်၍ အခြေအနေနှင့် သံသယ ဖြစ်ဖွယ်တို့ကို ဖော်ထုတ်နိုင်ရန် မေးမြန်းစုံစမ်းကြည့်ရပြန်သည်။ စုံစမ်း မေးမြန်းခြင်းမှာ အကျိုးမဲ့ မဖြစ်ပါ ချေ။ အမှုဖြစ်ပွားနေ့က နုကြည် နွားကျောင်းသည့် ယာခင်းအနီး မှ လူတစ်ယောက်ကို ဖော်ထုတ်ရရှိ နိုင်ခဲ့သည်။ ထိုသူမှာ ဤရွာသား တင်ဖေဆိုသူပင် ဖြစ်သည်။ နောက်တစ်နေ့တွင် ရွာသား တင်ဖေအား ခေါ်၍ စစ်ဆေး မေးမြန်းခဲ့လေတော့သည်။

"ငါ့ညီ အခင်းဖြစ်တဲ့နေ့က နုကြည် နွားကျောင်းတဲ့ ယာခင်း နားကို မင်းရောက်ခဲ့တယ် မဟုတ်လား"

စခန်းမှူး မေးခွန်းကြောင့် တင်ဖေ မျက်နှာတစ်ချက် ပျက်သွားသည်။ နောက်မှ ...

"ဟုတ် ... ဟုတ်ကဲ့ ... အဲဒီယာခင်းကိုတော့ မဝင်ခဲ့ပါဘူး။ ဟို ... အဲဒီနားကတော့ ဖြတ်သွားမိခဲ့ပါတယ်"

"ဒါဖြင့် မင်းက ဘာကိစ္စနဲ့ အဲဒီယာခင်းနားက သွားခဲ့ရတာလဲ။ မင်းဖြတ်သွားစဉ်မှာ ယာခင်းထဲက ဘာသံ ကြားမိသေးလဲ။ သေချာစဉ်းစားပြီးတော့ ပြောနော်"

"ကြက်သွန်စိုက်ရာသီ ရောက်တော့မှာမို့ မောင်းရေတွင်းကို ဆယ်ဖို့ သွားကြည့်တာပါ။ ညနေခင်းရောက်မှ ရွာကိုပြန်လာခဲ့ပါတယ်"

တင်ဖေကို ကြည့်ရသည်မှာ ရဲတပ်ဖွဲ့၏ အမေးအမြန်းကို ခံရသဖြင့် ယောင်နန ဖြစ်နေပုံပေါ်သည်။ စခန်းမှူးက အတွေ့အကြုံရှိသူပီပီ တင်ဖေမျက်နှာအား စူးစိုက်ကြည့်ကာ ဆက်၍ မေးခွန်းထုတ်လိုက်ပါလေ၏။

"ညနေပိုင်းမှာ မင်း ရွာပြန်လာတုန်း နုကြည် နွားကျောင်းတဲ့ ယာခင်းနားအရောက်မှာ ဘာသံညာသံ တစ်စုံတစ်ရာ မသက်ာစရာ အသံများကြားမိတာရှိလား"

"ကျွန်တော်က ရွာရောက် ချင်ဇောနဲ့ ပြန်လာလို့လား မသိပါဘူး ဆရာရယ်။ ဘာသံမှလည်း မကြားမိပါဘူး။ ဘာအသံမှလဲ မကြား၊ ပါဘူး ခင်ဗျား"

"စဉ်းစားကြည့်ပါဦးလေ။ ဒီအမှုက လူသတ်မှုဖြစ်နေတော့ အရေးကြီးတဲ့ သဲလွန်စတစ်ခုခုကို ရှာတွေ့နိုင်ဖို့ အရေးကြီးတယ်လေ"

'လူသတ်မှု' ဆိုလိုက်သည်နှင့် တင်ဖေမျက်နှာ တစ်မျိုး ပြောင်းသွားဟန်ရှိသည်။ ထို အချက်အား စခန်းမှူးက သတိထားလိုက်မိပါ၏။

"အမှုကြီးတစ်ခုအပေါ် ကိုယ် သိထားတဲ့ အချက်တစ်ခုခုကို မပြောဘဲ ထိန်ချန်ထားမယ်ဆိုရင် ပြစ်မှုမြောက်စာယ်ဆိုတာ ညီလေး သဘောပေါက် နားလည်ဖို့လိုမယ် ထင်တယ်။ ရွာထဲနဲ့ ယာတောဆိုတာ အသွားအလာများတတ်ကြတဲ့ သဘာဝရှိတတ်ကြပါတယ်။ သေသေချာချာ စဉ်းစားကြည့်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဦးလေ''

''ဟုတ်ကဲ့။ ဆရာပြောလိုက်မှ ကျွန်တော် ပြန်စဉ်းစားကြည့်မိတယ်။ လူတစ်ယောက်ကိုတော့ တွေ့လိုက်မိသလိုပဲ။ ဘယ်သူလဲ ဆိုတာတော့ စဉ်းစားမရအောင် ဖြစ်နေတယ်''

''အေး ... ဖြည်းဖြည်း စဉ်းစားကြည့်ရင် မင်း သတိရလာမှာပါ။ သေသေချာချာ စဉ်းစားကြည့်ပါဦး''

သဲလွန်စတစ်ခုကို ရှာဖွေရာ၌ ရှေ့လောကြီး၍ မဖြစ်။ စိတ်ရှည်ရှည်ထားဖို့လိုအပ်ပါသည်။ ထို့ကြောင့် မျှော်လင့်ချက်ရှိနေခြင်း အပေါ် ပြန်လည်မြင်ယောင်လာအောင် စဉ်းစားချိန်ပေးရင်း စောင့်နေလိုက်ပါလေ၏။ ခဏအကြာမှာပင် တင်ဖေမျက်လုံးထဲ၌ တစ်စုံတစ်ရာအား ပြန်လည်စဉ်းစားမြင်ယောင်လာဟန်ဖြင့်...

''သြော် ... စဉ်းစားမိပြီ ဆရာ။ ကျွန်တော် အိမ်မပြန်ခင် လေးတင် ရွာတံခါးပေါက်ဆီကို ခပ်သုတ်သုတ်သွားနေတဲ့ လူတစ်ယောက်ကို လှမ်းမြင်လိုက်ရပါတယ်''

''အေး ... သူ ဘယ်သူလဲ ဆိုတာ မင်းသိလိုက်တယ် မဟုတ်လား။ ပြောပြစမ်းပါဦး''

တင်ဖေက ကြာကြာစဉ်းစားမနေတော့ပါ။ ခပ်သွက်သွက်ပင် ပြန်ဖြေလိုက်ပါလေ၏။

''ဟုတ်ကဲ့ သိပါတယ်။ အဲဒီလူကတော့ မောင်ကံကောင်းပါ။ ဒီရွာက မောင်ကံကောင်းပါဆရာ''

တင်ဖေထံမှ အဖြေတစ်ခုကို ရပြီမို့ အမှုစစ်ရဲမှူးမှာ အားတက်သွားရပြန်သည်။ အမှုတစ်ခုတွင် တွေ့ရာ၊ မြင်ရာ၊ ကြားရာတို့အား အကွက်စေ့စေ့ မေးမြန်းစုံစမ်း၍ တွေးခေါ်ဆင်ခြင်ကြည့်ခြင်းဖြင့် အမှုမှန်ပေါ်ပေါက်အောင် ဖော်ထုတ်ကြရသည်မှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်နှင့် ဝတ္တရားများပင် မဟုတ်ပါလား။ အမှုနှင့်ပတ်သက်သော သဲလွန်စတစ်ခုကို ရလိုက်သဖြင့် တင်ဖေအား အမှုမပြီးသေးခင် ခရီးဝေးမထွက်ဘဲ ကူညီရန် ပြောကြားကာ ပြန်လွှတ်လိုက်လေသည်။ ထို့နောက် သေဆုံးသူနှင့် အတူနေသူ ဦးခင်ပန်နှင့် ဒေါ်သိန်းမြတို့ကို သွားတွေ့ရပြန်သည်။

''မရှိသေစကား သေဆုံးသူ မနုကြည်မှာ ချစ်ကြိုက်တဲ့ သမီးရည်းစားများရှိတယ်ဆိုတာ ကြားသိထားတာများ ရှိသလားဆိုတာ သိပါရစေ''

''အမယ်လေး ဗိုလ်ကြီးရယ်

ကျုပ်မြေးမလေးက ရူးတူးပေါတောလေးပါရှင်။ ကျုပ်မြေးလေးက ဒီလိုစိတ်မျိုး မရှိပါဘူးတော်။ သူ့ကို ကြိုက်မယ့်သူလည်း ရှိမယ်မထင်ပါဘူးရှင်။ သူက အရွယ်လေးရောက်နေပေမယ့် ကလေးစိတ် မပျောက်သေးပါဘူးနော်။ တစ်ရွာလုံးကလည်းသိကြပါတယ်။ မယုံရင် မေးကြည့်နိုင်ပါတယ် ဗိုလ်ကြီးရယ်''

ဒေါ်သိန်းမြက ခါးခါးသီးသီးပင် ပြန်ဖြေပါလေ၏။ သူမြေး အတွက် မေးသည့်မေးခွန်းအတွက် ဆိပ်ကျနပ်ပုံ မရပါချေ။ ထို့

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ထိုကိစ္စနှင့် ပတ်သက်၍ မမေးတော့ဘဲ တခြားမေးခွန်းကို လှည့်မေးကြည့်ရပြန်သည်။

"ဒီလိုဆိုရင် ခင်ဗျားတို့နဲ့ အခန့်မသင့် စကားမပြောတဲ့ လူများ ရှိသလား။ ခင်ဗျားတို့နဲ့ မဟုတ်တောင် အထူးသဖြင့် နုကြည်နဲ့ စကားများဖူးတာများ ရှိခဲ့သလားဆိုတာ စဉ်းစားကြည့်စမ်းပါလား"

ထိုမေးခွန်းကြောင့် ဦးခင်ပန်တို့လင်မယားနှစ်ယောက် **တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။ မိမိတို့သိထားသည်ကို ပြန်လည်** စဉ်းစားကြရန် လှုံ့ဆော်သည့် အကြည့်မျိုးပင် ဖြစ်သည်။ နှစ်ယောက်သား တွေးနေကြပုံလည်း ရသည်။ ခဏကြာတော့ ဒေါ်သိန်းမြထံမှ အသံထွက်ပေါ်လာတော့သည်။

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတော့ နုကြည်က နွားကျောင်းကအပြန်မှာ ပြောဖူးတာတစ်ခုတော့ ရှိတယ်"

မေးပါများ စကားရလာချေပြီတည်း။ ဦးခင်ပန်က သူဇနီးပြောပြမည့်စကားကို နားစွင့်နေဟန်ပင်။ ရဲအရာရှိက စကားကို ကျောင်းပေးလိုက်ပါလေ၏။

"ကဲ ... ဒါဆိုလည်း ဆိုစမ်းပါဦး။ နုကြည်က ဘာများ ပြောဖူးသလဲဆိုတာ"

"ရဲအရာရှိကြီးမေးမှ ကျုပ်လည်း စဉ်းစားလာမိတာ။ အဲဒီတုန်းကတော့ အလေးမထားခဲ့ပါဘူး။ သူက ရူးတူးပေါတောဆိုတော့ မေ့တောင်နေတာ"

"မင်းသိထားတာဆိုလည်း ပြောပြလိုက်လေကွာ။ နုကြည်က မင်းကို ဘာပြောသွားလို့လဲ"

"ဒါကလည်း မဖြစ်နိုင်ပါဘူးတော်။ သူကသာ ကောင်လေးကို အပြစ်တင်ပြောနေတာ အဲဒီကောင်ကလေးက သူတို့ဖြစ်ခဲ့ကြတာကို အမှတ်ထားမိပုံမပေါ်ပါဘူးလေ။ သူသေလို့ ရွှေထည်ပွဲမှာတောင် စိတ်မကောင်းလို့ ကူညီပြီး လာလုပ်ပေးခဲ့သေးတာ"

"ဟုတ်ကဲ့ ... ကျွန်တော် တို့ကလည်း အရမ်းကာရောနဲ့ ဖမ်းလားဆီးလား မလုပ်ပါဘူး ဒေါ်ဒေါ်။ အမှုရဲ့ အသွားအလာကို အကျိုးအကြောင်းဆက်စပ်ကြည့်ရဦးမှာပါ။ မမျှော်လင့်တဲ့ စကားတစ်လုံးဟာ အမှုအတွက် တစ်နေရာရာမှာ အထောက်အကူပြုတတ်တာမို့ နုကြည်နဲ့ပတ်သက်တာမှန်သမျှကို မေးမြန်းကြည့်နေတာပါ။ ကဲ ... ပြောပြပါဦး။ နုကြည်နဲ့ ဘယ်သူနဲ့ ဘယ်တုန်းက ဘာဖြစ်ခဲ့ကြသလဲဆိုတာ"

"ရွာအရှေ့ပိုင်းက ကိုဘသော့တို့လင်မယားက ကျုပ်တို့မြေကွက်ကို ကြက်သွန်စိုက်ဖို့ ဒီနှစ်အတွက် ငှားထားတာလေ။ သူတို့ ငှားထားတဲ့ မြေကွက်ထဲကို နုကြည်က ကြက်သွန်မစိုက်ခင် နွားသွားကျောင်းတာပေါ့။ အဲဒါကို ကိုဘသော်ရဲ့ သားက မကြိုက်ဘူးဆိုပါတော့ ဆရာကြီးရယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဲဒီကောင်လေးနဲ့ နုကြည်တို့ တစ်ယောက်တစ်ခွန်း စကားများကြတယ် ထင်ပါတယ်။ ရေးကြီးခွင်ကျယ်လည်း မဟုတ်ပါဘူးတော်။ ကလေးချင်းဖြစ်တဲ့ သဘောပါ။ ဒါကို နုကြည်က မကျေမချမ်းဖြစ်ပြီး မိန်းကလေးလည်းဖြစ်ပြန် ရူးတူးပေါတောဆိုတော့ ဆဲလားဆိုလား လုပ်ကြရင်း ဖြစ်ခဲ့ကြတာပေါ့နော်"

"နုကြည်နဲ့ စကားများတဲ့ ကောင်လေးက ဘယ်သူတဲ့လဲ"

"ဩော် ... ကိုဘသော်ရဲ့ သားလေးနာ့မည်က မောင်ကံကောင်းတဲ့"

အမှုလိုက်ရဲအုပ် စိတ်ထဲ၌ ကျေနပ်အားရသလို ခံစားမိလိုက်သည်ဖြစ်ခြင်းရယ်လေ။ အစရှာရခက်နေလိမ့်မည်ဟုတွက်ထားသော ပုစ္ဆာတစ်ပုဒ်အတွက် အဖြေထွက်ရန် လမ်းစ ပေါ်လာခဲ့ချေပြီပဲ မဟုတ်ပါလား။

❖

www.burmeseclassic.com

www.burmeseclassic.com

စာပိုဒ် (၃)

''မင်းက ဦးဘသော်ရဲ့ သား မောင်ကံကောင်းဆိုတာ မဟုတ်လား''

ဒေါ်သိန်းမြ၏ နောက်ဆုံး ထွက်ဆို ချက်အရ မောင်ကံကောင်းဆိုသူကို ခေါ်တွေ့မေးမြန်းခဲ့ရပြန်သည်။ မောင်ကံကောင်းမှာ အသက်အရွယ်အားဖြင့် (၂၀) ခန့်မျှရှိမည် ထင်သည်။ ရုပ်ရည်သန့်ပြန့်၍ ကျန်းမာနှင့် တည်တည်ငြိမ်ငြိမ်ပင်။

''အခင်းဖြစ်တဲ့နေ့ ညနေပိုင်း လောက်မှာ မောင်ကံကောင်း ရွာအပြင်ဘက်က ပြန်လာတာကို တွေ့မြင်လိုက်ရတယ် ပြောတယ်။ အဲဒါ မောင်ကံကောင်း ဘယ်က ပြန်လာတယ်ဆိုတာ ပြောပြပါလား''

''ကျွန်တော် အဲဒီရက်က ရွာအပြင်မထွက်မိပါဘူး။ အိမ်မှာပဲရှိနေပါတယ်''

ထွက်ပေါ်လာသည့် လေသံက ပုံမှန်ဆိုသော်ငြား၊ မျက်နှာထားကတော့ပြောင်းလဲသွားသည်ကို သတိထားလိုက်မိသည်။

''ကောင်းပြီနော် မောင်ကံကောင်း။ အဲဒီရက်က အိမ်မှာပဲရှိတယ်ဆိုတာကို သက်သေပြနိုင်ပါ့မလား''

''ကျွန်တော်အိမ်ထဲမှာ ရှိနေတုန်း ဘယ်သူမှသွားတာ လာတာ မရှိတော့ ဘယ်မှာ သက်သေပြနိုင်ပါ့မလဲ''

''အေး ... မောင်ကံကောင်း ရွာအပြင်ကနေ ရွာထဲပြန်လာတာကို တွေ့မြင်တဲ့လူ ရှိနေတယ်ဆိုရင် မောင်ကံကောင်း ငြင်းချင်သေးလား''

အမှုလိုက်ရဲအုပ် စကားကြောင့် မောင်ကံကောင်းမှာ ငြိမ်သက် တွေဝေသွားတော့သည်။ ဆိတ်ဆိတ်နေခြင်းမှာ ဝန်ခံခြင်းပင် မဟုတ်ပါလား။ ထို့ကြောင့် စခန်းသို့ ခေါ်လက်မေးမြန်းစရာ ရှိသည်ဟုဆိုကာ မောင်ကံကောင်းအား ရဲစခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ရဲစခန်းသို့ ရောက်သည့်တိုင်အောင် မောင်ကံကောင်းမှာ ဟန်မပျက်နေနိုင်သူတစ်ဦးဟုပင် ဆိုရချေမည်။ အမှုလိုက်ရဲအုပ်နှင့် မျက်နှာချင်းဆိုင် လိုက်သည်ဆိုလျှင်ပင် သူက စတင် မေးခွန်းထုတ်လာတော့သည်။

''ကျွန်တော့်ကို ရဲစခန်းထိ ခေါ်ပြီး မေးမြန်းစစ်ဆေးရအောင် ကျွန်တော့်မှာ ဘာအပြစ်မှုမျှား ကျူးလွန်ခဲ့လို့လဲ။ အကြောင်းမရှိဘဲ အချိန်ကုန် မခံချင်ဘူး။ မေးစရာရှိလည်း မေးကြပါ ဆရာ။ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ ရှိနေပါတယ်။ ရွာကို ပြန်ပါရစေတော့ဗျာ''

''ဖြည်းဖြည်းပေါ့ မောင်ကံကောင်းရယ်။ မင်းကို ရဲစခန်းထိ ခေါ်လာခဲ့တာကို တကယ်မသိဘူးလား။ တို့မြန်မာနိုင်ငံရဲအဖွဲ့က လူဆိုးတစ်ယောက် လွတ်မြောက်သွားတာထက် အပြစ်မရှိတဲ့ လူကောင်းတစ်ဦးကို အပြစ်မရှိဘဲ ဖမ်းဆီးအပြစ်ပေးရိုး မရှိကြပါဘူး။ ခုလောက်ပြောရင် မောင်ကံကောင်းကို ရဲစခန်းကို ခေါ်လာခဲ့ရတဲ့အကြောင်းကို သဘော ပေါက်မယ်ထင်ပါတယ်''

ထိုစကားက မောင်ကံကောင်း၏ အရှိုက်အား လက်သီးဖြင့်ထိုးလိုက်ဘိသို့ မျက်နှာကွက် ခနဲပျက်သွားလေတော့၏။ သို့ပေမယ့် သူက ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ပြန်လည်ပြောလိုက်ပြန်သည်။

''ဩော် ... ဒါဆို ကျွန်တော် သိလိုက်ပါပြီ ဆရာရယ်။ ကျွန်တော်ကို နုကြည်အသတ်ခံရတဲ့ကိစ္စနဲ့ သက်ဆိုက်ဖြစ်လို့ ဖမ်းဆီးခေါ်ဆောင်လာတယ်ဆိုရင်တော့ ဆရာတို့ရေလိုက်လွဲနေပြီနဲ့တူတယ်။ ကျွန်တော်တို့က တစ်ရွာသားတည်းသားတွေပါဗျာ။ နုကြည် ခုလိုဖြစ်သွားရတာကိုတောင် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ တကယ်တော့ နုကြည်

www.burmeseclassic.com

ကြောင့် မောင်ကံကောင်း၏ ကိုယ်ခန္ဓာမှာ လူပ်လူပ်ရှားရှားဖြစ်သွားရတော့တ၏။ မျက်နှာလည်း ပျက်သွားဟန်ရှိသည်။ အတန်ကြာလေမှ စဉ်းစဉ်းစားစားဖြင့် ပြန်ဖြေပါလေသည်။

''သြော် ... နုကြည်နဲ့ ကျွန်တော် စကားများကြတယ်ဆိုတာ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး ဆရာ။ နောက်ရင်းပြောင်ရင်းနဲ့ ဖြစ်ခဲ့ကြတာပါ။ ကျွန်တော့် စိတ်ထဲမှာ မေ့ပျောက်သလောက်တောင် ဖြစ်နေပါပြီလေ''

မောင်ကံကောင်းက ထိုစကား ဟာ သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ ဆရာရယ်။ ကျွန်တော်တို့ အနေနဲ့လည်း နုကြည်သတ်တဲ့ တရားခံကို အမြန်ဆုံး ဖမ်းဆီးစေချင်ကြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အကူအညီပေးဖို့ အသင့်ပါပဲ ဆရာ''

မောင်ကံကောင်းက တကယ့်ကို စိတ်မချမ်းမြေ့ဟန်ဖြင့် ပြောပြနေသည်။ မောင်ကံကောင်းကို ကြည့်၍ အမှုလိုက်ရဲအုပ်က သွေးအေးသော လူတစ်ယောက်ဟုသာ မှတ်ချက်ချလိုက်လေတော့သည်။ နောက်ပြီးမှ တည်ငြိမ်သောလေသံဖြင့် ...

''မောင်ကံကောင်းနဲ့ နုကြည်တို့က တစ်ရွာသားတည်း သားတွေဆိုတော့ သံယောဇဉ်ရှိကြမှာပေါ့နော်။ နုကြည်ကို ကြိုက်တဲ့ ရွာသား ဘယ်သူဆိုတာကို ကော မင်းသိထားတာရှိသလား''

''အို ... ဆရာကလည်း နုကြည်က အရွယ်လေးရှိပေမယ့် သူက ရူးတူးပေါတောလေးဆိုတော့ ဘယ်သူက ကြိုက်ကြမှာလဲ ဆရာရယ် ဟဲ ... ဟဲ''

''ဒါဖြင့် နုကြည်ကို သတ်သွားတဲ့တရားခံက ရူးတူးပေါတောလေးဆိုပြီး သနားစိတ်မထားဘဲ ဘာဖြစ်လို့ ကျင့်ကြံပြီး သတ်ပစ်ခဲ့တာကို မောင်ကံကောင်း ဘယ်လို ထင်မြင်ချက်ပေးချင်သလဲဆိုတာ ပြောပြနိုင်မလား''

ထိုမေးခွန်းကိုတော့ မောင်ကံကောင်းက ချက်ချင်းအဖြေမပေးပါခဲ့လေ။ စဉ်းစားဟန်ပြုပြီး မှပြောသည်။

''ဒါကတော့ ဆရာရယ် နုကြည်က ပေါတောတောဆိုပေမယ့် အရွယ်လေးက အရွယ်ရောက်နေပြီလေ။ မသမာတဲ့ကောင်တစ်ကောင်က အချိုသပ်ချော့မော့သွေးဆောင် ဖြားယောင်းပြီးမှ လူသိမခံချင်လို့ လည်ပင်း ညှစ်သတ်ခဲ့တာ နေမှာပေါ့ဆရာ''

အမှုလိုက် ရဲအုပ်က အပြုံးတစ်ချက်ကို မသိမသာ ဖွင့်လိုက်မိသည်။ နောက်ပြီးမှ မေးခွန်းတစ်ခုကို ဆက်၍ မေးကြည့်လိုက်ပြန်သည်။

''မောင်းကံကောင်းကသာ နုကြည်ကို တစ်ရွာတည်းသားမို့ သံယောဇဉ် ရှိတယ်ဆိုပြီး လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ဘာအကြောင်းနဲ့စကားများပြီး ရန်ဖြစ်ခဲ့ကြရတာလဲ။ မင်းတို့နှစ်ယောက် ရန်ဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး နုကြည်က မကျေမချမ်းဖြစ်ပြီး သူ့အမေကြီးကို တိုင်ပြောဆိုပဲ။ ဘာအကြောင်းကြောင့် ရန်ဖြစ်ခဲ့ကြသလဲဆိုတာ ပြောပြပါလား''

မထင်မှတ်သော မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com

ကို ရယ်ရယ်မောမောနှင့်ပင် ပြန်ပြောပြနေခြင်းဖြစ်ပါလေ၏။ သို့စဉ်တိုင် သူမျက်နှာတွင် စိုးရိမ်မှုပုံရိပ်က ပေါ်လွင်နေချေသည်လေ။ သည်တစ်ခါတော့ အမှုလိုက်ရဲအုပ်၏ မျက်နှာမှာ တင်းမာသွားသယောင်ယောင် ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရတော့သည်။ မျက်နှာ အသွင်အပြင် ပြောင်းလဲသွားသကဲ့သို့ အသံ လေယူလေသိမ်းကလည်း မာကြောသလိုလို။

"အေး ... ခုတော့ ဒီအမှုက ရှင်းလင်းသင့်သလောက် ရှင်းလင်းသွားပြီလို့ ဆိုရတော့မှာပေါ့။ ဝိုပြီးရှင်းသွားအောင် စောစောကမပြီးပြတ်သေးတဲ့ မေးခွန်းကိုပဲ ဆက်မေးကြည့်ရဲ့ ကျန်ပါတော့တယ်။ အခင်းဖြစ်တဲ့ အဲဒီနေ့ညနေ (၃)နာရီလောက်မှာ မောင်ကံကောင်း ရွာအပြင်ကနေ ရွာထဲကို ခပ်သုတ်သုတ်နဲ့ဝင်သွားတာကို တွေ့မြင်လိုက်တဲ့သူက နှုတ်အားဖြင့်လည်း၊ တို့ကို ထွက်ဆိုသွားပြီး၊ သူက မင်းရှေ့မှာထုတ်ဖော်ပြောရမှာကို မျက်နှာပူလို့ဆိုပြီး စာရဲ့ရေးပြီး ထွက်ဆိုထားတာရှိနေတယ်။ ဒီစာကို မင်း ဖတ်ကြည့်လိုက်ပါဦး။ နောက်ပြီးမှ စကားပြောကြတာပေါ့"



ရဲစာရေးက စားပွဲအံဆွဲအတွင်းမှ စာရွက်ခေါက်လေးတစ်ခုကို ထုတ်ယူ၍ မောင်ကံကောင်းလက်ထဲသို့ လှမ်းပေးလိုက်ရင်း

"စာကို အကုန်ကြားနိုင်အောင် အသံထွက်ဖတ်ပြလိုက်ပါ"

မောင်ကံကောင်းက စာရေးကြီးပြောသည့်အတိုင်း စာရွက်ကို ဖြန့်ကာ အသံထွက်၍ ဖတ်လိုက်ပါသည်။

"တာဝန်ရှိ စခန်းမှူးကြီး ခင်ဗျား ... မနက်ကြည် အသတ်ခံရမှုနှင့်ပတ်သက်၍ ရွာသူရွာသားများအား ဒုက္ခမဖြစ်စေလိုသဖြင့်လည်းကောင်း၊ လူချင်းရင်းနှီးနေသော သူအား မသိစေလိုသဖြင့်လည်းကောင်း၊ ယခုကဲ့သို့ စာရေးသား၍ ပေးပို့ကာ အကြောင်းကြားလိုက်ရခြင်းဖြစ်ပါသည်ခင်ဗျား။ မောင်ကံကောင်းအား ခေါ်ယူမေးမြန်းခြင်းဖြင့် တရားခံ အစစ်အမှန်ကိုဖော်ထုတ်နိုင်လိမ့်မည်ဟု အကြပြုလိုက်ရပါသည်ခင်ဗျား။

တရားခံအစစ်အား

အတွင်းသိသူ တစ်ဦး''

စာကို အသံထွက်ဖတ်နေရာမှ မောင်ကံကောင်းက အသံတိမ်ဝင်သွားစွာဖြင့် အဆုံးသတ်လိုက်လေတော့သည်။ သူမျက်လုံးများက စာရွက်ကိုတစ်လှည့် ရဲအရာရှိကို တစ်လှည့် ထုံမံကြည့်လိုက်ပါလေ၏။ ထို့နောက်တွင် သူ၏ မျက်စိအကြည့်အာရုံမှာ ရဲစခန်းမှူးခန်း၏အပေါ်တွင် ရေးသားချိတ်ဆွဲထားသော ဆိုင်းဘုတ်ဆီသို့ ရောက်ရှိသွားလေတော့တ်။

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ''

"ရဲနဲ့ပြည်သူ လက်တွဲကူ၊ ဒုစရိုက်ဟူသမျှ ဖော်ထုတ်ကြ''

''ရာဇဝတ်ဘေး ပြေး၍ မလွတ်''

မောင်ကံကောင်းနည်းတူ အမှုလိုက် ရဲအုပ်၏မျက်လုံးများကလည်း ထိုစာကြောင်းများပေါ်သို့ ရောက်ရှိသွားသည်။ ထို့နောက်မှ မောင်ကံကောင်းကို ကြည့်ရင်း အောင်မြင်လေးနက်သော လေသံမျိုးဖြင့် ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း ဝန်ခံမယ်မဟုတ်လား မောင်ကံကောင်း။ တကယ်တော့ စောစောက မင်းပြောခဲ့တဲ့စကား တစ်လုံးက မင်းဟာ တရားခံဆို တာ ဝန်ခံသွားပြီးဖြစ်နေခဲ့ပါပြီ ကွာ"

မောင်ကံကောင်းက ထိုစကား လုံးကြောင့် ဖျတ်ခနဲ မော့ကြည့် လိုက်ရင်း ...

"ခင်ဗျာ ... **စောစောက** ကျွန် ... **ကျွန်တော်** ... ဘာ များပြောခဲ့မိလို့လဲ ဆရာ"

"အေး ... လူဆိုတာ သတိ မမူ ဂူမမြင်ဆိုသလိုပေါ့ကွာ။ တစ် ရွာလုံးက နုကြည်ဟာ မတရား ပြုကျင့်ခံရပြီးမှ အသတ်ခံလိုက်ရ တယ်ဆိုတာကိုပဲ သိထားကြတာ လေ။ ဘယ်သူကမှ လည်ပင်းညှစ် အသတ်ခံရတယ်ဆိုတာ သိမထား ကြဘူးလေ။ တို့တောင် ဆရာဝန် ရဲ့ ဆေးစစ်ချက်ဖတ်ရပြီးမှ သိခဲ့ ကြရတာကွယ့်။ အဲဒါကို မောင် ကံကောင်းက နုကြည်ဟာ မတရား အကျင့်ခံရပြီးမှ လည်ပင်းညှစ် အသတ်ခံရတယ်လို့ ပြောသွားတဲ့ စကားက မင်းကိုယ်တိုင် နုကြည် ကို လွန်ခဲ့တဲ့ နှစ်ပတ်လောက်က စကားများရန်ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ် သက်လို့မကြေမချမ်းဖြစ်ပြီး အခွင့် သာတဲ့ အဲဒီနေ့က နုကြည်ကို မတရားကျင့်ကြပြီး လည်ပင်းကို ညှစ်သတ်ခဲ့တယ်ဆိုတာ ပေါ်လွင် ထင်ရှားနေတဲ့ စကားတစ်လုံး ဖြစ် နေလို့ပါပဲ မောင်ကံကောင်း။ ကဲ ဘယ့်နယ်လဲ ... မင်း တို့မြန်မာ နိုင်ငံရဲ့တပ်ဖွဲ့ဝင်ကို ကူညီမယ် မဟုတ်လား။ **လုပ်ရဲရင် ခံရဲမှ ယောကျ်ားကွ။ မောင်ကံကောင်း အမှန်ကို ဝန်ခံမယ် မဟုတ်လား**"

အမှုလိုက်ရဲအုပ်၏ စကားသံ က အောင်မြင်လှုံ့ဆော်မှုဖြင့် လွှမ်း မိုးနေသည်။ မောင်ကံကောင်းက သူ့ကို စစ်ဆေးဖော်ထုတ်နေသော ရဲအရာရှိအား စူးစိုက်ကြည့်နေ တော့သည်။ သူ ပြန်ပြောရမည့် စကားလုံးကိုရှာဖွေနေပုံပေါ်သည်။ ခဏကြာမှ ခိုင်မာသောဆုံးဖြတ် ချက်ကို ချလိုက်ဟန်ဖြင့် လေးတွဲ စွာဖြင့် ထွက်ပေါ်လာတော့တ်။

"ဟုတ်တယ် ဆရာ။ ကျွန် တော် ... နုကြည်ကို မတရား ကျင့်ကြပြီး လည်ပင်းကို ညှစ် သတ်ခဲ့မိပါတယ် ဆရာ"



စာပိုဒ် (လေး)

"လွန်ခဲ့တဲ့ တစ်ပတ်ကျော် နှစ်ပတ်လောက်ကပေါ့ ဆရာ"

ဟု အစခံရီကာ မောင်ကံ ကောင်းက ပြန်လည်ပြောပြပါ တော့သည်။ မောင်ကံကောင်း၏ ဖွင့်ဟဝန်ခံချက်များကို ရဲစာရေး ကြီးမှ လိုက်၍ ရေးမှတ်နေပေ သည်။

"အဲဒီမတိုင်ခင်ရက်က တော သွားရင်းနဲ့ ကျွန်တော်တို့ ငှား ထားတဲ့ ဦးခင်ပန်၊ ဒေါ်သိန်းမြတို့ ယာမြေကွက်ဆီကို သွားကြည့်ဖို့ စိတ်ကူးပေါက်လာတာနဲ့ လှည့် သွားလိုက်မိတယ်။ အကြောင်းက တော့ ကြက်သွန်စိုက်ဖို့အတွက် ပြင်ဆင်စရာရှိတာကို ပြင်ဆင်ဖို့ ဆိုပါတော့ဆရာ"

မောင်ကံကောင်းက သူ့ စကားကို ခဏနားပြီးမှ ဆက် ပြောပြန်ပါသည်။

"ယာခင်းရောက်တော့ မမျှော်လင့်ဘဲ နုကြည်က ယာခင်း ထဲမှာ သူနွားတွေ ကျောင်းနေတာ ကို တွေ့လိုက်ရတယ် ဆရာ။ ဒါ နဲ့ ကျွန်တော်က ယာခင်းထဲကို နွားမကျောင်းဖို့ နုကြည်ကို ပြော တာပေါ့။ ဒီလောက်များတဲ့နွားတွေ ကို ယာခင်းထဲမှာ နေ့စဉ် ရက် ဆက်ကျောင်းနေရင် မြေတွေကျစ် ပြီး ကြက်သွန်စိုက်ရာမှာ အခက် အခဲတွေ့မှာမို့ ကျွန်တော်က တား မိတာပါ ဆရာ။ နုကြည်က ကျွန် တော်ပြောတာကို အလေးမမူဘဲ ကျွန်တော့်ကို ရန်ထောင်ပြီး ဆဲ ရေးတိုင်းထွာနဲ့ 'ကိုယ့်ယာခင်းထဲ ကိုယ် နွားကျောင်းတာ ဘာဖြစ် လဲ၊ ဘယ်သူကိုမှ အရေးစိုက်စရာ

www.burmeseclassic.com

www.burmeseclassic.com

မလိုဘူး၊ တိုင်ချင်ရာသွားတိုင်' လို့ ပြောလို့ တစ်ယောက်နဲ့ တစ်ယောက် စကားများကြတော့တာပါပဲ ဆရာ''

မောင်ကံကောင်းမှာ သူ့စကားကို ရပ်လိုက်ပြန်သည်။ သူ့မျက်နှာက စောစောကလို မဟုတ်တော့။ အံနည်းငယ်တော့ ညှိုးရော်သွားဘိသို့ပင်။ ခဏအကြာမှ ဆက်ပြောပြန်သည်။

''အစ ပထမတော့ ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ သဘောမထားမိရိုး အမှန်ပါ ဆရာ။ ဒါပေမဲ့ အခင်းဖြစ်တဲ့နေ့က ...''

မောင်ကံကောင်း ပြောသည့်အတိုင်းသာ မှန်ကန်မည်ဆိုလျှင်တော့ နုကြည်၏ ကျပ်မပြည့်မှုကတွေးခေါ်ဆင်ခြင်ခြင်း မရှိတော့ဘဲ ထင်ရာကို စွတ်လုပ်လိုက်သည့်အဖြစ်က သူ့ဘဝကို နိဂုံးချုပ်စေခြင်းဖြင့် ကြုံတွေ့လိုက်ခြင်းပါတကား။

''ကျွန်တော့် မျက်လုံးတွေလည်း ပြာဝေသွားပြီး လက်သီးနဲ့ သူ့ကို ဆက်တိုက်ဆိုသလို ထိုးချလိုက်မိတာကို သတိရတော့ နုကြည်ဟာ ကျွန်တော့်ခြေရင်းမှာ ပါးစပ်က သွေးတွေထွက်တာကို လက်ဖဝါးနဲ့ သုတ်ရင်းက သူကြီးကို သွားတိုင်မယ်လို့ ပြောပြီး ငိုနေလို့ သူကြီးကို မတိုင်ဖို့ ချော့

မော့ပြောတာကို နုကြည်က လက်မခံဘဲ ထသွားမယ်လုပ်တာနဲ့ ကျွန်တော်လည်း မထူးတော့ဘူးဆိုပြီး သူ့ကို တွန်းလဲလိုက်မိတယ်ဆရာ။ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တော့ ဘယ်သူ့ကိုမှ မမြင်တာနဲ့ သူ့ကို ပြောင်းခင်းထဲ ဆွဲခေါ်ပြီး ...''

''ကဲ ... ကဲ ... ဒီလောက်ဆို တော်ပါပြီ။ ထပ်ပြောမယ့် မင်းရဲ့ ထွက်ဆိုချက်ကို စာရေးကြီးကို အဆုံးထိပြောပြ။ သူ ဖတ်ပြတာကို နားထောင်ပြီးရင် လက်မှတ်ထိုးလိုက်ပေါ့ မောင်ကံကောင်း။ ကြားလား''

ပြောသည့်အတိုင်း ဆောင်ရွက်ပြီးသည်နှင့် မောင်ကံကောင်းအား အချုပ်တွင်းသို့ သွင်းလိုက်ကာ ပုဒ်မ (၃၀၂)(၃၇၆) ဖြင့် တရားစွဲဆိုရန်အတွက် ပြင်ဆင်ရတော့မည်ဖြစ်ပါသည်။ မောင်ကံကောင်းအဖြစ်မှာ မဖြစ်သင့်သည့် အကြောင်းတရားမျှသာ ဖြစ်ပါချေ၏။ စင်စစ် နုကြည်၏စဉ်းစားဆင်ခြင်မှုကင်းသော ကျပ်မပြည့်သည့် အကြောင်းတရားကိုလည်းကောင်း၊ မောင်ကံကောင်း၏ ရည်ရွယ်ချက်မရှိသော်ငြား ဆင်ခြင်မှုကင်းမဲ့သော ဒေါသတရား အမှောင်အမှားကြောင့်လည်းကောင်း စိတ်မချမ်းမြေ့ဖွယ်အဖြစ်မျိုးဖြင့် ကြုံခဲ့ရသည့် မှုခင်းတစ်ပုဒ်သာ ဖြစ်ပေသည်။ သို့ပေမယ့် တရားဥပဒေကား မည်သူ့ကိုမျှ ဘက်မလိုက်။ အမှန်တရားသည်သာ ဆုံးဖြတ်ရမည်သာ ဖြစ်ပါသည်။

တစ်ခုတော့ရှိသည်လေ ... မောင်ကံကောင်း မသိလိုက်သည့် အကြောင်းအရာတစ်ခုတော့ ရှိနေပါ၏။ ထိုအချက်မှာ တရားခံတစ်ယောက်အနေဖြင့် ရုန်းထွက်မရနိုင်အောင် ဖန်တီးယူလိုက်ခဲ့သော အမှုလိုက်ရဲအုပ်အောင်သီဟ၏ ထောင်ချောက်ဆင်လိုက်ခြင်းပင် ဖြစ်ပေသည်။ စင်စစ် နုကြည်အမှု

www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်၍ မောင်ကံကောင်း အပေါ် စွဲချက်တင်ရန်မှာ မျက်မြင်သက်သေကား တိတိပပ မရှိပါလေခဲ့။ ကိုတင်ဖေပြောစကားမှာ အခင်ဖြစ်ပွားချိန်တွင် လူပ်ရှားသွားလာသူ တစ်ဦးအနေဖြင့် မောင်ကံကောင်းအား တွေ့မြင်လိုက်ရခြင်းမျှသာ ဖြစ်နေသည်လေ။ ပြစ်မှုအား မောင်ကံကောင်းက ကျူးလွန်သည်ဟု တတ်တတ် အပ်အပ် မပြောနိုင်ပါချေ။

သို့အတွက် မျက်မြင်တစ်ဦး၏ ပြစ်စာသဘောမျိုး စာတစ်စောင်ရေးကာ မောင်ကံကောင်းအား ဖတ်စေခဲ့ခြင်း ဖြစ်သည်။ ဤနေရာ၌ မောင်ကံကောင်းသာ တရားခံအစစ် မဟုတ်ပါက ပွင့်ထွက်၍ အလွယ်တကူ ဖွင့်ဟဝန်ခံမည် မဟုတ်ပါချေ။ ယခုတော့ ပြစ်မှုကျူးလွန်ခဲ့သော မောင်ကံကောင်းမှာ မျက်မြင်သက်သေတစ်ဦး၏ သက်သေထွက်ဆိုချက်စာ အစစ်အမှန်ဟု ယူဆမိသဖြင့် သူ အမှန်တကယ်ကျူးလွန်ခဲ့သော ပြစ်မှုကို ဖွင့်ဟဝန်ခံထွက်ဆိုသွားခဲ့ခြင်းသည် အမှုလိုက်ရဲအုပ် အောင်သီဟ၏ ထောင်ချောက်အတွင်းသို့ သက်ဆင်းလာခဲ့ခြင်းသာဖြစ်ပေသည်။ ဆိုရလျှင် တရားကို နှတ်စောင့်ခြင်းပင်ဖြစ်ပါသည်။

နောက်ဆုံး၌ ကာယကံရှင် တရားခံမောင်ကံကောင်းမှာ ငြင်းဆိုခြင်း အလျဉ်းမပြုတော့ဘဲ ''မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိ'' ဆိုသည့် စကားရပ်ကို ထောက်ခံအတည်ပြုလိုက်ခြင်းဟု ဆိုရမည်ပင်မဟုတ်ပါလား။ မောင်ကံကောင်းတစ်ယောက် မည်သို့ပင် ယုခင်က ကံကောင်းနေသော်ငြား ... အမှန်တရားနှင့် ရင်ဆိုင်ရလေသောအခါ ...

မေတ္တာရည်လျက်...

သိင်္ဂီးသန်းအောင်(မြင်းခြံ)

မှတ်ချက်

၁၉၉၅ ခုနှစ်က ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန်မှုခင်း တစ်ပုဒ်ကို ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com